၄၇၁၃

မြန်မာနိုင်ငံတော် ရွှေကျင်နိကာယ

တတိယ ဓမ္မသေနာပတိ သံဃရာဇာ ရွှေကျင် သာသနာပိုင်

ကျေးဇူးတော်ရှင်

## ဒိပဲရင်း ဆရာတော်ဘုရားကြီး

သည်

ကျမ်းဂန်အထူး မသင်ဘူးဘဲ နက်နဲသော ပရမတ္ထ
သဘာဝကို လွယ်လွယ်နှင့် သိနိုင်ကြရန်
ရည်သန်ရွယ်ဘိ ဉာဏ်မျက်စိအလား
ရေးသားဟောပြအပ်သော

# ပရမတ္ထစက္ခုကျမ်း

ဓမ္မာစရိယ ဦးထွန်းသိန်း, ဦးစိန်အုပ်, ဦးဝင်းဖေ, ဦးဦးကျော်,
ဦးနေဝင်း တို့ကြပ်မကြည့်ရှု ပြင်ဆင်ကြသည်။

ဣစ္ဆာသယ ပိဋကတ်ပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၂၂-ခု၊

အဘိုး ၃ိ–၅၀။



ရွှေကျင်နိကာယ – တတိယသာသနာပိုင်

ဒီပဲရင်း ဆရာတော်ဘုရားပုံတော်

မြောင်းမြမြို့

# ဇေယျမေဒနီ ဆရာတော် ဘုရား၏

## မိန့်တော်မူချက်

---

မန္တလေးမြို့ အနောက်ပြင် ဒုတိယမဟာဝိသုဒ္ဓါရာမဓမ္မသေနာပတိ ဒိုပဲရင်းဆရာတော်ဘုရားကြီးသည်ကား မိမိ၏ ကျေးဇူးရှင် ဆရာတော်ကြီး တပါးဖြစ်ရာ ဆရာတော်ကြီး၏ ဤ ပရမတ္ထ စက္ခုကျမ်းကို ငယ်ရွယ်စဉ် ကပင် စိတ်ဝင်စားခဲ့ ဘူးသည် ဖြစ်ကြောင်း။ ဤကျမ်းသည် ဗုဒ္ဓဘာသာဝင်တို့ အထူး သဖြင့် အားထားထိုက်သော ကျမ်းကောင်း တခုပေတဲ့ဟု စိတ်မှာအစဉ် စွဲယူမိခဲ့ရာ ရန်ကုန်မြို့ **ဇ္ဈာသယ ပိဋကတ် ပုံနှိပ်တိုက်** ရှင် **ဦးသောင်း**က ထပ်မံ ရိုက်နှိပ် မည်ကို သိရ၍ ဝမ်းသာ အားရ အောက်ပါ မိမိယူဆချက်များကိုဘော်ပြလိုက်ပါကြောင်း။

ဆရာတော် ဘုရားကြီးသည် နားလည်ရန် ခက်ခဲသော ပရမတ္ထ သဘာဝတို့ကို လက်ညှိုးညွှန်ကာ ပြနေသကဲ့သို့စာရှုပရိသတ်တို့ နားရှင်းအောင် ပရမတ္ထစက္ခုကျမ်းကို ရေးသားထားတော်မူလေသည်။ ဆရာတော် ဘုရားကြီး၏ ပရမတ္ထစက္ခုကျမ်း၌ သုံးနှုန်းထားသော စကားလုံးများသည် စာဘတ်တတ်ရုံမျှရှိသူတို့ပင် နားလည်နိုင်လောက်လေသည်။

ပရမတ္ထစက္ခုကျမ်းသည် ဗုဒ္ဓအဘိဓမ္မာတတ်ကျွမ်း နားလည်လိုသူတိုင်း အမြဲကြည့်ရှုလေ့လာရန်အကောင်းဆုံးဖြစ်၏ ပဋိပတ္တိ လုပ်ငန်းစဉ် ဝင်သူတို့အားလည်း အထူးကျေးဇူးများလေသည်။

လောကုတ္တရာဓမ္မမဂ်ဖိုလ်ရမှုသည် အတ္တဒိဋ္ဌိပြုတ်မှ, အတ္တဒိဋ္ဌိ ပြုတ်မှုသည် ဗုဒ္ဓအဘိဓမ္မာ ရုပ်ခန္ဓာ, နာမ်ခန္ဓာကို ကိုယ်တိုင် တတ်သိနားလည်မှ ဖြစ်ရာ ဗုဒ္ဓဘာသာ၌ အတ္တဒိဋ္ဌိပြုတ်မှုသည်-

# ဆရာတော်၏ မိန့်တော်မှုချက်

၁။ ရုပ်နာမ် ခန္ဓာကို နားမလည်ဘဲ ပတ်ဝန်းကျင် ဗုဒ္ဓဘာသာဝင်တို့သို့ အတု လိုက်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်သဖြင့် အဋ္ဌဂိဋ္ဌိ ပြုတ်မှု,

၂။ မိမိကိုယ်တိုင် ရုပ်နာမ်ခန္ဓာကို တတ်သိ နားလည် သဖြင့် အဋ္ဌဂိဋ္ဌိ ပြုတ်မှုဟု နှစ်မျိုးရှိလေသည်။

ထိုနှစ်မျိုးတွင် ပတ်ဝန်းကျင်သို့ အတုလိုက်၍ ဗုဒ္ဓဘာသာဝင် ဖြစ်ကာ အဋ္ဌဂိဋ္ဌိပြုတ်မှုကား ပစ္စုပ္ပန်တဘဝတာ သော်မှ စိတ်ချ ရသည် မဟုတ်ချေ။ မိမိကိုယ်တိုင် ရုပ်နာမ်ခန္ဓာကို တတ်သိ နားလည်၍ ပြုတ်မှုမှုကား သံသရာလောက အတွက်သော်ပင် လိုအပ်သည့်အချိန် စိုက်ပျိုးပစ်ချရန် ပဋိပတ္တိအကျိုး တွေ့ရမည့် မျိုးစေ့ကောင်းပင် ဖြစ်လေသည်။

သို့ဖြစ်၍ ဤပရမတ္ထစက္ကူကျမ်းသည် ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ကာ ပရမတ္ထဉာဏ် အမြင်မှန်ရ၍ အဋ္ဌဂိဋ္ဌိကို အပြုတ် တိုက်လိုသူများ,ပဋိပတ္တိ လုပ်ငန်းစဉ်၌ အထူးပင် ကျေးဇူးများ သောပရမတ္ထ သဘာဝ မျိုးစေ့ကောင်းကို ရလိုသူများအတွက် အကွက်စေ့ ကောင်းမွန်သော ကျမ်းကောင်းဖြစ်ကြောင်းကို ဗုဒ္ဓ ဘာသာဝင်တိုင်း လက်ခံနိုင်လိမ့်မည်ဖြစ်ပါကြောင်း။

အဘိဓမ္မာသဘာဝကို နားလည်လိုကြသော ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့သည် ဤပရမတ္ထစက္ကူကျမ်းကို ကြိုးပမ်းကြည့်ရှု ကြကုန်ရာသတည်း....။

ဆရာတော် **ဦးပဏ္ဍိတ**

ဧယျမေဒနီတိုက်

မြောင်းမြမြို့။

# အဇ္ဈာသယနိဒါန်း

---

ဤပရမတ္ထ စက္ကူကျမ်းကို မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရာမတိုက်ဓမ္မသေနာပတိဒိပဲရင်းဆရာတော်ဘုရားကြီးသည် ပရမတ္ထမျက်စိ မရှိကြသေးသူတို့လည်း ပရမတ္ထမျက်စိ ရရှိကြစေရန် ပရမတ်မျက်စိ အသင့် အတင့် ရှိကြသူ တို့လည်း ပိုမို ရှင်းလင်းကြ စေရန် ရည်သန် တော်မူချက်ဖြင့် ၁၂၇၅-ခု၊ တပေါင်းလတွင် အပြီး စီရင် ရေးသားတော် မူခဲ့ပါသည်။

ဤပရမတ္ထ စက္ကူကျမ်းသည် စာသိ-ပေသိ-သဘာဝအသိများနှင့်ကိစ္စပြီးမြောက် မဂ်ရောက်ဖိုလ်ထိ အကျင့် သိတို့ တခြားစီဖြစ်ကြောင်းကို ကွဲပြားအောင် ဖေါ်ပြထားသည့်ပြင် ကျန်းဂန်တတ် မတတ် ပုထုဇန်လူသာမန်တို့ကို မဆိုထားဘိ သောတာပန်စသော အရိယာ ပုဂ္ဂိုလ်ကြီးများ ပင်လျှင် အမျှင်ပြတ် ခွါနိုင်ခက်လှသော တဏှာ-မာန-ဒိဋ္ဌိတရား ယုတ်တွေကို လက်တွေ့ဖြုတ်နည်းဖျက်နည်းတို့နှင့်တကွ မောဟသိ-ပညာသိ-ပညတ်သိ-ပရမတ်သိ-အမှားသိ- အမှန် သိတွေ ကိုလည်း ဆိုင်ရာ ဆိုင်ရာ ဝတ္ထုသက်သေ သာဓက-ဥပမာပုံ အဝဝတို့ဖြင့် ထုတ်ပြဖြေရှင်းထားသော ကျမ်းစာ ဖြစ်သည်။

မနုဿတ္တဒုလ္လဘ ဖြစ်သော လူ့ဘဝကို ရကြသော အခိုက်အဖိုးထိုက် အဖိုးတန် ပုထုဇန် သူတော်ကောင်းဖြစ်မှု ပညာပါရမီ ပြည့်မှု အယူဝါဒ ဖြောင့်မှန်စင်ကြယ်မှု စိတ်ကောင်းထားတတ်မှု မြတ်သော နိဗ္ဗာနဓာတ်အထိ သိမှု ကိစ္စစု အတွေတွေကို ပြေပြေပြစ်ပြစ် ဆစ်ဖုမရှိအောင်စာကြည့်သူ အားလုံးတို့အား အနကောင်းဆုံး အထောက်အပံ့ ပေးပါ လိမ့်မည်။

ဤပရမတ္ထ စက္ကူကျမ်းစာသည် ဗုဒ္ဓဘာသာဝင် ဖြစ်သော လူရှင်တို့၏ စာပေရှုခင်း၌ တဆဲ့နှစ်ကြိမ်မျှ တင်သွင်း ပြသပြီး

ဖြစ်၏။ စာနေစာထား စာသွားမရှင်း ရှုပ်ထွေးခြင်း မကင်းသေး ရှိရာ နိဒါနသမ အကြိမ်နှင့် ယခု-တေရသမ အကြိမ်၌ကား–

ပါဠိအကိုးများကို အကိုးမှန်း သိအောင် တသီး တခြား ထားခြင်း

သရုပ်ပြများကို သင်္ချာဦးတပ်၍ အင်တင်း စီထားခြင်း ဆောင်ပုဒ် ကဗျာ များကို ၁၄-ပွိုင့်ဖြင့် အင်တင်း စီထားခြင်း

ပါဠိနှင့် မြန်မာ ညီမျှသော သရုပ်အရာတို့၌ ပါဠိတွင် ဂရိတ်မဲဖြင့် ပြထားခြင်း

ဤသို့စာရှုသူတို့ မြင်ကွင်း၌ ရှုပ်ထွေးခြင်း မရှိရလေအောင် အသန့်ရှင်းဆုံး မူချလျက် ဓမ္မာစရိယ ဆရာကြီး **ဦးထွန်းသိန်း-ဦးစိန်အုပ်-** ဓမ္မာစရိယ **ဦးဝင်းဖေ-ဦးဦးကျော် ဦးနေဝင်း**တို့ ကြည့်ကြပ်ပြင်ဆင်ကာ ရန်ကုန်မြို့ ၁၁၃-၂၄-လမ်း **ဇာတ္တသာသယ ပိဋကတ်ပုံနှိပ်တိုက်**၌ ရိုက်နှိပ် ဖြန့်ဝေအပ်သည် ဖြစ်ပါကြောင်း။

အားလုံးသော ဗုဒ္ဓဘာသာဝင်တို့မှာ ပရမတ္ထ စကျူကျမ်းကို ကြည့်ရှု လေ့လာမှုဖြင့် အားပြု ကိုးစားသော အကျိုးတရားများ ဖြစ်ပွါးပေါ်ပေါက်လာလိမ့်မည် ဖြစ်ပါကြောင်း။

**ဦးထွန်းသိန်း**
ဓမ္မာစရိယ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ဗုဒ္ဓေါမနာ ဗုဒ္ဓဝန္ဒနာ ပဏာမ .... | ၁ |
| ၂။ | ဗုဒ္ဓအရ,ဓမ္မအရ,သံဃာအရကို ပြခြင်း .... | ၂ |
| ၃။ | ပုထုဇန်တို့အဖြစ်ကိုမြင်မှ ရတနာသုံးပါးတို့ ဂုဏ်ပေါ်ထင် သိသာသည်ကို ပြခြင်း .... | ၄ |
| ၄။ | ရတနတ္တယထောမနာဝန္ဒနာပဏာမကိုပြခြင်း | ၅ |
| ၅။ | ပဏာမအရကို ပြခြင်း .... | ၆ |
| ၆။ | လမ်းခရီးစသည်၌ လက်အုပ်ချီရုံဖြင့် သင့် လျော်သည်ကို ပြဆိုခြင်း .... | ၈ |
| ၇။ | သရဏဂုံဖြစ်ကြောင်းကို ပြခြင်း .... | ၈ |
| ၈။ | ရတနာသုံးပါး၌အကျိုးများအောင်ကြည်ညို တတ်ရန် နည်းကိုပြဆိုခြင်း .... | ၉ |
| ၉။ | ဘုရားနှင့် တရား ဘက်စပ်၍ မေးရာ၌ ထုတ်ဖော်၍ ပြဆိုခြင်း .... | ၁၀ |
| ၁၀။ | အဘိယာစကနှင့် ပဋိညာဏ်ကိုပြခြင်း .... | ၁၂ |
| ၁၁။ | ပရမတ်,ပညတ်ကို အကျဉ်းပြခြင်း .... | ၁၃ |
| ၁၂။ | ဒေသနာအမျိုးမျိုးရှိသည်ကို ပြခြင်း .... | ၁၇ |
| ၁၃။ | ပရမတ် မျက်စိရှိမှ ရတနာ သုံးပါးကို မြင်နိုင်သည်ကို ပြခြင်း .... | ၂၄ |
| ၁၄။ | ပရိညာဏ်သုံးပါးကို ပြခြင်း .... | ၂၇ |
| ၁၅။ | မသိခြင်း၌ အပြစ်၊ သိခြင်း၌အကျိုး၊ အသိ ဉာဏ်ဖြစ်ခြင်း၏ အကြောင်းကို ပြဆိုခြင်း | ၂၉ |
| ၁၆။ | တိုက်တွန်းခြင်း .... | ၃၁ |
| ၁၇။ | အရပ်ဖြစ်ရှစ်ပါး, စက်လေးပါး, သမ္ပတ္တိ လေးပါးကို ပြခြင်း .... | ၃၂ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ်

၁၈။ ပရမတ်မျက်စိအရကို ပြခြင်းနှင့် စာတတ်သူကို ဂါဟကိုက်တတ်သည်ကို ပြခြင်း .... ၃၅
၁၉။ ကိုယ်ထဲ၌ တတ်မှ ဂါဟကင်းပြတ်သည်ကို ပြခြင်း .... ၃၅
၂၀။ သတိထားရန် ဂါထာသီကုံးပြဆိုခြင်း .... ၃၆
၂၁။ နှလုံးသွင်းကောင်း၍ အသိ အလိမ္မာရှိပါမှ တတ်သမျှအတတ်, အကျိုးနပ်သည်ကိုပြခြင်း ၃၇
၂၂။ ရုပ်တရား,နာမ်တရားကို ခွဲခြားပြခြင်း .... ၄၁
၂၃။ အတ္တဒိဋ္ဌိကို ပြဆိုခြင်း .... ၄၈
၂၄။ အတ္တဒိဋ္ဌိ၏အပြစ်ကို ပြခြင်း .... ၅၂
၂၅။ အတ္တဒိဋ္ဌိကင်းသည်၏ အကျိုးကိုပြခြင်း .... ၅၃
၂၆။ အတ္တဒိဋ္ဌိဖျက်ဆီးရန်ဉာဏ်အစဉ်ကိုပြခြင်း ၅၇
၂၇။ မဂ်ဉာဏ်ကို ပြခြင်း .... ၅၉
၂၈။ ဝိပဿနာဉာဏ်နှစ်ပါးဖြင့် အတ္တဒိဋ္ဌိကိုဖျက်ဆီးနိုင်သော ဝတ္ထုကိုပြခြင်း .... ၆၃
၂၉။ ဝိပဿနာစီးဖြန်းရန် အကျဉ်းပြခြင်း .... ၆၆
၃၀။ အရွယ်သုံးပါး,အရွယ်ဆယ်ပါးကိုပြခြင်း.... ၇၂
၃၁။ ခန္ဓာငါးပါးကိုပြ၍ ရူပက္ခန္ဓာအရ ရုပ်အရေအတွက်ကို ပြခြင်း .... ၇၃
၃၂။ ဓာတ်လေးပါး တို့၏ သဘောလက္ခဏာနှင့် တကွ အဝိနိဗ္ဘောဂရုပ်ကို ပြခြင်း .... ၇၅
၃၃။ အထယ်ကိုယ်ရုပ်ဆဲ့နှစ်ခုတို့၏ တကိုယ်လုံး၌ ရပုံကို ဥပမာဖြင့်ထင်စွာပြဆိုခြင်း .... ၈၃
၃၄။ အထယ်ကိုယ်ရုပ်ဆဲ့နှစ်ခုတို့၏တကိုယ်လုံး၌ ရပုံကို တနည်း ပြဆိုခြင်း .... ၈၅
၃၅။ အချယ်ရုပ် ၆-ပါးတို့၏ သဘောကိုပြခြင်း ၈၇

ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ်

၃၆။ အမှုရုပ်ငါးပါး ရုန်သူရုပ်လေးပါးဟု ဆိုအပ်သော ရုပ်တွေကိုပြခြင်း .... ၉၀
၃၇။ အခြာရုပ်ကို ပြခြင်း .... ၉၂
၃၈။ ကလာပ်စည်းပမာဏ နိုင်းဆရန်ကိုပြခြင်း ၉၄
၃၉။ ရုပ်သက်ကိုပြခြင်း .... ၉၆
၄၀။ ရုပ်တို့၏ဖြစ်ကြောင်း သမုဋ္ဌာန်ကိုပြခြင်း ၉၇
၄၁။ သမုဋ္ဌာန်၌ အထူးမှတ်ဘွယ်ကို ပြဆိုခြင်း ၉၉
၄၂။ ဘုံ၌ရုပ်ရကိုပြခြင်း .... ၁၀၃
၄၃။ ရုပ်ကိုနှစ်မျိုး ခွဲ၍ပြခြင်း .... ၁၀၆
၄၄။ တေဇောရုပ်၏ထူးပုံအရာကျယ်ပုံကိုပြခြင်း ၁၀၉
၄၅။ တေဇောရုပ်၏ ထူးပုံ အရာ ကျယ်ပုံကို ပြခြင်း၌အကျိုးကိုပြခြင်း .... ၁၁၉
၄၆။ လောက၏အရကိုပြခြင်း .... ၁၂၂
၄၇။ အသေစုတိကိုပြခြင်း .... ၁၂၃
၄၈။ ပဋိသန္ဓေအကြောင်းနှင့်ပဋိသန္ဓေလေးပါးကို ပြခြင်း .... ၁၂၇
၄၉။ ဂဗ္ဘသေယျ ပဋိသန္ဓေစွဲနေပုံကို ပြခြင်း .... ၁၃၀
၅၀။ စိတ်ဖြစ်ပုံ အစဉ်ကိုပြခြင်း .... ၁၃၂
၅၁။ သုတ္တန်နည်းအားဖြင့် သတ္တာဝါ အစဉ်ကို ပြခြင်း .... ၁၃၃
၅၂။ အဘိဓမ္မာနည်းအားဖြင့်ရုပ်တို့၏တိုးပွါးပုံကို ပြခြင်း .... ၁၃၆
၅၃။ ရူပက္ခန္ဓာ၏ဝိပြိုဟ်ရေမြှုပ်ဗိုင်နှင့်တူသည်ကို ပြခြင်း .... ၁၄၁
၅၄။ ရူပက္ခန္ဓာ၌ တမျိုးမှတ်ရန် ပြခြင်း .... ၁၄၃

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၅။ | ဝေဒနာက္ခန္ဓာနှင့် တကွ ယင်းဝေဒနာ၏ ဖြစ်ပုံကိုပြဆိုခြင်း .... | ၁၄၅ |
| ၅၆။ | သညာက္ခန္ဓာကို ပြခြင်း .... | ၁၅၃ |
| ၅၇။ | သင်္ခါရက္ခန္ဓာကိုပြခြင်း .... | ၁၅၄ |
| ၅၈။ | ဝိညာဏက္ခန္ဓာကိုပြခြင်း .... | ၁၅၈ |
| ၅၉။ | အသိသုံးပါးနှင့်တကွအထူးမှတ်ရန်ကိုပြခြင်း | ၁၆၀ |
| ၆၀။ | နာမ်ခန္ဓာ လေးပါးတို့ကိစ္စအားဖြင့်အမျိုးမျိုး ပြားပုံ တန်းစဉ်၍ ဖြစ်ပုံကိုပြခြင်း .... | ၁၆၁ |
| ၆၁။ | နိယာမကို ပြခြင်း .... | ၁၆၈ |
| ၆၂။ | မနောဒွါရိကဇောလိုရင်းဖြစ်သည်ကိုပြခြင်း | ၁၇၃ |
| ၆၃။ | ဇော၏သဘော သရုပ်ကိုပြဆိုခြင်း .... | ၁၇၅ |
| ၆၄။ | လောဘ၏ သဘောနှင့် တကွ လောဘမူ ဇောကို ပြဆိုခြင်း .... | ၁၇၆ |
| ၆၅။ | ဒေါသ၏ သဘောနှင့်တကွ ဒေါသဇောကို ပြဆိုခြင်း .... | ၁၇၇ |
| ၆၆။ | မောဟ၏သဘော မောဟများ၍ ယုံလွယ် သောသူကိုပြဆိုခြင်း .... | ၁၇၈ |
| ၆၇။ | အကုသိုလ် ဇော၌ ပါသော ကိလေသာ ဆယ်ပါး ဆဲ့လေးပါးတို့ကိုပြဆိုခြင်း .... | ၁၈၃ |
| ၆၈။ | ကိလေသာကို တမျိုးပြခြင်း .... | ၁၈၈ |
| ၆၉။ | ကုသိုလ်ဇောအရကို ပြခြင်း .... | ၁၉၀ |
| ၇၀။ | သဒ္ဓါ၏သဘောကိုပြခြင်း .... | ၁၉၄ |
| ၇၁။ | သတိ စသော သင်္ခါရက္ခန္ဓာကို ပြဆိုခြင်း | ၁၉၈ |
| ၇၂။ | ဇော၌ရှိုက်သော ကံအပြားကိုပြခြင်း | ၂၀၃ |
| ၇၃။ | ဝိသေသ ကထာကို ပြဆိုခြင်း .... | ၂၀၅ |
| ၇၄။ | ပါဏာတိပါတစသည်တို့၏အင်္ဂါကိုပြဆိုခြင်း | ၂၀၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၅။ | ဒုစရိုက်ကိုပြဆိုခြင်း .... | ၂၁၁ |
| ၁၆။ | ကထာနှစ်ပါး၌ အထူးမှတ်ရန်ကို ပြခြင်း | ၂၁၂ |
| ၁၇။ | ကမ္မပထမမြောက်ရာ၌အပြစ်ကိုပြဆိုခြင်း | ၂၁၃ |
| ၁၈။ | ကိုယ်ဖြင့် ပြုသော်လည်း ဖရုသဝါစာ ဗျာပါဒ ဖြစ်သည်ကို ပြဆိုခြင်း .... | ၂၁၅ |
| ၁၉။ | ကုသလ ကမ္မပထ ဆယ်ပါးကို ပြခြင်း ... | ၂၁၆ |
| ၂၀။ | ပုညကိရိယ ဝတ္ထုအပြား ဒါနအပြားမိန္တာ ဒါနကြီးငါးပါးကို ပြဆိုခြင်း .... | ၂၁၈ |
| ၂၁။ | ပုဂ္ဂလိကဒါန,သံဃိကဒါနအပြားကိုပြခြင်း | ၂၂၀ |
| ၂၂။ | သီလကိုပြဆိုခြင်း .... | ၂၂၄ |
| ၂၃။ | ဝိသေသသီလကိုပြဆိုခြင်း .... | ၂၂၆ |
| ၂၄။ | သာမည ဥပေါသထ အဋ္ဌင် ဥပေါသထ တို့ကို ပြဆိုခြင်း .... | ၂၂၇ |
| ၂၅။ | ဘာဝနာ စသည်ကို ပြဆိုခြင်း .... | ၂၂၉ |
| ၂၆။ | အကျိုးပေးကာလကို ပြဆိုခြင်း .... | ၂၃၁ |
| ၂၇။ | သတ္တကိစ္စအားဖြင့်လေးပါးပြားပုံကိုပြဆိုခြင်း | ၂၃၅ |
| ၂၈။ | ကံ၌ အထူးမှတ်ရန်ကို ပြဆိုခြင်း .... | ၂၃၈ |
| ၂၉။ | တမျိုးအထူးမှတ်ရန်ကိုဝတ္ထုနှင့်တကွပြဆိုခြင်း | ၂၄၀ |
| ၃၀။ | အကျိုးပေးသောအစဉ်ကို စွဲ၍ကံအပြားကို ပြဆိုခြင်း .... | ၂၄၆ |
| ၃၁။ | ကြိယာဇောနှင့် တကွ ပြီးခြင်းကို ဖြစ်စေ တတ်သော ဇောကို ပြဆိုခြင်း .... | ၂၄၇ |
| ၃၂။ | ပဋိသန္ဓေဘဝင်စသည်တို့၏အရကိုပြဆိုခြင်း | ၂၄၉ |
| ၃၃။ | ဈာန်၏အရ ဈာန်၏သဘောကိုပြဆိုခြင်း | ၂၅၀ |
| ၃၄။ | ရူပဈာန်တဆဲ့နှစ်ပါး,တဆဲငါးပါးကိုပြဆိုခြင်း | ၂၅၄ |
| ၃၅။ | အရူပဈာန် တဆဲ့နှစ်ပါးကို ပြဆိုခြင်း၊.... | ၂၅၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၉၆။ | အထူးမှတ်ရန်ကို ပြဆိုခြင်း .... | ၂၅၇ |
| ၉၇။ | လောကုတ္တရာ ဓာကို ပြဆိုခြင်း .... | ၂၅၈ |
| ၉၈။ | စိတ်ကိုပေါင်းစုံရေတွက်၍ ပြဆိုခြင်း .... | ၂၆၀ |
| ၉၉။ | ဘုံပုဂ္ဂိုလ်၌ စိတ်ရကိုပြဆိုခြင်း .... | ၂၆၀ |
| ၁၀၀။ | သတိထားရန်ကိုပြဆိုခြင်း .... | ၂၆၁ |
| ၁၀၁။ | ပရမတ္ထတရားကို အမျိုးမျိုး ခွဲပြဆိုခြင်း .... | ၂၆၂ |
| ၁၀၂။ | နာမ်,ရုပ်တို့ကို ပြဆိုခြင်း .... | ၂၆၄ |
| ၁၀၃။ | နာမ်,ရုပ်တို့အကြောင်းကိုဘာနည်းပြခြင်း။.... | ၂၆၅ |
| ၁၀၄။ | ပဋိစ္စသမုပ္ပါဒ်၌အကျဉ်း သိလွယ် အဓိပ္ပါယ် ကိုပြဆိုခြင်း .... | ၂၆၉ |
| ၁၀၅။ | ပညတ္တိဉာဏ်ပရမတ္ထဉာဏ်နှစ်မျိုးကိုပြဆိုခြင်း | ၂၇၉ |
| ၁၀၆။ | နာမ်,ရုပ် သိမ်းဆည်းပုံကိုပြဆိုခြင်း | ၂၉၀ |
| ၁၀၇။ | တမျိုးနှလုံးသွင်းပုံကိုပြဆိုခြင်း | ၂၉၃ |
| ၁၀၈။ | လက္ခဏာရေးထင်လွယ်ရန် ဘုရားဟော ပုံနှင့်တကွ ဘုရားဂုဏ်တို့ကိုပြဆိုခြင်း | ၂၉၅ |
| ၁၀၉။ | လက္ခဏာရေးတင်၍ဝိပဿနာစီးဖြန်းပုံကို ပြဆိုခြင်း .... | ၂၉၇ |
| ၁၁၀။ | ပိဋကတ်သုံးပုံ၏ အနှစ်သာရ ဖြစ်သော ခြောက်ဌာန်းသောစကားကိုပြဆိုခြင်း .... | ၃၀၀ |
| ၁၁၁။ | လက္ခဏာ တပါးကို သိလျှင်ငါးပါးလုံး သိသည့်ကိုပြဆိုခြင်း .... | ၃၀၁ |
| ၁၁၂။ | နိဗ္ဗာန်သည် မိမိအနီးမှာပင် ရှိပါလျက် ပုထုဇန်တို့ မမြင်နိုင်သည်ကို ပြဆိုခြင်း | ၃၀၂ |
| ၁၁၃။ | ပညတ်ဘုံစဉ်ကိုပြဆိုခြင်း | ၃၀၂ |
| ၁၁၄။ | နိဂုံးကို ပြဆိုခြင်း | ၃၁၁ |

ပရမတ္ထ စက္ခုကျမ်း မာတိကာပြီး၏



# ပရမတ္ထစက္ခုကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁—ဗုဒ္ဓဘာသာမနာ ဗုဒ္ဓဝန္ဒနာ ပဏာမ

### နမော အနန္တ ဗုဒ္ဓိနော

သာရသေဋ္ဌံ အဟော ဉာဏံ၊ လောကဂ္ဂဿ ဘောဓကံ။
သေဋ္ဌတ္တံ ယေန ပပ္ပေါတိ၊ အဟော ဗုဒ္ဓဿ ထာမတာ။

လောကဂ္ဂဿ၊ မည္နာပူးဝင် ပုထုဇဉ်တို့ အမြင်မှောက်မှား ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ စသည်ထင်မှတ် ဖွဲ့လမ်းအပ်သော လောက-အတုံး၊ အခဲတွေကို။ ဝါ၊ သမူဟဃန ပညတ်၊ သန္တတိဃန ပညတ်၊ သဏ္ဌာန ပညတ်၊ သုဘပညတ်၊ အတ္တ၊ ဇီဝ ပညတ်စသော လောကပညတ်အတုံး၊ အခဲတွေကို။ ဘောဓကံ၊ ယူစရာမရ မကျအသုံး တုံး၊ခဲ မထင် ကုန်စင် နှောက်မွှေ ကြိတ်ချေ ဖျက်ဆီးတော် မူနိုင်ထသော။ သာရသေဋ္ဌံ၊ လောကဓာတ်အလုံး၏အနှစ် အမြတ်ဆုံးအစစ်လည်း ဖြစ်တော် မူထသော။ ဉာဏံ၊ ဘုရားသခင် ကိုယ်တော်မြတ်၏ ဉာဏ်တော်ကြီးသည်။ အဟော၊ သြော်—အံ့၍ မပြီးနိုင်အောင်ပင်

ရှိတော်မူပါပေသည် တကား။ ယေန၊ အကြင် ဉာဏ်တော်ကြီး ကြောင့်။ သောဘဂဝါ၊ထိုဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ သေဋ္ဌတ္တံ၊ လောကဓာတ် အလုံးတွင် အမြတ်ဆုံး၏ အဖြစ်သို့။ ပပ္ပေါတိ၊ ရောက်တော် မူရလေ၏။ ဗုဒ္ဓဿ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏။ ထာမတာ၊ နတ်နှင့် လူတွင် ဘယ်သူ တယောက်မျှမဖဲ့နိုင်, မရွဲ့နိုင်, မခွဲနိုင်, မခြမ်းနိုင်, မဖိတ်နိုင်, မဖြာနိုင် မာခိုင်လှစွာသော လောက အတုံး, အခဲ တွေကို ကြိတ်ချေ ဖျက်ဆီးတော်မူနိုင်သော အစွမ်းတော် ရှိသည်၏ အဖြစ်သည်။ ဝါ၊ သုမေဓာဘာဝ စသည်တန်တန် ကြံကြံသမျှ ကိစ္စဆုံးရောက် အလိုတော်ပြီးမြောက်၍ လောကကိုထွင်းဘောက် ဖျက်ဆီးတော် မူနိုင်သော အစွမ်းတော် ရှိသည်၏ အဖြစ်သည်။ အဟော၊ ဪ—အံ့၍ မပြီး နိုင်အောင် ရှိတော်မူပါ ပေသည် တကား။ (ထောမနာ ပဏာမ)။

အနုတ္တရံ ဂတံ အန္တံ၊ ဝိသိဋ္ဌံ တံ အဟံ နမေ။ ။အနုတ္တရံ၊ အထက်မရှိ အလွန်မရှိ အသာမရှိ လောကအလုံးတွင် အထွတ်ဆုံး, အလွန်ဆုံး, အသာဆုံး, အမြတ်ဆုံးကြီးဖြစ်တော်မူထသော။ အန္တံ၊ အလုံးစုံသော ကိစ္စ ဟူသမျှ တို့၏ အဆုံးသို့။ ဂတံ၊ ရောက်တော်မူပြီးထသော။ ဝိသိဋ္ဌံ၊ လောက၏ အညွန့်, အဖူး ပုဂ္ဂိုလ်လွန်, ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်တော်မူထသော။ တံ၊ ထို ဉာဏ်တော်ကြီး အရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ မသိမိုက်မဲ ဉာဏ်နဲ လှစွာသော အကျွန်ုပ်သည်။ နမေ၊ ဉာဏ်ကြီးလိုသောအား ဝပ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ပါ၏ အရှင်ဘုရား။ (ဝန္ဒနာ ပဏာမ)။

## ၂—ဗုဒ္ဓအရ, ဓမ္မအရ, သံဃအရကို ပြဆိုခြင်း

ကြိတ်ချေ ဖျက်ဆီးဆိုသည်မှာ အသိ, ကို ဆိုသည်။ အသိ, ဆိုသည်မှာလည်း သိစရာရှိသမျှကို အကျန် မရှိ ဟုတ်တိုင်း မှန်တိုင်း ကမ်းကုန် လမ်းကုန် အသိဆုံး ကမ်းရောက် ဟာလာ

ဟင်း ထိုးထွင်းကြွတ်ချေ နှောက်မှေ့ ကုန်စင် ကိစ္စပြီး အသိကြီး သိသော အသိကိုဆိုသည်။ ။ထိုအသိ၏ အစွမ်းဖြင့် တသိထဲသိ တမြင်ထဲ မြင်တော် မူသောကြောင့် တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တဖေးထဲကိစ္စပြီး ဖေးကြီး ဖေးတော်မူရသော ပုဂ္ဂိုလ်လွန် ပုဂ္ဂိုလ်ထူးကြီး ကိုပင် မာဂဓ ဘာသာဖြင့် ဗုဒ္ဓေါ, မြန်မာဘာသာဖြင့် ဘုရားဟူ၍ဆိုရပေလသည်။ ဗုဇ္ဈတိတိဗုဒ္ဓေါ။ ။(ဝိဂြိုဟ်)။ ။ဗုဇ္ဈတိ၊ အသိ, အဆုံးရောက် ကိစ္စပြီး အသိကြီး သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ ။အနက်။ ။အသိ အဆုံးရောက် ကိစ္စပြီး အသိကြီးသိ ဆိုသည်မှာလည်း လောကီ၌သိစရာကုန်၍ လောကီကိုထွင်းဖောက် နိဗ္ဗာန်သို့ ဆိုက်ရောက်သော အသိကို ဆိုသည်။ နိဗ္ဗာန်သို့ ဆိုက်ရောက်သော အသိဆိုသည်မှာလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပင် ဆိုသည်။

ယင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် တို့နှင့် တွေ့ထိရသော ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ အမိုက်ကင်း၍ တလင်းထဲလင်းတော့ သည်သာ၊ အရှုပ်ကင်း၍ တရှင်းထဲရှင်းတော့သည်သာ၊ အညစ် ကင်း၍ တစင်ထဲစင်တော့သည်သာ၊အနှောက်ကင်း၍တကြည်ထဲ ကြည်တော့သည်သာ၊ အပူကင်း၍ တဖေးထဲ ကိစ္စပြီး ဖေးကြီး ဖေးရတော့သည်သာ။ ယင်းသို့သော သတ္တိ အာနုဘော် ရှိသော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ဤကိုးတန်ကိုပင် မာဂဓ ဘာသာဖြင့် ဓမ္မော, မြန်မာဘာသာဖြင့် တရားဟူ၍ ဆိုရပေလ သည်။ ။ဓာရေတီတိဓမ္မော။ ။(ဝိဂြိုဟ်)။ ။ဓာရေတိ၊ အမိုက်မှ အလင်းသို့၊ အရှုပ်မှ အရှင်းသို့၊ အညစ်မှ အစင်သို့၊ အနှောက်မှ အကြည်သို့၊ အပူမှအဖေးသို့ တဘန် မပြန်စေဘဲ ဆောင်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ ။ဝါ၊ တနည်းကား။ ဓာရေတိ၊ အပါယ်မင်းတို့ပိုင်နက် လောကီဘက်မှ လောကုတ္တရာ ဘက်သို့ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဓမ္မော၊ ဓမ္မ မည်၏။ ။အနက်။

ဘုရားကိုအမှီပြု၍ ယင်း ကိုးပါးသော လောကုတ္တရာတရားကို စိတ်အစဉ်နှင့် သိမြင် တွေ့ထိ လက်ရှိရမိတော်မူကြသောကြောင့် တလင်းထဲလင်း၊ တရှင်းထဲရှင်း၊ တစင်ထဲစင်၊ တကြည်ထဲကြည်၊ တအေးထဲကိန်းပြီး အေးကြီး အေးရသော ပုဂ္ဂိုလ်တွေကိုပင် မာဂဓ ဘာသာဖြင့် သံဃာ, မြန်မာဘာသာဖြင့် သင်္ဃာ-ဟူ၍ဆိုရလေသည်။ ။သံဟနတီတိ သံဃာ။ ။(ဝိဂ္ဂဟ်)။ ။သံဟနတိ၊ မိုက်, ရှုပ်, ညစ်, နောက်, အပူ, မကောင်းဟူသမျှကို သတ်ဖြတ် ဖျက်ခွင်းတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံဃာ၊ သံဃာမည်၏။ ။တနည်းကား။ ။သံဟနတိ၊ အမိုက်မှအလင်းသို့၊ အရှုပ်မှ အရှင်းသို့၊ အညစ်မှ အစင်သို့၊ အနောက်မှ အကြည်သို့၊ အပူမှ အအေးသို့ တဘန် မပြန်မူ၍ တခေါက်ထဲ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံဃာ၊ သံဃာမည်၏။ ။အနက်။ ။ သေဋ္ဌဘာဝေန သမောဓာနံ ဂစ္ဆတီတိပိ သံဃာ။ ။(တနည်း ဝိဂ္ဂဟ်)။ ။ပါ၊ တနည်းကား။ သေဋ္ဌဘာဝေန၊ မြတ်သည်၏အဖြစ်ကြောင့်။ သမောဓာနံ၊ အမည်တူ တမျိုးထဲပေါင်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံဃာ၊ သံဃာ မည်၏။ ။အနက်။

## ၃—ပုထုဇဉ်တို့ အဖြစ်ကိုမြင်မှ ရတနာသုံးပါးတို့ဂုဏ် ပေါ်ထင်သိသာသည်ကို ပြခြင်း

မောဟ အမိုက်, တဏှာ အရှုပ်, ကိလေသာ အညစ်, နီဝရဏ အနောက်, တဆဲ့တပါးသော မီးအပူ၊ ဤငါးခု ရောဂါဆိုး၊ ဘုရား ကိုးပါး ဆေးအလား၊ တရားကား ဆေးစား၍ ရောဂါကင်းပြီး ဆေးဆရာ၊ သံဃာမှာ ဆေးကု၍ ရောဂါခံ၊ ပုထုဇဉ်မှာ မိုက်ရှုပ် ညစ်နောက် အပူရောက်၍ ပူလားပင်လား ရောဂါသမား၊ ညဏ်အမြင်သန်လေလေ ပုထုဇဉ်တို့၏ အဖြစ်ကို မြင်လေလေ၊ ပုထုဇဉ်တို့ အဖြစ်တွေကို မြင်လေလေ ရတနာသုံးပါးတို့၏

ဂုဏ်ကျေးဇူးတွေကို မြင်လေလေ ဖြစ်တတ်သည်။ ရတနာသုံးပါး ဆိုသည်မှာ ဘယ်လိုဟာဟု ရိပ်မိခဲ့သည်။ ဘယ်လိုဟာဟု ရိပ်မိ ရမည်။

## ၄–ရတနတ္တယဝေဒနာဝန္ဒနာ ပဏာမကိုပြခြင်း

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟောသံဃောတိဒုလ္လဘံ။
တံဝန္ဒေ ဉာဏဒီပ္ပဂ္ဂံ၊ သတ္တံ လက္ခဏပါဒကံ။

ဗုဒ္ဓေါ၊ သိစရာရှိသမျှကို အကျန်မရှိ ဟုတ်တိုင်း မှန်တိုင်း ကမ်းကုန် လမ်းကုန် အသိဆုံး ကမ်းရောက် ဟာလာဟင်း ထိုးထွင်းကြိတ်ချေ နှောက်နှောက်ကုန်စင် ကိစ္စပြီး အသိကြီး တသိ ထဲသိ တမြင်ထဲ မြင်တော်မူနိုင်သောကြောင့် တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တဇေးထဲ ကိစ္စပြီး ဇေးကြီး ဇေးတော်မူရသော ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ အဟော၊ ဩော်–အံ့၍ မဆုံး လောကအလုံးတွင် အထွတ်ဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ထူးကြီးပါပေတကား။ ဓမ္မော၊ တမိုက်ထဲမိုက် တချုပ်ထဲချုပ် တညစ်ထဲညစ် တနှောက် ထဲနှောက် တပူထဲပူကြသော သတ္တဝါတွေကို တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တဇေးထဲကိစ္စပြီး ဇေးကြီး ဇေးစေနိုင်သော သတ္တိအာနုဘော် ရှိသော ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ အဟော၊ ဩော်–အံ့၍ မဆုံး လောကအလုံးတွင် အထွတ်ဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး တရားတော်ပါပေတကား။

သံဃော၊ဘုရားကိုယ်တော်မြတ်ကြီးနည်းလမ်းပြတော်မူသည့် အတိုင်း လွတ်လွတ်ချွန်ချွန် ကျင့်ကြံ အားထုတ်တော် မူကြ၍ ကိုးပါးသော လောကုတ္တရာ တရားကို စိတ်အစဉ်နှင့် သိမြင် တွေ့ထိ လက်ရှိ ရမိတော်မူကြသောကြောင့် တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တဇေးထဲကိစ္စပြီး

ဒေးကြီးဒေးတော်မူကြသော အရိယာသံဃာတော် အပေါင်းသည်။ အပေ၊ ဩဒါတ်-အဖွဲ့၌မဆုံး လောကအလုံးတွင် အထွတ်ဆုံး, အလှန်ဆုံး,အသာဆုံး,အမြတ်ဆုံး ပုဂ္ဂိုလ်တွေပါပေတကား။

ဇာတိအယ်၊ ဤအမြတ် ရတနာ သုံးပါး အပေါင်းသည်။ လောကေ၊ တသိန်းနှစ်သောင်းအထုရှိသော ဂံသုပထဝီ ဤမြေကြီး၌ မြေမှုန့်မက ဘဝဘန်များ လွန်ရှည်လျားသော သံသရာ ဟူသောလောကကြီးထဲ၌။ အဟောဒုလ္လဘံ၊ ဩဒါတ်-တွေ့ခဲ,ကြုံခဲ, ရခဲလှစွာသော ရတနာမြတ်ပါပေတကား။ (ထောမနာ ပဏာမ)။

ဉာဏဒိဋ္ဌိ၊ ပကတိမျက်စိဖြင့် မမြင် ဉာဏ် မျက်စိဖြင့်သာ မြင်အပ်ထသော။ အဂ္ဂ၊ အထက်မရှိ အလွန်မရှိ အသာမရှိ ထွတ်မြတ်လှစွာထသော။ သဏ္ဍဲ၊ အလွန်သိမ်မွေ့လှစွာထသော။ လက္ခဏာပါဒကံ၊ လက္ခဏာရေးသုံးပါးလျှင် အခြေခိုက်ထသော။ တံ၊ ထိုကံကောင်းထောက်မ ယခုဘဝ တွေ့ကြုံရပေသောရတနာ တော်မြတ် သုံးပါးအပေါင်းကို။ အဟံ၊ နောက်,ပု,ညစ်,ရှုပ်,သေ ရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်သည်။ ဝန္ဒေ၊လင်းလိုရှင်းလိုကိစ္စပြီး ဒေးကြီးဒေးလိုသောအား ဝပ်တွားရှိကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။(ဝန္ဒနာ ပဏာမ)။

လက္ခဏာရေး သုံးပါး အစွမ်းကုန် ထင်မြင်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်နိုင်သည်။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြစ်ပေါ်မှ လည်း နိဗ္ဗာန်ကို မြင်နိုင်သည်။ နိဗ္ဗာန်ကိုမြင်မှလည်း မိုက်,ရှုပ်, ညစ်,နောက်,အပူ- မကောင်းဟူသမျှ ကုန်ငြိမ်း ခန်းခြောက်၍ ဘုရားအဖြစ်, အရိယာသံဃာ အဖြစ်သို့ ရောက်နိုင်ကြလေကုန် သည်။ ထို့ကြောင့် ရတနာသုံးပါးကို လက္ခဏာရေး သုံးပါးလျှင် အခြေခိုက်သည်ဟူ၍ ဆိုထိုက်သည်။

## ၅–ပဏာမအရက်ကို ပြခြင်း

ပဏာမ ဆိုသည်မှာ ရှိသေမြတ်နိုး အားကိုး အားထား ညွတ်တွား ကိုင်းရှိုင်းခြင်းကို ဆိုသည်။ ပ-နမနံ ပဏာမော။ ။

(ဝိဂြုဟ်)။ ။ပ-နမနံ၊ ညွတ်တွား ကိုင်းရှိုင်းခြင်း။ ပဓာနမော၊ ညွတ်တွားကိုင်းရှိုင်းခြင်း။ ။အနက်။ ။ကိုယ်ဖြင့် ညွတ်တွား ကိုင်းရှိုင်းလျှင် ကာယပဓာန, နှုတ်ဖြင့်ညွတ်တွား ကိုင်းရှိုင်း လျှင် ဝစီပဓာန, စိတ်ဖြင့် ညွတ်တွား ကိုင်းရှိုင်းလျှင် မနော ပဓာနဟူ၍ ပဓာန သုံးမျိုး မှတ်။ ။တနည်း။ ။ဝန္ဒနာပဓာန, ထောမနာပဓာန, အဉ္ဇလိပဓာနဟူ၍ ပဓာနသုံးမျိုးမှတ်။ ။ ဦးချသည်ကို ဝန္ဒနာပဓာန ဆိုသည်။ ဦးချသည်မှာ ဒူးနှစ်ဖက် လက်နှစ်ဖက်ကို မြေ၌တည်စေ၍ ဦးထိပ်ကို မြေ၌ချခြင်းတည်း။ ဤသို့ ဦးချသည်ကို ပဉ္စပတိဋ္ဌိတ-ရှိခိုးခြင်းဟူ၍လည်း ဆိုသည်။

> ဝန္ဒနဉ္စ ပဉ္စပတိဋ္ဌိတေန ဝန္ဒနံ။ ။အဋ္ဌသာလိနီ။ ။ ဝန္ဒနဉ္စ၊ ရှိခိုးဆိုသည်ကား။ ပဉ္စပတိဋ္ဌိတေန၊ မြေ၌ ငါးပါး သော တည်ခြင်းဖြင့်။ ဝါ၊ အင်္ဂါငါးပါးတို့ကို မြေ၌တည်စေ သောအားဖြင့်။ ဝါ၊ ငါးပါးသော အင်္ဂါတို့ဖြင့် ကိုယ်ကို မြေ၌ တည်သည်ကိုပြုသောအားဖြင့်။ ဝန္ဒနံ၊ ဦးချ၍ ရှိခိုး ခြင်းတည်း။ ။အနက်။ ။တတိယဝိဘတ်သနကို သရုပ်ပြ ဟူ၍မှတ်။ ။အဘိဝါဒေတွာတိ ပဉ္စ ပတိဋ္ဌိတေန ဝန္ဒိတွာ။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ ။ပဉ္စ ပတိဋ္ဌိတေနာတိ ဒွိဇာဏု ဒွိဟတ္ထ နလာဋေဟိ ပဉ္စ ပတိဋ္ဌိတံ ကတွာ။ ။ရှင်း ဂဏ္ဌိပုဒ်။ ။ပဉ္စင်္ဂါနိ ပထဝိယံ ပတိဋ္ဌာပေတွာ ပါစိနာဘိမုခေါ ဝန္ဒိတွာ။ ။ အဋ္ဌနိပါတ် ဇာတ် အဋ္ဌကထာ။ ။ဘူမိယံ ပဉ္စပတိဋ္ဌိ တေန ဝန္ဒိတွာ။ ။သီလက္ခန် အဋ္ဌကထာ။

ဤသို့ စသည်ဖြင့်လာသော ကျမ်းဂန်တို့ကိုထောက်၍ ဦးချ ရှိခိုးပုံကိုသိလေ။ ။ရိုသေညွတ်ကျိုး မြတ်နိုးသောစိတ်ဖြင့် ဂုဏ် ကျေးဇူးကို ချီးမွမ်းအံ့ဩသည်ကို ထောမနာပဓာန ဆိုသည်။ ရိုသေညွတ်ကျိုး မြတ်နိုးသော စိတ်ဖြင့် ကိုယ်ကို အနည်းငယ် ညွတ်ကိုင်း၍ လက်အုပ်ချီသည်ကို အဉ္ဇလိပဓာန ဆိုသည်။

## ၆—လမ်းခရီး စသည်၌ လက်အုပ်ချီရုံဖြင့် သင့်လျော်သည်ကို ပြခြင်း

ရတနာ သုံးပါးကို အလေးပြုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် လမ်းခရီး၌ဖြစ်သော်ငြား၊ မသင့်တင့် မလျောက်ပတ်သော အရပ်ဖြစ်၍ သော်ငြား၊ မအားသာလှ၍ သော်ငြား ဦးချ၍ ရှိမခိုးသာလျှင် စေတီရုပ်ပွါး အစ္ဆရိုးဘုရား ဖြစ်အံ့ သက်တော်ထင်ရှား ဘုရားဂုဏ်ကို အာရုံပြု၍ ပုထုဇဉ် သံဃာဖြစ်အံ့ အရိယာသံဃာတော်၏ အမြတ်ဂုဏ်ကို အာရုံပြု၍ လက်အုပ်ချီခြင်း အဥ္ဇလိပဏာမကို ပြုမိအောင် ပြုရမည်။

ပဥ္စင်္ဂါနိ ဘူမိယံ ပတိဋ္ဌာပေတွာ ဝန္ဒိတုံ န သက္ကောတိ၊
အဥ္ဇလိံ ပဂ္ဂယှ ဂစ္ဆံပိ ဝဋ္ဋတိ။ ။တေရသကဏ် ဋီကာ။

ပဥ္စင်္ဂါနိ၊ ငါးပါးသော အင်္ဂါ တို့ကို။ ဘူမိယံ၊ မြေ၌။ ပတိဋ္ဌာပေတွာ၊ ရှေ့ရှုတည်စေ၍။ ဝန္ဒိတုံ၊ ဦးချ၍ ရှိခိုးခြင်းငှါ။ န သက္ကောတိ၊ အရာမဟုတ်သောကြောင့် မတတ်နိုင်သည်ဖြစ်အံ့။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍၊ ဂစ္ဆံပိ၊ သွားခြင်းငှါလည်း။ ဝဋ္ဋတိ၊ သင့်၏။ ။အနက်။

## ၇—သရဏဂုံ ဖြစ်ကြောင်းကို ပြခြင်း

ယော ပနာယံ လောကေ အဂ္ဂဒက္ခိဏေယျောတိ ဝန္ဒတိ၊
တေနေဝ ဂဟိတံ ဟောတိ သရဏံ။ ။သီလက္ခန် အဋ္ဌကထာ။

ယောပန၊အကြင်သူသည်ကား။ အယံ၊ဤပုဂ္ဂိုလ်ထူးကြီးသည်။ လောကေ၊ လောက၌။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်ထူးပေတည်း။ဣတိ၊ဤသို့ နှလုံးသွင်းသဖြင့်။ ဝန္ဒတိ၊ ဘုရားကို ရှိခိုး၏။ တဿ၊ ထိုသူအား။ တေနေဝ၊ ထိုရှိခိုးခြင်းဖြင့် သာလျှင်။ သရဏံ၊ သရဏဂုံကို။ ဂဟိတံ၊ ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ဤအဋ္ဌကထာနှင့်အညီ တလောကလုံးမှာ ရတနာ သုံးပါးမှ တပါးယူစရာ, ရစရာ အနှစ်သာရကိုမမြင်၊ ရတနာသုံးပါးသာလျှင် အထွတ် အမြတ် အားကိုးရာ အားထားရာ ယူစရာ, ရစရာ အနှစ်သာရပေဟု သိမြင် ထင်မှတ်၍ လက်အုပ်ချီမိ, ရှိခိုးမိလျှင် သရဏဂုံလည်း ဖြစ်တော့သည်သာ မှတ်လေ။

## ဂ—ရတနာသုံးပါး၌ အကျိုးများအောင် ကြည်ညိုတတ်ရန် နည်းကို ပြဆိုခြင်း

တီသု ရတနေသု ယတ္ထကတ္ထစိ စိတ္တိကာရေ ကတေ သဗ္ဗေ ကတောယေဝ ဟောတိ။ ကဏ္ဍတက္ကလသုတ် အဋ္ဌကထာ။

တီသု ရတနေသု၊ သုံးပါးသော ရတနာတို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိတပါးပါး၌။ စိတ္တိကာရေ၊ အရိုအသေအလေးအမြတ်ကို။ ကတေ၊ ပြုသည်ရှိသော်။ သဗ္ဗတ္ထ၊ သုံးပါးလုံး၌။ ကတောယေဝ၊ ပြုသည် မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။အနက်။ ။ဤအဋ္ဌကထာနှင့်အညီ တပါးပါးကိုကြည်ညိုလျှင် ကြွင်း ၂ ပါးပါအောင် ကြည်ညိုတတ်ရမည်။

အဂ္ဂေခေါ ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။
ထိုထိုပါဠိတော်တို့၌ လာသော ပါဠိ။

ခေါ၊ စင်စစ်သဖြင့်။ အဂ္ဂေ၊ နောက်ပုရှတ်ထွေး ညစ်ထေး မိုက်မဲ လှစွာသော လောကကြီးထဲ၌ လင်းရှင်း ဖြူစင် ကြည်လင် ဖေးမြသော အနှစ်သာရတွေ ဖြစ်သောကြောင့် လောက အလုံးတွင် အထွတ်ဆုံး, အလွန်ဆုံး အသာဆုံး, အမြတ်ဆုံး ဖြစ်သော ရတနာသုံးပါး၌။ ပသန္နာနံ၊ သိတတ် ကြည်ညိုတတ်၍ကြည်ညိုကြကုန်သော အမျိုးသားတို့အား။ အဂ္ဂေါ၊ မြတ်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ဤပါဠိတော်၏ အဓိပ္ပါယ်မှာ အမျိုး အရိုး အစစ် အမှန် သုံးတန်သော ရတနာ ဟူသည် လင်းရှင်း ဖြူစင် ကြည်လင်

ဖေးမြသော အနှစ် သာရတွေ လောက အလုံးမှာ အထွတ်ဆုံး အလွန်ဆုံး, အသာဆုံး, အမြတ်ဆုံးပေဟု သိမြင် ထင်မှတ်၍ ကြည်ညိုတတ်မှ အကျိုးမြတ်သည် ဆိုလိုသည်။ ။ရတနာ သုံးပါး အစစ်မှာ ဆိုဘွယ်ပြစ်ကင်း အလင်းတုံး, အရှင်းတုံး,အစင်တုံး, အကြည်တုံး, အဖေးတုံး,အမြတ်ဆုံး, အမှန်ဖြစ်ပေသည်။ယခုခေတ် သံဃာကို အစစ်နှင့်ဆက်နွယ်၍ ကြည်ညိုတတ်ရသည်။ သီလ, သမာဓိ, ပညာ, အကျင့်ဂုဏ်ကို အာရုံပြု၍ ပုဂ္ဂိုလ်ကို ကြည်ညို တတ်ရသည်။ ။ဒါနသာ ပုဂ္ဂလိက သံဃိက ရှိသည် မဟုတ်, အကြည်အညိုလည်း ပုဂ္ဂလိက သံဃိက နှစ်မျိုးရှိသည်မှတ်။

ယခုခေတ်အခါ များသောအားဖြင့် ငါတို့လည်း ရတနာသုံးပါး အတွင်းဟု မှတ်ထင်တတ်ကြ၏။ ရတနာသုံးပါးကို ငါတို့ကိုးကွယ် ကြသည်ဟု ဆိုတတ်ကြ၏။ ရဟန်းရော, လူရော ရတနာသုံးပါးကို အမှန်ကျ သိတတ်ခဲလှ ကြည်ညိုတတ်ခဲလှ၏။ ဉာဏ်အမြင်တိုကြ လှ၏။ ဘုရားဆိုလျှင် စေတီရုပ်ပွါး အရုပ်ရိုးဘုရားတွင် ဆုံး၍နေ၏။ တရားဆိုလျှင် ယပ်လှဲ့တရား, ယပ်ထောင် တရား, ပိဋကတ် စာပေတွင် ဆုံး၍ နေ၏။ သံဃာတော်ဆိုလျှင် ယခုဘုန်းကြီး တွေတွင် ဆုံး၍နေ၏။ အထက်ကို ကျော်ဘောက်၍ ရတနာသုံးပါး အစစ်သို့ မရောက်နိုင်ကြကုန်။ ရတနာ သုံးပါးကို မဆိုထားဘိ ပုဂ္ဂိုလ်ကိုသော်လည်း ကြည်ညိုဘတ်ခဲလှ၏။

သဒ္ဒါအသွင် တဏှာဝင် ခင်မင်သည်ကို အကြည်ညို မသိကို အသိ မောဟဖိ မဟုတ်သိများ အဟုတ်သိကား ရှားလှချေ၏။

## ဉ—ဘုရားနှင့်တရား ဘက်စပ်၍မေးရာ၌ ထုတ်ဖေါ်၍ ပြဆိုခြင်း

ဘုရားနှင့် သံဃာ ကား ပညတ်၊ တရားကား ပရမတ်၊ ပရမတ်နှင့် ပညတ်ကို ဘက်စပ်၍ ဘယ်ဟာက မြတ်သနည်း၊

ဘယ်ဟာက အဦးအစဖြစ်သနည်းဟူ၍ မမေးအပ် မမေးထိုက် မသိသူကမေးခဲ့သော် မဖြေအပ် မဖြေထိုက်၊ ထပနီယ ပဉှာဟူ၍ ဆိုရမည်။

၁။ ဧကံသဗျာကရဏီယပဉှာ,

၂။ ဝိဘဇ္ဇဗျာကရဏီယပဉှာ,

၃။ ပဋိပုစ္ဆာဗျာကရဏီယပဉှာ,

၄။ ထပနီယပဉှာ,

ဟူ၍ ကျမ်းဂန်တို့၌ အမေးလေးပါးလာသည်။

၁။ စက္ခုသည် အနိစ္စလော၊ ကုသိုလ်သည် ကောင်းကျိုးကို ပေးသလော၊ ဤသို့ စသည် မေးခဲ့သော် ဧကံသဗျာကရဏီယ ပဉှာ-ကေနတိုက်ရိုက် ဖြေအပ်သောအမေး။

၂။ အနိစ္စဆိုတာ စက္ခုသာလော၊ သောမနဿ သဟဂုတ် သည် ကောင်းကျိုးကိုသာ ပေးသလော၊ ဤသို့စသည် မေးခဲ့သော် ဝိဘဇ္ဇ ဗျာကရဏီယပဉှာ- အကျယ် ဝေဘန်၍ ဖြေအပ်သော အမေး။

၃။ စက္ခုနှင့် သောတ သည် အတူတူလော၊ သောမနဿ သဟဂုတ်နှင့် ဥပေက္ခာ သဟဂုတ်သည် အတူတူလော၊ ဤသို့ စသည် မေးခဲ့သော် ပဋိပုစ္ဆာဗျာကရဏီယပဉှာ-တဘန် မေး၍ ဖြေအပ်သောအမေး။

၄။ အသက်သည် ကိုယ်လော၊ ကိုယ်သည် အသက်လော၊ သိလနှင့်ပုဂ္ဂိုလ် ဘယ်ဟာက မြတ်သနည်း၊ မိန်းမမြို့မ သား အမိကို သတ်ခဲ့သော် ကံထိုက်ပါမည်လော၊ ဆိတ်ချို လေးနှင့် ယုန်ချိုလေး ဘယ်ဟာက ကောင်းသနည်း၊ ရဟန္တာ ပုဂ္ဂိုလ် သေပြီးနောက် ဖြစ်သေးသလော၊ မဖြစ်တူးလော၊ ဤသို့စသည် မေးခဲ့သော် ထပနီယပဉှာ- မဖြေဘဲ ထားအပ်သောအမေး။

အရူပ ဓမ္မာနံပိ တထာဂတော သေဋ္ဌော ဥတ္တမော ဟူ၍ ဓမ္မပဒ အဋ္ဌကထာ ရှိသည်မှာ တထာဂတ အရကို သဗ္ဗညုတ

ဉာဏ်, ဒေသနာဉာဏ်ကို အရကောက်၍ ဥပကာရတ္ထအားဖြင့် ဆိုသည်။ လောကီ အပ္ပမာဒ ဟူသော ကုသိုလ် တရားသည် လောကုတ္တရာ ကုသိုလ် ထက်ပင် မြတ်သည်ဟူ၍ ပဒိုလာဘ ကတ္တအားဖြင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဆိုသကဲ့သို့မှတ်။

သမ္မုတိသစ္စာ, ပရမတ္ထသစ္စာဟူ၍ သစ္စာ ၂-ပါး ရှိသည်တွင် သမ္မုတိ သစ္စာသည် ပရမတ္ထ သစ္စာနှင့် ဘက်စပ် ယှဉ်ပြိုင်လျှင် မဟုတ် မမှန် အမှားပင် ဖြစ်၏။ သို့သော်လည်း မုသားဖြစ်သည် မဆိုရ၊ သူ့နေရာနှင့်သူကား အမှန်ပင်ဖြစ်၏။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ တထလက္ခဏံ။

သုတ္တန် အဋ္ဌကထာ,အဘိဓမ္မာ အဋ္ဌကထာတို့၌ လာသောပါဠိ။

လောက သမ္မုတိ ကာရဏံ၊လောကီသူတို့ တညီ တညွတ်ထဲ မှည့်ခေါ်သမုတ်ခြင်း အကြောင်းရင်းခံသော။ သင်္ကေတ ဝစနံ၊ ပညတ်စကားသည်။ သစ္စံ၊ အမှန်ပင်။ ဓမ္မာနံ၊ အဟုတ်ရှိသော ပရမတ္ထ တရားတို့၏။ တထလက္ခဏံ၊ ဟုတ်မှန်သော သဘော လက္ခဏာဟူသော။ ပရမတ္ထဝစနံ၊ ပရမတ်စကားသည်။ သစ္စံ၊ အမှန်ပင်။ ။အနက်။ ။ပဒဘာဇ စသည်ပြီး၏။

## ၁၀–အဘိဓာစကနှင့် ပဒိုညာဏ်ကို ပြခြင်း

ပရမတ္ထ သဘာဝကို အမှန်ကျ သိရမည့် အခွင့်အခါကို အလွန်ရခဲသည်။ ရပြန်ပါသော်လည်း အလွန်သိမ်မွေ့ အလွန် အသိခက်သည်။ အမှန်အကျ အဟုတ်သိ သိရပြန်ကလည်း နောင်ချမ်းသာဘို့ ဆင်းရဲကင်းဘို့ အားထုတ်ဘွယ်မရှိ။ အလုံးစုံ ကိစ္စပြီး၍ ဇေးကြီးဇေးရသည်။ ရိပ်မိရုံ ရိပ်မိသော်လည်း အလွန် အကျိုးကြီးလှသည်။ ဤလိုဟောပြောသည်များကို ကြားနာရဘူး ပါသည်။

ဘုရား တပည့်တော်တို့လည်း အဟုတ်သိကြီးပင် မသိနိုင်သော်လည်း ရိပ်မိရုံမျှသော်လည်း ရိပ်မိ၍ သာသနာတွင်းအခါလူဖြစ်ကျိုးနပ်ပါရအောင် ပေါ်ထင်သိသာစွာ ကြံဘန်၍ ဟောပြတော်မူပါမည့်အကြောင်းနှင့် ဒီပဲရင်းတောင်လက်မင်းတည်းကုန်း. ကန်ဖျားရွာ ဒကာ-ငဘိုးခန့်, ဒကာ-ငဘိုးဆိုင်, ဒကာ-ငဘိုးသန့်တို့ လျှောက်ထားကြသည်ကို အရင်းပြုသဖြင့် သိမ်မွေ့မွန်မြတ်လှသော ပရမတ္ထသဘာဝကို သိလို, ရိပ်မိလိုသော သမ္မာဆန္ဒရှိကြကုန်သော အမျိုးသား အမျိုးသမီးတို့ သိချင်သော ဆန္ဒ,ဝီရိယရှိကမသိ-မရှိစေရ သဗ္ဗညုတ်ကို မသင်ဘူးသော်လည်း လွယ်လွယ်နှင့်သိနိုင်အောင် ဝေါဟာရပရိယာယ် ကြံဘန်၍ ပေါ်ထင် ထိမိသိသိသာသာ ရေးသား၍ ဟောပြပေအံ့။

သာရက သဝဏ မနသိကာရယတ္တာ ဟိ သာသနသမ္ပတ္တိ။

သာသနသမ္ပတ္တိ၊ သာသနာအတွင်း၌ ရသင့် ရထိုက်သော အကျိုး၏ ပြည့်စုံခြင်းသည်။ သာရက သဝဏ မနသိကာရယတ္တာဟိ၊ ကောင်းစွာနာခြင်း,နှလုံးသွင်းနှင့်စပ်သလျှင်ကတည်း။ ဤအဋ္ဌကထာနှင့်ညီစွာ ကောင်းသော နှလုံးသွင်းခြင်းဖြင့်ကြည့်ရှုမှတ်သားနိုင်ကြစေကုန်သတည်း။ ။ပဋိညာဏ် ပြီး၏။

## ၁၁—ပရမတ်,ပညတ်ကို အကျဉ်းပြခြင်း

ရှေးဦးစွာ ပရမတ်,ပညတ်ကို အကျဉ်းပြဦးအံ့။ ။သိစရာရှိသမျှကို အကျန်မရှိဟူ၍ ဆိုခဲ့သောစကား၌ သိစရာဆိုသည်မှာ—

သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်,ပညတ်ဟူ၍ကျမ်းဂန်တို့၌ ငါးပါးလာ၏။

အကျဉ်းအားဖြင့် ဆိုသော်ကား— ပရမတ်, ပညတ် ဟူ၍ သိစရာ နှစ်ပါးသာရှိသည်။

ယင်းနှစ်ပါးတို့တွင် ပရမတ်, ဆိုသည်မှာ- အဟုတ်ရှိသော တရား။ ပညတ်, ဆိုသည်မှာ- အဟုတ်မရှိသောတရား။

မြေနေပုံပဟန်သဏ္ဌာန်ကိုစွဲ၍ အိုးခွက်ဟူ၍ဆို၏။ မြေကိုလွှတ်၍ အိုးခွက်မရှိ မြေသာအမှန် ရှိသကဲ့သို့ရှင်း သံနေပုံပဟန်သဏ္ဌာန်ကို စွဲ၍ ပေါက်ဆိန်, ဓားမစသည်ကိုဆို၏။ သံကိုလွှတ်၍ ပေါက်ဆိန်, ဓားမ-စသည်မရှိ သံ-သာအမှန် ရှိသကဲ့သို့ရှင်း ဤအတူ ပရမတ်ဆိုသည်မှာ အဟုတ်ရှိ တကယ်ရှိ အမှန်ရှိသော တရားကိုဆိုသည်။ ပညတ်ဆိုသည်မှာ အဟုတ်မရှိ, တကယ်မရှိ, အမှန်မရှိသော တရားကိုဆိုသည်။

ဝိဇ္ဇမာနေန ပရမော အတ္ထော ပရမတ္ထော။ ။(ဝိဂြိုဟ်)။ ။ဝိဇ္ဇမာနေန၊ အဟုတ်ရှိ, တကယ်ရှိ,အမှန်ရှိသောအားဖြင့်။ ဝါ၊အဟုတ်ရှိ တကယ်ရှိ, အမှန်ရှိ ခြင်းကြောင့်။ ပရမော၊ မြတ်သော။ ဝါ၊ မြတ်သည်ဟူ၍ဆိုရသော။ အတ္ထော၊သဘောတည်း။ ပရမတ္ထော၊ အဟုတ်ရှိ,တကယ်ရှိ,အမှန်ရှိခြင်းကြောင့် အမြတ်ဟူ၍ဆိုရသော သဘော။ ။အနက်။ ။တနည်းကား- ပရမာနံအတ္ထော ပရမတ္ထော၊ (ဝိဂြိုဟ်)။ ။ပရမာနံ၊ မြတ်ကုန်သော လောကုတ္တရာဘုံသားတို့၏။ အတ္ထော၊ အာရုံတည်း။ ပရ၂တ္ထော၊ မြတ်ကုန်သော လောကုတ္တရာဘုံသားတို့၏ အာရုံ။ ။အနက်။

လောကသင်္ကေတ သိဒ္ဓတ္တာ အဝိဇ္ဇမာနာဝိ ဝိဇ္ဇမာနာဝိယ ပညပီယတိ ဝေါဟာရီယတီတိ ပညတ္တိ။ ။(ဝိဂြိုဟ်)။ ။လောကသင်္ကေတသိဒ္ဓတ္တာ၊ ကမ္ဘာဦးသားတို့၏ အမှတ် အသားဖြင့်ပြီးသည်၏အဖြစ်ကြောင့်။ အဝိဇ္ဇမာနာဝိ၊ အဟုတ် မရှိသော်လည်း။ ဝိဇ္ဇမာနာဝိယ၊ အဟုတ်ရှိသကဲ့သို့။ ပညပီယတိ ဝေါဟာရီယတိ၊ ခေါ်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ အနက်။ ။တနည်းကား။ ။ပညပနံ ဝေါဟရဏံ ပညတ္တိ (ဝိဂြိုဟ်)။ ။ပညပနံ ဝေါဟရဏံ၊ ခေါ်ဝေါ်ခြင်း။ ပညတ္တိ၊ ခေါ်ဝေါ်ခြင်း။ ။အနက်။ ။အခေါ် အဝေါ် မျှသာ၊ မဟုတ်မရှိ ဆိုလိုသည်။ ။ရှိ-ဆိုသော စကား၌ ခဏရှိ, ပဗန္ဓရှိ၊ ရှိ ၂-မျိုးမှတ်။ အတ္ထပညတ်ဖြစ်စေ, နာမ ပညတ်ဖြစ်စေ ပညတ်

ဟူသမျှ ဘယ်အခါမှ မရှိမှတ်။ ပညတ်သည် ပရမတ်နှင့် မကင်း၊ မီးတောက်ကိုစွဲ၍ မီးရောင်ဖြစ်သကဲ့သို့ ပရမတ်ကိုစွဲ မှီ၍ ပညတ်ဖြစ်၏။ မီးခိုးသည် မီးတောက်ကို ဖုံးထား ကွယ်ကာ သကဲ့သို့ ပရမတ်ကို ပညတ် ဖုံးထားကွယ်ကာသည်။ ပညတ်ဖုံးထားကွယ်ကာသည့်အတွက် ပရမတ်အသိခက်သည်။ ဖုံးထား ကွယ်ကာသော ပညတ်ဆိုသည်မှာလည်း တခြားမဟုတ်။

၁။ ဃနပညတ်ကြီး တပါး,

၂။ ဇီဝပညတ်ကြီး တပါး,

ဤ နှစ်ပါးပင်တည်း။

**ဃနပညတ်ကြီး**ဆိုသည်မှာ အတောင့်,အတုံး,အလုံး, အပြား, တသားထဲ တခဲထဲ တခုထဲ တရှိထဲ ထင်ကြရ မြင်ကြရ ခေါ်ဝေါ်ကြရသော သဘောကို ဆိုသည်။

**ဇီဝပညတ်ကြီး** ဆိုသည်မှာ အသက်ဟူ၍, အရှင်ဟူ၍, အကောင် ဟူ၍ ထင်ကြရ, မြင်ကြရ, ခေါ်ဝေါ်ကြရသော သဘောကို ဆိုသည်။

ယင်းနှစ်ပါးတွင် ဃနပညတ်ကြီးမှ–

၁။ သမူဟဃနပညတ်,

၂။ သန္တတိဃနပညတ်,

၃။ သဏ္ဌာနပညတ်,

၄။ သုဘပညတ် ဟူ၍ လေးမျိုးထွက်၏။

**သမူဟဃနပညတ်**ဆိုသည်မှာ အိမ်,လှေ,ရထား,အဝတ်ပုဆိုး, ကြိုးလွန် စသည်တို့ကဲ့သို့ အထူးထင်ရှားအများပေါင်းစုလုံးထွေး ရှိနေသည်ကို တသားထဲ တခဲထဲ တခုထဲ ထင်ကြရ မြင်ကြရ ခေါ်ဝေါ်ကြရသော သဘောကို ဆိုသည်။

**သန္တတိဃနပညတ်** ဆိုသည်မှာ သုမေဓာ ရှင်ရသေ့သည် ဂေါတမ ဘုရားဖြစ်လာသည်။ သိဒ္ဓတ္ထ မင်းသား အသက်တော်

၂၉-နှစ်တွင် တောထွက်၍ အသက်တော် ၃၅-နှစ်တွင် ဘုရား ဖြစ်တော်မူသည်။ ဝိသာခါ အသက် ၁၂၀-ရှည်သည်။ ဗာကုလ မထေရ် အသက် ၁၆၀-ရှည်သည်။ ဟိုနေ့ ငါသည် သည်နေ့ ငါပင်၊ ဤသို့စသည်ဖြင့် အသီးအသီး တခြားစီ တဗွာနစီ တမျိုးစီ ဖြစ်ပြီး,ဖြစ်ဆဲ ရှေ့တရား,နောက်တရားတွေကို တသားထဲ တခဲထဲ တခုထဲ ဘယောက်ထဲ ထင်ကြရ မြင်ကြရ ခေါ်ပေါ်ကြရသော သဘောကို ဆိုသည်။

**သဏ္ဌာနပညတ်** ဆိုသည်မှာ အတို, အရှည်၊ အပြား, အလုံး၊ အဝန်း, လေးထောင့်၊အဆူ,အကြို၊အနိမ့်,အမြင့်၊အသေး,အတုတ်၊ ဤသို့စသော အနေပုံ ဘန် သဏ္ဌာန်ကို ဆိုသည်။

သဘာပညတ်ဆိုသည်မှာ အလှအယဉ်၊ အတင့်အတယ်၊ချစ်ခင် ဘွယ်,နှစ်သက်ဘွယ် ထင်မြင်ကြရသော သဘောကို ဆိုသည်။ ဤပညတ်စု ဖုံးထား ကွယ်ကာသည့်အတွက် ပရမတ် အသိခက် သည်။ ဤပညတ်စုကို ခွါလှန်နိုင်မှ ပရမတ်ပေါ်မည်။ ပညတ်ကို ခွါလှန်၍ ပရမတ်ကို မြင်အောင် ကြည့်နိုင်မှလည်း မဂ်ပေါက်, ဖိုလ်ပေါက် နိဗ္ဗာန်သို့ ရောက်နိုင်ကြမည်။

**တခုထဲထင်မှတ်၊ မျှင်မပြတ်လျှင်၊ ပညတ်ပင်။**
**အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ်။**

ပညတ်ကား အတုံး-အတုံး၊ အချောင်း-အချောင်း၊ အဟောင်း အဟောင်း။ ပရမတ်ကား အပြတ်- အပြတ်၊ အတစ်- အတစ်၊ အသစ်-အသစ်၊ [သစ်တ ပရမတ်ကိုရည်သည်]။ ။ပညတ်ကား- လောကီဘုံသားတို့ အားရ ပျော်ပိုက် အကြိုက်အာရုံ။ ပရမတ် ကား- လောကုတ္တရာ ဘုံသားတို့၏ အားရ ပျော်ပိုက် အကြိုက် အာရုံ။ ။ပညတ်ကား- လောကီ ဘက်ကို အားပေးသည်။ လောကုတ္တရာဘက်ကို ယှက်ဖြေးသည်။ ပရမတ်ကား- လောကီ ဘက်ကိုဖျက်သည်၊ လောကုတ္တရာဘက်သို့ တက်စေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့မှာ လောကုတ္တရာရေးတုတ်၊ လောကီရေးနုတ်သည်။ ဘာသာတပါး လူမျိုးတို့မှာ လောကီရေးတုတ် လောကုတ္တရာရေး ယုတ်သည်။ လောကီကို ဖျက်မှလည်း လောကုတ္တရာသို့ တက်နိုင်သည်။ ။ကပိလပြည်ကြီးစသည် ပျက်စီးသည်ကိုထောက်။

## ၁၂—ဒေသနာ အမျိုးမျိုးရှိသည်ကို ပြခြင်း

ဒေသနာအမျိုးမျိုးရှိသည်ကို ပြဦးအံ့။ ။ဘုရားမြတ်စွာကား သတ္တဝါ အနု, အရင့် ချင့်ချိန်၍ ပညတ် အားဖြင့်လည်း ဟောတော်မူရသည်။ပရမတ်အားဖြင့်လည်းဟောတော်မူရသည်။ ဒေသနာနှစ်မျိုးရှိသည်။

ဗုဒ္ဓဿ ဘဂဝတော ဒေသနာ ဒုဝိဓာ ဟောတိ သမ္မုတိ ဒေသနာ ပရမတ္ထ ဒေသနာတိ။ ။အဋ္ဌကထာ ကြီးတို့၌ လာသော ပါဠိ။

ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော။ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဒေသနာ၊ ဒေသနာတော်သည်။ သမ္မုတိ ဒေသနာ၊ သမ္မုတိဒေသနာဂုဏ်း။ ပရမတ္ထ ဒေသနာ၊ ပရမတ္ထ ဒေသနာဂုဏ်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်မျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ အန္ဓော၊ မျက်စိနှစ်ဘက်ကန်းသောသူနှင့်တူသော ပုဂ္ဂိုလ်တယောက်။ ဧကစက္ခု၊ တဘက်ကန်းသောသူနှင့် တူသော ပုဂ္ဂိုလ်တယောက်။ စက္ခု၊ မျက်စိနှစ်ဘက်အမြင်ရှိသောသူနှင့် တူသော ပုဂ္ဂိုလ်တယောက်။ ဣတိ၊ ဤသို့။ တယော၊ သုံးယောက်တို့တည်း။ ။တရပ်။

ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ အဝကုဇ္ဇပညော၊ မှောက်ထားအပ်သောအိုးနှင့်တူသော ပညာရှိသောပုဂ္ဂိုလ် တယောက်။ ဥစ္ဆင်ပညော၊ ထိုင်သောအခါ ဥစ္စာထုပ်တင်ထားအပ်သော ခါးပိုက်နှင့်

တူသော ပညာရှိသော ပုဂ္ဂိုလ်တယောက်။ ပုထုပညော၊ အစ, အလယ်, အဆုံး သုံးပါးလုံး မမေ့နိုင်ဘဲ စွဲမြဲထူထဲသော ပညာရှိသော ပုဂ္ဂိုလ်တယောက်။ ဣတိ၊ ဤသို့။ တယော၊ သုံးယောက်တို့တည်း။ ။တရုပ်။

ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ တမောတမပရာယဏော၊ အမိုက်မှလာ၍ အမိုက်သို့သွားလတ္တံ့သော ပုဂ္ဂိုလ်တယောက်။ တမော ဇောတိပရာယနော၊ အမိုက်မှလာ၍ အလင်းသို့သွားလတ္တံ့သော ပုဂ္ဂိုလ်တယောက်။ ဇောတိတမပရာယဏော၊ အလင်းမှလာ၍ အမိုက်သို့သွားလတ္တံ့သော ပုဂ္ဂိုလ်တယောက်။ ဇောတိ ဇောတိ ပရာယဏော၊ အလင်းမှလာ၍ အလင်းသို့ သွားလတ္တံ့သော ပုဂ္ဂိုလ်တယောက်။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်တို့တည်း။ ။တရုပ်။

ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဥဂ္ဃဋိတညူ၊ အကျဉ်းနာရုံမျှဖြင့် အသိဆုံး ကမ်းရောက်သော ပုဂ္ဂိုလ်တယောက်။ ဝိပဉ္စိတညူ၊ အကျယ်ဝေဘန်၍ ဟောသည်ကို ကြားနာရမှ အသိဆုံး ကမ်းရောက်သော ပုဂ္ဂိုလ်တယောက်။ နေယျော၊ ကြားရုံမျှဖြင့် အသိဆုံး ကမ်းမရောက် ကျင့်ကြံအားထုတ်နိုင်မှ အသိဆုံး ကမ်းရောက်သော ပုဂ္ဂိုလ်တယောက်။ ပဒပရမော၊ ကျင့်ကြံအားထုတ်သော်လည်း ဤဘဝမဂ်ကိုမရ ပါရမီမျိုးမျှသာ ဖြစ်သောပုဂ္ဂိုလ်တယောက်။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်တို့တည်း။ တရုပ်။. ဤသို့စသည်ဖြင့် ပညတ်ကိုလည်း ဟောတော်မူရသည်။

ခန္ဓာ၊ ခန္ဓာတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ အာယတနာနိ၊ အာယတနတို့သည်။ ဒွါဒသ၊ တဆဲ့နှစ်ပါးတို့တည်း။ ဓာတုယော၊ ဓာတ်တို့သည်။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးတို့တည်း။ ဆ၊ ခြောက်ပါးတို့တည်း။ စတ္တာရော၊ လေးပါးတို့တည်း။ သစ္စာနိ၊ သစ္စာတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ ဤသို့စသည်ဖြင့် ပရမတ်ကိုလည်း ဟောတော်မူရသည်။

တမျိုးလည်း—

၁။ အဿာဒ ဒေသနာ,
၂။ အာဒီနဝ ဒေသနာ,
၃။ နိဿရဏ ဒေသနာ,

ဟူ၍ ဒေသနာ သုံးမျိုးရှိသည်။

**၁-အဿာဒ ဒေသနာ**ဆိုသည်မှာ လောကီဘက်၌ ခင်ဘွယ် မင်ဘွယ်, သာယာနှစ်သက်ဘွယ် ချမ်းသာသုခကို ဟောတော်မူရသော ဒေသနာကိုဆိုသည်။

**၂-အာဒီနဝ ဒေသနာ** ဆိုသည်မှာ အဿာဒအတွက် လောကီဘက်၌ ထိတ်ဘွယ်, လန့်ဘွယ်, ကြောက်ဘွယ်, ဒုက္ခဘေးဘယ အပြစ်တွေကို ဟောတော်မူရသော ဒေသနာကို ဆိုသည်။

**၃-နိဿရဏ ဒေသနာ** ဆိုသည်မှာ လောကီဘက်မှ ထွက်မြောက်ရာနှင့်တကွ ထွက်မြောက်ကြောင်း နည်းလမ်းကို ဟောတော်မူရသော ဒေသနာကို ဆိုသည်။

တမျိုးလည်း—

၁။ ဒါနကထာ,
၂။ သီလကထာ,
၃။ သမာဓိကထာ,
၄။ ပညာကထာ,

ဟူ၍ ဒေသနာလေးမျိုးရှိသည်။

**၁-ဒါနကထာ** ဆိုသည်မှာ ရှိညွှန်ရည်အပုပ်အိုင်တို့၌စားခွက် သောက်ခွက် ဆေးရေကို ပိုးမွှားတို့ စားသောက်ပါစေဟု နှလုံး ထား၍ စွန့်ပက်သော သူတို့အား သော်လည်း ဒါနကုသိုလ်

ဖြစ်သည်။ ဤသို့စသည့် အယုတ်, အလတ်, အမြတ် အားလျော်စွာ ဒါနကုသိုလ် ဖြစ်ကြောင်းကို ဟောတော်မူသော ဒေသနာကို ဆိုသည်။

**၂–သီလကထာ** ဆိုသည်မှာ မိဋ္ဌာန်၍ဖြစ်စေ, ခံယူဆောက်တည်၍ဖြစ်စေ, အမိဋ္ဌာန်ခြင်း မပြုဘဲ မခံယူဘဲ တွေ့ကြုံမှသော်လည်း ဖြစ်စေ, မကောင်းသော ကိုယ် အမှု နှုတ် အမှုတို့မှ ရှောင်ကြဉ်လျှင် သီလကုသိုလ် ဖြစ်ကြောင်းကို ဟောတော်မူသော ဒေသနာကို ဆိုသည်။

**၃–သမာဓိကထာ** ဆိုသည်မှာ ကိလေသာအာရုံ ကာမဂုဏ်တို့မှ စိတ်ကိုကင်းလွတ်ဖဲကွာစေ၍ တခုသောကမ္မဋ္ဌာန်းအာရုံ၌ ငြိမ်းချမ်းသာ တည်ကြည်စွာ နေနိုင်လျှင် သမထကုသိုလ် ဖြစ်ကြောင်းကို ဟောတော်မူသော ဒေသနာကိုဆိုသည်။

**၄–ပညာကထာ** ဆိုသည်မှာ ပရမတ္ထအမှန်အဟုတ်ရှိရပ်နာမ်ကို သူအကောင်, ငါအကောင်, မထင်။ လက္ခဏာရေးတင်၍ ဝိပဿနာရှုရမည်ကို ဟောတော်မူသော ဒေသနာကိုဆိုသည်။

တမျိုးလည်း–

၁။ ဒါနကထာ,
၂။ သီလကထာ,
၃။ သဂ္ဂကထာ,
၄။ ကာမာနံ အာဒီနဝကထာ,
၅။ နေက္ခမ္မေ အာနိသံသကထာ,
၆။ မဂ္ဂကထာ,

ဟူ၍ ဒေသနာခြောက်မျိုးရှိသည်။ ။ ရှေ့နှစ်ပါးနည်းတူ။

**၃–သဂ္ဂကထာ**ဆိုသည်မှာဒါန,သီလတို့၏အကျိုး၊လူ့စည်းစိမ် နတ်စည်းစိမ်တို့၏ ကောင်းမြတ် ချမ်းသာကြောင်း ခံစားဘွယ် စံစားဘွယ် ကြီးကျယ်ကြောင်းကို ဟောတော်မူသော ဒေသနာကို ဆိုသည်။

**၄—ကာမာနံ အာဒီနဝ ကထာ** ဆိုသည်မှာ လူ့စည်းစိမ် နတ် စည်းစိမ် ဟူသော ကာမဂုဏ် တို့၏ များပြား ကြီးကျယ် ထိတ်ဘွယ်, လန့်ဘွယ်, ကြောက်ဘွယ်, အပြစ်ဒုက္ခ ဘေးဘယ တွေကို ဟောတော်မူသော ဒေသနာကိုဆိုသည်။

**၅—နေက္ခမ္မေ အာနိသံသကထာ** ဆိုသည်မှာ ကိလေသာ အာရုံ ကာမဂုဏ်ကို လုံးလဲပြီတွယ်ခြင်း မရှိ၊ ကျွတ်ကျွတ် လွတ်လွတ် စွန့်ခွါနိုင်လျှင် လူ့ချမ်းသာမှီ နတ်ချမ်းသာမှီ ပူညှိ ဝေးကွာ အလွန်ခံသာသော ချမ်းသာသုခတွေ ဖြစ်ကြောင်းကို ဟောတော်မူသော ဒေသနာကိုဆိုသည်။

**၆—မဂ္ဂကထာ** ဆိုသည်မှာ အိုနာသေမင်း အပါယ်မင်း ပူမင်း ပင်မင်းတို့၏ ပိုင်နက် လောကီဘက်မှ လွတ်ထွက်၍ တဖေးထဲ ဖေးရာသို့ ရောက်ကြောင်း နည်းလမ်းကို ဟောတော်မူသော ဒေသနာကို ဆိုသည်။

တမျိုးလည်း ယခုပစ္စက္ခဘဝ၌ ချမ်းသာကြောင်း လေးပါး ဟောတော်မူသည်။ လေးပါးဟူသည်ကား—

၁။ **ဥဋ္ဌာန သမ္ပဒါ**—တရားနှင့်ညီစွာ မရသေးသော ဥစ္စာကို ရအောင် ထကြွလုံ့လဝီရိယနှင့် ပြည့်စုံရခြင်းတပါး,

၂။ **အာရက္ခသမ္ပဒါ**—ရပြီးသော ဥစ္စာကို စောင့်ရှောက်တတ် ခြင်းနှင့် ပြည့်စုံခြင်း တပါး,

၃။ **ကလျာဏ မိတ္တတာ**— မိတ် ကောင်း, ဆွေကောင်းရှိ သည်၏အဖြစ် တပါး,

၄။ **သမဇီဝိတာ**—အဝင်များ အထွက် နည်းအောင် အဝင် အထွက် မျှအောင် သုံးစားတတ်ရခြင်းတပါး,ဤလေးပါး တည်း။

ဥစ္စာ စည်းစိမ် ပျက်စီးကြောင်းကိုလည်း လေးပါးဟောတော်မူသည်။ လေးပါးဟူသည်ကား—

၁။ **ဣတ္ထိဓုတ္တော**—မိန်းမကြူးခြင်းတပါး,

၂။ **သုရာဓုတ္တော**—သေရည်သေစာကြူးခြင်းတပါး,

၃။ **အက္ခဓုတ္တော**—အကစားကြူးခြင်းတပါး,

၄။ **ပါပမိတ္တော**— မကောင်းသော မိတ်ရှိခြင်း တပါး, ဤလေးပါးတည်း။

လူတို့၌ ဝီရိယ အစွမ်းဖြင့် ရအပ်သော သုခကို လေးပါး ဟောတော်မူသည်။ လေးပါးဟူသည်ကား—

၁။ **အတ္ထိသုခံ**-ငါ့အား ရှိသည်ဟု မကြောင့်မကြ ဝမ်းမြောက်ချမ်းသာရသော အတ္ထိသုခလည်း တပါး,

၂။ **ဘောဂသုခံ**-ရှိသည့်အတွက်ပေးရကမ်းရလှူဒါန်းရအံလို ရှိတိုင်း စားရ သုံးရ ပေသည်ဟု ဝမ်းမြောက် ချမ်းသာရသော ဘောဂသုခလည်း တပါး,

၃။ **အာနဏျသုခံ**-မရှိတွက်နှင့် သူတပါး ထံမှာ ပေးကမ်းချေးငှါးနှင့်ပါ မဆိုရ ကြွေးမြီ မရှိရပေဟု ဝမ်းမြောက် ချမ်းသာရသော အာနဏျသုခလည်း တပါး,

၄။ **အနဝဇ္ဇသုခံ**-အသက်မွေးရန် ဥစ္စာအတွက်နှင့် ကိုယ်ဖြင့် နှုတ်ဖြင့်မကောင်းမှုကို မပြုရပေဟု ဝမ်းမြောက်ချမ်းသာရသော အနဝဇ္ဇသုခလည်း တပါး ,ဤလေးပါးတည်း။

ဥဋ္ဌာနသမ္ပဒါ, အာရက္ခသမ္ပဒါ ကလျာဏမိတ္တတာ, သမဇီဝိတာ-ယခုဘဝ ချမ်းသာကြောင်း လေးပါး။ ။ဣတ္ထိဓုတ္တော, သုရာဓုတ္တော, အက္ခဓုတ္တော, ပါပမိတ္တော-စည်းစိမ် ဥစ္စာ ပျက်စီးကြောင်းလေးပါး။ ။အတ္ထိသုခ, ဘောဂသုခ, အာနဏျသုခ,

အနဝဇ္ဇသုခ– ဝိရိယ အစွမ်းအားဖြင့် ရအပ်သော သုခလေးမျိုး အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူသည်။ ဤသို့ စသည်ဖြင့် ဒေသနာတော် အမျိုးမျိုးရှိသည်။ ။ယခုဘဝတွင် လတ်တလော ကျွတ်မည့်သတ္တဝါ, ဖြေးဖြေးမှ ကျွတ်မည့် သတ္တဝါ, ယခုဘဝ မကျွတ် အထုံဝါသိ ပါရမီမျိုးမျှ ဖြစ်မည့်သတ္တဝါ, ဤသို့စသည် လောကီ သမား လောကုတ္တရာ သမား များပြား လှစွာ သတ္တဝါ အမျိုးမျိုး၊ ယင်း အမျိုးမျိုးသော သတ္တဝါ တို့၏ အလို ဆန္ဒတွေလည်း အမျိုးမျိုးရှိသည့် အတွက်ကြောင့်ရင်း, သတ္တဝါ တို့ကို ဆုံးမသော အရာ၌ အတုမရှိ လိမ္မာတော် မူလှသော ကြောင့်ရင်း, သတ္တဝါနှင့် တန်ရုံ တန်ရုံ လောကီသမားကို လောကီသမား အလိုက် လောကုတ္တရာသမားကို လောကုတ္တရာ သမားအလိုက် အရာရာသို့ လိုက်၍ ဟောတော်မူရသဖြင့် ဒေသ နာတော် အမျိုးမျိုး ရှိလေသည်။ အမျိုးမျိုး ဒေသနာတော်ကို ထောက်ချင့်၍ မဆန့်ကျင် ရအောင် အရာရာနှင့် လျော်စွာ ပြောတတ်ရ ဟောတတ်ရသည်။

ဆန့်ကျင်မဘွယ်၊ မခက် လွယ်။
သူငယ်သော်လည်း၊ တတ်နိုင်သည်။
မဆန့်ကျင်ဘွယ်၊ ခက် မလွယ်။
ပညာကျယ်မှ၊ တတ်နိုင်သည်။

လက္ခဏာ ဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ။ ။လက္ခဏာ ဝိနိမုတ္တာ၊ လက္ခဏာရေး သုံးပါးမှ လွတ်သော။ ဒေသနာ နာမ၊ ဒေသနာ မည်သည်။ နတ္ထိ၊ မရှိ။ ဟူ၍ရင်း,

စတုသစ္စ ဝိနိမုတ္တာ ဒေသနာနာမ နတ္ထိ။ ။စတုသစ္စဝိနိမုတ္တာ၊ သစ္စာလေးပါးမှ လွတ်သော။ ဒေသနာနာမ၊ ဒေသနာမည်သည်။ နတ္ထိ၊ မရှိ။ ဟူ၍ရင်း,

ရသဝသေန ပန ဧကဝိဓံ။ ။ပန၊ အမျိုးမျိုးများသော်လည်း။ ရသဝသေန၊ အလုံးစုံသော ကိလေသာတို့မှကင်းကျွတ်လွတ်

စေသော သတ္တံ ကိစ္စ၏ အစွမ်းအားဖြင့်။ ကေဝိဓံ၊ ဘုရားစကား ဟူသည့် တမျိုးဘည်းသာဘည်း။ ။ဟူ၍ဝင်း ထိုထို အဋ္ဌကထာ, ဋီကာတို့၌ လာ၏။

## ၁၃-ပရမတ်မျက်စိရှိမှ ရတနာသုံးပါးကို မြင်နိုင် သည်ကို ပြဆိုခြင်း

အမြေး, အကာ ပညတ်လွှာကို ဖယ်ထား ခွါလှန်၍ အဟုတ်ရှိ တကယ်မှ ပရမတ်အစစ် အသားနှစ်ကို ထုတ်နုတ် ယူငင် သိမြင်နိုင်သော ပရမတ်မျက်စိ အလင်းရှိသော ပုထုဇဉ်ကို ကလျာဏ ပုထုဇ္ဇနော- ကလျာဏ ပုထုဇဉ်-**ပုထုဇဉ်ကောင်း** ဟူ၍, မသိ မမြင်သော ပုထုဇဉ်ကို သိမြင်နိုင်သော ပညာမျက်စိ အလင်း မရှိသည့် အတွက် အန္ဓပုထုဇ္ဇနော၊ အန္ဓပုထုဇဉ် **ပုထုဇဉ်ကန်း** ဟူ၍ ထိုထိုပါဠိတော်ကြီး, အဋ္ဌကထာကြီးတို့၌ ဆိုသည်။

မံသစက္ခုနာ ဝါ ဒိဗ္ဗစက္ခုနာ ဝါ အရိယာ ဒိဋ္ဌာပိ အဒိဋ္ဌာဝ ဟောန္တိ။ ။ပဏ္ဏာသ အဋ္ဌကထာ။

မံသစက္ခုနာ ဝါ၊ မံသစက္ခု ခေါ်ရသော ပကတိ မျက်စိ ဖြင့်၎င်း။ ဒိဗ္ဗစက္ခုနာ ဝါ၊ ဒိဗ္ဗစက္ခု ခေါ်ရသော ဈာန်ရပုဂ္ဂိုလ် တို့၏ အဘိညာဏ် မျက်စိဖြင့်၎င်း။အရိယာ၊အရိယာပုဂ္ဂိုလ်တို့ကို။ ဒိဋ္ဌာပိ၊ မြင်ရပါသော်လည်း။အဒိဋ္ဌာဝ၊ မြင်သည် မမည်ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အနက်။

ဤအဋ္ဌကထာ၏ အဓိပ္ပါယ်မှာလည်း ပရမတ်မျက်စိ အလင်း မရှိက အရိယာပုဂ္ဂိုလ်ဆိုသည် ဘယ်လိုဟာဟုမသိသည့်အတွက် မံသစက္ခု, ဒိဗ္ဗစက္ခုတို့ဖြင့် အရိယာပုဂ္ဂိုလ်တို့ကို မြင်သော်လည်း မြင်သည်မမည်။ အကန်းပင် ဆိုလိုသည်။

အနိစ္စ, အစရှိသော လက္ခဏာရေး သုံးပါးကို အမှန်ကျ မသိ မမြင်သော သူသည် အရိယာ ပုဂ္ဂိုလ်တို့ကို မြင်သော်လည်း မြင်သည် မမည် ဟူ၍လည်း အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာ တို့၌ဆို၏။ ။အတူတူပင်။

ဓမ္မံ အပဿန္တော မံ န ပဿတိ။ ။ဣတိဝုတ်ပါဠိတော်။

ဓမ္မံ၊ ပညတ်ကို ခွါလှစ် အသားအနှစ် ပရမတ် အစစ်ကို။ အပဿန္တော၊မသိမမြင်သော ရဟန်း,ရှင်,လူ ခပ်သိမ်းသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မမြင်။ ။အနက်။

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ ။ ဓမ္မပဒ အဋ္ဌကထာ။

ဝက္ကလိ၊ ဝက္ကလိ။ ယော ခေါ၊ အကြင်သူသည်။ ဓမ္မံ၊ ပညတ် ခွါလှစ် အသားအနှစ် ပရမတ်အစစ်ကို။ပဿတိ၊သိမြင်၏။သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏။ ။အနက်။

ဤပါဠိ နှစ်ရပ်၏ အဓိပ္ပါယ်မှာလည်း အသား အနှစ် ပရမတ် အစစ်ကိုသိသော ဉာဏ်မျက်စိ ရှိမှသာ ဘုရားမှန်း သံဃာမှန်း သိမြင်နိုင်သည်။ ဉာဏ်မျက်စိ မရှိက ဘုရားမှန်း သံဃာမှန်းမသိ နိုင်သည့် အတွက် ပကတိ မျက်စိဖြင့် ဘုရားကို မြင်သော်လည်း မြင်သည်မမည်၊ အကန်းပင်တိရစ္ဆာန်တို့လိုပင် ဆိုလိုသည်။ ။ ပရမတ်အစစ်ကိုသိဆိုရာ၌ ဘုရားတို့မှသာ ပရမတ်တွေ ရှိသမျှကို အကုန်သိနိုင်သည်။ အနည်းငယ်-သိသင့် သိထိုက်သမျှ အမှန်ကျ သိလျှင်လည်း အသိ ဆိုရသည်။ ။ပရမတ် အစစ် ဆိုသည်မှာ ရုပ်တရား, နာမ်တရား ဤနှစ်ပါးကိုဆိုသည်။ သဘာဝနှင့် တကွ လက္ခဏာရေးသုံးပါး ပါအောင်သိမှ ပရမတ်စစ်သည်။ မပါလျှင် မစစ်။ ဘုရားမြတ်စွာ ပဉ္စဝဂ္ဂီ ငါးဦးတို့ကို စွန့်ပစ် ဖဲခွါပြီးနောက် တယောက်ထည်း ခြောက်နှစ် ကြာ၍ ဘုရား ဖြစ်ပြီးမှ တဖန် ပြန်လာရာ ပဉ္စဝဂ္ဂီတို့ ပကတိ မျက်စိဖြင့် မြင်ကြသော်လည်း ဘုရားကို မသိမမြင်။ ရှေးအခါကဲ့သို့ ထင်၍ ငါ့အရှင် ယခုမှ လာတော့သည် ဆိုကြလေလျှင် ငါ့ကို ငါ့အရှင် မဆိုကြနှင့်၊ ငါဘုရားဖြစ်ပြီ ပြောသော်လည်း မယုံ။ဘုရားကို မမြင် ဘုရားမှန်း မသိကြ။ တစတစ ပြသ,ပြောဟော၍ ပရမတ်အစစ်ကိုသိ ဉာဏ် မျက်စိဖြင့် ဘုရားကိုမြင်ရ ဘုရားမှန်း သိကြလေသည်။

ဇုဇ္ဈာသယ (က) ၁၄၀–၄

ထိုအခါ အရှင်ဝပ္ပမထေရ်သည် သိသူ,မသိသူ နှစ်ပါးခြားနား ကွာလှမ်း ကြသည်ကို အာရုံပြု၍ သိမှ-သိ, မသိကို သိသည်။ မသိက-သိ,မသိကို မသိ၊ ဘာမှန်းမှ မသိပါပြီတကားဟု ဥဒါန်း၏ အစွမ်းဖြင့် မိန့်ဟတော် မူလို၍—

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ န ပဿတိ။

ဤဂါထာကို ရွတ်ဆိုတော် မူ၏။

ပဿော၊မြင်သောသူသည်။ ပဿန္တဉ္စ၊မြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။အပဿန္တဉ္စ၊ မမြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တော၊ မမြင်သော သူကန်းသည်။ အပဿန္တဉ္စ၊ မမြင်သောသူကိုရင်း။ ပဿန္တဉ္စ၊ မြင်သောသူကိုရင်း။ နပဿတိ၊ မမြင်။ ။အနက်။ ။ထေရအဋ္ဌကထာ။

ပရမတ်အစစ် အသားနှစ်ကို သိနိုင် မြင်နိုင်သော ပရမတ် မျက်စိကား ဘုရားရှင်တို့၏ မျက်စိပေတည်း။လောက၌ ဘုရားရှင် တို့၏ ပွင့်တော်မူလာရခြင်းသည်လည်း သတ္တဝါတို့အား ပရမတ် မျက်စိ အလင်းကို ပေးသနားတော်မူလိုသည့်အတွက်နှင့်ပွင့်တော် မူလာရ လေသည်။ ပရမတ်မျက်စိ ဆိုသည်မှာလည်း ဘုရားရှင် တို့မှသာ ပေးနိုင်၍ သာသနာတွင်းမှသာ ရယူနိုင်သော မျက်စိ ပေတည်း။ ဘုရားရှင်တို့ အဆုံးအမနှင့် ကင်း၍ သာသနာပအခါ လူပညာရှိကြီး,နတ်ပညာရှိကြီး,ဗြဟ္မာပညာရှိကြီးတို့သော်လည်း မရ မယူနိုင်ကြလေကုန်။

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

ဝိနည်းပါဠိတော်၌ လာသော ပါဠိ။

ဗုဒ္ဓါဒိစ္စေ၊ဘုရားတည်းဟူသောနေမင်းသည်။အနုဂ္ဂတေ၊ မပေါ် မထွက်သည်ရှိသော်။ဗုဒ္ဓစန္ဒေ၊ဘုရားတည်းဟူသော လမင်းသည်။

အနုပ္ပန္နေ၊ မဖြစ်မပေါ်လာသည်ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ ထို အဟုတ်ရှိ အမှန်ရှိ ပရမတ္ထ သဘောတရားတို့၏။ နာမမတ္တံ၊ အမည်မျှကိုသော်လည်း။ န နာယတိ၊ သိရမည်မဟုတ်။ ။အနက်။

ဘုရားတို့ ပွင့်တော်မူမှသာ ရုပ်မှန်း,နာမ်မှန်း, နိဗ္ဗာန်မှန်းကို သိရသည်။ ရုပ်သံ, နာမ်သံ, နိဗ္ဗာန်သံ ကြားရသည်။ ဘုရားတို့ မပွင့်သော သာသနာပ အခါ၌ ရုပ်သံ, နာမ်သံ, နိဗ္ဗာန်သံကိုမျှ မကြားရဘဲ၊ မဟုတ် ပညတ်တွေကိုသာ နေ့ရော, ညပါ အခါမစဲ တကြားထဲကြားကြရ အဟုတ်ကြီး ထင်ကြရ မြင်ကြရ သိမှတ်ကြရ လေသည်။ မဟုတ် ပညတ်တွေကို အဟုတ်ကြီး ထင်သမျှ မြင်သမျှ သိမှတ်သမျှ အပါယ်နှင့်အစွ မကင်း မပြတ် အပါယ်မင်းတို့ ပိုင်နက် ဒိုမင်း, နာမင်း, သေမင်းတို့ ပိုင်နက်က မလွတ် ထွက်နိုင်ကြ။

## ၁၄–ပရိညာဏ်သုံးပါးကို ပြခြင်း

အဂ္ဂေယျ သညိနော သတ္တာ၊ အဂ္ဂေယျသ္မိံ ပတိဋ္ဌိတာ။
အဂ္ဂေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်။

အဂ္ဂေယျ သညိနော၊ အကောင် မဟုတ် နာမ်နှင့်- ရုပ်ကို အဟုတ် အကောင်ကြီးဟု မှတ်ထင်ကြကုန်သော။ အဂ္ဂေယျသ္မိံ၊ အကောင်ပင် မဟုတ်သော်လည်း အကောင်ဟူ၍ ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ်ရသော နာမ်,ရုပ်နှစ်ပါး၌။ပတိဋ္ဌိတာ၊အဟုတ်အကောင်ကြီးဟု စွဲလမ်း၍ တည်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဂ္ဂေယျံ၊အခွန်အဟုတ် နာမ်နှင့်ရုပ်ကို။ အပရိညာယ၊ အပိုင်အနိုင် အဟုတ်သိ တကယ်သိ မသိကြခြင်းကြောင့်။ မစ္စုနော၊ သေမင်း, ဒိုမင်း, နာမင်း, အပါယ်မင်း၏။ ယောဂံ၊ ပိုင်နက်သို့။ အာယန္တိ၊ ရောက်၍ နေကြကုန်၏။ ။အနက်။

နာမ်, ရုပ်ကို အပိုင် အနိုင် အဟုတ်သိ, တကယ်သိ, သိနိုင်မှ ပညတ် ကွယ်ပျောက်မည်။ ပညတ် ကွယ်ပျောက်မှလည်း တဏှာ, မာန,ဒိဋ္ဌိ ကင်းပြတ်မည်။ တဏှာ, မာန, ဒိဋ္ဌိ ကင်းပြတ်မှလည်း အပါယ်နှင့် အမွေကင်းပြတ် အိုလက်စ, နာလက်စ, သေလက်စ သိမ်း၍ငြိမ်းကြီးငြိမ်းကြရဖေးကြီး ဖေးကြရမည်ဆိုလိုသည်။ ။နာမ်, ရုပ်ကို အပိုင် အနိုင် အဟုတ်သိ တကယ်သိ၊ သိဆိုသည်မှာလည်း ပရိညာဏ် သုံးပါးဖြင့် သိသည်ကို ဆိုသည်။

ပရိညာဏ် သုံးပါး ဆိုသည်ကား–

၁။ ဉာတပရိညာဏ်,

၂။ တီရဏပရိညာဏ်,

၃။ ပဟာနပရိညာဏ်, ဤသုံးပါးတည်း။

၁။ **ဉာတပရိညာဏ်** ဆိုသည်မှာ သဘာဝ နှင့် တကွ နာမ်တွေ, ရုပ်တွေ တခြားစီ နေအောင် သိနိုင်, မြင်နိုင်သော ဉာဏ်ကို ဆိုသည်။

၂။ **တီရဏပရိညာဏ်** ဆိုသည်မှာ နာမ်,ရုပ်တို့၏ ဖြစ်-ပျက် မစဲ အမြဲမတည်သော အနိစ္စသဘောကိုရင်း,ကြောက်စရာ ဒုက္ခ သဘောကိုရင်း, ယူစရာ ရစရာ အနှစ် အသား မရှိသော အနတ္တသဘောကိုရင်း သိမြင်ဆုံးဖြတ်နိုင်သော ဉာဏ်ကို ဆိုသည်။

၃။ **ပဟာနပရိညာဏ်** ဆိုသည်မှာ သိမြင်ဆုံးဖြတ်ပြီးနောက် တဏှာ, မာန, ဒိဋ္ဌိ စင်ကင်း၍ အလင်းသို့ အရှင်းသို့ ရောက်သောဉာဏ်ကို ဆိုသည်။

လောကီ ပရိညာဏ်, လောကုတ္တရာ ပရိညာဏ် နှစ်မျိုး ရှိသည့်တွင် **လောကီ ပရိညာဏ်** မှာ ကိစ္စမပြီး အသိဆုံးကမ်း မရောက်။ ခဲရောင်, သံရောင်, ကြေးရောင်နှင့် တူသည်။ တဘန် ဆုတ်လယ်ပျက်ပြယ်တတ်သေးသည်။ ။**လောကုတ္တရာပရိညာဏ်** မှာ ကိစ္စပြီး၍ အသိဆုံးကမ်းရောက်သည်။ ရွှေရောင်,ငွေရောင်နှင့် တူသည်။ တဘန် ဆုတ်လယ် ပျက်ပြယ်ခြင်း မရှိ။ တသိထဲသိ,

တလင်းထဲလင်း,တရှင်းထဲရှင်း, တစင်ထဲစင်, တကြည်ထဲကြည်, တဖေးထဲ ကိစ္စပြီး, ဖေးကြီး ဖေးရသည်။ အသိအဆုံးရောက် ကိစ္စပြီး တသိထဲ သိကြသော ပုဂ္ဂိုလ်တို့၏ အသိမှာ မူကား အသိကြီး, အသိလတ်, အသိငယ်, အသိသေး စသည် ထူးခြား ကွဲလွဲကြသေး၏။ အဖေးကား ထူးခြား ကွဲလွဲခြင်း မရှိ။ အဖေးကြီး–ချည်းသာ မှတ်လေ။

## ၁၅–မသိခြင်း၌အပြစ်၊ သိခြင်း၌အကျိုး၊ အသိဥာဏ် ဖြစ်ခြင်း၏ အကြောင်းကို ပြဆိုခြင်း

မသိလျှင် တွယ်၊ သိလျှင် ပြယ်သည်။
တွယ်လျှင်လည်းဘေး၊ ပြယ်လျှင် ဧးသည်။
မသိက တပတ်ပတ်၊ သိမှ အပြီးသတ်သည်။
မသိအစ၊ သိကအဆုံး၊ ကိစ္စတုံးသည်။

ကိစ္စရှိသည်မှာ ဆင်းရဲကင်းဘို့ချမ်းသာဘို့အားထုတ်ရသော ကိစ္စ စသည်ကို ဆိုသည်။ ဆင်းရဲဘို့ ဟူ၍ အားထုတ် ကြသည် မရှိ။ ငရဲကြီး ရှစ်ထပ်သို့ ကျရောက်သော သတ္တဝါ တို့လည်း ဆင်းရဲကင်းဘို့ ချမ်းသာဘို့ အားထုတ်ရသော ကိစ္စအတွက်နှင့် ကျရောက်ကြရလေသည်။

မသိ-ကား အဝိဇ္ဇာ။ အသိ-ကား ပညာ။

ပညာဉာဏ်ဖြင့်အမှန်အဟုတ်ကို အဟုတ်သိ-သိကတလောက လုံးမှာ ရတနာ သုံးပါးမှ တပါး ယူချင်စရာ ရချင်စရာ အနှစ် သာရကိုမမြင်၊ ရတနာသုံးပါးကိုသာ ယူချင်စရာ ရချင်စရာအနှစ် သာရ ထင်တော့သည်။ ။ထိုစကားမှန်၏။အဟုတ်အမှန်ကို မသိ၍ တဏှာမျက်စိ ကျယ်ကြသည့်အတွက် လောကီဘက်မှာ စားနိုင်ဘွယ် မျိုနိုင်ဘွယ် ယူချင်စရာရချင်စရာ အနှစ်သာရတွေခင်ဘွယ် မင်ဘွယ် နှစ်သက်ဘွယ် အတုံး-အခဲတွေ မွှေလျော်ဘွယ်တွေ ထင်ကြ မြင်ကြရလေသည်။ အဟုတ် အမှန်ကို အဟုတ်သိ–သိ၍ ပညာမျက်စိ ကျယ်က တလောကလုံးတွင် ယူချင်စရာ ရချင်စရာ

အနှစ်သာရကိုမမြင်။ အနိချင်ဘွယ် အော့ချင်ဘွယ် ကြောက်ဘွယ် ထိတ်ဘွယ် လန့်ဘွယ် တွေကိုသာ မြင်တော့သည်သာ အမှန်။ မြင်ကလည်းအတွယ်တွေ ပြယ်တော့သည်သာ အမှန်။ လောကီ အသိဖြင့် ဉာတပရိညာဏ်ခေါ် လောက်ရုံ့ သိလျှင်ပင် အယုံစင်၍ ရှုဋ္ဌသောတာပန်ဆိုရသဖြင့် သေသည်၏ အခြားမဲ့၌ ဂတိမြဲခြင်း, တိပဋိတ် ပဋိသန္ဓေ နေရခြင်း, ပညာကြီးခြင်း, နောင်အသိအဆုံး ရောက်လွယ်ခြင်း, အကျိုးတို့ကို ရနိုင်သည်။

သုတသိလည်း ရှိ, ယောနိသော မနသိကာရလည်း ရှိမှ လောကီ ပရိညာဏ်သိ, လောကုတ္တရာ ပရိညာဏ်သိကို ရနိုင်သည်။ ။သုတအသိဆိုသည်မှာ အသင် အကြား အမှတ်အသား အရအမိရှိ၍ သိသော အသိကိုဆိုသည်။ ။ယောနိသော မနသိကာရ, ဆိုသည့်မှာ မှတ်သားရမိသည့်အတိုင်း စိတ်ကို ကောင်းသော အာရုံ၌, ကောင်းသော အာရုံကို စိတ်၌ ထားနိုင်ခြင်းကို ဆိုသည်။

> ဒုဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတောစ
> ဃောသော ယောနိသော စ မနသိကာရော။
> ပေဋကော ပဒေသ ပါဠိတော်။

ပရတော ဃောသောစ၊ သူတပါးထံ သင်အံ မှတ်သား အကြား အမြင်ရင်း။ ယောနိသော စ မနသိကာရော၊သင့်လျော် အောင် စိတ်ကောင်း နှလုံးကောင်း သွင်းနိုင်ခြင်းရင်း။ ဒုဝေပစ္စယာ၊အကြောင်းနှစ်ပါးတို့သည်။သမ္မာဒိဋ္ဌိယာ၊သမ္မာဒိဋ္ဌိခေါ်သော လောကီပရိညာဏ် လောကုတ္တရာ ပရိညာဏ်နှစ်ပါး၏။ဥပ္ပါဒါယ၊ ဖြစ်ပေါ်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ။အနက်။

သုတအသိဖြင့် အဟုတ်အမှန် ရုပ်နှင့် နာမ်ကို သိနိုင်မြင်နိုင် လျှင် ဘုရားကိုမှန်မှန်မွဲမွဲ တရားကို မှန်မှန်မွဲမွဲ သံဃာကို မှန်မှန် မွဲမွဲ သိနိုင် မြင်နိုင် တော့သည်သာ၊ ရတနာသုံးပါးကို မှန်မှန်မွဲမွဲ သိနိုင်မြင်နိုင်မှလည်း ပြုသမျှ ဒါန,သီလ, ဘာဝနာ ကုသိုလ်တို့ တုတ်ခိုင်သန်မြန်၍ နောင် မဂ်အခြေ ဖိုလ်အခြေ ကောင်းကောင်း

ကြီး ဖြစ်နိုင်မည်။ ။အသိဉာဏ် ကား လောက အလုံးတွင် အမြတ်ဆုံးတရား၊ အရာရာမှာ ကျေးဇူး များလှ၏။ မသိခြင်းကား ယုတ်မာဆိုးဝါး အရာရာမှာ အပြစ်များလှ၏။

မိရဏ္ဍ ဝတ ရေ အညာဏံ။ ။ဝိနည်းအဋ္ဌကထာ။

ရေ၊ အချင်းတို့။ အညာဏံ၊ မသိခြင်းသည်။ ဝတ၊ စင်စစ်။ မိ၊ စက်ဆုပ်ဘွယ်သည်။ အဍ္ဍ၊ ဖြစ်၏။ ။အသိဉာဏ်ဟူသမျှ သုတအသိက စရသည်။

## ၁၆–တိုက်တွန်းခြင်း

ယခုအခါ အရပ်ဖြစ်ရှစ်ပါး ကင်းလွတ်၍ နဝမခေတ်အတွင်း စက်လေးပါးစုံ သမ္ပတ္တိကြို၍ လူ့ဘုံ၌ လူ့အဖြစ်ကို ရကြကုန် သော အမျိုးကောင်းသား တို့သည် ဤဘဝတွင် သော်လည်း မဂ်ပေါက် ဖိုလ်ပေါက် အသိအဆုံး ရောက်ဘို့ရန်သော်၎င်း, အန္ဓ ပုထုဇန် အဖြစ်မှလွတ်၍ ကလျာဏပုထုဇန်အတွင်းသို့ ဝင်နိုင်ရန် သော်၎င်း,ရတနာသုံးပါးကို မှန်မှန်မွဲမွဲ သိနိုင် မြင်နိုင်၍ ပြုသမျှ ဒါန,သီလ,ဘာဝနာတို့ တုတ်ခိုင်သန်မြန်၍ နောင် မဂ်အခြေ ဖိုလ် အခြေ ဖြစ်နိုင်ဘို့ရန်သော်၎င်း, ဝသိဆန္ဒ အသိပညာ ပါရမီမျိုး ဖြစ်စေရန်သော်၎င်း, တချက်ချက်ကို ရည်သန်၍ အဟုတ်ရှိ တကယ်ရှိ ပရမတ်သဘောကို သိနိုင်မြင်နိုင်သော ပရမတ်မျက်စိ အလင်းကို အခွင့်သာခိုက် ရမိအောင် ဆည်းပူး မှတ်သား သင်ကြားလေ့လာကြရမည်။ မှတ်ချင် ကြားချင် နာချင်သောဆန္ဒ အလေ့အလာ ရှိကြကုန်ရာသည်။

ဗိတ္တုပ္ပါဒ မတ္တမ္ပိခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟု ပကာရံ ဝဒါမိ။ ။သလ္လေခသုတ် ပါဠိတော်။

စုန္ဒ၊ ချစ်သားစုန္ဒ။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ဗိတ္တုပ္ပါဒမတ္တမ္ပိခေါ၊ စိတ်ဖြစ်ရုံမျှ ကိုသော်လည်း။ ဗဟုပကာရံ၊ ကျေးဇူးများသည်ကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကော် မူ၏။ ။အနက်။ ။တိုက်တွန်းခဏ်း ပြီး၏။

## ၁၇—အရုပ်ဖြစ်ရှစ်ပါး စက်လေးပါး သမ္ဗန္ဓလေးပါးကို ပြဆိုခြင်း

အရုပ်ဖြစ်ရှစ်ပါးကိုပြဆိုဦးအံ့။ ။အရုပ်ဖြစ်ရှစ်ပါးဆိုသည်မှာ အဖြစ်ရှစ်ပါးကို ဆိုသည်။ အဖြစ်ရှစ်ပါး ဆိုသည်မှာ သာသနာပ အခါဖြစ်ရခြင်းအဖြစ် တပါး၊သာသနာတွင်း ဖြစ်သော်လည်း ငရဲဘုံ၌ ဖြစ်ရခြင်း၊ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊ တိရစ္ဆာန်ဘုံ၌ဖြစ်ရခြင်း၊ ရုပ်သာရှိ, နာမ်သာရှိသော ဘုံဘဝ၌ဖြစ်ရခြင်း၊ နိယတမိစ္ဆာဒိဋ္ဌိမျိုး၌ ဖြစ်ရခြင်း၊ ပစ္စန္တရစ် အရပ်၌ ဖြစ်ရခြင်း၊ အထိုင်းအမှိုင်း ဖြစ်ရခြင်းဟူသောသာသနာတွင်းအဖြစ် ခုနစ်ပါး၊ပေါင်းရှစ်ပါးကို ဆိုသည်။ ယင်းအဖြစ်ရှစ်ပါးကိုပင် ဌာန အရပ်နှင့် တွဲဘက်၍ အရပ်ဖြစ်ရှစ်ပါးဟူ၍ ခေါ်ရိုးအစဉ်ပြုကြသည်။ကျမ်းဂန်တို့၌ကား ရှစ်ပါးသော အရပ်တို့၌ ဖြစ်ခိုက် ခဏကာလ ရှစ်ပါးကို နာမ်, ရုပ်ကို မသိနိုင်သောအခါဖြစ်၍ အက္ခဏဟူ၍ ဆိုကုန်၏။ မဂ်မရထိုက်သော ခဏရှစ်ပါး ဆိုလိုသည်။ ။ယင်းခဏ ရှစ်ပါးမှ လွတ်သော နာမ်, ရုပ်ကိုသိနိုင် မဂ်ကိုရနိုင်သော ခဏကာလကို နဝမခဏဆိုသည်။ ။**ပ, ရဲ, ပိတ်, ဆန်၊ ကင်းရုပ်, နာမ်၊ မိတ်, စန် ထိုင်း–ရှစ် အရပ်ဖြစ်**။ ။(ဖြစ်–၌ ဖဦးထုပ်နှင့်ရွတ်)။ ။ဤကား ကျမ်းဂန်ကြီးတို့၌ လာသော အရပ်ဖြစ်ရှစ်ပါးတည်း။

ဇိနာလင်္ကာရ သဒ္ဓမ္မောပါယ မည်သော ကျမ်းငယ်တို့၌ကား သာသနာတွင်း အခါ အရူပဘုံ၌ ဖြစ်ရခြင်း, အသညသတ်ဘုံ၌ဖြစ်ရခြင်း, ငရဲဘုံ၌, ပြိတ္တာဘုံ၌, တိရစ္ဆာန်ဘုံ၌, နိယတမိစ္ဆာဒိဋ္ဌိမျိုး၌, ပစ္စန္တရစ်အရပ်၌ဖြစ်ရခြင်း,ဣန္ဒြေချို့တဲ့သောသူ၏ အဖြစ်ဟူ၍ ရုပ်မှန်း နာမ်မှန်း မသိနိုင် မဂ်မရနိုင်သော အရပ်ရှစ်ပါးတို့၌ အဖြစ်ရှစ်ပါးလာ၏။ သာသနာတွင်းကိုသာ ဆိုသည်။ ယခု ဆုတောင်းကြသည်နှင့်လည်း သင့်လျော်သည်။ ။**ရူ, သင်, ရဲ, ဆန်၊ပိ, မိစ်, စန်၊ ချို့ပြန်လက်သစ် အရပ်ဖြစ်**။ ။ဣန္ဒြေချို့သည်မှာ ထိုင်းမှိုင်း, ကန်း, ပင်း, ဆွံ့, အ–သည်ကို ဆိုသည်။

စက်လေးပါးဆိုသည်မှာ–

၁။ ရှေး၌ပြုဘူးသော ကောင်းမှုရှိသော သူ၏ အဖြစ်ဟူသော **ပုဗ္ဗေစ ကတပုညတာ** တပါး,

၂။ သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်း ဟူသော **ပဋိရူပဒေသဝါသ** တပါး,

၃။ ပညာရှိ သူတော်ကောင်းတို့ကို မှီဝဲခြင်း ဟူသော **သပ္ပုရိသူပနိဿယ** တပါး,

၄။ မကောင်းသော အမှုကို ပယ်စွန့်၍ ကောင်းသော အမှုကို ပြုခြင်း၌ စိတ်ကို ထားနိုင်ခြင်းဟူသော **အတ္တသမ္မာပဏိဓိ** တပါး။ ။ဤလေးပါးတည်း။

ယင်း စက်လေးပါးနှင့် ပြည့်စုံက မင်္ဂလာ ဖြစ်ရမည် ကေန်၊ မင်္ဂလာဆိုသည်မှာ အကောင်းအမြတ်ကို ဆိုသည်။ အကောင်းအမြတ် ဆိုသည်မှာလည်း အပြစ်ကင်းသော အချမ်းသာကို ဆိုသည်။ယင်းအချမ်းအသာသည် လောကီအချမ်းသာ လောကုတ္တရာ အချမ်းသာဟူ၍ နှစ်မျိုးရှိသည်။ စက်လေးပါးနှင့် ပြည့်စုံလျှင် လောကီချမ်းသာ အမျိုးမျိုး,လောကုတ္တရာချမ်းသာအမျိုးမျိုးပြည့်စုံရမည် ဧကန်အမှန်ပင် ဖြစ်သည် ဆိုလိုသည်။

သမ္ပတ္တိဆိုသည်မှာ–

၁။ **ဂတိသမ္ပတ္တိ**–လူ့ဘဝ, နတ်ဘဝ ဟူသော ဂတိကောင်းနှင့်ပြည့်စုံခြင်း တပါး,

၂။ **ကာလသမ္ပတ္တိ**–မင်းနှင့်တကွ လူတို့ တရားစောင့်ကြ၍ ညီညွတ်ကြသဖြင့် ကာလကောင်းနှင့် ပြည့်စုံခြင်းတပါး,

၃။ **ပယောဂသမ္ပတ္တိ**–ကောင်းသော လုံ့လ ကောင်းသော ဝိရိယနှင့် ပြည့်စုံခြင်း တပါး,

၄။ **ဥပဓိသမ္ပတ္တိ**–ရုပ်ဆင်းသဏ္ဌာန် ပုံပန်းနှင့် တကွ လှပချောမောသော ကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း တပါး,

ဤလေးပါးတည်း။

ဇာတ္တသယ (က) ၁၄၀–၅

ကုသိုလ်ကံပင် ရှိသော်လည်း သမ္မတ္တိ ပြည့်စုံမှ ကုသိုလ်ကံ အကျိုးပေး အခွင့်ရ၍ အချမ်းသာများမည်။ သမ္ပတ္တိ မပြည့်စုံ ဝိပတ္တိကြုံက ကုသိုလ်ကံ အခွင့် မရ၊ အကုသိုလ်ကံ အခွင့်ရ၍ အဆင်းရဲ များမည် ဆိုလိုသည်။ ။ယခုကာလ စက်လေးပါးစုံ သမ္ပတ္တိကြုံသော လူ့ဘုံ, လူ့ဘဝ၌ ကုသိုလ်ကံရှိ၍ လူ့အဖြစ် ကို ရကြပါကုန်လျက် အတ္တသမ္မာပဏိဓိ ပယောဂ သမ္ပတ္တိလို၍ နေသည့်အတွက် မင်္ဂမရကြ၊ မချမ်းသာသူ, ဆင်းရဲသူ, အနာ ရောဂါများသူ, အသက်တိုသူ ပေါများကြသည်။ ။အတ္တသမ္မာ ပဏိဓိ ဆိုသည်မှာလည်း ကောင်းသောအမှု, မကောင်းသော အမှုကို အမှန်ကျသိ၍ မကောင်းသောအမှုကို ဖယ်ထား၊ ကောင်း သောအမှုကို လိုလားသော ဆန္ဒနှင့်တကွ ကောင်းသောအမှုကို ပြီးစေနိုင်သော ဉာဏ်နှင့်ယှဉ်သော ဝီရိယကိုပင် ဆိုသည်။ ။ ပယောဂသမ္ပတ္တိ ဆိုသည်မှာလည်း အပေါ့-အဖျင်း အပျင်း-အရိ ကင်း၍ မပြုသင့်မပြုထိုက်သည်ကို မပြုဘဲ ပြုသင့် ပြုထိုက်သော အပြစ်မရှိသော အမှုကိစ္စတို့ကို ပြီးစေနိုင်သော ဉာဏ်နှင့် ယှဉ် သော ဝီရိယကိုပင် ဆိုသည်။ ။လိုရင်းမှာ အတ္တသမ္မာပဏိဓိ ပယောဂသမ္ပတ္တိ-ဆိုသည် အလိမ္မာကိုပင် ဆိုသည်။ ။အလိမ္မာ ဆိုသည်မှာလည်း ကောင်းသော ဆန္ဒ, ကောင်းသော ဝီရိယ, ကောင်းသော အသိဉာဏ် ဤတရားသုံးပါးတို့နှင့် ပြည့်စုံသည်ကို ပင် ဆိုသည်။ ။ယင်း ဆန္ဒ-ဝီရိယ-ပညာ သုံးပါးတို့ကို လိုအပ် သော အကျိုးကို ပြီးစေတတ်, ပြည့်စုံ စေတတ်သောကြောင့် ဣဒ္ဓိပါဒ်ဟူ၍ ထိုထိုကျမ်းဂန်တို့၌ ဆိုအပ်ကုန်၏။ ။ဣဒ္ဓိယာ ပါဒေါ၊ ဣဒ္ဓိပါဒေါ။ ။(ဝိဂြိုဟ်)။ ။ဣဒ္ဓိယာ၊ လိုအပ်သော အကျိုး ပြီးခြင်း၏။ ပါဒေါ၊ အကြောင်းတည်း။ ဣဒ္ဓိပါဒေါ၊ လိုအပ်သော အကျိုးပြီးစီးခြင်း အကြောင်း။ ။အနက်။

**ပု-ပ-သမ်-အတ်၊ စုံလတ်မှုကား၊ ချမ်းသာများ၏။**

**ဂ-ကာ-ပ-ဥ၊ လေးခုရှိမှ၊ ကုသိုလ်အခွင့်ရ။**

ဝိပတ္တိဆိုသည်မှာ—

**၁။ ဂတိဝိပတ္တိ**— မကောင်းသောဂတိ၌ဖြစ်ခိုက်,
**၂။ ကာလဝိပတ္တိ**— ကာလ၏မကောင်းခြင်း,
**၃။ ပယောဂဝိပတ္တိ**— မကောင်းသော လုံ့လ ပယောဂ,
**၄။ ဥပဓိဝိပတ္တိ**— ရုပ်ဆင်းသဏ္ဍာန် မကောင်းခြင်း, ဤလေးပါးကိုဆိုသည်။ ။အရုပ်ဖြစ်ရှစ်ပါး, စက်လေးပါး ပြီး၏။

## ၁၈—ပရမတ် မျက်စိအရကို ပြခြင်းနှင့် စာတတ်သူကို ဂါဟာကိုက်တတ်သည်ကို ပြခြင်း

ပရမတ်မျက်ဗိ ဆိုသည်မှာ ဘုတ်အုပ်စာ, ပေစာ ကျမ်းဂန်တို့၌သာ ကြေပွန်ရမိ တတ်သိလိမ္မာ၍ ခန္ဓာကိုယ်ထဲ၌ မတတ်မသိသော သုတသညာမျက်ဗိကို မဆို။ အဘယ်ကြောင့်နည်းဆိုသော် ထိုသုတပညာမျက်ဗိသည် ကိုယ်မှာ မတတ် စာမှာသာ တတ်သဖြင့် သင်ပုန်းကြီး၌ ကြေပွန်ရမိ တတ်သိ လိမ္မာခြင်းကဲ့သို့ ပညတ်တတ်,ပညတ်သိ,ပညတ်လိမ္မာသာ ဖြစ်၍ များသောအားဖြင့် တဏှာ-မာန-ဒိဋ္ဌိတို့ကိုပွါးစေတတ်သောကြောင့်တည်း။ စာပေတတ်သည့် ကျမ်းဂန် တတ်သည့် ဖြစ်ပါလျက် လောဘကြီးကြ,ဒေါသကြီးကြ,မာနကြီးကြ,ဣဿာမစ္ဆရိယကြီးကြသော လူဆရာ ရဟန်းဆရာတို့သည် ကိုယ်ထဲမှာ မတတ်၊ စာထဲမှာသာ တတ်၍ တဏှာ-မာန-ဒိဋ္ဌိ ပွါးများသည့် အတွက် ကြီးနိုင်ကြလေသည်။

**ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်။**

သတိထားရမည်။

## ၁၉—ကိုယ်ထဲ၌တတ်မှ ဂါဟတ်ကင်းပြတ်သည်ကိုပြခြင်း

တဏှာဂါဟ, မာနဂါဟ,ဒိဋ္ဌိဂါဟ, ဂါဟတရား သုံးပါးမှတ်၊ ဂဏှာတိဥပါဒိယ တိတိဂါဟော။ ။(ဝိဂြိုဟ်)။ ။ဂဏှာတိ၊ ဘမ်းယူကိုက်ဟတ်တတ်၏။ ဥပါဒိယတိ၊ စွဲလမ်း တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂါဟော၊ ဂါဟမည်၏။ ။အနက်။ ။မိမိကိုယ်ကို

အားရ နှစ်သက်သည်ကား တဏှာ၊ မိမိကိုယ်ကို ဟုတ်တုတ်တုတ် ဟန်တန်တန်ထင်မှတ်သည်ကား မာန၊ ဖွဲ့မရခွဲမရတရှိထဲအကောင် အခဲ သူအကောင်အခဲ ထင်မြင်သည်ကား ဒိဋ္ဌိ။ စာပေကျမ်းဂန် တတ်၍ပင်ဖြစ်စေ မတတ်ဘဲ ကြားရနာရသည်ကို မှတ်သား၍ ဖြစ်စေ အဘန်ဘန် လေ့လာမပြတ် သုံးသပ်ဆင်ခြင်၍ ပညတ်ကို ဖယ်ထားခွါလှန် ကိုယ်တွင်းရှိ ရုပ်,နာမ်ခန္ဓာ၊ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာများကို ခွဲခြမ်းစိတ်ဖြာနိုင် အမိဘမ်းနိုင်၍ ကိုယ်ထဲ၌ တတ်သိသော ပညာကို ပရမတ် မျက်စိဆိုသည်။ ကိုယ်ထဲ၌ တတ်သိသော ပညာမှသာ တဏှာ, မာန,ဒိဋ္ဌိတို့ကို ပါးရှားစေနိုင် ဖျက်ဆီး ပယ်နုတ်နိုင် ကင်းရှင်းစေနိုင်သည်။

**စာမှာတတ်မတတ်၊ ကိုယ်မှာတတ်၊ ဂါဟတ်ကင်းပြတ်မည်။**

## ၂၀—သတိထားရန် ဂါထာ သီကုံးပြဆိုခြင်း

ဂန္ထေ ဉာတေပိ နော ကာယေ၊
ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉာတေ အဉာတေ ဝါ၊
ကာယေ ဉာတေ ဝိဂစ္ဆတိ။

သတိထားရန် ဂါထာကို သီကုံးလိုက်သည်။

ဂန္ထေ၊စာပေကျမ်းဂန်ကို။ဉာတေပိ၊တတ်သော်လည်း။ကာယေ၊ ကိုယ်ထဲ၌။ နောဉာတေ၊ မတတ်သည်ရှိသော်။ ဂါဟော၊ ဂါဟ တရားသည်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဂါဟတိ၊ ဘမ်းယူကိုက်စား တတ်၏။ ဂန္ထေ၊ ကျမ်းဂန်ကို။ ဉာတေဝါ၊ တတ်သော်ရင်း။အဉာ တေဝါ၊မတတ်သော်ရင်း။ကာယေ၊ကိုယ်ထဲ၌။ဉာတေ၊တတ်သည် ရှိသော်။ ဂါဟော၊ ဂါဟတရားသည်။ ဝိဂစ္ဆတိ၊ ကင်းပြတ်၏။ အနက်။

စာမှာလည်း မတတ်၊ ကိုယ်မှာလည်း မတတ် သူတို့မှာ ကွာကင်းသည်မရှိ။ အခါခပ်သိမ်း တခွဲထဲ တမဲထဲ ဂါဟတိုး ဂါဟခဲဖြစ်၍ မဆိုသာပြီ။

## ၂၁—နှလုံးသွင်းကောင်း၍ အသိ အသိမ္ဗာရှိပါမှ တတ်သမျှ အတတ် အကျိုးနပ်သည်ကို ပြခြင်း

ကိုယ်ထဲမှာ မတတ်မသိက ပိဋကတ် သုံးပုံကို ကုန်အောင်ပင် တတ်သော်လည်း ပညာရှိ မဆိုထိုက်။ သညာရှိ, ဝိညာဏ်ရှိသာ ဆိုထိုက်သည် ဟူ၍ မဟာဝေဒလ္လသုတ် အဋ္ဌကထာ၌ ဆို၏။ သညာတတ် သညာသိ ဖြစ်စေ, ပညာတတ် ပညာသိ ဖြစ်စေ, ယောနိသောမနသိကာရယှဉ်စိတ်ကောင်းဝင်မှကုသိုလ်ဖြစ်သည်။ ယောနိသော မနသိကာရ မယှဉ် စိတ်ကောင်းမဝင်က ကုသိုလ် မဖြစ်၊ အကုသိုလ်သာဖြစ်သည်။

ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ယောနိသော မနသိကာရမူလကာ။

ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အယောနိသော မနသိကာရမူလကာ။

အဘိဓမ္မာဝိဘင်းပါဠိတော်။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ် တရားတို့သည်။ သန္တိ၊ ရှိကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ တေ၊ ထိုကုသိုလ်တရားတို့သည်။ ယောနိသော မနသိကာရ မူလကာ၊ အသင့်အတင့် နှလုံးသွင်းခြင်းလျှင် အရင်းရှိကုန်၏။

ယေကေစိ၊ ခပ်သိမ်းကုန်သော။အကုသလာဓမ္မာ၊ အကုသိုလ် တရားတို့သည်။ သန္တိ၊ ရှိကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ တေ၊ ထိုအကုသိုလ်တရားတို့သည်။ အယောနိသော မနသိကာရမူလ ကာ၊ မသင့်မတင့် နှလုံးသွင်းခြင်းလျှင် အရင်းရှိကုန်၏။ ။ အနက်။

အိပ်ပျော်သော ကာလမှတပါး မြင်သမျှ, ကြားသမျှ, တွေ့ သမျှ, လှုပ်လှုက်သမျှ,ပြောဆိုသမျှကာလစသည်တို့၌ ပုဂ္ဂိုလ်က မသိသော်လည်း ကုသိုလ်,အကုသိုလ်တခုခုဖြစ်မြဲ။ ထိုသို့ ဖြစ်ရာ

ဝယ် ယောနိသော မနသိကာရ အရင်းရှိလျှင် ကုသိုလ်ဟု ဆုံးဖြတ်။ အယောနိသော မနသိကာရ အရင်းရှိလျှင် အကုသိုလ် ဟု ဆုံးဖြတ်။ ယောနိသော မနသိကာရရှိမှ ကုသိုလ်ဖြစ်သည်။ ကုသိုလ်ဖြစ်မှ စိတ်ကောင်းဝင်သူ ဆိုရသည်။ ။အယောနိသော မနသိကာရရှိက အကုသိုလ် ဖြစ်သည်။ အကုသိုလ်ဖြစ်က စိတ် ကောင်းဝင်သူ မဆိုရ။ သိမှလည်း နှလုံးသွင်းတတ်သည်။မသိက နှလုံးကောင်း မသွင်းတတ်။ သိ-ဆိုသော စကား၌ လူမိုက်တို့ အသိကို အသိမဆိုရ။ မသိမောဟ, ဟူ၍ဆိုရ၏။

အဘယ်ကြောင့်နည်း ဆိုသော် လူမိုက်တို့သည် သိသည်ကို လည်း မသိ။ မသိသည်ကိုလည်းမသိ။ မသိသည်ကိုပင် အသိ,ဟု မောဟဖိ၍ မဟုတ်ကို အဟုတ်။ အဟုတ်ကိုမဟုတ်၊ အကောင်းကို မကောင်း၊ မကောင်းကို အကောင်းဟူ၍ သိတတ်သောကြောင့် တည်း။

ဤသို့ အလွဲလွဲ သိမြင်ခြင်းသည် မောဟ သတ္တိပင်။ ။**ငါက အကောင်း၊ သူသာမကောင်း၊ ငါက အဟုတ်၊ သူသာမဟုတ်၊ မဟုတ်လျှင် မခံချင်ဘူး**, ဆိုတတ်ကြ၏။ ဟုတ် မဟုတ်ကို မသိ တတ်ကြ။ ။ကိုယ်မသိသည်ကို မသိက ဗာလအမိုက်၊ ကိုယ် မသိသည်ကို သိက ပဏ္ဍိတဆိုထိုက်လှ၏။

အိတ်ထောင်၌ ကပ်ကျေးကိုက် သူခိုးနှစ်ယောက် တရားနာပွဲ တွင် တယောက်သူ တရားသံ ကြားနာရလျှင် ခိုးပြစ်ကို မြင်၍ နောင် မခိုးလိုသော စိတ်ထားဖြင့် တရားကို နာလေလျှင် ဉာဏ် အစဉ်တက်၍ ဘုရားအိတ်ထဲတွင် အဘိုး ထိုက်တန် လှသော သောတာ ပတ္တိ မဂ်ဥစ္စာကို နှိုက်မိလေ၏။ တယောက်သူမှာ ဘုရားတကာ တဦး၏ အိတ်ထောင်တွင် ၅-ပဲသော ဥစ္စာကို ကပ်ကျေးကိုက်၍ရလေ၏။ ။အိမ်ပြန်ကာလ ကပ်ကျေးကိုက်က ငါ့မှာ ၅-ပဲရသည်။ မင်းမှာဘယ်လောက်ရသနည်းမေး၍ အိတ် ထောင်နှိုက်က ငါ့မှာ တပဲမျှမရ,ဟု ပြောသောအခါ ကပ်ကျေး ကိုက်က သို့ကလောက် ပရိသတ်ကြီးထဲမှာ တပဲမျှ မရရှိရလေ၊

မင်းလောက် ဖျင်းသောသူ မင်းလောက် မိုက်သောသူမရှိ ဟု ဆိုလေလျှင် ဒိတ်ထောင်နိုက်က မဟုတ်-သိ, သဘာ၀- မသိ, မောဟ၏အလို ဆိုသင့်ဆိုထိုက်လှပေ၏။ ဆိုတော့ဟု ခွင့်ပေး၍ **ကိုယ် မသိသည်ကိုလည်း မသိ၊ ငါ သိသည်ကိုလည်း မသိ၊ သူ့ ကိုယ်ကို အသိ၊ ငါ့ကို မသိထင်၊ အမိုက်တွင် မောဟ၊ မဟုတ်,သိ သဘာ၀၊ ခက်လှချေ၏တကား**-ဟူသောနှလုံးထားဖြင့် အခါတပါး ဘုရားကိုလျှောက်လေလျှင် ဘုရားသခင်က—

ယောဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတ မာနီ၊
သဝေ ဗာလောတိ ဝုစ္စတိ။

ဤဂါထာကို ဟောတော်မူ၏။

ယောဗာလော၊ အကြင် မသိတတ် မလိမ္မာသူ လူမိုက်သည်။ ဗာလျံ၊ မိမိမသိ,မတတ် မလိမ္မာမိုက်သည်၏ အဖြစ်ကို။ မညတိ ဇာနာတိ၊ သိတတ်၏။ တေန၊ ထိုသို့ မိမိမိုက်သည်၏ အဖြစ်ကို သိတတ်သောကြောင့်။ သောဗာလော၊ ထိုမသိတတ် မလိမ္မာသူ လူမိုက်သည်။ ပဏ္ဍိတောဝါပိ၊ ပညာရှိမည့်သေးသလျှင်ကတည်း။ ယောဗာလောစ၊ အကြင်မသိတတ် မလိမ္မာသူ လူမိုက်သည်ကား။ ပဏ္ဍိတမာနီ၊ ငါလူတတ်,လူလိမ္မာ,လူသိ,ပညာရှိ,ဟုမှတ်ထင်လေ့ရှိသောသူကို။ဝေ၊အဟုတ်မလွဲ။ဗာလောတိ၊ အမိုက် အစစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။အနက်။

သိမှ သိ,မသိကို သိသည်။
မသိက သိ,မသိကို မသိ။
ဘာမှန်းမှ မသိ။
ဟိုထိ သည်ခိုက် အဝီစိသို့ ဆိုက်တတ်သည်။

သို့ဖြစ်ဘိ၍ သိချင်သော အာသာဖြင့် သုတကိုရှာရသည် သုတရှိမှ အသိကိုရရှိသည်။ ။သုတံ ပညာယ ဝဍ္ဎနံ။ ။ထေရပါဠိတော်။

သုတံ၊ အမှတ်အသားအကြားအမြင်သုတသည်။ပညာယ၊ အကျိုးရှိ အဟုတ်သိ အမှန်သိ•ပညာကို။ ဝဍ္ဎနံ၊ ပွါးစေတတ်၏။ ။အနက်။

သုတကား ကောင်း, မကောင်း ဆက်ဆံသည်။ ပညာကား အကောင်းသက်သက် အကျိုးရှိကို ဆုံးဖြတ်ပြီးစီး စေတတ်သည်။ ပညာ သုတဝိနိစ္ဆိနီ။ ။စတ္တာလီသနိပါတ်။ ။ပညာ၊ အမှန်ကျကို အဟုတ်သိ-သိတတ်သော ပညာသည်။ သုတဝိနိစ္ဆိနီ၊ သုတ၏ ကောင်း ကိစ္စ,မကောင်းကိစ္စကို ခွဲခြမ်းခြားနား၍ ကောင်း ကိစ္စကို ဆုံးဖြတ်ပြီးစီးစေတတ်၏။ ။အနက်။အဟုတ် သိ,အလွဲ-သိ,အမှား သိများ ခုခေတ်သား အဟုတ်-သိ,အမှန်သိ,ကား ရှားလှချေ၏။

မဟုတ်-သိ,ကား မောဟ၊အလွဲ-သိ,ကား တဏှာ၊ အမှား-သိကား ဒိဋ္ဌိ။

ကံရှိ၍ လူ့ဘဝကို ရကြသော်လည်း အသိပညာ အလိမ္မာကို အစွဲပြု၍ အဆင်းရဲ,အချမ်းသာ ဖြစ်ကြရတတ်သည်။ ။ထမင်း,မီး,၊ ရေ၊ မလိမ္မာချေမှု၊ ဘေးရန်သူ၊ လိမ္မာမှုက မိတ်။ ။ထို့အတူ စည်းစိမ်အရပ်ရပ် တတ်သမျှအတတ် မသိတတ်မှု ဘေးရန်သူ၊ သိတတ်မှုက မိတ်။

ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။
ဓမ္မပဒပါဠိတော်။

ဉတ္တံ၊ စည်းစိမ်အရပ်ရပ် လက်အတတ်, နှုတ်အတတ်,စာပေ အတတ်, အဟောအတတ်, အပြောအတတ် စသော တတ်သမျှ အတတ်မျိုးသည်။ ဗာလဿ၊ အသိ ပညာ အလိမ္မာ မရှိသူ လူမိုက်အား။ ယာဝဒေဝ အနတ္ထာယ၊ အကျိုးမဲ့ ပျက်စီးရုံသာ။ ဇာယတိ၊ ဖြစ်၏။ ။အနက်။

မသိတတ်လျှင် စည်းစိမ်အရပ်ရပ် တတ်သမျှအတတ် ကိုယ်ကို သတ်သည်။ အရှင်လည်းတတ် အသေလည်းတတ် အရာရာမှာ သိတတ်မှ စည်းစိမ်အရပ်ရပ် တတ်သမျှအတတ် ဘဝနှစ်ရပ်မှာ အကျိုးနပ်သည်။ ။သိသူမသိသူ နှစ်ဦးသားတို့ သတိထားရမည်။
သတိပေးသော အခဏ်းပြီး၏။

## ၂၂–ရုပ်တရား နာမ်တရားကို ခွဲပြခြင်း

ရူပိနော ဓမ္မာ အရူပိနော ဓမ္မာ။ ။ဓမ္မသင်္ဂဏီပါဠိတော်။

ရူပိနော၊ ရုပ်မည်ကုန်သော။ ဓမ္မာ၊ သတ္တဝါ အကောင်မဟုတ်ကုန်သော သဘာဝတရားတို့သည်။ သန္တိ၊အဟုတ်ရှိ, တကယ်ရှိ, ရှိကုန်၏။ အရူပိနော၊ နာမ်မည်ကုန်သော။ဓမ္မာ၊သတ္တဝါအကောင်မဟုတ်ကုန်သော သဘာဝ တရားတို့သည်။ သန္တိ၊ အဟုတ်ရှိ, တကယ်ရှိ, ရှိကုန်၏။ ။အနက်။

ဤပါဠိတော်နှင့် အညီ လေ- ရေ- မြေ- စကြဝဠာ- ဆားငန် သမုဒ္ဒရာ- ကျွန်းကြီး လေးကျွန်း ကျွန်းငယ် နှစ်ထောင်-တောင်စဉ် ခုနစ်ပတ် သမုဒ္ဒရာအလယ်မှာ နှစ်သောင်း လေးထောင် မြင်းမိုရ် တောင်နှင့်တကွ အပါယ်လေးဘုံ လူ့ပြည် နတ်ပြည် ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်၊ ဤသို့ စသည် ဩကာသ လောကကြီးသည် ထူးထွေဆန်းပြား အလွန်များ၏။ ။အပါယ်သတ္တဝါ,လူသတ္တဝါ, နတ်သတ္တဝါ, ဗြဟ္မာသတ္တဝါ၊ ဤသို့စသည် သတ္တလောကကြီး သည်လည်း ထူးထွေဆန်းပြား အလွန်များ၏။ ထိုသို့ပင်များသော်လည်း ပညတ်အားဖြင့်သာ များလေသည်။

ဥပမာဆိုသော် သဲ, ထုံး, ကော်ရည် သုံးပါးရောစပ်၍ ပြုအပ်သော အင်္ဂတေရုပ်တွေသည် အကောင် အရေအတွက်သာများ၍ အဟုတ်ရှိ, တကယ်ရှိကို ရေတွက်သော် သဲ, ထုံး, ကော်ရည် သုံးပါးသာ အမှန်ရှိသကဲ့သို့ရင်း၊ သစ်စေး, သားရိုး, နှစ်ပါး ရောစပ်၍ ပြုအပ်သော သားရိုး ရုပ်တွေသည် အကောင် အရေအတွက်သာများ၍ အဟုတ်ရှိ, အမှန်ရှိကို ရေတွက်သော် သစ်စေး, သားရိုး နှစ်ပါးသာ အမှန်ရှိသကဲ့သို့ရင်း၊ ထို့အတူ ပညတ်ကို ဖယ်ထားခွါလှန်၍ အဖြောင့်အမှန်ကေန်ရှိ,အဟုတ်ရှိကို ရေတွက်သော် ရုပ်တရား, နာမ်တရား နှစ်ပါးသာ ရှိသည်။ ယင်းနှစ်ပါးကို နုတ်လိုက်သော် တလောကလုံးမှာ ဘာမှမရှိ မှတ်လေ။ ဤအရာ၌ နိဗ္ဗာန်ကိုလည်း နာမ်ခေါ်သည်။

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣဓ၊ ဤအဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန် မကျန်သိမ်းကျုံး လောက ဓာတ် အလုံး၌။ သစ္စတော၊ အဟုတ် အမှန် သဘောအားဖြင့်။ နာမဉ္စ၊ နာမ်လည်းတပါး။ ရူပဉ္စ၊ ရုပ်လည်းတပါး။ ဒွေယဝ၊ နှစ်ပါးတို့သည်သာလျှင်။ အတ္ထိသန္တိ၊ ရှိကုန်၏။ အညော၊ နာမ်, ရုပ်မှတပါး အဟုတ်ရှိ, တကယ်ရှိ- ရှိသော တရားသည်။ နတ္ထိ၊ မရှိ။ ။အနက်။

ဤအဋ္ဌကထာ၏ အဓိပ္ပါယ်မှာလည်း ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်ဟူ၍၎င်း၊ ရုပ်သာရှိသော သတ္တဝါ, နာမ်သာရှိသော သတ္တဝါ, ရုပ်-နာမ် နှစ်ပါးစုံရှိသော သတ္တဝါဟူ၍၎င်း၊ စိတ်ရှိသော သတ္တဝါ, စိတ် မရှိသော သတ္တဝါ, စိတ်ရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်သော သတ္တဝါ ဟူ၍၎င်း၊ ဤသို့ စသည် ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ အကောင်ဟူ၍ ခေါ်ဝေါ်ရသော ခေါ်ဝေါ်ရသော နာမ်-ရုပ်-အလုံးအထွေးကို အဇ္ဈတ္တသန္တာန် ခေါ်သည်။ ပုဂ္ဂိုလ် သတ္တဝါ အကောင် မခေါ်ရသော လေ,ရေ,မြေ,တော, တောင် စသော ဥတုဇရုပ်အလုံးအထွေးကို ဗဟိဒ္ဓ သန္တာန်ခေါ်သည်။ ယင်း အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်ဟူသော တလောကလုံးမှာ နာမ်, ရုပ် နှစ်ပါးသာ အဟုတ်ရှိ,တကယ်ရှိ ရှိသည်။ နာမ်, ရုပ် နှစ်ပါးကို နှုတ်လိုက်သော် သတ္တဝါ အကောင်, တော-တောင် စသည်မရှိ။ ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ်ကြရလေသည်ဆိုလိုသည်။

ရုပ်ဆိုသည်မှာ—

ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရောစ မဟာဘူတာ။
စတုန္နဉ္စ မဟာ ဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ
ဘိက္ခဝေ ရူပံ။ ။အဘိဓမ္မာ ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ရုပ်သည်။ ကတမံ၊ အဘယ်နည်း။ စတ္တာရော၊လေးပါးကုန်သော။မဟာဘူတာစ၊မဟာဘုတ်တို့၎င်း။

စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယရူပဥ္စ၊ စွဲမှီ၍ဖြစ်သော ဥပါဒါယရုပ်ငှင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤနှစ်ပါးအပေါင်းကို။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။အနက်။

ဤပါဠိတော်နှင့်အညီ–

၁။ မဟာဘုတ်။

၂။ ဥပါဒါယရုပ်,ဟူ၍ နှစ်မျိုးရှိသည်။

ယင်း နှစ်မျိုးတို့တွင် ခတ်ကြီး လေးပါးကို မဟာဘုတ် ဆိုသည်။ ကြွင်းနှစ်ဆဲ့လေးပါးသော ရုပ်ကို ဥပါဒါယရုပ်ဆိုသည်။ ထင်ရှားအောင် ပြဦးအံ့။ ။လူ့ရှင်အကောင်ကို ကြိတ်ညှပ် ညှစ်ထုတ်သော် သွေးတို့သည် တမြူခန့်ထွက်ရာ ရရာ၏။ ကြိတ်ညှစ်ပြီး အဖတ်ကို နေလှန်း၍ အမှုန့်ကြိတ်သော် ငါးပြည်ခန့် ရှိရာ၏။ ယင်း ငါးပြည်ခန့် အမှုန့်ကို ယင်း တမြူခန့်သွေးနှင့် သမအောင် နယ်၍ လူ့သဏ္ဍာန် လူနှင့်တူအောင် လူမှုန့်ကြီးလုပ်ပြီးလျှင် လူရှင် ရုပ်ကောင်နှင့် ယှဉ်ပြိုင်သော် လူရှင်ရုပ်ကောင်မှာ ကံ, စိတ်, အာဟာရတို့ကြောင့်ဖြစ်သော အပူ, အအေး, အနွေး အငွေ့တို့သည် ပူနွေးရင့်ကျက် စေသောကြောင့် နုနုဖတ်ဖတ် လတ်ဆတ်ပျောင်း ပျော့သည်။ ။လေဓာတ်ဖေါင်းပွ တိုးဖေ့တွန်းကန် တောင့်ခိုင် စေသောကြောင့် သံတိုး,ကျောက်ခဲတို့ကဲ့သို့ ကျစ်ကျစ်လစ်လစ် မမာ မလေး ပွပျော့ ပေါ့ပါး လှုပ်ရှားနိုင်သည်။ ။ဤကား နှိုင်းဆရန်စကား။

ငါ့ကိုယ်, သူ့ကိုယ် လူတို့ ခန္ဓာကိုယ်၌ လူခြောက်မှုန့်တွေနှင့် တူသော တွေ့အိတ်, ထိအိတ်၊ အမှုန့်, အဖတ်၊ အမာခတ်သဘော တွေကိုပင် ပထဝီဓာတ် ဆိုရသည်။ ။သွေးနှင့်တူသော အစို အစွတ် အဖွဲ့ အစည်း အရည် အပျော် သဘောတွေ ကိုပင် အာပေါဓာတ်ဆိုရသည်။ ။နုဖတ်လတ်ဆတ် ပျောင်းပျော့အောင် ပူနွေးရင့်ကျက်စေတတ်သော အပူ–အအေး–အနွေးငွေ့တွေ ကိုပင်

တေဇောဓာတ် ဆိုရသည်။ ။ပေါင်းပွ တိုးဖွံ့ တွန်းကန် တောင့်ခိုင် စေတတ်သော လေဓာတ်တွေကိုပင် ဝါယောဓာတ် ဆိုရသည်။

ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော ယင်းဓာတ် လေးပါးတို့သည် အချင်းချင်းကျေးဇူးပြု၍ ဘယ်ဓာတ်ကို အတွင်း ဘယ်ဓာတ်က အပြင်ဟူ၍ မဆိုရဘဲ ပေါင်းစုလုံးထွေး၍ သတ္တဝါ အကောင်မဟုတ်ဘဲလျက် ငါအကောင်,သူအကောင် ခွေးကောင် လူကောင် သတ္တဝါအကောင် ထင်မှတ်ရအောင် လှည့်ပတ် ဘန်ဆင်းတတ်သည်၊ မိန္ဒမဲ့ တောတွေ တောင်တွေ ထင်ရအောင် လှည့်ပတ် ဘန်ဆင်းတတ်သည်။ ။လောက၌ မဟုတ်ဘဲလျက် အဟုတ်ထင်ရအောင် အထူးထူး အထွေထွေ လှည့်စား ဘန်ဆင်း တတ်သော မျက်လှည့်သမား, ဘီလူး, အစိမ်း, သူရဲ, သူဘက် ဘုတ်, ပြိတ်, တစ္ဆေတို့ကို မဟာဘုတ်ဟု ခေါ်ဆိုရင်းဖြစ်သည်။ ဓာတ်လေးပါးတို့ကိုကား ယင်း မဟာဘူတတို့နှင့်တူသောကြောင့် မဟာဘူတဟု တ,ကိုသတ်၍ မဟာဘုတ်ဟု ခေါ်ဆို ရပြန်သည်။ ကုလားနှင့် တူသောကြောင့် မြန်မာဖြစ်သူကို ကုလားဟု ခေါ်ဆို သကဲ့သို့မှတ်။

> မဟာဘူတသာမညတော မဟာဘူတာ။ ။အဘိဓမ္မာ အဋ္ဌကထာ။

မဟာဘူတ သာမညတော၊ မျက်လှည့်သမား,ဘီလူး,အစိမ်း, သူရဲ,သူဘက်,ဘုတ်,ပြိတ်,တစ္ဆေတို့နှင့်တူသည်၏ အဖြစ်ကြောင့်။ တာ၊ ထို ဓာတ်လေးပါး တို့သည်။ မဟာဘူတာ၊ မဟာဘုတ် မည်ကုန်၏။ ။အနက်။ ။ဤကားမဟာဘုတ်လေးပါး။

ဝဏ္ဏ-အဆင်းရုပ်။ ဂန္ဓ-အနံ့ရုပ်။ ရသ-ရသာရုပ်။ ဩဇာ- အဆီ, အစေး- ဩဇာ-အာဟာရရုပ်။ ဇီဝိတ- ကိုယ်စောင့်ရုပ်။ ဈုဿိဘာဝ-မိန်းမရုပ်။ ပုမ္ဘာဝ-ယောကျ်ားရုပ်။ ကာယပသာဒ- ကိုယ်အလုံး၌ အကြည်ရုပ်။ ဤရုပ်ရှစ်ခု တို့ကား တကိုယ်လုံး၌

စက္ခု-မျက်စိ၌ အကြည်ရုပ်။ သောတ-နား၌ အကြည်ရုပ်။ ဃာန-နှာခေါင်း၌အကြည်ရုပ်။ဇိဝှါ-လျှာ၌ အကြည်ရုပ်။ ဟဒယဝတ္ထု-ရင်လယ်၌ ဟဒယဝတ္ထုရုပ်။ သဒ္ဒ-အသံရုပ် ဤရုပ် ခြောက်ခုတို့ကား တဖန်၌ ပေါင်းဆုံလေးပါးသော ရုပ်တို့သည် မဟာဘုတ်ကို မှီတွယ် စွဲကပ်၍ တည်သောကြောင့် ဥပါဒါယရုပ် ခေါ်ဆိုသည်။

ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါယ ရူပံ။ ။(ဝိဘာဝနီ)။

ဥပါဒါယ၊ မဟာဘုတ်လေးပါးတို့ကိုမှီတွယ်စွဲကပ်၍။ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်။ ဥပါဒါယရူပံ၊ မဟာဘုတ် လေးပါးတို့ကို မှီတွယ်စွဲကပ်၍ဖြစ်သောရုပ်။ ။အနက်။ ။ဤကားဥပါဒါယရုပ်။

မဟာဘုတ်, ဥပါဒါယရုပ်တို့၏ ပေါင်းစု လုံးထွေး အစုအဝေးကိုပင် သူအကောင် ငါအကောင် သတ္တဝါ အကောင် ထင်ကြရ မြင်ကြရ ခေါ်ဆိုကြရလေသည်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, နှလုံးသား မပျက်သေးသော လူသေရုပ်ကောင်သည် ဘယ်အာရုံ တခုကိုမျှ အာရုံ မပြုတတ် ဘာမှန်းမှမသိတတ်။လူ့ရှင်ရုပ်ကောင်လည်း ထိုအတူ ဘယ်အာရုံ တခုကိုမှ အာရုံမပြုတတ် ဘာမှန်းမှ မသိတတ်။ ။အသိကား နာမ်တရားတမျိုးတခြားမှတ်။ ။ဆန့်ကျင်ဘက် သီတ, ဥဏှ, တို့နှင့် တွေ့ကြုံလျှင် ဖောက်ပြန်တတ်သောကြောင့် ယင်းမဟာဘုတ်ဥပါဒါယရုပ်တို့ကို ရုပ်ဟူ၍ဆိုရသည်။

ရုပ္ပတီတိရူပံ။ ။(ဝိဘာဝနီ)။ ။ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဇာတိတ်သွာ၊ ထိုကြောင့်။ ရူပံ၊ ရုပ်မည်၏။ ။အနက်။

ကေန ရုပ္ပတိ၊ သီတေနာပိ ရုပ္ပတိ ဥဏှေနာပိ ရုပ္ပတိ။ ။ အဘိဓမ္မာပိဋကင်းပါဠိတော်။

ကေန၊ အဘယ်တရားကြောင့်။ ရုပ္ပတိ၊ ဖောက်ပြန်သနည်း။ သီတေနာပိ၊ အေးတေဇော ဆွသောကြောင့်လည်း။ ရုပ္ပတိ၊

ဘောက်ပြန်တတ်၏။ ဥဏှေနာပိ၊ အပူတေဇော ဆွသောကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ။အနက်။

နေပူ,လေပူ, မိုးဖွဲ, လေဖွဲ, မှက်ဆိပ်, ခြင်ဆိပ်, မြွေဆိပ်, ကင်းဆိပ် စသည်တို့သည်လည်း တေဇောပင်။ မွတ်သိပ်ဆာလောင်ခြင်းတို့လည်း တေဇောသဏ္ဍာန်ပင် ဟူ၍မှတ်။ ဘောက်ပြန်ဆိုသည်မှာ အပေါင်း အသစ် ပျက်ဖြစ် စပ်ဆက် တွယ်ယှက်လုံးထွေးရှိနေကြသော ရုပ်ကလာပ်တွေကို သီတ,ဥဏှနှင့်တွေ့ဆုံသောအခါ ရှေ့ဖြစ်ပုံအစဉ်မတူ အမူကွဲလွဲ တပုံတနဲဖြစ်သည်ကိုဆိုသည်မှတ်။ ။ရုပ်တို့၏အစဉ်မှာ ထပ်ဆက်ဖြစ်၍ ဤသို့သောဘောက်ပြန်ခြင်းကို ရအပ်သည်။ နာမ်တရားတို့၏ အစဉ်မှာပေါ့ဆက်ဖြစ်၍ထင်ရှင်းသော ဤအဘောက်အပြန်မျိုးကိုမရအပ်။ ရုပ်ကလာပ် တခုထဲ၌လည်း မရအပ်မှတ်လေ။

> ဝိကာရုပ္ပတ္တိစ သီတာဒိသန္နိပါတေ ဝိသဒိသရူပုပ္ပတ္တိယော။ ။မူလဋီကာ။

ဝိကာရုပ္ပတ္တိစ၊ ဘောက်ပြန်ခြင်းသို့ ရောက်ခြင်းသည်လည်း။ သီတာဒိသန္နိပါတေ၊ သီတစသည်တို့နှင့်ပေါင်းဆုံမိသောအခါ၌။ ဝိသဒိသရူပုပ္ပတ္တိယော၊ ရှေ့ရုပ်နှင့်မတူသော နောက်ရုပ်တို့၏ ဖြစ်ခြင်းသာလျှင်တည်း။ ။အနက်။ ။နာမ်ဆိုသည်မှာ မျက်စိအိမ်, နားအိမ်,နှာခေါင်းအိမ်,လျှာအိမ်,ကိုယ်ဟူသောအအိမ်,နှလုံးဟူသောအအိမ် ခြောက်ခုတို့၌ အာရုံခိုက်တိုက်တိုင်း ဟခုပြီးတခုတဖြုတ်ဖြုတ် တဖွါးဖွါး အမြဲဖြစ်ပေါ်၍နေသော အပေါ်သဟဲနှင့်တကွသော အသိတွေကိုဆိုသည်မှတ်။ယင်းအသိကိုပင် စိတ်ဟူ၍လည်းဆိုသည်။ ဝိညာဏ်ဟူ၍လည်းဆိုသည်။ အပေါ်သဟဲနှင့် တကွသော ယင်းစိတ်ဝိညာဏ်ဟူသော အသိကို အာရုံကို သိတတ်အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်ဆိုရပြန်သည်။

နမတီတိနာမံ။ ။ ဝိဂြိုဟ်)။ ။နမတိ၊အာရုံသို့ ညွတ်တတ်၏။ ဣတိဘသ္မာ၊ ထိုကြောင့်။နာမံ၊ နာမ်မည်၏။ ။အနက်။

ညွတ်ဆိုသည်မှာလည်း မထွန်းမသန်သောသူသည် ကြိုးတန်း ကြိမ်တန်းကို ဆွဲကိုင်ရမှ ထနိုင်သကဲ့သို့ မဆွဲမကိုင် ရသော် မထနိုင်သကဲ့သို့ထိုအတူ စိတ်ဝိညာဏ်ဟူသော အသိသည်လည်း အာရုံရှိမှ အာရုံနှင့် ဘက်စပ်ရမှ အာရုံကို ဆွဲကိုင်ရမှ ဖြစ်နိုင် ပေါ်နိုင်သည်။ အာရုံနှင့်ကင်း၍ မဖြစ်နိုင် မပေါ်နိုင်။ ထိုကြောင့် အာရုံသို့ချည်းကပ်ရသကဲ့သို့ အာရုံသို့ ရှေးရှုသည်ကို ဆိုသည်။

နမနံအဝိနာဘာဝတော အာရမ္မဏာဘိ မုခတာ။ ။မူလဋီကာ။

အဝိနာဘာဝတော၊ အာရုံနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်။ အာရမ္မဏာဘိ မုခတာ၊ အာရုံသို့ ရှေးရှုသည်၏ အဖြစ်သည်။ နမနံ၊ ညွတ်ခြင်းမည်၏။ ။အနက်။ ။အဇ္ဈိမ်ခြောက်ခုတို့၌ ပိုင်၍ မဖြစ်ကောင်း တဇ္ဈိမ်၌ဖြစ်ပြီးမှ တဇ္ဈိမ်၌ဖြစ်သည်။

ရှောက်သီးကိုစား, ကိုယ်ယား, ညှော်နံ, အသံကိုနားထောင် လျက် ကြည့်ရှုနှစ်သက်သောပွဲကြည့်သမားဆိုရသောရုပ်ကောင် ၏ အဇ္ဈိမ်ခြောက်ခုတို့၌သော်လည်း စားစိတ် ,ယားစိတ်, နံစိတ်, ကြားစိတ်, မြင်စိတ်, နှစ်သက်သောစိတ်၊ စိတ်ခြောက်မျိုးပိုင်၍ မဖြစ်။ တဇ္ဈိမ်၌ဖြစ်ပြီးမှ တဇ္ဈိမ်၌ဖြစ်သည်။

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ပစ္ဆိမံ ဇာယတေ တတော။ ။ဝိသုဒ္ဓိမဂ်။

ပုရိမံ၊ ရှေ့ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဘိဇ္ဇတေ၊ ပျက်လေ ပျောက်လေ၏။ တတော၊ ထိုရှေ့စိတ်ပျက်ပြီး ပျောက်ပြီးမှ။ ဝါ၊ ထိုရှေ့စိတ် ပျက်လေ ပျောက်လေခြင်းကြောင့်။ ပစ္ဆိမံ၊ မဖြစ်ဘူး သေးသော နောက်စိတ်သည်။ဇာယတေ၊ အသစ် ဖြစ်ပေါ်လေ၏။ အနက်။

ဖြစ်, အပျက်တွေမြန်လှသောကြောင့် တပြိုင်ထဲ ဖြစ်သကဲ့သို့ ထင်ရသည်။မျက်စိတမှိတ်ခန့် ကာလအတွင်း ကုဋေတသိန်းမက တန်းစည်၍ ဖြစ်ပျက် ကြောင်းကို ကျမ်းဂန် တို့၌ ဆိုသည်။ ထိုကြောင့် တယောက်သော ပုဂ္ဂိုလ်သန္တာန်မှာ စိတ်နှစ်ခု သုံးခု စသည် တပြိုးထဲ တပြွတ်ထဲ အတူပြိုင်၍ မရကောင်း။ အခါ

ခပ်သိမ်း တခုသောဗိတ်သာ ရကောင်းသည်။ ။ရုပ်လည်း တမျိုး တခြား,နာမ်လည်းတမျိုး တခြား ရုပ်, နာမ်နှစ်ပါး ပေါင်းစပ်ရမှ လှုပ်တတ် လှုက်တတ် အရှင်သတ္တဝါအကောင်ကဲ့သို့ထင်ရသည်။ သို့ကြောင့် ကြိုးဆွဲရုပ် က,သကဲ့သို့ ဘုတ်ကောင်ကြောင့် လူသေကောင် ထ,သကဲ့သို့မှတ်။

တခုထဲသင်မှတ်၊ မျှင်မပြတ်လျှင်၊ ပညတ်ပင်။
အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ်။
ပညတ်ကား အတုံး,အတုံး၊ အချောင်း,အချောင်း။
အဟောင်း,အဟောင်း။
ပရမတ်ကား၊ အပြတ်,အပြတ်၊
အတစ်,အတစ်၊ အသစ်,အသစ်။

ရုပ်, နာမ် နှစ်ပါးတို့၏အကျယ်ကို နောက်မှ ပြအံ့။ ပရမတ် အစစ် အသား နှစ်က အကျဉ်း ထုတ်နုတ်သည် ပြီး၏။

## ၃၂–အတ္တဒိဋ္ဌိကိုပြဆိုခြင်း

အတ္တဒိဋ္ဌိကိုပြဦးအံ့။ အဝိဇ္ဇာ ဖုံးအုပ်၍ နာမ်နှင့်ရုပ်ကို အဟုတ် ပိုင်ပိုင် မခွဲခြမ်းနိုင် မပိုင်းခြားနိုင် နာမ်,ရုပ်၏ အဖြစ် သနစ်ကို အဟုတ်သိ တကယ်သိ မသိမမြင်နိုင်ကြသည့် အတွက် ပညတ်ကို မခွါမလှန်နိုင်ကြကုန်။ ပညတ်ကို မခွါမလှန်နိုင်ကြသည့် အတွက် ပညတ်ကို အခွဲပြု၍ ပုထုဇဉ်တို့သည် တဏှာ, မာန, ဒိဋ္ဌိတရား သုံးပါးတို့ဖြင့် အလွဲလွဲ ထင်မှား မြင်မှား စွဲလမ်းကြကုန်၏။ ယင်း တရားသုံးပါး တို့ကို ထင်မှား မြင်မှား ယူမှား စွဲလမ်းတတ် သောကြောင့် မညနာ တရားဟူ၍လည်း ဆိုအပ်ကုန်၏။

မညန္တီတိ မညနာ။ ။မညန္တိ၊ထင်မှား မြင်မှား ယူမှား စွဲလမ်းတတ်ကုန်၏။ဣတိတသ္မာ၊ ထိုကြောင့်။မညနာ၊ မညနာမည်ကုန်၏။ အနက်။

အဘယ်သို့ ထင်မှား မြင်မှား ယူမှား စွဲလမ်းကြ သနည်း ဆိုသော် ရုပ်ကို အတ္တဟူ၍ရင်း, နာမ်ကိုအတ္တဟူ၍ရင်း, ရုပ်နာမ် နှစ်ပါးလုံးကို အတ္တ ဟူ၍ရင်း, ထင်မှား မြင်မှား ယူမှား စွဲလမ်း

ကြကုန်၏။ ။ထင်ရှား စေဦးအံ့။ အချို့ ပုထုဇဉ်တို့သည် နာမ် ဟူ၍ တခြားမရှိ၊ရုပ်သာရှိသည်။ထိုထိုအာရုံကို သိတတ် ချမ်းသာ ဆင်းရဲကို ခံစားတတ် ထိုထိုကိစ္စကို ပြီးစေတတ်ဆိုသမျှ ရုပ်သတ္တိ ရုပ်အာနုဘော် ရုပ်သည်ပင်အတ္တ ရုပ်သည်ပင်ကိုယ် ရုပ်သည်ပင် အကောင် ထိုအတ္တ ထိုကိုယ် ထိုအကောင်သည် တခုထဲ တရှိထဲ ခိုင်မြဲသည်ဟု ထင်မှား မြင်မှား ယူမှား စွဲလမ်း ကြကုန်၏။ ဤလိုရုပ်ကို အတ္တ,ဟူ၍ ယူမှား စွဲလမ်းကြကုန်သည်။ အချို့သော ပုထုဇဉ်တို့သည် ရုပ်ကိုယ်ကြီးထဲ၌နာမ်ရှိသည်။ ထိုနာမ်သည်ပင် အတ္တ၊ထိုနာမ်သည်ပင်ကိုယ်၊ထိုနာမ်သည်ပင် အကောင်၊ ထိုအတ္တ ထိုကိုယ်ထိုအကောင်သည်တခုထဲ တရှိထဲ၊ခိုင်မြဲသည်ဖြစ်၍၊ထိုထို အာရုံကို သိတတ်, ချမ်းသာဆင်းရဲကို ခံစားတတ်, ထိုထိုကိစ္စကို ပြီးစေတတ်သည်။ ထိုအတ္တ ထိုကိုယ် ထိုအကောင်သည် ရုပ်ပျက် သော်လည်း သူမပျက်၊ ဘဝတပါးထွက်သွားကူးပြောင်းသည်ဟု ထင်မှား မြင်မှား ယူမှား စွဲလမ်းကြကုန်၏။ ။ဤလိုနာမ်ကိုအတ္တ ဟူ၍ စွဲလမ်းကြကုန်၏။ ။အချို့သော ပုထုဇဉ်တို့သည် ရုပ် နာမ် နှစ်ပါးလုံးကိုပင် တခုထဲ တရှိထဲ ခိုင်မြဲသော အတ္တ ခိုင်မြဲ သော ကိုယ် ခိုင်မြဲသော အကောင်၊ ထိုအတ္တ- ထိုကိုယ် ထိုအကောင်သည် ထိုထိုအာရုံကို သိတတ် ချမ်းသာဆင်းရဲကို ခံစားတတ် ထိုထိုကိစ္စကို ပြီးစေတတ်သည်ဟု နာမ်, ရုပ် နှစ်ပါး လုံးကိုပင် အတ္တဟူ၍ ယူမှား စွဲလမ်းကြကုန်၏။ ။ယင်းအယူ သုံးပါးလုံးကိုပင် အတ္တဒိဋ္ဌိဆိုသည်။

အတ္တာတိ ပဿတီတိ အတ္တဒိဋ္ဌိ။ ။(ဝိဂြိုဟ်)။

အတ္တာတိ၊ အတ္တဟူ၍။ ဝါ၊ ကိုယ်ဟူ၍။ ဝါ၊ အကောင်ဟူ၍။ ပဿတိ၊ မဟုတ်ဘဲ အလွဲသိမြင်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိမည်၏။ ။အနက်။

ယင်းအတ္တဒိဋ္ဌိကို သက္ကာယဒိဋ္ဌိဟူ၍လည်း ဆိုသည်။

သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ (ဝိဂြိုဟ်)။

ဇုဋ္ဌာသယ (က) ၁၄၀-၇

သညာယော၊ အဟုတ်ရှိသော နာမ်, ရုပ် နှစ်ပါးအပေါင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ အတ္တ ဟူ၍ မှားသော အယူတည်း။ သညာယဒိဋ္ဌိ၊ အဟုတ်ရှိသော နာမ်,ရုပ် နှစ်ပါး၌ အတ္တဟူ၍ မှား သော အယူ။ ။အနက်။

မြန်မာ လူမျိုးတို့ကား မှားသော အားဖြင့် ရုပ် ကိုယ်ထဲ၌ တရှိထဲမြဲသော ဝိညာဏ်ရှိသည်။အသက်ရှိသည်။ ဝိညာဏ်ကား သိတတ် ထိုထိုကိစ္စကို ပြီးစေတတ်သည်။ အသက်ကား အစောင့် အရှောက်၊ သေသောအခါ ဝိညာဏ်ကားချုပ်ငြိမ်း ပျောက်ပျက် လေ၏။ ရုပ်လည်း ရိပုပ် ဆွေးမြေ့လေ၏။ အသက်ကား ဘဝ တပါးထွက်သွားကူးပြောင်းသည်ဟု ယူမှားကြကုန်၏။ ။အချို့ ကား အသက်ဟူ၍မရှိ။ ဝိညာဏ်သာရှိသည်။ ယင်း ဝိညာဏ် သည် တခုထဲ တရှိထဲ အမြဲတည်သည်။ ရုပ်ပျက်သော်လည်း သူမပျက်။ ဘဝတပါး ထွက်သွားကူးပြောင်းသည်ဟု ယူမှားကြ ကုန်၏။ ။ဤအယူနှစ်ပါးတို့လည်း နာမ်ကို အတ္တ,ဟု ယူသော အယူပင်တည်း။ ။နာမ်၌လည်း အချို့သူ ဝေဒနာကိုပင် အတ္တ၊ အချို့သူ သညာကိုပင် အတ္တ၊အချို့သူ သင်္ခါရကိုပင်အတ္တ၊ဝိညာဏ် ကိုပင် အတ္တ၊ အချို့သူ ခန္ဓာငါးပါးမှ အလွတ် အတ္တရှိသည်ဟု ယူမှား စွဲလမ်းကြကုန်၏။ ။သိသာလွယ်အောင်သာ ရေးလိုက် သည်။ အတ္တဒိဋ္ဌိကား မှား၏။ အဘယ်ကြောင့်နည်း ဆိုသော်—

ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော။ ။ထိုထို အဋ္ဌကထာတို့၌ လာသောပါဠိ။

ဟိယသ္မာ၊ အကြင်ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ဥမ္မတ္တ ကော ဝိယ၊ အရူးနှင့်တူ၏။တသ္မာ၊ထိုကြောင့်တည်း။ ။အနက်။

အကျယ်ပွါး၍ အတ္တဒိဋ္ဌိ နှစ်ဆယ်ကို ကျမ်းဂန်တို့၌ ပြ၏။ ဉာဏ်မနိုင်လျှင် ရှုပ်ရုံသာရှိမည်ကြောင့် မပြလိုက်သည်။

အတ္တဆိုသော စကားလုံးကို ထင်ရှား စေဦးအံ့။ ။အကြင် ဝတ္ထုသည် နိစ္စ-မြဲလည်းမြဲ၏။သုခ-ချမ်းသာလည်း ချမ်းသာ၏။ မကောင်းသော အာရုံနှင့်တွေ့ကြုံလျှင်သာ ဒုက္ခဖြစ်၏။ အရှင်ဟူ၍

အကောင် ဟူ၍လည်း ဆိုရ၏။ ထိုဝတ္ထုကို အတ္တဟူ၍ ဆိုလေသည်။ ။ထင်ရှားစေဦးအံ့။ ။ပရမတ်ပျက်ပိ အလင်းမရှိသော အန္ဓပုထုဇဉ်တို့ သတ္တဝါတို့ ကိုယ်မှာ လိုရင်း အထယ်ကိုယ် ရှိသည်။ ယင်း အထယ်ကိုယ်သည်။ နိစ္စ-မြဲသည်ဖြစ်၍ နေ့ဆက် ရက်ဆက် ဘဝဆက်မပျက်မစီးဘဲ တရှိထဲ ရှိသည်။ သုခဖြစ်၍ ချမ်းလည်း ချမ်းသာသည်။အရှင်ဟူ၍လည်း ဆိုရသည်။အကောင် ဟူ၍လည်း ဆိုရသည်။ ယင်း အထယ်ကိုယ် အကောင်သည် သိလည်း သိတတ် ချမ်းသာ ဆင်းရဲကိုလည်း ခံစားတတ်သည်။ အလိုသို့လိုက်တတ်- လိုက်စေတတ်သည်။ ဖြစ်ချင်သလို ဖြစ်နိုင်သည်။ သူလိုရင်း သူမရှိက အသေဖြစ်သည်ဟု မဟုတ်, မရှိဘဲ ထင်မှား, မြင်မှား,ယူမှား-စွဲလမ်းကြကုန်သည်။

ယင်းသို့အန္ဓပုထုဇဉ်တို့ ထင်မှား, မြင်မှား, ယူမှားစွဲလမ်းကြသောမဟုတ်,မရှိသောအထယ်ကိုယ်ကိုပင် အန္ဓပုထုဇဉ်တို့ အလို မာဂဓ ဘာသာဖြင့် အတ္တ-ဟူ၍ ခေါ်ဆိုလေသည်။ မြန်မာဘာသာဖြင့် အထယ်ဟူသော ရှေးအသံကို ပျောက်၍ ကိုယ်-ဟူ၍ ခေါ်ဆိုလေသည်။ အကောင်ဟူ၍လည်း ခေါ်ဆိုလေသည်။ မြန်မာခေါ် အကောင်ဆိုသောအသံနှင့် မာဂဓ-ခေါ် အတ္တဆိုသော အသံ၊ပုဂ္ဂလ-ဆိုသောအသံ၊ သတ္တ-ဆိုသောအသံ၊ ဇီဝ-ဆိုသော အသံတို့ကား အသံတူ အသံကွဲမှတ်။ အတ္တ, သတ္တ, ပုဂ္ဂလ, ဇီဝ-သဒ္ဒါတို့ အကောင်ဟူသော အနက်ကို ဟောသည် ဆိုလိုသည်။

"ပုဂ္ဂလောတိ အတ္တာသတ္တော ဇီဝေါ"။ ။ဟူ၍ ကထာဝတ္ထု အဋ္ဌကထာ၌ အနက်တူဘွင့်ပြ၏။

ပုဂ္ဂလောတိ၊ ပုဂ္ဂိုလ်ဆိုသည်ကား။ အတ္တာ၊ သွား,လာတတ်သော အကောင်။ သတ္တော၊ အာရုံ၌ငြိကပ်တတ်သော အကောင်။ ဇီဝေါ၊ ရှင်သောအကောင်။ ဝါ၊ အသက်ရှိသော အကောင်။ ဤသို့ အနက်ပေး။

မဟုတ်, မရှိဘဲ, ထင်မှားမြင်မှား စွဲလမ်းကြသော အတ္တဒိဋ္ဌိကို ဖျက်ဆီးရန် နည်းလမ်းကိုပင် သာသနာ ဆိုရသည်။ ။အတ္တဒိဋ္ဌိကို ပြသည်ပြီး၏။

## ၂၄—အတ္တဒိဋ္ဌိအပြစ်ကို ပြခြင်း

အတ္တဒိဋ္ဌိ၏ အပြစ်ကိုပြဦးအံ့—

အတ္တဒိဋ္ဌိမူလကာ သဿတုစ္ဆေဒဒိဋ္ဌိယော။ ပဏ္ဏာသပါဠိတော်။

သဿတုစ္ဆေဒဒိဋ္ဌိယော၊ သဿတဒိဋ္ဌိ—ဥစ္ဆေဒဒိဋ္ဌိ အစရှိကုန်သောဒိဋ္ဌိအမျိုးမျိုးတို့သည်။ အတ္တဒိဋ္ဌိမူလကာ၊ အတ္တဒိဋ္ဌိလျှင် ဖြစ်ရာ အမြစ်ရှိကုန်၏။ ပါ၊အတ္တဒိဋ္ဌိကြောင့် ဖြစ်ပေါ်ကြရကုန်၏။ အနက်။

အဓိပ္ပါယ်မှာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ—အစရှိကုန်သော အမှောက်အမှား များစွာကုန်သော ဒိဋ္ဌိအမျိုးမျိုးတို့သည် အတ္တဒိဋ္ဌိမှပေါက်ပွါးကုန်သည် ဆိုလိုသည်။ ။သဿတဒိဋ္ဌိ ဆိုသည်မှာ အတ္တဟုဆိုအပ်သော ကိုယ်သည်,အသက်သည်, အကောင်သည်, သေသော်လည်းမပျက်။ဘဝတပါး ထွက်သွားကူးပြောင်းသည်ဟု ယူသောအယူကိုဆိုလိုသည်။ ။ဥစ္ဆေဒဒိဋ္ဌိ,ဆိုသည်မှာ သေသည်ရှိသော် ပြတ်၏။ ပျောက်၏,ဟု ယူသောအယူကို ဆိုသည်။

ဒိဋ္ဌိအမျိုးမျိုးတို့သာ မဟုတ်သေး၊ အပါယ်ဘုံသို့ ဆွဲငင်ပစ်ချတတ်ကုန်သော အကုသိုလ် ဒုစရိုက်တွေတို့လည်း အတ္တဒိဋ္ဌိမှ ပေါက်ပွါးကြကုန်၏။ ။အတ္တဒိဋ္ဌိ မကင်းက အဓိကိုသော်လည်း သတ်နိုင်လတ္တံ့။ အဘကိုသော်လည်း သတ်နိုင်လတ္တံ့။

> သာဝတ္ထော ပုထုဇ္ဇနဘာဝေါ၊ ယတြဟိ နာမ ပုထုဇ္ဇနော မာတုဃာတာဒိနိပိ အနန္တရိယာနိ ကရိဿတိ။ အင်္ဂုတ္တိုရ်စသော အဋ္ဌကထာ။

ပုထုဇ္ဇနဘာဝေါ၊ ပုထုဇဉ်၏ အဖြစ်သည်။ သာဝဇ္ဇော၊ အပြစ်နှင့်တကွဖြစ်၏။ ယတြဟိနာမ၊ အကြင့်ကြောင့်သာလျှင်။

ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ မာတုဃာတာဒီနိ၊ အမိကိုသတ်ခြင်း အစရှိကုန်သော။အနန္တရိယာနိပိ၊ အနန္တရိယ ကံကြီးငါးပါးတို့ကို သော်လည်း။ကရိသ္သတိ၊ ပြုနိုင်လတ္တံ့။ ။အနက်။

အတ္တဒိဋ္ဌိ မကင်းသောသူကို ပုထုဇဉ်ဆိုရသည်။ ပုထုဇဉ် ဟူက, လူမင်းကြီး,နတ်မင်းကြီး, ဗြဟ္မာမင်းကြီးဖြစ်သော်လည်း မှုပြစ်မလွတ်၊ ရာဇဝတ်ကောင်သာမှတ်ရသည်။ အတ္တဒိဋ္ဌိကင်း သောသူကို မှုပြစ်မရှိ ဘေးမငြိသော အရိယာဟူ၍ ဆိုရသည်။ အတ္တဒိဋ္ဌိ မကင်းက အပါယ်ဘုံနှင့် အမွေမကင်းပြတ်။ အတ္တဒိဋ္ဌိ မကင်းက အပါယ်မင်းတို့ပိုင်နက် လောကီဘက်သား အတ္တဒိဋ္ဌိ ကင်းက အပါယ်မင်းတို့ မပိုင်မဆိုင်သော လောကုတ္တရာ ဘက်သား။ ။ဆိုစကားမှန်၏။ ပုထုဇဉ် အဖြစ်မှ ထွက်မြောက်၍ အရိယာ၏အဖြစ်သို့ မရောက်နိုင်ကြသည်ကား အတ္တဒိဋ္ဌိခုခံသည့် အတွက်ပင်။ အပါယ်နှင့် အမွေမကင်းပြတ်နိုင်ကြသည့် အတွက် ပင်။ လောကီဘက်မှ လောကုတ္တရာဘက်သို့ မကူးထွက်နိုင်ကြ သည်လည်း အတ္တဒိဋ္ဌိတည်းဟူသော တံခါးမိတ်ကာ ခြားဆီးသည့် အတွက်ပင်။ အတ္တဒိဋ္ဌိကား အပြစ် များလှ၏။ ကြောက်ဘွယ် ကောင်းလှ၏။

## ၂၅–အတ္တဒိဋ္ဌိကင်းသည်၏ အကျိုးကို ပြခြင်း

အတ္တဒိဋ္ဌိကင်းခြင်း၏ အကျိုးကို ပြဦးအံ့။ ။အတ္တဒိဋ္ဌိကင်းလျှင် ဝိစိကိစ္ဆာလည်း ကင်းလေ၏။ ။ဝိစိကိစ္ဆာ ဆိုသည်ကား အနိစ္စ, ဒုက္ခ, အနတ္တ–ဆိုသည် ဟုတ်ပါလေ၏လော။ ဘုရား ဆိုသည်, တရားဆိုသည်, သံဃာဆိုသည် ဟုတ်မှ ဟုတ်ပါလေ၏လော၊ ငါတို့ဗုဒ္ဓဘာသာအယူ မှန်မှမှန်ပါ၏လော၊ တပါးလူမျိုးတို့အယူ ကပင် မှန်လေသလော၊ဤသို့စသည်ဖြင့် ယုံမှားခြင်းကို ဆိုသည်။ ယုံမှား ဆိုသည်မှာလည်း လမ်းနှစ်ခွ၌ မသိသော ခရီးသွား စိတ်နှစ်ခွဖြစ်သည်နှင့် တူ၏။ ဘုရားမြတ်စွာသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်တော်မူသောအခါ သုရဗ္ဗဒ္ဓမည်သောဒါယကာ

ဘဝဂ်သို့ရောက်၍ နာမ်, ရုပ်တို့၏ အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာ ဒုက္ခသစ္စာကို ဟောပြသဖြင့် သုရမ္ဗဋ္ဌဒါယကာအား အဆိုပါဒိဋ္ဌိ ကင်းရှင်းစေ၍ ကြွသွားတော်မူပြီးနောက် တဘန် ပြန်လာ၍ သုရမ္ဗဋ္ဌကို ခေါ်ပြီးလျှင် သုရမ္ဗဋ္ဌ ငါဘုရားသည် သတိလွတ်၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဟောမိသည်။ နိစ္စ, သုခ, အတ္တ–ဟူ၍ မှတ်လော့ဟု ဆိုလေလျှင် သုရမ္ဗဋ္ဌဒါယကာသည် ဘုရားတို့အား သတိလွတ်ကင်းသည် ဟူ၍ မရှိ။ ရုပ်,နာမ်, သင်္ခါရ ဟူသမျှ နိစ္စ, သုခ, အတ္တဟူ၍ မရှိဟု ဉာဏ်ဖြင့် ဆုံးဖြတ်၍ ရောင်ခြည်လျှံညီး အံ့မပြီးနိုင်သည့် ဘုရားကိုယ်တော်ကြီးကို မော်ကြည့် ပြီးလျှင် ကိုယ်တော်ဘသူတုန်း ဟူ၍ မေးလေလျှင် ငါ, မာရ်နတ်ဟု ဆို၍ကွယ်ပျောက်လေ၏။

ဤသို့ အတ္တဒိဋ္ဌိကင်းသော သူတို့ ဉာဏ်မျက်စိဖြင့် ဘုရားကို သိမြင် တရားကို သံဃာကို သိမြင် တေဘူမကဟူသမျှ အနိစ္စ, ဒုက္ခ,အနတ္တ-တို့ချည်းသာဟု ဆုံးဖြတ် သိမြင်၍ တလင်းထဲသင်း တရှင်းထဲရှင်း ဝိစိကိစ္ဆာကင်းလေသည်။ ။အတ္တဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်းလျှင် အပါယ်မြစ်ပြတ်လေ၏။အပါယ်နှင့် အမွေကင်းပြတ်၏။ အပါယ် မင်းတို့ ပိုင်နက် လောကီ ဘက်မှ ထွက်မြောက်၍ လောကုတ္တရာ ဘက်သို့ ရောက်ရလေ၏။ လောကုတ္တရာ ဘက်၌ ဘုံလေးဆင့်ရှိသည်တွင် သောတာပတ္တိဘုံသို့ရောက်၍ သောတာပတ္တိဘုံသား သောတာပန်ပုဂ္ဂိုလ်ဖြစ်ရလေ၏။ ယင်းသောတာပန် ပုဂ္ဂိုလ်သည် အပါယ်သံသရာမှ ကျွတ်လွတ်၍ သုဂတိသံသရာမှ မကျွတ် မလွတ်သေး။ မကျွတ် မလွတ် ဆိုသော်လည်း အချို့ သောတာပန် တကြိမ် ပဋိသန္ဓေ နေပြီးနောက် ကျွတ်လွတ်၏။ ယင်းသောတာပန်ကို ဧကဗီဇီဆိုသည်။ အချို့ နှစ်ကြိမ်၊ အချို့ သုံးကြိမ်၊ အချို့လေးကြိမ်၊ အချို့ငါးကြိမ်၊ အချို့ ခြောက်ကြိမ် ပဋိသန္ဓေနေ၍ ကျွတ်လွတ်၏။ ယင်း ငါးယောက်ကို ကောလံကောလသောတာပန်ဆို သည်။ ။အချို့ခုနစ်ကြိမ် ပဋိသန္ဓေနေ၍ ကျွတ်လွတ်၏။ယင်းသောတာပန်ကိုသတ္တက္ခတ္တုပရမသောတာပန်

ဆိုသည်။ရှစ်ကြိမ်ပဋိသန္ဓေနေသည့်ဟူ၍မရှိ။ ။နတောဘဝံ အဋ္ဌမံ မာဒိယန္တိ။ ။ခုဒ္ဒကပါဌ ပါဠိတော်။ ။တေ၊ ထိုသောတာပန် ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ၊ ရှစ်ကြိမ်မြောက်သော။ ဘဝံ၊ ဘဝကို။ နအာဒိယန္တိ၊ မယူကုန်။ အနက်။

သကဒါဂါမိဘုံသို့ ရောက်ကြသော သကဒါဂါမ် ဘုံသား သကဒါဂါမ် ပုဂ္ဂိုလ်တို့ကား သောတာပန္နဲ ဘုံသား တို့ထက် အသိဉာဏ်သာသည်၊ ကိလေသာပါးသည်၊ ဤမျှသာထူးသည်။ ယင်းသဒါဂါမ် ပုဂ္ဂိုလ်သည် လူ့ဘုံ၌ သကဒါဂါမိမဂ်ကို ရ၍ နောက်တဘဝနတ်ဘုံ၌, လူ့ဘုံ၌ဘဝဆုံးနှစ်ယောက်။ နတ်ပြည်၌ သကဒါဂါမိမဂ်ကို ရ၍ နောက်ဘဝ နတ်ဘုံ၌, လူ့ဘုံ၌ ဘဝဆုံး နှစ်ယောက်။ ။လူ့ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ နတ်ဘုံ၌ဖြစ်ပြီးမှ လူ့ဘုံ၌ ဘဝဆုံးတယောက်။ ။နတ်ပြည်၌ ယင်း မဂ်ကို ရ၍ လူ့ပြည်၌ ဖြစ်ပြီးမှနောက်တဘဝ နတ်ပြည်၌ဘဝဆုံးတယောက်။ ပေါင်းခြောက်ယောက်ရှိသည်။ ။ဆဋ္ဌပုဂ္ဂိုလ် သုတ်မဟာဝါ အဋ္ဌကထာ၌ လာ၏။ ။အကျဉ်းချုပ် ရေတွက်သော်ကား တကြိမ် ပဋိသန္ဓေနေ၍ ဘဝဆုံးသော သကဒါဂါမ်, နှစ်ကြိမ် ပဋိသန္ဓေ နေ၍ ဘဝဆုံးသော သကဒါဂါမ်ဟူ၍ နှစ်မျိုးသာ ရှိသည်။ ။ သောတာပန် သုံးယောက်, သကဒါဂါမ် ငါးယောက်, ခြောက်ယောက်တို့ကို ကာမဘုံတွင် ဘဝဆုံးသော ပုဂ္ဂိုလ်ကို ရည်၍ ဟောတော်မူသည်မှတ်။ ဗြဟ္မာဘုံသို့တက်လတ္တံ့ ဘုံစဉ်စံ သောတာပန်, သကဒါဂါမ်တို့ မပါ။

သတ္တက္ခတ္တုပရမသ, ကောလံကောလသ, ဧကဗီဇိသ, သကဒါဂါမိသ၊ယောစ ဒိဋ္ဌေဝဓမ္မေ အရဟာ။ ဣမေသံ ပဉ္စန္နံ ဣဓနိဋ္ဌာ။

ပုဂ္ဂလပညတ်ပါဠိတော်။

သတ္တက္ခတ္တု ပရမသ၊ သတ္တက္ခတ္တု ပရမ သောတာပန် အားရင်း။ ကောလံကောလသ၊အားရင်း။ ဧကဗီဇိသ၊အားရင်း။ သကဒါဂါမိသ၊ အားရင်း။ ယောစ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။

ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌။ အရဟာ၊ ရဟန္တာ ဖြစ်၏။ ဣမေသံ ပဉ္စန္နံ၊ ဤငါးယောက်သော ပုဂ္ဂိုလ် တို့အား။ ဣဓ၊ ဤကာမဘုံ၌။ နိဋ္ဌာ၊ ဘဝဆုံးကြကုန်၏။ ။အနက်။ ။ဣဓာတိ ကာမာဝစရ ဘူမိယံ၊ အဋ္ဌကထာ။ ၊ဝိသာခါ, အနာထပိဏ်, သိကြားမင်း, အနေကဝဏ္ဏနတ်သား စသောပုဂ္ဂိုလ်တို့ ဘုံစဉ်စံ သောတာပန်။ ။ထိုကြောင့်လိုရင်းအချုပ်—

၁။ သတ္တက္ခတ္တုပရမ-သောတာပန်,

၂။ ကောလံကောလ-သောတာပန်,

၃။ ဧကဗီဇီ-သောတာပန်,

၄။ ဘုံစဉ်စံ-သောတာပန်,

ဟူ၍ သောတာပန် လေးမျိုးမှတ်။

၁။ ဧကဗီဇီ-သကဒါဂါမ်,

၂။ ဒွိဗီဇီ-သကဒါဂါမ်,

၃။ ဘုံစဉ်စံ-သကဒါဂါမ်,

ဟူ၍သကဒါဂါမ် သုံးမျိုးမှတ်။

အနာဂါမိဘုံသို့ ရောက်ကြရသော အနာဂါမိဘုံသား အနာဂါမ်ပုဂ္ဂိုလ် တို့ကား ကာမရာဂနှင့်တကွ ဒေါသ အကြွင်းမဲ့ ကင်းစင်၍ ကာမဘုံသံသရာမှ ကျွတ်လွတ်၍ ဗြဟ္မာဘုံသံသရာ၌သာ ကျင်လည်ရတော့၏။ ။အရဟတ္တဘုံသို့ ရောက်ကြရသော အရဟတ္တဘုံသား ရဟန္တာတို့ကား ကုသိုလ်,အကုသိုလ် ကုန်ခန်း ကင်းစင်၍ သုံးဆဲ့တဘုံသံသရာမှ ကျွတ်လွတ်လေ၏၊ ချမ်းသာတို့ ဆင်းရဲကင်းဘို့ ဒါန,သီလ, ဘာဝနာ အားထုတ်ဘွယ် ကိစ္စမရှိ၊ အလုံးစုံ ကိစ္စပြီး၍ စိတ်ချလက်ချ နေကြီး နေရလေ၏။ အလုံးစုံ ကိစ္စပြီး နေကြီးနေရသော အရဟတ္တဘုံသို့ အနာဂါမိဘုံက ကူးရသည်။ အနာဂါမိဘုံသို့ သကဒါဂါမိဘုံက ကူးရသည်။ သကဒါဂါမိဘုံသို့ သောတာပတ္တိဘုံက ကူးရသည်။ သောတာပတ္တိဘုံသို့ အတ္တဒိဋ္ဌိ ကင်းမှ ရောက်နိုင်သည်။ ။အတ္တဒိဋ္ဌိ ကင်းခြင်း၏ အကျိုးကို ပြသည် ပြီး၏။

## ၂၆–အတ္တဒိဋ္ဌိဖျက်ဆီးရန် ဉာဏ်အစဉ်ကိုပြခြင်း

အတ္တဒိဋ္ဌိဖျက်ဆီးရန် ဉာဏ်အစဉ်ကို ပြဦးအံ့။ ။အတ္တဒိဋ္ဌိသည် အပေါ်ရှိ ပညတ်အမြေးကို အစွဲပြု၍ဖြစ်၏။ ပညတ် အမြေးကို ခွါလှန်နိုင်မှ အတ္တဒိဋ္ဌိ ကင်းသည်။ ခွါလှန် ဆိုသည့်မှာလည်း အသိဉာဏ်ဖြင့် ခွါလှန်ရသည်။ ယင်း အသိဉာဏ် ကိုးပါး ဆိုသည်မှာ- နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ်, အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်, နိဗ္ဗိန္ဒဉာဏ်–ဟူ၍ လောကီဘက်က ခြောက်ပါး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဟူ၍ လောကုတ္တရာဘက်ကသုံးပါး၊ပေါင်း၍ကိုးပါးကို ဆိုသည်။

နာမရူပပရိစ္ဆေဒဉာဏ် ဆိုသည်မှာ နာမ်တွေ,ရုပ်တွေ အသွယ် အသွယ် အမျှင်အမျှင် အသီးအသီး တခြားစီ နေအောင် ထင်နိုင် မြင်နိုင် ပိုင်းခြားနိုင်သော ဉာဏ်ကို ဆိုသည်။ ။ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုသည်မှာ ဘယ်ဟာကြောင့် နာမ်,ရုပ်ဖြစ်သည်ဟု နာမ်, ရုပ်၏ အကြောင်းကို အမှန်ကျ သိနိုင်မြင်နိုင်သိမ်းဆည်းနိုင်သော ဉာဏ်ကိုဆိုသည်။ ။အနိစ္စဉာဏ် ဆိုသည်မှာ ယင်း နာမ်,ရုပ် တို့၏ အပြတ်,အပြတ်၊ အဘစ်,အတစ်၊ အသစ်,အသစ်၊ ရေပွက် လျှပ်စစ်ကဲ့သို့ ဖြစ် - ပျက်မစဲ အမြဲ မတည် သည်ကို သိနိုင် မြင်နိုင်သော ဉာဏ်ကို ဆိုသည်။ ။ဒုက္ခဉာဏ်ဆိုသည်မှာ ဖြစ်၍ ဖြစ်၍ ပျက်ကြသော နာမ်, ရုပ်တွေကို ထိတ်ဘွယ် လန့်ဘွယ် ကြောက်ဘွယ်ကြီး ဒုက္ခတွေဟု သိနိုင် မြင်နိုင်သော ဉာဏ်ကို ဆိုသည်။ အနတ္တဉာဏ် ဆိုသည်မှာ ဖြစ်ပျက်မစဲ ကြောက်ဘွယ် ထိတ်ဘွယ် လန့်ဘွယ် နာမ်, ရုပ်တွေ၏ အကောင်မဟုတ် အရှင် မဟုတ် ပိုင်သူမရှိ နိုင်သူမရှိ အစိုးရသူမရှိ၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက် ရေပွက်လျှပ်စစ်ကဲ့သို့ အယူမခံ အကိုင်မခံ ယူစရာ ရစရာအနှစ်အသားမရှိသည် အဖြစ်ကိုသိနိုင်မြင်နိုင်သော ဉာဏ်ကို ဆိုသည်။

ဇူဋ္ဌာသယ (က) ၁၄၀–၈

ဆိုအပ်ပြီး ယင်းဉာဏ်ငါးပါးတို့တွင် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးဖြင့် သမ္မုဟာဿန ပညတ်ကို ခွါလှန်ရသည်။ အနိစ္စဉာဏ်ဖြင့် သန္တတိဃန ပညတ်ကို ခွါလှန်ရသည်။ ဒုက္ခဉာဏ်ဖြင့် သုဘ ပညတ်ကို ခွါလှန်ရသည်။ အနတ္တဉာဏ်ဖြင့် ဇီဝပညတ်ကိုခွါလှန်ရသည်။ခွါလှန်ဆိုသော်လည်း အထူးခွါလှန်ရတော့သည်မဟုတ်၊ အဟုတ်ရှိ-အမှန်ရှိ၊ အဟုတ်သဘော အမှန်သဘောကို အဟုတ်သိ, အမှန်သိ၊ အဟုတ် သဘော အမှန်သဘောကို အဟုတ်သိ, တကယ်သိ– သိက ပညတ် အလိုလိုကွာကင်းတော့သည်သာ။ ။နာမ ရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်၊ ယင်းဉာဏ်ငါးပါးကို အဟုတ်ရှိသော နာမ်နှင့် ရုပ်၊ အဟုတ်သဘောဖြစ်သော လက္ခဏာ သုံးပါးကို ဟုတ်တိုင်း မှန်တိုင်း သိနိုင်လေသောကြောင့် ယထာဘူတဉာဏ်ဟူ၍ ဆိုရသည်။ ။ယထာဘူတံ ဇာနာတီတိ ယထာဘူတဉာဏံ။ ။(ဝိဂ္ဂြိုဟ်)။ ။ယထာဘူတံ၊ ဟုတ်တိုင်း မှန်တိုင်း။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ဘသ္မာ၊ ထိုကြောင့်။ယထာဘူတဉာဏံ၊ ယထာဘူတဉာဏ်မည်၏။အနက်။

နာ,ပစ်,နိစ်၊ ဒုက်,နတ်,ငါး၊ မှတ်သား ယထာဘူ။

နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ ငြီးငွေ့သော ဉာဏ်ကို ဆိုသည်။ ထင်ရှားအောင် ပြဦးအံ့။ ။ယထာ ဘူတဉာဏ် ငါးပါးဖြင့် ပညတ်ကို ခွါလှန်၍ အဟုတ် အမှန်ကို တကယ်သိ, သိက တလောကလုံးမှာ ကောင်းကွက်ကိုမမြင်၊ဘယ်ဘုံဘယ်ဘဝမှာမှ မဖြစ်ချင် ကြောက်ဘွယ်ကြီး ဘေးအပြစ် ကိုသာ မြင်၍ ဘဝသံသရာ ခန္ဓာအစဉ်၌ ကြောက်ရွံ့ငြီးငွေ့တော့သည်သာ အမှန်၊ ယင်းသို့ ကြောက်ရွံ့ ငြီးငွေ့ သည်ကိုပင် နိဗ္ဗိန္ဒဉာဏ် ဆိုသည်။ ကြောက်ရွံ့ငြီးငွေ့ ဆိုသော်လည်း ဒေါမနဿအစွမ်းဖြင့် ဆင်းရဲပင်ပန်းရလောက်အောင် ကြောက်ရွံ့ငြီးငွေ့မျိုးမဟုတ်၊စင်စစ်မှာ ယထာဘူတ ဉာဏ်ဖြင့် အမှန်ကို မသိကြ၍သာ လူ့လောက, နတ်လောက၊ လူ စည်းစိမ်,နတ်စည်းစိမ်၊ လူကောင်၊နတ်ကောင်၊

အဝိုး, အမ စသည်ဖြင့် အတောင့် အတုံး၊ အလုံး အခဲ၊ တရှိထဲ ခင်ဘွယ်မင်ဘွယ် နှစ်သက်ဘွယ်တွေ ထင်ကြရ မြင်ကြရလေ ကုန်သည်။ယထာဘူတဉာဏ်ဖြင့် အမှန်ကိုသိလိုက်သော် လောကီ ဘက်တွင် ကောင်းကွက်ကို မမြင် ပြုပြင်မစဲ အမြဲဖြစ်—ပျက် ကြသော နာမ်,ရုပ်တို့၏ အလုံးအထွေး အစုအခဲ၊ သူတို့ကို ပိုင်သူ မရှိ, နိုင်သူမရှိ, အစိုးရသူမရှိ၊ ဖြစ်ချင်သလိုဖြစ် ပျက်ချင်သလို ပျက်၊ အပျက်သေးပျက်, အပျက်ကြီးပျက်၊ တပျက်ထဲပျက် သည်ကိုသာ မြင်သောကြောင့် လူ့လောက နတ်လောက သတ္တဝါန် နာမ်ရုပ် အလုံးအထွေးတွေကို ဘေးတွေရန်တွေကဲ့သို့ကြောက်ရွံ့ လန့်ဘွယ် မတွယ် မနှစ်သက် လွတ်ထွက် ကင်းရှင်းချင် မ ရွှင် ငြီးငွေ့ မပျော်မွေ့သော အခြင်းအရာဖြင့် အသိဉာဏ်ညက်ညော သိမ်မွေ့စွာ ဖြစ်သည့် ကိုယ်ပင် ကြောက်ရွံ့ ငြီးငွေ့သည် ဟူ၍ ဆိုရသည်။ ယထာဘူတဉာဏ်ကို "တရုဏဝိပဿနာ" နိဗ္ဗိန္ဒ ဉာဏ်ကို "ဗလဝိပဿနာ"ဟူ၍ နိဒါန သံယုတ် အစရှိသော အဋ္ဌကထာတို့၌ ဆို၏။

ဤအလိုသော် ဝိပဿနာဉာဏ်သည်—

၁—ယထာဘူတဉာဏ်,

၂—နိဗ္ဗိန္ဒဉာဏ် ဟူ၍ အကျဉ်းနှစ်ပါး။

တနည်း—

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်, ၄။ ဒုက္ခဉာဏ်,
၂။ ပစ္စယပရိဂ္ဂဟဉာဏ်, ၅။ အနတ္တဉာဏ်,
၃။ အနိစ္စဉာဏ်, ၆။ နိဗ္ဗိန္ဒဉာဏ်,

ဟူ၍ အလတ်ခြောက်ပါး။

## ၂၇—မဂ်ဉာဏ်ကို ပြခြင်း

မဂ်ဉာဏ်ကိုပြဦးအံ့။ ။မဂ်ဉာဏ်ဆိုသည်မှာ လောကီဘက်၌ သိစရာကုန်၍ အသိကိစ္စ အပြီးသတ် လောကီကို စွန့်လွှတ် ကျော်ဘောက် နိဗ္ဗာန်သို့ ဆိုက်ရောက်သော အသိဉာဏ်ကို

ဆိုသည်။ နိဗ္ဗာန်သို့ဆိုက်ရောက် ဆိုသည်မှာလည်း မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သိ နိဗ္ဗာန်နှင့်တွေ့ထိသည်ကို ဆိုသည်။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သိ နိဗ္ဗာန်နှင့် တွေ့ထိသည်နှင့် တပြိုင်နက် ထိုပုဂ္ဂိုလ် သန္တာန်မှာ အမိုက်, အရှုပ်, အညစ်, အနှောက်,အပူ-ကိလေသာ ဟူသမျှ အကုသိုလ်ကံဟူသမျှ အဝိဇ္ဇာ တဏှာ အမြစ်နှင့်တကွ အစပြတ်ကုန်ငြိမ်း ခန်းခြောက်လေ၏။ ။ယင်းပုဂ္ဂိုလ်သန္တာန်မှာ အဝိဇ္ဇာအမြွေး တဏှာအစေး ခန်းခြောက်သည် ရှိသော် ကုသိုလ်ကံဟူသမျှ တို့လည်း ဖွတ်ပြီး ပြုတ်ပြီး မျိုးစေ့တို့ကဲ့သို့ မအောင်၊ မျိုးမရောက်သော လေသီးတို့ကဲ့သို့ ဖြစ်လေကုန်၏။ ကုသိုလ်,အကုသိုလ်အကြောင်း သမုဒယ ကုန်ငြိမ်းခန်းခြောက်က ဇာတိ-စသော အဆက်ဆက် ဖြစ်လတ္တံ့ အကျိုးခန္ဓာတို့လည်း ခန်းခြောက်ကုန်ငြိမ်းကုန်၏။ ။အကြောင်း၏ ကုန်ငြိမ်းခြင်း, အကျိုးခန္ဓာတို့၏ ကုန်ငြိမ်းခြင်း နှစ်ပါးအပေါင်းသည် မဂ်ခဏ၌ တပြိုင်ထဲဖြစ်၏။ ။နိဗ္ဗာန်သို့ ရောက်သည်, နိဗ္ဗာန်ကိုရသည် ဆိုရာမှာလည်း မဂ်ခဏ၌ ရသည်, ရောက်သည်မှတ်လေ။ စုတိကမ္မဇရုပ်ချုပ်ပြီးမှ ရစရာ, ရောက်စရာ နိဗ္ဗာန်တခြားမရှိ နိဗ္ဗာန်ဟူသည်တပါးသာရှိသည်။ ။ယင်း တခုသော နိဗ္ဗာန်ကိုပင် မဂ်ပြီးနောက် စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓာကြွင်းရှိသေး သောကြောင့် သဉပါဒိသေသ နိဗ္ဗာန်ဟူ၍, စုတိဖြစ်ပြီးနောက် ခန္ဓာကြွင်းမရှိသောကြောင့်အနုပါဒိသေသနိဗ္ဗာန်ဟူ၍ရောက်သူ၏ ခန္ဓာကိုအစွဲပြု၍ အမည်နှစ်ပါးဖြင့် ခေါ်ဝေါ်ရသည်။နိဗ္ဗာန်နှစ်ပါး ရှိ၍ခေါ်သည်မဟုတ်။ ထိုကြောင့် နိဗ္ဗာန်၌ကား အကွဲအပြားမရှိ။ အမည်သာကွဲပြားသည်မှတ်လေ။

ဖိုလ်ဉာဏ်, ဆိုသည်မှာ မဂ်၏အကျိုး မဂ်၏နောက်ထပ်မဂ်၏ ကိစ္စကို အပြီးသတ်စေသော ဉာဏ်ရပြီးသော နိဗ္ဗာန်၏အရသာကို ခံစားတတ်သော ဉာဏ်ကိုဆိုသည်။ ။ပစ္စဝေက္ခဏာဉာဏ် ဆိုသည်မှာ သိမြင်ဘွယ်, ပယ်ရှင်းဘွယ်, ကျင့်ကြံအားထုတ် ဘွယ် ကိစ္စ ဟူသမျှ ပြီးဆုံး ကျွတ်လွတ်ပေပြီဟု ဆင်ခြင်စိတ်ချ

ဖျာပါ မရှိ ကြောင့်ကြမဲ့ ကိစ္စပြီး နေကြီး နေရသော ဉာဏ်ကို ဆိုသည်။

သမ္မာပဿံ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္နံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။
ခန္ဓသံယုတ် စသော ထိုထိုပါဠိတော်။

သမ္မာပဿံ၊ ယထာ ဘူတ ဉာဏ်ဖြင့် အဟုတ် အမှန်ကို အဟုတ်သိ, တကယ်သိ သိမြင်သော ပုဂ္ဂိုလ်သည်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ နိဗ္ဗိန္နံ၊ ငြီးငွေသောသူသည်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကျွတ်လေ, လွတ်လေ၏။ ဝိမုတ္တသ္မိံ၊ ကျွတ်ပြီး, လွတ်ပြီးသည်၌။ အဟံ၊ ငါသည်။ ဝိမုတ္တံ၊ ကျွတ်လွတ်ရသည်။ အမှိ၊ ဖြစ်ပေပြီ။ ဣတိ၊ ဤသို့။ ဉာဏံ၊ ဆင်ခြင် ဗိတ်ချ အေးကြီး နေရသော ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။ ။သမ္မာပဿံ-ကား ယထာဘူတဉာဏ်။ နိဗ္ဗိန္ဒတိ-ကား နိဗ္ဗိန္ဒာဉာဏ်။ ဝိရဇ္ဇတိ-ကား မဂ်ဉာဏ်။ ဝိမုစ္စတိ-ကား ဖိုလ်ဉာဏ်။ ဉာဏံ ဟောတိ— ကား ပစ္စဝေက္ခဏာဉာဏ်။ ဉာဏ်ငါးပါးမှတ်။ ။ဘီလူးတို့ ဘန်ဆင်း ပြုလုပ်ထားသော ရွာတွင် ခင်တွယ်ပျော်မိုက်၍နေသော သူသည် ဝိဇ္ဇာရိ၏ လုလင် ပြော၍ အမှန်ကို သိသည်နှင့် တပြိုင်နက် ကြောက်လန့် ပြေးထွက် ဘီလူးတို့ ပိုင်နက်မှ လွတ်သော အခါ ရပ်နား၍ လွတ်ပေပြီဟု ပြန်ကြည့်သကဲ့သို့ ဉာဏ်အစဉ် ဖြစ်ပုံကို သိလေ။

ဘီလူးတို့ရွာမှန်း သိသည်နှင့်-ယထာဘူတ။ ။ကြောက်လန့် သည်နှင့်-နိဗ္ဗိန္ဒ။ ။ထွက်ပြေးသည်နှင့်-မဂ်။ ။ဘီလူးတို့ပိုင်နက်က လွတ်ထွက် သည်နှင့်—ဖိုလ်။ ။ရပ်နား၍ ပြန်ကြည့် သည်နှင့် ပစ္စဝေက္ခဏာဉာဏ်,တူသည်။ သိလေ။ ။ယထာဘူတဉာဏ်က ငါးပါး၊ နိဗ္ဗိန္ဒဉာဏ်ပါ ဝိပဿနာဉာဏ် ခြောက်ပါး လောကုတ္တရာ ဘက်က ဉာဏ်သုံးပါး၊ ပေါင်းကိုးပါး ဖြစ်၏။ တနည်းလည်း ဝိပဿနာဉာဏ် အကျယ်ဆယ်ပါးမှတ်။

ဆယ်ပါးဆိုသည်ကား—

၁။ သမ္မသနဉာဏ် ၆။ နိဗ္ဗိန္ဒဉာဏ်
၂။ ဥဒယဗ္ဗယဉာဏ် ၇။ မုစ္စိတုကမျတာဉာဏ်
၃။ ဘင်ဉာဏ် ၈။ ပဋိသင်္ခါဉာဏ်
၄။ ဘယဉာဏ် ၉။ သင်္ခါရုပေက္ခာဉာဏ်
၅။ အာဒီနဝဉာဏ် ၁၀။ အနုလောမဉာဏ်

ဤဆယ်ပါးတည်း။

၁။ **သမ္မသနဉာဏ်**-ဆိုသည်မှာ လက္ခဏာရေး သုံးပါးမထင်ထင်အောင် သုံးသပ်ဆင်ခြင်သော ဉာဏ်ကိုဆိုသည်။

၂။ **ဥဒယဗ္ဗယဉာဏ်**- ဆိုသည်မှာ လက္ခဏာရေး ထင်၍ အဖြစ်အပျက်တွေကို မြင်သောဉာဏ်ကိုဆိုသည်။

၃။ **ဘင်ဉာဏ်**-ဆိုသည်မှာ လက္ခဏာရေး အလွန်ထင်မြင်၍ အပျက်ကိုသာ မြင်သောဉာဏ်ကိုဆိုသည်။

၄။ **ဘယဉာဏ်**-ဆိုသည်မှာ အပျက် တွေကိုသာ မြင်သောကြောင့် ကြောက်သော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်ကိုဆိုသည်။

၅။ **အာဒီနဝဉာဏ်**-ဆိုသည်မှာ အကောင်းကို မမြင်၊ ဘေးတွေ, ရန်တွေဟု အပြစ်ကိုသာ မြင်သော ဉာဏ်ကို ဆိုသည်။

၆။ **နိဗ္ဗိန္ဒဉာဏ်**-ဆိုသည်မှာ ငြီးငွေ့သောဉာဏ်ကို ဆိုသည်။

၇။ **မုစ္စိတုကမျတာဉာဏ်**- ဆိုသည်မှာ ကျွတ်လို, လွတ်လိုသော ဉာဏ်ကိုဆိုသည်။

၈။ **ပဋိသင်္ခါဉာဏ်**-ဆိုသည်မှာ ကျွတ်လွတ်ရန် လက္ခဏာရေး သုံးတန်ကို တဖန်ထပ်မံ၍ ဆင်ခြင်ပြန်သောဉာဏ်ကို ဆိုသည်။

၉။ **သင်္ခါရုပေက္ခာဉာဏ်**-ဆိုသည်မှာ လက္ခဏာရေးအစွမ်းကုန်ထင်မြင်သည့် အတွက် ရှုဆင်ခြင်ခြင်း၌ ဗျာပါရ

မဝွက် သဒ္ဒါရ တို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို ဝွန့်လွှတ်၍ လျစ်လျူသာ ဖြစ်သောဉာဏ်ကို ဆိုသည်။

၁၀။ **အနုလောမဉာဏ်**- ဆိုသည်မှာ လောကုတ္တရာ ဘက်သို့ ရောက်ခါနီး မဂ်နှင့် လျော်ကန် နှစ်တန်, သုံးတန်သော ဉာဏ်ကိုဆိုသည်။

ထိုနောက် ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန်သို့ချဉ်း လောကီကို ထွင်းဖေါက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် လောကုတ္တရာဘက်သို့ ရောက်လေ၏။ ။ဝိပဿနာ ဉာဏ်ကား လက္ခဏာရေး သုံးပါးကို အာရုံပြုသည်။ ဂေါတြဘုကား လောကီ ဖြစ်လျက် နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် ဝိပဿနာတွင်းသို့ မသွင်းရ။ မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၏။ ။ဤဝိပဿနာဉာဏ် ဆယ်ပါးလာသောနည်းကား ကျွတ်ထိုက်သောပါရမီ အခံရှိသော်လည်း ဉာဏ်အမြင် မထက်သန်သည့်အတွက် တလ, တနှစ်, ဆယ်နှစ်, အနှစ်—နှစ်ဆယ် စသည် အခြင်းအပြ အားထုတ်နိုင်မှ ရလတ္တံ့ ပုဂ္ဂိုလ်တို့ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ-တို့ ဖြစ်ပြီးမှ အားထုတ်အပ်သော နည်းတည်း။

## ၂၁—ဝိပဿနာဉာဏ် နှစ်ပါးဖြင့် အတ္တဒိဋ္ဌိကို ဖျက်ဆီးနိုင်သော ဝတ္ထုကိုပြခြင်း

သာဝတ္ထိပြည်တွင် ဥစ္စာပေါများ ပုဏ္ဏားသူကြွယ် လင်မယား ထမင်းစား၍နေရာ ဘုရားမြတ်စွာ ဆွမ်းရပ်လာသည်ကို မယားက သိ၍ လင်မသိလေအောင် မျက်စောင်းကိုညိတ် မျက်ရိပ်ပြ၍ ကန်တော့ လေသော် ဆွမ်းမရလျှင် ငါမသွား ဟု ဘုရားက ခေါင်းခါသည်ကို ရယ်မိ၍ လင်သိလေလျှင် စားဆဲထမင်းပွဲကို ချီ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား စား၍ထက်ဝက်ကျချေဗြိ အလှူခံကောင်းလျှင် အလှူခံတော်မူပါဘုရား ဟု လျှောက်ထား သောအခါ ဒကာပုဏ္ဏား ငါတို့ဘုရား မည်သည်မှာ သူတောင်း စားနှင့် အလားတူသည်။ အဦးကိုလှူလျှင်လည်း အလှူခံကောင်း

၏။ စား၍ ထက်ဝက်ကို လှူလျှင်လည်း အလှူခံကောင်း၏။ စား၍ အကြွင်းအကျန်ကို လှူလျှင်လည်း အလှူခံကောင်း၏ဟု မိန့်တော်မူလျှင် ဝမ်းမြောက်ဝမ်းသာလှူပြီးမှ အရှင်ဘုရား အရှင်ဘုရား၏ တပည့်သား ရဟန်းတော်တို့ကို အဘယ်ကြောင့် ဘိက္ခု ခေါ်ပါသလဲဘုရားဟု လျှောက်ထားလေ၏။ ထိုအခါ—

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ဗြာဟ္မဏ၊ သူကြွယ်ပုဏ္ဏား။ ယဿ၊ အကြင်မိန်းမ, အကြင်ယောကျ်ားအား။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ နာမရူပသ္မိံ၊ နာမ်,ရုပ်၌။ မမာယိတံ၊ ငါ, ငါ့ဟာဟူ၍ တွယ်တာမြတ်နိုးခြင်းသည်။ နတ္ထိ၊ အခါခပ်သိမ်းမရှိ။ အသတာစ၊ ပျောက်ခဲ့, ပျက်ခဲ့သော်လည်း။ နသောစတိ၊မပင်မပန်းမစိုးရိမ်။ သ-သော၊ထိုကဲ့သို့သော မိန်းမ,ယောကျ်ားကို။ ဝေန၊ထိုအတွယ်အတာ အရိုးအရိပ်မရှိခြင်းကြောင့်။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤလို ဤဂါထာကို ဘုရားဟောလိုက်လျှင် လင်မယား နှစ်ယောက်လုံး ဂါထာအဆုံး၌ သောတာပန်, သကဒါဂါမ် အစဉ်အလျောက် အနာဂါမိဘုံသို့ ဆိုက်ရောက် ကြကြောင်းကို ဓမ္မပဒ အဋ္ဌကထာ၌ ဆိုသည်။

ဤဝတ္ထု၌ လင်မယားနှစ်ယောက်တို့ ဉာဏ်အမြင် ထက်သန်သည့်အတွက် ရုပ်-ဟူသောအသံ နာမ်-ဟူသောအသံကို ကြား၍ စဉ်းစားဆင်ခြင်သော် အကြောင်း, အကျိုးဖြစ်သော နာမ်,ရုပ် အစစ်ကို အခွန်ကျ တရှိန်ထဲ သိနိုင်သော ယထာဘူတဉာဏ်, ငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ် ဤနှစ်တန်သော ဝိပဿနာဖြင့် လောကီကို ကျော်ဘောက်၍ လောကုတ္တရာဘက်သို့ ရောက်နိုင်ကြသည် ဟူ၍မှတ်ရမည်။ ။ဘိန္ဒတိတိ ဘိက္ခု။ ။(ဝိဂြိုဟ်)။ ။ဘိန္ဒတိ၊

ဝါ,ဝါ့ဟာဟူ၍ ထင်မှတ်စွဲလမ်းတတ်သော တဏှာ,မာန, ဒိဋ္ဌိကို ပျက်ဆီးတတ်၏။ ဇာတိတသ္မာ၊ ထိုကြောင့်။ ဘိက္ခု၊ ဘိက္ခုမည် ၏။ ။အနက်။

နာမ်,ရုပ်အစစ် ဆိုသောအခါ၌ နာမ်,ရုပ်အစစ် ဆိုသည်မှာ ဝိသေသလက္ခဏာ, သာမည လက္ခဏာ နှစ်ပါးကိုပင် ဆိုသည် မှတ်။ ။ဝိသေသ လက္ခဏာ ဆိုသည်မှာ တွေ့အပ်, ထိအပ်၊ အမာ, အဖတ်၊ ပထဝီ အထယ် ကိုယ်ကို ဆိုသည်။ ။အဖတ် ဆိုသော်လည်း မြင်အပ်သော အဖတ်မျိုးမဟုတ်၊ ဋ္ဌခဏ၌ ထင် ရှားရှိ၍ တွေ့ထိအပ်သော အကြမ်းအနု အချအခံ သဘောကို အဖတ်ဆိုသည်။ ။သာမည လက္ခဏာ ဆိုသည်မှာ ယင်းပထဝီ အထယ်ကိုယ်၏အဘည်မမြဲဖြစ်၍,ဖြစ်၍ပျက်သော အနိစ္စသဘော, ကြောက်ဘွယ်- ဒုက္ခသဘော, ခိုင်မြဲသော အနှစ်အခဲ မဟုတ် အကောင် မဟုတ်သော- အနတ္တသဘော၊ ဤသဘောသုံးခုကို ဆိုသည်။ သဘောဆိုသည်နှင့် လက္ခဏာ ဆိုသည် အတူတူ မှတ်။ ။ကြွင်း နာမ်,ရုပ်တို့ကိုလည်း နည်းတူသိလေ။ ။လက္ခ ဏာနှစ်ပါးကို လွှတ်၍ နာမ်,ရုပ်ဟူ၍ ခေါ်ဆိုစရာမရှိ။ထိုကြောင့် လက္ခဏာနှစ်ပါးကို နာမ်,ရုပ် အစစ်ဆိုရသည်။

သမာပတ္တိယာတိ သမာပဇ္ဇနာယ သဘာဝ ပဋိလာဘာယ
ဥပ္ပတ္တိယာတိ အဓိပ္ပါယော။ ။မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ။

သမာပတ္တိယာတိ၊ ဟူသည်ကား။ သမာပဇ္ဇနာယ၊အကုသိုလ် တရားတို့ ခဏတ္တယသို့ ရောက်ခြင်း၌။ သဘာဝပဋိလာဘာယ၊ ဝိသေသ သာမညသဘောကို ရခြင်း၌။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်း၌။ ဇာတိ၊ ဤကား။ အဓိပ္ပါယော၊ အနက်။ ။ဤသို့ စသည် လာသော အဋ္ဌကထာကိုထောက်။ ။ဤပုဏ္ဏား လင်မယားတို့ကဲ့သို့ ဉာဏ် အမြင်သန့်သောသူတို့မှာ ဝိပဿနာဉာဏ်နှစ်ပါးနှင့်လောကုတ္တရာ ဘုံသို့ တက်နိုင်ကြသည်။ ။ဉာဏ် အလယ်, အလတ် ရှိသော သူတို့မှာ ငါးကြိမ်,ငါးခါ ပယောဂပိုက်မှ နာမ်ရုပ်အစစ်ကို သိနိုင်

သည်။ထိုကြောင့်ဝိပဿနာဉာဏ် ခြောက်ပါးဖြစ်သည်။ဉာဏ်တုံးသော သူတို့မှာ ဆယ်ပါး။ ။ဤပုဂ္ဂိုလ် သုံးမျိုးသို့ လိုက်၍ ဝိပဿနာ သုံးမျိုး ပြားသည်ကိုသိလေ။ ။ပုဏ္ဏား လင်မယား နှစ်ယောက်တို့မှာ ကဿပဘုရား သာသနာတော်၌ လူဖြစ်ကြ၍ နာမ်တရား,ရုပ်တရားနှစ်ပါးတို့ကို မှတ်သား လေ့လာဘူးကြသည့် အတွက် ဉာဏ်အမြင် ထက်သန်ကြလေသည်။

အဋ္ဌကထာ၌ကား—

ဣမေ ဒွေပိ ဇနာ ကဿပဗုဒ္ဓကာလေ နာမရူပတ္တိ
ဝဒုဏ္ဏာခန်ံ ကထံ သုဏိံသု။ ။ဟူ၍ရှိ၏။

ဣမေဒွေပိဇနာ၊ဤလင်မယားနှစ်ယောက်တို့သည်။ကဿပဗုဒ္ဓကာလေ၊ ကဿပဘုရားလက်ထက်တော်၌။နာမရူပတ္တိ၊နာမ်-ဟူ၍ ရုပ်-ဟူ၍။ ဝဒုဏ္ဏာခန်ံ၊ဆိုကြကုန်သော သူတို့၏။ ကထံ၊ စကားကို။ သုဏိံသု၊ ကြားနာဘူးကြကုန်၏။ ။အနက်။

ဤဆိုအပ်ပြီးသော ဝိပဿနာဉာဏ်နှစ်ပါး၊တနည်း-ဝိပဿနာ ဉာဏ် ခြောက်ပါး၊ တနည်း –ဝိပဿနာ ဉာဏ် ဆယ်ပါး၊ လောကုတ္တရာဘက်၌ ဉာဏ်သုံးပါး၊ ဤအသိဉာဏ်တို့ဖြင့် ပညတ်ကို ခွါလှန်ရသည်။ ပညတ် ကွာရှင်းမှ အတ္တဒိဋ္ဌိ ကင်းသည်။ အတ္တဒိဋ္ဌိကင်းမှ လောဘ်ကို ကျော်နင်း၍ လောကုတ္တရာသို့ ချဉ်းနိုင်ကြမည်။

သမ္မသနဉာဏ်, ဥဒယဗ္ဗယ ဉာဏ်, ဘင်ဉာဏ်, ဤဉာဏ် သုံးပါးကို ယထာဘူတဉာဏ်သို့သွင်း။ အထက်ဉာဏ် ခြောက်ပါး ကို နိဗ္ဗိန္ဒဉာဏ်သို့သွင်း။ အကျဉ်းဝိပဿနာ ဉာဏ်နှစ်ပါးဖြစ်၏။

အတ္တဒိဋ္ဌိကိုဖျက်ရန် ဉာဏ်အစဉ်ကိုပြသည် ပြီး၏။

## ၂၃—ဝိပဿနာစီးဖြန်းရန် အကျဉ်း ပြခြင်း

အခွင့်ကောင်း, အခါကောင်း၌ လူ၏ အဖြစ်ကို ရခိုက် မင်ပေါက်ရန်ငင်း၊ ပုဏ္ဏားလင်မယားတို့ကဲ့သို့ ပါရမီ အထုံဖြစ်၍

နောင်လွယ်စေရန်ငှ‌ါး၊ ဝိပဿနာစီးဖြန်းလိုကြသော အမျိုးသား အမျိုးသမီးတို့ စီးဖြန်းရန် အကျဉ်းမျှ ပြဦးအံ့။

ဣဒံ ရူပံ,ဣဒံနာမံ၊ ရူပနာမံ အသံမိဿံ၊ရူပံ အညံ, နာမံအညံ။

ဣဒံ၊ဤငါးပြည်ခန့် လူ့ခြောက်မှုန့်တွေကို တမြူခန့် သွေးတို့ဖြင့် သမအောင် နယ်၍ ပြုလုပ်အပ်သော လူမှုန့်ရုပ်ကြီး၌ လူမှုန့် တွေနှင့် တူသော ဤငါကိုယ်၌ တွေ့အပ်,ထိအပ်၊ အမှုန့် အဖတ် အမာခံ ဓာတ်သဘော တွေကား ပထဝီဓာတ်။ ။သွေးနှင့် တူသော အဖိုအစွတ် အဖွဲ့အစည်း အရည် အပျော် တွေကား အာပေါဓာတ်။ ။လတ်ဆတ် နံ့ဖတ် ပျောင်းပျော့အောင် ပူနွေး ရင့်ကျက် စေတတ်သော အပူ, အအေး, အနွေး, အငွေ့တွေကား တေဇောဓာတ်။ ။ပေါင်းပွ တိုးဖေ့ တွန်းကန် တောင့်ခိုင် လှုပ်ရှား စေတတ်သော လေတွေကား ဝါယောဓာတ်။

ဤဓာတ် လေးပါးတို့ကား အမာခံ အထယ်ခံ မဟာဘုတ်။ ယင်းမဟာဘုတ် လေးပါးတို့ကို မှီတွယ် စွဲကပ်၍ တကိုယ်လုံး၌ တည်ရှိကြသော ဝဏ္ဏ-အဆင်းရုပ်, ဂန္ဓ-အနံ့ရုပ်, ရသ-အရသာ ရုပ်, ဩဇာ-အဆီ အစေး ဩဇာ အာဟာရရုပ်, ဇီဝိတ-ကိုယ် စောင့်ရုပ်,ဣတ္ထိဘာဝ-မိန်းမရုပ်, ပုမ္ဘာဝ-ယောကျ်ားရုပ်,ကာယ ပသာဒ-ကိုယ်အလုံး၌ အကြည်ရုပ်,ပေါင်း တကိုယ်လုံးရအထည် ကိုယ်ရုပ်-ဆဲ့နှစ်ပါး။ စက္ခုပသာဒ-မျက်စိ၌အကြည်ရုပ်, သောတ ပသာဒ-နား၌ အကြည်ရုပ်,ဃာနပသာဒ-နှာခေါင်း၌အကြည်ရုပ်, ဇိဝှါပသာဒ-လျှာ၌အကြည်ရုပ်, ဟဒယဝတ္ထု-ရင်လယ်၌ ဟဒယ ဝတ္ထုရုပ်,သဒ္ဒ-ဝမ်း,လည်,အာ,လျှာ, နှုတ်ခမ်းစသော အရပ်တို့၌ ရံခါဖြစ်သော အသံရုပ် ပေါင်းတဌာနရ အချယ်ရုပ် ခြောက်ပါး။ အထည်, ကိုယ်ရုပ်, အချယ်ရုပ်ဟူသော ဤရုပ်စစ်တဆဲ့ရှစ်ခုတို့၏ ပေါင်းစုလုံးထွေး အစုအဝေး ဖြစ်သော လူသေကောင်ကြီးနှင့် တူသောမျက်စိအိမ်,နားအိမ်,နှာခေါင်းအိမ်,လျှာအိမ်,ကိုယ်အိမ်, နှလုံးသားအိမ်ဟူသောအအိမ်ခြောက်ခုရှိသောဤကိုယ်အကောင် ကြီးသည်။ ရူပံ၊မလှုပ်တတ် မလှုက်ဘတ် တစုံတရာ ဘယ်ဟာ

တခုကိုမျှ မသိတတ် ဆန့်ကျင်ဘက် အကြောင်းနှင့် တွေ့ကြုံလျှင် ဘောက်ပြန်တတ်သော ရုပ်စု, ရုပ်ပိုင်, ရုပ်ခဲ, ရုပ်တရားပင်တည်း။ ဏှင်၊ဤမျက်စိ-သိ, နား-သိ, နှာ-သိ, လျှာ-သိ, ကိုယ်-သိ, နှလုံး-သိ, ကောင်း-သိ, မကောင်းသိ, တောင်သိ, မြောက်သိ, အဇ္ဈိမ်ခြောက်ခုတို့မှ ဖြစ်သောအသိအမျိုးမျိုးကား။ နာမ်၊အာရုံသို့ညွှတ်တတ်သော နာမ် တရားပင်တည်း။ ။ရူပ နာမ်၊ရုပ်နှင့်နာမ်သည်။ အသံမိသင်၊ မရောနှောကြ။ ရူပံ၊ရုပ်တရားသည်။အညံ၊တမျိုးတခြား။နာမံ၊နာမ် တရားသည်။ အညံ၊တမျိုးတခြား။

ဤလိုကြေကြေမွမွ ရအောင် ကျက်၍ အဘန်များစွာ ရွတ်အံ့ အဘန်များစွာ ရွတ်အံ့ သရဇ္ဈာယ်ရသည်။ ။သရဇ္ဈာယ်ပြီးလျှင် အိပ်ပျော်သောအခါ တောင်သိ, မြောက်သိ-မသိ၊ နိုးသောအခါ တောင်သိ, မြောက်သိ သိသည်။ဤတောင်သိ, မြောက်သိ သိသော ငါ့အသိသည်ဘယ်လိုနေရာကဘယ်လိုသိသည်။ ဘယ်လိုနေသည်၊ ဘယ်လိုဟာပါတကားဟု၊အသိကိုစဉ်းစားဆင်ခြင်၍ဤအသိသည် နာမ်တရားပင်တည်းဟု မှတ်သားရသည်။ ကိုယ်သိ၍ နေသော အသိကို သူတပါးကိုမေးဘွယ်မရှိ။ အသိဝိညာဏ်၏ဖြစ်ရာအဇ္ဈိမ် ခြောက်ခုရှိသော ကိုယ်ကောင်အစိုင် အခဲကြီးသည် ဘယ်လို နေသည် ဘယ်လိုဟာကြီးပါ တကားဟုစဉ်းစားဆင်ခြင်၍ ရုပ်ကို မှတ်သားရသည်။မှန်ထဲ၌ ပေါ်သောမျက်နှာရိပ်သည် မှန်မဟုတ် မှန်မှ အသီးအခြားဖြစ်သကဲ့သို့ အဇ္ဈိမ်ခြောက်ခု၌ ပေါ်သောအသိ နာမ်သည်အဇ္ဈိမ်မဟုတ်၊ အဇ္ဈိမ်မှအသီးအခြားတည်းဟု စဉ်းစား ဆင်ခြင်၍ နာမ်တခြား, ရုပ်တခြားနေအောင် ဉာဏ်ဖြင့် ပိုင်းခြား ရသည်။ ရုပ်တမျိုးတခြား နာမ်တမျိုးတခြား၊ ရုပ်တမျိုး တခြား, နာမ်တမျိုးတခြား အဘန်ဘန်ရွတ်။

တပုံလည်း ဒါယကာ တယောက် အိမ်သူ မယား ရက်၍ ပေးသော ဇာတ်တိုင်းကျ နှစ်သက်သော ပုဆိုးမန္တမ်းခင် သေ အံ့သော ရောဂါရောက်၍ ငါသည် ပုဆိုးမန္တမ်းခင်သေရချေတော့ မည်ဟု ပုဆိုး၌ တွယ်တာလျက် သေ၍ ဘုတ်ပြိတ္တာ ဖြစ်လေ၏။

ဇာမိသူမယားလည်း သူ့နောက်သို့ ပါပါစေတော့ဟု သူနှစ်သက်သော ပုဆိုးဖြင့် အလောင်းကို ထုပ်ပတ်၍ သင်းချိုင်း၌ ပစ်ချလေ၏။ ဗြဲတ္တာလည်း ပုဆိုးကို တွယ်တာသည့်အတွက် ဆင်းရဲယုတ်ညစ် ဗြဲတ္တာဖြစ်ရပါလျက် တွယ်တာဖွံ့စရာမရှိ။ မသိ မောဟ မိုက်မှောင်ကျ၍ ပိုးဖလံသည် မီးကိုတဘန် ဖြန်၍ တိုးသကဲ့သို့ ပုံဆိုးကိုတွယ်တာလျက် ပုဆိုးနားက မခွါရက်ရှိနေပြန်သည်။

တဏှာမောဟ၊ ကြောက်အပ်စွ၊ များလှအပြစ်တွေ။

ပံသုကူဆောင် ရဟန်းတော်တပါး အဝတ်ကို ခွါသွားသော် ဘုတ်ကောင် ဝင်ကြွ အသေကောင် ထပြီးလျှင် ပေးပါ ပေးပါဆို၍ လိုက်သွား ကျောင်းနားသို့ ရောက်၍ တံခါးပိတ်မှ ဘုတ်ကောင်ထွက်သွားလူသေကောင်လည်း ဘုန်းဘုန်းလဲလေ၏။ ॥ သာရတ္ထဒီပနီဋီကာ၌ လာသောဝတ္ထု။ ॥ဤဝတ္ထုစကား၌ လူသေကောင်သည် ဘုတ်ကောင်မဟုတ်၊ ဘုတ်ကောင်သည် လူသေကောင်မဟုတ် တခြားစီဖြစ်သကဲ့သို့ ထို့အတူ ရုပ်သည် နာမ်မဟုတ်၊ နာမ်သည် ရုပ်မဟုတ် တမျိုးတခြားစီ—ဟု ဆင်ခြင်စဉ်းစား ကွဲပြားစေအပ်၏။

မှန်ထဲအရုပ်၊ သေကောင်ဘုတ်၊ နာမ်,ရုပ် တူစေလော။

နာမ်,ရုပ်နှစ်ခု တခု တခု ကျေးဇူးပြု၍ လုံးထွေးပေါင်းစပ်ကြမှလူကောင်,ခွေးကောင်, ဝက်ကောင် ကဲ့သို့ ဖြစ်၍ သွားခြင်းစသော ထိုထိုကိစ္စကို ပြီးစေနိုင်သည်။

ဆွံ့,ကန်း နှင့်ထွေ လှေစီးလှေ နှိုင်းလေ၊ နာမ်နှင့်ရုပ်။

ဤကားနာမရူပ ပရိစ္ဆေဒဉာဏ်။

ဤ နာမ်,ရုပ် နှစ်ပါးသည် တစုံတယောက်သောသူ ပြုလုပ်ဘန်ဆင်း၍ ဖြစ်သည်လည်းမဟုတ်၊ ပြုလုပ်ဘန်ဆင်း နိုင်စရာသတ္တဝါ အကောင်ဟူ၍ပင် မရှိ။ စင်စစ်မှာ မျိုးစေ့ကြောင့် သစ်ပင်ပေါက်၊ သစ်ပင်ကို စွဲမှီ၍ မျိုးစေ့ဖြစ်ပြန်သကဲ့သို့ ကံစသောအကြောင်းရုပ်,နာမ်ကြောင့် အကျိုးနာမ်, ရုပ်ဖြစ်သည်။ အကျိုး

ရုပ်, နာမ်ကြောင့် ကံစသောအကြောင်း ရုပ်, နာမ်ဖြစ်ပြန်သည်။ ဝိပါကော ကမ္မဇော ကာယေ၊ ကမ္မံပုန ဝိပါကဇံ။ ။ကာယေ၊ နာမ်,ရုပ် နှစ်ပါးအပေါင်းကိုယ်၌။ ဝိပါကော၊ အကျိုး ရုပ်,နာမ် သည်။ ကမ္မဇော၊ ကံကြောင့်ဖြစ်၏။ ပုန၊တဘန်။ ကမ္မံ၊အကြောင်း ကံသည်။ ဝိပါကဇံ၊ အကျိုးရုပ်နာမ်ကြောင့် ဖြစ်ပြန်လေ၏။ ။ ဤကဲ့သို့ အကြောင်း,အကျိုးဆက်လက်၍ နာမ်,ရုပ် တို့၏ ဖြစ်ပုံ ကိုလည်း ဆင်ခြင် စဉ်းစားရသည်။ ။မထင်ထင်အောင် မမြင် မြင်အောင် စဉ်းစား ဆင်ခြင်သည့်ကို 'ဘာဝနာပွါးသည်'' ဟူ၍ ဆိုရသည်၊ ရွတ်ရုံ,အံရုံမျှကိုမဆို။ ။ဤကား ပစ္စယပရိဂ္ဂဟဉာဏ်။

တဘန် ရွတ်ဘတ် သရဇ္ဈာယ် ရမည်မှာ။ ။ရုပံအနိစ္စံ။ ။ ရုပံ၊ အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ ထင်ရသော မဟာ ဘုတ်ဥပါဒါယရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစုအဝေး ရုပ်တရားတွေသည်။ အနိစ္စံ၊ ရှိတဲ့၍ မရှိ၊ ပေါ်တဲ့၍ ပျောက်၊ ဖြစ်တဲ့၍ ပျက်၊ ရေပွက်, လျှပ်စစ်ကဲ့သို့ အပြတ်အပြတ် အတစ် အတစ် အသစ်အသစ် ဖြစ်ပျက်မစဲ အမြဲမရှိသော တရားတွေပါ တကား။ ။ရုပံဒုက္ခံ။ ။ရုပံ၊ အကောင်မဟုတ်ဘဲ အကောင် ကဲ့သို့ထင်ရသော မဟာဘုတ်, ဥပါဒါယရုပ်တို့၏ အပေါင်း အစု အလုံး အထွေး အစု အဝေး ရုပ် တရားတွေသည်။ ဒုက္ခံ၊ မကောင်းသော တရား၊ တစုံတရာ အသုံးမကျ အချည်းနှီးသော တရား၊အန်ချင်ဘွယ်, အော့ချင်ဘွယ်, စက်ဆုပ် ရွံရှာဘွယ်တွေ၊ ဖြစ် - ပျက် ဘန်ဘန် မခံ မသာ ရောဂါ ဝေဒနာ အမျိုးမျိုး ဘေးရန် အမျိုးမျိုးတို့၏ မှီခိုပွဲကပ်ရာ ဖြစ်၍ ထိတ်ဘွယ်, လန့် ဘွယ်, ကြောက်ဘွယ် ဒုက္ခမျိုးတွေပါတကား။ ။ဒုမ္ဘ, တုစ္ဆ, ကုစ္ဆိတ, ဒုက္ခမန, ဘယဋ္ဌတို့ကို ရည်၍ ပေးသောအနက်။ ။ ရုပံအနတ္တာ။ ။ရုပံ၊ အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ ထင် ရသော မဟာဘုတ်, ဥပါဒါယရုပ်တို့၏ အပေါင်းအစု အလုံး အထွေး အစုအဝေး ရုပ်တရားတွေသည်။ အနတ္တာ၊ ငါမဟုတ် ငါ့ဟာမဟုတ်,အကောင်မဟုတ်,အရှင်မဟုတ်၊ သူ့,ဖြစ်ချင် သလို

ဖြစ်၊ သူ့ပျက်ချင်သလို-ပျက်၊ ပိုင်သူမရှိ၊နိုင်သူမရှိ၊ အစိုးရသူမရှိ သောတရားတွေပါတကား။ ။အထပ်ထပ်ရွတ်။

နာမံ အနိစ္စံ။ ။နာမံ၊ အကောင် အခဲ မဟုတ်သော အသိ နာမ်သည်။အနိစ္စံ၊ရှိတဲ့၍မရှိ၊ ပေါ်တဲ့၍ ပျောက်၊ ဖြစ်တဲ့၍ ပျက်၊ ရေပွက်, လျှပ်စစ်ကဲ့သို့ အပြတ်အပြတ်၊ အတစ်အတစ်၊ အသစ် အသစ်၊ ဖြစ်ပျက်မစဲ၊ အမြဲမရှိသော တရားပါတကား။ ။နာမံ ဒုက္ခံ။ ။နာမံ၊ အကောင် အခဲမဟုတ်သော အသိနာမ်သည်။ ဒုက္ခံ၊ ဖြစ်ပျက်ဘန်ဘန်၊ မခံမသာ ရောဂါ ဝေဒနာ အမျိုးမျိုး ဘေးရန်အမျိုးမျိုးတို့၏ ခိုမှီစွဲကပ်ရာဖြစ်၍ ထိတ်ဘွယ်,လန့်ဘွယ်, ကြောက်ဘွယ် ဒုက္ခမျိုးပါတကား။ ။နာမံ အနတ္တာ။ ။နာမံ အကောင်အခဲမဟုတ်သောအသိနာမ်သည်။ အနတ္တာ၊ ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ အကောင်မဟုတ် အရှင်မဟုတ်၊ ပိုင်သူမရှိ၊နိုင်သူ မရှိ၊ အစိုးရသူမရှိ၊ သူ့ဖြစ်ချင်သလို-ဖြစ်၊ သူ့ပျက်ချင်သလို-ပျက်၍ နေသော တရားပါတကား။ ။အထပ်ထပ်ရွတ်။ ။ရွတ်အံ ပြီးသည့်နောက် ဆိတ်ငြိမ်ရာ၌ မနေနှင့် ဆင်ခြင်ရသည်။

အဘစ် အတစ်ဆိုသောစကား၌ တစ်ရမည့်မှာဘဝ၊ အရွယ်၊ နှစ်၊ လ၊ ည၊ ကာလ၊ အခိုက်၊ ခဏတို့ဖြင့် တစ်ရမည်။ နာမ်ရုပ် မိမိ-ရရ အမှန်ကျ ထင်မြင်မှ အနိစ္စ—ထင်မြင် လွယ်သည်သာ။ အနိစ္စ အမှန်ကျ ထင်မြင်လျှင် အထက်ဉာဏ်တို့ လွယ်တော့ သည်သာ။ ။နာမ်,ရုပ် အထင်အမြင်နှင့် အနိစ္စ အထင် အမြင် လိုရင်းကြီးမှတ်လေ။ ။ကျမ်းဂန်တို့ဝယ် အချို့အရာ၌ အနတ္တ ထင်ခဲသည်။ အနိစ္စနှင့် ဒုက္ခကား ထင်လွယ်သည်ဟု ဆိုသော စကားမှာ သတ္တဝါ၏အနိစ္စ, ဒုက္ခကိုသာဆိုသည်။ နာမ်, ရုပ်၏ အနိစ္စ, ဒုက္ခကိုမဆို။ နာမ်, ရုပ်၏ အနိစ္စ, ဒုက္ခ, အနတ္တတို့ကား ထင်ခဲ, မြင်ခဲသည်ချည်းပင်။ တပါးထင်လျှင် ကြွင်းနှစ်ပါးလည်း ထင်တော့သည်သာ။ ဤအရာ၌—

"အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စဉာဏ်သုံးပါး"

"ဒုက္ခ၊ ဒုက္ခလက္ခဏာ၊ ဒုက္ခဉာဏ်သုံးပါး"

"အနတ္တ၊ အနတ္တလက္ခဏာ၊ အနတ္တ ဉာဏ်သုံးပါး"

ပေါင်းကိုးပါးကို မှတ်သားနားလည်ရမည်။ ။ဤဆိုပြီးသည့် အတိုင်း အနိစ္စဉာဏ်, ဒုက္ခဉာဏ်,အနတ္တဉာဏ်မထင်-ထင်အောင် စဉ်စား ရှုဆင်ခြင်သည်ကို သမ္မသနဉာဏ် ဆိုသည်။ သမ္မသန ဉာဏ်အားကြီးလျှင် အထက်ဉာဏ်တို့ အလိုလို ပေါ်၍ ပေါ်၍ လာလိမ့်မည်။ မပေါ်သော်လည်း သံသရာမှာ ဖြစ်နိုင်ခဲသော ပါရမီ ကုသိုလ်ထူးတွေ ဖြစ်သည်။

## ၃၀–အရွယ်သုံးပါး, အရွယ်ဆယ်ပါးကို ပြခြင်း

အရွယ်ဆိုသောစကား၌။ ။၃၃-နှစ် ပဌမအရွယ်။ထိုနောက် ၆၆-နှစ်ထိ ၃၃-နှစ်ဒုတိယ အရွယ်။ ထိုနောက် ၉၉-နှစ်ထိ ၃၃ နှစ် တတိယအရွယ်ဟူ၍ အရွယ်သုံးပါးမှတ်။

## တနည်း အရွယ်ဆယ်ပါး

၁။ **မန္ဒဒသက**– ဆယ်နှစ်တွင်း၊ အသိ,အလိမ္မာ နည်းသော အရွယ်။

၂။ **ခိဍ္ဍာဒသက**–နှစ်ဆယ်တွင်း၊ အပျော် အမြူး များသော အရွယ်။

၃။ **ဝဏ္ဏဒသက** –သုံးဆယ်အတွင်း၊ အဆင်း ကောင်းသော အရွယ်။

၄။ **ဗလဒသက**– လေးဆယ်တွင်း၊ ခွန်အား ကောင်းသော အရွယ်။

၅။ **ပညာဒသက**–ငါးဆယ်တွင်း၊ပညာဉာဏ်အားသန်သော အရွယ်။

၆။ **ဟာနိဒသက** –ခြောက်ဆယ်တွင်း၊ အလုံးစုံ ဆုတ်ယုတ် သော အရွယ်။

၇။ **ပဗ္ဘာရဒသက**-ခုနစ်ဆယ်တွင်း၊ ကိုင်းသောအရွယ်။

၈။ **ဝဏ်ဒသက—** ရှစ်ဆယ်တွင်း၊ ကုန်းသောအရွယ်။
၉။ **မောမူဟဒသက—** ကိုးဆယ်တွင်း၊ တွေဝေခြင်း များသော အရွယ်။
၁၀။ **သယနဒသက—** ကိုးဆယ်ကျော် အိပ်ရာ၌လျောင်းစက်ခြင်းများသော အရွယ်။

ဝိပဿနာ ကမ္မဋ္ဌာန်းလေ့လာ ပွါးများရန်ကို
အကျဉ်းပြသည် ပြီး၏။

## ၃၁—ခန္ဓာငါးပါးကိုပြ၍ ရူပက္ခန္ဓာအရ ရုပ်အရေအတွက်ကိုပြခြင်း

ခန္ဓာနည်းကို ပြဦးအံ့—

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။ ။အဘိဓမ္မာ ဝိဘင်းပါဠိတော်။ ခန္ဓာ၊ အစုအပုံ အမျိုးတို့သည်။ ရူပက္ခန္ဓော၊ ရုပ်တွေက တစု တပုံ တမျိုးတခြား။ ဝေဒနာက္ခန္ဓော၊ ဝေဒနာတွေက တစုတပုံ တမျိုးတခြား။ သညာက္ခန္ဓော၊ သညာတွေက တစုတပုံ တမျိုး တခြား။ သင်္ခါရက္ခန္ဓော၊ သင်္ခါရတွေက တစုတပုံ တမျိုးတခြား။ ဝိညာဏက္ခန္ဓော၊ ဝိညာဏတွေကတစုတပုံ တမျိုးတခြား။ဣတိ၊ ဤသို့။ပဉ္စ၊ ငါးစု, ငါးပုံ, ငါးမျိုးတို့တည်း။ ။အနက်။

၁-ရူပက္ခန္ဓာ။ ၂-ဝေဒနာက္ခန္ဓာ။ ၃-သညာက္ခန္ဓာ။ ၄-သင်္ခါရက္ခန္ဓာ။ ၅-ဝိညာဏက္ခန္ဓာ,ဟူ၍ ခန္ဓာငါးပါးမှတ်။ ။နာမ်ကို လေးမျိုးခွဲ၍ ဟောတော်မူသည်။ ။ခန္ဓာဆိုသည်မှာ မြန်မာခေါ် အားဖြင့် နှမ်းစု,နှမ်းပုံ၊ သဲစု,သဲပုံ၊ နှမ်းတမျိုးတခြား၊ သဲတမျိုး တခြား ဆိုသကဲ့သို့ အစုအပုံ တမျိုးတခြားကို ဆိုသည်။ ရူပက္ခန္ဓောတိ ရူပရာသိ ရူပကောဋ္ဌာသော။ ။သမ္မောအဋ္ဌကထာ။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဆိုသည်ကား။ ရူပရာသိ၊ ရုပ်စု, ရုပ်ပုံ တည်း။ ရူပကောဋ္ဌာသော၊ ရုပ်တမျိုးတခြားတည်း။ ။အနက်။ ခန္ဓာကို ဟောတော်မူသည့် အဓိပ္ပါယ်မှာ သတ္တဝါတို့၏ ကိုယ်ကို

ရုပ်တစု တပုံတမျိုး၊ ဝေဒနာ တစုတပုံတမျိုး၊ သညာ တစုတပုံ တမျိုး၊ သင်္ခါရ တစု တပုံ တမျိုး၊ ဝိညာဏ် တစု တပုံ တမျိုး ဟူ၍ ငါးစု, ငါးပုံ,ငါးမျိုးစုပုံခွဲထား၍ အကောင် အထင် အမှတ် အတ္တဒိဋ္ဌိကို ဖျက်ဆီးရမည် ဆိုလိုသည်။

ရူပက္ခန္ဓာကို အကျယ်ပြရန် ရုပ်အရေအတွက်ကို ပြဦးအံ့။

တကိုယ်လုံးဖြစ်၊ ဆဲ့နှစ်အထယ်၊ အချယ်ခြောက်ဆူ၊ အမှုရုပ်ငါး၊ ရှံလေးပါးနှင့်၊ အခြားရုပ်တစ်၊ နှစ်ဆဲ့ရှစ်သည်။ ။မှတ်လစ်ရုပ်ပေါင်း အရေအတွက်တည်း။

ပထဝီ,အာပေါ်,တေဇော,ဝါယော၊ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ, ရှစ်ဖြာအဝိနိဗ္ဘောဂ။

ကာယပသာဒ၊ ဇီဝိတ၊ ဇုတ္တိဘာဝ၊ ပုရိသာဝ–ပေါင်းက တဆဲ့နှစ်သည် တကိုယ်လုံးဖြစ်သည့် အထယ်ကိုယ်ရုပ် မည်၏။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ဟဒယဝတ္ထု၊ သဒ္ဒမှတ်ဘွယ်၊ ဤခြောက်သွယ်သည်။ အချယ်ရုပ် ခြောက်ခုမည်၏။ ။ကာယဝိညတ်၊ဝစီဝိညတ်၊လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဤငါးဖြာကား အမှုရုပ် ငါးပါးမည်၏။ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဤလေးဖြာမှု၊ ရန်သူ ရုပ်လေးပါး မည်၏။ ။ပရိစ္ဆေဒ၊ အာကာသကား၊ အခြားရုပ်တစ် မည်၏။ ရုပ် ၂၈–ကို၊ ကျစ်လစ်ကြေညက်၊ နှုတ်ဝယ်တက်၊ ရေတွက် တတ်စေရမည်။ ထယ်,ချယ်,ဆဲ့ရှစ်ကို ရုပ်စစ်ဆို၊ မှု,ရန်, အခြား ဆယ်ပါးရုပ်တုဆို။

၁။ အဋ္ဌကလာပ်။
၂။ ဇီဝိတနဝက,ကလာပ်။
၃။ ကာယဒသက,ကလာပ်။
၄။ ဘာဝဒသက,ကလာပ်။

ဤလေးရုပ်ကို အထယ်ကိုယ် ကလာပ်စည်း ဟူ၍ မှတ်။

၁။ စက္ခုဒသက ကလာပ်။
၂။ သောတဒသက ကလာပ်။
၃။ ဃာနဒသက ကလာပ်။
၄။ ဇိဝှါဒသက ကလာပ်။
၅။ ကာယဒသက ကလာပ်။
၆။ သဒ္ဒနဝက ကလာပ်။

ဤခြောက်သွယ်ကို အချယ်ကလာပ်စည်းဟူ၍မှတ်။

၁။ ကာယဝိညတ္တိနဝက ကလာပ်။
၂။ ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်။
၃။ လဟုတာဒိ ကလာပ်။
၄။ ကာယဝိညတ္တိလဟုတာဒိ ကလာပ်။
၅။ သဒ္ဒလဟုတာဒိ ကလာပ်။
၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ ကလာပ်။

ဤခြောက်ရပ်ကို အမှုအရာကလာပ်ဟူ၍မှတ်။ ပေါင်းကလာပ် ဆဲ့ခြောက်စည်း။

**လေးစည်းအထယ်၊ အချယ်ကား–ခြောက်၊**
**အမှုခြောက်၊ ဆဲ့ခြောက် ကလာပ်ပေါင်း။**

ရုပ်အရေအတွက် ကလာပ်စည်းအရေအတွက် ပြီး၏။

## ၃၂—ခေတ်လေးပါးတို့၏ သဘောလက္ခဏာနှင့်တကွ အဝိနိဗ္ဘောဂရုပ်ကို ပြခြင်း

ခေတ်လေးပါး တို့၏ သဘောနှင့် တကွ အဝိနိဗ္ဘောဂရုပ် စသည်ကို ပြဦးအံ့။ ။ပထဝီခေတ် ဆိုသည်ကား စမ်းသပ် တို့ထိ, နှိပ်ဖိ,ဆုတ်ကိုင်လိုက်သောအခါ တွေ့ထိအပ်သောအကြမ်း အနု အရအခံ ခက်ထန်မာထပ်သောသဘော၊ ယင်းသဘောကိုပင် ပထဝီခေတ်ဆိုရသည်။ ပထဝီတခြား သဘောတခြားမဟုတ်။ ။ ထဒ္ဓဘာဝေါ ဝါ ခရ ဘာဝေါ ဝါ ပထဝီဓာတု။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။ထဒ္ဓဘာဝေါဝါ၊ ခုခံ,နိုဖတ် မာထပ်သောသဘော

သည့်ရုပ်။ ခရဘာဝေါ ဝါ၊ ကြမ်းခက်,ချွံ၊ မာထန်ခြင်းသဘော သည့်ရုပ်။ ပထဝီဓာတု၊ ပထဝီဓာတ်မည်၏။ ဝါ၊ အဖတ်ဓာတ် မည်၏။ ။အနက်။ ။ပထဝီဓာတ်ဟူသည် ကြမ်း,နူ,ချွံ, ခက်ထန်, မာထပ်သော သဘောလျှင် မှတ်စရာရှိသည်။ ယင်းသဘောမှ တပါး ပသဝီဟူ၍ မှတ်စရာ တခြားမရှိ။ ။ထဒ္ဓလက္ခဏာ ပထဝီ ဓာတု၊ ကက္ခဠလက္ခဏာ ပထဝီဓာတု။ ။အဋ္ဌသာလိနီ။ ။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ထဒ္ဓလက္ခဏာ၊ ချွံနုဖတ်မာထပ် သော သဘောလျှင် မှတ်စရာရှိ၏။ ကက္ခဠလက္ခဏာ၊ ကြမ်းခက် ချွံ မာထန်သော သဘောလျှင် မှတ်စရာ ရှိ၏။ ။အနက်။ ။ ပထဝီဓာတ်လွှန်လျှင် အတုံး,အဖတ်၊ အပိုင်,အခဲကဲ့သို့ ဖြစ်ရ၏။ ယင်းအတုံး,အဖတ်၊ အပိုင်,အခဲ တွေ့ကိုလည်း လွှန်ဓာတ်ကို စွဲ၍ ပထဝီဓာတ်ဟူ၍ပင် ဆိုရ၏။ အစစ်မဟုတ်။ အစစ် ပထဝီကို မျက်စိနှင့်ကြည့်၍မမြင်ကောင်း။ဉာဏ်မျက်စိနှင့်ကြည့်မှမြင်သည်။ တို့ထိ ဆုပ်ကိုင်၍လည်း သိကောင်း၏။ ။ယင်းပထဝီဓာတ်သည် တပါး ရုပ်တို့၏ မှီရာတည်ရာ အခံဓာတ် မည်၏။ အဖတ်ဓာတ် ဟူ၍လည်း ဆိုရ၏။ ။ပထဝီဓာတ် အဖတ်ဓာတ်ပြီး၏။

အာပေါဓာတ်ဆိုသည်ကား ရုပ်အများကို ဖရိုဖရဲ မရှိစေရ၊ ပေါင်းစု စည်းကပ်တွယ်စပ် ဖွဲ့စည်းခြင်း သဘော, ရိပျော်စီးယို စွတ်စိုခြင်း အရည် အစေး သဘော။ ယင်း သဘော ကိုပင် အာပေါဓာတ် ဆိုရသည်။ အာပေါ တခြား သဘော တခြား မဟုတ်။ ။အာဗန္ဓနဘာဝေါ ဝါ ဒြဝဘာဝေါဝါ အာပေါဓာတု။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။အာဗန္ဓနဘာဝေါဝါ၊ ပေါင်းစုစည်းကပ် တွယ်စပ် ဖွဲ့စည်းခြင်း သဘောသည့်ရုပ်။ ဒြဝဘာဝေါ ဝါ၊ ရိပျော် စီးယို စွတ်စိုခြင်း အရည် အစေး သဘော သည့်ရုပ်။ အာပေါဓာတု၊ အာပေါဓာတ်မည်၏။ ဝါ၊ အရည် အစေးဓာတ် မည်၏။ ။အနက်။ ။အာပေါဓာတ်ဟူသည် ပေါင်းစုစည်းကပ် တွယ်စပ်ဖွဲ့စည်းခြင်း, ရိပျော်စီးယို စွတ်စိုခြင်း အရည်အစေး သဘောလျှင် မှတ်စရာရှိသည်။ ယင်းသဘောမှတပါး အာပေါ

ဟူ၍ မှတ်စရာမရှိ။ ။အာဗန္ဓန လက္ခဏာ အာပေါဓာတု၊ ပဂ္ဃရဏ လက္ခဏာ အာပေါဓာတု။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။ အာပေါဓာတု၊ အာပေါဓာတ်သည်။ အာဗန္ဓနလက္ခဏာ၊ ပေါင်းစု စည်းကပ် တွယ်စပ်ဖွဲ့စည်းခြင်းသဘောသာလျှင်မှတ်စရာရှိ၏။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ပဂ္ဃရဏလက္ခဏာ၊ ရိပျော်စီးယို စွတ်စိုခြင်း အရည်အစေး သဘောလျှင် မှတ်စရာရှိ၏။ အနက်။ အာပေါဓာတ် လွန်လျှင် အရည်အစေး ဖြစ်ရ၏။ ယင်းအရည်အစေးကိုလည်း ဓာတ်လွန်ကို စွဲ၍ အာပေါဓာတ်ဟူ၍ပင် ဆိုရ၏။ အစစ်မဟုတ်။အစစ်အာပေါကို မျက်စိနှင့် ကြည့်၍မမြင်။ ဉာဏ်နှင့်ကြည့်မှမြင်သည်။ ဆုတ်ကိုင်တို့ထိ၍လည်း မတွေ့ မထိ၊ အာပေါဓာတ် ဟူသော အရည်အစေးဓာတ် ပြီး၏။

တေဇောဓာတ် ဆိုသည်ကား ရင့်စေ ကျက်စေ ဆွေးမြေ့ လောင်ကျွမ်းစေခြင်း အပူ အအေး၊ အနွေးအငွေ့၊ အရှိန်သဘော။ ယင်းသဘောကိုပင် တေဇောဓာတ် ဆိုရသည်။ တေဇောတခြား သဘော တခြားမဟုတ်။ ။ပရိပါစနဘာဝေါ ဝါ ဥဏှတ္တဘာဝေါ ဝါ တေဇောဓာတု။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ပရိပါစနဘာဝေါ ဝါ၊ ရင့်စေကျက်စေ ဆွေးမြေ့လောင်ကျွမ်းစေခြင်း သဘော သည်ရင်း။ဥဏှတ္တဘာဝေါ ဝါ၊ အပူအအေး၊အနွေးအငွေ့၊အရှိန်သဘော သည်ရင်း။တေဇောဓာတု၊ တေဇောဓာတ်မည်၏။ဝါ၊အရှိန်ဓာတ် မည်၏။ ။အနက်။ ။တေဇောဓာတ် ဆိုသည် ရင့်စေ ကျက်စေ ဆွေးမြေ့လောင်ကျွမ်းစေခြင်း သဘော၊ အပူ အအေး အနွေးအငွေ့ အရှိန်သဘောလျှင် မှတ်စရာ ရှိသည်။ ယင်း သဘောမှတပါး တေဇောဓာတ်ဟူ၍ မှတ်စရာမရှိ။ ပရိပါစန လက္ခဏာ တေဇော ဓာတု၊ ဥဏှတ္တ လက္ခဏာ တေဇော ဓာတု။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။တေဇောဓာတု၊ တေဇောဓာတ်သည်။ ပရိပါစန လက္ခဏာ၊ ရင့်စေ ကျက်စေ ဆွေးမြေ့ လောင်ကျွမ်းစေခြင်း သဘောလျှင် မှတ်စရာရှိ၏။တေဇောဓာတု၊တေဇောဓာတ်သည်။ ဥဏှတ္တလက္ခဏာ၊ အပူ အအေး၊ အနွေး အငွေ့ အရှိန်သဘောလျှင်

မှတ်စရာရှိ၏။ ။အနက်။ ။တေဇောဓာတ် လွန်လျှင် မီးတောက် မီးလျှံစွဲပြီ မီးဖြစ်ရ၏။ ယင်းမီးတောက် မီးလျှံစွဲ မီးကိုလည်းဓာတ် လွန်ကိုစွဲ၍ တေဇောဓာတ်ဟူ၍ပင် ဆိုရ၏။ အစစ်မဟုတ် အစစ် တေဇောကို မျက်စိနှင့်ကြည့်၍ မမြင်ကောင်း။ ဉာဏ်နှင့်-ကြည့်မှ မြင်သည်။ တို့ထိ၍ သိကောင်း၏။ ။တေဇောဓာတ် ဟူသော အငွေ့ အရှိန်ဓာတ်ပြီး၏။

ဝါယော ဓာတ်ဆိုသည်ကား ဖေါင်းပွခြင်း သဘော, ချခံခြင်း သဘော, တွန်းကန်ခြင်းသဘော, တောင့်ခိုင်ခြင်းသဘော, ဖိညှပ်နှိပ်ပင့်ခြင်းသဘော, မှုတ်လွှင့် တိုးဝှေ့ခြင်း သဘော, လှုပ်ရှေ့ခြင်း, လှုပ်ရှေ့စေခြင်း အဟုန်သဘော၊ ယင်း သဘောကိုပင် ဝါယောဓာတ် ဆိုရသည်။ ဝါယော တခြား သဘောတခြား မဟုတ်။ ။ဝိဋ္ဌမ္ဘနဘာဝေါ ဝါ သမုဒီရဏဘာဝေါ ဝါ ဝါယော ဓာတု။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဝိဋ္ဌမ္ဘန ဘာဝေါ ဝါ၊ ဖေါင်းပွ ချခံ၊ တွန်းကန်တောင့်ခိုင်ခြင်း ဖိညှပ်နှိပ်ပင့်ခြင်း သဘောသည် ဝင်း။သမုဒီရဏ ဘာဝေါ ဝါ၊မှုတ်လွှင့် တိုးဝှေ့ လှုပ်ရှေ့ခြင်း,လှုပ်ရှေ့စေခြင်း အဟုန်သဘောသည်ဝင်း။ ဝါယောဓာတု၊ ဝါယော ဓာတ်မည်၏။ဝါ၊ အဟုန်ဓာတ်မည်၏။ ။အနက်။ ။ဝါယောဓာတ် ဟူသည် ဖေါင်းပွ ချခံတွန်းကန် တောင့်ခိုင်ခြင်း ဖိညှပ်နှိပ်ပင့် မှုတ်လွှင့်တိုးဝှေ့ လှုပ်ရှေ့ခြင်း လှုပ်ရှေ့စေခြင်း အဟုန်သဘော လျှင် မှတ်စရာရှိသည်။ယင်းသဘောမှတပါး ဝါယော ဓာတ်ဟူ၍ မှတ်စရာမရှိ။ ။ဝိဋ္ဌမ္ဘန လက္ခဏာ ဝါယော ဓာတု၊ သမုဒီရဏ လက္ခဏာ ဝါယောဓာတု။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဝိဋ္ဌမ္ဘနလက္ခဏာ၊ ဖေါင်းပွ ချခံ တွန်းကန် တောင့်ခိုင် ဖိညှပ်နှိပ်ပင့်ခြင်း သဘောလျှင် မှတ်စရာရှိ၏။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ သမုဒီရဏ လက္ခဏာ၊ မှုတ်လွှင့် တိုးဝှေ့ လှုပ်ရှေ့ခြင်း လှုပ်ရှေ့စေခြင်း အဟုန်သဘောလျှင်မှတ်စရာရှိ၏။ ။အနက်။ ။ဝါယောဓာတ် လွန်လျှင်လေညှင်း, လေပြင်း ဖြစ်ရ၏။ ယင်းလေညှင်း, လေပြင်း

ကိုလည်း ဓာတ်လွန်ကိုစွဲ၍ ဝါယောဓာတ်ဟူ၍ပင် ဆိုရ၏။ အစစ် မဟုတ်၊ အစစ်ဝါယောကို မျက်စိဖြင့် မမြင်ကောင်း၊ ဉာဏ်နှင့် ကြည့်မှ မြင်သည်။ တွေ့ထိ၍သိကောင်း၏။ ။ဝါယော ဟူသော အဟုန်ဓာတ်ပြီး၏။

ဝဏ္ဏ–ဆိုသည်မှာ ဓာတ်ကြီးလေးပါးတို့ကို စွဲမှီ၍ ဖြစ်သော အဆင်းရုပ်။ ။ဂန္ဓ–ဆိုသည်မှာ ဓာတ်ကြီးလေးပါးတို့ကို စွဲမှီ၍ ဖြစ်သော အနံ့ရုပ်။ ။ရသ–ဆိုသည်မှာ ဓာတ်ကြီးလေးပါးတို့ကို စွဲမှီ၍ ဖြစ်သော အချို,အချဉ်,အစပ်,အငန်,အဖန်,အခါး ဟူသော အရသာရုပ်။ ။ဩဇာ–ဆိုသည်မှာ ဓာတ်ကြီး လေးပါးတို့ကို စွဲမှီ၍ ဖြစ်သော အဆီ,အစေး, ဩဇာ, အာဟာရရုပ်။ဆိုအပ်ပြီး ယင်းရုပ် ရှစ်ခုတို့သည် တလောကလုံး ဘယ်နေရာမဆို ထိုထို ဝတ္ထု၌ အတူတူရမြဲ,ဖြစ်မြဲ တခြားစီခွဲ၍ မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်ကုန်၏။ ။ငှက်ပျောသီး,ရှောက်သီး၌ တွေ့အပ်, ထိအပ်, အမှုန့်အဖတ် အခဲ အခံ အမာဓာတ် သဘောတို့ကို ပထဝီ ဓာတ်ဆိုသည်။ အမှုန့် အဖတ် တွေကို ဖရိုဖရဲမရှိစေရ၊ အဖွဲ့ အစည်း အခိုင် အစွတ် အရည်အစေး သဘောကို အာပေါဓာတ် ဆိုသည်။ ရင့်ကျက်စေတတ်သော အပူ အအေး၊ အနွေး အငွေ့အရှိန် သဘောကိုသာ တေဇောဓာတ်ဆိုသည်။ဖေါင်းကြွ ပွရွစေသော သဘောကို ဝါယောဓာတ် ဆိုသည်။ အထယ်ခံ ယင်းဓာတ် လေးပါးကို စွဲမှီ၍ တည်ကြသော ဝဏ္ဏ–အဆင်းရုပ်၊ ဂန္ဓ–အနံ့ရုပ်၊ ရသ–အချိုရုပ်, အချဉ်ရုပ်။ ဩဇာ–အဆီ,အစေး, အာဟာရရုပ်၊ ဤရုပ်တို့သည် တမျိုးစီ တခြားစီ။ ပေါင်း ရုပ်ရှစ်ပါးကို တခြားစီ မမြင်ဘဲ တသားထဲ တခဲထဲတခုထဲ ငှက်ပျောသီး,ရှောက်သီးဟူ၍ ထင်ရ,မြင်ရ,ခေါ်ဝေါ်ရသော သဘောကိုပင်သမုဟာဃနပညတ် ဆိုသည်။ ။ကလာပ်စည်း ထင်မြင် လွယ်စေခြင်းငှါ အမှုန့် ဟူ၍ ပညတ်သံနှင့် ဆိုလိုက်သည်။ ဖေါ့ဖွသဘော ထင်မြင်လွယ်စေ ခြင်းငှါ အဖတ်ဟူ၍ ပညတ်သံနှင့် ဆိုလိုက်သည်၊ ဆိုသော်လည်း ပရမတ်ကိုနှုံသိရ၏။

ခဲ, သံ, ကြေး, ကျောက်, အရိုး, အနှစ်–စသော ဝတ္ထုတို့၌ အမှုန့်, အဖတ် အမာ ပထဝီဓာတ်လွန်သည်။ အာပေါ ဓာတ်၏ အာဗန္ဓနသဘော အဖွဲ့အစည်း နာသည့် အတွက် ပထဝီဓာတ် အမှုန့်တွေ အလွန်စေ့စပ် ကြပ်တည်း သည်ဖြစ်၍ အာကာသနှင့် တကွ ဝါယောဒုပ်သည်၊ ပထဝီများသည်၊ထိုကြောင့်လေးသည်၊ မာသည်။ ။ရေ၌ ပထဝီအမှုန့် အဖတ် အမာဓာတ်တွေကို အရည် အပျော် အာပေါဓာတ် အဖွဲ့ အစည်း စေ့စပ်သည့် အတွက် အာကာသဓာတ် ဝါယောဒုပ်သည်၊ ပထဝီ များသည်၊ထိုကြောင့် ရေလေးသည်၊ ပဏ္ဍရတာ သဘော ဟူသော အာပေါဓာတ် လွန်သောကြောင့် အရည် အပျော်ဖြစ်ရသည်။ ။ပထဝီ အာပေါ အားကြီးလျှင် ဝါယောဒုပ်မြဲ။ ဝါယော အားကြီးလျှင် ပထဝီ အာပေါဒုပ်မြဲ မှတ်လေ။ ။ခြေနှစ်ချောင်းကို ကိုင်၍ လူကို ရေ၌ ရိုက်သောအခါ အထိ အခိုက် ကြမ်း၍ အသံထွက်သည်၊ လူလည်း နာသည်။ ထိုကြောင့် ရေ၌ ပထဝီ များကြောင်းကို သိရသည်။ အာပေါ၌ ဖေါဋ္ဌဗ္ဗသဘောမရှိ။ ဂရု,လဟုသဘောမရှိ။ အဋ္ဌကထာ တို့၌ အာပေါကို ဂရုကသဘောဆိုသည်မှာသသမ္ဘာရအာပေါကို ဆိုသည်မှတ်။

အဏ္ဏဝ ဗဟိဒ္ဓ၊ ကြီးကြီး, ငယ်ငယ်၊ နီနီ, မဲမဲ၊ အတုံး အခဲ မြင်–မြင်သမျှ၌ ရေဖြင့် ပေါင်းစု လုံးထွေး အပ်သောမုံ့မှုန့် စိုင်ဖုံမှုန့်စိုင် ပိုးမှုန့်ခဲတို့၌ အမှုန့်တွေကဲ့သို့ သဘာဝ ဒြဗ်အများ ကို သတ်မှတ် ခွဲခြား၍ သိမြင်မှ သမူဟ ဃန ပညတ် ကင်းသည်။ ။သဘာဝ ဒြဗ်တွေ အမျှင် တန်းလျှင် သန္တတိ ဃန ပညတ်မှတ်။ အနိစ္စကို မြင်မှ သန္တတိဃန ပညတ်ကင်း သည်။ ။သဘာဝဒြဗ် ဟူ၍ ဆိုလိုက်သော စကား၌ သဘာဝ ဆိုသည် ဝိသေသ လက္ခဏာကို ဆိုသည်။ ဝိသေသ လက္ခဏာ ဆိုသည်မှာ ဥပါဒ် သဘောဖြင့် ဖြစ်ပေါ်လာသော တရားကိုယ် ကို ဆိုသည်။ ယင်းတရားကိုယ်ကိုပင် ဒြဗ်, ဟူ၍ ဆိုသည်။

အဇ္ဈတ္တာ ဝိဇ္ဇမာနာ ဝိဇ္ဇမာန ဒဗ္ဗဇ္ဈတ္တာ။ ဝိဇ္ဇမာနာ ဝိဇ္ဇမာန ဒဗ္ဗဇ္ဈတ္တာ၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိ-မရှိသော ဒြပ် အနက်သည်။ အဇ္ဈတ္တာ၊ အဇ္ဈတ္တမည်၏။ ဤသို့ ဓာလိနီ သဒ္ဒါ ငယ်၌ဆိုအပ်သော ဝိဇ္ဇမာနတ္ထကိုပင် ဒြပ်ဟူ၍ဆိုသည်။ ဝိကာရ ရုပ်ငါးခုကိုကား ဒြပ်အထယ်မရှိ ကြိယာ အမူအရာ ဝိကာရမျှ ဟူ၍မှတ်။ ကြွင်းသော ပရမတ္ထ သဘောတရားတို့ကို ကြည့် သမျှအမူအရာ ဝိကာရမျှဟူ၍ မမှတ်လင့်။ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာသုံးပါး၏ တည်ရာ ဒြပ်အထယ်တရားကိုယ် ရှိသည် ဟူ၍မှတ်။ ။ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝ ဓမ္မာနာမ။ ။ဟိ၊ မှန်၏။ ယဒိဒံ သဘာဝ ဓမ္မာနာမ၊အကြင် ပရမတ္ထ သဘောတရား မည်သည်။ ယထာပစ္စယံ၊ အကြောင်း အားလျော်စွာ။ ပဝတ္တိမတ္တမေဝ၊ ဖြစ်ခြင်းမျှသာတည်း။ ။ဤ ဋီကာကျော်စကားမှာ ခဏတ္တယနှင့် ပြည့်စုံသော သဘာဝ ဒြပ် မရှိသည်ကို ပြသည်မဟုတ်။ နိဗျာပါရ, နိသတ္တ, နိဇီဝကိုသာ ပြသည်မှတ်။

မြင်ကောင်း, မမြင်ကောင်း၊ ကိုယ်၌ တွေ့ကောင်း မတွေ့ ကောင်းသော သဘာဝ ဒြပ်တွေ များစွာပေါင်းစု ဖြစ်နေသော အဏုမြူတလုံး၌ သဘာဝ ဒြပ်များကို မသိမမြင်ဘဲ တခဲထဲ တခုထဲ အဏုမြူဒြပ်ကို သိမြင်လျှင် သမူဟဃန ပညတ်မှတ်။ ယင်း သဘာဝဒြပ်တွေကို ဟိုနေ့, သည်နေ့ စသည် အမျှင်တန်း ဆက်၍ တခုထဲသိမြင်ထင်မှတ်လျှင် သန္တတိဃန ပညတ်မှတ်။ သဘာဝ ဒြပ်နှင့်တကွ အနိစ္စ လက္ခဏာကို သိမြင်မှ ပရမတ် စစ်သည်မှတ်။ ။အဝိနိဗ္ဘောဂရုပ် ရှစ်ခုပြီး၏။

ကာယပသာဒရုပ် ဆိုသည်ကား မိမိမှီရာ မဟာဘုတ်ကို ကြည်စေတတ်သော သဘော။ တနည်း။ မဟာဘုတ်ကို မှီ၍ ဖြစ်သော အကြည်ရုပ်တည်း။ ။ယင်း ကာယပသာဒ ရုပ်သည် ဆံပင်များ, မွေးညှင်းများ, ခြေသည်း လက်သည်းများ ခြောက် သော အသားအရေ, နှပ်, တံတွေး, အစာသစ်, အစာဟောင်း,

ကျင်ငယ်သလိပ်တို့ကို ချန် ကျန်သမျှ တကိုယ်လုံးကို ပျံ့နှံ့၍ တည်၏။ သတ္တဝါတို့ကိုယ်၌ ယင်းကာယပသာဒရုပ် ရှိသည့်အတွက် နာမှန်း,ကျင်မှန်း, ပူမှန်း, အေးမှန်း,ညောင်းမှန်း, ညာမှန်း သိသည်။ ကာယပသာဒရုပ်မရှိသော် ထင်းချောင်းကဲ့သို့ အပ်နှင့်ဆွ မီးနှင့်တို့သော်လည်း မသိ။

ဇီဝိတ ရုပ်ဆိုသည်ကား ကိုယ်စောင့်ရုပ်တည်း။ ။ထင်ရှားစေဦးအံ့။ မျိုးကြောင့် ပေါက်ရောက်သော ကြာကို ရေသည် စောင့်ရှောက် သကဲ့သို့ ထိုအတူ ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်သည်။ ကမ္မဇရုပ်, ဇီဝိတရုပ်တို့သည် လှေ, လှေသူကြီး တို့နှင့် တူကုန်၏။ တစုံ တခုသော အကြောင်းလည်း ကင်းပြတ်ချုပ်ငြိမ်းကုန်၏။ ကမ္မဇရုပ်တို့ ကင်းပြတ်ချုပ်ငြိမ်းကလည်း ကမ္မဇရုပ်ကိုမှီတွယ်ပေါင်းသင်းရသော နာမ်တရား, စိတ္တဇ ရုပ်, အာဟာရဇ ရုပ်တို့လည်း ကင်းပြတ်ချုပ်ငြိမ်းကြလေကုန်၏။ ထိုအခါ ဥတုဇ ရုပ်သာ ကျန်ကြွင်းသဖြင့် အသေကောင် ဝေါဟာရ ဖြစ်ရလေ၏။ ဇီဝိတရုပ် ရှိသည့်အတွက် အရှင်ဝေါဟာရဖြစ်ရသည်။ ထိုကြောင့် ဇီဝိတရုပ်ကို ကိုယ်စောင့်ရုပ်ဆိုသည်။

ဣတ္ထိဘာဝရုပ်ဆိုသည်ကား မိန်းမရုပ်တည်း။ ။ပုရိသဘာဝရုပ်ဆိုသည်ကား ယောကျ်ားရုပ်တည်း။ ။ယင်းဘာဝရုပ် နှစ်ပါးကို မျက်စိနှင့် ကြည့်၍ မမြင်ကောင်း။ ဘာဝရုပ် အာနုဘော်ကြောင့်ဖြစ်သော အသွင်အပြင် အမူအရာ ပုံဟန်သဏ္ဌာန် နိမိတ်ကို ထောက်ဆ၍ မနောနှင့်သာ သိရသည်။ ။ထင်ရှားစေဦးအံ့။ ယောကျ်ားရုပ် ရရှိသော သူတို့အား ယောကျ်ားနိမိတ် မုတ်ဆိတ် ကြင်စွယ် ပေါက်ခြင်း, ခြေလက် တုတ်ခြင်း, အသံကြီးခြင်း, သားမြတ် သေးခြင်း—စသည် ဖြစ်ပေါ်လာရ၏။ ။ မိန်းမရုပ် ရရှိသော သူတို့အား မိန်းမနိမိတ် ပေါ်လာရခြင်း, မုတ်ဆိတ် ကြင်စွယ် မပေါက်ခြင်း, သားမြတ် ကြီးခြင်း, အသံ— ခြေ— လက်သေးခြင်း— စသည် ဖြစ်ပေါ်လာရ၏။ ။

အကုသိုလ်ကံကြောင့် ဘာဝရုပ် နှစ်ပါးလုံး မရသောပုဂ္ဂိုလ်ကို နပုန်းပဏ္ဍုက်ဆိုသည်။ ဘာဝရုပ် နှစ်ပါးလုံး ရှိသော ပုဂ္ဂိုလ် မရှိကောင်း။ ။ယောကျ်ားတလှည့်, မိန်းမတလှည့် ဖြစ်ရသော ဥဘတော ဗျည်းတို့၌သော်လည်းတခုသာရသည်မှတ်။ဣတ္ထိဘာဝ ရုပ်ရရှိလျှင် မိန်းမဥဘတောဗျည်း၊ ပဋိသန္ဓေ လည်း ပေးနိုင်, ယူလည်း ယူနိုင်၏။ ။ပုရိသဘာဝရုပ် ရရှိလျှင် ယောကျ်ား ဥဘတောဗျည်း။ ပဋိသန္ဓေပေးနိုင်၏။ မယူနိုင်။ ။အင်္ဂါဇာတ် လည်း နှစ်ခု အပြိုင် အထင် အရှား မရှိကောင်း ပုရိသဘာဝရုပ်ကို ဗလဝ ကုသိုလ်ကံကြောင့် ရ၏။ ဗလဝ အကုသိုလ်ကံကြောင့် ကွယ်၏။ဣတ္ထိဘာဝ ရုပ်ကို ဒုဗ္ဗလကုသိုလ်ကံကြောင့်ရ၏။ ဒုဗ္ဗလ အကုသိုလ် ကံကြောင့်ကွယ်၏။ ။တကိုယ်လုံးရ အထယ်ကိုယ်ရုပ် ၁၂-တို့၏ သဘောကို ပြသည် တခန်းပြီး၏။

---

## ၃၃—အထယ်ကိုယ်ရုပ် ဆဲ့နှစ်တို့၏ တကိုယ်လုံး၌ ရပုံကို ဥပမာဖြင့် ထင်စွာပြဆိုခြင်း

ယင်း အထယ်ကိုယ်ရုပ် ဆဲ့နှစ်တို့၏ တကိုယ်လုံး၌ ရပုံကို ဥပမာဆောင်၍ ထင်အောင် ပြဦးအံ့။ ။ဆန်မှုန့်တွေကို ရေဆွတ် နနွင်း, နံ့သာ, သကြား, နွားနို့, ဆီ, ဆား, ထောပတ်- ခုနစ်ပါး ထည့်စွက်၍ သမအောင်နယ်ပြီးလျှင် လူသဏ္ဌာန် ပြုလုပ်ပေါင်း ခွေးအပ်သော မုံ့ညက်ရုပ်ကြီး၌ အခွေး အငွေ့ကို တပါး, အပွ- အရွကိုတပါး ယူ၍ ပေါင်းတဆဲ့တမျိုးတို့ တခြားစီ နေအောင် ခွဲခြင်း၍ မရနိုင်သော်လည်း သဘာဝအားဖြင့် တမျိုးစီ တခြားစီ အမှန်ဖြစ်ကြကုန်၏။ ဆန်မှုန့်တွေသည် အထယ်ခံ အမာအဖတ် အခံဓာတ်ဖြစ်၏။ ရေသည် ဆန်မှုန့်တွေကို ပေါင်းရုံးဖွဲ့စပ် အစို အစွတ်ဖြစ်၏။ ဆန်မှုန့်မှ ကြွင်းသော ဆယ်မျိုးတို့မှာ ဆန်မှုန့် တိုင်းကိုစွဲမှီ၍ တည်ကြရလေသောကြောင့် ဆန်မှုန့်များတိုင်း များကုန်၏။ တမှုန့်တမှုန့်၌ တဆဲ့တမျိုးစီရှိကြ၏။ ။ယင်းတဆဲ့

တမျိုးစီရှိကြသောဆန်မှုန့်တွေတို့၏အစုအပေါင်းမုံ့ညက်ရုပ်ကြီးကို အသေအချာ စဉ်းစား။ ဤကား ဥပမာန စကား။ ။လူတို့ကိုယ်ကို ပရမာဏုမြူပမာဏ အမှုန့် ပြုသည်ရှိသော် ငါးပြည်ခြောက်ပြည်ခန့် ပမာဏရှိရာ၏။ ယင်းအမှုန့်တို့တွင် အချို့အချို့အမှုန့် အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုတို့၏ အစုအစည်း။ ။ယင်းကဲ့သို့ရှစ်ခု ရှစ်ခုသော အဝိနိဗ္ဘောဂရုပ်တို့၏ အစုအစည်း တွေကို အဋ္ဌက ကလာပ်စည်းခေါ်သည်။

အချို့ အချို့ အမှုန့် ဇီဝိတပါ ရုပ်ကိုးခုတို့၏ အစုအစည်း။ ယင်းကဲ့သို့ ရုပ်ကိုးခုကိုးခုရှိသောအစုအစည်းတွေကိုဇီဝိတ နဝက ကလာပ်စည်းခေါ်သည်။ ။အချို့ အချို့ အမှုန့် ဇီဝိတ ကာယပသာဒပါ ရုပ်ဆယ်ခုတို့၏ အစုအစည်း။ယင်းကဲ့သို့ဆယ်ခုဆယ်ခုရှိသော အစုအစည်းတွေကို ကာယဒသက ကလာပ်စည်းခေါ်သည်။ ။အချို့ အချို့ အမှုန့် ဇီဝိတ, ဘာဝရုပ်ပါ ရုပ်ဆယ်ခုတို့၏ အစုအစည်း။ ယင်းကဲ့သို့ ဆယ်ခု ဆယ်ခု ရှိသော အစုအစည်းတွေကို ဘာဝဒသက ကလာပ်စည်းခေါ်သည်။ ။ ဤကလာပ်စည်းတို့၌ ပထဝီဓာတ်သည် အထယ်ခံ အခံဓာတ်ဖြစ်၏။ ကြွင်းရုပ်တို့ ပထဝီကိုစွဲ၍ တည်ကြရကုန်၏။ ။ဤသို့လျှင် လူတို့ကိုယ်၌ ကလာပ်မှုန့် ငါးပြည် ခြောက်ပြည်ခန့် မရေတွက်နိုင်အောင်များ၏။ ။အမျိုးတူ ပေါင်း၍ ရေတွက်သော်ကား အဋ္ဌကကလာပ်တစည်း။ ဇီဝိတနဝက ကလာပ်တစည်း။ ကာယဒသက ကလာပ်တစည်း။ ဘာဝဒသက ကလာပ်တစည်း။ ပေါင်းလေးစည်းသာရှိ၏။ အမျိုးတူရုပ် အရေအတွက်ကား အထယ်ကိုယ်ရုပ် တဆဲ့နှစ်ပါးပင်။ ။အာပေါဓာတ် ပေါင်းစုဖွဲ့စည်းသောကြောင့် ဖရိုဖရဲမရှိသည်။ ရုပ်ကလာပ်တို့ကို မရောမရှက်ရအောင် အာကာသဓာတ် ကန့်ခြားသည်။ ။ယင်းတဆဲ့နှစ်ပါးသော အထယ်ကိုယ် ရုပ်ကလာပ်လေးစည်းဖြင့် မုံ့ညက်ရုပ်ကြီးနှင့်အတူ လူကောင်သဏ္ဌာန်ဖြစ်လေ၏။ ဤကား ဥပမေယျစကား။

ဥပမာန, ဥပမေယျစကား နှစ်ရပ်ကို ဥပမာ စပ်ဟပ်သော်ကား ဆန်မှုန့်နှင့် ပထဝီတူသည်၊ရေနှင့်အာပေါ၊ အငွေ့အငွေ့နှင့်တေဇော၊ အပွအရွနှင့် ဝါယော၊ နန္ဒင်းနှင့် ဝဏ္ဏ၊ နံ့သာနှင့် ဂန္ဓ၊ သကြားနှင့် ရသ၊ နွားနို့နှင့်ဩဇာ၊ ဆားနှင့်ဇီဝိတ၊ ဆီနှင့်ကာယပသာဒ၊ ယောပတ်နှင့် ဘာဝရုပ်တူသည်။ ။ဤဆိုအပ်ပြီးသောစကားကိုစဉ်းစား၍ အထယ်ကိုယ် ရုပ်တဆဲ့နှစ်ခုတို့၏ တကိုယ်လုံး၌ ရပုံကိုသိလေ။

ကမ္ဗုံ ယောနိံ ဥပနေတိ၊ ယောနိမူလကော တေသံ စိတ္တဘာဝေါ။ ။ခန္ဓသံယုတ်အဋ္ဌကထာ။ ။ကမ္ဗုံ၊ ကံသည်၊ ယောနိံ၊ ယောနိဂတိသို့။ဥပနေတိ၊ ဆောင်ပို့ပစ်ချ၏။ တေသံ၊ ထိုသတ္တဝါတို့၏။ စိတ္တဘာဝေါ၊ ပုံဟန်သဏ္ဌာန်မတူကြဘဲ ဘပုံတနဲ့ ကွဲလွဲဆန်းကြယ်သည်၏ အဖြစ်သည်။ ယောနိမူလကော၊ ယောနိ, ဂတိလျှင်အရင်းရှိ၏။ ။အနက်။ ။ဇာတ်ပဒိုသန္ဓေ ဟူသောယောနိဂတိသို့လိုက်၍ ခွေးသဏ္ဌာန်, ဝက်သဏ္ဌာန်, လူသဏ္ဌာန်စသည်ထူးခြား ကွဲလွဲကြရလေသည်။ ။ဇာတ်ပဒိုသန္ဓေ ဟူသောယောနိဂတိတို့ကား အဝိဇ္ဇာတဏှာသဟဲရှိသော ကံပစ်ချသည်ကိုဆိုလိုသည်။

## ၃၅–အထည်ကိုယ်ရုပ် ဆဲ့နှစ်ခုတို့၏ တကိုယ်လုံး၌ ရပုံကို တနည်းပြဆိုခြင်း

အထယ်ကိုယ်ရုပ် တဆဲ့နှစ်ခုတို့ တကိုယ်လုံး ဖြစ်ပုံကို တနည်းပြဦးအံ့။ ။လူတို့ ကိုယ်ကို လေးဆဲ့ နှစ်ပုံ စုပုံ ခွဲထား၍ကျမ်းဂန်တို့၌ ပြသည်။ လေးဆဲ့နှစ်ပုံ ဟူသည်ကား အမာအဖတ်ပထဝီခေါတ် နှစ်ဆယ်၊အရည်အပျော် အာပေါခေါတ် တဆဲ့နှစ်ပါး၊ အငွေ့ အရှိန်တေဇောခေါတ် လေးပါး၊ ဝါယောလေခေါတ်ခြောက်ပါး၊ ပေါင်း ဤလေးဆဲ့နှစ်ပါးတည်း။

အမာအဖတ် ပထဝီဓာတ် နှစ်ဆယ်ဆိုသည်မှာ ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့,နှလုံး, အသည်း, အမြှေး, အပြင်, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက် ဤနှစ်ဆယ်တည်း။ အရည်အပျော် အာပေါဓာတ် တဆဲ့နှစ်ပါး ဆိုသည်မှာ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး,နှပ်, အစေး, ကျင်ငယ် ဤတဆဲ့နှစ်ပါးတည်း။ အငွေ့ အရှိန် တေဇော လေးပါး ဆိုသည်မှာ ပြောင်ထင်းထင်း ပူသော တေဇောပျက်ဟူသော သန္တပ္ပနတေဇော၊ မခံသာအောင် ပူသော တေဇော ပျက်ဟူသော ဒဟာနတေဇော၊ ညီမျှပူနွေး၍ ကြီးပွါး ရင့်ကျက်စေတတ်သော ဇိရဏတေဇော၊ မျိုသွင်းအပ် သော အရည် အဖတ် အစာအာဟာရတို့ကို ကြေကျက်စေ တတ်သော ပါစကတေဇော ဤလေးမျိုးတည်း။ ။ဇိရေတိ ဗြူဟေတီတိ ဇိရဏံ။ ။ ဝိဂ္ဂြိုဟ်)။ ။ဇိရေတိ ဗြူဟေတိ၊ ညီမျှပူနွေး၍ရင့်ကျက်ကြီးပွါးစေတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဇိရဏံ၊ ဇိရဏမည်၏။ ။အနက်။ ။ဇိရ-ဗြူဟနေ၊ ဓာတ်နက်။ ဝါယော ခြောက်ပါး ဆိုသည်မှာ အထက်သို့ ဆန်တက်သော ဥဒ္ဓင်္ဂမလေ, အောက်သို့ စုန်သော အဓောဂမလေ, ဝမ်းတွင်း၌ တည်သော ကုစ္ဆိသယလေ, အအူ၏ အတွင်း၌ တည်သော ကောဋ္ဌာသယလေ, အင်္ဂါ ကြီးငယ်သို့ လျှောက်သွားသော အင်္ဂမင်္ဂါနုသာရီလေ, ထွက်သက်-ဝင်သက်ဟူသော အဿာသ ပဿာသလေ။ ဤခြောက်ပါးတည်း။ ။သစ်,ဟောင်း,ပြည်,ကျင် ဤလေးခုတို့မှာ ဥတုဇ အဋ္ဌကလာပ်မှုန့်တို့၏ အစုအပေါင်းမှတ်။ ချွေး, မျက်, တွေး, နှပ် ဤလေးရပ်တို့မှာ စိတ္တဇ ဥတုဇ အဋ္ဌက-ကလာပ်မှုန့် နှစ်မျိုးတို့၏ အစုအပေါင်းမှတ်။

ကြွင်းသောပထဝီ, အာပေါ နှစ်ဆဲ့လေးမျိုးတို့မှာ ကာယ ဒသက, ဘာဝဒသက, ကမ္မဇကလာပ်နှစ်မျိုး။ စိတ္တဇ, ဥတုဇ, အာဟာရဇ-အဋ္ဌကလာပ်သုံးမျိုး။ပေါင်းငါးမျိုးသောကလာပ်မှုန့်

တို့၏ အစုအပေါင်းမှတ်။ ။ပါစကတေဇောမှာ ဇီဝိတနဝက ကလာပ်မှုန့် တို့၏ အစုအပေါင်း။ ။အဿာသ—ပဿာသ ဝါယောမှာ စိတ္တဇအဋ္ဌက ကလာပ်မှုန့်တို့၏ အစုအပေါင်း။ ကြွင်းသော တေဇောသုံးမျိုး။ ဝါယော ငါးမျိုးတို့မှာ စိတ္တဇ-ဥတုဇ-အာဟာရဇအဋ္ဌက ကလာပ်သုံးမျိုး။ဇီဝိတနဝကကလာပ်မှုန့်တမျိုး ပေါင်းကလာပ်မှုန့် လေးမျိုးတို့၏ အစုအပေါင်း။ ။ဤအရာ၌ လွန်ခါတတ်ကိုစွဲ၍ ပထဝီ- အာပေါ- တေဇော-ဝါယော ဆိုသည်အစစ်မဟုတ်မှတ်။ ။အမှုန့်ဆိုသော စကား၌ အပြတ်အပြတ်၊ အဘစ် အဘစ် ကဲ့သို့ အသစ် အသစ် ဖြစ်ပျက်သော ကလာပ်စည်း တရား ကိုယ်ကို ဆိုသည်မှတ်။ ။ဤသို့လည်း အထယ်ကိုယ်ရုပ် တဆဲ့နှစ်ခုတို့၏ တကိုယ်လုံး၌ ရပုံကိုသိလေ။ မျက်စိ-နား- နှာ စသည် မပေါ် မချယ်ရသေးသော မုံ့ညက်ရုပ်ကဲ့သို့ လူကောင်သဏ္ဍာန် လုံးထွေး ပူးကပ် တွယ်စပ် ပေါင်းစု၍ တည်ကြသော တကိုယ်လုံးရ အထယ်ကိုယ်ရုပ် တဆဲ့နှစ်ခု။ အထယ်ကိုယ်ကလာပ်လေးစည်းတို့ကို ပြသောအခန်းပြီး၏။

## ၃၆—အချယ်ရုပ် ၆—ပါးတို့၏ သဘောကိုပြခြင်း

တကိုယ်လုံး၌မဖြစ်၊ တဋ္ဌာန၌သာ ဖြစ်သော အချယ်ရုပ်-၆ပါးတို့၏ သဘောကို ပြဦးအံ့။ ။စက္ခုပသာဒဆိုသည်မှာ မိမိမှီရာမဟာဘုတ်ကို ကြည်စေတတ်သော သဘော။ တနည်း- မဟာဘုတ်ကိုမှီ၍ ဖြစ်သော အကြည်သဘော။ ယင်း စက္ခု ပသာဒ-အကြည်ရုပ်သည် မျက်လုံး၏ အတွင်း မျက်နက်ဝန်း၏ အလယ် သန်းဦးခေါင်းပမာဏရှိသော အရပ်၌ ရုပ်မှုန့်တို့ကို တွယ်ကပ်စွဲမှီ၍တည်၏။ စက္ခုမှီသော ရုပ်မှုန့်ကို အဝိနိဗ္ဘောဂ,ဇီဝိတ ၉-ခု အခံ၊ စက္ခုပါ ဆယ်ခုရှိသောကြောင့် စက္ခုဒသကကလာပ်စည်း ခေါ်သည်။ ။စက္ခုနာ သဟ ဒသကံ စက္ခု ဒသကံ။ (ဝိဂြိုဟ်)။ စက္ခုနာ၊ စက္ခုပသာဒရုပ်နှင့်။ သဟ၊ တကွ။ ဒသကံ၊ ဆယ်ခု

အပေါင်းတည်း။ စက္ခုဒသကံ၊ စက္ခုနှင့်တကွ ဆယ်ခုအပေါင်း။ အနက်။ ။ပမာဏတော ဥက္ကဋ္ဌသီရမတ္တံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။တံ၊ ထိုစက္ခု ဒသက ကလာပ်စည်းသည်။ ပမာဏတော၊ ပမာဏအားဖြင့်။ ဥက္ကဋ္ဌသီရမတ္တံ၊ သန်းဦးခေါင်း ပမာဏရှိ၏။ ။အနက်။ ။လူတို့ စက္ခုဒသက ကလာပ်စည်း သည် သန်းဦးခေါင်းပမာဏရှိသည်ဆိုလိုသည်။ ။ဤစကားကို ဇာတ်တူ ပေါင်း၍ဆိုသည်ဟု မှတ်ရမည်။ အဘယ်ကြောင့်နည်း ဆိုသော် သန်းဦးခေါင်းပမာဏ ရှိသော အရပ်၌ စက္ခုဒသက ကလာပ်အများပင် ရကောင်းသောကြောင့်တည်း။ ထို့ကြောင့် ကမြင်းမနီတို့၏ စက္ခုသည် ကလာပ်စည်းနည်းသည်။ ဆင်တို့၏ စက္ခုသည်ကလာပ်စည်းများသည်ဟူ၍မှတ်ရမည်။ ။စက္ခုပသာဒ ရုပ်ရှိသည်အတွက် အဆင်းကိုမြင်ရသည်။ ပသာဒရုပ် ပျက်ခဲ့ သော် မမြင်။ ဆေးကု၍လည်း မရတော့ပြီ။

သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒတို့ သည်လည်း မိမိတို့မှီရာ မဟာဘုတ်ကို ကြည်စေတတ်သော သဘော။ တနည်း။ မဟာဘုတ်တို့ကို မှီ၍ဖြစ်သော အကြည် သဘော။ ထိုတွင် သောတပသာဒရုပ်သည် နားဇိဝ်၏ အတွင်း၌ နုထွတ် နီမြန်းသော အမွေးပေါက်ရောက်သော ကြေးနီ လက်စွပ်ကွင်း သဏ္ဌာန်ရှိသောအရပ်၌ ရုပ်မှုန့်တို့ကို မှီတွယ်စွဲကပ်၍ တည်၏၊ ယင်းရုပ်မှုန့်ကို ယခင်နည်း သောတပါ ဆယ်ခု ရှိသောကြောင့် သောတဒသက ကလာပ်စည်း ခေါ်သည်။ ။သောတပသာဒ ရှိသည့် အတွက် အသံကို ကြားရသည်။ သောတပသာဒရုပ် ပျက်ခဲ့သော် အသံကိုမကြားရ။ ဆေးကု၍လည်း မရတော့ပြီ။ ။ ဃာန ပသာဒ ရုပ်သည် နှာခေါင်းဇိဝ်၏ အတွင်း ဆိတ်ခွါ သဏ္ဌာန်ရှိသော အသားနု၌ ရုပ်မှုန့်တို့ကို မှီတွယ်စွဲကပ်၍ တည် ၏။ယင်းအမှုန့်ကို ဃာနပသာဒရုပ် ဆယ်ခုရှိသောကြောင့် ဃာန ဒသက ကလာပ်ခေါ်သည်။ ။ဃာနပသာဒရုပ် ရှိသည့်အတွက် အနံ့ကိုနံ့နိုင်သည်၊ ပသာဒပျက်သော် မနံ့ပြီ။ ။ဇိဝှါပသာဒ

ရုပ်သည်လျှာအလယ်ကြာဖတ်ဖျား သဏ္ဌာန်ရှိသောအရပ်၌ရုပ်မှုန့်တို့ကိုမှီတွယ်စွဲကပ်၍ တည်၏။ ယင်းအမှုန့်ကို ဇိဝှါပါ ဆယ်ခုရှိသောကြောင့် ဇိဝှါဒသက ကလာပ်ခေါ်သည်။ ဇိဝှါပသာဒရှိသည့် အတွက် အရသာကို သိနိုင်သည်။ ပသာဒ မရှိသော် မသိနိုင်ပြီ။

ဟဒယဝတ္ထုရုပ် ဆိုသည်မှာ မနောဝိညာဏ်ခေါ်သော နာမ်တရား၏ ဖြစ်ရာဖြစ်သော ရုပ်တည်း။ ယင်းဟဒယဝတ္ထုရုပ်သည် ရင်လယ်နှလုံးသား၌ တည်၏။ ။ထင်ရှား စေဦးအံ့။ ။သားမြတ်နှစ်ခုတို့၏ အကြားရင်ခေါင်း၏ အတွင်း၌ အပေါ် အဖတ်ကိုခွါ၍ စောက်ထိုး ထားအပ်သော ပဒုမ္မာကြာငုံနှင့်တူ သပွတ်အူကဲ့သို့ အတွင်းရုပ်,အပ-ချော ပညာရှိသူအားစည်းငယ်ပွင့် ပညာနဲ့သူအား ငုံသောနှလုံးသားသည်ရှိ၏။ယင်းနှလုံးသား၏အလယ် ပုန်းညက်စေ့ခန့် ပမာဏရှိသောတွင်း၌ ရာဂကြီးသူအား-နီ။ ဒေါသကြီးသူအား-နက်။ မောဟကြီးသူအား- သားဆေးရည်နှင့်တူ၊ ပညာကြီးသူအား- အလွန်ကြည်သော တလက်ဘက်မျှ လောက်သော သွေးသည်ရှိ၏။ အာပေါလွန်၍ အရည် ပျော်သဖြင့် သွေးဟူ၍ခေါ်ဝေါ်ရသော ယင်းရုပ်မှုန့်တို့ကို မှီတွယ်စွဲကပ်၍ ဟဒယဝတ္ထုရုပ်တည်၏။ ယင်းရုပ်မှုန့်ကိုဟဒယဝတ္ထုပါဆယ်ခုရှိသောကြောင့် ဝတ္ထု ဒသက ကလာပ်စည်းခေါ်သည်။

ရာ-နီ,နက်-ဒေါ၊ သားဆေး-ခမော၊ပညော-ကြည်ပွင့်,နည်းသူ-ငုံ။

သဒ္ဒရုပ် ဆိုသည်မှာ ဘယ်နေရာမဆို ဖြစ်ခွင့်သာလျှင် အဝိနိဗ္ဘောဂရုပ် ရှစ်ခုနှင့်ပူးတွဲ၍ ဖြစ်ပေါ်သော အသံရုပ်တည်း။အသံရုပ်ပါ ယင်းကိုးခု အစုအစည်းကို သဒ္ဒနဝက ကလာပ်စည်း ခေါ်သည်။ ။ဤကား အချယ် ခြောက်ဆူ၊ အချယ် ကလာပ်ခြောက်စည်းတို့တည်း။ အထယ်ကိုယ်ရုပ် ဆဲ့နှစ်ခုတို့ သတ္တဝါကောင်သဏ္ဌာန် လုံးထွေးပေါင်းစု၍ တည်သော ရုပ်မှုန့် အရပ်ကြီး၌ ဤရုပ်ခြောက်ခု ဖြစ်ပေါ် ချယ်လယ်လိုက်သော် အရှင်နှင့်

တျှစ္စာ ဖြစ်လေ၏။ ထိုကြောင့် ယင်းခြောက်ပါးသော ရုပ်တို့ကို အချယ်ရုပ်ဆို သတည်း။ ။အချယ် ခြောက်ဆူပြီး၏။ ။အထယ် ကိုယ်ရုပ်ဆဲ့နှစ်၊ အချယ်ရုပ် ခြောက်ပါး၊ ပေါင်း တဆဲ့ရှစ်ပါးကို ရုပ်စစ်ဆိုသည်။ ။ရုပ်စစ်ဆိုသည်ကား အဟုတ် ရုပ်ဆိုလိုသည်။ အဟုတ်ရုပ် ဆိုသည်ကား ခဏေတ္တယနှင့် ပြည့်စုံ၍ တရားကိုယ် ရကောင်းသော ရုပ်ကို ဆိုသည်။ ။သင်္ခိုဟ်၌ နိပ္ဖန္နရုပ် ဆို၏။ ရုပ်စစ်တဆဲ့ရှစ်ပြီး၏။

## ၃၆–အမှုရုပ်ငါးပါး, ရန်သူရုပ်လေးပါး ဟု ဆိုအပ်သောရုပ်တုကို ပြခြင်း

ရုပ်တုကိုပြဦးအံ့။ ။အမှုအရာ ရုပ်ငါးပါး, ရန်သူရုပ်လေးပါး, အခြားရုပ် တပါး– ဤဆယ်ပါးကို ရုပ်တု ဆိုသည်။ ။အမှု အရာ ရုပ်ငါးပါးတွင် ကာယ ဝိညတ်ရုပ် ဆိုသည်မှာ အလိုကို သိစေတတ်သော ကိုယ်အမှု အရာ ရုပ်တည်း။ ။ထင်ရှားစေ ဦးအံ့။ ။ထိုထိုကိစ္စကို ပြုလိုသော စိတ်ဖြစ်သော အခါ ယင်း စိတ်သည် ဝါယောဓာတ်ကို ဖြစ်စေ၏။ ယင်း စိတ္တဇ ဝါယော ဓာတ်သည် အတူဖြစ်ဘက် ရုပ်ကလာပ်မှုန့်တွေ ဟူသော ကိုယ် ကို တောင့်ခိုင်လှုပ်ရှားစေ၏။ လှုပ်ရှားခြင်း၏ အကြောင်း ဖြစ် သော ဝါယောဓာတ်၏ အမှုအရာ သတ္တိအထူးကို ကာယဝိညတ် ရုပ်ဆိုသည်။ အခံ ရှစ်ခု မိမိပါ ကိုးခု အစု အစည်းကို ကာယ ဝိညတ္တိနဝက ကလာပ်စည်း ဆိုသည်။ ဝစီဝိညတ်ရုပ်ဆိုသည်မှာ အလိုကို သိစေတတ်သော, နှုတ်အမှုအရာရုပ်တည်း။ ထင်ရှားစေ ဦးအံ့။ ။ပြောလို, ဆိုလိုသောစိတ်ဖြစ်သောအခါ ယင်းစိတ်သည် ပထဝီဓာတ်ကို ဖြစ်စေ၏။ ယင်းအသစ် စိတ္တဇ ပထဝီဓာတ်က ရှိရင်းကမ္မဇ ပထဝီဓာတ်ကို ခိုက်တိုက်သည့်အတွက် အသံရုပ် ဖြစ်၏။ ယင်းအသံရုပ်ကို လည်ချောင်း, အာစောက်, လျှာထိပ်, သွားခြေ, နှုတ်ခမ်း ငါးဌာနရှိ ဓာတ်တို့ ဖိညှပ် ပြုပြင်ကြသည့်

အတွက် အက္ခရာစကားလုံး ဖြစ်သလေသည်။ ။တခုတခုသော အသံကို အက္ခရာခေါ်သည်။ အက္ခရာ့အသံအပေါင်းကို စကား တလုံး ခေါ်သည်။ ။အသံစကားလုံးကို ဖြစ်စေတတ်သောစိတ္တဇ ပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်း အကြောင်းဖြစ်သော အသံနှင့်တကွသော အမူအရာ သတ္တိအထူးကို ဝစီဝိညတ် ဆိုသည်။ ။အခံ့ရှစ်ခု အသံနှင့် တကွ မိမိပါ ဆယ်ခု အစု အစည်းကို ဝစီဝိညတ္တိဒသက ကလာပ်စည်း ခေါ်သည်။

ဓာတ်လေးပါး ညီညွတ် စားသောက် မြိန်ရှက် နေကောင်း ထိုင်သာ ရှိသောအခါ စိတ္တဇ,ဥတုဇ, အာဟာရဇရုပ်တို့၏ ပေါ့သော အမူအရာကို လဟုတာခေါ်သည်။ နူးညံ့သောအမူအရာကို မုဒုတာခေါ်သည်။ ခံ့ကျန်းသော အမူအရာကို ကမ္မညတာခေါ်သည်။ ယင်းရုပ်သုံးခုပါ အခံရုပ်ရှစ်ခုနှင့် တကွ တဆဲ့တခုကို လဟုတာဒိ ကလာပ်စည်း ခေါ်သည်။ ။ကာယ ဝိညတ်ပါ တဆဲ့နှစ်ခု အစုအစည်းကို ကာယဝိညတ္တိ လဟုတာဒိကလာပ် ခေါ်သည်။ ။သဒ္ဒပါ တဆဲ့နှစ်ခု အစုအစည်းကို သဒ္ဒလဟုတာဒိကလာပ်ခေါ်သည်။ ။ဝစီဝိညတ်သဒ္ဒပါ တဆဲ့သုံးခု အစုအစည်းကို ဝစီညတ္တိသဒ္ဒလဟုတာဒိ ကလာပ် ခေါ်သည်။ ။ အမူရုပ်ငါးခု အမူအရာ ကလာပ်ခြောက်ပါး ပြီး၏။ ။သင်္ခိုဟ်၌ ဝိကာရရုပ် ဆိုသည်။

ရန်သူရုပ်လေးပါးကို ပြဦးအံ့။ ။ဥပစယ ဆိုသည်မှာ တခုသော ဘဝ၏ ရှေးဦးစွာ ဖြစ်သော ရုပ်တို့၏ ဖြစ်စ,ပေါ်စအခြင်းအရာကို ဆိုသည်။ ။သန္တတိ ဆိုသည်မှာ နောက်ထပ် ရုပ်တို့၏ ဖြစ်စ, ပေါ်စ အခြင်းအရာကိုဆိုသည်။ ။နှစ်ပါးလုံး ရုပ်ကလာပ်တို့၏ ဖြစ်စ, ပေါ်စချည်းဖြစ်၍ ဇာတိရုပ်မည်၏။ ဝေနေယျတို့ အလိုသို့လိုက်၍ နှစ်ပါးဟောတော်မူသည်။ ။ဇရတာဆိုသည်မှာ ဖြစ်ပြီး ပေါ်ပြီး ရုပ်ကလာပ်တို့၏ ရင့်ရော် အားနည်းသော အခြင်းအရာကို ဆိုသည်။အနိစ္စတာဆိုသည်မှာ ရင့်ရော်အားနည်းပြီးသော ရုပ်ကလာပ်တို့၏ ချုပ်ပျက်ကွယ်ပျောက်သော အခြင်း

အရာကို ဆိုသည်။ ။ယင်းရုပ်လေးခုတို့သည် သင်္ခတ တရား မှန်သမျှကို တနှိပ်စက်ထဲ အမြဲ နှိပ်စက်ကြကုန်၏။ ။အဘယ်သို့ နှိပ်စက်ကြသနည်းဆိုသော် ဇာတိရုပ် နှစ်ပါးတို့သည် သင်္ခတ တရားတို့ကို မဖြစ်ပေါ်ချင်သော်လည်း မနေသာသကဲ့သို့ အသစ် အသစ် ဖြစ်ပေါ်စေသော အခြင်းအရာဖြင့် နှိပ်စက်ကုန်၏။ ဇရတာသည် ဖြစ်ပေါ် လာသမျှ သင်္ခါရ တရားတို့ကို ရင့်ရော် အားနည်းစေသောအားဖြင့် နှိပ်စက်၏။ အနိစ္စတာသည် ရင့်ရော် အားနည်း ပြီးသော သင်္ခတ တရားတွေကို ချုပ်ပျက်ကွယ် ပျောက်စေသောအားဖြင့် နှိပ်စက်၏။

ဥပမာအားဖြင့် ထင်ရှားစေဦးအံ့။ ။ရန်သူလေးယောက်တို့ အငြိုးရှိသူကိုသတ်လိုသော် ရွာတွင်း၌သတ်ခွင့်မရ၍ နှစ်ယောက် သူက ရွာပြင်သို့ ရောက်အောင် ခေါ်ထုတ် သွေးဆောင်၊ ရွာပြင်သို့ရောက်ကာလ တယောက်သူက ရိုက်နှက် တိမ်းလဲ အားနည်းစေပြီး နောက်တယောက်သူကဦးခေါင်းကိုဖြတ်၍အသေ သတ်သကဲ့သို့ ထိုအတူ ဇာတိရုပ် နှစ်ပါးတို့လည်း သင်္ခတတရား ကို ခေါ်ထုတ်သမား၊ ဇရတာသည် ပေါ်လာသမျှ သင်္ခတတရား တို့ကို ရင့်ရော်အားနည်းအောင် နှိပ်စက်သမား၊ အနိစ္စတာသည် ရင့်ရော် အားနည်းပြီးသမျှကို ပျောက်ပျက်သတ်ဖြတ်၍ နှိပ်စက် သမား ဤသို့ ရုပ်, နာမ် သင်္ခတ ဟူသမျှကိုတနှိပ်စက်ထဲ အမြဲ နှိပ်စက်လေသောကြောင့် ယင်း ရုပ်လေးခုတို့ကို ရန်သူ ဟူ၍ ဆိုလေသည်။ ။သင်္ဂြိုဟ်၌ လက္ခဏာရုပ် လေးခုဟူ၍ ဆို၏။

ရန်သူရုပ် လေးခု ပြီး၏။

## ၃၇—အခြားရုပ်ကို ပြခြင်း

အခြားရုပ် တစ်ကိုပြဦးအံ့။ ။များစွာသော ရုပ်ကလာပ်မှုန့် တွေကို အာပေါဓာတ် ပေါင်းစုဖွဲ့စည်းရာ ရုပ်ကလာပ် မှုန့်ချင်း မရောနှော စေရအောင် ရုပ်ကလာပ် မှုန့်တို့၏ အကြား ကန့်ခြား

တတ်သော အာကာသဓာတ်ကို ပရိစ္ဆေဒရုပ် ဆိုသည်။ ယင်း ပရိစ္ဆေဒ ရုပ်ကိုပင် မြန်မာခေါ် အားဖြင့် အခြားရုပ် ဆိုသည် မှတ်လေ။ ။သံတုံး,ကျောက်ခဲ,အရိုးအနှစ်စသောအလွန်မာသော ဝတ္ထုတို့၌ အာပေါဓာတ် အာဗန္ဓနသဘောဖြင့် အဖွဲ့ အစည်း နာသည့်အတွက် ရုပ်ကလာပ်မှုန့်တွေ အလွန် စေ့စပ်ကြပ်တည်း သည်ဖြစ်၍ အာကာသဓာတ် အခြား အလွန် သိမ်မွေ့သည်၊ ပထဝီများသည် ထိုကြောင့် မာသည်,လေးသည်မှတ်။

ပွရှသော ဝတ္ထုတို့၌ အဖွဲ့ အစည်း လျော့သည့် အတွက် ရုပ်ကလာပ်မှုန့်တွေ ချောင်သည်၊ ကြဲသည်ဖြစ်၍ အာကာသဓာတ် များသည်၊ ပထဝီ နည်းသည်။ ထိုကြောင့် ပွသည် ရှသည် ပေါ့သည်။ ရေ၌ ရုပ်ကလာပ်မှုန့်တွေကို အာပေါဓာတ်သည် အရည် အပျော် ပဂ္ဃရဏ ဖြစ်၍ အဖွဲ့ အစည်း စေ့စပ်သော ကြောင့် အာကာသဓာတ် နည်းသည်၊ ပထဝီ များသည်။ ထိုကြောင့် ရေလေးသည်မှတ်။ ကြမ်းသည်, နူးသည်, မာသည်, လေးသည်, ပေါ့သည် ဆိုသမျှ ပထဝီ၌သာ ရကောင်းသည်။ တပါးရုပ်တို့ အတွက် အလေး,အပေါ့ အထူးမဖြစ် မှတ်လေ။ ။ အလေး, အပေါ့ အရာ၌ ပထဝီသာ ပမာဏဖြစ်သည်။ ။အကြီး, အငယ်, အတို, အရှည် စသော သဏ္ဌာန ပညတ်မျိုးကား ပထဝီ ဓာတ် ဝဏ္ဏာယတန နှစ်ပါးတို့၌သာ ရကောင်း၏။ တပါးရုပ်တို့ အတွက် အကြီး,အငယ် အထူးမဖြစ် မှတ်လေ။

ကက္ခဠံ မုဒုကံ သဏှံ ဖရုသံ ဂရုကံ လဟုကန္တိ ပဒေဟိ ပထဝီ ဓာတုဝေ ဘာဇိတာ။ ။ဓမ္မ သင်္ဂဏီ အဋ္ဌကထာ။ ။ ကက္ခဠံ၊ အမာအထပ်။ မုဒုကံ၊ အနူး-အညံ့, အပျောင်း အပျော့။ သဏှံ၊အချောအမော။ ဖရုသံ၊အကြမ်း။ ဂရုကံ၊ အလေး။လဟုကံ၊ အပေါ့၊ ဣတိ ဣမေဟိ ပဒေဟိ၊ ဤပုဒ်တို့ဖြင့်။ ပထဝီဓာတု ဝေ၊ ပထဝီဓာတ်ကိုသာလျှင်။ ဘာဇိတာ၊ ဝေဘန် အပ်၏။ ။ အနက်။ ။ဒီဃာဒီနိ ဖုသိတ္တာပိ သက္ကာ ဇာနိတုံ။ ။ဋီကာအဋ္ဌ ကထာ။ ။ဒီဃာဒီနိ၊ အရှည်,အတို စသော သဏ္ဌာန်အပြားတို့ကို။

ဖုသိတွာပိ၊ တွေ့ထိ၍လည်း။ ဇာနိတုံ၊ သိခြင်းငှါ။သက္ကာ၊ တတ်ကောင်း၏။ ။အနက်။ ။ဒိဃံရဿန္တိ တေန တေန ဝေါဟာရေန ရူပါယတန မေဝေတ္ထ ဘာသိတံ။ ။ဌင်းအဋ္ဌကထာ။ ။ ဒီဃံ၊ အရှည်။ ရဿံ၊ အတို။ဣတိ၊ ဤသို့။ တေနတေနဝေါဟာရေန၊ ထိုထိုသို့သောအခေါ်အဝေါ်ဖြင့်။ရူပါယတနမေဝ၊ အဆင်းရုပ်ကို သာလျှင်။ ဧတ္ထ၊ ဤအရာ၌။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။အနက်။ ။ပထဝီ,အာပေါ များရာ၌ အာကာသဓာတ်သိမ်မွေ့ အားသေးမြဲ။ အာကာသဓာတ်များရာ၌ ပထဝီ, အာပေါ သိမ်မွေ့ အားသေးမြဲ။ ထိုကြောင့် အာကာသဓာတ်ကို ပထဝီ အာပေါတို့၏ ဆန့်ကျင်ဘက်မှတ်။ ။ဝါယောကိုကား အာကာသဓာတ်နှင့် မိတ်ဘက်မှတ်။ ။အာကာသနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပထဝီ, အာပေါတို့လည်း ဝါယောနှင့် ဆန့်ကျင်ဘက်ဖြစ်တော့သည်သာ။ ။ပြလိုရင်းမှာ အလွန်မှာသော ဝတ္ထု, ပွ-ရွသော ဝတ္ထု, အရည်-အစေး တို့၌ ကလာပ်မှုန့် တို့၏ အကြား အာကာသဓာတ် ခြားသည်ကို ပြလိုရင်းတည်း။ ။အခြားရုပ်ပြီး၏။ ရုပ်တုပြီး၏။

ရုပ်စစ် တဆဲ့ရှစ်, ရုပ်တု တဆယ် ပေါင်း ရုပ်နှစ်ဆဲ့ရှစ်ပါး ဖြစ်၏။ သဒ္ဒနဝက ကလာပ်, အမှု အရာ ကလာပ်ခြောက်စည်း တို့မှာ ရံခါသာဖြစ်သည်။ ရံခါ ခုနစ်စည်း၊ မြဲကိုးစည်း၊ ရေနည်း တဆဲ့ခြောက်။ ။ရှစ်ခုတစည်း၊ ကိုးခု သုံးစည်း။ တဆယ်ရှိ ရှစ်စည်း။ ဆဲ့တစ်ရှိတစည်း၊ ဆဲ့နှစ်ရှိနှစ်စည်း, ဆဲ့သုံးရှိတစည်း။ တနည်း ဆဲ့ခြောက်။ ။ရုပ်တို့၏ သရုပ်သဘောကို ပြသော အခန်း ပြီး၏။

## ၃၈—ကလာပ်စည်း ပမာဏ နိုင်းဆရန်ကို ပြခြင်း

ကလာပ်စည်း ပမာဏနှိုင်းဆရန်ကို ပြဦးအံ့။ ။ရုပ်တရားတို့ ဖြစ်ကြ, ပျက်ကြသောအခါ တခုတည်း ဖြစ်သည့်, ပျက်သည့် မဟုတ်။ အစုအစု အစည်းအစည်း ဖြစ်ကြ, ပျက်ကြကုန်သည်။

ထိုသို့ ဖြစ်ကြပျက်ကြသော ရုပ်တရားတို့၏ အစုအစည်းကို ရူပကလာပ-ရုပ်ကလာပ်ဟူ၍ဆိုလေသည်။ ။ယင်းရုပ်ကလာပ်စည်း ပမာဏ နှိုင်းဆရန်မှာ နံရံပေါက်မှ ဝင်သော နေရောင်၌ မြင်ကောင်းသော အဏုမြူ တလုံးကို သုံးဆဲ့ခြောက်စိတ် ခွဲစိတ်၍ တစိတ်ကို ပရမာဏုမြူခေါ်သည်။ လူတို့မျက်စိဖြင့် မမြင်ကောင်း၊ နတ်တို့ မျက်စိဖြင့်သာ မြင်ကောင်း၏။ ယင်း ပရမာဏုမြူကို ပွတ်ချေခွဲစိတ်သော် မှီရာတည်ရာမရှိ။ ကုန်ဆုံးပျောက်ပျက်ခြင်းသို့ ရောက်ရာ၏။ ပရမာဏုမြူအောက် သိမ်နုပ်သေးငယ်သော ဝတ္ထု ဟူ၍ မရှိကောင်းပြီ။ အသေးအငယ် သဏ္ဍာန်ပမာဏ ကိုလည်း ပထဝီဝဏ္ဏလွန်ကဲသော အရာ၌ ပညတ်အားဖြင့်သာ ရကောင်းသည်။ တေဇော-ဝါယော လွန်ကဲသော အရှိန် အငွေ့ နေရောင် လရောင်စသည်တို့၌ အသေး စိတ် ပမာဏ မရကောင်းပြီ။

တေနပန ကလာပါ ပရမာဏုပမာဏာ ဟောန္တိ။ ။ဝိသုဒ္ဓိမဂ် ဋီကာ။ ။တေပနကလာပါ၊ ထိုရုပ်ကလာပ်တို့သည်။ ပရမာဏု ပမာဏာ၊ ပရမာဏုမြူ ပမာဏ ရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ။အနက်။ ။ဤဋီကာစကားကိုလည်း ပရမာဏုမြူအောက် သေးနုပ်၍ မဖြစ်ကောင်းသော ပထဝီကဲလွန်သော အရာကိုသာ ရည်၍ တရသော ကလာပ်စည်းသည် ပရမာဏုမြူ ပမာဏ ရှိသည်ဟု မှတ်သား ပြောသာ ရှိသာဆိုသည်။ ဆိုသည့်အတိုင်း လည်း တရသော ကလာပ်စည်းသည် ပရမာဏုမြူ ပမာဏ ရှိသည်ဟူ၍ မှတ်အပ်,ပြောအပ်၏။

ပရမာဏုမြူတခု၌သော်လည်း ကလာပ်စည်း ငါးဆဲ့တစည်း ရသင့်သောကြောင့် အပိန္ဓေယျအရာဟူ၍ သော်လည်း ဆိုအပ်၏။ အဋ္ဌကလာပ်စည်း မျှသာ ဖြစ်သော ပရမာဏုမြူ သုံးဆဲ့ခြောက်လုံး ပေါင်းစု လုံးထွေး ရှိနေပြန်သျှင် အဏုမြူ တလုံး ခေါ်ပြန်သည်။ အဏုမြူသုံးဆဲ့ခြောက်လုံး ပေါင်းစု လုံးထွေးရှိနေ ပြန်လျှင် တဇ္ဇာရီမြူတလုံး ခေါ်ပြန်သည်။ တဇ္ဇာရီမြူ သုံးဆဲ့ ခြောက်လုံး ပေါင်းစု လုံးထွေး ရှိနေပြန်လျှင် ရထရေဏုမြူတလုံး

ခေါ်ပြန်သည်။ ရထရေဏုမြူသုံးဆဲ့ခြောက်လုံး ပေါင်းစု လုံးထွေးရှိနေပြန်လျှင် လိက္ခာမြူ တလုံးခေါ်ပြန်သည်။ လိက္ခာမြူ သုံးဆဲ့ခြောက်လုံး ပေါင်းစု လုံးထွေးရှိနေပြန်လျှင် သန်းဦးခေါင်းတလုံးခန့်။ သန်းဦးခေါင်းခုနစ်လုံးခန့်ကို စပါးတလုံးခန့်။ စပါးခုနစ်လုံးခန့်ကို တသစ်။ ဆဲ့နှစ်သစ်ကို တထွာ။ နှစ်ထွာကို တတောင်။ ခုနစ်တောင်ကို တဘာ။ တာတထောင်လျှင် တတိုင်၊ ခြောက်တိုင်နှင့် တာလေးရာကို တယူဇနာ။

ဤသို့လျှင် မြေ, ရေ, မီး, လေ, သစ်, သံ, ကျောက်တို့ကို စ၍ အဇ္ဈတ္တ, ဗဟိဒ္ဓ တလောကလုံး အဟုတ်သဘော, အမှန်သဘောအားဖြင့် ရုပ်ကလာပ်မှုန့်တို့၏ ပေါင်းစုလုံးထွေး အစုအဝေးမျှပင်။ ဤကဲ့သို့ မထင်မမြင်ဘဲ တသားထဲ, တခဲထဲ, တခုထဲ၊ ထင်ကြရ, မြင်ကြရသော သဘောကိုပင် သမူဟဃန ပညတ် ဆိုသည်မှတ်လေ။ ။ယင်းသမူဟဃန ပညတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဖျက်ဆီးရသည်။ ။ကလာပ်စည်းပမာဏ နှိုင်းဆရန်ပြီး၏။

## ၃၄—ရုပ်သက်ကို ပြခြင်း

ရုပ်သက်ကိုပြဦးအံ့။ ။လူတို့ မျက်တောင် တခတ်ကာလကို ကုဋေ သုံးသိန်းမိတ်၍ တမိတ်ခန့် ကာလကို ခဏငယ်တချက်မှတ်။ ရုပ်တို့ ဖြစ်ဆဲ ပေါ်ဆဲကို ဥပါဒ်ခေါ်သည်။ ပျက်ဆဲပျောက်ဆဲကို ဘင်ခေါ်သည်။ ယင်းဥပါဒ်ခဏ, ဘင်ခဏတို့သည် ခဏငယ်တချက်ခန့်သာ ရှိသည်။ အပျက်သို့ ရှေ့ရှုလျက် တည်ဆဲရှိဆဲကို ဌီခေါ်သည်။ ယင်းဌီကာလသည်ကား ခဏငယ်လေးဆဲ့ကိုးချက်ခန့် ရှိသည်။ ။ဝိညတ်ရုပ်နှစ်ခု ရန်သူရုပ် လေးခုတို့ကို ချန်ထား၊ ကျန်ပထဝီ စသော နှစ်ဆဲ့နှစ်ပါးသော ရုပ်တို့၏ အသက်သည် ဥပါဒ်တချက်ခန့် ဌီလေးဆဲ့ကိုးချက်ခန့် ဘင်တချက်ခန့်အားဖြင့် ခဏငယ် ငါးဆဲ့တချက်ခန့်ရှိသည်။ ။ဝိညတ်ဒွေးကား၊ ခဏငယ်သုံးချက်ခန့်သာ အသက်ရှည်သည်။ ဥပစယ,

သန္တတိ, အနိစ္စတာ ရုပ်သုံးရကား ခဏငယ် တချက်ခန့်သာ အသက်ရှည်သည်။ ဇရတာရုပ်ကား ခဏငယ် လေးဆဲ့ကိုးချက်ခန့် အသက်ရှည်သည်။ ။နာမ်တရားတို့၏အသက်ကား ခဏငယ် သုံးချက်ခန့်သာရှည်သည်။ ရုပ်တခုပျက်လျှင် နာမ်ဆဲ့ခုနစ်ချက်ပျက်၏။ ။ထိုကြောင့် ရုပ်သက်ကို နာမ်သက်နှင့်ရေတွက်သော် နာမ်တဆဲ့ခုနစ်ချက်ခန့်သာ ရုပ်သက်ရှည်၏။ ။ဘိလာကန့်လန့် ဆံပင်ချင်းထိအောင် တဆဲ့ခုနစ်ပင်စီ ခင်း၍ထားပြီးလျှင် သေနတ်ဖြင့် ကျည်ဆံကို ကျော်၍ပစ်သည်ရှိသော် ဆံပင် တဆဲ့ခုနစ်ပင်ပေါ်ကို ကျည်ဆံကျော်ဆဲ ခဏလောက် ရုပ်သက်ရှည်သည်ဟူ၍ ဉာဏ်နိုင်ရုံအကြမ်းမှတ်။

သင်္ခတ တရားမှန်သမျှ ဘဝဆက်, နှစ်ဆက်, လဆက်, နေ့ဆက်, ရက်ဆက် – မပျက်ဘဲ တခုထဲ, တခဲထဲ, တရှိထဲ, ရှိနိုင် အမြဲ တည်နိုင်သော တရားဟူ၍ မရှိ။ သို့သော်လည်း အဟောင်း အဟောင်းတွေ အပျက်အပျက်, အသစ် အသစ်တွေ, အစားဝိုက်၍ အဖြစ် အဖြစ်တွေ မြန်လှသောကြောင့် မသိနိုင်သည့်အတွက် အဟောင်း အသစ် ဖြစ်ပြီးနှင့်ဖြစ်ဆဲ ရှေ့နောက်တရားတွေကို တသားထဲ,တခုထဲ,တရှိထဲ၊ထင်ကြရ မြင်ကြရလေသည်။ ထိုသို့ ထင်သမျှ သန္တတိဃနပညတ် မှတ်လေ။ ။အနိစ္စလက္ခဏာ လှလှထင်မြင်မှ သန္တတိဃနပညတ် ကွာကင်းသည်။ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကား နှီးသမားနှင့် အလားတူ၏။ အနိစ္စဉာဏ်ကား ဆေးမြစ်ပေါ်ကို တောက်တောက်စင်း၍အမှုန့်ပြုသော ဆေးသမားနှင့် အလားတူ၏။ ။ဝိပဿနာ အရာမှာ ဤဉာဏ်နှစ်ပါး ခုံသည်။ ဤနှစ်ပါး နေရာကျလျှင် အထက်ဉာဏ်ကို လွယ်တော့သည်သာမှတ်လေ။

ရုပ်သက်ကို ပြသည် ပြီး၏။

---

ဇွန္တာသယ (က) ၁၄၀–၁၃

## ၄၀—ရုပ်တို့၏ ဖြစ်ကြောင်း သမုဋ္ဌာန်ကိုပြခြင်း

ရုပ်တို့၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို ပြဦးအံ့။ ။"ကံ, စိတ်,ဥတု, အာဟာရ လေးသသမုဋ္ဌာန်"။ ။ကံဆိုသည်မှာ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာကို ဆိုသည်။ ။စိတ်ဆိုသည်မှာ ဟဒယဝတ္ထုကို မှီ၍ ဖြစ်သော စိတ်ကို ဆိုသည်။ ။ဥတုဆိုသည်မှာ သီတဥတု,ဥဏှဥတု နှစ်ပါးကိုဆိုသည်။ ။အာဟာရဆိုသည်မှာ မျိုသွင်းအပ်သော အရည်, အဖတ် အစာ အာဟာရ၌ ပါသော ဩဇာရုပ်ကို ဆိုသည်။ ။ထိုတွင် ကံသည် အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏငယ်တိုင်း ခဏငယ်တိုင်း ထိုက်သည်အားလျော်စွာ ကမ္မဇရုပ် နှစ်ဆယ်ကို ဖြစ်စေ၏။ ။စိတ်သည် အဇ္ဈတ္တ သန္တာန်၌ ပဋိသန္ဓေစိတ်၏ နောက်ပဌမဘဝင်ဥပါဒ်မှစ၍ မိမိတို့၏ ဥပါဒ်ခဏ၌ စိတ္တဇရုပ် ကဆဲ့ခုနစ်ပါးကို ထိုက်သည်အားလျော်စွာဖြစ်စေ၏။ ။ဥတုသည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး၌ မိမိဌီသို့ ရောက်ဆဲခဏ၌ ဥတုဇရုပ် တဆဲ့ငါးပါးကို ထိုက်သည်အား လျော်စွာ ဖြစ်စေ၏။ ။အာဟာရသည် အဇ္ဈတ္တ သန္တာန်ဝယ် မိမိဌီသို့ ရောက်ဆဲခဏ၌ အာဟာရဇရုပ် တဆဲ့လေးခုတို့ကို ထိုက်သည် အားလျော်စွာဖြစ်စေ၏။

ဥပစယ,သန္တတိ၊အဝိနိ,အခြား၊တဆဲ့တပါး၊ လေးပါးလုံးကြောင့်ဖြစ်။
စ,သော,ဃာ,ဇိ၊ကာ,ဇီ,ဟ,ဣ,ပုံ၊ကိုးစုကံကြောင့်ဖြစ်။
ဝိညတ်နှစ်,စိတ်ကြောင့်ဖြစ်။
သဒ္ဒရုပ်တစ်၊ စိတ်,ဥတု,ကြောင့်ဖြစ်။
လဟု,မုဒု၊ ကမ္မည၊ စိတ်ဥတု, အာဟာရကြောင့်ဖြစ်။
ဇရတာ၊ အနိစ္စတာ၊ လေးပါးသော အကြောင်းကြောင့် မဖြစ်။

ကမ္မဇာနိ၊ ကံကြောင့်ဖြစ်ကုန်သော ရုပ်တို့သည်။ ဝိသတိ နှစ်ဆယ်တို့တည်း။ စိတ္တဇာနိ၊ စိတ်ကြောင့်ဖြစ်ကုန်သော ရုပ်တို့ သည်။ သတ္တရသ၊ တဆဲ့ခုနစ်တို့တည်း။ ဥတုဇာနိ၊ ဥတုကြောင့်

ဖြစ်ကုန်သော ရုပ်တို့သည်။ ပန္နရသ၊ တဆဲ့ငါးပါးတို့တည်း။ အာဟာရဇာနိ၊ အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်တို့သည်။ စုဒ္ဒသ၊ တဆဲ့လေးပါးတို့တည်း။

လေးပါးလုံးကြောင့်ဖြစ် တဆဲ့တစ်။
သုံးပါးကြောင့်ဖြစ် သုံး။
နှစ်ပါးကြောင့်ဖြစ် တစ်။
တပါးကြောင့်ဖြစ် တဆဲ့တစ်။
လေးပါးလုံးကြောင့် မဖြစ် နှစ်။
စိစစ်မလွဲ ရအောင်ခွဲ။

သမုဋ္ဌာန်ကို ပြသည် ပြီး၏။

## ၄၁—သမုဋ္ဌာန်၌ အထူးမှတ်ဘွယ်ကို ပြဆိုခြင်း

သမုဋ္ဌာန်၌ အထူးမှတ်ဘွယ်ကို ပြဦးအံ့။ ။ဥတုဆိုသော စကား၌ ဥတုဆိုသည်မှာ တေဇောကိုပင်ဆိုသည်။ တေဇောဆိုသည်မှာလည်း ကမ္မဇကလာပ်, စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာရဇကလာပ်–လေးမျိုးတို့၌သိတတေဇော,ဥဏှတေဇော နှစ်မျိုးစီ ဖြစ်၍ အဇ္ဈတ္တ တေဇောရှစ်မျိုး၊ ဗဟိဒ္ဓတေဇော နှစ်မျိုး ပေါင်းဆယ်မျိုးသော တေဇောကိုပင် ဆိုသည်။ ယင်းတေဇော ဆယ်ပါးလုံးပင် ရုပ်ကိုဖြစ်စေနိုင်သည်။ ယင်း တေဇောသည် အဇ္ဈတ္တ, ဗဟိဒ္ဓ တလောကလုံးကို လွှမ်းမိုးအုပ်ချုပ် စီရင်သည်။ စီရင်ဆိုသည်လည်း ဖြစ်ပွါးစေသည်ကို ဆိုသည်။ ဖြစ်ပွါးစေတတ်သောကြောင့်ပင် တေဇောကို ဥတုဆိုသည်။ ။ဥဒယတိ ဇနေတိတိဥတု။ ။(ဝိဂြိုဟ်)။ ။ဥဒယတိ၊ ပွါးစေတတ်၏။ ဇနေတိ၊ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ဥတု၊ဥတုမည်၏။ အနက်။ ဖြစ်စေ ပွါးစေသည်သာ မဟုတ်သေး ယုတ်လျော့ ပျက်စီးခြင်းတို့လည်း တေဇောကြောင့်ပင် မှတ်လေ။

ဥတု စတုသမုဋ္ဌာနိကရူပါနံ ပဝတ္တိယာစ ဝိနာသဿစ ပစ္စယောဟောတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဥတု၊ တေဇောဥတု

သည်။ စတု သမုဋ္ဌာနိကရုပ်နှံ၊လေးပါးသော အကြောင်းကြောင့် ဖြစ်ကုန်သော ရုပ်တို့၏။ ပဝတ္တိယာစ၊ ဖြစ်ပွါးခြင်း၏ရင်း။ ဝိနာသဿစ၊ ပျက်စီး ဆုတ်ယုတ် ခြင်း၏ရင်း။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

သတ္တဝါတို့ သန္တာန်၌ အနာရောဂါဖြစ်ခြင်း, အနာရောဂါ ကင်းခြင်း, အသက်တိုခြင်း, အသက်ရှည်ခြင်းတို့လည်း တေဇော ကြောင့်ပင်မှတ်လေ။ ။ဂဏ္ဍသေယျ ပုဂ္ဂိုလ်တို့မှာ ဥတုဇတွေ အားကြီးသောကြောင့် ဥတုကို အခံ ကံကို အပေါ်တင်ထား၍ ဆိုလိုက်သည်။ ။ဆေးပါး, ဓာတ်စာတို့၏ အနာရောဂါကို ပယ်ဖျောက် နိုင်သော သတ္တိ ဆိုသည်လည်း တေဇောကိုပင် ဆိုသည်။အာဟာရဆိုသောစကား၌အဇ္ဈတ္တာဟာရ,ဗဟိဒ္ဓါဟာရ နှစ်မျိုးရှိသည်တွင် ကိုယ်တွင်းရှိ ကမ္မဇကလာပ်တို့၌ ပါရှိသော ဩဇာရုပ်, (တနည်း) စတုဇ ကလာပ်တို့၌ ပါသော ဩဇာ ရုပ်ကို အဇ္ဈတ္တာဟာရ ဆိုသည်။ စားသောက် မျိုသွင်းအပ်သော အရည်အဖတ်၌ ပါရှိသော ဩဇာကို ဗဟိဒ္ဓါဟာရဆိုသည်။ ။ ယင်းအာဟာရ နှစ်မျိုးတို့တွင် ဗဟိဒ္ဓါဟာရသည် ရုပ်ကိုဖြစ်စေ နိုင်သည်။ ဖြစ်စေနိုင်သည် ဆိုသော်လည်း အဇ္ဈတ္တ အာဟာရကို မှီရမှ အဇ္ဈတ္တာဟာရ ထောက်ပံ့အားပေးမှ ဖြစ်စေ နိုင်သည်။ မိမိချည်း သက်သက် မဖြစ်စေနိုင်။

ထင်ရှားစေ ဦးအံ့။ ။စားသောက် မျိုသွင်း လိုက်သော အရည် အဖတ် အစာအိမ် အတွင်းသို့ ရောက်ကာလ ပါစက ဓာတ်မီးကျိုချက် ညှစ်ထုတ်အပ်သောအဆီ အစေး ဩဇာသည် အရသာကိုဆောင်သော အကြောတို့ကို လျှောက်၍ တကိုယ်လုံး ပျံ့နှံ့ပြီးလျှင် အဇ္ဈတ္တာဟာရ အထောက်အပံ့ရသဖြင့် ဆယ်ဆက်, ဆဲ့နှစ်ဆက်, ခုနစ်ရက်ပတ်လုံး အာဟာရဇ ရုပ်တို့ကို ဖြစ်ပွါး စေ၏။ တိဇကလာပ် ရုပ်တွေကိုလည်း စောင့်ရှောက်ထောက်ပံ့ နိုင်ခံ့စေ၏။ ။အဆီ အစေး ဩဇာ ညှစ်ထုတ် ကြေကျက်ပြီး အဖတ်ကြွင်းတွေကို ကမ္မဇဝါယောဓာတ် အောက်သို့ တွန်းထုတ်

လေ၏။ ။ပါစက ဓာတ်မီး ကြေကြေ ကျက်ကျက် ကျိချက် နိုင်သောအခါ အဆီ အစေး ဩဇာ အထွက်ကောင်းသဖြင့် အာဟာရဇ ရုပ်ကလာပ်တွေကို ဖြိုင်ဖြိုင် ဖြစ်ပွါး စေနိုင်သည့် အတွက် ရူပကာယ - ခန္ဓာကိုယ် ဝဖြိုး ကြည်လင်လေသည်။ တစုံ တခုသော အကြောင်းကြောင့် ပါစက ဓာတ်မီး ပျော့ညံ့ ဟန်ပျက်၍ ကြေကြေကျက်ကျက် မကျိ မချက်နိုင်သော အခါ စားသောက် မျိုသွင်းအပ်သော အရည်အဖတ်တို့ ခံနေ ပုပ်သိုး၍ အဆီအစေး ဩဇာအထွက် နည်းသဖြင့် အာဟာရဇရုပ် အဖြစ် အပွါး အားသေးသည့် အတွက် ရူပကာယ ခန္ဓာကိုယ် နွမ်းလျ ပိန်ညှိုးရ လေသည်။ ။ပါစက ဓာတ်မီး ပျော့ညံ့ ဆိုသည်မှာ ကံအကျိုးပေး ညံ့သည် အတွက်ရင်း, ဥတု ဘောက်ပြန်သည့် အတွက်ရင်း, ဉာဏ်မရှိသည့်အတွက်ရင်း ဤသို့ စသည်တချက် ချက်ကြောင့် ပျော့ညံ့တတ်သည်။ ဓာတ်မီး လွန်သည်ကိုလည်း ဤအရာ၌ အပျော့အညံ့ပင် ဆိုရမည်။

ဉာဏ်မရှိဆိုသည်မှာ မဆင်ခြင်တတ် သပ္ပါယကို မသိတတ် သည်ကို ဆိုသည်။ ။ယင်း ဓာတ်မီး ပျော့ညံ့သည့် အတွက် မကြေမကျက် ခံနေ ပုပ်သိုးသော အစာပုပ်, လေပုပ်, ဓာတ်ပုပ် တို့ကို အစွဲပြု၍လည်း ရောဂါဥပဒ် ဖြစ်တတ်သည်။ ယင်းသို့သော ရောဂါဥပဒ်မှ-ဉာဏ်,လုံ့လကောင်းလျှင် လွတ်ကင်းနိုင်သည်။ ။ ကံအကျိုးပေး ကောင်းသော သူတို့ ပါစက ဓာတ်မီးကောင်း တတ်သည်။ ပါစက ဓာတ်မီး ကောင်းသောသူတို့ ရောဂါဥပဒ် ကင်းတတ် အသက်ရှည်တတ်သည်။ ။ထိုစကားမှန်၏။ ပါစက ဓာတ်မီးကောင်းလျှင် ဥဿ္မာ, ခေါ်သော ကိုယ်ငွေ့ကောင်းသည်။ ကိုယ်ငွေ့ ကောင်းမှ ဓာတ်လေးပါး ညီညွတ်သည်။ မျိုသွင်း အပ်သော အဇ္ဈောကလာပ် အရည် အဖတ်တို့ကား ရုပ်ကို မဖြစ်စေ နိုင်၊ မွတ်သိပ် ဆာလောင်ခြင်းကိုသာ ပယ်ဖျောက်နိုင်သည်။ အရည်အဖတ်၌ ပါသော ဩဇာ ရုပ်ကား မွတ်သိပ်ဆာလောင် ခြင်းကိုမပယ်နိုင်၊ရုပ်ကိုသာ ဖြစ်စေနိုင်သည်မှတ်။ ပါစကဓာတ်မီး

သည် အစာဇီဝ်၌ အစာမရှိသောအခါ အစာဇီဝ် ဝမ်းရေကို ပူးကပ်လောင်စေ၏။ ထိုအခါ ဝမ်းဟာခြင်း, ဝမ်းပူခြင်းဖြစ်၏။ ယင်း ဝမ်းဟာ,ဝမ်းပူခြင်းကိုပင် မွတ်သိပ် ဆာလောင်သည် ဟူ၍ ဆိုရလေသည်။ ။အကြင်အခါ အရည် အဖတ်ကို စားသောက် မျိုသွင်း ဝမ်းတွင်းသို့ ရောက်လာ၏။ ထိုအခါ ပါစက တေဇော်း သည် ဝမ်းရေကို လွှတ်၍အစာကို ပူးကပ်ပူလောင်ကြေကျက်စေ သဖြင့် ဝမ်းပူ ဝမ်းဟာ မွတ်သိပ်ဆာလောင်ခြင်း ဝေဒနာငြိမ်း၍ စိတ်၏ ရွှင်ပြချမ်းသာခြင်း ဖြစ်လေ၏။

ဥပမာဖြင့် ထင်ရှားစေဦးအံ့။ ။သစ်ပင်ရိပ်စောင့် ဘီလူး အရိပ်သို့ ဝင်သူ လူတို့ကို အမြဲ ဘမ်းစားရန် လူတယောက် ကိုဘမ်းယူ၊ နတ်သံခြေကျင်းဖြင့် ဖွဲ့ခတ်ဇုက်ထား၊ စားလိုသော အခါ ထက်လှစွာသော အစွယ်ဖြင့် ဦးခေါင်းကိုကိုက်၊ နာကျင် လှ၍ အော်ဟစ်၊ အနီးအပါး ကြားသူတို့ ကယ်ယူဘို့ပြေးလာရာ အရိပ်သို့ ဝင်လာသူလူကို ဘမ်းစား၍ ဝခါမှ ချမ်းသာရသော ဘီလူးနှင့် ပါစက တေဇော်းတူသည်။ အမြဲတမ်း ဆာသော သူနှင့် ဝမ်းရေတူသည်။ အရိပ်သို့ပြေးဝင်လာသူနှင့် မျိုသွင်းလိုက်သော အရည်အဖတ်တူသည်။ ။အဋ္ဌကထာ၌ လာသော ဥပမာ။ ။ အဇ္ဈတ္တာဟာရသည် ရုပ်ကိုဖြစ်စေနိုင်သည်ဟူ၍ ကျမ်းဂန်တို့၌ ဆိုသေး၏။ ထို့ကြောင့် အဇ္ဈတ္တာဟာရ, ဗဟိဒ္ဓါဟာရ နှစ်ပါး လုံးပင် ရုပ်ကိုဖြစ်စေနိုင်သည် ဟူ၍ ပြသင့်၏။ သို့သော်လည်း ဗဟိဒ္ဓါဟာရသာရုပ်ကိုဖြစ်စေရာ၌ ထင်ရှား သိသာသောကြောင့် မှတ်လွယ်,သိလွယ်စေခြင်းငှါ ဗဟိဒ္ဓါဟာရကိုသာ ပြလိုက်သည်။

ကဗ္ဗ ဇနိတောဝိ အယံ ကာယော ကဗဠီကာရာ ဟာရေန ဥပတ္ထမ္ဘိတော ယာပေ တိဋ္ဌတိ။ ။သံယုတ် အဋ္ဌကထာ။ ။ အယံကာယော၊ ဤကိုယ်သည်။ ကမ္မ ဇနိတောဝိ၊ ကံကြောင့် ဖြစ်သော်လည်း။ ကဗဠီကာရာဟာရေန၊အစာ အာဟာရ သြဇာ သည်။ ဥပတ္ထမ္ဘိတောယာပေ၊ စောင့်ရှောက် ထောက်ပံ့သော် သာလျှင်။ တိဋ္ဌတိ၊တည်နိုင်၏။ ။အနက်။ ။ထိုကြောင့်ကံရှိ၍

လူ၏ အဖြစ်ကိုရကြသော်လည်း အာဟာရအတွက်နှင့် အပင်ကြီး အပန်းကြီး ဝိရိယ စိုက်ထုတ်ကြလေသည်။ ။ထိုစကားမှန်၏။ မွတ်သိပ် ဆာလောင်သည် ဆိုသည်မှာလည်း အစာအိမ် တွင်းရှိ ပါစကဓာတ်မီး တောဇော၏ သတ္တိပင်။ အစာ အာဟာရ ကို ကိုယ်၌ သုတ်လိမ်းခါမျှ, ခံတွင်း သွတ်သွင်းရုံမျှ, ဝါးရုံ, မျိုရုံမျှဖြင့် ရုပ်ကို ဖြစ်စေနိုင်ကြောင်း။ လူတို့ ဩဇာ အာဟာရ သည် ခုနစ်ရက်ပတ်လုံး နတ်တို့ဩဇာ အာဟာရသည် တလ, နှစ်လ ပတ်လုံး ရုပ်ကိုဖြစ်ပွါးစေနိုင်၏။ စောင့်ရှောက် ထောက်ပံ့ နိုင်ကြောင်းများကို ကျမ်းဂန်တို့၌ ဆိုသေး၏။

သမုဒ္ဒါန်၌ အထူးမှတ်ရန် ပြသည် ပြီး၏။

## ၄၂—ဘုံ၌ ရုပ်ရကို ပြခြင်း

ဘုံ၌ ရုပ်ရကို ပြဦးအံ့။ ။ရုပ်တရား,နာမ်တရားတို့၌အဿာဒ အာဒီနဝ နှစ်မျိုးရှိသည်တွင် အဿာဒ ဆိုသည်မှာ အနည်းငယ် သာယာဘွယ် နှစ်သက်ဘွယ် အကောင်းကို ဆိုသည်။ ။ အာဒီနဝ ဆိုသည်မှာ ဇိမ်လုံး, တောင်လုံးမက ကြီးကျယ် များပြား လှသော ထိတ်ဘွယ်, လန့်ဘွယ်, ကြောက်ဘွယ် ဆင်းရဲ ဒုက္ခ ဘေးဘယတွေကို ဆိုသည်။ ။သူငယ်မိုက် သန် လျက်သွား၌ ပျားရေစက်ကို လျက်သောအခါ အချိုနှင့် အဿာဒ တူ၏။ လျှာ၌ သန်လျက်သွားရှ၍ ခံရသောဒုက္ခဝေဒနာနှင့် အာဒီ နဝတူ၏။ ။လူနာမသင့်သော အစာကို စားသောအခါ ကောင်း သည်နှင့် အဿာဒတူ၏။ လှန်၍ ဖြစ်သောအခါ သေလောက် အောင်ခံရ၊သေလုပါးနီး ခံရသော ဆင်းရဲနှင့် အာဒီနဝတူ၏။ ။ ယင်းနှစ်မျိုးတို့တွင် တဏှာမျက်စိဖြင့် အဿာဒကိုသာ မြင်သည်။ အာဒီနဝကို မမြင်၊ ယထာဘူတ ဝိပဿနာ ဉာဏ်မျက်စိဖြင့် အာဒီနဝတွေကိုသာ မြင်သည်။ အဿာဒကို မမြင်။ ။ကာမ ဘုံသားတို့ ဓမ္မတာ ယထာဘူတဉာဏ်မျက်စိ နှစ်လုံးကန်းသည်

အတွက် ရုပ်တို့၏အာဒီနဝကို မမြင်။ တဏှာမျက်စိ အားသန်သည့်အတွက် အသာဒကိုသာ အကွက် အကွင်း ထင်ထင်ကြီးမြင်လေသည်။ ။ငါးများချိတ်ကို မမြင်၊ တီကိုသာ မြင်သောငါးနှင့်လည်း အလားတူ၏။ ။ရန်သူကို မမြင်၊ အစာကိုသာ မြင်သော ကျီးနှင့်လည်း တူ၏။ ။မြွေပွေးကို မမြင်၊ မှိုကိုသာ မြင်သော မှိုနှုတ်သမားနှင့်လည်း အလားတူ၏။ ။ထို့ကြောင့် ကာမဘုံသားတို့မှာ ရုပ် နှစ်ဆဲ့ရှစ်ပါး လုံးကိုပင် ငါဟူ၍ ငါ့ဥစ္စာဟူ၍ အမြတ်တနိုး အားကိုးအားထား ခင်မင်စွဲလမ်းကြကုန်၏။ ဘယ်ရုပ်ကို ပယ်လိုသည်ဟူ၍ စိတ်မျှ မဖြစ်ကြကုန်။ ထို့ကြောင့် ကာမဘုံ၌ ရုပ်နှစ်ဆဲ့ရှစ်ပါးလုံးကို ရလေကုန်၏။ ။အသညသတ်ကြဉ်သော ရူပဆဲ့ငါးဘုံသားတို့မှာ ရုပ်ငါးခုကိုမရကုန်။ ။ငါးခုဆိုသည်ကား ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်, ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်၊ ဤရုပ်ငါးခုတည်း။

ထင်ရှားအောင်ပြဦးအံ့။ ။အကြင်ပုဂ္ဂိုလ်တို့သည်ပသာဒရုပ်ငါးခု၌သည့်အတွက် ယင်းပသာဒရုပ် ငါးခုတို့မှ အမြဲ တဆာလောင်ထဲ ဆာလောင်သည်။ စက္ခုမှရူပါရုံကို ဆာလောင်သည်။ သောတမှ သဒ္ဒါရုံကို, ဃာနမှ ဂန္ဓာရုံကို, ဇိဝှါမှ ရသာရုံကို, ကာယမှ ဖောဋ္ဌဗ္ဗာရုံကို ဆာလောင်သည်။ ။ဆာဆိုသည်မှာအား မရနိုင်မဝနိုင် မြင်ချင်, ကြားချင်,နံချင်,စားချင်,တွေ့ထိချင်၊မပြတ်နိုင်မပြေနိုင်သော တဏှာအငတ် အာသာဓာတ်တွေကို ဆိုသည်။ လောင်ဆိုသည်မှာ အလိုအာသာ တဏှာအငတ် အားကြီးလှ၍ မနေတတ် မထိုင်တတ်အောင် နှလုံးပူလောင်သည်ကို ဆိုသည်။ ။ထိုသို့ဆာလောင်သည့်အတွက် လုံ့လကြီးတွေနှင့် အာရုံတွေကို ရှာဖွေသိမ်း ရပြီးကိုလည်း ဝန်တိုစောင့်ရှောက်ခြင်း, တုဘ်ကိုင်ခြင်း, ဓားကိုင်ခြင်း, အချင်းချင်းသတ်ဖြတ်နှိပ်စက်ခြင်း, အစာတွေ့သော ခွေးငတ်တွေအလား ခိုက်ရန်ဖြစ်ပွါး မုသားဆိုခြင်း,နင်နင်ဆိုခြင်းစသည်တို့ကိုပြု၍ အသူးလူး အလဲလဲ အာရုံငါးပါးတို့ကို ခံစားကြပါသော်လည်း အားမရနိုင်ဘဲ အလိုအာသာ မပြည့်ဝ

နိုင်ဘဲ ပဗ္ဗတ္တဆင်းရဲ, အပါယ်ဆင်းရဲ တွေနှင့်သာ တွေ့ကြုံ၍ နေကြရခြင်းသည် ပသာဒရုပ်ငါးခုရှိသည့်အတွက်ပင်ဟု ပသာဒ ရုပ် ငါးခုတို့၌ အဓိပ်ဆိုက် အပြစ်အာဒီနဝတွေကို မြင်ကြကုန်၏။ ဘုရားကိုဖူးမြင်ရဖို့, တရားတော်ကို ကြားနာရဖို့ စက္ခု, သောတ နှစ်ပါးတို့ကို အလို ရှိကြကုန်သေး၏။ ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ ဤရုပ်ငါးခုတို့ကို လုံးလုံးပင် အလိုမရှိ ကြကုန်။ ထိုပုဂ္ဂိုလ်တို့၏ ထိုသို့သော ဘာဝနာ အဟုန်ကြောင့် ယင်း ရုပ်ငါးခုကို ရှုပဆဲ့ငါးဘုံ၌မရ။ ကြွင်းနှစ်ဆဲ့သုံးခုကိုသာ ရကုန်သည်။

စက္ခု ဘိက္ခဝေ သမုဒ္ဒေါ၊ သောတံ ဘိက္ခဝေ သမုဒ္ဒေါ၊
ဃာနံ ဘိက္ခဝေ သမုဒ္ဒေါ၊ ဇိဝှါ ဘိက္ခဝေ သမုဒ္ဒေါ၊
ကာယော ဘိက္ခဝေ သမုဒ္ဒေါ။

ဤလိုသတ္တဝါတို့၏ အလျားတလံ, အနံတထွာသာ ရှိသော ခန္ဓာကိုယ်၌ သမုဒ္ဒရာ ငါးစင်းရှိကြောင်းကို သံယုတ်ပါဠိတော်, အဘိဓမ္မာ ပါဠိတော်၌ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ မျက်စိသည်။ သမုဒ္ဒေါ၊သမုဒ္ဒြာ တစင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သောတံ၊ နားသည်။ သမုဒ္ဒေါ၊ သမုဒ္ဒြာတစင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဃာနံ၊ နှာခေါင်းသည်။ သမုဒ္ဒေါ၊ သမုဒ္ဒြာတစင်း။ဘိက္ခဝေ၊ ရဟန်းတို့။ ဇိဝှါ၊လျှာသည်။ သမုဒ္ဒေါ၊ သမုဒ္ဒြာတစင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယော၊ ကိုယ်သည်။ သမုဒ္ဒေါ၊ သမုဒ္ဒြာတစင်း။ ။အနက်။

အသညသတ်ဘုံမှာ နာမ်၌ အပြစ်အာဒီနဝကို မြင်၍ နာမ်ကို အလိုမရှိဘဲ စိးဖြန်းအပ်သော ဘာဝနာအဟုန်ကြောင့် နာမ်မပါဘဲ ဇီဝိတနဝက ကလာပ်တစည်း, ဥတုဇ အဋ္ဌက ကလာပ်တစည်း ဟူ၍ ကလာပ်နှစ်စည်း ရုပ်ကိုးခုသာရ၏။ ရန်သူရုပ် လေးခု, အခြားရုပ်, လဟုတာ, မုဒုတာ, ကမ္မညတာတို့နှင့် တကွ တနည်း ဆဲ့ခုနစ်ရ၏။ ။အရူပဘုံမှာ ရုပ်ကို အလိုမရှိဘဲ စိးဖြန်းအပ်သော ဘာဝနာအဟုန်ကြောင့် ရုပ်မရှိဘဲ နာမ်သာရှိသည်။

ဇုဿာသယ (က) ၁၄၀–၁၄

နှစ်ဆဲ့ရှစ်ပါး၊ ရုပ်တရား၊ ရွေးအကုန်၊ ကာမဘုံ။
ရူပဆဲ့ငါးဘုံမှာ၊ ဃာန, ဇိဝှါ, ကာယ, ဘာဝ-နှစ်ရုပ်၊ ငါးခုဖြုတ်ချ၊
နှစ်ဆဲ့သုံးခုရ၏။
အသညသတ်မှာ၊ အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်ကိုးခုရ၏။ တနည်းဆဲ့ခုနစ်ရ၏။
အရူပလေးခွင်၊ ရုပ်မယှဉ်၊ နာမ်ပင်သူတို့ကိုယ်၊ မမြင်ပန်းနံ့လို။
အသညသတ်တွင်၊ နာမ်မယှဉ်၊ ရုပ်ပင်သူဘို့ကိုယ်၊ ရွှေစည်သွန်းရုပ်လို။
တဆဲ့ငါးစုံ၊ ရူပဘုံ၊ ရုပ်နာမ်အစုံ၊ နတ်တို့အလံ။
ဘောလည်းမစုံ၊ ယောကျ်ားပုံ၊ အညီအာရုံ၊ ကင်းသည့်ဗြဟ္မာအများ။
အစားမလှေ၊ ပီတိမွေ့၊ အနံ့အတွေ၊ ကင်းသည့်ဗြဟ္မာအများ။
ဒေါသလည်းစင်၊ ဈာန်ကိုဝင်၊ သက်မသေခင်၊ နေသည့်ဗြဟ္မာအများ။
ကာမဆဲ့တဘုံ၊ ရုပ်အပေါင်းစုံ၊ အညီအာရုံ၊ ကြိုက်သည့်ဘုံသား။
မဝနိုင်ဘဲ၊ တဏှာစွဲ၊ ဆင်းရဲပြိတ္တာလို၊ ကာမဘုံတနိ။

ဘုံ၌ ရုပ်ရကို ပြသည် ပြီး၏။

## ၄၃—ရုပ်ကို နှစ်မျိုး ခွဲပြခြင်း

ရုပ်ကို နှစ်မျိုး ခွဲ၍ပြဦးအံ့။ ။လိုရင်း ပဓာန အခံ ရုပ်ကြီး လေးပါး, အပေါ်တင် ရုပ်နှစ်ဆဲ့လေးပါး, ဤလို နှစ်မျိုးမှတ်။ ။ အခံရုပ်ကြီး လေးပါး ဆိုသည်မှာ ဓာတ်ကြီး လေးပါးကိုပင် ဆိုသည်။ ။ယင်းဓာတ်ကြီး လေးပါးတို့သည် လိုရင်း ပဓာန အချုပ် အချာ တပါးရုပ်တို့မှီရာ တည်ရာ အခံ ဖြစ်ကုန်၏။ ။ အပေါ်တင်ရုပ်နှင့် ဆဲ့လေးပါး ဆိုသည်မှာ ကြွင်းရုပ် တို့ကိုပင် ဆိုသည်။ ။ယင်း နှစ်ဆဲ့ လေးပါးသော ကြွင်းရုပ် တို့သည် ဓာတ်ကြီးလေးပါးကို မှီတွယ်၍ ဖြစ်ကြကုန်၏။ ရေပေါ်၌အမှိုက် ကဲ့သို့ ဓာတ်ကြီးလေးပါးတို့အလိုသို့လိုက်ကြရကုန်၏။ ဓာတ်ကြီး လေးပါးတို့ကို မလွန်ဆန် နိုင်ကြကုန်။ ။ထိုကြောင့် ဓာတ်ကြီး လေးပါးကို လိုရင်း အချုပ် အချာ အခံရုပ် ဟူ၍, ကြွင်းနှစ်ဆဲ့ လေးကို အပေါ်တင်ရုပ်ဟူ၍ ဆိုသည်။ ။သဂြိုဟ်၌ ဓာတ်ကြီး လေးပါးကို ဘူတရုပ် ဟူ၍, ကြွင်းနှစ်ဆဲ့လေးပါးကို ဥပါဒါယ ရုပ်ဟူ၍ဆို၏။ ။ထင်ရှားအောင် ပြဦးအံ့။ ။ပထဝီဓာတ်သည်

အခဲ၊အထပ်၊ အဖတ်ဘက်သို့ခွဲ၏။ အာပေါဓာတ်သည် အစေး အရိ-အရည် အပျော်ဘက်သို့ခွဲ၏။ တေဇော ဓာတ်သည် အပူ ပြင်းထန် အတောက် အလျှံပွ မီးဘက်သို့ ခွဲ၏။ ဝါယော ဓာတ် သည် လေညှင်း လေပြင်းဘက်သို့ ခွဲ၏။ ဗဟိဒ္ဓသန္တာန်၌—

သိလာမြေ၊ ပံသုမြေ၊ တဒေ့ထွသိန်းနှစ်သောင်း။
နှစ်ထပ်ပေါင်း၊ နှစ်သိန်းလေးသောင်းမြေ။
လေးသိန်းရှစ်သောင်း၊ ရေထုပေါင်း၊
ကိုးသိန်း ခြောက်သောင်းလေ။

ဆိုသည့် အတိုင်း အထုကား အပိုင်း အခြားရှိ၊ အလျား အနံ အပိုင်းအခြား မရှိသောမြေ၊ မြေကို ခံသောရေ၊ ရေကိုခံသော လေတို့၌၎င်း၊ ကမ္ဘာဖျက်-မီး၊ ကမ္ဘာဖျက်-ရေ၊ ကမ္ဘာဖျက်- လေတို့၌၎င်း၊ ကမ္ဘာပြုရေ တို့၌၎င်း ဓာတ်ကြီး လေးပါးတို့ အစွမ်းကုန်သတ္တိပြ၍ အဓိကဖြစ်ကြရာကြွင်းရုပ်တို့ မဗိဆန်နိုင်ဘဲ ဓာတ်ကြီးလေးပါးတို့ အလိုသို့ လိုက်ကြရသည်ကို သိလေ။

အဇ္ဈတ္တသန္တာန်ခေါ်သော သတ္တဝါတို့ ကိုယ်၌ ပထဝီ ဓာတ် လွန်လျှင် တကိုယ်လုံး ထင်းချောင်းကဲ့သို့ တောင့်တင်း ခိုင်မာ၍ သေရ၏။ အာပေါဓာတ် လွန်လျှင် တကိုယ်လုံး ပုပ်ရိ နံစော် အရည်ပျော်၍ သေရ၏။တေဇော လွန်လျှင် တကိုယ်လုံးပူလောင် ပြင်းပျ မီးကဲ့သို့ဖြစ်၍ သေရ၏။ ဝါယောလွန်လျှင် ကိုယ်အလုံး အပိုင်းအပိုင်းပြတ်၍ သေရ၏။ ကြွင်းရုပ်တို့မချမခံနိုင်။ ဓာတ်ကြီး လေးပါးတို့ အလိုသို့ လိုက်ကြရ ကုန်၏။ ။ထိုကြောင့် ပထဝီ ဓာတ်ကို တောင့်တင်း ခိုင်မာ၍ သေစေ တတ်သော အဆိပ် ရှိသော မြွေဟူ၍၊ အာပေါဓာတ်ကို ပုပ်ရိ နံစော် အရည်ပျော်၍ သေစေတတ်သော အဆိပ်ရှိသော မြွေဟူ၍၊ တေဇောဓာတ်ကို ပူလောင်ပြင်းပျ မီးကဲ့သို့ဖြစ်၍ သေစေတတ်သော အဆိပ်ရှိသော မြွေဟူ၍၊ ဝါယောဓာတ်ကို အပိုင်းအပိုင်းပြတ်၍ သေစေတတ် သော အဆိပ်ရှိသော မြွေဟူ၍၊ကိုယ်တွင်းရှိ မြွေကြီးလေးစင်းကို နှလုံးသွင်းအပ်ကုန်၏။ ။စတ္တာရော အာသိဝိသာတိခေါ ဘိက္ခဝေ

စတုန္နံ မဟာဘူတာနံ အဓိဝစနံ, ဟူ၍လည်း ဘုရားဟောတော်မူသည်။ ။သံယုတ်ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော အာသိဝိသာတိခေါ၊ လျင်မြန်ပြင်းထန်သော အဆိပ်ရှိသော မြွေကြီးလေးစင်းတို့ ဟူသည်။ စတုန္နံ မဟာဘူတာနံ၊ မဟာဘုတ်လေးပါးတို့၏။ အဓိဝစနံ၊ အမည်တည်း။ ။အနက်။ ဤလိုဓာတ်ကြီးလေးပါးတို့ အလိုသို့ လိုက်ကြရသည်ကို သိလေ။ အလိုသို့ လိုက်ကြရသည်ဆိုသောစကားမှာ သဘော ဖောက်ပြန်၍ လိုက်သည် ကိုမဆို။ သူတို့ ဖြစ်ပျက် ဖောက်ပြန်တိုင်း ဖြစ်ပျက်ဖောက်ပြန်ရသည်ကို ဆိုသည်မှတ်။

ထန်းရေကို ကျိုချက်ရာ တေဇောရုပ်သာ ပူသည်။ ကြွင်းရုပ်ခုနစ်ခုတို့မှာ ရုပ်ရှစ်ခုလုံး ပူသည်ဟူ၍ ထင်မှတ်တတ်သည်။ တေဇောရုပ်ဟူသောအပူသည် ဝါယောကို ထကြွစေ၍ ဝါယောနှင့် ပေါင်းသင်းပြီးလျှင် ရုပ်ရှစ်ခုလုံးကို ပွက်ပွက်ဆူ လှုပ်ရှား ဖောက်ပြန်စေလျက် ပဿရဏ သဘောရှိသော အာပေါကို ယုတ်လျော့အားသေးစေ၍ ထဒ္ဓသဘော ကက္ခဠသဘော ရှိသော ပထဝီကို အားကြီးလွန်ကဲစေ၏။ ပထဝီ လွန်ကဲသည့် အတွက် အိုင်အခဲဖြစ်ရ၏။ ကြွင်းရုပ်ခုနစ်ခုတို့လည်း ပထဝီ၏ အလိုသို့ လိုက်ကြရကုန်၏။ အာပေါ အိုင်အခဲ ဖြစ်သည် မမှတ်လင့်။ ။ ထန်းလျက်စသောအိုင်အခဲသိတ,ဥဏှ-တေဇောကြောင့်အရည် ပျော်ရာ ပထဝီယုတ်လျော့၍အာပေါ ပွါးစီးအားကြီး၍ လာသဖြင့် ကြွင်းရုပ် ခုနစ်ခုတို့လည်း အာပေါအလိုသို့လိုက်၍အရည်အပျော် ကဲ့သို့ ဖြစ်ကြရကုန်၏။ ပထဝီ အရည်ပျော်သည် မမှတ်လင့်။ ဤသို့စသည်ဓာတ်ကြီးလေးပါးတို့ လိုရင်းပဓာနအခံ။ ကြွင်းရုပ်တို့ ရေပေါ်၌ အမှိုက်ကဲ့သို့ အပေါ်တင် ဖြစ်ကြောင်းကို သိလေ။

အမရုပ် နှစ်ခု, အဖိုရုပ် နှစ်ဆဲ့ခြောက်ခု, မြင်ကောင်းသောရုပ် တခု, မမြင်ကောင်းသောရုပ် နှစ်ဆဲ့ခုနစ်ခု။ ။ကိုင်၍တွေ့ထိ ကောင်းသောရုပ်သုံးခု, မတွေ့မထိကောင်းသောရုပ် နှစ်ဆဲ့ငါးခု, အလေး, အပေါ့ရကောင်းသောရုပ် တခု။ မရကောင်းသောရုပ်

နှစ်ဆဲ့ခုနစ်ခု, အကြီး,အငယ် သဏ္ဍာန ပညတ် ရကောင်းသော ရုပ် နှစ်ခု။ မရကောင်းသောရုပ် နှစ်ဆဲ့ခြောက်ခု, ဤသို့စသည် နှစ်မျိုးခွဲခြမ်း၍ မှတ်လေဦး။

ရုပ်ကို နှစ်မျိုးခွဲ၍ ပြသည် ပြီး၏။

## ၄၄—တေဇောရုပ်၏ ထူးပုံ,အရာကျယ်ပုံကို ပြဆိုခြင်း

တေဇောရုပ်၏ ထူးပုံ, အရာကျယ်ပုံကို ပြဦးအံ့။ ။တေဇော ရုပ်သည် သူတပါးကို ဆွသည်။ ဆွတတ်သည် ဆိုသည်ကား တပါးရုပ်တို့ကို မသင့်မတင့် မညီမညွတ်အောင် ပြုတတ်သည်ကို ဆိုသည်။ ။မညီမညွတ်ဆိုသည်မှာလည်း လွန်,ဝုပ်,နုပ်,သန်–ဘောက်ပြန်ကြသည်ကိုဆိုသည်။ ။ဤစကား၌ ပထဝီနှင့်ဝါယော တပါးလွန်, တပါးဝုပ်, တပါးသန်၊ အာပေါ်နှင့် တေဇော တပါးလွန် တပါးဝုပ် တပါးသန် ဖြစ်တတ်သည်ကို သိလေ။ ။ ဗဟိဒ္ဓသန္တာန်၌ အပင်မျိုးအသီးမျိုးစသည်တို့၌ဖြစ်သမျှအနာမျိုး, သတ္တဝါတို့သန္တာန်၌ ဖြစ်သမျှ အနာမျိုး, ရောဂါ မျိုးတို့လည်း တေဇောဆွ၍ပင် ဖြစ်ရသည်။

ထိုစကားမှန်၏။ တေဇောဆွ၍ မညီမညွတ် လွန်, ဝုပ်,နုပ်, သန်, ဘောက်ပြန်ကြသော ဓာတ်ပျက်တွေကိုပင် အနာမျိုး, ရောဂါမျိုး ဆိုရသည်။ အနာမျိုး, ရောဂါမျိုး ဟူ၍ တခြားရှိတော့သည် မဟုတ်။ ။ကမ္မဇနာ, စိတ္တဇနာ, အာဟာရဇနာ, ဆိုရာတို့၌လည်း ကံ, စိတ်, ဥတု, အာဟာရတို့က တေဇောကို ဆွသည်။ တေဇောက တပါးရုပ် တို့ကို ဆွသည့် အတွက် ဖြစ်ရသည် မှတ်လေ။ ။မိုးကြိုးကျ၍, သေနတ်မှန်၍, ဓားခုတ် ခံရ, လှံထိုးခံရ၍ တစုံတရာဒဏ်ထိ၍ သေလောက်သော အနာ, မသေလောက်သော ဒဏ်ရာ, အနာမျိုး တို့လည်း တေဇော ပျက်၍ဖြစ်ရသည်။ ။ထိုစကားမှန်၏။ တေဇောပျက်က တပါး ဓာတ်တို့လည်း ပျက်ကြတော့ သည်သာမှတ်။ သိတ, ဥဏှ,

ညီညွတ်မျှတ၍ တေဇောစောင့်ရှောက်မှသာလျှင် ဓာတ်လေးပါး
ညီညွတ်ရိုင်နိုင်သည်။ ဓာတ်လေးပါးတို့ ညီညွတ် ခိုင်ခံ့သမျှ
အနာမျိုး, ရောဂါမျိုးမဖြစ်နိုင်။ မိုးကြိုး ကျသော်လည်း မသေ။
နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့၌ ကြံဆလေ။ အများ
အနာတို့၌ ငန်း, မန်း ဆိုသည်လည်း တေဇောဓာတ်ပျက်တွေကို
ပင် ဆိုသည်မှတ်လေ။ ။အထူးသဖြင့် အစာ ကြေကျက်စေ
တတ်သော ပါစကတေဇော-ဓာတ်မီး ဥသ္မာ-ခေါ်သော ကမ္မဇ
တေဇော- ကိုယ်ငွေ့ ကောင်းသော သူတို့၌ ဓာတ်လေးပါးတို့
မညီမညွတ်မဖြစ်နိုင်။ ဓာတ်လေးပါးညီညွတ်သမျှလည်း အနာမျိုး
ရောဂါမျိုး မဖြစ်နိုင်။ ။ထို့ကြောင့် ပါစက တေဇောဓာတ်မီး၊
ဥသ္မာ,ခေါ်သော ကမ္မဇတေဇော ကိုယ်ငွေ့ နှစ်ပါးတို့ကို ဉာဏ်
လုံ့လဖြင့် စောင့်ရှောက်နိုင်သော သူတို့သည် အနာ ရောဂါ
ကင်းတတ် အသက်ရှည်တတ်သည်။

ထိုစကား ဆိုသင့်၏။ ။စက္ခာဒိ ပဉ္စိန္ဒြိယာနိ အာယုံ ပဋိစ္စ
တိဋ္ဌန္တိ၊ အာယု ဥသ္မံ ပဋိစ္စ တိဋ္ဌတိ။ ။ပဏ္ဏာသပါဠိတော်။

စက္ခာဒိပဉ္စိန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေငါးပါးတို့သည်။ ဝါ၊
စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယတို့သည်။ အာယုံ၊ ဇီဝိတရုပ်ကို။
ပဋိစ္စ၊ စွဲ၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ အာယု၊ ဇီဝိတရုပ်သည်။ ဥသ္မံ၊
ကမ္မဇ တေဇောကိုယ်ငွေ့ကို။ ပဋိစ္စ၊ စွဲမှီ၍။ တိဋ္ဌတိ၊တည်၏။ ။
အနက်။ ။ဤပါဠိတော်၌ ဥသ္မာ,ဆိုသည်လည်း ပါစကဓာတ်မီး
၏ အပွါးအစီးပင်။ ။ထို့ကြောင့် ပါစက ဓာတ်မီးပျက်လျှင်
ဥသ္မာလည်း ပျက်တော့သည်သာ။ဥသ္မာ,ပျက်က ဇီဝိတရုပ်လည်း
ပျက်တော့သည်သာ။ ဇီဝိတ ရုပ် ပျက်က ပသာဒရုပ် ငါးခုနှင့်
တကွ ကမ္မဇရုပ်တွေလည်း ပျက်တော့သည်သာ။ ကမ္မဇရုပ်တွေ
ပျက်က ဝိညာဏ်လည်း မဖြစ်နိုင်တော့ပြီ။ ထိုအခါ ဥတုဇရုပ်
အသေကောင်ပုပ်ဖြစ်လေ၏။ ။ခန္ဓသံယုတ်ပါဠိတော်၌လည်း-

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။ ။

အာယု စ၊ ဇီဝိတရုပ်ရင်း။ ဥသ္မာ စ၊ ကမ္မဇတေဇောကိုယ်ငွေ့ရင်း။ ဝိညာဏဥ္စ၊ ဝိညာဏ်ရင်း။ တယော၊ သုံးပါးသောတရားတို့သည်။ ယဒါ၊ အကြင်အခါ၌။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။ တဒါ၊ ထိုအခါ၌။ အပဝိဒ္ဓေါ၊ ဆွေမျိုးတို့ကို စွန့်အပ်သည်ဖြစ်၍။ အစေတနံ၊ စိတ်မရှိဘဲ။ ပရဘတ္တံ၊ ပိုး,လောက်, ယင်မ,ကျီးငှက်ဒတို့အစာဖြစ်၍သာလျှင်။ သေတိ၊ စင်းစင်းအိပ်ရလေ၏။ ။အနက်။

တေဇော-နှစ်ပါးကို စောင့်ရှောက်ဆိုသည်မှာလည်း အစား, အသောက်, အသွား,အလာ,အနေ,အထိုင် စသည်တို့ကို ဆင်ခြင်၍ အသပ္ပါယကို ရှောင်ခြင်း, သပ္ပါယကို မှီဝဲခြင်းပင်တည်း။ ။ ကုသိုလ်ကံထူး၍ ပါစက ဓာတ် မီး ကောင်းသော သူတို့မှာ ဆင်ခြင်စောင့်ရှောက်ဘွယ် မရှိ။ ။အနာရောဂါကိုပယ်ဖျောက်စေနိုင် ဆိုရာ၌လည်း တေဇောဓာတ်မှသာ ပယ်ဖျောက်စေနိုင်သည်။ ထိုစကားမှန်၏။ ဆေးဝါး ဓာတ်စာတို့၏ အနာရောဂါကို ပယ်ဖျောက်စေနိုင်သော သတ္တိ ဆိုသည်မှာလည်း တေဇောကိုပင် ဆိုသည်။ ။လောကီ ဆေးဆရာ တို့လည်း လွန်ဓာတ်ကို နိမ်အောင်, ငုပ်ဓာတ်ကို ပေါ်အောင်, နှုပ်ဓာတ်ကို ထက်သန်အောင်, သန်သောဓာတ်ကို နှုပ်အောင်, ကုသနိုင်မှ အနာရောဂါ ငြိမ်းသည်။ ။နိမ်အောင်, ပေါ်အောင်, သန်အောင်, နှုပ်အောင်လည်း တေဇောမှသာ တတ်နိုင်သည်။ ထိုကြောင့် လောကီ ဆေးဆရာ ပြုလုပ်သူတို့သည် အတွင်းတေဇောဆယ်မျိုး, အပြင်တေဇော အမျိုးမျိုးတို့ကို နားလည် ကျွမ်းကျင် ကြရသည်။ “တေဇောမပိုင်၊ ဆေးမကိုင်နှင့်” ဆိုသင့်၏။

အတွင်းတေဇော ဆယ်မျိုးဆိုသည်မှာ ကမ္မဇ,စိတ္တဇ,ဥတုဇ, အာဟာရဇ ကလာပ်လေးမျိုးတို့၌သီတ,ဥဏှနှစ်ပါးဖြစ်၍ရှစ်မျိုး၊ မသင့် မတင့်သော အကြောင်းကြောင့် ယင်း ရှစ်မျိုးတို့မှ အဆင့်ဆင့်ဘောက်ပြန်ပွါးစီး၍ ရန်ပြုလိုသဖြင့် ခွဲမြဲချံ၍နေသော ဓာတ်ပျက် သီတ, ဥဏှနှစ်မျိုး၊ ပေါင်း ဆယ်မျိုးကို ဆိုသည်။

ချခံ့ပြီနေသော ယင်းဓာတ်ပုက်နှစ်မျိုးကိုပင် ရောဂါခံ ဆိုသည်။ အထောက်အပံ့ကိုရလျှင် ထကြွတတ်သည်။ အပြင်စေတဖောအမျိုးမျိုးဆိုသည်မှာ အမြစ်,အဉ, အခွံ,အပွေး, အသီး, အရွက်-စသည် တရချ၌ ဖြစ်သော သိဘ, ဥတုဇ-နှစ်ခု သုံးခု စသည် ရောစပ်၍ ဖြစ်ပေါ်သော ဆေးဝါးတို့၌ သိဘ,ဥတုဇ၊ အရပ်ဒေသ အလျောက် ဖြစ်သော သိဘ,ဥတုဇ၊ဥတု,ရာသီအလျောက်ဖြစ်သော သိဘ,ဥတုဇ ဤသို့စသည်ကိုဆိုသည်။ ။ဤသို့စသည် ဆိုအပ်ပြီးသော သိတ, ဥတုဇ- တေဇောနှင့်မျိုး ဆွသဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးလုံး၌ ရုပ်တို့၏ ဆန်းပြားသုံးတွေ ဘောက်ပြန်ခြင်း ဖြစ်ရလေသည်။ ထိုကြောင့် ထိုထိုပါဠိတော်တို့၌။ ။သိတေနပိ ရုပ္ပတိ၊ဥဏှေနပိ ရုပ္ပတိ ဟူ၍ ဟောတော်မူသည်။ ။ရုပ်၊ ရုပ်တရားသည်။ သိတေနပိ၊ သိဘတေဇော ဆူသောကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ဥဏှေနပိ၊ ဥဏှတေဇော ဆူသောကြောင့် လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ။အနက်။

ဗဟိဒ္ဓသန္တာန်၌ ဘေဇောဆူပုံကို ပြဦးအံ့။ ။ဗဟိဒ္ဓသန္တာန်ပေါ်သော ဩကာသ လောကကြီး အတွင်း တေဇောဆူသည့် အတွက် မြေ မိုး ကောင်းကင် တပြင်လုံး တခွင်လုံး အငွေ့တွေ အခိုးတွေ အုံ့တွေ မှုန်မှိုင်းမဲမဲဖြစ်ခြင်း, လျှပ်စစ် လျှပ်ပန်းထခြင်း, မိုးခြိမ်းခြင်း, ဟိန်းခြင်း, ထစ်ချုန်းခြင်း, မိုးကြိုးကျခြင်း, မိုးရည် မိုးပေါက်ကျခြင်း, လေညှင်း—လေပြင်းထခြင်း, ဝိဇ္ဇာဂါဝ် ဘူတဂါဝ်တို့၏ ပေါက်ရောက် စည်ကားပွါးစီး မိမ်းရှင်ခြင်း, ညှိုးနွမ်း ခြောက်သွေ့ ဆွေးမြေ့ကုန်ခန်းခြင်း စသည် အထူးထူး အထွေထွေ ဖြစ်ကြရလေကုန်သည်။

အငွေ့ အခိုး ဆိုသည်မှာ တေဇောရုပ် ထကြွသော အခါ ဝါယောကို ဖြစ်စေ၍ ဝါယောကို အားပြု၍ ဝါယောနှင့် တကွ ထ၏။ ထိုသို့ထသော ဝါယောနှင့် တကွသော တေဇောကိုပင် အငွေ့ အခိုးဆိုသည်။ တေဇောသတ္တိကြောင့် အငွေ့ အခိုး၌ ဖြူဖြူ, ညိုညို, ပြာပြာ အဆင်းရုပ် ပေါ်ထင် သိသာခဲ့လျှင် အခိုး

ဆိုပြန်သည်။ ။မြေခိုး၌နေရှိန် တေဇောသတ္တိကြောင့် ဖိမ်းဖိမ်း, ဝါဝါ,ပြာပြာ,နီနီ-အဆင်းရှိပေါ်ထင်သည်ကိုစွဲသက်တံဆိုသည်။ လျှပ်စစ်လျှပ်ပန်းဆိုသည်မှာ ရန်ဘက်ခတ်ချင်း, ပထဝီချင်းချင်း, ဝါယောချင်းချင်း, တိုး၍ တိုက်ခိုက်ကြသော် အသံရှိ မီးရှိ ဖြစ်တတ်သည်။ ယင်း မီးရှိသည် ဩဇာပြည့်သော ပထဝီကို အမှီမရလျှင် ခဏခြင်း ချုပ်ပျက် ကွယ်ပျောက်၏။ ယင်းမီးရှိ ကိုပင် လျှပ်စစ် လျှပ်ပန်း ဆိုလေသည်။ ။ရန်ဘက်ခတ်ဆိုသော စကား၌–

ပန္နင့်ဝါ၊ အာနင့်တေ၊ ဥဏှေ့,သီတ၊ ရန်ဘက်ကြ၏။
တခုယုတ်ပြေး၊ တခုများ၊ မှာ်သားကြီးဆလေ။

ဆိုသည့်အတိုင်း ရန်ဘက်, ခတ်ဘက်ကို မှတ်လေ။

မိုးရည် မိုးပေါက် ကျသည်မှာ ဥတုနိယာမအားဖြင့် မိုးဥတု အခါ ကောင်းကင် တပြင်လုံး တခွင်လုံး အာပေါ်အုပ်ရှိသည်။ အောက်မှမြေခိုး,ရေခိုး,တောခိုး,တောင်ခိုး စသည် အငွေ့ အရှိန် တွေ့ ထကြွပျံတက်ကြသဖြင့် အထက်ကောင်းကင်ရှိ အာပေါ်နှင့် တွေ့ဆုံ တိုက်ခိုက် ကြသောအခါ ချွေးပြန်သကဲ့သို့ အာဗန္ဓန သဘောရှိသော အာပေါ်တို့သည် ပဋ္ဌရဏသဘော, ဒြဝ-သဘောဖြစ်၍ ယိုစီး ကျရောက်လာသည်ကို မိုးရည် မိုးပေါက် ကျသည်ဟူ၍ ဆိုလေသည်။

ဒေဝေါနာမ ဆဋ္ဌပတိ ကာရဏောပတိ ဝဿတိ။ ။သံယုတ် ပါဠိတော်။ ။ဒေဝေါနာမ၊မိုးမည်သည်။ အဋ္ဌဟိ ကာရဏေဟိ၊ ရှစ်ပါးသော အကြောင်းတို့ကြောင့်။ ဝဿတိ၊ ရွာ၏။ အနက်၊ နဂါး, ဂဠုန်, နတ်, မာရ်, တန်းခိုးရှိသော လူတို့၏ အာနုဘော် ကြောင့်, သစ္စာ၏ အာနုဘော်ကြောင့် ရွာခြင်း ခြောက်ပါး၊ ကမ္ဘာပျက်လို၍ ရွာခြင်း, ဥတုကြောင့် ရွာခြင်း ပေါင်းကျမ်းဂန် လာ ရှစ်ပါးတို့တွင် မိုးအခါ ရွာသည်ကား ဆိုပြီးသည့်အတိုင်း ဥတုကြောင့် ရွာသည်မှတ်လေ။ ။ဥတုဆိုသည်လည်းတေဇော

ပင်မှတ်လေ။ ။ဝါယောကား တေဇောဖြင့်သား တေဇောဖြင့် အားဟူ၍ မှတ်လေ။ ။တေဇောထလျှင် ဝါယော- ပါးတော့ သည်သာ။

ဖြိမ်းသည်, ဟိန်းသည် ဆိုသည်မှာ အောက်မှ တက်သော အငွေ့ အရှိန်၊ တေဇော, ဝါယော အဟုန်တို့ကို အထက် ကောင်းကင်ရှိ အာပေါတို့သည် ပထဝီကို သဟဲပြု၍ အာဗန္ဓ နသဘောဖြင့် ဖွဲ့စည်းဘမ်းချုပ် ဆီးအုပ်ဖိညှပ်ကြသည် ရှိသော် အငွေ့ အရှိန် တေဇော, ဝါယောတို့ တိုက်ခိုက်တိုး၍ ပြေးသွား ကြသည့်အတွက် အသံရုပ်ဖြစ်သည်ကို ဖြိမ်းသည်, ဟိန်းသည် ဟူ၍ ဆိုလေသည်။ ။မိုးမရွာခြင်း၏ အကြောင်းကား ငါးပါး ဟူ၍အင်္ဂုတ္တိုရ်ပါဠိတော်၌ဟောတော်မူ၏။ အထက်ကောင်းကင်၌ တေဇောပျက်၍ မရွာခြင်းတပါး, ဝါယောဓာတ်ပျက်၍ မရွာခြင်း တပါး, ရာဟုအသုရိန် လက်ချပ်ဖြင့်ခံ၍ သမုဒ္ဒရာသို့ သွန်ခြင်း ကြောင့် မရွာခြင်းတပါး, မိုးဘိမ်ကို ဆောင်သော နတ်တို့ မေ့လျော့ခြင်းကြောင့် မရွာခြင်းတပါး, လူတို့တရားမစောင့်ခြင်း ကြောင့် မရွာခြင်းတပါး၊ ဤငါးပါးတည်း။ ။အသုရိန်နတ်ကြီး၏ လက်ဘဝါး, ခြေဘဝါးတို့ကား ယူဇနာ သုံးရာရှိသည် ဟူ၍ ကျမ်းဂန်တို့၌ ဆို၏။

မိုးကြိုးကျသည်မှာ ထက်ဝန်းကျင် ဖြန့်တက် ပြေးသွားသော အငွေ့ အရှိန် တေဇော, ဝါယောတွေကို အထက် ကောင်းကင်ရှိ ပထဝီနှင့် သီဘ သဟဲရှိသော အာပေါတို့သည် ဖွဲ့စည်းဘမ်းချုပ် ဆီးအုပ်ကြသော် လှလှဖွဲ့နှောင် ချုပ်အုပ်မိသောအခါ ပထဝီက ဖိညှပ် သီတက ရန်ပြုသည့် အတွက် တေဇော ဝါယောတို့ အစွမ်းကုန် တဟုန်ထဲ တိုက်ခိုက်တိုးဘောက်အသံရုပ်နှင့် တကွ အပြင်းအထန် ထွက်ပြေး ကျရောက်လာသည်ကို မိုးကြိုးကျသည် ဟူ၍ ဆိုလေသည်။ ။တေဇော ဝါယော အဟုန်သည် ဆန့်ကျင်ဘက် မဟာပထဝီနှင့် တွေ့ဆုံသည့်အခါ ယုတ်လျော့ အားသေး၍ ချုပ်ငြိမ်း ကွယ်ပျောက် ရလေ၏။ မဟာပထဝီ

မြေတွင်းသို့ ဘောက်ထွင်းစူးဝင်၍ သွားတော့သည် မဟုတ်။ သံတုံး, သံခဲ, ကြေးတုံး, ကြေးခဲ, ကျောက်တုံး,ကျောက်ခဲ ဟူ၍ အခဲမပါ မီးခါတ်,လေခါတ် မျှသာ မှတ်လေ။ ။သုတ်မဟာဝါ အဋ္ဌကထာ၌ ကျပုံအခြင်းအရာကို အဲ့ပြု၍ မိုးကြိုးကိုးပါးလာ၏။ နတ်တို့လက်နက်မဟုတ်။

လေညှင်း,လေပြင်းဆိုသည်မှာ သိတဉ္စ, တွေ့ဆုံတိုက်ခိုက်သည့်အတွက်ရင်း, တေဇောဆွဲ၍ ပထဝီ—အာပေါကို ဖိညှပ်တိုက်ခိုက်သည့်အတွက်ရင်းလေရုပ်ဖြစ်သည်။ ယင်းလေရုပ်သည် မြောက်မှ ပထဝီ,အာပေါ အားကြီးလျှင် တောင်သို့၊ တောင်မှ ပထဝီ-အာပေါ အားကြီးလျှင် မြောက်သို့၊ ဤသို့စသည်ပြေးသွားသော လေရုပ်ကို လေညှင်း လေပြင်းဟူ၍ ဆိုလေသည်။ ။ ပထဝီ, အာပေါ နှစ်ပါးသည် ဝါယောနှင့် မလိုက်လျောကြ၊ ဆန့်ကျင်ကြ၏။ ဝါယောသည် အာကာသနှင့် လိုက်လျောစွာ မိတ်ဖြစ်ကြ၏။ ။မြေပွက်သည်, ရေပွက်သည် ဆိုရာတို့၌ မြေ, ရေအတွင်း တေဇောဆွ၍ လေရုပ်ဖြစ်ရာ ပထဝီ,အာပေါ တို့နှင့် မလိုက်လျော ဆန့်ကျင်သည့် အတွက် မိတ်ဖြစ်သော အာကာသ ရှိရာသို့ ထွက်ပြေးလာသည်ကို ပွက်သည် ဟူ၍ ဆိုလေသည်။ ။ထမင်းအိုး, ဟင်းအိုး စသည် တို့၏အပွက်၌လည်း နည်းတူပင်မှတ်။ ။ထွက်ပြေးသော ဝါယောကို အာပေါ လိုက်၍ ဖွဲ့နှောင် ဘမ်းချုပ်ရာ ဘမ်းမိ, ချုပ်မိ, အုပ်မိသည်ကို ဥဖေါင်း အမြှုပ် ခေါ်လေသည်။ တိုးဘောက် ထွက်ပြေးလျှင် အသံရုပ် ဖြစ်သည်။ ။ဗျောက်သံ, သေနတ်သံ, အမြောက်သံ, မိုးကြိုးသံစသည် တို့ကိုလည်း ဤနည်းတူသိလေ။

ဗီဇဂါမ်, ဘူတဂါမ်တို့၏ ပေါက်ရောက် စည်ကား ပွါးစီးခြင်း စသည်ဆိုသောစကား၌ ဗီဇဂါမ်ဆိုသည်မှာ မျိုးရောက်သော ဝတ္ထုကိုဆိုသည်။ ယင်းမျိုးသည် အမြစ်မျိုး,ပင်စည်မျိုး, အညွန့်မျိုး,အဆစ်မျိုး,အစေ့မျိုးဟူ၍ ငါးပါး ရှိသည်။ ။ဘူတဂါမ်ဆိုသည်မှာ ပေါက်ရောက်ပြီး ပွါးစီး စိမ်းရှင် အရှင်ဆိုရ

သော မြက်သစ်ပင် အပေါင်းကို ဆိုသည်။ ။ယင်း ဘူတဂါမ်, ဗီဇဂါမ် တို့သည် ဗီဇရုပ် ရှိသည့်အတွက် ပေါက်ရောက် စည်ကား ပွါးစီးစိမ်း ရွှင်ကြကုန်သည်။တစုံတခုသော အကြောင်း ကြောင့် ဗီဇရုပ် ကင်းပြတ် ချုပ်ငြိမ်းခဲ့သည်ရှိသော် မပွါးမစီး ညှိုးဒိန် သွေ့ခြောက် အသေဟူသော ခေါ်ဝေါ် ခြင်းသို့ ရောက် ကြရကုန်သည်။ ။ထိုစကားမှန်၏။ ဗီဇရုပ်ကို အဋ္ဌပြု၍ ဗဟိဒ္ဓ သန္တာန်၌ အသေ,အရှင်ဝေါဟာရ ဖြစ်ရသည်။အဇ္ဈတ္တသန္တာန် ဇီဝိတရုပ်နှင့် အလားတူ၏။

ဗီဇရုပ် ဆိုသည်မှာလည်း ရုပ်နှစ်ဆဲ့ရှစ်ပါးမှ တခြားမဟုတ်၊ ရုပ်စစ် ကဆဲ့ရှစ်ခုတို့၏ အမှုအရာမှုကိုပင် အမှုရုပ် ဆိုသကဲ့သို့ ထိုအတူ တေဇော၏ သတ္တိ အထူးကိုပင် ဗီဇရုပ်ဆိုရသည်။ ။ တေဇော၏ သတ္တိအထူး ဆိုသည်လည်း အာပေါ, ဩဇာရုပ် နှစ်ပါးတို့၏ ကျေးဇူးကိုခံရသော တေဇော၏သတ္တိပင်တည်း။ ။ ထင်ရှားစေဦးအံ့။ ။ဗီဇဂါမ်, ဘူတဂါမ် တို့၌ ရှိသော အဋ္ဌက ကလာပ်တို့၌ ပါရှိသော တေဇောရုပ်, အာပေါရုပ်, ဩဇာရုပ် သုံးပါးတို့ လိုက်လျောညီညွတ်ကြသဖြင့် အာပေါက စိုစွတ်စေ၍ ဩဇာက ထောက်ပံ့ အားပေး၍ ကျေးဇူးပြုကြသည့် အတွက် တေဇော၌ သတ္တိထူးပေါ်ထွက်၏။ တေဇော၏ ယင်းသတ္တိထူး ကိုပင် ဗီဇရုပ်ဆိုရသည်။ ။ဗီဇရုပ် ဆိုရသော ဗီဇဂါမ်,ဘူတ ဂါမ်တို့သည် ရေ,မြေ၌ရှိသော အာပေါ–ဩဇာထောက်ပံ့အပ် သောဥတုနှင့် ပေါင်းသင်း ပူးကပ်ရသောအခါ ပေါက်ရောက် စည်ကား ပွါးစီး စိမ်း ရွှင်ကြလေကုန်၏။ ။မြေရှိသောဥတု ကအားပေးသည်။ ။ဗီဇဂါမ်,ဘူတဂါမ်တို့၌ ရှိသော ဗီဇရုပ်က စိမ်း ရွှင်စေသည်ဆိုလိုသည်။ ။ကျမ်းဂန်တို့၌ကား တေဇောကို ဆိုလျှင် အတွင်းဝင်ပါပြီး ဖြစ်၍ ဗီဇရုပ်ကို အသီးထုတ်ပေါ်၍ မဆို သည် ဟု မှတ်လေ။ ။မဆိုသော်လည်း လှော်, ပြုတ်, ဖုတ်သင်းပြီးမျိုးနှင့် မလှော်,မပြုတ်,မဖုတ်သင်းသောမျိုးရှင်သော မြက် သစ်ပင်နှင့် သေသော မြက် သစ်ခြောက် စသည်တို့

အဝိနိဗ္ဘောဂရုပ် ၈ ရှစ်ချချင်း တူသော်လည်း အမှုကွဲလွဲကြရာ ပြောသာဆိုသာ သုတပွါးရန် ကျမ်းဂန်တို့၌ အပြော်သွင်း၍ ဗိဇရုပ်ကို ထုတ်တော်၍ ဆိုလိုက်သည်။

ယင်း ဗိဇရုပ်ကို အဇ္ဈတ္တသန္တာန်၌လည်း ရကောင်း၏။ ။ ထင်ရှားအောင် ပြဦးအံ့။ ။ဂန္ဓသေယျ ပဋိသန္ဓေ တို့ ပဋိသန္ဓေ စွဲနေရာဖြစ်သော မိဘတို့သုက်သွေးသည့် ရှစ်မျိုးရှိသည်။ ။ ရှစ်မျိုးဆိုသည်ကား အမိသန္တာန်၌ စတုဇကလာပ်တို့၌ ပါရှိသော တေဇောဥတု လေးမျိုးတို့ကြောင့် ဖြစ်သော သုက်သွေး လေးမျိုး၊ အဘသန္တာန်၌ စတုဇ ကလာပ်တို့၌ ပါရှိသော တေဇော ဥတုလေးမျိုးတို့ကြောင့် ဖြစ်သော သုက်သွေး လေးမျိုး၊ ပေါင်း ၈ ရှစ်မျိုးတည်း။ ။ယင်း သုက်ရှစ်မျိုး၌ ပါရှိသော တေဇောဥတု ရှစ်မျိုးသည် ထိုက်သည့် အားလျော်စွာ သူငယ် သန္တာန်သို့ ဆက်လက်ကူးပြောင်း၍ ဥတုဇရုပ် အဆက်ဆက်ကို ဖြစ်ပွါးစေနိုင်၏။ ။မိဘနှစ်ပါးတို့၏ ကံ, စိတ်, ဥတု, အာဟာရ တို့သည် ထောက်ပံ့ အပ်သော သုက် ရှစ်မျိုးတို့၌ ပါရှိသော ယင်း တေဇော ရှစ်မျိုးတို့၏ သတ္တိ အထူးကိုပင် ဗိဇရုပ်ဆိုရ သည်။ ။ယင်း ဗိဇရုပ်သည် ကမ္ဘာဦးမှစ၍ သား, မြေး စဉ် လျောက် ကူးပြောင်းဆက်လက်၍ ဥတုဇရုပ်ကို ဖြစ်ပွါးစေနိုင်၏။ ယင်းဗိဇရုပ်ကို အစွဲပြု၍ မိမျိုး,ဘမျိုးနှင့် အသွင် ပုံပန် တူခြင်း, စိတ်သဘောတူခြင်း, အနာရောဂါတူခြင်း, အစား ကြိုက်တူခြင်း စသည် ဖြစ်ရလေသည်။

ထိုစကား မှန်၏၊ ကမ္မဇဗိဇရုပ် ဆက်လက်ကူးပြောင်းလျှင် အသွင်ပုံပန်တူသည်။ စိတ္တဇဗိဇရုပ် ဆက်လက်ကူးပြောင်းလျှင် စိတ်သဘော စသည် တူသည်။ ဥတုဇ ဗိဇရုပ် ဆက်လက် ကူးပြောင်းလျှင် အနာရောဂါ ဆံဖြူ သွားကျိုး စသည် တူသည်။ အာဟာရဇ ဗိဇရုပ် ဆက်လက် ကူးပြောင်းလျှင် အစားကြိုက် စသည်တူသည်။ ။ယေဘုယျမှတ်။ ။တူဆိုသည် မှာလည်း ဗိဇရုပ် ညီမျှ အားသန်သည် အားလျော်စွာတူသည်။ ။ညီမျှလျှင်

နှစ်ပါးစုံနှင့်၊ အမိ ဇီဇရုပ် အားသန်လျှင် အမိနှင့်၊ အဘ ဇီဇရုပ်အားသန်လျှင် အဘနှင့် တူသည် ဆိုလိုသည်။ ။ဂဗ္ဘသေယျပုဂ္ဂိုလ်တို့မှာ ဥတုဇရုပ် အားကြီးသည်။ ဥတုဇရုပ် လိုရင်း အထယ်ခံ ဖြစ်သည်။ ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့မှာ ဥတုဇရုပ်ကို မှီတွယ်၍ အပေါ်တင်မျှသာဖြစ်သည်။ ထို့ကြောင့် သေသောအခါ ဥတုဇရုပ်ကောင် ကျန်ကြွင်းသည်။ ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်အများ ယုတ်လျော့ သော်လည်း ထူး၍ မသေးငယ် ထူး၍ မပေါ့ဖြစ်သည်။ ။နတ်,ဗြဟ္မာတို့မှာ ကမ္မဇရုပ်အားကြီးသောကြောင့် သေသောအခါ ရုပ်ကောင် မကျန်ကြွင်းသည်မှတ်လေ။

အဇ္ဈတ္တ, ဗဟိဒ္ဓ တလောကလုံးမှာ တေဇော အကြီး အမှူး ဖြစ်သည်၊ တေဇော အုပ်စိုးသည်၊ တေဇောပြုပြင် စီရင်သည်၊ တေဇော အလိုသို့ လိုက်ကြရသည်။ ။သုဘိက္ခ, ဒုဗ္ဘိက္ခကိုရင်း၊ အပ္ပါဗာဓ, ဗဟွာဗာဓကိုရင်း တေဇောသည်ပင် ပြုပြင် စီရင်သည်၊ ဆုတ်ကပ်, တက်ကပ် ဖြစ်ရခြင်း သည်လည်း တေဇော၏အလိုသို့ လိုက်၍ ဖြစ်ရသည်။ ဘုရားတို့၏ ကံတော်ကြီးတို့သော်လည်း တေဇော၏ အာဏာကို မလွန်ဆန်နိုင်ကြကုန်။ ။ဥတုဘောဇနံ ဝသေန အာယု ဟာယတိပိ ဝဍ္ဎတိပိ။ သုတ်ပါထေယျပါဠိတော်။ ။ဥတုဘောဇနဝသေန၊ ဥတုဘောဇဉ်၏ အစွမ်းဖြင့်။အာယု၊အသက်သည်။ဟာယတိပိ၊ ဆုတ်လည်း ဆုတ်ယုတ်၏။ ဝဍ္ဎတိပိ၊ တိုးလည်း တိုးပွါး၏။ ။အနက်။ ကမ္ဘာကို ပြုသည်လည်း တေဇော၊ ကမ္ဘာကို ဖျက်သည်လည်း တေဇော၊ တေဇောကြောင့် ယိုးယိုးနွဲ့နွဲ့ ဖြစ်ကြရ, ပွါးစီး ကြရ။ တေဇောကြောင့်ပင် ပျက်ကြရ, ပျောက်ကြရ, ယုတ်လျော့ ကုန်ခန်းကြရကုန်သည်။ ။တေဇောကား။ ။အလွန်အရာ ကျယ်လှ၏။ ။ပျက်ဆိုသော စကား၌ ခဏပျက် ပဗန္ဓပျက် နှစ်မျိုးရှိသည်တွင် နာမ်,ရုပ်တို့၏ ဘင်-ဟူသော အပျက်သည် ခဏပျက် မည်၏၊ ယင်းခဏပျက်သည် တေဇောကြောင့် မဟုတ်။ ပို့ဟန်.

သဏ္ဍာန် အစဉ်ကင်းပြတ်၍ ပျက်ခြင်းသည် ပဗန္ဓပျက် မည်၏။ ယင်းပဗန္ဓပျက်ကို တေဇောကြောင့်မှတ်။

ဝါတသမုဋ္ဌာန်၊ လေကြောင့်ဖြစ်သော အနာ။ ပိတ္တသမုဋ္ဌာန်၊ သည်းခြေကြောင့် ဖြစ်သောအနာ။သေမှ သမုဋ္ဌာန်၊သလိပ်ကြောင့် ဖြစ်သောအနာ။ သန္နိပါတိက်၊ လေ,သည်းခြေ, သလိပ် သုံးပါး စုဝေး၍ ဖြစ်စေသောအနာ။ ဥတုပရိဏာမဇံ၊ ဥတု ဖောက် ပြန်ခြင်းကြောင့် ဖြစ်သော အနာ။ ဝိသမပရိဟာရဇံ၊ဣရိယာပုထ် မမျှသည့် အတွက် ဖြစ်သော အနာ။ ဩပက္ကမိက်၊ မိမိလုံ့လ သူတပါးလုံ့လကြောင့် ဖြစ်သော အနာ။ ကမ္မ ဝိပါကဇံ၊ ကံ၏ အကျိုးဖြစ်သော အနာ။ ။ဤလို အင်္ဂုတ္တိုရ်ပဏ္ဏာသပါဠိတော်တို့၌ လာသော အနာရောဂါ ၈ မျိုးတို့လည်း တေဇောဆွ၍ပင် ဖြစ်ရ သည်ဟုမှတ်လေ။ တေဇောကား ကမ္မာ၏ အမိတည်း။ ။ကမ္မာ အစ-တေဇောက၊ သတ္တဝါအစ-မောဟ,က။

တေဇော ရုပ်ထူးပုံ,အရာကျယ်ပုံကို ပြသည်ပြီး၏။

## ၄၅—တေဇောရုပ် ထူးပုံ အရာကျယ်ပုံကို ပြခြင်း၌အကျိုးကို ပြခြင်း

တေဇောရုပ် ထူးပုံ, အရာကျယ်ပုံကို ပြခြင်း၌ အကျိုးကို ပြဦးအံ့။ ။တေဇောရုပ်ထူးပုံ, အရာကျယ်ပုံကို ပြလိုက်သဖြင့် ဧက ကာရဏာ ဒိဋ္ဌိကို ပယ်နိုင်ခြင်းအကျိုးရှိ၏။ ။ဧက ကာရဏာ ဒိဋ္ဌိ ဆိုသည်ကား—

> ဣဓ ဧကစ္စော သမဏောဝါ ဗြာဟ္မဏောဝါ ဧဝံဝါဒီ ဟောတိ ဧဝံ ဒိဋ္ဌိ၊ ယံကိဉ္စာယံ ပုရိသ ပုဂ္ဂလော ပဋိသံ ဝေဒေတိ သုခံ ဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ သဗ္ဗန္တံ ပုဗ္ဗေကတဟေတူတိ။ ။ပဏ္ဏာသပါဠိတော်, အဘိဓမ္မာ ဝိဘင်းပါဠိတော်တို့၌ လာသောပါဠိ။

ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ သမဏောဝါ၊ ရဟန်းသည်ရင်း။ ဗြာဟ္မဏောဝါ၊ ပုဏ္ဏားသည်ရင်း။ ဧဝံဝါဒီ၊

ဤသို့ ဆိုလေ့ရှိသည်။ ဇော်ဒိဋ္ဌိ၊ ဤသို့ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ယထာ၊ ယူပုံကား။ ပုရိသပုဂ္ဂလော၊ ပုရိသပုဂ္ဂလဟူ၍ ခေါ်ဆိုရသော။ အယံ၊ ဤသတ္တဝါအကောင်သည်။ သုခံဝါ၊ သုခလည်းဖြစ်သော။ ဒုက္ခံဝါ၊ ဒုက္ခလည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဒုက္ခ, သုခဟုတ် အလယ်အလတ် ဥပေက္ခာလည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံ အကောင်း, အဆိုး ဝေဒနာမျိုးကို။ ပဋိသံဝေဒေတိ၊ ခံစား၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဝေဒနာမျိုးကို။ ပုဗ္ဗေကတဟေတု၊ ရှေး၌ပြုဘူးသောကံကြောင့်သာလျှင်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ဣတိ၊ ဤသို့။ ဝါဒီ၊ ဆိုလေ့ရှိသည်။ ဒိဋ္ဌိ၊ မှားသောအယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ဤသို့ လာသော "သဗ္ဗံ ပုဗ္ဗေကတ ဟေတု ဒိဋ္ဌိ" ကိုပင် ဆိုသည်မှာ။ အကြောင်းအမှားကို မြစ်၍ ကံဟူသောအကြောင်းတခုကိုသာယူသောကြောင့် ဤကဲ့သို့သော အယူကို ဧကကာရဏဒိဋ္ဌိ ဆိုသည်။

မိလိန္ဒပဉှာ ပါဠိတော်၌လည်း။ ။အပ္ပံ ကမ္မဝိပါကဇံ ဗဟုတရံ အဝသေသံ။ တတ္ထ ဗာလာ သဗ္ဗံ ကမ္မဝိပါကဇံ ယေဝါတိ အတိဓာဝန္တိ။ ။ဟူ၍လာ၏။ ။ကမ္မဝိပါကဇံ၊ ကံ၏အကျိုးသည်။ အပ္ပံ၊ အနည်းငယ်သာတည်း။ အဝသေသံ၊ ကြွင်းသောကံမှတပါးသော မလိမ္မာခြင်း စသောအကြောင်းကြောင့်ဖြစ်သော သုခ,ဒုက္ခအမျိုး ကောင်းကျိုး, မကောင်းကျိုးသည်။ ဗဟုတရံ၊ အလွန်များ၏။ တတ္ထ၊ ထိုသို့ဖြစ်ရာ၌။ ဗာလာ၊ လူမိုက်တို့သည်။ သဗ္ဗံ၊ အလုံးစုံ ကောင်းကျိုး, မကောင်းကျိုးဝေဒနာမျိုးသည်။ ကမ္မဝိပါကဇံယေဝ၊ ကံ၏အကျိုးချည်းသာတည်း။ ဣတိ၊ ဤသို့။ အတိဓာဝန္တိ၊ အမှန်သဘော ဘုရားဟောကိုလွန်၍ ပြေးကုန်၏။ ။အနက်။ အနာရောဂါ ရှစ်မျိုးပြခဲ့ရာ၌ ကံကြောင့် ဖြစ်သော အနာရောဂါ တပါးသာလာသည်။ ။ပဉှာန်း ပါဠိတော်၌ အကြောင်းပစ္စည်း တရားကို နှစ်ဆဲ့လေးပါး ဝေဘန်၍ပြရာ ကမ္မပစ္စယော, ဟု ကံအကြောင်း တပါးသာလာသည်။ ။အဟုတ် အမှန်ကြ ပရမတ္ထ

သဘော အားဖြင့် တခုသော အကြောင်း တခုသော အကျိုး သည်၎င်း အကျိုးအများသည်၎င်း မဖြစ်နိုင်။ ။အနေကေဟိ၊ ပန ကာရဏေဟိ အနေကမေဝ ဟောတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ပန၊ စင်စစ်သော်ကား။ အနေကေဟိ၊ များစွာသော အကြောင်း တို့ကြောင့်။ အနေကမေဝ၊အကျိုးအများသည်သာလျှင်။ဟောတိ၊ ဖြစ်၏။ အနက်။

ဘုရားမြတ်တို့မှာ အကြောင်း အများရှိသော်လည်း ဝေနေယျ သတ္တဝါတို့ ဉာဏ်နိုင်လောက်ရုံ မကင်းနိုင်သော အကြောင်းကို သော်၎င်း, အားကြီးသော အကြောင်းကိုသော်၎င်း, ပေါ်ထင် သိသာသော အကြောင်းကိုသော်၎င်း, ထူးသော အကြောင်းကို သော်၎င်း, အရာရာသို့ လိုက်၍ တခုသော အကြောင်းကို ဟောသင့်သော အခါ တခုသော အကြောင်းကို ဟောတော် မူရသည်။ လောကီ လူတို့လည်း ကံရှိမှ ချမ်းသာသည်။ ဉာဏ်ရှိမှ အသက်ရှည်သည်။ လုပ်နိုင် ကိုင်နိုင်မှ ကူးသန်း နိုင်မှ စားရသောက်ရသည်။ မိုးကောင်းမှ စပါး,ဆန် ပေါ်များ သည်၊ ဤသို့စသည်ဖြင့် တခုသော အကြောင်းကိုသာ ပြောဆို ကြကုန်၏။ ဤသို့ပြောဆိုရာ၌ ကံမှာမကင်းနိုင်သော အကြောင်း, ဉာဏ်မှာ ထူးသောအကြောင်း, လုပ်ကိုင်ကူးသန်းသော ဝီရိယ မှာ အားကြီးသော အကြောင်း, မိုးမှာ ပေါ်လာ သိသာသော အကြောင်းဖြစ်၍ တခုသော အကြောင်းကိုသာ ဆိုသည်။ အကြောင်း အများရှိသေး၏ ဟု ယူမှ ဒိဋ္ဌိ လွတ်သည်။ ။ဥတု, စသော ကံ, စသော အကြောင်းများကို စွဲ၍ အကျိုးအများ ဖြစ်သည်ကို ပြသဖြင့်လည်း လောကကို နတ် ဘန်ဆင်းသည်, ဗြဟ္မာ ဘန်ဆင်းသည်, ဘုရား ဘန်ဆင်းသည်ဟု ယူကြသော ဘောက်ပြန်သော အယူတို့ကိုလည်း ပယ်ရခြင်း အကျိုးရှိသည်။ တေဇော ရုပ်၏ ထူးပုံ, အရာကျယ်ပုံကို ပြခြင်း၌ အကျိုးကို ပြသည် ပြီး၏။

ဇုဏှာသယ (က) ၁၄၀–၁၆

## ၄၆—လောကအကြောင်း အရကို ပြခြင်း

လောက၏ အရကို ပြဦးအံ့။ ။လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ ။လုဇ္ဇတိ၊ အပျက်သေးပျက်ခြင်းဖြင့်။ ပလုဇ္ဇတိ၊အပျက်ကြီး ပျက်ခြင်းဖြင့်။ ဣတိ၊ ထိုသို့အပျက်သေးပျက် အပျက်ကြီးပျက် တပျက်ထဲ ပျက်တတ်လေသောကြောင့်။ လောကော၊ လောကမည်၏။ ။အနက်။ ။အပျက်သေး ဆိုသည်မှာ ခဏပျက် အပျက်ကြီးဆိုသည်မှာ ပဗ္ဗပျက်မှတ်။

ယင်း လောကသည်။ ။၁—ဩကာသလောက။ ၂—သတ္တလောက။ ၃—သင်္ခါရလောက, ဟူ၍ သုံးပါး၊ ။ယင်းသုံးပါးတွင် ယုဇနာ ၅စ်သောင်း နှစ်ထောင် အမြင့်ဆောင်သော စကြဝဠာတောင်ဖြင့် ဝိုင်းခြား ပတ်ခွေ လ, နေ လှည့်ထွန်း လေးကျွန်းတမြင်းမိုရ်ရှိ ဘဝဂ် သုံးဆဲ့တဘုံကို တခုသော စကြဝဠာလောကဓာတ် ဟူ၍မှတ်။ ။သုံးဆဲ့တဘုံ ဆိုသည်မှာ အပါယ်ဒုဂ္ဂတိလေးဘုံ, ကာမသုဂတိ ခုနစ်ဘုံ, ရူပတဆဲ့ခြောက်ဘုံ,အရူပလေးဘုံ, ဤဘုံစုကို ဆိုသည်။ ။သုံးဆဲ့တဘုံရှိ စကြဝဠာလောကဓာတ်အနန္တတွေကိုပင် ဩကာသလောကဆိုသည်။ ။ ယင်း ဩကာသလောကကို ဗိဝိတ်ခြေနှင့် မဘက်စပ်။ အဋ္ဌကကလာပ်မှုန့်တို့၏ အစုအဝေးကို အစွဲပြု၍ အခေါ်အဝေါ် ပညတ်မျှသာဟူ၍မှတ်။ ။သုံးဆဲ့တဘုံ ဩကာသ လောကကြီး၏ အတွင်း ကျင်လည်ရသော ဘုံနေသတ္တဝါတွေကို သတ္တလောက ဆိုသည်။ ။ယင်း သတ္တလောကကိုလည်း ဗိဝိတ်ခြေနှင့်ဘက်စပ်သော နာမ်,ရုပ် နှစ်ပါးတို့၏ အစုအဝေးကို အစွဲပြု၍ အခေါ် အဝေါ် ပညတ်မျှသာ ဟူ၍မှတ်။

ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်, သုဂတိအဟိတ် ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်ဟူ၍ ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်- ဟူ၍ သောတာပန် ပုဂ္ဂိုလ်တစုံ၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်

ဟူ၍ သကဒါဂါမိပုဂ္ဂိုလ်တစုံ၊ အနာဂါမိမဂ်ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ပုဂ္ဂိုလ်ဟူ၍ အနာဂါမိ ပုဂ္ဂိုလ်တစုံ၊ အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ် ပုဂ္ဂိုလ်ဟူ၍ ရဟန္တာပုဂ္ဂိုလ်တစုံ၊ အစုံလေးစုံ၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ ပေါင်းပုဂ္ဂိုလ် တကျိပ်နှစ်ယောက် ဤသို့ စသည့် သတ္တလောကသည်လည်း များသော အပြားရှိ၏။ ။သင်္ခါရလောကဆိုသည်မှာ ပညတ်ကို ဖယ်ထားခွါလှန် အဟုတ်အမှန်ရှိ ပရမတ်အစစ် အသားအနှစ် ဖြစ်သော ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေကို ဆိုသည်။ ။လောကကို ပြသည် ပြီး၏။

## ၄၇—အသေ စုတိကို ပြခြင်း

အသေစုတိကို ပြဦးအံ့။ ။သုံးဆဲ့တဘုံ ဩကာသလောကကြီး၏ အတွင်း ဖြစ်ကုန်သော သတ္တဝါတို့၏ ထိုထိုဘုံဘဝမှ စုတေရွေ့လျောကြရ၊ ပြည့်စုံပြီး စည်းစိမ်ဥစ္စာ ကိုယ်ခန္ဓာတို့၏ ပျက်စီးကြရပြန်သည်ကို သေသည်, စုတေသည် ဟူ၍ ဆိုသည်။ ယင်းသေခြင်းကို ကာလမရဏံ- သေချိန်ရောက်၍ သေသင့်၍ သေခြင်းတမျိုး၊ အကာလ မရဏံ- သေချိန်မရောက်ဘဲ မသေသင့်ဘဲ သေခြင်းတမျိုးဟူ၍ နှစ်မျိုးရှိသည်မှတ်။

ဉာဏ်, လုံ့လ,အကု,အသ, ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ ၁—သေမည့် လူနာတမျိုး။ ၂—ရှင်မည့်လူနာတမျိုး, ၃—ဉာဏ်,လုံ့လ အကု အသ ကောင်းလျှင် ရှင်မည်၊ မကောင်းလျှင်သေမည့် လူနာတမျိုး-ဟူ၍ အဘိဓမ္မာ ပုဂ္ဂလ ပညတ် ပါဠိတော်၌ ပြအပ်သော လူနာသုံးမျိုးတို့တွင် ပဌမလူနာ၏ သေခြင်းသည် ကာလမရဏမည်၏။ ဒုတိယ လူနာ၏ သေခြင်းသည် အကာလ- မရဏမည်၏။ ။တနည်းလည်း—

၁။ **အာယုက္ခယ မရဏံ**— အသက်တမ်းစေ့၍ အသက်ကုန်၍ သေခြင်းတမျိုး,

၂။ **ကမ္မက္ခယ မရဏံ**— ကံအဟုန်ကုန်၍ သေခြင်းတမျိုး,

၃။ ဥဘယက္ခယ မရဏ– အသက်ကံ နှစ်ပါးစုံ ကုန်၍ သေခြင်းတမျိုး,

၄။ ဥပစ္ဆေဒက မရဏ–အသက်, ကံနှစ်ပါး ရှိငြားသော်လည်း ဥပစ္ဆေဒက ကံဖြတ်၍ သေခြင်းတမျိုး–

ဟူ၍ သေခြင်းလေးမျိုး ရှိသည်ကိုမှတ်။

အာယုက္ခယ မရဏ, ကမ္မက္ခယမရဏ, ဥဘယက္ခယ မရဏ သုံးပါးတို့သည် ကာလမရဏ မည်၏။ မသိ မလိမ္မာသည့်အတွက်နှင့် မသောက်သင့်ဘဲ မသေသင့်ဘဲ သေရသမျှကို အကာလမရဏ ဥပစ္ဆေဒက မရဏသို့ သွင်းရမည်။ ။ဤသို့အကြောင်းကိုငဲ့၍ သေခြင်းနှစ်မျိုး လေးမျိုးရှိသည်ကို မှတ်လေ။ ယင်းသေခြင်း ၂-မျိုး ၄-မျိုးတို့တွင် တပါးပါးသော သေခြင်းဖြင့် မချုတ်သေလတ္တံ့သော ဝဋ်မြစ်မပြတ်သေးသော သတ္တဝါအား သေခါနီးကာလ၌ ကံသည်၎င်း ကမ္မနိမိတ်သည်၎င်း ဂတိနိမိတ်သည်၎င်း သုံးပါးတို့တွင် တပါးပါးထင်မြဲ။ ဝဋ်မြစ်ပြတ်ပြီးသော ပုဂ္ဂိုလ်တို့အား မထင်။ ။ကံဆိုသည်မှာ ပြုဘူးသော ကုသိုလ် အကုသိုလ်စေတနာကိုဆိုသည်။ ။ယင်းကံထင်သောအခါ ကံကို ပြုတုန်းကာလ၌ကဲ့သို့စိတ်အစဉ်ဖြစ်၍ မနောဒွါရ၌သာ ထင်၏။ ။ကမ္မနိမိတ်ဆိုသည်မှာ တုတ်-လှင်ကန်-ဓား-လှံ-လေး-မြား-ကျောင်း-ဘုရားစေတီ၊ သင်္ကန်း-တမ်းခွန်-ဆွမ်း-သက်န်း- နှံသာပန်းအစရှိသော ကံ၏ အဆောက်အဦးတွေကို ဆိုသည်။ ယင်း ကမ္မနိမိတ်သည် ခြောက်ပါးသော ဒွါရတို့တွင် တပါးပါးသော ဒွါရ၌ ထင်၏။ ။ဂတိနိမိတ် ဆိုသည်မှာ ငရဲအိုး, ငရဲမီးလျှံ, ငရဲထိန်း, ခွေးနက်ကြီး, နတ်သမီး, နတ်သား, ဥယျာဉ်, ဗိမာန်, ပဒေသာပင်, အမိဝမ်းရေစသည်တို့ကို ဆိုသည်။ ယင်း ဂတိနိမိတ်သည် မနောဒွါရ၌သာ ထင်၏။ အလွန်သေခြင်းနီးသော သတ္တဝါအား ယင်းသို့ထင်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်–သုံးပါးတွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇော ငါးကြိမ် ဇောပြီးနောက် အသေစုတိဖြစ်သည်

တမျိုး။ မရဏာသန္နဇောနောက် အဗျာကတစိတ် တကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည်တမျိုး။ နှစ်ကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည် တမျိုး။ သုံးကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည်တမျိုး။ ။ဤသို့ လည်း စိတ်အစဉ်ကိုစွဲ၍ အသေစုတိ လေးမျိုးရှိသည် မှတ်လေ။

သေဆိုသော စကား၌ သတ္တဝါ အကောင်သေသည်မဟုတ်။ တခုထဲသေသည်လည်းမဟုတ်။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေ အများ သေသည်။ တခါထဲ တပြိုင်ထဲ သေသည်လည်းမဟုတ်၊ တစတစ တချခြင်း သေကြကုန်သည်မှတ်။ ။ထင်ရှားစေဦးအံ့။ ။စတုဇ ခန္ဓာဇိမ်၌ တေဇောဆွသောကြောင့် ခါတ်လေးပါးတို့ မညီ မညွတ် ဘောက်ပြန်သောင်းကျန်းကြသည်အတွက် ရုပ်ကလာပ် တွေ အလွန် ယုတ်လျော့အားသေးလှ၍ အလွန် သေလုနီးသော သတ္တဝါအား စုတိမဖြစ်မီ ခဏငယ် ငါးဆယ်ချက်ခန့်လောက် ကစ၍ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု စသော ကမ္မဇရုပ်တွေ တစာစ သေးပျောက် ယုတ်လျော့ကြ လေကုန်၏။ မျက်စိ၌ နာမ်တရား၊နား၌,နှာခေါင်း၌, ကိုယ်၌ နာမ် တရားတို့လည်း သေပျောက် ချုပ်ငြိမ်းကြလေကုန်၏။ ထို့နောက် ရင်ခေါင်း၏ အတွင်း ဟဒယဝတ္ထု၌ မနောဝိညာဏ် ခေါ်သော နာမ်တရားတခုသာ ကျန်တော့၏။ မနောဝိညာဏ် ခေါ်သော ယင်း နာမ်တရားသည် အသစ်မထပ် အစပြတ် နောက်ဆိတ်ဆုံး သေပျောက် ချုပ်ငြိမ်းလေ၏။ အနည်းငယ် ကျန်ကြွင်းသော ကမ္မဇရုပ် တို့လည်း နောက်ဆိတ်ဆုံး နာမ်ချုပ်ငြိမ်း သည်နှင့် တပြိုင်နက် အစပြတ်ကင်းရှင်း ချုပ်ငြိမ်းကြ လေကုန်၏။ ထိုအခါ သေသည် စုတေသည် ဟူ၍ ဆိုရလေ၏။

စိတ္တဇရုပ်မှာ သေပြီးနောက် ခဏငယ် လေးဆဲ့ရှစ်ချက်ခန့်၊ အာဟာရဇရုပ်မှာ ခဏငယ် ငါးဆယ်ခန့်ကြာမှ ချုပ်ငြိမ်းကြ ကုန်၏။ တဘဝသို့ ကူးပြောင်းဘို့ရာ ဘာမှမကျန်။ ထို့နောက် ဥတုဇရုပ်သာ ကျန်ကြွင်းသဖြင့် အသေကောင် ဝေါဟာရဖြစ်ရ လေ၏။ ။သတ္တဝါ အကောင် သေသည် မဟုတ်၊ သေစရာ

သဏ္ဌာန်အကောင်ဟူ၍ပင် မရှိ၊ ထွက်သွားနိုင်သော နာမ်ဝိညာဏ် ဟူ၍ မရှိ၊ အသက်ဟူ၍ မရှိ၊ ဝိပ်ပြာဟူ၍ မရှိ။ ။သေပျောက်ပြီး သော မီးတောက် မီးလျှံ မပြန်လာသကဲ့သို့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ တို့လည်း ချုပ်ငြိမ်းသေပျောက်ပြီး နောက်တဘန် လာကောင်း သည်မဟုတ် ပြန်လာအောင် ကပ်ုတယောက်သောသူ တက်နိုင် သည်လည်းမဟုတ်။ ။တခုသောဘဝ၌ အသစ်မထပ် အစပြတ် နောက်ပိတ်ဆုံး ချုပ်ငြိမ်းသော ခန္ဓာကို ပုတိဟူ၍ ဆိုလေသည်။ အန္နမ ဘာဝ နှ စဝတိဘိဇ္ဇတိဟ် ပုတိ။ ။(ဝိဂြိုဟ်)။ ။အန္တိမ ဘာဝေန၊ နောက်ပိတ်ဆုံးအဖြစ်ဖြင့်။ စဝတိဘိဇ္ဇတိ၊ ပျက်ဘတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပုတိ၊ ပုတိမည်၏။ ။အနက်။ ။ပဥ္စဒွါရိက ဝေဒနာ ပဿ ဥပေက္ခာ ပဏ် နိုရုဏ္ဏတိ။ မနောဒွါရိက ဝေဒနာ ပထမံ ဥပေက္ခာ ပဿ နိုရုဏ္ဏတိ။ ။ဋီဒါနုသံယုတ် အဋ္ဌကထာ။ ပဥ္စဒွါရိက ဝေဒနာ၊ ငါးဒွါရ၌ ဖြစ်သော ဝေဒနာသည်။ ပဿ၊ နောက်မှ။ ဥပေက္ခာ၊ ဖြစ်၍။ ပထမံ၊ ရှေဦးစွာ။ နိုရုဏ္ဏတိ၊ ချုပ်၏။ မနောဒွါရိက ဝေဒနာ၊ မနောဒွါရ၌ ဖြစ်သော ဝေဒနာသည်။ ပထမံ၊ ရှေဦးစွာ။ ဥပေက္ခာ၊ ဖြစ်၍။ ပဿ၊ နောက်မှ။ နိုရုဏ္ဏတိ၊ ချုပ်၏။ ။အနက်။

ကခုထဲ သေသည်မဟုတ်၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေ အများ သေသည် ဆိုခဲ့သော စကား၌ များပုံကား ကမ္မဇကလာပ် လေးရာ့ရှစ်စည်း, စိတ္တဇ ကလာပ် ဆဲ့ခုနစ်စည်း, အာဟာရဇ ကလာပ် ငါးဆဲ့ဘိုး၊ ပေါင်း လေးရာခုနစ်ဆဲ့ ခြောက်စည်း သော ရုပ်ကလာပ်တို့ နာမ်ခန္ဓာ လေးပါး တို့နှင့် တကွ လေးရာ ရှစ်ဆယ် အများသေကြကုန်သည် မှတ်လေ။ တခါထဲ တပြိုင်ထဲ သေသည်လည်းမဟုတ် ဆိုခဲ့သောစကား၌ အသေဘာရှုတခါ သေသည် မှတ်ရမည်။ တရှုဘခါ ဆိုသည်ကား စုတိဖြစ်၍ အသေကြီး မသေခင် ခုနစ်ငယ် ငါးဆယ်ခန့် ကာလတို့၌အသေ ငယ် အခါငါးဆယ်၊ အသေကြီး သေပြီးနောက် ခုနစ်ငယ် ငါးဆယ်ခန့် ကာလတို့၌ အသေငယ် အခါငါးဆယ်၊ သုံးရပ်

ပေါင်း အသေတရွာတခါ မှတ်လေ။ ။တရွာတခါ သေပြီး နောက်မှ ဥတုဇရုပ်သာ ကျန်ကြွင်းသည်။ ။ခဏာငယ်တချက် ခန့်ကိုမျက်ဗိ တမှိတ်ခန့်ဟု အကြမ်းမှတ်၍ စိတ္တဇရုပ်မှာ အသေကြီးသေပြီးနောက် မျက်ဗိလေးဆဲ့ရှစ်မှိတ် ခန့်လောက် ကြာမှ ငြိမ်းသည်။ အာဟာရဇရုပ်မှာ မျက်စိငါးဆယ် မှိတ်ခန့်လောက် ကြာမှ ငြိမ်းသည်။

ပရမတ္ထေနပဟိ ခန္ဓာယေဝ ဘိဇ္ဇန္တိ၊ နသတ္တော နာမ ကောစိ မရတိ။ ။သမ္ဗော အဋ္ဌကထာ။ ။ပရမတ္ထေန၊ ပရမတ္ထ သဘောအားဖြင့်။ ခန္ဓာယေဝ၊ နာမ်ခန္ဓာ, ရုပ်ခန္ဓာတို့သည် သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ကောစိ၊ တစုံ တယောက်သော။ သတ္တောနာမ၊ သတ္တဝါ အကောင် မည်သည်။ နမရတိ၊ မသေ။ အနက်။ ။ပညတ် အားဖြင့် သတ္တဝါ အကောင် သေသည်ဟု ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ်ကြရသည်၊ သေစရာသတ္တဝါအကောင် ဟူ၍ မရှိ ဆိုလိုသည်။

အသေစုတိကို ပြသည်ပြီး၏။

## ၄၈—ပဋိသန္ဓေအကြောင်းနှင့် ပဋိသန္ဓေ လေးပါးကိုပြခြင်း

ပဋိသန္ဓေကိုပြဦးအံ့။ ။ဘဝဟောင်းက နောက်ပိတ်ဆုံးစုတိ ခန္ဓာတို့ အစပြတ် ချုပ်ငြိမ်း သေပျောက်ပြီးနောက် ကာလ မခြားဘဲ တရှိန်ထဲ တစပ်ထဲ အဝိဇ္ဇာ တဏှာသဟဲရှိသော ကံ အရှိန်ကြောင့် သုံးဆဲ့တဘုံ ဩကာသ လောကကြီး၏ အတွင်း တခုခုသော ဘုံဘဝ၌ ရုပ်ခန္ဓာ,နာမ်ခန္ဓာ အသစ် ဖြစ်ပေါ်ပြန် လေ၏၊ အဟောင်းမဟုတ်။ ထိုထို ဘုံဘဝ၌ အဦးအစ အသစ် ဖြစ်ပေါ်သော ရုပ်ခန္ဓာ,နာမ်ခန္ဓာ ကိုပင် ပဋိသန္ဓေဆိုသည်။ ။ သန္တာနံ အဝိစ္ဆေဒတ္တာ ပဋိသန္ဓာနံ ကရောတိ တိ ပဋိသန္ဓိ။ (ဝိဂြိုဟ်)။ ။သန္တာနံ၊ ရှေးဘဝ ခန္ဓာအစဉ်ကို။ အဝိစ္ဆေဒတ္တာ။

မပြတ်စေမှု၍။ ပဋိသန္ဓာနံ၊ ဘဝဘနိစပ်ဆက်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ဇာတိတသ္မာ၊ ထိုကြောင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေ မည်၏။ အနက်။ ။ယင်းပဋိသန္ဓေကို။ ၁-အဏ္ဍဇပဋိသန္ဓေ။ ၂-ဇလာဗုဇပဋိသန္ဓေ။ ၃-သံသေဒဇ ပဋိသန္ဓေ။ ၄-ဥပပတ် ပဋိသန္ဓေ, ဟူ၍ လေးမျိုးမှတ်။

အဥ၌ အဦးအစ ဖြစ်ပေါ်လျှင် အဏ္ဍဇပဋိသန္ဓေ ဆိုသည်။ သားအိမ်၌ အဦးအစ ဖြစ်ပေါ်လျှင် ဇလာဗုဇ ပဋိသန္ဓေ ဆိုသည်။ အညှိအရိ၌ အဦးအစ ဖြစ်ပေါ်လျှင် သံသေဒဇပဋိသန္ဓေ ဆိုသည်။ တစုံတခု စွဲရာ မှီရာ မရှိဘဲ အဦးအစ ဖြစ်ပေါ်လျှင် ဥပပတ် ပဋိသန္ဓေဆိုသည်။ ဘုမ္မစိုး,လူ၊ အသူရကာယ်, ၀ိတ်၊ တိရစ္ဆာန်မှာ၊ လေးဖြာသန္ဓေ၊ ရှိသင့်လေ၏။ ။နိရယာမတဏ္ဍိကာ၊ ငရဲရွာ၊ ဗြဟ္မာနှင့် နတ်မှာ၊ ဥပပတ်သာရလေရာ၏။

တနည်းလည်း။ ။၁-ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေ။ ၂-သုဂတိအဟိတ်ပဋိသန္ဓေ။ ၃-ဒွိဟိတ်ပဋိသန္ဓေ။ ၄-တိဟိတ် ပဋိသန္ဓေ, ဟူ၍ လေးမျိုးမှတ်။

အဦးအစ ဖြစ်ပေါ် လာသောအခါ ဟိတ်တရား မပါလျှင် အဟိတ်ပဋိသန္ဓေ၊ ဟိတ်တရား နှစ်ပါးပါလျှင် ဒွိဟိတ်ပဋိသန္ဓေ။ ဟိတ်တရား သုံးပါးပါလျှင် တိဟိတ်ပဋိသန္ဓေ ဆိုသည်။ ဟိတ်၏ သဘောကို အထက်၌ပြလတ္တံ့။

သညသတ်,သု၊ပါယ်မှာဒု၊လူ,စတုရှိ၊သု,ဒွိ,တိ,ဒွိ,တိနှစ်ပါး၊ တက်နတ်ငါး၊ အများဗြဟ္မာ၊တိဟိတ်သာ။ ။ဘုံ၌ပဋိသန္ဓေရပုံကိုမှတ်လေ။

အသညသတ်ဘုံ၌ ရုပ်ခန္ဓာ တပါးသာဖြစ်ပေါ် သောကြောင့် ဧကဝေါကာရ ပဋိသန္ဓေ၊အရူပလေးဘုံ၌ နာမ်ခန္ဓာ လေးပါးသာ ဖြစ်ပေါ်သောကြောင့် စတုဝေါကာရ ပဋိသန္ဓေ၊ ကြွင်းနှစ်ဆဲ့ ခြောက်ဘုံတို့၌ ခန္ဓာငါးပါး ဖြစ်ပေါ်သောကြောင့် ပဉ္စဝေါကာရ ပဋိသန္ဓေ၊ ဤသို့လည်း ပဋိသန္ဓေသုံးမျိုးမှတ်။ ခန္ဓာကို ဝေါကာရ, ဆိုသည်။ ။ခန္ဓာယေဝဟိ ပရမတ္ထတောပါတုဘာဝန္တိ၊နသတ္တော၊

သိယုတ်အဋ္ဌကထာ။ ။ပရမတ္ထတော၊ အဟုတ်အမှန်ကျ ပရမတ္ထ သဘောအားဖြင့်။ ခန္ဓာယေဝ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာ တို့သည် သာလျှင်။ ပါတု ဘဝန္တိ၊ ထင်ရှား အသစ် ဖြစ်ပေါ် ကုန်၏။ နသတ္တော၊ သတ္တဝါအကောင် မဖြစ်ပေါ်။ ။အနက်။ ။သတ္တဝါ ပဋိသန္ဓေ နေသည်, သတ္တဝါ ဖြစ်ပေါ်သည်ဟူ၍ ပညတ်အားဖြင့် ခေါ်ရုံသာ ခေါ်ရသည်၊ အဟုတ် မမှတ်အပ် ဆိုလိုသည်။

နာပိ အတီတ ဘဝတော ဣဓ သင်္ကန္တာ အတ္ထိ၊ နာပိ တတော ဟေတုံ ဝိနာ ဣဓ ပါတုဘာဝေါ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ အတီတဘဝတော၊ လွန်ပြီးဘဝမှ။ ဣဓ၊ ဤဘဝသို့။ သင်္ကန္တာ၊ကူး ပြောင်းသော တစုံတခုသည်။ နာပိအတ္ထိ၊ ရှိသည်လည်း မဟုတ်။ တတော၊ ထိုလွန်ပြီးသော ဘဝဟောင်းမှ။ဟေတုံ၊အကြောင်းကို။ ဝိနာ၊ ကြဉ်၍။ ဣဓ၊ ဤဘဝ၌။ နာပိပါတုဘာဝေါ၊ ဖြစ်ပေါ်လာ သည်လည်း မဟုတ်။ ။အနက်။ ။ဘဝသစ် ပဋိသန္ဓေ ရုပ် ခန္ဓာ, နာမ်ခန္ဓာ တို့သည် ဘဝဟောင်းက ကံအရှိန်ကြောင့် အသစ် ဖြစ်ပေါ်သည်၊ ဘဝဟောင်းက ကူးပြောင်း ခဲ့သော အဟောင်း မဟုတ် ဆိုလိုသည်။ ။အဟောင်း မဟုတ်သော် လည်း ဘဝဟောင်းက ကံအရှိန်ကြောင့် ဘဝဟောင်း စုတိ ချုပ်ငြိမ်းပြီးနောက် တစပ်ထဲ တဆောင်ထဲ ကာလ မခြားဘဲ ဆက်လက်ဖြစ်ပေါ်၍ တသန္တာန်ထဲ ဖြစ်ရကား သန္တာန်ကိုစွဲ၍ တခုထဲပါဘဲ ဆိုသော်လည်း ဆိုရ၏။ ။ဧကတ္တနည်း။ ။ စုတိခန္ဓာတို့လည်း သဘာဝအားဖြင့် တမျိုး တခြား, ပဋိသန္ဓေ ခန္ဓာတို့လည်း သဘာဝအားဖြင့် တမျိုး တခြား ဖြစ်၍ တခုထဲ မဟုတ်၊ တမျိုးစီ တခြားစီပါဘဲ ဆိုသော်လည်း ဆိုရ၏။ ။ နာနတ္တနည်း။ ။ဤလို နည်းနှစ်ပါးနှင့်သိမှ မဇ္ဈိမ ပဋိပဒါ ကျ သည်၊ တဘက်သတ်သိလျှင် သဿတ ဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မလွတ်။ ။ပညတ်အားဖြင့်ကား သတ္တဝါ အကောင် ဘဝ တပါး ထွက်သွားကူးပြောင်းသည်ဟူ၍ ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ် အပ်၏၊ အဟုတ်မမှတ်အပ်။

ဇဋ္ဌာသယ (က) ၁၄၀-၁၇

သံသေဒဇ ဥပပတ် နှစ်မျိုးမှာ ကာယဒသက, ဘာဝ ဒသက, ဝတ္ထု ဒသက, စက္ခု ဒသက, သောတ ဒသက, ဃာန ဒသက, ဇိဝှါဒသက ကလာပ် ပေါင်းကလာပ် ခုနစ်စည်း၊ ဝတ္ထုရုပ်ကို စွဲမှီလျက် နာမ်ခန္ဓာလေးပါး ဟူသော ရုပ်, နာမ် နှစ်ရပ် တွယ်စပ်လုံးထွေး မရှေးမနှောင်း တပြိုင်ထဲအသစ်ဖြစ် ပေါ်ကြကုန်၏။ ။ရူပ ဘဝဆဲ့ငါးဘုံသား ဥပပတ်တို့မှာ စက္ခု ဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝက-ကလာပ် ပေါင်းလေးစည်း၊ ဝတ္ထုရုပ်ကို စွဲမှီ၍ နာမ်ခန္ဓာလေးပါးဟူသော ရုပ်, နာမ် နှစ်ရပ် တွယ်စပ်လုံးထွေး မရှေးမနှောင်း တပြိုင်ထဲ အသစ် ဖြစ်ပေါ်ကြကုန်၏။ ။အသညသတ် ဥပပတ်မှာ နာမ် မပါ ဇီဝိတနဝက, ကလာပ်တစည်းသာ အသစ် ဖြစ်ပေါ်၏။ ။ အရူပ ဥပပတ်မှာ ရုပ်, မပါ နာမ်, ခန္ဓာ လေးပါးတို့သာ အသစ် ဖြစ်ပေါ်ကုန်၏။အဏ္ဍဇ ပဋိသန္ဓေ, ဇလာဗုဇ ပဋိသန္ဓေနှစ်ပါးကို ဂဗ္ဘသေယျ ပဋိသန္ဓေဆိုသည်။ ယင်းဂဗ္ဘသေယျ ပဋိသန္ဓေမှာ ကာယ ဒသက, ဘာဝ ဒသက, ဝတ္ထု ဒသက, ကလာပ် သုံးစည်း ဝတ္ထုရုပ်ကို စွဲမှီလျက် နာမ်ခန္ဓာ လေးပါး ဟူသော ရုပ်, နာမ် နှစ်ရပ် တွယ်စပ်လုံးထွေး မရှေးမနှောင်း တပြိုင်ထဲ အသစ်ဖြစ်ပေါ်ကုန်၏။ ။ပဋိသန္ဓေကို ပြသည်ပြီး၏။

## ၄၃—ဂဗ္ဘသေယျ ပဋိသန္ဓေ စွဲနေပုံကို ပြခြင်း

ဂဗ္ဘသေယျ ပဋိသန္ဓေ စွဲနေပုံကို ပြဦးအံ့။ ။ယင်း ဂဗ္ဘ သေယျ ပဋိသန္ဓေ စွဲနေခြင်း၏ အကြောင်းကား-အမိ ဥတုလာ ခြင်း တပါး, မိဘနှစ်ပါး ရောရှက်ခြင်းတပါး, သတ္တဝါ၏ ရှေ့ရှု သေခြင်း တပါး ဤသုံးပါး တည်း။ ။မေထုန်, ထိ, ကြား၊ နံ,မြင်,စား, သွင်းငြားသန္ဓေခုနစ်။ မိဘ နှစ်ပါး ရောရှက်ခြင်း ခုနစ်မျိုးကိုမှတ်။ ။အကြောင်း သုံးပါး ညီညွတ်၍ ဂဗ္ဘသေယျ ပဋိသန္ဓေစွဲနေပုံကား။ ။မိဘတို့ စတုဇကလာပ်တို့၌ ပါရှိသော

ဥတု ရှစ်မျိုး တို့၏ အပွါး အစီး ဖြစ်သော အမိ ဝမ်းတွင်း၌ စုဝေးသော သုက်အညစ် အကြေး ရှစ်မျိုးကို စွဲမှီ၍ ကလာပ် သုံးစည်း, ပဋိသန္ဓေ ဝိညာဏ် ဟူသော နာမ်,ရုပ်, နာမ်နှစ်ရပ် ပေါင်းစပ်လုံးထွေး ဖြစ်ပေါ်လေ၏။ ။ယင်းအလုံးအထွေးကိုပင် ကလလရေကြည် ခေါ်လေသည်။ ။ယင်း ကလလရေကြည်၏ အဆင်း, အကြီး-အငယ် ပမာဏမှာ ဝမ်းကိုခွဲ၍ ယူအပ်သော သိုးကောင်ငယ်၏သော်ရင်း, ဖွါးစ သိုးကောင်ငယ်၏သော်ရင်း, ဇာတိ မည်သော သားကောင်၏ သော်ရင်း, တချောင်းသော အမွေးကို ကြည်လှစွာသော ဆီ၌နှစ်၍ ထုတ်ဆယ် လိုက်သည် ရှိသော် သိုးမွေးဖျား၌ ပါသော ဆီအဆင်း ဆီပေါက် ပမာဏ ရှိသည်မှတ်။

ကလလရူပံ ဇာတိဥဏ္ဏာယ ဧကေန အံသုနာ ဥဒ္ဓတတေလ ဗိန္ဒုမတ္တံ ဟောတိ။ ။ဝိနည်း အဋ္ဌကထာ။ ။ကလလ ရူပံ၊ ကလလရေကြည်ခေါ်သော ရုပ်ဝိုင်,ရုပ်ခဲသည်။ ဇာတိဥဏ္ဏာယ၊ ဇာတိ ဥဏ္ဏာ ခေါ်ဆိုရသော သုံးမျိုးသော သိုးကောင်၏။ ဧကေန၊ တချောင်းသော။ အံသုနာ၊ အမွေးအမျှင်ဖြင့်။ ဥဒ္ဓတ-တေလဗိန္ဒုမတ္တံ၊ ထုတ်ဆယ် အပ်သော ဆီပေါက် ပမာဏ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ထောပတ်ကြည် ဟူ၍ ဆို၏။ ။တောင်ကျွန်း သူတို့ ဆံကို ရှစ်ပိတ်-စိတ်၊ တပိတ်ခန့်သည် မြောက်ကျွန်း သူတို့ ဆံပမာဏ၊ ထိုဆံပင်ထက်ပင် ထိုသိုးမွေး သေးငယ်သိမ်နုပ်သည်ဟူ၍ သမ္မော အဋ္ဌကထာ၌ ဆို၏။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ တမျှင်ဖျား၌ ဆီပေါက်ပမာဏ, ဌီကာလ၌ နှစ်မျှင်ဖျား၌ ဆီပေါက် ပမာဏ, ဘင်ကာလ၌ သုံးမျှင်ဖျား၌ ဆီပေါက်ပမာဏ ရှိသည် ဟူ၍ မှတ်ရမည်။ ။ ယင်းဘင်ကာလကို ရည်၍ သံယုတ် အဋ္ဌကထာ၌။ ။တိဟိ ဇာတိဥဏ္ဏံသုဟိ ကတသုတ္တဂ္ဂေ သဏ္ဌိတ တေလ ဗိန္ဒု ပမာဏံ ကလလံ ဟောတိ-ဟူ၍ ဆို၏။ ။ကလလံ၊ ကလလရေကြည်

သည်။ တိပဟိဇာတိဥဿုံသုပဟိ၊ ဇာတိဥပ္ပဏ္ဏာမည်သော သိုးမွေး သုံးမျှင်တို့ဖြင့်။ ကကာသုတ္တင္ဂေ၊ ပူး၍ပြုအပ်သော အမျှင်ဖျားဒြ။ သဏ္ဍာန်တတေလမိန္ဒျပမာဏံ၊ ကောင်းစွာ တည်သော ဆီပေါက် ပမာဏရှိသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။ ။လူတို့ ကလလ ရေကြည်ဟုသော ရည်၍ဆိုသည်။ ယောနိဂတိသို့ လိုက်၍ အကြီး, အငယ် ပမာဏ ဖြစ်သင့်၏။ ထိုကြောင့် ဆင်တို့၏ ကလလ ရေကြည်နှင့် ကမုင်းမနို တို့၏ ကလလ ရေကြည် မတူ ဟု မှတ်ရမည်။ ။ဂဗ္ဘသေယျ ပဋိသန္ဓေ ၎င်းနေပုံကို ပြသည်ကား ပြီး၏။

## ၅၀–စိတ်ဖြစ်ပုံ အစဉ်ကို ပြခြင်း

စိတ်ဖြစ်ပုံအစဉ်ကို အကျဉ်းမျှပြဦးအံ့။ ။ပဋိသန္ဓေ ဝိညာဏ် စိတ်ချုပ်ငြိမ်းပြီးနောက် ဘဝင်တဆဲ့ငါးကြိမ်,တဆဲ့ခြောက်ကြိမ်, ထိုနောက် ဘဝသစ်ကို ဆင်ခြင် တတ်သော မနော ဒွါရာ ဝဇ္ဇန်းတကြိမ်, ထိုနောက် ဘဝသစ်ကို နှစ်သက် တတ်သော လောဘဇော ခုနစ်ကြိမ် ဤအစဉ်ကား သတ္တဝါတိုင်း ဖြစ်မြဲ။ ထိုနောက် ဘဝင်စသော အဗျာကတစိတ် ကလှည့်၊ တဘဝလုံး တလှည့်စီ အဗျာကတစိတ်တလှည့်၊ ဇောစိတ်တလှည့်၊ တဘဝလုံး တလှည့်စီဖြစ်၍ နောက်ဝိတ်ဆုံးစုတိစိတ်ဖြစ်၍ ချုပ်ငြိမ်း၏။ ။ ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့ကား အခြားမဲ့ လွန်ခဲ့သော ဘဝက သေခါနီး ကာလ ထင်သော ကံ, ကမ္မနိမိတ်, ဂတိ နိမိတ်သုံးပါးတို့တွင် တပါးပါး ဟူသော မရဏာ သန္နဇော အာရုံပြုသော အာရုံဟောင်း ကိုသာ အာရုံ ပြုကြကုန်၏။ ။ သန္ဓေ, ဘဝင်၊ စုတိလျှင်၊ သုံးခွင်စိတ်တူ၊ အာရုံတူ။ ။အကြွင်း စိတ်တို့မှာ ဘဝသစ်ခြောက်ဒွါရ၌ ထင်လာသော အသစ် အာရုံ ခြောက်ပါးကိုသာ အာရုံပြုကြ ကုန်၏။ ။သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, လှုပ်လှက်ခြင်း, ကိုယ်အမူအရာကိုရင်း,

ပြောဆိုခြင်း နှုတ်အမှုအရာ ကိုရင်း ဓောပိတ်သော ပြုပြင်နိုင်ဖြစ်စေနိုင်သည်။ ကြွင်းစိတ် တို့ကား မပြုပြင် မဖြစ် စေနိုင်။ ရာဇာ အာဂတောဆိုသကဲ့သို့ ပဓာနနည်းအားဖြင့် နာမ်ခန္ဓာ လေးပါး လုံးကို စိတ်ဝိညာဏ် ဆိုသည်မှတ်။ ။တနည်းလည်း ရေယူခဲ့ ဆိုရာ၌ အိုးခွက်ကိုလည်း သိရသကဲ့သို့အဝိနာဘာဝနည်းအားဖြင့် စိတ်ဝိညာဏ် ဆိုလျှင် နာမ်ခန္ဓာ လေးပါးလုံးကို သိရသည်။ ဘယ်သတ္တဝါမဆို သတ္တဝါတိုင်း ဤအစဉ်အတိုင်း ဖြစ်ကြ၏။ ။ စိတ်အစဉ် အကျဉ်း ပြီး၏။

## ၅၁—သုတ္တန်နည်းအားဖြင့်သတ္တာဟာအစဉ်ကိုပြခြင်း

သုတ္တန်နည်းအားဖြင့် သတ္တာဟာအစဉ်ကို ပြဦးအံ့။

ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ ကေသာ လောမာ နခါပိစ။

သံယုတ် ပါဠိတော်။ ။ဣန္ဒက—ဘီလူးကို အကြောင်းပြု၍ ဟောတော်မူသည်။

ပထမံ၊ ရှေးဦးစွာ။ ကလလံ၊ ခုနစ်ရက်ပတ်လုံး ကလလ-ရေကြည်သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ ကလလ ရေကြည် ဖြစ်ပြီးမှ။ အဗ္ဗုဒံ၊ ခုနစ်ရက်ပတ်လုံး အမြှုပ်-သည်။ ဟောတိ၊ ဖြစ်၏။ အဗ္ဗုဒါ၊ အမြှုပ်ဖြစ်ပြီးမှ။ ပေသိ၊ ခုနစ်ရက်ပတ်လုံး သားတစ်-သည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ၊ သားတစ်ဖြစ်ပြီးမှ။ ဃနော၊ ခုနစ်ရက်ပတ်လုံး မာမာ ချောချောသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။ ဃနာ၊ မာမာချောချောဖြစ်ပြီးမှ။ ပဉ္စပသာခါ၊ ခုနစ်ရက် ပတ်လုံးခက်မငါးဖြာတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ကေသာ လောမာ နခါပိစ၊ ဆံ- အမွေး- ခြေသည်း- လက်သည်းတို့ သည်လည်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ။အနက်။ ဤပါဠိတော် အရ

၁။ ကလလ သတ္တာဟ,
၂။ အဗ္ဗုဒ သတ္တာဟ,
၃။ ပေသိ သတ္တာဟ,
၄။ ဃန သတ္တာဟ,
၅။ ပသာခသတ္တာဟ ဟူ၍ ငါးသတ္တာဟ။ ။"ဒွါစတ္တာလီသမေသတ္တာဟေ ဇာတော်ဇာယန္တိ"။ ။သံယုတ် အဋ္ဌကထာ။ ဇာတော်၊ ဤဆံ-အမွေး ခြေသည်း-လက်သည်းတို့သည်။ ဒွါစတ္တာလီသမေသတ္တာဟေ၊ လေးဆဲ့နှစ် သတ္တာဟမြောက်၌။ ဇာယန္တိ၊ ဖြစ်ပေါ်ကုန်၏။ ။အနက်။ ။ဤအဋ္ဌကထာ၏ အဓိပ္ပါယ်မှာ နာခံသော ဘိက္ခုး၏ ဉာဏ်ကို ချင့်ချိန်၍ ငါးသတ္တာဟကို ဟောတော်မူပြီးနောက် သုံးဆဲ့ခုနစ် သတ္တာဟ ချန်ကျော်၍ ဖွါးကာနီးအဆုံး သတ္တာဟကိုရည်၍ ကေသာလောမာ နခါပိစ ဟူ၍ ဘုရား ဟောတော်မူသည်။ ထိုစကား၌နှင့်၏။ ဆံ၊ အမွေး၊ ခြေသည်း၊လက်သည်း-တို့ဖြစ်ပေါ်က ရပ်အပေါင်း အင်္ဂါရင့်မာ ခိုင်ခံ့ ပြီသ ပြည့်စုံ၍ ဖွါးခြင်း၄ါ လျောက်ပတ်တော့သည်သာ။ ထို့ကြောင့် ဆံ အမွေး ခြေသည်း လက်သည်း-တို့ လေးဆဲ့နှစ် သတ္တာဟ မြောက်၌ ဖြစ်သည် ဟူ၍ မှတ်ရမည် ဆိုလိုသည်။

ဤသံယုတ် အဋ္ဌကထာ အဘိဓမ္မာအဋ္ဌကထာ-မူလဋီကာကျမ်းတို့နှင့်ညွတ်စွာ လေးဆဲ့နှစ် သတ္တာဟကို ရေတွက်၍ပြဦးအံ့။ ကလလရေကြည်-သည် သိုးမွေးတချောင်းဖျား နှစ်ချောင်းဖျား သုံးချောင်းဖျားတောင်ကျွန်းသူတို့ဆံဖျား သိမ်မွေ့သော အပ်ဖျားတို့၌ ပါရှိသော ဆီပေါက် ပမာဏ ယင်ငယ် တကြိမ် သောက်လောက်ရုံ ပမာဏ နှမ်းလုံး ပဲနောက်လုံး ဆီးကင်း ပမာဏစသည် တိုးတက်ကြီးပွါး၍ ခုနစ်ရက် ပတ်လုံးတည်၏။ ယင်းခုနစ်ရက်ကို ကလလသတ္တာဟ ခေါ်သည်။ ။ထို့နောက် အမြှုပ်ဖြစ်၍ ခုနစ်ရက်ပတ်လုံး တည်၏။ ယင်း ခုနစ်ရက်ကို အဗ္ဗုဒ သတ္တာဟ ခေါ်သည်။ ။ထို့နောက် သားတစ်ဖြစ်၍ ခုနစ်ရက်ပတ်လုံး တည်၏။ ယင်းခုနစ်ရက်ကို ပေသိ သတ္တာဟ-

ခေါ်သည်။ ။ထို့နောက် မာချောကျစ်လစ် အခဲဖြစ်၍ ခုနစ်ရက် ပတ်လုံး တည်၏။ ယင်းခုနစ်ရက်ကို ဃန သတ္တာဟ-ခေါ်သည်။ ထို့နောက် ခြေ—လက်—ခေါင်းရာ— ခက်မငါးဖြာ ဖြစ်ပေါ်၍ ခုနစ်ရက်ပတ်လုံးတည်၏။ ယင်း ခုနစ်ရက်ကို ပသာခသတ္တာဟ ခေါ်သည်။ ။ထို့နောက် ပသာဒရုပ် မပါဘဲ မျက်စိအိမ်, နားအိမ်, နှာခေါင်းအိမ်, လျှာအိမ် စသည် ဖြစ်ပေါ် ပြည့်စုံ၍ သတ္တဝါကောင် ဗီသစ္စာ ရင့်ကျက် ပွါးစီး၍ ခုနစ်ရက် ငါးလီ တည်၏။ ။ယင်း ခုနစ်ရက် ငါးလီကို ပရိပါက ငါး သတ္တာဟ—ခေါ်သည်။ ။ထို့နောက် ခုနစ်ရက်အတွင်း အအိမ် လေးခုတို့၌ စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒရုပ် လေးခုတို့ တပြိုင်ထဲ ဖြစ်ပေါ်ကြကုန်၏။ ယင်းခုနစ်ရက်ကို စက္ခွာဒိသတ္တာဟ ခေါ်သည်။ ထို့နောက် ခုနစ်ရက် အလီပေါင်း သုံးဆယ် ရင့်ကျက်၍ တည်၏။ ယင်းခုနစ်ရက် အလီပေါင်း သုံးဆယ်ကို ပရိပါက သတ္တာဟ ခေါ်သည်။ ထို့နောက် ခုနစ်ရက်အတွင်း ဆံ,အမွေး, ခြေသည်း, လက်သည်း-တို့ ဖြစ်ပေါ်ကြကုန်၏။ယင်း ခုနစ်ရက်ကို ကေသာဒိ သတ္တာဟ ခေါ်သည်။

၁။ ကလလသတ္တာဟ,
၂။ အဗ္ဗုဒသတ္တာဟ,
၃။ ပေသိသတ္တာဟ,
၄။ ဃနသတ္တာဟ,
၅။ ပသာခသတ္တာဟ,
၆။ ပရိပါကငါးသတ္တာဟ,
၇။ စက္ခွာဒိသတ္တာဟ,
၈။ ပရိပါက သတ္တာဟသုံးဆယ်,
၉။ ကေသာဒိသတ္တာဟ,

ပေါင်း လေးဆယ့် နှစ် သတ္တာဟ။ ။တနည်း, ရေကြည် ခုနစ်ရက်, အမြှုပ် ခုနစ်ရက်, သားတစ် ခုနစ်ရက်, မာချော ခုနစ်ရက်,ခက်မငါးဖြာခုနစ်ရက်, ရင့်ကျက်ခုနစ်ရက်, ခုနစ်ရက် ငါးလီ--သုံးဆဲ့ငါးရက်, စက္ခုခုနစ်ရက်, ရင့်ကျက် ခုနစ်ရက်, အလီပေါင်း သုံးဆယ်၊ ရက်ပေါင်း နှစ်ရာ့တဆယ်၊ ဆံ, အမွေး ခုနစ်ရက်, ခုနစ်ရက် အလီပေါင်း လေးဆဲ့ နှစ်ရက်၊ ပေါင်း

နှစ်ရာ့ကိုးဆဲ့လေးရက်။ ။လနှင့် တွက်သော် ကိုးလနှင့် နှစ်ဆဲ့ လေးရက်။ ဤမျှလောက် အမိဝမ်း၌ကြာလျှင် သတ္တဝါကောင် ပြီးစွာ ရင့်မာ ခိုင်ခံ့၍ ဖွါးခြင်းငှါ လျောက်ပတ်တော့သည် သာ။ ယောဂ်ယျာသို့လိုက်၍ ဆယ်လဖွါးကို ဆိုသည်မှတ်လေ။

က-အစ်-ပေ ဃ၊ ပ-နောက် ပ၊ ငါးသတ္တဲ၊ စက်နောက်ပ၊ သုံးဆယ်ကျ၊
ကေ ကတစ်၊ လေးဆဲ့နှစ်။

ကြည်,မြုပ်,သား၊ မာ,ကေ်,ရင့်၊ စက်,ရင့်,ဆံ၊ မှတ်ရန် ရှေးခွင့်ငါး၊
နောက်ကား သုံးဆယ်၊ ယောနယ်ပါ၊ လေးဆဲ့နှစ်သတ္တာ၊ ကိုးလနှင့်
နှစ်ဆဲ့လေးရက်မှာ။

## ၅၂—အဘိဓမ္မာနည်းအားဖြင့် ရုပ်တို့၏ တိုးပွါးပုံပြခြင်း

အဘိဓမ္မာနည်းအားဖြင့် ရုပ်တို့၏ တစ တစ တိုးပွါးပုံကို ပြဦးအံ့။ ရုပ်ဟူသမျှ ခဏငယ် ငါးဆဲ့ တချက်သာ အသက် ရှည်သည်။ ခဏငယ် ငါးဆဲ့တချက်စေ့က ပျောက်ချုပ် ငြိမ်းမြဲ ကိုရင်း၊ ကမ္မဇကလာပ်ဟူသမျှ ပဋိသန္ဓေ၏ ဥပါဒ် ခဏမှစ၍ စုတိ၏ရှေ့ ငါးဆဲ့တချက်မြောက် ခဏငယ်တိုင်အောင် ခဏ ငယ်တိုင်း ခဏငယ်တိုင်း အသစ်အသစ် ဖြစ်ပေါ် မြဲကိုရင်း သတိထားရမည်။

ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက မူလဖြစ်ရင်း သုံးစည်း၊ ဌီခဏ၌ သုံးစည်းတိုး ခြောက်စည်း၊ ဘင်ခဏ၌ သုံးစည်းတိုး ကိုးစည်း။ ပထမဘဝင်၏ ဥပါဒ်ခဏ၌ သုံးစည်းတိုး တဆဲ့နှစ်စည်း၊ ဌီခဏ၌ သုံးစည်းတိုး တဆဲ့ငါးစည်း။ ဤသို့စသည် ခဏငယ်တိုင်း ခဏငယ်တိုင်း သုံးစည်းသုံးစည်းတိုး၍ ရေတွက်သော် ပဋိသန္ဓေမှစ၍ စိတ္တက္ခဏ တဆဲ့ခုနစ်ချက် ခဏငယ် ငါးဆယ်တချက်ခန့် ကာလသို့ရောက် သောအခါ တရာ့ ငါးဆဲ့သုံးစည်း ရ၏။ ခဏငယ်-ငါးဆဲ့နှစ်ချက် က စ၍ ရက်ပေါင်း ခုနစ်ဆယ်အတွင်း ရေကြည်, အမြှုပ်,

သားတစ်, မာချော, ခက်မငါးဖြာ, ပရိပါက ငါးသတ္တာဟ, သတ္တာဟ ပေါင်းတဆယ်။ ဤအတွင်း၌ ခဏငယ်တိုင်း တရာ့ငါးဆဲ့သုံးစည်း သချာ့တူမျှလေ၏။ ။မျိုးကောင်းခွေးမ၊ တနေ့သုံးကောင်ကျ၊ မွေးသမျှ ငါးဆဲ့တရက်၊ ရှည်အသက်၊ တနှစ်အတွက်၊ ခွေးရှိ အဘယ်မျှတွက်၊ နှိုင်းစက် ပမာ၊ ရုပ်လည်း ဤနည်းသာ။ တနည်းမှာ။ ။ငါးဆဲ့ တသစ်တိတိ ဖြတ်ထားသော ချော်မျှင်အများမှ ပထမ သုံးမျှင်ယူ၍လွှန်း၊ ဒုတိယ တသစ်ခန့်မှစ၍ တသစ်ခန့်တိုင်း တသစ်ခန့်တိုင်း သုံးမျှင် ပေါင်း၍လွှန်းသော ကြိုးလွှန်းငါးဆဲ့တသစ် ငါးဆဲ့နှစ်သစ် ငါးဆဲ့သုံးသစ်ရှိသောအခါ ချော်မျှင်ဘယ်မျှရေတွက်ပါ၊ရုပ်လည်းဤနည်းသာ။

ဆုံးလယ် စစွန်း၊ ထပ်လျက်ပြွန်း၊ ကြိုးလွှန်းပမာ၊ ရုပ်ခန္ဓာ။
အစအဆုံး၊ ထိဆက်ကုံး၊ ရွှံလုံးပုံပမာ၊ နာမ်ခန္ဓာ။

ဆယ် သတ္တာဟ ကျော်၍ နောက် တသတ္တာဟ အတွင်း ရက်နှင့် တွက်သော် ရက်ပေါင်း ခုနစ်ဆယ်ကျော်၍၊ နောက်ခုနစ်ရက် အတွင်း လနှင့် တွက်သော် နှစ်လနှင့် ဆယ်ရက် ကျော်၍ နောက် ခုနစ်ရက် အတွင်း၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ပသာဒရုပ် လေးခုတို့ အဓိမ်လေးခုတို့၌ တပြိုင်ထဲ ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်သည်မှ နောက်ခဏငယ် ငါးဆဲ့တချက်ခန့်ကာလသို့ ရောက်က စက္ခုဒသက ကလာပ် ငါးဆဲ့တစည်း။ သောတ,ဃာန,ဇိဝှါ,ဒသက ကလာပ်တို့လည်း ငါးဆဲ့တစည်းစီ စုမိ၍ လေးရုပ်ပေါင်း နှစ်ရာ့လေးစည်း၊ ရှေ့တရာ့ငါးဆဲ့သုံးစည်းနှင့် ပေါင်းသော် သုံးရာ့ ငါးဆဲ့ ခုနစ်စည်း။

အဋ္ဌတ္တိကာယတနေသု ကာယာယတန မနာယတနာ နေဝ ပဗ္ဗိသန္တိကမ္ဘော ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တ သတ္တတိ ရတ္တိမှိ။ ။ကထာဝတ္ထု အဋ္ဌကထာ။

အဋ္ဌတ္တိကာယတနေသု၊ အဋ္ဌတ္တိကာယတန ခြောက်ပါးတို့တွင်။ကာယာယတန မနာယတနာနေဝ၊ ကာယာယတန,မနာ

ယတန, နှစ်ပါးတို့သည် သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေ ခဏ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ စက္ခွာယတန, သောတာယတန, ဃာနာယတန, ဇိဝှါ ယတန, လေးပါးတို့သည်။ သတ္တသတ္တတိ ရတ္တိမှိ၊ ခုနစ်ဆဲ့ ခုနစ်ရက်ရှိသော အခါ၌။ ဝါ၊ ရက်ပေါင်း ခုနစ်ဆယ်ကျော်၍ နောက်ခုနစ်ရက်အတွင်း၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ။အနက်။

အဘိဓမ္မာ နည်းအားဖြင့် ပဋိသန္ဓေစိတ် ဖြစ်ခိုက်အခါကို ပဋိသန္ဓေအခါဆိုသည်။ ပထမ ဘဝင်မှစ၍ နောက်ကို ပဝတ္တိအခါ ဆိုသည်။ ။သုတ္တန် နည်းအားဖြင့် အမိဝမ်းတွင်း၌ ကိန်းသမျှကို ပဋိသန္ဓေအခါ ဆိုသည်။ ပြင်ဘက်သို့ရောက်လျှင် ပဝတ္တိအခါ ဆိုသည်။ ။ကထာဝတ္ထု အဋ္ဌကထာ၊ မူလဋီကာတို့၌ စက္ခု, သောတ, ဃာန, ဇိဝှါ, တို့ တဆဲ့ တသတ္တာဟရှိမှ တပြိုင်ထဲ ဖြစ်ပေါ်ကြောင်းကို ဆိုသည်။ ။မူလဋီကာလည်း အဋ္ဌကထာ ကဲ့သို့ အလေးပြုအပ်သောကျမ်း အဋ္ဌကထာလည်း ပါဠိတော် ကဲ့သို့အလေးပြုအပ်သော ကျမ်းဖြစ်သည်။ ထို့ကြောင့် ကျမ်းကြီး ကျမ်းခိုင်တို့၌ လာသည့် အတိုင်းသာ သတ္တာဟ အစဉ်ကို မှတ်အပ်၏။ ကျမ်းကြီးကျမ်းခိုင်တို့နှင့် မညီသော ကျမ်းငယ်တို့၌ လာသော ဖြော်ရိုးဆိုစဉ် ပြုကြသော သတ္တာဟ အစဉ်ကို မမှတ်အပ်။ ။ဉာဏ်ရှုးရှသော ရဟန်းပညာရှိ လူပညာရှိတို့ လည်း ပြောရိုး ဆိုရိုး သတ္တာဟ အစဉ်ကို မကြိုက် မနှစ်သက် ပယ်ဖျက်ကြကုန်၏။

လူရော ရှင်ရော ရှေးအစဉ် အလာဆိုလျှင် အနှန့်ချည်းသာ ထင်တတ်သည်။ လူတို့လည်း ဘုန်းကြီးများပြောလျှင် ကျမ်းဂန် ထွက် ထင်တတ်သည်။ ကျမ်းဂန် ဆိုလျှင်လည်း ဘုရားဟော ကျမ်းဂန်ကဲ့သို့ အလွန်အလေးပြုကြ၏။ ကျမ်းဂန် တွေကလည်း ရှုပ်။ အသိဉာဏ်ကလည်း နုပ်ကြလှ၏။ ။အိမ်ကြား လ... အကျွရာစာကို တွေ့က မကျော်ဝံ့, မနင်းဝံ့။ ရှိခိုး၍ ရှောင်ကွင်း ကြ။ စာကိုဘတ်ကြည့်က အပျို လူပျို ပေးကြသောစာ၊ ဆဲရေး

ပစ်ချသောစာ၊ အရေးရာမှာ အသိဉာဏ် လိုလှ၏။ ။ဈေး အစဉ် အလာ ဆိုသော်လည်း နဂိုမှန်မှမှန်သည်။ ။ကျမ်းဂန် ဆိုသော်လည်း ပါဠိတော် အဋ္ဌကထာကို ချန်၊ နဂိုမှန်မှ မှန် သည်။ ။သင့် - မသင့် မှန် - မမှန်ကိုလည်း ကျမ်းဂန်နှံ့စပ်မှ သိနိုင်သည်။

ကျမ်းဂန်နှံ့သိ၊ ပညာပင် ရှိသော်လည်း၊ သတိဖြစ်ခဲသော အရာလည်း ရှိသည်။ ။ဉာဏ်ပင်နှိုပြား၊ သဒ္ဒါပါးလျှင်လည်းဉာဏ်အဖျားကောက် တတ်သည်။

သုတ,ကျမ်းဂန်၊ အသိဉာဏ် ဘယ်လိုပင်သန်သန်၊ ဘယ်လိုပင်နုပ်နုပ်၊ လိုရင်း အချုပ်မှာ၊အယုတ်ဆုံးအား၊သီလဖြူစင်၊ စိတ်ကောင်းဝင်၍၊မဂ်မျိုး သို့သွင်း၊ အသေရှင်း၊ အပါယ်လည်းကင်းကြမှ၊ယခုခေတ်မှာ၊ အကောင်း ဆိုရမည်။

ဉာဏ်ပင် ထက်သော်လည်း သဒ္ဒါဘက်မှ၊ သဒ္ဒါပင် ထက်သော်လည်း ဉာဏ်ဘက်မှ ကောင်းတတ်သည်၊ဣဿာ,မာန,အဇ္ဈုပ္ပေက္ခန,ပရဝမ္ဘန, အကုသလဝိထိ မကျစေနှင့် ဆိုလိုသည်။

ဗိဝိတနဝက ကလာပ်မှာ ခက်မငါးဖြာ, စက္ခုစသောအအိမ်, အစာအိမ်တို့ ဖြစ်ပေါ်၍ ငါးသတ္တာဟ- သုံးဆဲ့ ငါးရက်ရှိပြီး နောက်မှ ဖြစ်ပေါ် ပြီးနောက် ဖြစ်ပေါ် သည်ဟု မှတ်ရမည်။ ကျမ်းဂန် တို့၌ ဘယ်က စသည်ဟု မထင်ရှား။ ။မထင်ရှား သော်လည်း သန္တပ္ပန,ဒဟန, ဇီရဏ,ပါစက–တေဇောလေးမျိုး၊ ဥဒ္ဓင်္ဂမ, အဓောဂမ, ကုစ္ဆိသယ,ကောဋ္ဌာသယ, အင်္ဂမင်္ဂါနုသာရီ- ဝါယော ငါးမျိုးကို ငါးသတ္တာဟ အတွင်း မိရာ နုံနယ် အားသေးလှ၍ ဖြစ်နိုင်ဘွယ်မရှိ၊ မိရာ ရင့်ကျက် ခိုင်ခံ့၍ ပရိပါက ခေါ်ရသောခြောက်သတ္တာဟအတွင်းမှ ဖြစ်နိုင်ရာသည်။ တေဇောလေးမျိုး, ဝါယော ငါးမျိုးတို့ဖြစ်ကလည်း ဗိဝိတနဝက ကလာပ် ပါတော့သည်သာ ဖြစ်၍ ပြောသာဆိုသာ မှတ်သားရန် ယုတ္တိကြံ၍ ဆိုလိုက်သည်။

အဟောင်း, အသစ် ဗိဝိတနဝက ကလာပ် ငါးဆဲ့ တစည်း၊ ရှေ့သုံးရာ့ငါးဆဲ့ ခုနစ်စည်းနှင့် ရောသော် အဟောင်း, အသစ်

ကမ္မဇကလာပ်စည်းပေါင်း လေးရာ့ ရှစ်စည်းမှတ်လေ။ ဓာတ်တူ ပေါင်း၍ ရေတွက်သော်ကား စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက,ဝတ္ထု ဒသက, ဇီဝိတနဝက, ပေါင်း ကမ္မဇကလာပ် ရှစ်စည်း အခါ ခပ်သိမ်း အမြဲဖြစ်၏။

စ-သော-ဃာ-ဘာ၊ ဂဗ်-သံမှာချို့။ ၊ပါယ်ဥ စ-သော-ဘာ၊သု-ဥမှာဘော။

ချို့ဟဲ့ကောင်းမရကောင်းသည့်ကိုလည်း သိလေ။ ဤဆိုအပ်ပြီး သည့်ကား ကမ္မဇကလာပ် တိုးပွါးပုံ။

စိတ္တဇကလာပ် တိုးပွါးပုံမှာ ပဌမဘဝင် ဥပါဒ်မှစ၍ စိတ် တို့၏ ဥပါဒ်ခဏတိုင်း အဋ္ဌက ကလာပ်တစည်း ဖြစ်ပေါ်သော ကြောင့် ပဌမဘဝင်မှ နောက် စတ္တုက္ခဏ တဆဲ့ ခုနစ်ချက်ခန့် ကာလရောက်က စိတ္တဇ အဋ္ဌကကလာပ် တဆဲ့ခုနစ်စည်း စုမိ၏။ နောက်နောက်သချာ တူ၏။ ဥတုဇကလာပ်မှာ ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ အယုတ်ဆုံး သုံးစည်း, လေးစည်း-စသည် အရာ အထောင်မက ဖြစ်ပေါ်တိုးပွါး၏။ အဘယ်ကြောင့်နည်းဆိုသော် တေဇောဥတုတွေက များသောကြောင့်တည်း။ ။သို့သော်လည်း ညာဏ်နိုင်လောက်ရုံ ဓာတ်တူပေါင်း၍တစည်းဟူ၍ရေတွက်သော် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ခဏတိုင်းတစည်းတိုးသောကြောင့် ခဏငယ် ငါးဆဲ့ တချက်ရှိလျှင် ငါးဆဲ့ တစည်း၊ နောက် နောက်၌လည်းသချာတူ၏။ အာဟာရဇကလာပ်မှာ တသတ္တာဟ, နှစ်သတ္တာဟ လွန်၍ အမိ စားသောက် မျိုသွင်းသော အရည်, အဖတ်၌ပါသော ဩဇာရုပ်သည် အမိကိုယ်ကို ပျံ့နှံ့သောအခါ ချက်ကြိုးမှ ကူးရောက်၍ သူငယ် သန္တာန်ရှိ တိဇ ဩဇာနှင့် ပေါင်းသင်းမိသောအခါ သုံးစည်းမှစ၍များစွာဖြစ်ပေါ်တိုးပွါး၏။ ညာဏ်နိုင်လောက်ရုံ တစည်းဟူ၍ရေတွက်သော် ဖြစ်ပေါ်သည့်မှ နောက်ခဏငယ် ငါးဆဲ့တချက်ရောက်က ငါးဆဲ့တစည်း စုမိ၏။ နောက်နောက်၌လည်း သချာတူ၏။ ။ဂဗ္ဘသေယျ ပုဂ္ဂိုလ်တို့မှာ

စတုဇကလာပ်တွင် ဥတုဇကလာပ် အားကြီးသည်။ ဥတုဇ ကလာပ် အထည်ခံဖြစ်သည်။ ကြွင်းတိဇ ကလာပ်တို့မှာအပေါ် တင်မျှသာမှတ်လေ။ ရုံခါ ခုနစ်စည်းကား ဤအရာ၌ရေတွက်ရာ မပါ။

ဤဆိုပြီး ကလာပ်စည်းကို အကျဉ်း ပေါင်းစု တွက်သော် လူတို့ကိုယ်၌ ကမ္မဇ ကလာပ်ရှစ်စည်း၊ စိတ္တဇအဋ္ဌက ကလာပ် တစည်း၊ ဥတုဇအဋ္ဌက ကလာပ် တစည်း၊ အာဟာရဇ အဋ္ဌက ကလာပ် တစည်း ပေါင်းမူလကလာပ် ဆဲ့တစည်း။ ။အကျယ် ပွါး၍ ရေတွက်သော်ကား ကမ္မဇ ကလာပ် လေးရာ့ရှစ်စည်း၊ စိတ္တဇ ကလာပ်ဆဲ့ခုနစ်စည်း၊ ဥတုဇ ကလာပ် ငါးဆဲ့တစည်း။ အာဟာရဇ ကလာပ် ငါးဆဲ့တစည်း၊ ကလာပ်ပေါင်း ငါးရာ့ နှစ်ဆဲ့ခုနစ်စည်း။

ငါးရာနှစ်ဆဲ့ခုနစ်စည်း၊ရုံးစုဆည်း၊ပွါးနည်းသိသာရုံ။
မုံ့ညက်ပမာ၊ကိုယ်ခန္ဓာ၊ များစွာစုအပုံ။
ဉာဏ်ရှိတိုင်းပွါး၊အလွန်များ၊မှတ်သားနိုင်လေဘက်ရုံ။

ရုပ်တိုးပွါးပုံကို ပြသည်ပြီး၏။

## ၅၃-ရူပက္ခန္ဓာ၏ ဝိဂြိုဟ်ရေမြှုပ်ခိုင်နှင့် တူသည်ကိုပြခြင်း

ဤသို့လျှင် သတ္တဝါတို့၏ ရူပကာယ ခန္ဓာကိုယ်ကို နှမ်းစု နှမ်းပုံ,သဲစု သဲပုံဆိုသကဲ့သို့ ငါးပြည့်,ခြောက်ပြည့်ခန့်၊ မုံ့ညက် ပမာဏ များလှစွာသော ရုပ်ကလာပ်မှုန့်တို့၏ အစုအပုံဖြစ်၍ရင်း၊ နှမ်းတမျိုးတခြား သဲတမျိုးတခြား ဆိုသကဲ့သို့ ဝေဒနာစသည်မှ တမျိုးတခြား ဖြစ်၍ရင်း၊ ရူပက္ခန္ဓာ ဆိုရသည်။ ခန္ဓသဒ္ဒါ ရာသိ အနက် ကောဋ္ဌာသအနက်ယော။ ။ရူပါနံခန္ဓော- ရူပက္ခန္ဓော။ (ဝိဂြိုဟ်)။ ။ရူပါနံ၊ရုပ်ကလာပ်တွေတို့၏။ ခန္ဓော၊အစုအပုံတည်း။ ရူပက္ခန္ဓော၊ ရုပ်ကလာပ်တွေ တို့၏ အစု အပုံ။ ။အနက်။ တလုံးထဲ တခုထဲ သတ္တဝါ အကောင်အခဲ မဟုတ် ဆိုလိုသည်။ တနည်းကား။ရူပါနိဝေခန္ဓော ရူပက္ခန္ဓော။ ။(ဝိဂြိုဟ်)။ ။ရူပါနိဝေ၊

ရုပ်ကလာပ်တွေတို့သည်ပင်။ ခန္ဓာ၊ တစုတပုံ၊ တမျိုးတခြားတည်း။ ရူပက္ခန္ဓာ၊ ရုပ်ကလာပ်တွေတို့သည်ပင် တစုကပုံ တမျိုးကခြား။ အနက်။ ။ဝေဒနာ-စသည်တို့နှင့် မရောမနှောက် သက်သက်တစု တပုံ တမျိုးတခြား ဆိုလိုသည်။ ။ဖောဋ္ဌဗ္ဗာရုပ် ရုပ်။ ။ သံယုတ် ပါဠိတော်။ ရုပ်၊ ရူပက္ခန္ဓာသည်။ ဖောဋ္ဌဗ္ဗာရုပ်၊ ရေမှုပ်ဂိုင်ကြီးနှင့်အလားတူ၏။ ။အနက်။ ။ရူပက္ခန္ဓာသည် အမြင်အားဖြင့် ဟုတ်သလိုလို လိုချင်ဘွယ်၊ချစ်ခင်ဘွယ်၊နှစ်သက်ဘွယ်၊ အတုံးကြီး၊အခဲကြီး၊အခိုင်ကြီး၊ အခန့်ကြီး၊အနှစ်သာရကြီးကဲ့သို့ ထင်မြင်ရ၏။ အသေအချာဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သော် မနိုင် မနှံ့ ဖြစ်လွယ်၊ ပျက်လွယ်၊ လိုချင်ဘွယ် ယူချင်စရာ၊ ရချင်စရာ၊ ကစုံတရာ အနှစ် အသားမရှိသည့် အတွက် ရေမှုပ်ဂိုင်ကြီးနှင့် တူလှ၏ ဆိုလိုသည်။

လူသားပုပ်၊ ခွေးသားပုပ်၊ မြွေသားပုပ်၊ တံထွေးပုပ်၊ ချွဲခန်းပုပ်၊ နှပ်ပုပ်၊ သေးပုပ်၊ ပြည်ပုပ်၊ ကျင်ကြီး ကျင်ငယ်ပုပ် တို့ကို ရောနှော နယ်ကြိတ်၍ အမြှေး သိပ်အပ်သော ဘယောင်းပုဆိုးအိတ်ကြီး၌ လိုချင်ဘွယ် ယူချင်စရာ၊ ရချင်စရာ တစုံတရာ အနှစ်အသားမရှိသကဲ့သို့ ထိုအတူ သတ္တဝါတို့ ငါ့ကိုယ်ဟူ၍၊ ငါ့ဟာဟူ၍ နှစ်သက်မြတ်နိုးကြသောရူပက္ခန္ဓာကြီး၌ လိုချင်ဘွယ်ယူချင်စရာ၊ရချင်စရာ အနှစ်အသားမရှိ။ စင်စစ်မှာ အန်ချင်ဘွယ်၊အော့ချင်ဘွယ်၊ စက်ဆုပ်ဘွယ်၊ ကြောက်ဘွယ်ဖြစ်သော မဟာဘုတ်ဥပါဒါယရုပ်တို့၏ အပေါင်း အစု အလုံး အထွေး အစိုင်အခဲကြီးသာတည်းဟု ဤသို့စသည် ရူပက္ခန္ဓာကို မြင်အောင်ကြည့်ရသည်။ ကြည့်ဆိုသော်လည်း ပကတိ မျက်စိဖြင့် ကြည့်ရှု၍ ရူပက္ခန္ဓာကို မမြင်၊ ဉာဏ်မျက်စိနှင့် ကြည့်မှ မြင်သည်။ ။ ဉာဏ်မျက်စိနှင့် ကြည့်ဆိုသည်မှာ သင်ကြားမှတ်သား ပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင် စဉ်းစား ဆင်ခြင် သည်ကို ဆိုသည်။ ။ယင်းသို့ စဉ်းစား ဆင်ခြင် သည်ကိုပင် ကမ္မဋ္ဌာန်းဘာဝနာ ပွါးသည်ဟူ၍ ဆိုရသည်။ ရှုတ်ရုံ၊ အံ ရုံမျှကို မဆို။

မဆင်ခြင်က ပိဋကတ် သုံးပုံးကို ကုန်အောင်ပင် တတ်သော်လည်း ရူပက္ခန္ဓာကို မသိမမြင် မှတ်လေ။

ရူပက္ခန္ဓာပြီး၏။

## ၅၄-ရူပက္ခန္ဓာ၌ တမျိုးမှတ်ရန် ပြခြင်း

တမျိုး မှတ်ရန်ကို ပြဦးအံ့။ ။လူကောင်သဏ္ဍာန်ထင်ရသော ရူပက္ခန္ဓာကြီး၌ ဝတ္ထုရုပ် အအိမ် ခြောက်ခုကို၎င်း, ဒွါရ အပေါက်ခြောက်ပါးကို၎င်း မှတ်သားရမည်။ ။ဝတ္ထုရုပ် အအိမ် ခြောက်ခုဆိုသည်မှာ စက္ခုဝတ္ထု-စက္ခု ပသာဒရုပ် ဟူသော မျက်စိအိမ်, သောတဝတ္ထု- သောတ ပသာဒရုပ် ဟူသော နားအိမ်, ဃာနဝတ္ထု-ဃာနပသာဒရုပ် ဟူသောနှာခေါင်းအိမ်, ဇိဝှါ ဝတ္ထု—ဇိဝှါ ပသာဒရုပ်ဟူသော လျှာအိမ်, ကာယဝတ္ထု-တကိုယ်လုံး၌ ကာယပသာဒရုပ် ဟူသော ကိုယ်အိမ်, ဟဒယဝတ္ထု-ဟဒယဝတ္ထုရုပ် ဟူသောနှလုံးအိမ် ဤခြောက်ခုတို့တည်း။

ဒွါရ-အပေါက် ခြောက်ပါး ဆိုသည်မှာ စက္ခုဒွါရ—စက္ခု ပသာဒရုပ် ဟူသော စက္ခုဒွါရအပေါက်, သောတဒွါရ-သောတ ပသာဒရုပ် ဟူသော သောတ ဒွါရ-အပေါက်, ဃာန ဒွါရ-ဃာနပသာဒရုပ်ဟူသော ဃာနဒွါရ-အပေါက်, ဇိဝှါ ဒွါရ-ဇိဝှါပသာဒရုပ် ဟူသော ဇိဝှါဒွါရ-အပေါက်, ကာယ ဒွါရ-ကာယပသာဒရုပ် ဟူသော ကာယဒွါရ—အပေါက်, မနောဒွါရ-ရင်လယ်ဟဒယဝတ္ထု၌ တည်သော ဘဝင်စိတ်ဟူသော မနောဒွါရအပေါက် ဤခြောက်ပါးကိုဆိုသည်။

ဝသန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဝတ္ထု။ ။(ဝိဂ္ဂဟ်)။ ။ဧတ္ထ၊ ဤရုပ်ခြောက်ပါး၌။ နာမာနိ၊ နာမ် တရားတို့သည်။ ဝသန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့နာမ်တရားတို့၏ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။ ။အနက်။

အဇ္ဈတ္တိကဗာဟိရမှာ နာမ်တရားတို့၏ ဖြစ်ရာဖြစ်၍ ရုပ်ခြောက်ပါးတို့ကို ဝတ္ထု့ဟူ၍ခေါ်ရသည်ဆိုလိုသည်။

နွေ ဓမ္မာ သမောဓာနံ အရန္တိ ဂစ္ဆန္တိ ဧတ္ထ ဧတေနာတိဝါ ဒွါရံ။ ။(ဝိဂြိုဟ်)။ ။ဧတ္ထ၊ ဤရုပ်ငါးပါး ဘဝင်တရား၌။ ဝါ၊ တနည်းကား။ ဧတေန၊ ဤရုပ်ငါးပါး ဘဝင် တရားကြောင့်။ နွေ ဓမ္မာ၊ နာမ်တရား, အာရုံတရား နှစ်ပါး တို့သည်။ သမောဓာနံ၊ ပေါင်းဆုံခြင်းသို့။ အရန္တိ ဂစ္ဆန္တိ၊ ရောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ ။အနက်။ ။အဇ္ဈတ္တိကဗာဟိရမှာ နာမ်တရား, အာရုံတရား နှစ်ပါးတို့၏ ပေါင်းဆုံရာဖြစ်၍ ၎င်း, ပေါင်းဆုံခြင်း အကြောင်း ဖြစ်၍၎င်း ပသာဒရုပ် ငါးပါးဘဝင် တရားတို့ကိုဒွါရ့ဟူ၍ခေါ်ရသည်ဆိုလိုသည်။

တနည်း။ ။ဒွါရံဝိယာတိဒွါရံ။ ။ဒွါရံဝိယ၊ မြို့တံခါးပေါက် ရွာတံခါးပေါက်နှင့်အလားတူ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ဒွါရံ၊ ဒွါရမည်၏။ ။အဇ္ဈတ္တိကဗာဟိရမှာ လောက၌ မြို့ရွာ စသည်တို့၏ ထွက်ပေါက်, ဝင်ပေါက်ကို ဒွါရဟူ၍ ခေါ်ဆိုရင်း ဖြစ်သည်၊ ပသာဒရုပ်ငါးခု ဘဝင်စိတ် တို့ကား ထိုအပေါက် ဒွါရနှင့် အလားတူသောကြောင့် ဒွါရခေါ်ရပြန်သည်ဆိုလိုသည်။ ။တူပုံမှာ ပကတိတံခါးပေါက်သည် အဝင်လူ, အပြင်လူ တို့တွေ့ဆုံရာ ဖြစ်သကဲ့သို့ ထိုအတူ ပသာဒရုပ်ငါးခု ဘဝင်စိတ် တို့သည် လည်းအတွင်းလူနှင့် တူသော နာမ်တရား, အပြင်လူနှင့်တူသော အာရုံတရားတို့ ပေါင်းဆုံရာဖြစ်သည်။ ဤလို တူကြသည်။ ။ ဤစကား၌ အတွင်းလူ တံခါးကိုကျော်ထွက်မိလျှင် အတွင်းလူ မဆိုရ၊အပြင်လူ တံခါးခုံကို ကျော်ဝင်မိလျှင် အပြင်လူမဆိုရ။

အာရုံ ခြောက်ပါး တို့ကိုလည်း မှတ်သား အပ် ကုန်၏။ ခြောက်ပါး ဆိုသည်ကား ရူပါရမ္မဏ- အဆင်းရုပ် ဟူသော ရူပါရုံ, သဒ္ဒါရမ္မဏ-အသံရုပ် ဟူသော သဒ္ဒါရုံ, ဂန္ဓာရမ္မဏ အနံ့ရုပ်ဟူသော ဂန္ဓာရုံ, ရသာရမ္မဏ- အချို, အချဉ်, အစပ်,

အငန်, အဖန်, အခါး–ရသရုပ်ဟူသော ရသာရုံ။ ဖေါဋ္ဌဗ္ဗာရမ္မဏံ၊ အတွေ့ ဟူသော ဖေါဋ္ဌဗ္ဗာရုံ။ အတွေ့ ဆိုသည်မှာ ပထဝီ, တေဇော, ဝါယော– ဤဘုတ်သုံးပါးကို ဆိုသည်။ ဓမ္မာရမ္မဏံ၊ အလွတ်အာရုံ ဟူသော ဓမ္မာရုံ။ အလွတ်ဆို သည်မှာ အာရုံရုပ် ခုနစ်ပါးမှ လွတ်သော နှစ်ဆဲ့တပါးသော ရုပ်တရား, နာမ်, နိဗ္ဗာန်, ပညတ်၊ ဤတရားစုကို ဆိုသည်။ ။အာလမ္ဗီယတီတိ အာလမ္ဗဏံ။ (ဝိဂ္ဂြိုဟ်)။ ။နာမေန၊ နာမ်တရားသည်။ အာလမ္ဗီယတိ၊ ဆွဲကိုင် အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာလမ္ဗဏံ၊ အာလုံမည်၏။ (ဤသို့ ဆိုရမည်ကို လ, ကို ရ, ပြု၍ အာရုံ ဟူ၍ ဆိုလေသည်)။ အဓိပ္ပါယ်မှာ မစွမ်း မသန်သော သူသည် ကြိုးတန်း ကြိမ်တန်းကို ဆွဲကိုင်ရမှ ထနိုင်သကဲ့သို့ ထို့အတူ နာမ်တရား သည်လည်း ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗ, ဓမ္မ–ဤခြောက်ပါးသော တရား တို့ကို ဆွဲကိုင်ရမှ ဖြစ်ပေါ်နိုင်သည်၊ မဆွဲမကိုင်ရသော် မဖြစ် ပေါ်နိုင်။ ယင်းသို့ နာမ်တရားသည် ဆွဲကိုင်အပ် သောကြောင့် ယင်း တရားခြောက်ပါးကို အာရုံ ဟူ၍ ခေါ်ရသည် ဆိုလိုသည်။ တနည်း။ ။အာရမတိ ဧတ္ထာတိ အာရမ္မဏံ။ ။ဧတ္ထ၊ ဤခြောက် ပါးသော တရား၌။ နာမံ၊ နာမ်တရားသည်။ အာရမတိ၊ မွေ့လျော်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာရမ္မဏံ၊ အာရုံ မည်၏။ တမျိုးမှတ်သားရန်ကို ပြသည်ပြီး၏။

## ၅၅–ဝေဒနာက္ခန္ဓာနှင့် တကွ ယင်းဝေဒနာ၏ ဖြစ်ပုံကို ပြဆိုခြင်း

ဝေဒနာက္ခန္ဓာကို ပြဦးအံ့။ ။ဝေဒနာ ဆိုသည်မှာ အာရုံ၏ အရသာကို ခံစားတတ်သော သဘောကို ဆိုသည်။ ။ဝေဒယ တီတိ ဝေဒနာ။ ။(ဝိဂ္ဂြိုဟ်)။ ။ဝေဒယတိ၊ အာရုံ၏ အရသာကို ခံစားတတ်၏။ဣတိတသ္မာ၊ ထိုကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ အနက်။ ။ဤစကားကို ခံစားတတ်သော သတ္တိမရှိ နိဗ္ဗာပါရ

ဖြစ်သော ဝေဒနာကို ခံစားတတ်သော သတ္တိရှိသော အကောင်ကဲ့သို့ တင်စား၍ဆိုသောကြောင့် ရုဠ္ဌီစကား ဟူ၍ မှတ်။ ။ရုဠ္ဌီဆိုသည်ကား မှုချမဟုတ်သော စကားကို ဆိုသည်။ ။ထင်ရှားစေဦးအံ့။ ။ယင်းရုဠ္ဌီသည် အတွင်ရုဠ္ဌီ အထင်ရုဠ္ဌီ အတင်ရုဠ္ဌီ ဟူ၍ သုံးမျိုးရှိသည်။ ။ယင်း သုံးမျိုးတို့တွင် ဗိုလ်ဖြစ်ဘူးသောသူကို ဗိုလ်မင်း, ဝန်ထောက် ဖြစ်ဘူးသောသူကို ဝန်ထောက်မင်း သူကြီးဖြစ်ဘူးသော သူကို သူကြီးမင်း ဤသို့ စသည် ခေါ်ဆိုကြသော စကားကို အတွင်ရုဠ္ဌီ ဟူ၍မှတ်။ သားကို ငဘ၊ ငတေ၊ ဆင်းရဲသူကို ငဒွေး၊ ငကြွယ်ဝ၊ ငချမ်းသာ။ ဤသို့စသည် ခေါ်ဆိုကြသော စကားကို အထင်ရုဠ္ဌီ ဟူ၍မှတ်။ ။ထမင်းချက်သည်၊ ဟင်းချက်သည်၊ လေးနှင့်ပစ်သည်၊ သေနတ်နှင့်ပစ်သည် ဤသို့ စသည် ဆိုကြသော စကားကို အတင်ရုဠ္ဌီ ဟူ၍မှတ်။ ။ဤအရာ၌ အတင်ရုဠ္ဌီ ဟူ၍မှတ်။

မှုချစကားမှာ ခံစားဆိုသော်လည်း ခံသာ-မခံသာ ဖြစ်ပေါ်ခြင်းမျှပင်, ယင်းသို့ ဖြစ်ပေါ်သော ခံသာ-မခံသာသော သဘောကိုပင် ဝေဒနာ ဟူ၍ မှတ်ရသည်၊ ဝေဒနာ ဟူ၍ ဆိုရသည်။ ယင်း သဘောမှတပါး ဝေဒနာ ဟူ၍ မှတ်စရာမရှိ။ ဝေဒနာဟူ၍ ဆိုစရာမရှိ။ ။ဝေဒယိတလက္ခဏာ ဝေဒနာ။ ။ထိုထို အာရုံကထာတို့၌ လာသောပါဠိ။ ။ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ ခံသာ-မခံသာသော သဘောလျှင် မှတ်စရာရှိ၏။ အနက်။ ယင်း ဝေဒနာကို သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, ဟူ၍ သုံးမျိုးမှတ်။ ။တနည်းသုခဝေဒနာ,ဒုက္ခဝေဒနာ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ-ဟူ၍ ငါးမျိုးမှတ်။ ။ကိုယ်၌ခံသာသည်ကား သုခဝေဒနာ။ မခံသာသည်ကား ဒုက္ခဝေဒနာ။ စိတ်၌ ခံသာသည်ကား သောမနဿဝေဒနာ။ မခံသာသည်ကား ဒေါမနဿ ဝေဒနာ။ အလယ်အလတ်လျစ်လျူကား ဥပေက္ခာဝေဒနာ။ သုခဝေဒနာနှစ်မျိုး ဒုက္ခဝေဒနာနှစ်မျိုး ပွါး၍ ဝေဒနာ ငါးမျိုးဖြစ်သည်။

ယင်းဝေဒနာသည် နာရခြောက်ပါး တို့တွင် ကာယ နာရ၌ အထူးသိသာ၏။ ။ထင်ရှားအောင် ပြဦးအံ့။ ပူအိုက်၍ ရေ ချိုးသောအခါ လေညှင်းခံသောအခါ အေးချမ်း၍ မီးလှုံသောအခါ ဥတုကောင်းသောအခါ နူးညံ့သောအိပ်ရာ၌ အိပ်နေသောအခါ စသည်တို့၌ရေ,လေ, မီးရှိန်, ဥတုငွေ့, အိပ်ရာနေရာတို့၏ အတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်တွေကို ခိုက်တိုက်၍ မနောကို ခိုက်တိုက်လေ၏။ ထိုအခါ ကာယပသာဒရုပ်အိမ်မှ ခံသာသော သဘောတွေ နှလုံးအိမ်မှ ဝမ်းမြောက် ချမ်းသာသည် ဆိုရသော ခံသာသော သဘောတွေ ဖြစ်ပေါ်လေ၏။ ယင်း ခံသာသော သဘောတွေကိုပင် သုခဝေဒနာဟု မှတ်ရသည်။ သုခဝေဒနာဟု ဆိုရသည်။ ။နှလုံးအိမ်၌ ဖြစ်သော သုခဝေဒနာ ကိုကား သောမနဿ ဝေဒနာ ဆိုပြန်သည်။

အထူးအားဖြင့် သားမယားတို့၏ အတွေ့ ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ ထိသောအခါ နှလုံးအိမ်၌ ခံသာသော သောမနဿ ဝေဒနာတွေ အလွန် အားကြီးစွာ ဖြစ်ပေါ်သည်။ယင်း သောမနဿဝေဒနာနှင့် အတူဖြစ်သော အလွန် နှစ်သက်အားရသော ဝိညာဏ် စိတ်က ကောင်းသော အတွေ့ရှိသော အာပေါလွန်သော အဋ္ဌကလာပ် ရုပ်-ဟူသော သုက်သွေးတို့ကို ကိုယ်အားလုံး၌ အပျံ့အနှံ့ဖြစ်ပွါး လှုပ်ရှားရွေ့သွားစေ၏။ အသစ်ကိုရည်၍ ဖြစ်ပွါးဟု ဆိုသည်၊ အဟောင်းကို ရည်၍ လှုပ်ရှား, အသစ် အဟောင်းကို ရည်၍ ရွေ့သွားဟုဆိုသည်။ ။ကိုယ်အားလုံး၌ လှုပ်ရှား ရွေ့သွား သော ယင်း သုက်သွေးတို့၏ အတွေ့ဖောဋ္ဌဗ္ဗာရုံသည် ကိုယ်လုံးရှိ ကာယပသာဒရုပ်တွေကို ခိုက်တိုက်သည် အတွက်ကိုယ်လုံးရှိ ကာယပသာဒရုပ် အဇ္ဇိမ်တို့မှရင်း နှလုံးအိမ်မှရင်း အားကြီး သော ခံသာသော သုခ ဝေဒနာတွေဖြစ်သည်။ ။ဆိုအပ်ပြီး ယင်းသုခဝေဒနာတွေသည် ခြင်ဆီအရိုးအကြော အသား အသွေး အရေ-တို့လည်း မဟုတ်ကုန်။ ခိုက်တိုက်သော ဖောဋ္ဌဗ္ဗာရုံလည်း မဟုတ်။ အလွတ်တမျိုးတခြား ကျောက် မီးခတ် ကြားမှမီးပွါး

ဖြစ်သကဲ့သို့ မှတ်။ ။ယင်း သုခဝေဒနာကို ဘယ်လိုနေရာက ဘယ်လိုဖြစ်သည် ဘယ်လိုနေသည် ဘယ်လိုဟာပါ တကားဟု စဉ်းစားဆင်ခြင်ရသည်။ငါအကောင် မထင်စေရ။ ။သုခဝေဒနာ ဖြစ်ပုံ။

ဒုက္ခဝေဒနာ ဖြစ်ပုံမှာ။ ။မကောင်းသော အတွေ့ ရှိသော မီး,လေ,နေပူ,သစ်,သံ,ကျောက်, စသော တစုံတခုနှင့် ထိမိ တိုက်ခိုက်မိသော အခါ ယင်း ဝတ္ထုတို့၏ အတွေ့ ဖေါဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ် တွေကို ခိုက်တိုက်၍ မနောကို ခိုက်တိုက်လေ၏။ ထိုအခါ ကာယပသာဒရုပ် အအိမ်တို့မှ မခံသာ နာကျင်သော သဘောတွေ နှလုံးအိမ်မှ မနေသာမထိုင်သာ မခံသာသော သဘောတွေ ဖြစ်ပေါ်လေ၏။ ။ယင်းမခံသာသော သဘောတွေကိုပင် ဒုက္ခဝေဒနာဟု မှတ်ရသည်။ ဒုက္ခ ဝေဒနာ ဟု ဆိုရသည်။ နှလုံးအိမ်၌ ဖြစ်သော ဒုက္ခဝေဒနာကိုကား ဒေါမနဿ ဝေဒနာ ဆိုပြန်သည်။ ။ဤကား ဗဟိဒ္ဓ ဖေါဋ္ဌဗ္ဗာရုံကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ။

အဇ္ဈတ္တဖေါဋ္ဌဗ္ဗာရုံကြောင့် ဖြစ်ပုံမှာ။ ။သစ်, သံ, ကျောက်, မြေ,လက်နက်-စသော တစုံတခု ထိခိုက်သော ဒဏ်ချက်ကြောင့် ကိုယ်တွင်း အဇ္ဈတ္တ တေဇောသည် ပုက်လေ၏။ ယင်းတေဇော ဓာတ်ပုက်သည် ဝါယောကိုဖြစ်စေ၍ ဝါယောနှင့် တကွ ဓာတ်ပုက် အငွေ့အရှိန် ဖေါဋ္ဌဗ္ဗာရုံဖြစ်လေ၏။ ယင်းဓာတ်ပုက် အငွေ့အရှိန် ဖေါဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်တွေနှင့် တကွ မနောကို ခိုက်တိုက် လေ၏။ ထိုအခါ ကာယပသာဒ ရုပ် အအိမ်တို့မှ အောင့် ကိုက် နာ ကျင်မခံသာသော ဒုက္ခဝေဒနာတွေ နှလုံးအိမ်မှ ဆင်းရဲ ပင်ပန်းစွာ မခံသာသော ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လေ၏။ဓာတ်တပါးဟူသော အသားအသွေးကို ပုပ် သိုး ဘောက်ပြန်စေ၏။ ။ယင်း တေဇော ဓာတ်ပုက် အငွေ့ အရှိန် ကိုပင် မန်း-ဟူ၍ ဆိုသည်။ ယင်း တေဇောဓာတ်ပုက် အငွေ့ အရှိန် ကုန်မှ ဒဏ်ရာ အနာပျောက်သည်။

ဥတု မညီညွတ်သည့် အတွက် ကြောင့်ရင်း ဣရိယာပုထ် မမျှသည့် အတွက် ကြောင့် ရင်း မသင့် မတင့်သော အစာ အာဟာရကြောင့် ရင်း ဤသို့ စသည် တခုခု သော အကြောင်း ကြောင့် ကိုယ်တွင်းအဇ္ဈတ္တ တေဇောသည် ပျက်လေ၏။ ယင်း တေဇောဓာတ်ပျက်သည် ဝါယောကိုဖြစ်စေ၍ ဝါယောနှင့်တကွ ဓာတ်ပျက်အငွေ့အရှိန် ပေါ ဋ္ဌ ဗ္ဗာ ရုံ ဖြစ်လေ၏။ ယင်းတေဇော ဝါယော ဓာတ်ပျက် အငွေ့အရှိန် ပေါဋ္ဌဗ္ဗာရုံသည် ဓာတ်တပါး ကိုလည်း ဘောက်ပြန် ပျက်ပြားစေ၏။ ကိုယ်လုံးရှိ ကာယ ပသာဒရုပ်တွေကို ပျံ့နှံ့ခိုက်တိုက်၍ မနောကိုလည်း ခိုက်တိုက် လေ၏။ ထိုအခါ ကိုယ်လုံးရှိ ကာယပသာဒရုပ် အဇ္ဈိမ်တို့မှ ကိုက်ခဲ ပူလောင်စွာ မခံသာသော သဘောတွေ နှလုံးအိမ်မှ မနေသာ မထိုင်သာ မခံသာသော သဘောတွေ ဖြစ်ပေါ် လေ၏။ ယင်း မခံသာသော သဘောတွေကိုပင် ဒုက္ခဝေဒနာ မှတ်ရသည်။ ဒုက္ခဝေဒနာဆိုရသည်။ နှလုံးအိမ်၌ ဖြစ်ပေါ်သော ဒုက္ခဝေဒနာ ကိုကား ဒေါမနဿ ဝေဒနာ ဆိုပြန်သည်။ ။ သလိပ်၊ သည်းခြေ၊ သွေး၊ လေ-တို့လည်း ဘောက်ပြန် ပျက်ပြား လေ၏။ ။ထိုအခါ ဖျားသည်ဟူ၍ ဆိုရ၏။ ။ယင်း တေဇော ဝါယောဓာတ်ပျက် အငွေ့အရှိန် ပေါဋ္ဌဗ္ဗာရုံသည် ဦးခေါင်းကို မျက်စိကို နားကို သွားကို ခါးကို ဝမ်းကို ရင်ကို အကြောအချင် စသည်ကို ခိုက်တိုက်တိုးဇော့သည်ဖြစ်အံ့၊ ခေါင်းခဲနာ မျက်စိနာ နားနာ သွားနာ ခါးနာ ဝမ်းနာ ရင်နာ ညောင်းကိုက်သောအနာ စသည် အထူးထူးအထွေထွေ ရောဂါမျိုးတွေ ဖြစ်လေ၏။

ယင်း တေဇော ဝါယော ဓာတ်ပျက် အငွေ့ အရှိန်သည် တခုသောနေရာ၌ ခိုက်တိုက် စုဝေး အသွေး အသား ဟူသော ဓာတ်တပါးကို ပျက်ပြား စေ၍ တည်ခဲ့သည် ရှိသော် အနာ ပေါက်သည်ဟူ၍ ဆိုရပြန်သည်။ ဒုက္ခဝေဒနာလည်း ဖြစ်လေ၏။ ယင်းဆိုအပ်ပြီး မခံသာသော ဒုက္ခဝေဒနာတွေကို အရေ အကြော အရိုး အသား အသွေး-ဟူသော အဇ္ဈိမ်လည်း မဟုတ်၊ ခိုက်

တိုက်သောခါတ်ပုက် အငွေ့အရှိန် ဖေါ်ဒွေ့ဗွာရုံလည်း မဟုတ် မီးခြစ်အိမ်မီးခြစ်တံနှစ်ရပ်ထိခတ်၍ဖြစ်ပေါ်သောမီးတောက်ကဲ့သို့ တမျိုးဘခြားဟုမှတ်။ ။ယင်းမခံသာသော ဒုက္ခဝေဒနာတွေကို ဘယ်လိုနေရာက ဘယ်လိုဖြစ်သည့် ဘယ်လိုနေသည် ဘယ်လိုဟာ ပါတကား ဟူ၍ စဉ်းစားဆင်ခြင်းမှ ဝေဒနာကို အမှန်ကျ သိနိုင်သည်။ ခါတ်ပုက် ဆိုသည့်မှာ တပုံ တခု သော အကြောင်းကြောင့် ဘောက်ပြန်သော မူလရှိရင်း စတုဇ ကလာပ် တို့၌ ပါရှိသော ဥတုသည် ဆက်လက် ဖြစ်ပွါးစေအပ်သော ဘောက်ပြန်သော အာဂန္တုက ဓါတ် သစ်တွေကို ဆိုသည်။ ။အနာမျိုး, ရောဂါမျိုး ဖြစ်သမျှ တဇော ဆွ၍ ဖြစ်သော အာဂန္တုက ဓါတ်ပုက်တို့ကို အင့်ပြု၍ ဖြစ်သည် မှတ်လေ။ ။ဤသည်ကား ကိုယ်တွင်းရှိဖေါ်ဒွေ့ဗွာရုံကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ။

မနောဒွါရ၌လည်း ဒုက္ခဝေဒနာ သိသာ၏။ ။ထင်ရှားစေဦးအံ့။ ။ချစ်ခင်လေးမြတ် နှစ်သက်မြတ်နိုးအပ်သော ဆွေမျိုး စည်းစိမ်စသည်တို့၏ ပျက်စီးခြင်း, ကွေကွင်းခြင်းတို့နှင့် တွေ့ကြုံရသောအခါ တွေ့ကြုံပြီးသည်ကို အောက်မေ့သောအခါ စသည်တို့၌ ပျက်စီးခြင်း, ကွေကွင်းခြင်း ဟူသော မနှစ်သက်အပ်သော အာကာရပညတ် မွှာရုံသည်ရင်း, မနှစ်သက်အပ်သော အာကာရပညတ်၏မှီရာ ဝတ္ထု၌ ရှိသော အာရုံခြောက်ပါးတို့တွင် တပါးပါးသည်ရင်း,ချမ်းသာသုခမှ ဆုတ်ယုတ်သော မိမိကိုယ်ဟူသော ပညတ်မွှာရုံသည်ရင်း, မနှစ်သက်အပ်သော အာရုံတို့တွင်တပါးပါးသည်ဘဝင်မနောကို ခိုက်တိုက်လေ၏။ ထိုအခါစိတ်အစဉ်၌ ပြင်းပြပူလောင်စွာ မချမ်းသာ မခံသာသောသဘောတွေဖြစ်ပေါ်လေ၏။ယင်းမခံသာသောသဘောတွေကိုပင် ဒေါမနဿဝေဒနာ ဟုမှတ်ရသည်။ဒေါမနဿဝေဒနာဟုဆိုရသည်။ ။ယင်းဒေါမနဿ ဝေဒနာအားကြီးခဲ့လျှင် မစားနိုင်,မအိပ်နိုင်, မလုပ်နိုင်, မကိုင်နိုင်, ကြံမှိုင်ပူဆွေး အသားအသွေး ညှိုးမှိန် ခန်းခြောက် ရူးလောက် သေလောက်အောင် ပူလောင် ပင်ပန်းစေနိုင်သည်။

ထိုစကားသည်မှန်၏။ နှလုံးအိမ်၌ အားကြီးသော ဒေါမနဿ ဝေဒနာတွေသည် စိတ်ကို ပူလောင်စေ၏။ ယင်း စိတ် ပူသည် ပူပြင်းသော တေဇော, ဝါယော အငွေ့ အရှိန်တွေကို ဖြစ်စေ၏။ ယင်း ပူပြင်းသော အငွေ့ အရှိန် ဖေါဋ္ဌဗ္ဗာရုံသည် နှလုံးသွေး, နှလုံးအိမ်နှင့် တကွ အသား,အရေတို့ကို ပျံ့နှံ့ရိုက်တိုက်ပူလောင် စေသည်ရှိသော် အသား,အသွေးတို့ ညှိုးမှိန်ခန်းခြောက်ရလေ၏။ ပူပြင်းသော အငွေ့ အရှိန်ကြောင့် နှလုံးသွေးဆူပွက် နှလုံးသွေး ပျက်ခဲ့သည်ရှိသော် ပဋာစာရီ သူဌေးသမီးကဲ့သို့ ရူးသွပ်ခြင်းသို့ ရောက်ရ လေ၏။ ယင်း အငွေ့ အရှိန် အလွန် ပူပြင်းလှ သဖြင့် နှလုံးသွေး, နှလုံးသားကို လောင်၍ လည်း သေတတ်သည်။ ယင်း အငွေ့အရှိန် နှလုံးအိမ် မဆန့်လောက်အောင် အားကြီးလှ၍ အငွေ့အရှိန် ထွန်းကန်သည့်အတွက်ပြောက်ကွဲသကဲ့သို့ နှလုံးအိမ် ကွဲသဖြင့်လည်းသေတတ်သည်။

တယောက် သော မြင်း ဘီလူးမသည် အရွယ် အဆင်း နှင့် ပြည့်စုံသော လူယောကျ်ားတယောက်ကိုဘမ်းယူ ကျောက်ဂူတွင် လင်ပြု-သွင်းထား၊ သား တယောက်ရ၍ အရွယ်ရောက် ကာလ သားအဘ နှစ်ယောက် ထွက်ပြေး ကြရာ သားနှင့် ကွေကွင်း ရသည် အတွက် ပူပန် ဆင်းရဲ နှလုံး ကွဲ၍ သေလေ၏။ ။ ပုတ္တသောကေန ဟဒယံဖလိ။ ။နဝနိပါတ် အဋ္ဌကထာ။ ။ ပုတ္တသောကေန၊ သားကိုအာရုံပြု၍ ဖြစ်သောပူဆွေးခြင်းသောက ဟူသော ဒေါမနဿ ဝေဒနာကြောင့်။ ဟဒယံ နှလုံးအိမ်သည်။ ဖလိ၊ ကွဲလေ၏။ ။အနက်။ ။ဤအဋ္ဌကထာ၌ ဒေါမနဿ ဝေဒနာဟူသော သောကကြောင့် နှလုံးကွဲသည်ဟု ဆိုခြင်းသည် မချစကား မဟုတ်။ ။မျက်စိဖြင့် မြင်သည်, လေနာသည်, မိုဃ်း ကြောင့် ဝပြောချမ်းသာသည်၊ဤသို့စသည် ဆိုကြသောစကားတို့ ကဲ့သို့ တင်စား၍ ဆိုသောကြောင့် ရုဠှီစကား ဟူ၍မှတ်။

ထိုစကားမှန်၏။ ဒေါမနဿဝေဒနာသည် အသား,အသွေး ဟူသောရုပ်ကို မပူလောင်စေတတ်၊ နှလုံးအိမ်ကိုလည်း မခွဲတတ်။

စိတ်ကိုသာ ပူလောင် စေတတ်သည်။ ။"သောကော ဥပ္ပဇ္ဇမာနော အဂ္ဂိဝိယ စိတ္တံ ဈာပေတိ"။ ။သမ္မော အဋ္ဌကထာ။ ။ သောကော၊ ဒေါမနဿ ဟူသော သောကသည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သည်ရှိသော်။ အဂ္ဂိဝိယ၊ မီးကဲ့သို့။ စိတ္တံ၊ စိတ်ကို။ ဈာပေတိ၊ ပူလောင်စေ၏။ ။အနက်။ ။ဒေါမနဿ ဝေဒနာက စိတ်ကို ပူလောင် စေသည်။ စိတ်ပူက ပူပြင်းသော တေဇော ဝါယောတို့ကိုဖြစ်စေသည်။ယင်းပူပြင်းသော တေဇော,ဝါယော တို့က နှလုံးအိမ်နှင့်တကွ တကိုယ်လုံးကိုပူလောင်စေတတ် နှလုံး အိမ်ကို ကွဲစေတတ်သည် ဆိုလိုသည်။ ဤ ဆိုပြီးသည့် အတိုင်း မနှစ်သက်အပ်သော အာရုံတို့ မနောကို ခိုက်တိုက်သော အခါ နှလုံးအိမ်ထဲ၌ ဖြစ်ပေါ်သော မချမ်းသာ မခံသာသောဒေါမနဿ ဒုက္ခဝေဒနာ ပေါ်ကို နှလုံးအိမ်လည်းမဟုတ်၊ မနှစ်သက်အပ် သော အာရုံလည်း မဟုတ်၊ အဇ္ဈိမ်, အာရုံတို့မှာ အသီးအခြား တည်းဟုမှတ်။ယင်းမခံသာသော ဒေါမနဿ ဒုက္ခ ဝေဒနာတွေကို ဘယ်လို နေရာက ဘယ်လို ဖြစ်သည်, ဘယ်လို နေသည်, ဘယ်လိုဟာပါတကားဟု စဉ်းစားဆင်ခြင် ရသည်။ စဉ်းစား ဆင်ခြင်မှ ဝေဒနာကို အမှန်ကြသိနိုင်သည်။

ယင်းဆိုအပ်ပြီး အဟောင်း အသစ် ဖြစ်ပြီးဖြစ်ဆဲ ဝေဒနာ တွေကို ဉာဏ်ဖြင့် ပေါင်းစု၍ နှမ်းစု နှမ်းပုံ သဲစု သဲပုံ ဆိုသ ကဲ့သို့ ဝေဒနာက္ခန္ဓာ ဆိုရသည်။ ။"ဝေဒနာနံ ခန္ဓော ဝေဒ- နာက္ခန္ဓော"။ ။(ဝိဂြိုဟ်)။ ။ဝေဒနာနံ၊ ဝေဒနာတို့၏။ ခန္ဓော၊ အစုအပုံဘည်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာတို့၏ အစုအပုံ။ ။ အနက်။ ။တလုံးထဲ တခုထဲ သတ္တဝါအကောင်အခဲ မဟုတ်— ဆိုလိုသည်။ ။ဘနည်း။ ။"ဝေဒနာ ဧဝ ခန္ဓောဝေဒနာက္ခန္ဓော" (ဝိဂြိုဟ်)။ ။ဝေဒနာဧဝ၊ ဝေဒနာတွေသည် ပင်လျှင်။ ခန္ဓော၊ တစုတပုံ တမျိုးတခြားတည်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာတွေ တစု တပုံ တမျိုးတခြား။ ။အနက်။ ။နှမ်းတမျိုးတခြား, သဲတမျိုး တခြား-ဆိုသကဲ့သို့ တပါးခန္ဓာနှင့် မရောနှော၊ဝေဒနာတွေလည်း

တသီးတမျိုးတခြား ဆိုလိုသည်။ ။ဝေဒနာ ပုပ္ဖုဠ္ဌုပမာ။ ။
သံယုတ်ပါဠိတော်။ ။ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ ပုပ္ဖုဠ္ဌုပမာ၊
ရေပွက်နှင့် အလားတူ၏။ ။အနက်။ ။ဝေဒနာက္ခန္ဓာသည်
ဖြစ်လွယ် ပျက်လွယ် အသူမခံ အကိုင်မခံ ယူစရာ ရစရာ အတုံး
အခဲ အနှစ် အသား မရှိသည့် အတွက်.ရေပွက်နှင့် တူသည်
ဆိုလိုသည်။ ။ဝေဒနာက္ခန္ဓာ ပြီး၏။

## ၅၆—သညာက္ခန္ဓာကို ပြခြင်း

သညာဆိုသည်မှာ မှတ်သိတတ်သော သဘောကို ဆိုသည်။
သဉ္ဇာနာတီတိ သညာ။ ။(ဝိဂြိုဟ်)။ ။သဉ္ဇာနာတိ၊ အာရုံကို
မှတ်သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သညာ၊သညာမည်၏။
အနက်။ ။ဤစကားသည် ရုဋ္ဌီသာတည်း။ ။မုချအစစ်ကား
မှတ်သိခြင်းမျှကိုပင် သညာဟူ၍ မှတ်ရသည်၊ သညာ ဟူ၍
ဆိုရသည်၊ တခြားမရှိ။ ။သဉ္ဇာနနလက္ခဏာ သညာ။ ။အဋ္ဌ
ကထာတို့၌ လာသောပါဠိ။ ။သညာ၊ သညာသည်။ သဉ္ဇာနန
လက္ခဏာ၊ အာရုံကို မှတ်သိခြင်းလျှင် မှတ်စရာရှိ၏။ ။အနက်။
ထမင်းမှန်း ဟင်းမှန်း မိမှန်း ဘမှန်း တောင်မှန်း မြောက်မှန်း
သိသည်။ ဤသို့စသည် သိဆိုသမျှ မှတ်သိပင်။ အခေါ် အဝေါ်
အမှတ် အသား နားလည် ကျွမ်းကျင် တတ်သိ လိမ္မာသည်
ဆိုသမျှလည်း မှတ်သိသညာပင်၊ စာဘတ်သော အခါ အက္ခရာ
စာလုံးတွေကို သိခြင်း, တစ်, နှစ် စသော သင်္ချာကို သိမြင်ခြင်း,
သစ်ပင်ကို မြင်သောအခါ ပင်စည် အကိုင်းအခက် အရွက်
အသီး အပွင့် အရွက်တွင်လည်း အကြမ်း– အနု– အရင့် အရော်–
စသည် အသီးသီး၊ တမျိုးစီခွဲခြား၍ သိမြင်ခြင်း စသည်တို့လည်း
မှတ်သိသညာပင်။ဤသို့စသည်မျက်စိဥပစာ အတွင်းမြင်သမျှ နား
ဥပစာ အတွင်း ကြားသမျှ အများအာရုံတွေကို အမည်နှင့် တကွ
တမျိုးစီ ခြားနား သိမြင်ခြင်း ဟူသမျှကို မှတ်သိ သညာပင် ဟူ၍

မှတ်လေ။ ယင်းမှတ်သိကို ဘယ်လို နေရာက ဘယ်လိုဖြစ်သည် ဘယ်လိုနေသည် ဘယ်လိုဟာပါ တကားဟု စဉ်းစားဆင်ခြင်ရသည်။ စဉ်းစားဆင်ခြင်မှ သညာကို အမှန်ကျသိနိုင်သည်။

ယင်း ဆိုအပ်ပြီး အဟောင်း အသစ် ဖြစ်ပြီးဖြစ်ဆဲ သညာတွေကို ဉာဏ်ဖြင့် ပေါင်းစု၍ နှမ်းစု နှမ်းပုံ သဲစုသဲပုံ ဆိုသကဲ့သို့ သညာက္ခန္ဓာ ဆိုရသည်။ ။သညာနံ ခန္ဓော သညာက္ခန္ဓော။ ။(ဝိဂြိုဟ်)။ ။သညာနံ၊ သညာတို့၏။ ခန္ဓော၊ အစုအပုံဘည်း။သညာက္ခန္ဓော၊သညာတို့၏ အစုအပုံ။ ။အနက်။ တလုံးထဲ တခုထဲ သတ္တဝါ အကောင် အခဲ မဟုတ် ဆိုလိုသည်။ တနည်း။ သညာဝေ ခန္ဓော သညာက္ခန္ဓော။ ။(ဝိဂြိုဟ်)။ ။သညာဝေ၊ သညာသည်ပင်လျှင်။ ခန္ဓော၊ တစုတပုံတမျိုး တခြားတည်း။ သညာက္ခန္ဓော၊ သညာ တစုတပုံ တမျိုးတခြား။ ။နှမ်းတမျိုး တခြား သဲတမျိုးတခြား ဆိုသကဲ့သို့ တပါးခန္ဓာနှင့် မရောမနှော၊ သညာတွေလည်း တစုတပုံ တမျိုးတခြား ဆိုလိုသည်။

မရီစိကူပမာ သညာ။ ။သံယုတ်ပါဠိတော်။ ။သညာ၊ အမှတ် အသား သညာသည်။ မရီစိကူပမာ၊ တောသမင်တို့ ရေထင်မှတ်ပြား တံလှပ်နှင့် အလားတူ၏။ ။အနက်။ ။အကျွမ်း အကျင် အသိ အမှတ် အတတ် အလိမ္မာဟူသော သညာက္ခန္ဓာကို အခိုင် အခံ့ကြီး အားကိုး အားထားကြီး တခု ထင်မှတ်ကြ၏။ ထင်သော်လည်း ထင်တိုင်း အားကိုးမခံ အားထားမခံ ဖြစ်လွယ် ပျက်လွယ် မနိုင်မခံ့ အနှစ် အသား မရှိသည့်အတွက် တံလှပ်နှင့် အလားတူသည် ဆိုလိုသည်။

## ၅၇—သင်္ခါရက္ခန္ဓာကို ပြခြင်း

သင်္ခါရ ဆိုသည်မှာ အပင်း အသင်းနှင့် တကွ စေတနာကို ဆိုသည်။ စေတနာ ဆိုသည်မှာ အတူဖြစ်ဘက် နာမ်တရားတို့ကို အားပေး စေ့ဆော်တတ် ထိုထို ကိစ္စကို ပြီးစေတတ်သော

သဘောကိုဆိုသည်။ ။စေတေတီတိ စေတနာ။ ။(ဝိဂ္ဂဟ်)။ ။ စေတေတိ၊ စေ့ဆော် အားပေးတတ် ထိုထို ကိစ္စကို ပြီးစေတတ် ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ စေတနာ၊ စေတနာ မည်၏။ ။ အနက်။ ။ဤစကားလည်း ရုဠ္ဟီသာတည်း။ ။မုချ အစစ်ကား စေ့ဆော် အားပေးခြင်း သဘောမျှကိုပင် စေတနာ, ဟူ၍ မှတ်ရ သည်။ စေတနာ, ဟူ၍ ဆိုရသည့် တခြားမရှိ။ ။စေတယိတ လက္ခဏာ စေတနာ။ ။အဋ္ဌကထာတို့၌ လာသောပါဠိ။ ။ စေတနာ၊ စေတနာသည်။ စေတယိတ လက္ခဏာ၊ စေ့ဆော် အားပေး ခြင်းလျှင် မှတ်စရာရှိ၏။ ။အနက်။ ။ဝေဒနာ, သညာ, ဝိညာဏ်တို့လည်း စေတနာ စေ့ဆော် အားပေးမှ အားရှိ သည်။ အကုသိုလ်ကို ပြုသောအရာတို့၌ရင်း ဒါန, သီလ-စသော ကုသိုလ်ကိုပြုသော အရာတို့၌ရင်း စေတနာ အားပေး စေ့ဆော်မှ အားသန်သည်။ ။ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ အလုံးစုံ သော ကိစ္စမျိုးတို့၌ စေတနာ စေ့ဆော် အားပေးမှပင် အားရှိ သည်၊ ကိစ္စပြီးစီးလွယ်သည်။ ထိုကြောင့် စေတနာကို အလုံးစုံ သော နာမ်တရားတို့၏ အား,ဟူ၍ ဆိုအပ်၏။ ဝါယော ဓာတ် ကိုကား ရုပ်တရားတို့၏ အား, ဟူ၍ ဆိုအပ်၏။ ။ခေတ္တ သာမိ ကောဝိယ စေတနာ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။စေတနာ၊ စေတနာသည်။ ခေတ္တသာမိကော ဝိယ၊ ကောက်ရိတ်သော အခါ လယ်ရှင် ယောကျ်ားနှင့် အလားတူ၏။ ။အနက်။ ။လက် ထောက် တပည့်ကြီး မိုလ်မှူးစစ်ကဲကြီးတို့နှင့် တူကြောင်းကို လည်း ဆိုသေး၏။ ။မိမိလည်း အားထုတ် သူတပါးကိုလည်း အားထုတ်စေသည် ဆိုလိုသည်။

အပါယ်ခန္ဓာ, လူ့ခန္ဓာ, နတ်ခန္ဓာ၊ အပါယ်ဘဝ, လူ့ဘဝ, နတ်ဘဝ အလုံးစုံသော ဘဝ ခန္ဓာတွေကို ပြုပြင်သည်လည်း စေတနာပင်။ ။ပစ္စက္ခမျက်မှောက်၌ အလုံးစုံသော ကိစ္စမျိုးတို့ကို ပြုပြင်သည်လည်း စေတနာပင်။ ။ဤသို့ ပြုပြင်တတ်သောကြောင့် စေတနာကို သင်္ခါရဆိုသည်။

သမ္ဗောဓိတိ သင်္ခါရာ။ ။(ဝိဂြိုဟ်)။ ။သမ္ဗောဓိ၊ ပြုပြင် တတ်ကုန်၏။ ဇာတိတည်သွား၊ ထိုကြောင့်။ သင်္ခါရာ၊ သင်္ခါရ မည် ကုန်၏။ ။အနက်။ ။စေတနာကိုဆိုလျှင် ဖဿ, စသော အပင်းအသင်း တရားလည်း အတွင်းဝင်ပါပြီဖြစ်၍ ဝိပဿနာရှု လွယ်ရုံ, ဉာဏ်နိုင်လောက်ရုံ သုတ္တန်နည်းအားဖြင့် စေတနာကို သာ သင်္ခါရက္ခန္ဓာ ဆိုလိုက်သည်။ သုတ္တန်နည်း ဆိုသည်မှာ ဉာဏ်ထက်သော ပုဂ္ဂိုလ်, ဉာဏ်အလယ်- အလတ် ရှိသော ပုဂ္ဂိုလ်, ဉာဏ်တုံးသော ပုဂ္ဂိုလ်, ဉာဏ်နုသော ပုဂ္ဂိုလ် တို့၏ ဉာဏ်နှင့် တန်ရုံ-တန်ရုံ ထိုပုဂ္ဂိုလ်တို့ သိလောက်ရုံ သိလောက်ရုံ ချင့်ချိန်၍ ဟောတော်မူရသော နည်းဖြစ်သည်။

အဘိဓမ္မာနည်း ဆိုသည်မှာ ပုဂ္ဂိုလ်ကို မငဲ့ဘဲ ပရမတ္ထ သဘာဝရှိသမျှကို အကြွင်းမရှိ အကုန်ဟောတော်မူရသော နည်း ဖြစ်သည်။ ယင်း အဘိဓမ္မာနည်းသည် တဘက်ဆည် ကန်ကြီး နှင့် အလားတူ၏။ ။တူပုံကား အများ သုံးစွဲကြရန် ပြုစုတည် ထောင်၍ ထားသော အသူတရာနက်သော တဘက်ဆည်ကန် ကြီး၌ ဆင်တို့လည်း သုံးစွဲကြရ၏။ ကျွဲ, နွား တို့လည်း သုံးစွဲကြ ရ၏။ ချေ, သမင် တို့လည်း သုံးစွဲကြရ၏။ ယုန် သားငယ်တို့ လည်း သုံးစွဲကြရ၏။ ငှက်,ပုတတ်တို့လည်း သုံးစွဲကြရ၏။ ထိုအတူ အဘိဓမ္မာ နည်းသည်လည်း ဉာဏ် ထက်, ဉာဏ် လတ်, ဉာဏ်တုံး, ဉာဏ်နုသော သူတို့ မိမိတို့ ဉာဏ်နှင့် တန်ရုံတန်ရုံ သိကြရ မြင်ကြရကုန်၏။

အဋ္ဌကထာတို့၌ လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်တွေနှင့် ထက္ခ နာမ်ကုန်, ရုပ်ကုန် သိမ်းဆည်း ပုံကို ပြသော အရာ သည်လည်း တဘက်ဆည်ကန်နှင့် အလားတူ၏။ မိမိတို့ဉာဏ်နှင့် တန်ရုံတန်ရုံနာမ်, ရုပ်ကို သိမ်းဆည်းကြရသည်။ ဉာဏ်မနိုင်လျှင် ခက်ရုံ ရှုပ်ရုံ စိတ်ပြန့်လွင့်ရုံသာ ဖြစ်တတ်သည်။ စိတ်လည်း ဘောက်ပြန် တတ်သည်။ စိတ် မဘောက်ပြန်လျှင် သံသရာမှာ ဖြစ်နိုင်ခဲသော ကုသိုလ်ကား အထူး ဖြစ်ပွားပါ၏။ ဘုတ်အုပ်စာ

ပေစာ ပိဋကတ်ကျမ်းဂန် တတ်သိ ကျွမ်းကျင်ဆိုသော ပုဂ္ဂိုလ် တို့လည်း ကိုယ်ထဲမှာမတတ် စာထဲမှာသာ တတ်သောကြောင့် သဒ္ဓပညတ်, အတ္ထပညတ်တွေ လွှမ်းဖိ၍ ပရမတ်ကို မထိနိုင်ဘဲ ပညတ်တွေထဲတွင်သာ တလုံးလဲလဲ တဏှာ, မာန, ဒိဋ္ဌိတွေနှင့် နေကြရခြင်းသည် သုတသညာသာ အားကြီး၍ ဉာဏ်တုံးကြ ဉာဏ်နုံကြသည့် အတွက်ပင်မှတ်။ ။ဉာဏ်တုံးသော ပုဂ္ဂိုလ်မှာ သွေးလျှင် ထက်သေးသည်။ သွေးနည်းကား သီလဝိသုဒ္ဓိ, စိတ္တ ဝိသုဒ္ဓိ တို့ပင်တည်း။ ဉာဏ်နုံသော ပုဂ္ဂိုလ်မှာ ဤဘဝ၌ ဉာဏ်အဆုံး မရောက်နိုင် ဉာဏ်ရင့်သန်စေရန် ကူပံ့ ထပ်မံရ သည်။ ကူပံ့ ထပ်မံဆိုသည်မှာ ဒါနအရာ, သီလအရာ, ဘာဝနာ အရာ အခွင့်သာယာ ဘယ်ဟာမရွေးအလေးဂရု အခြေပြုလိုသော စိတ်ထားဖြင့် ကုသိုလ်တရား ဖြစ်ပွါးစေသည်ကို ဆိုသည်။ ။ အခွင့်သာဆိုသည်မှာ ရွှေ,ငွေ,ဥစ္စာ, လယ်,ယာ, ကျွဲ, နွား,သား, မယားကိုမခွါ တွယ်တာ သိမ်းပိုက် သူတို့မှာ ဒါန အခွင့်သာ သည်။ ရွှေ, ငွေ, ဥစ္စာ, လယ်, ယာ, ကျွဲ, နွား, သား, မယားကိုခွါ အတွယ်အတာ မရှိဘဲ တောကို ကြည့် လွင်သို့ ထွက်ပြီးလျှင် ဝဲ့ကွက်မရှိ အားလုံး သူတို့မှာ ဒါန အခွင့်မသာမှတ်။ သဒ္ဓေါ ဒါနေန န တပ္ပတိ။ ။နိပါတ် အဋ္ဌကထာ။ ။သဒ္ဓေါ၊ သဒ္ဓါ တရားရှိသော ပုဂ္ဂိုလ်သည်။ ဒါနေန၊ ဒါနဖြင့်။ ဝါ၊ လှူဒါန်း ပေးကမ်းစွန့်ကြဲခြင်းဖြင့်။ န တပ္ပတိ၊ မရောင့်ရဲနိုင်,အားမရနိုင်။ ။ အနက်။

> သဒ္ဓါစစ်၊ ဒါနကိုချစ်သည်။ ပညာစစ်၊ ရွေးချယ်စိစစ်သည်။
> သဒ္ဓါလွန်လျှင် မိုက်မှားတတ်သည်။ ပညာလွန်လျှင် ယုမှားတတ်သည်။
> သဒ္ဓါနှင့်ဉာဏ်၊ နှစ်ခုသန်မှ၊ လမ်းမှန်သို့ကျသည်။

အဟောင်း, အသစ် ဖြစ်ပြီး, ဖြစ်ဆဲ သင်္ခါရ တွေကို ဉာဏ်ဖြင့် ပေါင်းစု၍ နှမ်းစု နှမ်းပုံ သဲစု သဲပုံ ဆိုသကဲ့သို့ သင်္ခါရက္ခန္ဓာ ဆိုရသည်။ ။သင်္ခါရာနံ ခန္ဓော သင်္ခါရက္ခန္ဓော။ ။(ဝိဂြိုဟ်)။ ။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ခန္ဓော၊ အစုအပုံတည်း။ သင်္ခါရက္ခန္ဓော၊

သင်္ခါရတို့၏ အစုအပုံ။ အကောင်အခဲ မဟုတ် ဆိုလိုသည်။ ။ တနည်းကား။ ။သင်္ခါရာ ဧဝ ခန္ဓော သင်္ခါရ က္ခန္ဓော။ ။ သင်္ခါရာဧဝ၊ သင်္ခါရတို့သည်ပင်လျှင်။ ခန္ဓော၊ တစုတပုံ တမျိုး တခြားတည်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရတွေ တစုတပုံ တမျိုး တခြား။ ။နှမ်းအမျိုးတခြား သဲအမျိုးတခြား ဆိုသကဲ့သို့ တပါး ခန္ဓာနှင့် မရော မနှော၊ သင်္ခါရတွေ ကမျိုးတခြား ဆိုလိုသည်။

သင်္ခါရာ ကဒလူပမာ။ ။သံယုတ် ပါဠိတော်။ ။သင်္ခါရာ၊ အပင်း အသင်းနှင့်တကွ စေတနာ ဟူသော သင်္ခါရ တို့သည်။ ကဒလူပမာ၊ ငှက်ပြောတုံးနှင့် အလား တူကုန်၏။ ။အနက်။ သင်္ခါရက္ခန္ဓာသည် အားရှိ အင်ရှိ အခိုင်ကြီး အခံ့ကြီး ကဲ့သို့ ထင်ရ၏။ထင်သော်လည်း အားမရှိ အင်မရှိ ဖြစ်လွယ် ပျက်လွယ် မခိုင် မခံ့ အနှစ် အသား မရှိသည့် အတွက် ငှက်ပျောတုံးနှင့် အလားတူသည် ဆိုလိုသည်။ ။သင်္ခါရက္ခန္ဓာပြီး၏။

## ၅၈–ဝိညာဏက္ခန္ဓာကို ပြခြင်း

ဝိညာဏ်ဆိုသည်မှာ အာရုံကို သိစေတတ်သော သဘောကို ဆိုသည်။ ။ဝိဇာနာတီတိ ဝိညာဏံ။ ။(ဝိဂြိုဟ်)။ ။ဝိဇာနာတိ၊ အာရုံကိုသိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ ဝိညာဏ် မည်၏။ ။အနက်။ ။ရှင်းတည်း။ ။မှချအစစ်ကား အာရုံကို သိသောအခါ အသိမျှကိုပင် ဝိညာဏ်ဟူ၍ မှတ်ရသည်၊ ဝိညာဏ်ဟူ၍ ဆိုရသည်၊ တခြား ရှိတော့သည် မဟုတ်။ ။ ဝိဇာနနလက္ခဏံ ဝိညာဏံ။ ။သမ္မော စသော အဋ္ဌကထာပါဠိ။ ။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကို သိသော အခါ အသိမျှလျှင် မှတ်စရာရှိ၏။ ။အနက်။ ။ယင်း အသိ ဝိညာဏ်သည် ခြောက်မျိုး ရှိသည်။ ။ခြောက်မျိုးဆိုသည်မှာ—

၁။ စက္ခုဝိညာဏံ-မျက်စိအိမ်၌ အသိ,

၂။ သောတဝိညာဏံ-နားအိမ်၌ အသိ,

၃။ ဃာနဝိညာဏံ–နှာခေါင်းအိမ်၌ အသိ,
၄။ ဇိဝှါဝိညာဏံ–လျှာအိမ်၌ အသိ,
၅။ ကာယဝိညာဏံ–တကိုယ်လုံး၌ အသိ,
၆။ မနောဝိညာဏံ–နှလုံးအိမ်၌ မနော အသိ,
ဤခြောက်မျိုးတည်း။

ယင်း အသိ ခြောက်မျိုးကို အအိမ်ခြောက်ခုမှ ဖြစ်ပေါ်သော ယခု ငါသိသော အသိတို့သည် ဘယ်လိုသိသည် ဘယ်လိုနေရာက ဘယ်လိုနေသည် ဘယ်လိုပါ တကားဟု စဉ်းစားဆင်ခြင်ရသည်။ စဉ်စား ဆင်ခြင်မှ ဝိညာဏ်အမှန်ကျ သိနိုင်သည်။ ယင်း ဆိုအပ်ပြီး အဟောင်း, အသစ် ဖြစ်ပြီး, ဖြစ်ဆဲ ဝိညာဏ်တွေကို ဉာဏ်ဖြင့် ပေါင်းစု၍ နှမ်းစု နှမ်းပုံ,သဲစုသဲပုံ,ဆိုသကဲ့သို့ ဝိညာဏက္ခန္ဓာဆိုရသည်။ ။ဝိညာဏာနံခန္ဓော ဝိညာဏက္ခန္ဓော။ (ဝိဂ္ဂုဟ်)။ ။ဝိညာဏာနံ၊ အသိဝိညာဏ်တို့၏။ ခန္ဓော၊ အစုအပုံတည်း။ ဝိညာဏက္ခန္ဓော၊ အသိဝိညာဏ်တို့၏ အစုအပုံ။ အတုံး, အခဲ တခုထဲ သတ္တဝါအကောင်မဟုတ် ဆိုလိုသည်။တနည်းကား။ ဝိညာဏမေဝခန္ဓော ဝိညာဏခန္ဓော။ ။(ဝိဂ္ဂုဟ်)။ ဝိညာဏမေဝ။ အသိဝိညာဏ်သည်ပင်လျှင်။ခန္ဓော၊တစုတပုံတမျိုးတခြားတည်း။ ဝိညာဏက္ခန္ဓော၊ အသိ ဝိညာဏ်သည်ပင်လျှင် တစုတပုံ တမျိုး တခြား။ ။အနက်။ ။ဝိညာဏ်လည်း တမျိုး တခြား တပါးခန္ဓာတို့နှင့် မရောနှော ဆိုလိုသည်။

မာယူပမဥ္စဝိညာဏံ။ ။အဘိဓမ္မာဝိဘင်းပါဠိတော်။ဝိညာဏံ၊ အသိစိတ်ဝိညာဏ်သည်။ မာယူပမဥ္စ၊ မျက်လှည့်သမားတို့ပြုလုပ်အပ်သော ဝတ္ထုနှင့်လည်း တူ၏။ ။အနက်။ မျက်လှည့်သမားတို့ ပြုလုပ်အပ်သော ဝတ္ထုသည်မဟုတ်ဘဲနှင့် အဟုတ်ထင်ရသကဲ့သို့ ထို့အတူ စိတ်ဝိညာဉ် သည်လည်း တောင့်တောင့် တင်းတင်း တခုထဲ တရှိထဲကဲ့သို့ ထင်ရ၏။ထင်သော်လည်း မတောင့်မတင်း ဖြစ်လွယ်,ပျက်လွယ် ယူစရာရစရာ အနှစ်အသား မရှိ။ ထင်တိုင်း

မှန်သည့် အတွက် ဖုက်လှည့် သမားတို့ ပြုလုပ်အပ်သော ပဋ္ဋနှင့်တူသည် ဆိုလိုသည်။ ။ဝိညာဏက္ခန္ဓာ ပြီး၏။

## ၄၃–အသိသုံးပါးနှင့်တကွ အထူးမှတ်ရန်ကို ပြခြင်း

ဝိညာဏ်သိကား ဦးတိုက်သိ၊ သညာသိကား မှတ်သိ၊ ပညာသိကား အချက်ကျ ထိုးထွင်း၍သိ။ ။တနည်းလည်း အမည် မသိဘဲ သိရာ၌ ဝိညာဏ်သိ၊ အမည်ကိုသိ၍ သိရာ၌ သညာသိ၊ သဘာဝနှင့် ကား အမှန်ကျကို သိရာ၌ ပညာသိ။ ။အသိသုံးပါးတို့၏ အထူးကိုမှတ်။ ။သာမညဖြစ်နေကျသဘာဝကိုသာ ပြလိုက်သည်။ အသိသုံးပါး အစွမ်းပြကြမှုကား သညာသိထက် ဝိညာဏ်သိ အားသန်၏။ ဝိညာဏ်သိထက် ပညာသိ အားသန်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ သညာသိ၏ သူငယ်တို့၏ ရွှေငွေကို သိသည်နှင့် တူကြောင်းကို-ဝိညာဏ်သိ၏ ရွာသူကြီးတို့ရွှေငွေကို သိသည်နှင့် တူကြောင်းကို-ပညာသိ၏ ရွှေပန်းတိမ်သည်တို့ ရွှေငွေကို သိသည်နှင့် တူကြောင်းကို ဆို၏။ ။ပညာကား စေတနာ၏အပင်းအသင်း သင်္ခါရက္ခန္ဓာ ရံခါသာမှတ်။

ယင်း ခန္ဓာလေးပါးသည် အဖြစ်တူ, အပျက်တူ, နေရာတူ, အာရုံတူ၊ တပြုံးထဲ တပွတ်ထဲ တပြိုင်ထဲဖြစ် ဘခြားစီခွဲ၍ မဖြစ် ဉာဏ်အမြင်နှင့်သာ ခွဲစေရသည်။ ရေ, သကြား, ရှောက်ရည်, ဆား-လေးပါးရောစပ်၍ ပြုအပ်သော အဖျော်ရည် စက်နှင့် တူ၏။ ။ဝေဒနာက္ခန္ဓာကို ရိပ်မိလျှင် အချဉ်များသော အဖျော်ရည်၌ကဲ့သို့ မကင်းနိုင်သော ကြွင်းခန္ဓာကိုလည်း အနုမာန နှိုင်းဆ ဆင်ခြင်၍ ရိပ်မိစေရသည်။ ။သညာက္ခန္ဓာကို ရိပ်မိလျှင် အချိုနိုင်သော အဖျော်ရည်၌ကဲ့သို့, သင်္ခါရက္ခန္ဓာကို ရိပ်မိလျှင် ဆားနိုင်သော အဖျော်ရည်၌ကဲ့သို့, ဝိညာဏက္ခန္ဓာကို ရိပ်မိလျှင် ရေနိုင်သော အဖျော်ရည်၌ကဲ့သို့ မကင်းနိုင်သော ကြွင်းခန္ဓာကို လည်း အနုမာန နှိုင်းဆ ဆင်ခြင်၍ ရိပ်မိစေရမည်။ ။ထောပတ်

ယူခဲ့,ဆီယူခဲ့,ရေယူခဲ့ဆိုရာ၌ မကောင်းနိုင်သော ဒိုးခွက်ကို သိရာ သကဲ့သို့ ထို့အတူ ယင်း ခန္ဓာ လေးပါးတို့တွင် တပါးပါးကို ဆိုလျှင် ကြွင်းခန္ဓာကို သိရမည်။ ။ချမ်းသာ ရွှင်ပြသည် နာကျင် ကိုက်ခဲ ဆင်းရဲသည် ဆိုရာ၌ ဝေဒနာ အားကြီးသည်။ ။စာ ဘတ်တတ်သည် စာရသည် အမှတ်အသား ကောင်းသည်ဆို ရာ၌ သညာအားကြီးသည်။ သဒ္ဓါတရား ကောင်းသည် စေတနာ ထက်သန်သည် ဆိုရာ၌ သင်္ခါရက္ခန္ဓာ အားကြီးသည်။ ။စိတ်ပြန့် လွင့်သည် ဆိုရာ၌ ဝိညာဏက္ခန္ဓာ အားကြီးသည် စသည်ဆိုရာ၌ ကဲ့သို့မှတ်။

နမတီတိ နာမံ။ ။နမတိ၊ အာရုံသို့ ညွတ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ နာမံ၊ နာမ်မည်၏။ ။အနက်။ ။အာရုံသို့ ညွတ်တတ်သောကြောင့် ယင်း ခန္ဓာလေးပါးတို့ကို နာမ်ခေါ်ရ ပြန်သည်ဆိုလိုသည်။

အထူးမှတ်သားရန် တခန်းပြီး၏။

## ၆၀—နာမ် ခန္ဓာ လေးပါးတို့ ကိစ္စအားဖြင့် အမျိုးမျိုးပြားပုံ တန်းစဉ်၍ ဖြစ်ပုံကို ပြခြင်း

နာမ်ခန္ဓာလေးပါးတို့၏ ကိစ္စအားဖြင့် အမျိုးမျိုးပြားပုံ တန်း စဉ်၍ဖြစ်ပုံကို ပြဦးအံ့။ ။နာမ်သည် ဘဝင်နာမ် ဝီထိနာမ်ဟူ၍ နှစ်မျိုးရှိသည်။ ။ယင်းနှစ်မျိုးတို့တွင် ဘဝင်နာမ် ဆိုသည်မှာ အထူးအထွေ မကြံစည်တတ် မသိတတ်၊ သွား, ရပ်, ထိုင်, လျောင်းခြင်းဟူသော ဣရိယာပုထ်ကိုလည်း မဖြစ်စေတတ် လှုပ် လှုပ်ခြင်း ကိုယ်အမူအရာ ဟူသော ကာယဝိညတ် ကိုလည်း မဖြစ်စေတတ်၊ အပြောအဆို နှုတ်အမူအရာ ဟူသော ဝစီဝိညတ် ကိုလည်း မဖြစ်စေတတ်၊ စင်စစ်မှာ ဘဝ ဟောင်းက အာရုံ ကိုသာ အာရုံပြုသည်ဖြစ်၍ အသေဟူ၍ မဆိုရရုံ စိတ်ရှိသည်

ဟူ၍ ဆိုရရုံ နှလုံးအိမ်ထဲ၌ဖြစ်၍ ရုပ်ခန္ဓာအိမ်ကို စောင့်ရှောက်ရုံ ဘဝ၏ အကြောင်းအင်္ဂါမျှသာ ဖြစ်သော နာမ်ကိုဆိုသည်။ ။ ဘဝဿ အင်္ဂ ဘဝင်္ဂ။ ။(ဝိဂြိုဟ်)။ ။ဘဝဿ၊ ဘဝ၏။ အင်္ဂ၊ အကြောင်းတည်း။ဝါ၊ အဖိတ်တည်း။ဘဝင်္ဂ၊ ဘဝ၏အကြောင်း။ ဝါ၊ ဘဝ၏ အဖိတ်။ ။အနက်။ ။အိပ်ပျော်သောအခါလူမှန်းမသိ ပျော်နစ်သောအခါ စသည်တို့၌ ကဲ့သို့မှတ်။ ထိုအခါတို့၌ ဘဝင်ချည်း ဆက်ဆက် ဖြစ်သည်။ ယင်း ဘဝင်ကို ဘဝ၏ အဦးအစဖြစ်လျှင် ပဋိသန္ဓေဆိုရပြန်သည်။ ဘဝ၏နောက်ဖိတ်ဆုံး ဖြစ်လျှင် စုတိဆိုရပြန်သည်။ ။ဘဝင်နာမ်ပြီး၏။

ဝီထိနာမ်ဆိုသည်မှာ အအိမ်ခြောက်ခုကို အာရုံတို့ ခိုက်တိုက် လာသောအခါ ယင်း ခိုက်တိုက် လာသော အာရုံကို အာရုံ ပြုပြီးလျှင် တန်းစဉ်၍ ဖြစ်ကြသော နာမ်တို့ကို ဆိုသည်။ ။ ဝီထိဆိုသည်မှာ မဂ္ဂ အခေါ်၊ အတန်း အစဉ် ဆိုသည်မှာ မြန်မာ အခေါ် ဟူ၍မှတ်။ ။ဘဝင် နာမ်မှာ ဘဝဟောင်းက အာရုံကို အာရုံပြုသည်။ ဝီထိနာမ်မှာ အအိမ်ခြောက်ခု၌ ထင်လာ ခိုက်တိုက် လာသော အာရုံသစ်ကို အာရုံ ပြုသည်။ ။ဘဝင် နာမ်မှာ မှောင်နှင့် အလားတူသည်။ ဝီထိနာမ်မှာ မီးတောက်နှင့် အလားတူသည်။ ။မီးတောက်ရှိ မှောင်ပျက်မြဲ။ မီးတောက် သေ မှောင်ရောက်မြဲ၊ ထိုအတူ ဝီထိနာမ်ဖြစ် ဘဝင်ပျောက်မြဲ။ ဝီထိနာမ်မဖြစ် ဘဝင်ရောက်မြဲ။ ။ဝီထိနာမ်တို့၏ အတန်းအစဉ် သည် ခြောက်မျိုးရှိသည် ခြောက်မျိုးဆိုသည်ကား—

၁။ **စက္ခုဒွါရ ဝီထိ**—စက္ခုဒွါရ၌ အတန်းအစဉ်၊
၂။ **သောတဒွါရ ဝီထိ**—သောတဒွါရ၌ အတန်းအစဉ်၊
၃။ **ဃာနဒွါရ ဝီထိ**—ဃာနဒွါရ၌ အတန်းအစဉ်၊
၄။ **ဇိဝှါဒွါရ ဝီထိ**—ဇိဝှါဒွါရ၌ အတန်းအစဉ်၊
၅။ **ကာယဒွါရ ဝီထိ**—ကာယဒွါရ၌ အတန်းအစဉ်၊
၆။ **မနောဒွါရ ဝီထိ**—မနောဒွါရ၌ အတန်းအစဉ်၊

၍ ခြောက်မျိုးတည်း။ ။ယင်း ခြောက်မျိုးတို့တွင် စက္ခုဒွါရ၌ အတန်းအစဉ် ဝိထိ ဖြစ်ပုံကား မှောင်၏ အသွင် ဘဝင်ဖြစ်၍ နေရာ ကြည့်လိုက်, မြင်လိုက်သော အခါ ရူပါရုံသည် စက္ခုဒွါရ အပေါက်မှ ရွှေရူထင်သောအားဖြင့် ခိုက်တိုက်တိုးဝင်၍ ဘဝင် ဟူသော နှလုံးအိမ်ကို ခိုက်တိုက်သည့် အတွက် ဘဝင်တန့်ရပ် လေ၏။ ထိုအခါ ခိုက်တိုက်လာသော ရူပါရုံကို အာရုံပြု၍ ရွှေပြေး နာမ် ငါးချက် ဇော ခုနစ်ကြိမ် နောက်လိုက် နှစ်ကြိမ် တန်းစဉ်၍ ဖြစ်ကြလေကုန်၏။ ထို့နောင် မှောင်၏အသွင် ဘဝင် ထိုက်သည့် အားလျော်စွာ ဖြစ်၍ မနောဒွါရ ဝိထိဆက်။

သောတဒွါရ၌ အတန်းအစဉ်ဝိထိဖြစ်ပုံမှာအသံကိုကြားသော အခါ၌ သဒ္ဒါရုံသည် သောတဒွါရ အပေါက်မှ ရွှေရူထင်သော အားဖြင့် ခိုက်တိုက်တိုးဝင်၍ ဘဝင်နှလုံးအိမ်ကို ခိုက်တိုက်သည့် အတွက် ဘဝင် တန့်ရပ်လေ၏။ ထိုအခါ ခိုက်တိုက်လာသော အသံ သဒ္ဒါရုံကို အာရုံပြု၍ ရွှေပြေးနာမ် ငါးချက်, ဇောနာမ် ခုနစ်ကြိမ်, နောက်လိုက် နာမ်နှစ်ကြိမ်, တန်းစဉ်၍ ဖြစ်ကြလေ ကုန်၏။ ထို့နောင်မှောင်၏အသွင်ဘဝင် ထိုက်သည်အားလျော်စွာ ဖြစ်၍ မနောဒွါရ ဝိထိဆက်။

ဃာနဒွါရ၌ အတန်း အစဉ် ဝိထိဖြစ်ပုံမှာ အနံ့ကို နံသော အခါ၌ ဂန္ဓာရုံ အနံ့သည် ဃာနဒွါရ အပေါက်မှ ခိုက်တိုက် တိုးဝင်၍ ဘဝင် နှလုံးအိမ်ကို ခိုက်တိုက်သည့်အတွက် ဘဝင် တန့်ရပ်လေ၏။ ထိုအခါ ခိုက်တိုက်လာသော အနံ့ဂန္ဓာရုံကိုအာရုံ ပြု၍ ရွှေပြေးနာမ်ငါးချက်, ဇောခုနစ်ကြိမ်, နောက်လိုက် နာမ် နှစ်ကြိမ်, တန်းစဉ်၍ ဖြစ်ကြ လေကုန်၏။ ထို့နောက် မှောင်၏ အသွင် ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ မနောဒွါရ ဝိထိဆက်။

ဇိဝှါဒွါရ၌ အတန်းအစဉ် ဝိထိဖြစ်ပုံမှာ စားသောက် မျိုသွင်း သော အခါ၌ ရသာရုံသည် ဇိဝှါဒွါရ အပေါက်မှ ခိုက်တိုက် တိုးဝင်၏။ ဘဝင်နှလုံးအိမ်ကို ခိုက်တိုက်သည့်အတွက် ဘဝင်

တန့်ရပ်လေ၏။ ထိုအခါ ခိုက်တိုက်လာသော ရသာရုံကို အာရုံပြု၍ ရှေးပြေး နာမ်ငါးချက်, ဇောခုနစ်ကြိမ်, နောက်လိုက်နှစ်ကြိမ် တန်းစည်၍ ဖြစ်ကြလေကုန်၏။ ထိုနောက် မှောင်၏အသွင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ မနောဒွါရ ဝိထိဆက်။

ကာယဒွါရ၌ အတန်းအစည် ဝိထိ ဖြစ်ပုံမှာ ထိုထိုဝတ္ထုနှင့် တွေ့မိ, ထိ်ခိုက်တိုက်မိသောအခါ ဖေါဋ္ဌဗ္ဗာရုံသည် ကာယဒွါရ အပေါက်မှ ခိုက်တိုက် တိုးဝင်၍ ဘဝင်နှလုံး အိမ်ကို ခိုက်တိုက်သည့် အတွက် ဘဝင်တန့်ရပ်လေ၏။ ထိုအခါ ခိုက်တိုက် လာသော ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ရှေးပြေးနာမ် ငါးချက်,ဇော ခုနစ်ကြိမ်,နောက်လိုက်နာမ်နှစ်ကြိမ်တန်းစည်၍ဖြစ်ကြလေကုန်၏။ ထို့နောင်ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ မနောဒွါရ ဝိထိဆက်မြဲ။ ဧတ္တ ဧကေကံ အာရမ္မဏံ ဒွိသု ဒွိသု ဒွါရေသု အာပါတမာဂစ္ဆတိ။ အဋ္ဌသာလိနီ အဋ္ဌကထာ။ ။ဧတ္တ၊ ဤပဉ္စဒွါရ ဝိထိ၌။ ဧကေကံ အာရမ္မဏံ၊ တခုတခုသော အာရုံသည်။ ဒွိသု ဒွိသု ဒွါရေသု၊ နှစ်ခု နှစ်ခုသောဒွါရတို့၌။အာပါထံ၊ထင်ခြင်းသို့။အာဂစ္ဆတိ၊ရောက်၏။ အနက်။ ။ဤကား ငါးဒွါရ၌ အတန်းအစည် ဝိထိဖြစ်ပုံ။

မနောဒွါရ၌ အတန်းအစည် ဝိထိဖြစ်ပုံမှာ ကြံမိ အောက်မေ့မိ ဆင်ခြင်မိသောအခါ၌၎င်း,မကြံမိမအောက်မေ့ မဆင်ခြင်ဘဲ၎င်း, အာရုံခြောက်ပါး တို့တွင် တပါးပါးသည် ငါးပါးသော ဒွါရ အပေါက်တို့မှ မတိုက်ခိုက် မတိုးဝင်ဘဲ ဘဝင်ဟူသော နှလုံး အိမ်၌ ရှေးရှုဦးမိုက် ထင်လာသော အားဖြင့် ခိုက်တိုက်သည့် အတွက် ဘဝင်တန့်ရပ်လေ၏။ ။ထိုအခါ ခိုက်တိုက်လာသော အာရုံကို အာရုံပြုပြီးလျှင် အာဝဇ္ဇန်း ဟူသော ရှေးပြေး တချက်, ဇောခုနစ်ကြိမ်, နောက်လိုက် နှစ်ကြိမ်, တန်းစည်၍ ဖြစ်ကြလေ ကုန်၏၊ ထို့နောင် မှောင်၏အသွင် ဘဝင် ဖြစ်လေ၏။ ။ ဤကား နောက်ဆက် မဟုတ်သော သုဒ္ဓမနော ဒွါရဝိထိတည်း။ ပဉ္စဒွါရ ဝိထိ၏ နောက်၌ အာရုံတူ စပ်ဆက်၍ဖြစ်သော မနောဒွါရ

ဝိထိကိုကား နောက်ဆက် မနောဒွါရ ဝိထိခေါ်ဆိုရမည်။ ။ မနောဒွါရဝိထိ ပြီး၏။

အာရုံတို့ ခိုက်တိုက် ဆိုသော စကားမှာ။ ။နှာခေါင်းအိမ်၌ ဂန္ဓာရုံ၊ လျှာအိမ်၌ ရသာရုံ၊ ကာယ ပသာဒရုပ် အအိမ်၌ ဖောဋ္ဌဗ္ဗာရုံ၊ ဤအာရုံသုံးပါးတို့ကား အထိ အရောက် လာရောက် ခိုက်တိုက်သည်။ ။မျက်စိအိမ်၌ ရူပါရုံ၊ နားအိမ်၌ သဒ္ဒါရုံ၊ နှလုံးအိမ်၌ အာရုံ ခြောက်ပါး တို့ကား မိမိတို့နေရာက မလာ မရောက်ဘဲ အအိမ်ထဲ၌ ရှေးရှုထင်လာ တိုက်ဆိုင် လာသည်ကို ပင် တိုက်ခိုက်သည်ဟူ၍ ဆိုရသည်။ ။ရှေး အဋ္ဌကထာဟောင်း တို့၌ အသံ-သဒ္ဒါရုံ လာရောက် ခိုက်တိုက်သည်ဟူ၍ ဆို၏။ အဋ္ဌကထာသစ်တို့၌ ထိုစကားကိုပယ်၍ အသံ- သဒ္ဒါရုံ မလာ မရောက်ဟူ၍ ဆို၏။ ။မလာ မရောက်ဆိုသည်ကို ပညာရှိတို့ ကြိုက်နှစ်သက်ကြကုန်၏။

ရှေ့ပြေး ငါးချက် ဆိုသည်မှာ အာဝဇ္ဇန်း၊ ဒွါရအရှင်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဤငါးချက်တည်း။ ။အာဝဇ္ဇေတိ တိ အာဝဇ္ဇနံ။ ။အာဝဇ္ဇေတိ၊ ဆင်ခြင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်း မည်၏။ ။အနက်။ ဘဝင် တန့်ရပ်ပြီးနောက် အဦး အစ ဖြစ်သော နာမ်သည် ခိုက်တိုက် လာသော အာရုံကို ဆင်ခြင် တတ်သောကြောင့် အာဝဇ္ဇန်း မည်သည်ဆိုလိုသည်။ ။ဒွါရအရှင်ကား ငါးပါးတည်း။ငါးပါး ဆိုသည်မှာ အာဝဇ္ဇန်းသည် ဆင်ခြင် အပ်ပြီးသော အာရုံကို မြင်တတ်သော စက္ခု ဝိညာဏ်၊ ကြားတတ်သော သောတ ဝိညာဏ်၊ နံတတ်သော ဃာနဝိညာဏ်၊ အရသာကို သိတတ် သော ဇိဝှါ ဝိညာဏ်၊ အတွေ့ကို သိတတ်သော ကာယ ဝိညာဏ်။ ။ဤငါးပါးတည်း။ သမ္ပဋိစ္ဆတိ ပဋိဂ္ဂဏှာတီတိ သမ္ပဋိစ္ဆနံ။ ။သမ္ပဋိစ္ဆတိ ပဋိဂ္ဂဏှာတိ၊ ခံယူတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆန မည်၏။ ။ဒွါရ အရှင်တို့၏။ အာရုံကို ခံယူသကဲ့သို့ ဖြစ်တတ် သောကြောင့် သမ္ပဋိစ္ဆိုင်း

ဆိုရသည်။ဆိုလိုသည်။ ။သမ္ဗာတိရေတိ ဝိမံသတိတိ သန္တိရဏံ။ သမ္ဗာ၊ ကောင်းစွာ။ တီရေတိ ဝိမံသတိ၊ စုံစမ်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သန္တိရဏံ၊ သန္တိရဏ မည်၏။ သမ္ပဋိစ္ဆိုင်း ခံယူသော အာရုံကို စုံစမ်း တတ်သောကြောင့် သန္တိရဏ ခေါ်ဆိုရသည်- ဆိုလိုသည်။ ။ဝဝတ္ထပေတီတိ ဝေါ်ဋ္ဌဗ္ဗနံ။ ၁၁ဏ္ဍပေတိ၊ မှတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝေါ်ဋ္ဌဗ္ဗနံ၊ ဝုဋ္ဌော မည်၏။ ။သန္တိရဏသည် စုံစမ်းအပ်သော အာရုံကို မှတ်တတ်သောကြောင့်ဝုဋ္ဌောခေါ်ဆိုရသည်ဆိုလိုသည်။

အာဝဇ္ဇန်းကား ဥပေက္ခာ ကိရိယာ၊ ပဉ္စဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရ၌ မနောဒွါရာဝဇ္ဇန်း ခေါ်ဆိုပြန်၍ နှစ်မျိုးဖြစ်သည်။ ။ဒွါရငါး တို့မှာ အကုသိုလ် အကျိုးငါး၊ ကုသိုလ် အကျိုးငါး၊ တဆယ်။ ။ကာယဝိညာဏ်မှာ ဖေါဋ္ဌဗ္ဗာရုံ အထိ အခိုက်ကြမ်း၍ အကုသိုလ် အကျိုးမှာ ဒုက္ခသဟဂုတ်၊ ကုသိုလ် အကျိုးမှာ သုခသဟဂုတ်မှတ်။ ကြွင်းဒွါရငါး ရှစ်ခုမှာ ဥပေက္ခာ သဟဂုတ်မှတ်။ ။သမ္ပဋိစ္ဆိုင်းမှာ ဥပေက္ခာမှတ်။ ကုသိုလ် အကျိုး အကုသိုလ်အကျိုးနှစ်ပါးခွဲ၍နှစ်မျိုး၊သန္တိရဏမှာကုသိုလ် အကျိုး ဥပေက္ခာ သန္တိရဏ-ဟူ၍ သုံးမျိုးဖြစ်သည်။ ။မနော ဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောဆိုသည်။ ။အာဝဇ္ဇန်းနွေး,ဒွါရငါးတဆယ်။ သမ္ပဋိစ္ဆိုင်းနွေး, သန္တိရဏ သုံးခု, ကိရိယာ သောမနဿ ဟသိတုပ္ပါဒ်ဇောကို ထည့်၍ ပေါင်းဆဲ့ရှစ်ပါးကို အဟိတ်စိတ် ဆဲ့ရှစ်ခုဆိုသည်။ ။ကုသလဝိပါက် ရှစ်ခု၊ အကုသလ ဝိပါက် ခုနစ်ခု၊ ကိရိယာသုံးခု ပေါင်းအဟိတ်စိတ် တဆဲ့ရှစ်ခု။ ။သုခသဟ ဂုတ်တခု, ဒုက္ခသဟဂုတ်တခု, သောမနဿနှစ်ခု, ဥပေက္ခာ တဆဲ့ လေးခု ပေါင်း အဟိတ်စိတ် တဆဲ့ရှစ်ခု။ ။ဣဋ္ဌာရုံ၌ ကုသလ ဝိပါက် အနိဋ္ဌာရုံ၌အကုသလဝိပါက်၊အတိဣဋ္ဌာရုံ၌ သောမနဿ သန္တိရဏ-ဖြစ်၏။

ဇောနာမ်ဆိုသည်မှာ အာရုံ၏ အရသာကို ခံစားတတ်သော အားရှိသော နာမ်ကို ဆိုသည်။ နောက်လိုက် နာမ် ဆိုသည်မှာ

ဇော၏ အာရုံကို နောက်ယောင်လိုက်၍ အာရုံပြုရုံမျှ ဖြစ်သော နာမ်ကို ဆိုသည်။

အာရုံခိုက်ငြား၊ ရွှေပြေးငါး၊ ဇောကားခုနစ်၊
နောက်လိုက်နှစ်၊ဖြစ်ကြတသင်း၊ဇောလိုရင်း။

အဓိပ္ပါယ်မှာ ရှေ့ပြေးငါးချက်တို့မှာ မိမိတို့ကိစ္စဖြင့် အာရုံကို ဘမ်းယူ၍ ဇောအား အပ်နှင်းသကဲ့သို့သာ ဖြစ်ကြ ကုန်၏။ အကောင်းအဆိုး အာရုံ၏ အရသာကို မခံစား တတ်ကြကုန်။ ဇောသာအာရုံ၏ အရသာကို ခံစားတတ်သည်။ နောက်လိုက် နှစ်ကြိမ်တို့လည်း ဘဝင်မျိုးဖြစ်၍ တစုံတခု သတ္တိမရှိ။ ဇော၏ အာရုံကို ထပ်မံ၍ အာရုံပြုကာမျှသာ ဖြစ်သည်။ ထို့ကြောင့် တဒါရုံဟူ၍ ဆိုရသည်။ ယင်းတဒါရုံကိုပင် နောက်လိုက် နာမ် ဆိုသည်။ ဤသို့ ဇောလိုရင်း ဖြစ်သည်ကို သိရမည် ဆိုလို သည်။ ။ဥပမာဆောင်၍ ပြဦးအံ့။ ။ဒါယကာဆွမ်း လှူလာ သည်ကို တံခါးစောင့် ကျောင်းသားသိ၍ အဝေး၌ နေသော သော့ကိုင် မောင်ရင်ကို ခေါ် သော့ကိုင်မောင်ရင်လာ၍ တံခါး ဘွင့်၊ တပါး မောင်ရင်က ခွက်နှင့်ခံယူ၊ တပါး မောင်ရင်က ကောင်း မကောင်း စုံစမ်း၊ တပါးမောင်ရင်က ကောင်း၏ဟု ဘုန်းကြီးအား ကပ်၊ ဘုန်းကြီးက ဘုဉ်းပေး၊ တပါးမောင်ရင်က ခွက်ဆေး။ဤဥပမာဖြင့် ဇောလိုရင်း ဖြစ်ကြောင်းကို သိလေ။ ။ ဆွမ်းလှူလာသည်နှင့် အာရုံခိုက်တိုက်လာခြင်း တူသည်။ တံခါး စောင့်ကျောင်းသားနှင့် အာဝဇ္ဇန်းတူသည်။ အဝေး သော့ကိုင် မောင်ရင်နှင့် ဒွါရအရှင် ဝိညာဏ် တူသည်၊ ခံယူသော မောင်ရင် နှင့် သမ္ပဋိစ္ဆိုင်း၊စုံစမ်းသော မောင်ရင်နှင့် သန္တီရဏ၊ကပ်သော မောင်ရင်နှင့်ဝုဋ္ဌော၊ ဘုန်းကြီးနှင့် ဇော၊ ခွက်ဆေး မောင်ရင်နှင့် နောက်လိုက်နာမ်တူသည်။ ။ဒွါရအရှင် ဝိညာဏ် ငါးပါးတို့ကား မိမိတို့ အအိမ်တွင်း၌သာ ဖြစ်ပေါ်ကြကုန်၏။ ကြွင်းသော ဘဝင် ရှေ့ပြေး၊ ဇော၊ နောက်လိုက် နာမ်တို့မှာ နှလုံးအိမ်အတွင်း၌သာ

ဖြစ်ပေါ်ကြကုန်၏။ဖြင်ရာမတူသောကြောင့် ဒွါရ အရှင်ဝိညာဏ်ကို အသေးနေမောင်ရင်နှင့်တူသည်ဟူ၍ ဆိုသည်မှတ်။

အဝိစ္ဆိန္နံ ဝိတ္တသန္တာနံ ပဝတ္တတိ ယေဝ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။ဝိတ္တသန္တာနံ၊ စိတ်၏အစဉ်သည်။ အဝိစ္ဆိန္နံ၊ အသည္သတ်ပြတ်၍ ဖြစ်ခိုက်ကိုချန်လှပ် ဘယ်အခါမှ မပြတ်။ ပဝတ္တတိ ယော၊ တဖြင်ထဲဖြစ်၍ နေသည်သာတည်း။ ။ဝိထိစိတ်တလှည့် ဘဝင်စိတ် တလှည့် ဘယ်ခါမပြတ် တဖြစ်ထဲဖြစ်၍ နေသည်။ နိဗ္ဗာန်သို့ရောက်မှ ပြတ်တော့သည် ဆိုလိုသည်။ ဖြစ်စကို ဥပါဒ်၊ တည်ဆဲရှိဆဲကိုဌီ၊ ပျက်ဆဲ ပျောက်ဆဲကို ဘင်ဟူ၍ မှတ်၊ အစ-အလုံးကိုဥပါဒ်,အလယ်-အလုံးကိုဌီ, အဆုံး-အလုံးကို ဘင်ဟူ၍ မှတ်။ ။ဥပါဒ် ဌီ ဘင်-ခအားသုံးချက် စိတ်သက်မှတ်။ (၀၁၀)။

ဆိုအပ်ပြီးသည်ကား အလွန်ကိုသာ ဆိုသော နည်းတည်း။ နောက်လိုက်မပါသောအခါ ဇောမဖြစ်သော အခါလည်းရှိသေး၏။မနောဒွါရ၌ ဗျာန်ဇော, မဂ်ဇော, ဖိုလ်ဇော ဖြစ်သောအခါ အဘန်းအစဉ် တမျိုး ဖြစ်သေး၏။ ။ဘဝင်, အာဝဇ္ဇန်း, ဒွါရ ရှင်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, နောက်လိုက်ဟူ၍ ဆိုသော်လည်း အဖော်ရည်စက်နှင့် တူသော နာမ်ခန္ဓာလေးပါးကိုသာ မှတ်လေ။ ။စိတ်ဟူ၍, ဝိညာဏ်ဟူ၍ ဆိုရာ၌လည်း နည်းတူပင်မှတ်လေ။ ။အဘန်းအစဉ် ဝိထိပြီး၏။

## ၆၁—နိယာမကိုပြခြင်း

နိယာမကိုပြဦးအံ့။ ။နိယာမဆိုသည်ကားတစုံတယောက်သောသူ မပြုပြင်မစီရင်ဘဲ သူ့သဘာဝအလျောက် သူ့အလိုလိုပရမတ္ထဓမ္မတို့၏ အဖြစ် မြဲသော အမူ အရာ အထူးကိုပင် ဆိုသည်။ ယင်း နိယာမကို ဓမ္မတာဟူ၍လည်းဆိုသည်။ ။အယံ ဓမ္မတာတိ အယံသဘာဝေါ၊အယံနိယာမောတိဝုတ္တံဟောတိ။ ။သုတ်မဟာဝါ အဋ္ဌကထာ။ ။အယံဓမ္မတာတိ၊ အယံ ဓမ္မတာဆိုသည်ကား။အယံ၊

ဤသို့ဖြစ်ခြင်းသည်။ သဘာဝေါ၊ သူ့သဘာဝ ပေတည်း။ အယံ၊ ဤသို့ ဖြစ်ခြင်းသည်။ နိယာမော၊ သူ့အလိုလို အဖြစ်မြဲသော သဘောပင်တည်း။ ဣတိ၊ဤသို့။ ဝုတ္တံ၊ဆိုလိုသည်။ ဟောဘိ၊ဖြစ်၏။ အနက်။ ။ရုပ်,နာမ် တရားတို့၏ သူ့သဘာဝအလျောက် မလွဲမဖယ် အဖြစ်မြဲသော အမှုအရာ အထူးကို ဓမ္မတာ ဟူ၍ နိယာမ ဟူ၍ ဆိုသည်။ ဓမ္မတာနှင့် နိယာမ,အတူတူ ဆိုလိုသည်။

ယင်းနိယာမသည်–

၁။ ဗီဇနိယာမ,
၂။ ဥတုနိယာမ,
၃။ ကမ္မနိယာမ,
၄။ ဓမ္မနိယာမ,
၅။ စိတ္တနိယာမ,ဟူ၍ ငါးပါး,
၆။ ယောနိ နိယာမနှင့်တကွ ခြောက်ပါးရှိသည်။

၁။ ယင်း ခြောက်ပါးတို့တွင် ဗီဇနိယာမ–ဆိုသည်မှာနွယ်ပင် မျိုးတို့၏ စိတ်ရှိသကဲ့သို့ သစ်ပင်, သစ်ကိုင်း, သစ်ခက်တို့ကို ဆွဲကိုင်၍တက်ခြင်း၊ချင်ရွေးနီစေ့တို့၏ အထက်ပိုင်း၌ဟင်းသပြဒါး သုတ်လိမ်းသကဲ့သို့နီခြင်း,အောက်ပိုင်းနက်ခြင်း, ထိကရုံးပင်တို့၏ တို့ထိလိုက်လျှင် ရုံးစု၍ သွားခြင်း,မြက်သစ်ပင်တို့၏ မိမိတို့မျိုးနှင့် တူစွာ ဖြစ်ပေါ် ပေါက်ပွါး သီးကြ,ပွင့်ကြခြင်း,သံတို့၏ သံလိုက် ရှိရာလာခြင်း, ဤသို့ စသည် အလုံးစုံကို ဆိုသည်။ ။တစုံ တယောက် ပြုပြင်သူမရှိဘဲ ဗီဇချပ်ကို အစွဲပြု၍ သူ့သဘာဝ အလျောက် အဖြစ်မြဲသော အမှုအရာ အထူးကိုပင် ဗီဇနိယာမ ဆိုသည်မှတ်။

၂။ ဥတုနိယာမ ဆိုသည်မှာ ဥတု ရာသီ အားလျော်စွာ အရပ်ရပ်ရှိ စပါးမျိုး မြက်သစ်ပင် မျိုးတို့၏ သူ့အချိန်ကျလျှင် နှိုးဆော်သူရှိသကဲ့သို့ တညီတညွတ်တပြိုင်ထဲသီးကြ,ပွင့်ကြခြင်း, သူ့အချိန် သူ့အချိန်၌ မိုးယိုးရွာခြင်း,လေလာခြင်း,ဆီးနှင်းကြခြင်း,

ပင်လယ် သမုဒ္ဒရာ၏ ဒီရေတက်ခြင်း, သူ့အချိန်ကျလျှင် ကန္တာ မီးလောင်ခြင်း,ကန္တာပျက် မိုယ်းရွာခြင်း, ကန္တာပြု မိုယ်းရွာခြင်း, ဤသို့ စသည် အလုံးစုံကို ဆိုသည်။ ။လိုရင်းမှာ တစုံတယောက် ပြုပြင်သူမရှိဘဲ ဥတုကိုအစွဲပြု၍ သူ့သဘာဝ အလျောက် အဖြစ် မြဲသော အမှုအရာအထူးကိုပင် ဥတုနိယာမဆိုသည်မှတ်လေ။

၃။ ကမ္မနိယာမ ဆိုသည်မှာ မကောင်းမှုကံကြောင့် ဒုဂ္ဂတိ ဘုံ၌ ပဋိသန္ဓေ ဖြစ်ပေါ်ခြင်း, ပဝတ္တိအခါ ဒုဂ္ဂတိ-သုဂတိဘုံ၌ မကောင်းကျိုး ဖြစ်ပေါ်ခြင်း, ကောင်းမှု ကံကြောင့် သုဂတိဘုံ၌ ပဋိသန္ဓေ ဖြစ်ပေါ်ခြင်း, ပဝတ္တိအခါ သုဂတိ-ဒုဂ္ဂတိ ဘုံ၌ ကောင်းကျိုး ဖြစ်ပေါ်ခြင်း,ဤသို့ စသည့်အလုံးစုံကို ဆိုသည်။ ။ လိုရင်းမှာ ပြုပြင်သူမရှိဘဲ ကံကိုအစွဲပြု၍ သူ့သဘာဝအလျောက် အကျိုးတရားတို့ အဖြစ်မြဲသော အမှု အရာ အထူးကိုပင် ကမ္မ နိယာမဆိုသည် မှတ်လေ။

၄။ ဓမ္မနိယာမဆိုသည်မှာဘုရားလောင်းတို့ပဋိသန္ဓေနေတော် မူသော ဘွားတော်မူသောအခါ စသည်တို့၌ မြေတုန်လှုပ်ခြင်း, အရောင်အလင်းတို့ ဖြစ်ပေါ်ခြင်း စသော သုံးဆဲ့နှစ်ပါးကုန်သော နိမိတ်ကြီး တို့၏ ဖြစ်ပေါ်ခြင်း, အဝိဇ္ဇာ ရှိသော သူတို့ သန္တာန်မှာ သင်္ခါရ စသည်တို့၏ ဖြစ်ပေါ်ခြင်း, မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မြင်လိုက်သည် ရှိသော် အဝိဇ္ဇာကုန်ငြိမ်း ချုပ်ခြင်း အဝိဇ္ဇာကုန်ငြိမ်း ချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ မဖြစ် ပေါ်ကြခြင်း, အရိယာ ပုဂ္ဂိုလ်တို့၏ ရေနှင့် သေအရက် ရော၍ တိုက်သော် ရေသာဝင်၍ သေအရက် မဝင်ခြင်း, ဤသို့စသည် အလုံးစုံကို ဆိုသည်။ ။လိုရင်းမှာ နိယာမ ငါးပါးတို့မှ ကြွင်း သော ပြုပြင်သူမရှိဘဲ သူ့သဘာဝ အလျောက် အဖြစ် မြဲသော အမှုအရာအထူး ဟူသမျှကို ဓမ္မနိယာမဆိုသည် မှတ်လေ။

၅။ စိတ္တနိယာမဆိုသည်မှာ အာရုံခိုက်တိုက်လာလျှင် ပြုပြင် စီရင်သူမရှိဘဲ သူ့သဘာဝအလျောက် စိတ်စေတသိက်တို့၏ တန်းစဉ် ၍ အဖြစ်မြဲသော အမှု အရာ အထူးကိုပင် ဆိုသည် မှတ်လေ။

၆။ ယောနိနိယာမ ဆိုသည်မှာ တချို့သတ္တဝါအား အခြေမရှိခြင်း, အခြေနှစ်ချောင်း,အခြေလေးချောင်း,ခြောက်ချောင်း,အခြေများစွာရှိခြင်း, အရိုးလျှင် အရေရှိခြင်း, အမွေး အတောင် ဦးချိုပေါက်ခြင်း, မပေါက်ခြင်း, အစွယ်, အမြီး, အမွေး စသည်၌ အဆိပ်ရှိခြင်း,မရှိခြင်း၊ပိုးစုန်းကြူးတို့အား အရောင်တောက်ပခြင်း, ကြိုးကြာငှက်တို့၏ ရေနှင့် နွားနို့ကိုရော၍ တိုက်သော် ရေမဝင်ဘဲ နွားနို့သာဝင်ခြင်း, ဤသို့ စသည်အလုံးစုံကို ဆိုသည်။

လိုရင်းမှာ ယောနိကို အစွဲပြု၍ ဓာတ်အမျိုးအားလျော်စွာမတူကွဲလွဲ အဖြစ်မြဲသော အမူ အရာ အထူးကိုပင် ယောနိ နိယာမ ဆိုသည်မှတ်လေ။ ။သုတ်မဟာဝါ အဋ္ဌကထာ, ဓမ္မသင်္ဂဏီ အဋ္ဌကထာ-စသော အဋ္ဌကထာကြီးတို့၌ ယောနိ နိယာမ-သည် ကမ္မ နိယာမ၏ အတွင်းဝင် ဖြစ်၍ ယောနိ နိယာမ-ကို အသီး ထုတ်၍ မဆိုဘဲ ငါးပါးဟူ၍ ဆိုလေသည်။

ယောနိမူလကော တေသံ ဝိတ္တဘာဝေါ။ ။တေသံ၊ထိုသတ္တဝါတို့၏။ ဝိတ္တဘာဝေါ၊ တမျိုးနှင့် တမျိုး မတူကွဲလွဲ တပုံ တနဲ့ အထွေထွေ အထူးထူး ဆန်းကြယ်ကြ သည်၏ အဖြစ်သည်။ ယောနိမူလကော၊ ယောနိလျှင် အရင်းရှိ၏။ ။ခန္ဓ သံယုတ် အဋ္ဌကထာ။ ။ကမ္မံဟိ ယောနိယံ ခိပတိ၊ ယောနိ ပဋိသန္ဓိယာ ဇာမေသတ္တာ နာနာဝဏ္ဏာဟောန္တိ။ ။ဟိ၊အကယ်မလွဲသဖြင့်။ကမ္မံ၊ ကံသည်။ ယောနိယံ၊ ပဋိသန္ဓေ-ဟူသော ဓာတ်အမျိုးသို့။ ခိပတိ၊ ပစ်ချ၏။ ယောနိပဋိသန္ဓိယာ၊ ဓာတ်အမျိုး ဟူသော ပဋိသန္ဓေကြောင့်။ ဇာမေသတ္တာ၊ ဤသတ္တဝါတို့သည်။ နာနာဝဏ္ဏာ၊ အထူးထူးသော သဏ္ဌာန်ရှိကြ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ။ ။ဤအဋ္ဌကထာတို့ကို ထောက်ဆ၍ သုတပွါးရန် ယောနိ နိယာမ-ကို အသီးထုတ်၍ ခြောက်ပါး ဆိုလိုက်သည်။

ယောနိ-ဆိုသည်မှာ ပဋိသန္ဓေအခါ တမျိုး တသင်း ပေါင်းစု လုံးထွေး၍ ဇာတ်တူ ဖြစ်ကြသော နာမ်, ရုပ်တို့ကိုပင် ဆိုသည်။ တနည်း ယင်း နာမ်, ရုပ်တို့၏ တူစွာဖြစ်သော ဝိကာ:ရ ကိုပင် ယောနိ-ဆိုသည်။ ။ဇာတ်ကို ယောနိဆိုသည်ဟု ဆိုလျှင်လည်း သင့်၏။ဇာတ်ဆိုသည်မှာအချင်းချင်းတူကြသည်၏အဖြစ်ဟူသော သဒိသဘောဂုဏ်ကိုဆိုသည်။ ။ယဝန္တိ မိဿိတာဘာဝန္တိ ဧတ္ထာတိ ယောနိ။ ။(ဝိဂြိုဟ်)။ ။ဧတ္ထ၊ ဤပဋိသန္ဓေ၌။ ဝါ၊ ပဋိသန္ဓေအခါ နာမ်,ရုပ်တို့၏ အမှု အရာ ဝိကာရ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ယဝန္တိ မိဿိတာဘာဝန္တိ၊ အမျိုးတူ ရောနှော၍ ဖြစ်တတ် ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်ရာ ဖြစ်သောကြောင့်။ ယောနိ၊ ယောနိမည်၏။ ။အနက်။ ။ယောနိယောတိ ကောဋ္ဌာသော ။ သင်္ဂိတိသုတ် အဋ္ဌကထာ။ ။ယောနိယောတိ၊ ယောနိ-ဆိုသည် ကား။ ကောဋ္ဌာသော၊ နာမ်,ရုပ်တို့၏ တမျိုး တခြား တသီးတသန့် အသို့ အစုတို့တည်း။ ။အနက်။ ။ဤအရာ၌ ဝိတ္တနိယာမ-ကို ပြလိုရင်းတည်း။ ။ဝိတ္တနိယာမကို ပြသဖြင့် ဇိတ်ဟူသည် အကောင်မဟုတ်၊ ယင်း ဇိတ်ကို တန်းစဉ်၍ ဖြစ်စေရန် ပြုပြင် စီရင် တတ်သော တစုံ တယောက်သော သတ္တဝါ အကောင် ဟူ၍ပင် မရှိ၊ မရှိသော်လည်း ဓမ္မတာ နိယာမ သူ့သဘာဝ အားဖြင့် နာမ်တရားတို့၏ တန်းစဉ်၍ အမြဲ ဖြစ်ပျက်ခြင်းမျှသာ။ ယူစရာ ရစရာ အပိုင်အခံ့ အနှစ်အသားမရှိ၊ အကောင်မဟုတ် အနတ္တသာဟူ၍ သိစေသည်။ ။အလုံးစုံသော နိယာမကို ပြသဖြင့် ဤလောကကြီးကို ပြုပြင် ဘန်ဆင်းတတ်သောသူ မရှိ၊ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အပိုးရသူမရှိ၊ ဓမ္မတာနိယာမ သူ့သဘာဝအလျောက် သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလို ပျက်၍နေသော အနိစ္စတွေ, ဒုက္ခတွေ, အနတ္တတွေဟု သိစေသည်။

နိယာမကိုပြသည် ပြီး၏။

---

## ၆၂—မနောဒွါရိကဇော လိုရင်းဖြစ်သည်ကို ပြဆိုခြင်း

မနောဒွါရိကဇော လိုရင်းဖြစ်သည်ကို ပြဦးအံ့။

ပဉ္စဒွါရ၊ ဖြစ်ကြဆဲ့လေး၊ လွန်အားသေး၊ အရေးမပိုင်။
မနောဒွါရိက၊ ဇောအစိုးရ၊ ကိစ္စပြီးနိုင်၊ အရေးပိုင်သည်။

ဤစကားအဓိပ္ပါယ်မှာ ပဉ္စဒွါရ ဝီထိတို့သည် အာရုံကို မြင်ရုံ, ကြားရုံ,နံရုံ,အရသာကိုသိရုံ, အတွေ့အထိကိုသိရုံမျှသာဖြစ်သည့်, အကောင်း အဆိုးကို မဆုံးဖြတ်နိုင်, အထူးအထွေကို မသိနိုင်။ တစုံတခုကိစ္စကို မပြီးစေနိုင်၊အရေးမပိုင်။ ။မနောဒွါရိကဇောသာ အကောင်း အဆိုးကို ဆုံးဖြတ်နိုင် အထူး အထွေကို သိနိုင် အလုံးစုံ တစုံတခုကိစ္စကို ပြီးစေနိုင် အရေးပိုင်သည်။ ဥပမာဖြင့် ပြဦးအံ့။ ။ခိုးသူ ခိုးယူသည်ကို အိမ်နိုးချင်းပြော၍ အိမ်ရှင်သိရာ ဂါတ်ကိုတိုင်၊ ပုလိပ်သားတို့ဖမ်းယူ၊ စာသင်က မေးမြန်း စီစစ်၊ ရာဇဝတ်အုပ်ကမှတ်သား၊ ရာဇဝတ်ဝန်ထောက်က မှုပြစ် စွဲဆို၍ တရားပိုင် အမိုးရမင်းတို့ထံ ပို့အပ်ရုံသာ မစီရင်နိုင်၊အရေးမပိုင်၊ တရားပိုင်အမိုးရမင်းသာဆုံးဖြတ်စီရင်နိုင်အရေးပိုင်သကဲ့သို့မှတ်။ ခိုးသူခိုးယူသည်နှင့် အာရုံခိုက်တိုက်သည့် တူ၏။ အိမ်နီးချင်းနှင့် အာဝဇ္ဇန်းတူ၏၊ အိမ်ရှင်နှင့် ဒွါရအရှင် တူ၏၊ ပုလိပ်သားနှင့် သမ္ပဋိစ္ဆိုင်းတူ၏၊ စာသင်နှင့် သန္တီရဏတူ၏၊ ရာဇဝတ်အုပ်နှင့် ဝုဋ္ဌောတူ၏၊ရာဇဝတ်ဝန်ထောက်နှင့် ပဉ္စဒွါရဇောတူ၏၊တရားပိုင် အမိုးရမင်းနှင့် မနောဒွါရဇော တူ၏။

အလုံးစုံကိစ္စ ဆိုသည်မှာ အိပ်ခြင်းကိစ္စ, အိပ်မက်ခြင်းကိစ္စ, နိုးခြင်းကိစ္စ, ထခြင်းကိစ္စ, သွား, ရပ်, ထိုင်, လျောင်းခြင်း ကိစ္စ, ကိုယ်အင်္ဂါကို ချိုကွေး လှုပ်လှက်ခြင်း ကိစ္စ, ပြောဆိုခြင်း ကိစ္စ, ပါဏာတိပါတ စသော မကောင်းမှုကို ပြုခြင်းကိစ္စ, ဒါန, သီလ, စသော ကောင်းမှုကို ပြုခြင်းကိစ္စ, ဤသို့ စသည် အလုံးစုံကို ဆိုသည်။ဤအလုံးစုံသော ကိစ္စကို မနောဒွါရဇော ပြီးစေနိုင်သည်။

ပဋ္ဌာဂါရဓော မဖြီးစေနိုင်။ ။သဗ္ဗဝိ ဟောတံ ကိစ္စံ မနောဒွါရိက စိတ္တေနေဝ ဟောတိ၊နဲ ပဉ္စဒွါရိက စိတ္တေန။ ။အဘိဓမ္မဝိဘာင်း အဋ္ဌကထာ။ ။ဟိ၊ အကယ် မလွဲသဖြင့်။ သဗ္ဗဝိ ဇတံ ကိစ္စံ၊ အလုံးစုံလည်း ဖြစ်သော ဤ ကိစ္စအပေါင်းသည်။ မနောဒွါရိက စိတ္တေနေဝ၊ မနောဒွါရ၌ ဖြစ်သော စိတ်ဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဉ္စဒွါရိက စိတ္တေန၊ ပဉ္စဒွါရ၌ဖြစ်သောစိတ်ဖြင့်။နဟောတိ၊ မဖြစ်။ ။အနက်။ ။ဘာဝင်ချည်းသက်သက် ဖြစ်၍ နေသည်ကို အိပ်ပျော်သည်ဟု ဆိုသည်။

အိပ်မက်မြင်မက် ဆိုသည်မှာ အိပ်ပျော်တုန်းလည်း မမက်၊ နိုးတုန်းလည်း မမက်၊ မပျော်တပျော်, မနိုးတနိုး, ပျောက်အိပ် အိပ်သောအခါ မနောဒွါရဖြင့်မြင်မက်သည်။ ထိုကြောင့် ကုသိုလ် အရာကို မြင်မက်လျှင် ကုသိုလ်၊ အကုသိုလ်အရာကို မြင်မက်လျှင် အကုသိုလ် ဖြစ်သည်။ ယင်း အိပ်မက်၌ ဖြစ်သော ကုသိုလ် အကုသိုလ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ပဝတ္တိ အကျိုးကို ပေးနိုင်သည် ဟူ၍ ဉာဏဝိဘင်း အဋ္ဌကထာ၌ ဆို၏။ ။ပဉ္စ ဒွါရဓော တို့လည်း ထို့အတူ ပဋိသန္ဓေ အကျိုးကို မပေးနိုင်။ ပဝတ္တိ အကျိုးမျှ ကိုသာ ပေးနိုင်သည် မှတ်လေ။ ။သုပိနံ ပဿန္တော စတုဟိ ကာရဏေဟိ ပဿတိ။ ။ထိုထို အဋ္ဌကထာ။ ။သုပိနံ၊ အိပ်မက်ကို။ ပဿန္တော၊ မြင်မက်သော သူသည်။ စတုဟိ ကာရဏေဟိ၊ လေးပါးသော အကြောင်းတို့ ကြောင့်။ ပဿတိ၊ မြင်မက်၏။ ။အနက်။ ။ဓာတ်ချောက်ချား ခြင်းကြောင့်, ငွဲမြဲလေ့ကျက် ခြင်းကြောင့်, နတ်တို့ အာနုဘော် ကြောင့်, ကောင်း, မကောင်း ပုဗ္ဗနိမိတ်ကြောင့်, ဤလေးပါး သော, အကြောင်း တို့ကြောင့် မြင်မက်သည် ဆိုလိုသည်။ ။ ဓာတ်,ငွဲ,မမှန်၊ မှန်-မမှန်-နတ်၊ မှန်လတ် ပုဗ္ဗ ဇကန္တ။ ။သေက္ခ ပုထုဇန်တို့သာ မက်သည်။ ဘုရား, ရဟန္တာတို့ အိပ်မက်မမက်။ နေ့အခါ, ညပဌမယာမ်, မဇ္ဈိမယာမ်သုံးပါးတို့၌ မမှန်၊ ပစ္ဆိမ

ယာမ်၌ မှန်တတ်သည်ဟူ၍ အဂ္ဂိုလ်တို့၏ အဋ္ဌကထာ၌ ဆိုသေး၏။ မနောဒွါရဓော လိုရင်းဖြစ်သည်ကို ပြသည်ပြီး၏။

## ၆၃—ဓော၏ သဘောသရုပ်ကို ပြဆိုခြင်း

ဓောအရကိုပြဦးအံ့။ ။ဓောဆိုသည်ကားအားရှိသောသဘော၊ ထိုထိုကိစ္စကို ပြီးစေတတ်သော သဘော။ ။ဗလဝ ဘာဝေန ဓဝတိ ပဝတ္တတီတိ ဓဝနံ။ ။(ဝိဂြိုဟ်)။ ။ဗလဝ ဘာဝေန၊ အားရှိသည်၏ အဖြစ်ဖြင့်။ ဓဝတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ဓဝနံ၊ဓောမည်၏။ ။အနက်။ ။တနည်းကား။ ။တံတံ ကိစ္စသာဓနဘာဝေန ဓဝတိ ပဝတ္တတီတိ ဓဝနံ။ ။(ဝိဂြိုဟ်)။ ။ တံတံ ကိစ္စ သာဓနဘာဝေန၊ ထိုထိုကိစ္စကို ပြီးစေတတ်သည်၏ အဖြစ်ဖြင့်။ဓဝတိပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဓဝနံ၊ ဓောမည်၏။ ။အနက်။ ။ဓုဂတိယံ၊ ဂတိအနက်ရှိသော ဓာတ်တို့ ဗုဒ္ဓိ,ပဝတ္တိ, ပါပုဏန, အနက်တို့ကိုလည်း ဟောနိုင်သည်မှတ်။ အားရှိ သောကြောင့် ထိုထို ကိစ္စကို ပြီးစေနိုင်သောကြောင့် ဓောခေါ်ရသည် ဆိုလိုသည်။

ယင်း ဓောသည် ၁—ကုသိုလ်ဓော, ၂—အကုသိုလ် ဓော, ၃—အဗျာကတဓော-ဟူ၍ သုံးမျိုးရှိသည်။ ။ကုသိုလ် ဓောကား ကောင်းသော မျိုးသဘော၊အကုသိုလ်ဓောကား မကောင်းသော မျိုးသဘော၊ အဗျာကတဓောကား ကိစ္စ ပြီးပြီးသော ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်၍ မအောင်သော မျိုးသဘော။ ။ယင်း သုံးမျိုး တို့တွင် အကုသိုလ်ဓောကိုရှေးဦးစွာပြအံ့။ ။အကုသိုလ်ဓောသည် ဒွါဒသ တဆဲ့နှစ်ပါးတည်း။ တဆဲ့နှစ်ပါးဆိုသည်မှာ လောဘမူ ဓော ၈စ်, ဒေါသမူဓော နှစ်, မောဟမူဓော နှစ်,ပေါင်း၍ တဆဲ့ နှစ်ပါးတည်း။

## ၆၄—လောဘ၏ သဘောနှင့်တကွ လောဘမူဇောကို ပြဆိုခြင်း

ထင်ရှားအောင် ပြဦးအံ့။ ။လောဘမူ ဆိုသော စကား၌ လောဘ ဆိုသည်မှာ လိုချင် မက်မော တတ်သော သဘော၊ မျောက်နှံ့ စေးသည် မျောက်ကို စေးကပ်သကဲ့သို့, အမဲသား တစ်သည် ဒယ်အိုးကင်းပူ၌ ကပ်သကဲ့သို့အာရုံ၌ စေးကပ်တတ်သော သဘော,ကောက်သော အဆူးရှိသောဆူးခက်သည်ထိုထိုဝတ္ထု၌ ငြိသကဲ့သို့,မျှော့သဖွယ်ပါသည်လူကို တွယ်သကဲ့သို့အာရုံ၌ငြိတွယ် တတ်သောသဘော။ ။လုဗ္ဘတီတိ လောဘော။ ။(ဝိဂြိုဟ်)။ ။ လုဗ္ဘတိ၊ လိုချင်စေးကပ် ငြိတွယ်တတ်၏။ဣတိ တသ္မာ၊ထိုကြောင့်။ လောဘော၊ လောဘမည်၏။ ။အနက်။ ။အထည် အဝတ်၌ ဆိုးရည် စွဲသကဲ့သို့ အာရုံ၌ စွဲလမ်း တတ်သောကြောင့် ယင်း လောဘကိုရာဂဟူ၍လည်းဆိုသည်။ရဇ္ဇတီတိ ရာဂေါ။ ။(ဝိဂြိုဟ်)။ ရဇ္ဇတိ၊ စွဲလမ်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရာဂေါ၊ ရာဂ မည်၏။ ။အနက်။ ။အာရုံကို တပ်မက်တတ် တောင့်တတတ် ဆာလောင် တတ်သောကြောင့် ယင်း လောဘကို တဏှာ-ဟူ၍လည်း ဆိုသည်။ ။တဿတိ ပရိတဿတီတိ တဏှာ။ (ဝိဂြိုဟ်)။ ။တဿတိ၊ တပ်မက်တတ် တောင့်တ တတ်၏။ ပရိတဿတိ၊ ခြောက်ပါးသော ဒွါရမှ ဆာလောင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တဏှာ၊ တဏှာမည်၏။ ။အနက်။

ယင်း လောဘမူလ အရင်းခံပါသော ဇောကို လောဘမူ ဇောဆိုသည်။ ။လောဘော မူလံ ဧတေသာတိ လောဘမူလံ။ ။(ဝိဂြိုဟ်)။ ။ဧတေသ၊ ထိုဇောအား။ လောဘော၊ လောဘဟု ဆိုအပ်သော။ မူလံ၊ အမြစ်အရင်းသည်။ အတ္ထိ၊ ရှိ၏။ဣတိ တသ္မာ၊ ထိုကြောင့်။ လောဘမူလံ၊ လောဘမူ မည်၏။ ။အနက်။ ။ယင်း လောဘမူ ဇောသည် အသင်္ခါရိက, သသင်္ခါရိက နှစ်မျိုး။ ။ ဒိဋ္ဌိဂတသမ္ပယုတ်၌ နှစ်မျိုး၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်၌ နှစ်မျိုး ဖြစ်၍

လေးမျိုး, သောမနဿ သဟဂုတ်၌ လေးမျိုး, ဥပေက္ခာ သဟဂုတ်၌ လေးမျိုး ဖြစ်၍ ပေါင်း ၈စ်မျိုး ရှိသည်။ ။မူလသဒ္ဒါ အမြစ်ဟော။ လ–ကို ဖျောက်၍ မူ–ဟု ဆိုသည်။ ။သောမနဿသဟဂုတ်လေး, ဥပေက္ခာသဟဂုတ်လေး ပေါင်း၈စ်။ ။ ဒိဋ္ဌိဂတသမ္ပယုတ်လေး, ဝိပ္ပယုတ်လေး ပေါင်း ၈စ်။ ။အသင်္ခါရိကလေး, သသင်္ခါရိကလေး ပေါင်း ၈စ်။ ။

လောဘမူ၈စ် ပြီး၏။

## ၆၅–ဒေါသ၏သဘောနှင့်တကွဒေါသဇောကိုပြဆိုခြင်း

ဒေါသမူဟူသောစကား၌ ဒေါသ–ဆိုသည်မှာ တုတ်လှင်ကန်ဖြင့် ထိခတ်အပ်သော မြွေဟောက်ကဲ့သို့ ကြမ်းတမ်း ခက်ထန်ခြင်း သဘော။ မိမိ, သူတပါး နှစ်ပါးစုံတို့၏ စီးပွါး ချမ်းသာကို ဖျက်ဆီးတတ်သော သဘော။ ။ဒုဿတီတိ ဒေါသော။ ။(ဝိဂြိုဟ်)။ ။ဒုဿတိ၊ မိမိ–သူတပါး နှစ်ပါးလုံး တို့၏ စီးပွါး ချမ်းသာကို ဖျက်ဆီး တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒေါသော၊ ဒေါသမည်၏။ ။တနည်း။ ။ဒေါသဟူသည်စိတ်နှင့် နှလုံးသား နှစ်ပါးသော အသို့တို့ကို ပူလောင်စေ တတ်သော သဘော။ ။ဒွေဘာဂေ ဥဿယတိ ဒဟာပေတီတိ ဒေါသော။ ။(ဝိဂြိုဟ်)။ ။ဒွေဘာဂေ၊ စိတ်နှင့်နှလုံးသား နှစ်ပါးသော အသို့တို့ကို။ ဥဿယတိ ဒဟာပေတိ၊ ပူလောင် စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒေါသော၊ ဒေါသ မည်၏။ ။အနက်။ ။ စိတ်ကို ပူလောင်စေသည့်အတွက် ဒေါသဖြစ်လျှင် စိတ်၏မချမ်းမသာ ပူပန်ဆင်းရဲခြင်း စေတသိကဒုက္ခ ဝေဒနာတွေ ဖြစ်ရလေသည်။ ။နှလုံးအိမ်ကို ပူလောင်စေသည့်အတွက် နှလုံးသားမှ ပူလောင်ခြင်း ကာယိက ဒုက္ခဝေဒနာတွေ ဖြစ်ရလေသည်။ ။ ဒေါသ အားကြီးလျှင် နှလုံးသွေး ဆူပွက် အထက်သို့ အလွန်ထွက်ခြင်း နှလုံးကွဲခြင်း စသည်ဖြစ်ရလေသည်။

နှလုံးအိမ်ကို ပူလောင်စေသည်ဆိုသောစကားမှာ မှချမဟုတ်၊ ရုပ်ဥပမာမှတ်လေ။ ။ဒေါသက စိတ်ကိုပူလောင်စေသည်။ စိတ်ပူက ပူပြင်းသော ဘောဇာ ဝါယော အငွေ့ အရှိန်ကို ဖြစ်စေသည်၊ ယင်း အငွေ့ အရှိန်က နှလုံးအိမ်ကို ပူလောင်စေသည် ဆိုလိုသည်။ စိတ်ပူသည်၊ စိတ်ပင်ပန်းသည်၊ စိတ်မချမ်းသာသည်၊ စိတ်ညစ်သည်၊ စိတ်ဆင်းရဲသည်-ဆိုသမျှ ဒေါသသတ္တိ မှတ်လေ။ ။ထို့ကြောင့် အလှူပေးရာ, ကုသိုလ်ပြုရာစသော အရာရာတို့၌ စိတ်မချမ်းသာ ပူရ ပင်ရ စိတ်ညစ်ရ စိတ်ဆင်းရဲရ-ဆိုသည်ကား ဒေါသဇော မှတ်လေ။ ။ကုသလံ ပတ္ထာပဲ ဒုက္ခဝေဒနာ နာမနုတ္တိ။ ။ထိုထိုအဓ္ဓကထာပါဠိ။ ။ပ၊ အကယ် မလွဲသဖြင့်။ ကုသလံ၊ ကုသိုလ်အရာသို့။ ပတ္ထာ၊ ရောက်၍။ ဒုက္ခဝေဒနာနာမ၊ ဒုက္ခဝေဒနာ မည်သည်။ နတ္ထိ၊ မရှိ။ ။အနက်။ ။ဤိုးရိမ် ပူပန်ရသည်ကို ကုသိုလ်ထင်မှတ်လျှင် မောဟဇော မှတ်လေ။

ယင်း ဒေါသမူလ ရင်းခံ ပါသော အကုသိုလ် ဇောကို ဒေါသမူဇော ဆိုသည်။ ။ဒေါသော မူလံ ဧတဿာတိ ဒေါသမူလံ။ ။(ဝိဂြိုဟ်)။ ။ဧတဿ၊ ထိုဇောအား။ဒေါသော၊ ဒေါသဟုဆိုအပ်သော။ မူလံ၊ အမြစ် အရင်းခံသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ဒေါသမူလံ၊ ဒေါသမူမည်၏။ ။အနက်။ ။ ယင်း ဒေါသမူသည် ဒေါမနဿ သဟဂုတ် အသင်္ခါရိက, သသင်္ခါရိက ဟူ၍ နှစ်မျိုးသာရှိသည်။ ။ဒေါသမူ နှစ်ပါးပြီး၏။

## ၆၆–မောဟ၏သဘော မောဟများ၍ ယုံလွယ်သော စက္ခုကိုပြခြင်း

မောဟမူ ဆိုသော စကား၌ မောဟ ဆိုသည်မှာ အဟုတ်အမှန် သဘောကို မသိရအောင် ဖုံးလွှမ်း ပိတ်ပင် တတ်သော သဘော၊ အကုသိုလ် လမ်းကို ဖွင့်လှစ်တတ်သော သဘော၊ ကုသိုလ်လမ်းကို ပိတ်ဆို့တတ်သော သဘော၊ တွေဝေ မိုက်မဲ

တတ်သော သဘော။ မုယှတီတိ မောဟော။ ။(ဝိဂြိုဟ်)။ ။ မုယှတိ၊ တွေဝေ မိုက်မဲတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မောဟော၊ မောဟ မည်၏။ ။အနက်။ ။ယင်း မောဟကို မောဟနု, မောဟကြမ်း- နှစ်မျိုးမှတ်။ မောဟနု- ဆိုသည်မှာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ- ဟူသော သစ္စာလေးတန်၊ ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗာပရန္တ, ပဋိစ္စသမုပ္ပါဒ, ဤရှစ်ဌာနတို့ကို မသိရအောင် ဖုံးလွှမ်းပိတ်ပင်တတ်သော မောဟကို ဆိုသည်မှတ်။ မောဟကြမ်း ဆိုသည်မှာ တွေဝေ မိုက်မဲတတ်သော မောဟကို ဆိုသည်။ တွေဝေမိုက်မဲ ဆိုသည်မှာလည်း မသိတတ်သော သဘောကို ဆိုသည်။ မသိတတ် ဆိုသည်မှာလည်း ဇိမ်ပျော်တုန်းအခါ မသိသကဲ့သို့ မသိသည် မဟုတ်၊ အမည်နာမ- စသည်တို့ကို မသိခြင်း စသည်တို့ကဲ့သို့သော မသိမျိုးလည်း မဟုတ်၊ အမှန်ကြကို မသိဘဲ အလွဲလွဲ အချွတ်ချွတ် သိသည်ကို ဆိုသည်။ အလွဲလွဲ အချွတ်ချွတ် သိ ဆိုသည်မှာလည်း မဟုတ်ကို အဟုတ်၊ အဟုတ်ကို မဟုတ်၊ အကျိုးရှိသည်ကို အကျိုးမရှိ၊ အကျိုး မရှိသည်ကို အကျိုးရှိ၊ မသင့်လျော်သည်ကို သင့်လျော်သည်၊ သင့်လျော်သည်ကို မသင့်လျော်၊ မကောင်းသည်ကို အကောင်း၊ အကောင်းကို မကောင်း၊ ဤသို့ စသည် မညီမညွတ် မဟုတ်သိတွေကို ဆိုသည်။

မုဠှော ဟိ တစ္ဆံ အတစ္ဆန္တိ၊ အတစ္ဆံ တစ္ဆန္တိ ဂဏှာတိ။ ။ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ ။ဟိ၊ အကယ်မလွဲသဖြင့်၊ မုဠှော၊ မောဟဖြင့် မိုက်မဲတွေဝေသော ပုဂ္ဂိုလ်သည်။ တစ္ဆံ၊ အဟုတ်အမှန်ကို။ အတစ္ဆန္တိ၊ မဟုတ်မမှန်ဟူ၍။ အတစ္ဆံ၊ မဟုတ်မမှန်သည်ကို။ တစ္ဆန္တိ၊ ဟုတ်မှန်သည်ဟူ၍။ ဂဏှာတိ၊ မှတ်ထင် ယူစွဲတတ်၏။ ။အနက်။ ။

ပါဠိတော်တို့၌ မောဟကို အသမ္ဗောဓ ဟူ၍ရင်း, အသမပေက္ခဏာဟူ၍ရင်း, မိစ္ဆာညာဏံ ဟူ၍ရင်း ဟောတော်မူသည်။ အသမံ ဗုဇ္ဈတီတိ အသမ္ဗောဓော။ အသမံ၊ မညီမညွတ် အလွဲလွဲ

အချုတ်ချာ၊ ဇူတ္ထတိ၊ သိဘတ်၏။ ဇာတိတသ္မာ၊ ထိုကြောင့်။ မောဟော၊ မောဟသည်။ အသမ္ဘာဝေါ၊ အသမ္ဘာဝမည်၏။ ။ အသမံ ပေက္ခတိတိ အသမပေက္ခဏာ။ ။အသမံ၊ မညီမညွတ် အလွဲလွဲ အချော်ချော်။ ပေက္ခတိ၊ ရှုမြင်တတ်၏။ ဇာတိတသ္မာ၊ ထိုကြောင့်။ မောဟော၊ မောဟသည်။ အသမပေက္ခဏာ၊အသမ ပေက္ခဏာမည်၏။ ။မိစ္ဆာ ဇာနာတိတိ မိစ္ဆာဉာဏံ။ ။မိစ္ဆာ၊ အလွဲလွဲအမှားမှား။ဇာနာတိ၊သိဘတ်၏။ ဇာတိတသ္မာ၊ထိုကြောင့်။ မောဟော၊ မောဟသည်။ မိစ္ဆာဉာဏံ၊ မိစ္ဆာဉာဏ် မည်၏။ ။ မကောင်းမှုကို အကြောင်း ဥပါယ်ဖြင့် ကြံစည်၍ ပြုပြီးလျှင် မိမိပြုသောအမှု ကို အကောင်းဟူ၍ သိမြင်ခြင်းကို မောဟဟူ၍ ရင်း၊ နှုတ်ခမ်း, တံငါတို့၏ ပိုက်ကွန် လေးမြား ပြုစုစီရင်တတ်ခြင်း, ပိုက်ကွန်ပစ်ခြင်း, လေးပစ်ခြင်း တို့၌ တတ်သိ လိမ္မာခြင်း တို့ကို မောဟ ဟူ၍ရင်း၊ တိတ္ထိတို့၏ တပည့် ဒါယကာတို့ မိမိတို့ တိတ္ထိဆရာ တို့ကို ကြည်ညိုခြင်း, ဟောပြောသည်ကို ယုံကြည်ခြင်းတို့ကို သဒ္ဓါတရားမဟုတ်၊ တဏှာနှင့် မောဟသာ ဟူ၍ရင်း အဘိဓမ္မာဝိဘင်း အဋ္ဌကထာ, မူလပဏ္ဏာသ အဋ္ဌက ထာ, မူလဋီကာတို့၌ဆိုသည်။ ။မောဟများသော သူတို့သည် အရိပ်မသိ အကဲမသိ အရာဌာနကို မသိတတ်၊ ပြုရမည်ကို မပြု၊ မပြုရမည်ကို ပြုတတ်၊ မအံ့သြလောက်သည်ကို အံ့သြတတ်၊ အရာမဟုတ်ရာ၌ ကြည်ညိုတတ်၊ သူတကာပြောလျှင် ယုံလွယ် တတ်သည်။ ။မစားဘဲ နေရုံမျှ ကုသိုလ်ရသည် ထင်မှတ်၍ တရက်,နှစ်ရက်,သုံးရက် စသည် မစားဘဲ ကျင့်ခြင်း၊ မရှိမရှုံဘဲ အချမ်းခံ၍ အပူခံ၍ ကျင့်ခြင်း မဝတ်ဘဲကျင့်ခြင်း စသည်တို့သည် မောဟသတ္တိပင်။ ထိုကဲ့သို့ ကျင့်သည်ကို အံ့သြဘွယ် ထင်ခြင်း ကြည်ညိုခြင်းတို့ကိုလည်း မောဟသတ္တိ မှတ်လေ။

မြေခွေး တကောင် ညဉ့်အခါ ရေထုတ်သော မြွှန်ပေါက်မှ မြို့တွင်းသို့ဝင်၍ အစာရှာရာ အချိန်လွန်သဖြင့် မိုးလင်း၍ လူသူ တို့ နိုးကြသော် ထွက်ပြေးခွင့်မရ တခုသောဌာန၌ ပုန်းကွယ်၍

နေရာ ပုဏ္ဏားတယောက်ကိုမြင်၍ အဆွေ ပုဏ္ဏား ငါ့အားအသပြာ ငါးရာ ရှိပါသည်။ တဝက်ကို ပေးပါမည်။ ငါ့ကို အပေါ်ရုံ အဝတ်ဖြင့် ထုပ်ပွေ့၍ တောသို့ ဆောင်ပို့ပါဆိုရာ မြေခွေးဆိုတိုင်း ပြုသဖြင့် တောသို့ရောက်ကာလ အဆွေ ပုဏ္ဏား အသပြာထုပ်ရန် ကိုယ်ရုံကို ဖြန့်ခင်းပါ ငါ၏အသပြာမြှုပ်ထားရာကို သင်မသိစေလို ငါ့ကို မကြည့်လင့်၊ ငါမလာမခြင်း နေကိုသာ မျှော်ကြည့်၍ နေပါ ဆို၍ ပုဏ္ဏားသည် နေကို မျှော်၍ကြည့်နေသော အခါ ခင်းထားသော ကိုယ်ရုံထဲ၌ မစင်ကျင်ငယ်တို့ကို စွန့်၍ တောသို့ဝင်ပြေးလေ၏။ ။ဤဝတ္ထု၌ ပုဏ္ဏား၏ မြေခွေးစကားကို ယုံကြည်ခြင်းသည် ဉာဏ်အဆင်ခြင်မရှိ။ မောဟ သတ္တိပင်မှတ်။ မြေခွေး၏ လိမ်မာနပ်ပါးခြင်းကား ဝဉ္စနာပညာတည်း။ဝဉ္စနာပညာဆိုသည်ကား မာယာတည်း။ မာယာဆိုသည်ကား တဏှာဟူ၍ ကျမ်းဂန်တို့၌ ဆိုသည်။

မကောင်းမှုကို ပြုသော အရာ၌ တတ်သိ လိမ်မာ ဆိုသမျှ မိုက်ဉာဏ်, လိမ်ဉာဏ်, ကောက်ကျစ်ဉာဏ် ဆိုသမျှ မောဟ တဏှာပင် မှတ်လေ။ ။ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော,ဟု ဟောတော်မူသောကြောင့် ပညာဉာဏ် အခံရှိသော သူတို့ သန္တာန်၌ ဖြစ်သော တဏှာမောဟ သာ၍ ဆန်းကြယ်တတ်သည်။ မောဟနှင့်တဏှာကား အကုသိုလ်တို့၏ ရှေ့သွား အကြီးအမှူးတည်း။ ။အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။ ။ မဟာဝဂ္ဂ သံယုတ်ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။အဝိဇ္ဇာ၊ အဝိဇ္ဇာခေါ်သော မောဟသည်။ အကုသလာနံဓမ္မာနံ၊အကုသိုလ်တရားတို့၏။ သမာပတ္တိယာ၊ ဖြစ်ခြင်း၌။ဝါ၊ ဖြစ်ခြင်း၄ါ။ပုဗ္ဗင်္ဂမာ၊ ရှေ့သွား အဦး အစတည်း။ ။အနက်။ ။အကုသိုလ် ဟူသမျှ မောဟ,က စသည်၊ မောဟမှ ပေါက်ပွါးကြသည် ဆိုလိုသည်။ မောဟကား တဏှာမှ ပေါက်ပွါးသည်၊ တဏှာကား မောဟမှ ပေါက်ပွါးသည်။ အဝိဇ္ဇာ တဏှာယမူလံ၊ တဏှာ အဝိဇ္ဇာယ။

သင်္ဂါထာဝဏ္ဏသံယုတ် အဋ္ဌကထာ။ ။အဝိဇ္ဇာ၊မောဟအဝိဇ္ဇာသည်။ တဏှာယ၊ လောဘ တဏှာ၏။ မူလံ၊ ဖြစ်ပေါ် ကြီးပွါးရာ အမြစ်တည်း။ တဏှာ၊ လောဘတဏှာသည်။ အဝိဇ္ဇာယ၊အဝိဇ္ဇာ မောဟ၏။ မူလံ၊ ဖြစ်ပေါ် ကြီးပွါးရာ အမြစ်တည်း။ ။အနက်။ အဝိဇ္ဇာ၏ အမြစ်ကား တဏှာ။ တဏှာ၏ အမြစ်ကား အဝိဇ္ဇာ။ အလုံးစုံသော ဝဋ်ဒုက္ခတို့၏ အမြစ်ကား အဝိဇ္ဇာ, တဏှာ နှစ်ပါးတည်း။ ။ဒေါသကား မောဟ၏ အခိုးတည်း၊ ထို့ကြောင့် ဒေါသဖြစ်လျှင် မောဟ အခိုးထသည် ဟူ၍မှတ်၊ အဝိဇ္ဇာ တဏှာ စာတိ ဒွေမူလံ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။အဝိဇ္ဇာစ၊ အဝိဇ္ဇာရင်း။ တဏှာစ၊ တဏှာရင်း။ ဣတိ၊ ဤသို့။ ဒွေဓမ္မာ၊ နှစ်ပါးသော တရားတို့သည်။ မူလံ၊ သံသရာဝဋ် ဆင်းရဲ၏ အမြစ်တည်း။ ။အနက်။ ။ငရဲမြစ်, ပြိတ္တာမြစ်, တိရစ္ဆာန်မြစ်, အသုရကာယ်မြစ်၊ အိုခြင်း နာသေ၊ သနွေမစဲ၊ ဆင်းရဲ အမျိုးမျိုး တို့၏ အမြစ်ဟူသည် အဝိဇ္ဇာနှင့် တဏှာ, ဟု ဆိုလိုသည်။ မူလံ ပညာယ သိန္နတ။ ။ဓမ္မဒပါဠိတော်။ ။ဘိက္ခဝေ၊ရဟန်းတို့။ မူလံ၊ ဝဋ်ဆင်းရဲ၏ အမြစ်ကို။ ပညာယ၊ ပညာဖြင့်။ သိန္နထ၊ ဖြတ်ကြကုန်လော့။ ။အနက်။ ။ဤပါဠိတော်၌ ဝဋ်ဆင်းရဲ၏ အမြစ် ဆိုသည်လည်း အဝိဇ္ဇာနှင့် တဏှာကိုပင် ဆိုသည်။

ယင်း ဆိုအပ်ပြီးသော သဘောလက္ခဏာ ရှိသော မောဟ မူလ အရင်းခံပါသော အကုသိုလ်စေတကို မောဟမူ ဆိုသည်။ မောဟော မူလံ ဧတဿာတိ မောဟမူလံ။ ။(ဝိဂြိုဟ်)။ ။ ဧတဿ၊ ထိုစေတနာအား။ မောဟော၊ မောဟဟုဆိုအပ်သော။ မူလံ၊ အရင်းခံသည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ ထို့ကြောင့်။ မောဟ မူလံ၊ မောဟမူမည်၏။ ။အနက်။ ။လ, ကိုဖျောက်၍ မူ-ဟု ဆိုသည်။ ယင်းမောဟမူသည် ဥပေက္ခာ သဟဂုတ်သာတည်း။ ဝိစိကိစ္ဆာသမ္ပယုတ်, ဥဒ္ဓစ္စသမ္ပယုတ်အားဖြင့်နှစ်ပါးဖြစ်သတည်း။

မောဟမူ ခွေးပြီး၏။

လောဘမူ၈စ်,ဒေါသမူနှစ်း, မောဟမူနှစ်း, ပေါင်းအကုသိုလ် ၁၂ခုသည် တဆဲ့နှစ်။ ။သောမနဿ သဟဂုတ်လေး, ဥပေက္ခာ သဟဂုတ်ခြောက်, ဒေါမနဿ သဟဂုတ်နှစ်,ပေါင်း အကုသိုလ် ၁၂ခုသည်တဆဲ့နှစ်။ ။ဒိဋ္ဌိဂတသမ္ပယုတ်လေး,ဒိဋ္ဌိဂတဝိပ္ပယုတ်လေး၊ အလွတ်လေး, ပေါင်း အကုသိုလ်၁၂ခုသည် တဆဲ့နှစ်။ ။အသင်္ခါရိကငါး, သသင်္ခါရိကငါး အလွတ်နှစ် ပေါင်း အကုသိုလ် ၁၂ခုသည်တဆဲ့နှစ်။ အကုသိုလ်ဆိုသော်လည်း အဖျော်ရည်စက်နှင့် တူသော နာမ်ခန္ဓာ လေးပါး အပေါင်းပင် မှတ်လေ။ ။ယင်း အကုသိုလ်စော တဆဲ့နှစ်ခုတို့တွင် ဥဒ္ဓစ္စ သမ္ပယုတ်စောသည် ပဝတ္တိအကျိုးကိုသာ ပေးနိုင်သည်။ ပဋိသန္ဓေအကျိုးကိုမပေးနိုင်။ ကြွင်းစော တဆဲ့တခုတို့ကား နှစ်ပါးလုံးကို ပေးနိုင်သည်။ ။

အကုသိုလ်ပြီး၏။

---

## ၆၇–အကုသိုလ်စော၁၄ ပါသော ကိလေသာ ဆယ်ပါး,ဆဲ့လေးပါးတို့ကို ပြခြင်း

ကိလေသာကို ပြဦးအံ့။ ။ကိလေသာသည် ဆယ်ပါးရှိသည်။ ဆယ်ပါးဆိုသည်ကား–

၁။ **လောဘသာခ၊** လိုချင်စေးကပ် ငြိတွယ်တတ်,စွဲလမ်းတတ်, တပ်မက်တောင့်တ ခြောက်ခုရမှ ဆာလောင်တတ်သော လောဘရင်း။

၂။ **ဒေါသသာခ၊** တုတ်, လှင်ကန့်ဖြင့် ထိခတ် အပ်သော မြွေဟောက် ကဲ့သို့ ခက်ထန် ကြမ်းကြုတ်တတ် မိမိ, သူတပါး နှစ်ပါးလုံး၏ စီးပွါးချမ်းသာကို ဖျက်ဆီးတတ် စိတ်နှင့် နှလုံးသား နှစ်ပါးသော အဘို့ကို ပူလောင် စေတတ်သော ဒေါသရင်း။

၃။ **မောဟသာခ၊** မှောင်ကြီး ကျသကဲ့သို့ အမှန်သဘာဝကို ဖုံးလွှမ်း ဝိတ်ဆို့တတ် အဟုတ်ကိုမသိ မဟုတ်သည်ကို

သိတတ် မညီညွတ် ချော်ချွတ် ရိုက်မဲ့ တတ်သော မောဟရင်း။

၄။ **မာနေစ၊** အယုတ်, အလတ်, အမြတ်-သုံးယောက်လုံး၌ ငါမြတ်သည်, ငါတူမျှသည်, ငါယုတ်သည်, ငါဟုတ် တုတ်တုတ်, ငါဘန်ရသည်, ငါတော်သည် ဟု ဒုယင် မှန်ကင်း ၄က်မြတ်နား စံနှုန်းတို့ ကဲ့သို့ မိမိကိုယ်ကို အထက်၌ ထားသော အားဖြင့် ထောင်လွှား တက်ကြွား တတ်သော မာနရင်း။ ငါ နာသေသူတကား၊ ငါ့အား ညွှာသင့်သည်။ ငါသူတောင်းစားပါ တကား၊ ငါ့အား ပေးသင့်သည်။ ငါ့ကို ဘက်ရမည် လားဟု သူနာ, သူတောင်းစားတို့သော်လည်း မာန တက်ကြွသေးသည်။

၅။ **ဒိဋ္ဌိစ၊** သတ္တဝါ အကောင် ဟူ၍ရင်း, ယင်း သတ္တဝါ အကောင်သည်မြဲသည်၊ဘဝတပါး ထွက်သွားကူးပြောင်း သည်ဟူ၍ရင်း, မထွက်မသွား သေပြီးနောက် ပျောက် သည်ဟူ၍ရင်း, ဤသို့စသည်မဟုတ်မတရား အမှားကိုသာ မြင်တတ်သော ဒိဋ္ဌိရင်း။

၆။ **ဝိစိကိစ္ဆာစ၊** လမ်း နှစ်ခွ၌ နေသောသူကဲ့သို့ အာရုံကို မဆုံးဖြတ်နိုင်ဘဲ သို့လော သို့လော တွေးတော ယုံမှား တတ်သော ဝိစိကိစ္ဆာရင်း။

၇။ **ထိနစ၊** ထိုထိုကိစ္စ ထိုထို ဈာနဝိယာပုထ် တို့၌ လေးလံ ထိုင်းမှိုင်းခြင်း,အားမထုတ်လိုတွန့်တိုဆုတ်နစ်ခြင်း, စိတ်၏ မခံ့, မကျန်း ပျင်းရိ ညှိုးနွမ်းခြင်း ဟူသော ထိနရင်း။

၈။ **ဥဒ္ဓစ္စစ၊** အာရုံကိုမလွှတ်ဘဲ တအာရုံထဲ၌တုန်ခါလွန့်တက် စိတ်၏ မငြိမ်သက်ခြင်း ဟူသော ဥဒ္ဓစ္စရင်း။ ။ယင်းဥဒ္ဓစ္စ သည် လေခတ်သော ကျောက်လျှာအလံ ခဲကျသော ပြာနှင့် အလားတူ၏။

၉။ **အဟိရိကဥ္စ၊** ရှာသူတို့ ဝက်ကဲ့သို့ မကောင်းမှုကိုပြုခြင်းမှ မရှက်တတ်သော အဟိရိကရင်း။

၁၀။ **အနောတ္တပ္ပဥ္စ၊** မီးကိုတိုးသော ပိုးဖလံကဲ့သို့ မကောင်းမှုကံကို ပြုခြင်းမှ မကြောက်တတ် မထိတ်လန့်တတ်သော အနောတ္တပ္ပရင်း။ ဣတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးတို့တည်း။

လောဘ, ဒေါသ, မောဟ; မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန,ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ,ဟူ၍ ကိလေသာဆယ်ပါးမှတ်။

၁။ **ဣဿာစ၊** သူတကာ ချမ်းသာ သည်ကို ကိုယ့်ထက် သာသည်ကို မမြင်ချင်, မကြားချင် မြင်ပြန် ကြားပြန် လျှင်လည်း မချမ်းသာ မနှစ်သက်နိုင် မြင်ကပ်,ကြားပြင်း မနာလို ငြူစူတတ်သော ဣဿာရင်း။

၂။ **မစ္ဆရိယဥ္စ၊** မိမိ ဥစ္စာကို သူတကာနှင့် မဆက်ဆံလို မပေးလို,သူတကာနှင့် ဆက်ဆံပြန်လျှင်လည်း မချမ်းသာ, မခံသာ,မယ္ဘငှက်ကဲ့သို့ ဝန်တိုတတ်သော မစ္ဆရိယရင်း။ မယ္ဘငှက် ဆိုသည်ကား ဟိမဝန္တာတော အသီးများသော သစ်ပင်ကြီး၌ တပါးငှက်တို့ စားကြသောအခါ ငါ့ဟာ ငါ့ဟာ မစားကြနှင့်၊ တောင်အကိုင်းလည်း ငါ့အကိုင်း၊ မြောက်အကိုင်းလည်း ငါ့အကိုင်း၊ အရှေ့ အကိုင်းလည်း ငါ့အကိုင်း၊အနောက်အကိုင်းတို့လည်း ငါ့အကိုင်း၊ငါ့ဟာ ငါ့ဟာ မစားကြလင့်ဟု တမြည်တမ်းထဲမြည်တမ်းသော ငှက်တည်း။

၃။ **ကုက္ကုစ္စဥ္စ၊** မကောင်းသော အမှုကို ပြုမိသည့် အတွက် ကောင်းသော အမှုကို မပြုမိသည့် အတွက် နောင်တ ပူပန်ခြင်း နှလုံးပင်ပန်းခြင်းဟူသော ကုက္ကုစ္စရင်း။

ယင်း ကုက္ကုစ္စသည် အပါယ်သို့ တွန်းချနိုင်သည်။ ။ထိုစကား မှန်၏။ ပြေးသွားသော လှေပေါ်ပါရှိသော ရဟန်းငယ်တပါး မြက်ပင် ကိုင်မိရာ လှေအဟုန်ကြောင့် မြက်ပင်ပြတ်၍ ပါသည်ကို

အာပတ်မသင့်ဘဲ အာပတ်သင့်သည်ဟု ထင်မှတ်သည့် အတွက် ဒေသနာကြားခြင်း အမှုကို ပြုရမည်ကို မပြုဘဲ အနှစ်များစွာ ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ပါလျက် သေခါနီး ကာလ၌ အမှတ်ရ၍ ငါသည် ဒေသနာကြားခြင်း အမှုကို မပြု မိလေဟု နောင်တ ပူပန်ခြင်း ကုက္ကုစ္စအတွက် သေပြီးနောက် အပါယ်ဘုံသို့ ရောက်ရသည်ဟု ဓမ္မပဒအဋ္ဌကထာ၌ လာသည်။ ထို့ကြောင့် တစုံ တခုသော ကုသိုလ်ကို ပြုမည် ကြံလျှင် ဆောလျင်စွာ မပြုဘဲ ငင်ဆွဲနှံ့နှေး ဖြေးလေး၍နေလျှင် ရန်သူမျိုး ကြောင့်ရင်း, မိုးလေ မကြောင့် သောကြောင့်ရင်း, တဘန် စိတ်ပျက် မနှေးရစွက်သောကြောင့်ရင်း, တခုခုသော အကြောင်း ကြောင့် မပြုရသည်ရှိသော် သေခါနီးကာလ၌ ငါသည် မပြုရ မပြုလိုက်မိဟု နောင်တ ပူပန်ခြင်း ကုက္ကုစ္စဖြစ်၍ အပါယ်သို့ ကျတတ်သည်။ အကြောင်းညီညွတ်၍ ပြုသော်လည်း အကျိုးပေး နှံ့နှေးတတ်သည်။ ကုသိုလ်ကို ပြုမည် ကြံလျှင် ဆောလျင်စွာ ပြုရသည်။

"အဘိတ္ထရေထကလျာဏေ" ဟူ၍ ဘုရား ဟောတော်မူ သည်။ ။ကလျာဏေ၊ ကောင်းမှုကို။ ကတေ၊ ပြုသည်ရှိသော်။ အဘိတ္ထရေထ၊ ဆောလျင်စွာ ပြုကြကုန်လော့။ ။အနက်။ ။ ဒန္ဓံ ကတံ ကုသလံ ဟိ သမ္ဗတ္တိ ဒဒမာနံ ဒန္ဓမေဝ ဒဒါတိ။ ။ ဓမ္မပဒ အဋ္ဌကထာ။ ။ဒန္ဓံ၊ ဖြေးနှေးစွာ။ ကတံ၊ ပြုအပ်သော။ ကုသလံ၊ ကုသိုလ်သည်။ ဟိ၊ အကယ် မလွဲသဖြင့်။ သမ္ဗတ္တိံ၊ စည်းစိမ်ချမ်းသာကို။ဒဒမာနံ၊ ပေးသည်ရှိသော်။ ဒန္ဓမေဝ၊ဖြေးနှေး စွာသာလျှင်။ ဒဒါတိ၊ ပေးတတ်၏။ ။အနက်။

၄။ မိဒ္ဓဥ္စကြွင်းသောနာမ်ခန္ဓာတို့၏ မခံ့ခြင်း မိဒ္ဓရင်း။ ။
ဤသို့လည်း ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓ-ဤလေး
ပါးကို ထည့်သွင်း၍ ကိလေသာ ဆဲ့လေးပါးမှတ်။

ထိန-ကိုဆိုလျှင် မိဒ္ဓပါပြီးဖြစ်၍ မိဒ္ဓကို ကိလေသာဟု အသီး မဟောသည်မှတ်။ ။ထိန, မိဒ္ဓ နှစ်ပါး အားကြီးသောပုဂ္ဂိုလ်

သည့် စရိုက်၌ ကျောက်ခဲ ဆွဲသကဲ့သို့ ထိုထိုအမှု ကိစ္စတို့၌ လေးလံတတ်သည်။ မီးထဲ၌ ထည့်အပ်သော အမဲသား ခြောက်, ကြက်တောင်, ငှက်တောင်- တို့ကဲ့သို့ တွန့်တိုဆုတ်နစ် တတ်သည်။ ငှက်ပျောတုံး လက်ပံတုံးကို ထိုးအပ်သော ထန်းရွက်စိုကဲ့သို့ တွန့်ခွေရိုနွမ်း ဝိရိယအစွမ်း ကုန်ခမ်း တတ်သည်။ ။ ထိန-မိဒ္ဓ ကိလေသာနှစ်ပါးကို အိုးပေါက် တောင်းပေါက်နှင့် တူသည်ဟူ၍ ထိန,မိဒ္ဓ-ရှိသော ပုဂ္ဂိုလ်ကို အပေါက် ရှိသော အိုးနှင့် တောင်းနှင့် တူသည်ဟူ၍ ကျမ်းဂန်တို့၌ ဆို၏။ ။ ဗုဒ္ဓသာ, မစ္ဆရိယ, ကုက္ကုစ္စ- ဤသုံးပါးကိုကား ဒေါသကိုဆိုလျှင် ပါပြီဖြစ်၍ ကိလေသာဟု အသီးထုတ်၍ မဟောသည်မှတ်။ ။ ဤ ဆိုအပ်ပြီးသော ဆယ်ပါး, ဆဲ့လေးပါးသော တရားတို့ကို သတ္တဝါတို့ကို ပူပန်စေတတ် ပင်ပန်းစေတတ် ညစ်နွမ်းစေတတ် ညစ်ညူးစေတတ်သောကြောင့် ကိလေသာဟု ခေါ်ဆိုရသည်။ ။ ကိလိဿန္တိတိ ကိလေသာ။ ။(ဝိဂ္ဂဟ်)။ ။ကိလိဿန္တိ၊ သတ္တဝါတို့ကို ပူပန်စေတတ် ပင်ပန်းစေတတ် ညစ်နွမ်းစေတတ် ညစ်ညူးစေတတ် ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကိလေသာ၊ ကိလေသာ မည်ကုန်၏။ ။အနက်။

ယင်း ကိလေသာ ဆဲ့လေးပါး တို့တွင် လောဘ သည် လောဘမူရှစ်ချ၌ ဒေါသသည် ဒေါသမူနှစ်ချ၌ ဒိဋ္ဌိသည် ဒိဋ္ဌိဂတ သမ္ပယုတ် လေးချ၌ ဝိစိကိစ္ဆာ သည် ဝိစိကိစ္ဆာ သမ္ပယုတ်၌ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဤလေးပါး တို့သည် အကုသိုလ်ဆဲ့နှစ်ချလုံး၌ စေတနာ၏ အပင်းအသင်း သဒ္ဓိရကွန္တာ ၏ အဖြစ်ဖြင့် အမြဲပါကြ၏။ ။ဤကား နိယတကိလေသာ ၅စ်ပါး၊ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်လေးချ၌ ထိန,မိဒ္ဓ-သည် အတူတကွ သသင်္ခါရိကငါးချ၌၊ ဗုဒ္ဓသာ- မစ္ဆရိယ- ကုက္ကုစ္စ ဤသုံးပါးသည် အသီးအသီး ဒေါသမူနှစ်ချ၌ သဒ္ဓိရကွန္တာ၏အဖြစ်ဖြင့် ရံခါသာ ပါကြ၏။ ။ဤကား အနိယတ ကိလေသာ ခြောက်ပါး။

၍ကိလေသာ ဆဲ့လေးပါးတို့ကား အကုသိုလ်စေတ၌ သင်္ဂါရကျွမ်းသော စုတည်း။ ကိလေသာကို ပြသည်ပြီး၏။

## ၆၈–ကိလေသာကို တချိုးပြခြင်း

ကိလေသာကို တချိုး ပြဦးအံ့။ ။ကိလေသာ ဆယ်ပါးကို အကျယ်ပွါး၍ အဋ္ဌကထာတို့၌ ၁၅၀၀-လာ၏။ ။ဋီကာတို့၌ ကိလေသာ ၁၅၀၇-ပါး လာ၏။ ။ချုပ်ကာ ပုဏ္ဏ ဝိဘင်းပါဠိ တော်၌ကား ကိလေသာ အသ ၈ ရှစ်ရာလာ၏။ ။ရှစ်ရာ-ဆိုသည် ကား:—

၁။ **ကောဓော၊** နှလုံးဆူပွက်၍ အပူက်ထွက် ခြင်း ကောဓရင်း။

၂။ **ဥပနာဟော၊** မကျေအခဲ နှလုံးထဲ၌ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟရင်း။

၃။ **ထမ္ဘော၊** သံချောင်းကို မျိုထားသော စပါးကြီး မြွေကဲ့သို့ ရိုသေထိုက်သော သူတို့၌ ရိုသေကိုင်းညွတ် ခြင်းမရှိ တောင့်တင်းခက်ထန်ခြင်း ထမ္ဘရင်း။

၄။ **သာရမ္ဘော၊** သူတပါး မခံသာအောင် ပြိုင်၍ ပြိုင်၍ သာလွန်၍ ပြုသဖြင့် ချုပ်ချယ်ခြင်း သာရမ္ဘရင်း။ ။ သူပြုသည်ကိုလည်း ကြည်သော ဝမ်းမြောက် နိုင်၍ သူ့ကို မိုလို သူ့ထက်သာလို၍ ပြိုင်၍ပြိုင်၍ သာလွန်၍သာလွန်၍ ကုသိုလ် အရာ၌ ပြုလုပ် အားကျခြင်းကား ကုသိုလ်ပင် ဟူ၍ အဋ္ဌကထာ၌ ဆို၏။

၅။ **မက္ခော၊** ပေးဘူး, ကမ်းဘူး, မှီခိုဆည်းကပ် ဘူးသဖြင့် ကျေးဇူး ရှိဘူးသော သူတို့၏ အကျိုးမဲ့ကို ပြုခြင်း ပြောဆိုခြင်းဖြင့် သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခရင်း။

၆။ **ပဠာသော၊** ကိုယ့်ထက်ဥစ္စာနေ, သဒ္ဓါ, သီလ, သုတ, ပညာဂုဏ် သာလွန်သော သူကို သာပေသည်ဟု မထင် နိုင် မပြောနိုင်ဘဲ မိမိနှင့် အင်တူထားခြင်း ပဠာသရင်း။

၇။ **မာယာခ၊** ကြောင်သည် မိမိမစင်ကို မြေဖြင့် ဖုံးထား သကဲ့သို့ မိမိ၏ မကောင်းသောအမှုကို ဖုံးထားကွယ်ကာ လို၍ ကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာကို ပြု၍ အကောင်း ထင်မှတ်အောင် လှည့်ပတ်ခြင်း မာယာဧရင်း။

၈။ **သာဌေယျံခ၊** ဥစ္စာဓနေ,သဒ္ဓါ,သီလ,သုတ, ပညာဂုဏ်မရှိ ဘဲလျက် ရှိယောင်ဆောင်၍ ဝါကြွား ပသွား စဉ်းလဲ စဉ်းစားပြုခြင်း **သာဌေယျ**ရင်း။

၉။ **အတြိစ္ဆာခ၊** အတူတူရကြပါလျက် မိမိရသောလာဘ်ဖြင့် မရောင့်ရဲနိုင်ဘဲ မိမိလာဘ်ကို လွှန်၍ သူတပါးရသော လာဘ်ကို တောင့်တ လိုချင်ခြင်း အတြိစ္ဆာရင်း။ ။ယင်း အတြိစ္ဆာ, ကိလေသာအားကြီးသော ပုဂ္ဂိုလ်သည် မိမိက အကောင်း အမွန်ကို ရပါသော်လည်း သူတကာ ရသော ယုတ်ညံ့သော လာဘ်ကို အကောင်း ထင်တတ်သည်။ အတူတူ တအိုးတည်း ချက်သော မိမိခွက်၌ ထမင်းထက် သူတပါးခွက်၌ ထမင်းကို ကောင်းနိုးနိုး ထင်တတ်သည်။

၁၀။ **မဟိစ္ဆာခ၊** မိမိ အနည်းငယ်သော ဂုဏ်ကို သော်လည်း သူတပါး သိစေလိုခြင်း တွေ့ရာမြင်တိုင်း အပိုင်းအခြားမရှိ အလိုကြီးခြင်း မဟိစ္ဆာရင်း။ ။ယင်း မဟိစ္ဆာကိလေသာ အားကြီးသော ပုဂ္ဂိုလ်သည် မိမိ၏ အနည်းငယ်သော သီလ, ပညာ, ရတင်, ဂုဏ် ကိုသော်လည်း သူတကာ သိစေလို လာဘ်ကိုလို၍ လူသိ, ရှင်သိ ပေါ်ထင်သိသာ ပြုတတ် ပြောတတ်သည်၊ ရပြန်သော်လည်း မရောင့်ရဲနိုင် အားမရနိုင် အလိုကြီးတတ်သည်။ ။အဂ္ဂိခန္ဓော၊မီးပုံသည်။ ကဋ္ဌေန၊ ထင်းဖြင့်။ န တပ္ပတိ၊ မရောင့်ရဲနိုင်။ သမုဒ္ဒေါ၊ သမုဒ္ဒရာသည်။ ဥဒကေန၊ ရေဖြင့်။န တပ္ပတိ၊မရောင့်ရဲနိုင်။ မဟိစ္ဆော၊ မဟိစ္ဆတာ ပုဂ္ဂိုလ်သည်။ လာဘေန၊ ရသော ပစ္စည်းဖြင့်။ န တပ္ပတိ၊ မရောင့်ရဲနိုင် အားမရနိုင်။

၁၁။ ပါဠိစ္ဆာ၊ ယုတ်မာသော အလိုဆိုး ဟူသော ပါပိစ္ဆာ ၎င်း။ ။ယုတ်မာသော အလိုဆိုး ဆိုသည်မှာ သဒ္ဓါတရား မရှိဘဲ သဒ္ဓါတရားရှိသောသူဟု သီလမရှိဘဲ သီလရှိသော သူဟု ဓုတင်မဆောင်ဘဲ ဓုတင်ဆောင်သော သူ-ဟု စာမတတ်ဘဲ စာတတ်သော ပုဂ္ဂိုလ်ဟု ဈာန်မရဘဲ ဈာန်ရသောပုဂ္ဂိုလ်ဟု ထင်မှတ်စေလိုအချိုးမွမ်းခံလိုသော အလိုဆိုးတွေကိုပင် ဆိုသည်။ ။ယင်း ပါပိစ္ဆာ အား ကြီးသော ပုဂ္ဂိုလ်သည် လူသူလာလျှင် ဘုရားရှိခိုးတတ် စာအံ ဘတ် စာကြည့်တတ် ပုတီး ကိုင်တတ် ဈာန်ရ လုပ်တတ်သည်။ စာမကြည့်တတ်ဘဲ ဘုတ်အုပ်စာ ပေစာ တွေကို အနီးအပါး ခင်းခင်းကျင်းကျင်းထားတတ်သည်။ တကာ, တကာမတို့ ဈော်ကိုထား မေ့မြန်းလျှင် မသိ သည်ကို ငါမသိဟု မပြောနိုင်ဘဲ ဟန်လုပ်လှိုးလွှဲ ဟိန်းဟဲ ပြောဆို တတ်သည်။ အရာရာမှာ စိတ်ကောင်း ရှိလျှင် ပါပိစ္ဆာ-မဆိုရ။

ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ထမ္ဘ, သာရမ္ဘ, မာယာ, သာဌေယျ, အတြိစ္ဆာ, မဟိစ္ဆာ, ပါပိစ္ဆာ၊ ဤသို့ စသည် လာ ကိလေသာတို့ပင်ကည်း။ ။အကုသိုလ် နာမ်ခန္ဓာတို့ကိုပင် ဖြစ်ပုံ အခြင်း အရာကို အစွဲပြု၍ အမည်ထူး တပ်ပြီးလျှင် ကိလေသာ ၅စ်ရာ-ဟု ဟောတော်မူသည် မှတ်လေ။ အကုသိုလ် နာမ်ခန္ဓာ လေးပါး တို့မှ အလွတ် မဟုတ်။ ။ကိလေသာ တမျိုးကို ပြသည် ပြီး၏။

## ၆၃—ကုသိုလ်စေတနာအရကို ပြခြင်း

ကုသိုလ်ဇော အရကို ပြဦးအံ့။ ။ကုသိုလ်သည် လောကီ ကုသိုလ် လောကုတ္တရာကုသိုလ် ဟူ၍ နှစ်မျိုးရှိသည်။ယင်းနှစ်မျိုး တို့တွင် လောကီကုသိုလ်သည် ကာမကုသိုလ်, ရူပဈာန်ကုသိုလ်,

အရှုပ်ချောန် ကုသိုလ် ဟူ၍ သုံးမျိုးပြားပြန်၏။ ။ယင်း လောကီကုသိုလ် သုံးမျိုးတို့တွင် ကာမကုသိုလ်ကို ရှေ့ဦးစွာပြအံ့။ ။ အလောဘ ဟိတ်, အဒေါသ ဟိတ်, အမောဟ ဟိတ် ဟူ၍ ကုသိုလ်ဟိတ် သုံးပါးကို ရှေ့ဦးစွာမှတ်။ ။ဟိတ်၏ သဘောကား သစ်ပင်၌ ရေသောက်မြစ်နှင့် တူသော သဘော။ ။တူပုံကား ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့ စည်ကား ပွါးစီးစေသကဲ့သို့ ထို့အတူ ဟိတ်တရား သည်လည်း အတူ ဖြစ်ဘက် ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ခိုင်ခံ့စည်ကား စေတတ်သည်။

အလောဘဟိတ်၏ သဘောကား မတွယ်မတာ မငြိမကပ် ကျွတ်လွတ်သောသဘော, လောဘနှင့် ဆန့်ကျင်ဘက် သဘော၊ လောဘကား ဆူးလှည်းနှင့်လည်းတူ၏။ မျှောက်နှဲစေးနှင့်လည်းတူ၏။ အလောဘကား ကောင်းကင်၌ လွှတ်အပ်သော မြားနှင့်တူ၏ ,ရေထဲ၌ ပဒုမ္မာကြာပန်းနှင့်လည်း တူ၏။

အဒေါသသဘောကား မကြမ်း,မတမ်း အေးမြချစ်ကြည်သော သဘော, ဒေါသနှင့် ဆန့်ကျင်ဘက် သဘော။ ။ဒေါသကား မီးနှင့်တူ၏။ အဒေါသကား ရေနှင့်တူ၏။ မေတ္တာဆိုသည်လည်း အဒေါသကိုပင် ဆိုသည်။

အမောဟ သဘောကား မတွေမဝေ အမှန်ကျ သိတတ်သော သဘော, မောဟနှင့် ဆန့်ကျင်ဘက် သဘော။ ။မောဟကား မှောင်နှင့် တူ၏။ အမောဟ ကား ဆီမီးတောက်နှင့် တူ၏။ ပညာဆိုသည် ဉာဏ်ဆိုသည်လည်း အမောဟ ကိုပင် ဆိုသည်။ မောဟကား အဟုတ်ကို မဟုတ်, မဟုတ်ကို အဟုတ်, အကောင်းကို မကောင်း, မကောင်းသည်ကို အကောင်း ဟူ၍ မညီမညွတ် အလွဲလွဲ အချွတ်ချွတ် သိတတ်သည်။ ။အမောဟ ခေါ်သော အသိဉာဏ် ပညာကား အဟုတ်ကို အဟုတ်, မဟုတ်သည်ကို မဟုတ်ဟူ၍, အကောင်းကို အကောင်း, မကောင်းကို မကောင်း ဟူ၍ သဘာဝနှင့် တကွ အမှန်ကျ သိတတ်သည်။

ချမ်းသာဘို့ ထမင်းချက်ရန် နံနက်စောစော ထ၍ မှောင်မိုက်ထဲ၌ ထင်းချောင်းထင်၍ မြွေပွေးကို ကိုင်ဆွဲရာ မြွေပွေးကိုက်၍ ဆင်းရဲဒုက္ခ သေဆုံးရသော သူ၏ မြွေပွေးကိုပင် ထင်းချောင်း ထင်မှတ် ခြင်းသည် မှောင်မိုက်သည့် အတွက်ပင်၊ ဤနည်း အတူ ချမ်းသာချင်၍ ချမ်းသာလိုလှ၍ ချမ်းသာရန် ချမ်းသာရအောင် ဒုစရိုက်တွေကိုပြုကျင့်ကြသော မိန်းမ, ယောကျ်ားတို့ ငရဲဘုံ၌ ဆင်းရဲဒုက္ခ, ပြိတ္တာ ဘုံ၌ ဆင်းရဲဒုက္ခ, အသုရကာယ် ဘုံ၌, တိရစ္ဆာန် ဘုံ၌ ဆင်းရဲ ဒုက္ခတွေကို ခံနေကြ ရ၏။ လူဖြစ် ပါသော်လည်း လူချင်းမတူ လူစဉ်မမှီ အသီသီသော ဆင်းရဲဒုက္ခတွေနှင့် တွေ့ကြုံကြရခြင်းသည် ဒုက္ခ၏ အကြောင်း မှန်သော ဒုစ္စရိုက်ကိုပင် သုခ၏ အကြောင်းဟု ထင်မှတ်သည့် အတွက်ပင်။ ဤသို့ထင်မှတ်ရခြင်း သည်လည်း မောဟမှောင်မိုက် သည့် အတွက်ပင်။ ထို့ကြောင့် မောဟကို မှောင်နှင့် တူသည် ဟူ၍ ဆိုလိုက်သည်။ ။မှောင်မိုက်ထဲ၌ မီးထွန်း လိုက်လျှင် အနှန်ကျကို မြင်ရ သကဲ့သို့ ထို့အတူ အမောဟ ဟူသော အသိဉာဏ်ရှိမှ အနှန်ကျကို သိရသည်။ ထို့ကြောင့် အမောဟကို မီးနှင့် တူသည်ဟူ၍ ဆိုရသည်။ ။ကုသိုလ်ကို ပြုသောအခါ ဇော၌ အလောဘ အဒေါသ ဟိတ် နှစ်ပါးပါလျှင် ဒွိဟိတ် ဇော ဒွိဟိတ်ကုသိုလ် ဆိုရသည်။ ။ယင်း ဒွိဟိတ် ကုသိုလ် သည် အသင်္ခါရိက သသင်္ခါရိက - ဟူ၍ နှစ်မျိုး ရှိသည်။ ။ သောမနဿ သဟဂုတ်၌ နှစ်မျိုးဥပေက္ခာ သဟဂုတ်၌ နှစ်မျိုး ဖြစ်၍ လေးမျိုး ဖြစ်သည်။ အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါးပါလျှင် တိဟိတ်ဇော တိဟိတ်ကုသိုလ် ဆိုရသည်။ ယင်း တိဟိတ်ကုသိုလ်သည် အသင်္ခါရိက သသင်္ခါရိက ဟူ၍ နှစ်မျိုး။ ။သောမနဿ သဟဂုတ်၌ နှစ်မျိုး၊ဥပေက္ခာသဟဂုတ်၌ နှစ်မျိုးဖြစ်၍ လေးမျိုး ဖြစ်သည်။ ။ဒွိဟိတ်ကုသိုလ် လေးမျိုး၊ တိဟိတ် ကုသိုလ်လေးမျိုး။ ပေါင်း ကာမကုသိုလ်ရှစ်ပါး ဖြစ် သတည်း။ သောမနဿလေး, ဥပေက္ခာလေး, ပေါင်း ရှစ်ပါး။

ဒွိဟိတ် ကုသိုလ်သည် ဩမက ဥက္ကဋ္ဌ- နှစ်မျိုး၊ တိဟိတ် ကုသိုလ် သည်လည်း ဩမက ဥက္ကဋ္ဌ- နှစ်မျိုး။ ဩမက- ဆိုသည်မှာ အယုတ်၊ ဥက္ကဋ္ဌ-ဆိုသည်မှာ အမြတ်။ ။ဒွိဟိတ် ဩမက ကုသိုလ်သည် သုဂတိအဟိတ်ပဋိသန္ဓေကိုဖြစ်စေ၏။ ။ သုဂတိအဟိတ် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကား--

၁။ **ဇစ္စန္ဓ**-အမိဝမ်းတွင်းက ကန်းသောသူ။
၂။ **ဇစ္စဗဓိရ**-အမိဝမ်းတွင်းက နားကန်းသောသူ။
၃။ **ဇစ္စမူဂ**-အမိဝမ်းတွင်းက အ-သောသူ။
၄။ **ဇစ္စဇဠ**- အမိ ဝမ်းတွင်းက တောင်, မြောက်, မှ မမှတ်နိုင်အောင် ထိုင်းမှိုင်းသောသူ။
၅။ **ဇစ္စုမ္မတ္တက**- အမိဝမ်းတွင်းက ရူးနှမ်းသောသူ။
၆။ **ပဏ္ဍုက်**။
၇။ **ဥဘတောဗျည်း**။ ။ဤပုဂ္ဂိုလ်တို့တည်း။

ယင်း ပုဂ္ဂိုလ်တို့ကို ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့၌ ဟိတ်မပါသောကြောင့် သုဂတိအဟိတ် ပုဂ္ဂိုလ် ဆိုရသည်။ ။စက္ခုစသည်တို့ဖြစ်ပေါ်ချိန်ကာလ၌ မဖြစ်ပေါ်မှ အဟိတ် ဆိုရသည်။ ဖြစ်ပြီးနောက် လေကြောင့် ပိုးကြောင့် တစုံတခုကြောင့် ပျက်ခဲ့သော် အဟိတ်မဆိုရ။ ။ယင်းဒွိဟိတ် ဩမက ကုသိုလ်သည် မတတ်သော ပန်းချီ သမား လက်သမားနှင့် တူသည် ဟူ၍ သံယုတ်အဋ္ဌကထာ၌ ဆို၏။

ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ် တိဟိတ် ဩမက ကုသိုလ် နှစ်ပါးတို့သည် ဒွိဟိတ် ပဋိသန္ဓေကို ဖြစ်စေ၏။ ဒွိဟိတ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ပဋိသန္ဓေစိတ် ဘဝင်စိတ် တို့၌ ဟိတ် နှစ်ပါး ရှိသောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ် ဆိုရသည်။ ။ ယင်း ဒွိဟိတ်ပုဂ္ဂိုလ်ကား ပင်ကိုယ် မူလ သဘောဉာဏ်၊ အသိပညာ အခံ သေးတတ်သည်၊ ပညာရှိကို မှီဝဲရ၍ ဆန္ဒ, ဝီရိယ အားကြီးလျှင် ပညာရှိ ဖြစ်သေး၏။

ဇာ.ဋ္ဌ.သယ (က) ၁၄၀-၂၅

တိပဟိတ် ဥက္ကဋ္ဌ ကုသိုလ်သည် တိဟိတ် ပဋိသန္ဓေကို ဖြစ်စေ၏။ တိဟိတ်ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ပဋိသန္ဓေစိတ် ဘဝင်စိတ် တို့၌ ဟိတ် သုံးပါး ပါသောကြောင့် တိဟိတ်ပုဂ္ဂိုလ် ဆိုရသည်၊ ယင်း တိဟိတ်ပုဂ္ဂိုလ်ကား ပင်ကိုယ်မူလ သဘောဉာဏ် အသိပညာ အခံ ကောင်းတတ်၏။ ပညာရှိကို မမှီဝဲရခြင်း ဆန္ဒဝီရိယတို့၏ ယုတ်လျော့ခြင်း တို့ကြောင့် အမိုက်အမဲ ပညာနဲ့ ဖြစ်ရသေး၏၊ ။ယင်း ကာမ ကုသိုလ်ရှစ်ပါးကို ကာမသုဂတိ ခုနစ်ဘုံ၌ အဟိတ် ဒွိဟိတ် တိဟိတ် ဟူသော သုံးပါးသော ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ပေးနိုင် အပါယ်ဘုံ ဖြပ္ဗာဘုံ တို့၌ ပဝတ္တိ အကျိုးကို ပေးနိုင်၍ အကျိုးပေး အရာကျယ်သောကြောင့် မဟာကုသိုလ် ရှစ်ခုဟူ၍ ဆိုဖြန့်သည်။ ။ကာမကုသိုလ်ဇောအရကို ပြည်ပြီး၏။

### ၇၀–သဒ္ဓါ၏ သဘောကို ပြခြင်း

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊ မုဒိတာ ဤတရားတို့သည် ကုသိုလ်ဇော ကြိယာဇောတို့ ဇောသောအခါ သဒ္ဒါရက္ခန္ဓာ၏ အဖြစ်ဖြင့် ပါကြကုန်၏။ ။ယင်းတရားတို့တွင် သဒ္ဓါဆိုသည်မှာ ဘုရား အစရှိသော ကောင်းသောအာရုံ၌ စိတ်ကိုကြည်စေတတ်သော သဘော။ ။ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူး၌ ယုံကြည် ပြေးဝင်ခြင်း သဘော။ ။အကုသိုလ်ကံ, ကုသိုလ်ကံတို့၏အကျိုး၌ ယုံကြည်ပြေးဝင်ခြင်းသဘော။ ။မိမိသည် မြွေပွေးကိုက်၍ မသေဘူးဘဲ မိမိမျက်မှောက်၌ မြွေပွေးကိုက်သည်ကို ကိုက်၍သေသည်ကို ကိုယ်တွေ့ဒိဋ္ဌ မမြင်ဘူးဘဲ မြွေပွေးကိုက်လျှင် သေတတ်သည်ဟု သူပြောလူပြောကို ယုံကြည်ကြသည့် အတွက် မြွေပွေးကို မကိုင်ဝံ့ကြကုန်၊ ရှောင်ကွင်းကြကုန်သကဲ့သို့ ထို့အတူ ပါဏာတိပါတ–အစ ရှိကုန်သော ဒုစ္စရိုက် အကုသိုလ်ကံ တို့၏ အကျိုးရင်း

အကျိုးများတို့ကို ယုံကြည်ပြေးဝင် တတ်သော သဒ္ဓါတရားရှိကြ ပါမူကား အကုသိုလ် ပြုဝံ့စရာမရှိ။ သဒ္ဓါတရား မရှိကြသည့် အတွက် မြိန်မြိန်ရှက်ရှက် အားရ ပါးရ ဝမ်းမြောက် ဝမ်းသာ ပြုနိုင်ကြသည်။

စိန်ကောင်းကျောက်ကောင်းကိုတွေ့မြင်၍၍စိန်ကျောက်သည့် အဘိုးထိုက်တန်သော ရခဲသော ရတနာတည်းဟု စိန်ကျောက်၏ သတ္တိကို ယုံကြည်သော သူသည် စိန်ကျောက်ကို ကောက်ယူ၍ ရ၍ မရောင့်ရဲနိုင် အားမရနိုင်သကဲ့သို့ ထို့အတူ ကုသိုလ်ကံ၏ အကျိုးကို ယုံကြည်တတ်သော သဒ္ဓါတရားရှိသော သူသည် ဒါန, သီလစသော ကုသိုလ်ကိုပြု၍ အားမရနိုင် ဘုရားရှိခိုး၍ သီလ သိတင်း ဆောက်တည်၍ မပျင်းနိုင် ကုသိုလ်ပြု၍ မပျင်းနိုင် မရောင့်ရဲနိုင် အားမရနိုင် လယ်လုပ်သမား အခစား အလုပ်သမား ကူလီသမားတို့နှင့်လည်း နှိုင်းလေ။

ဉာဏ်အမြင်နဲ့၊ သဒ္ဓါကဲ၊ အလွဲလွဲဖြစ်တတ်သည်။

အလွဲလွဲဖြစ် ဆိုသည်မှာ သဒ္ဓါလွန်လျှင် တကျောဝင်၍ အချစ် အခင် တကျောဖောတွေ စောတတ်သည်။မကြည်ညိုသင့် မကြည် ညိုထိုက်သောအရာတို့၌ ကြည်ညို၍ကုသိုလ်လိုလို့နှင့် အမိုက်ဖော တွေ စောတတ်သည်၊ ဤသို့စသည်ကို ဆိုသည်။ ။ယင်း သဒ္ဓါ တရားသည် ထိုထို လိုအပ်သော ဝတ္ထုကို ဆွဲငင် ကောက်ယူ နိုင်သော လက်နှင့် အလားတူ၏။ လိုသမျှကို ရစေ ပြည့်စုံစေ တတ်သော ဥစ္စာ ရှိသောသူ၏ ဥစ္စာနှင့်လည်း အလားတူ၏။ ပင်စည် အကိုင်းအခက်၊အရွက် အပွင့် အသီးတို့ကို ပေါက်ရောက် ပွါးစီးစေတတ်သော မျိုးစေ့နှင့်လည်း အလားတူ၏။

ထင်ရှားစေဦးအံ့။ ။တသက်လုံးချမ်းသာလောက်သောအဘိုး ထိုက်အဘိုးတန် ရွှေ,ငွေ,ပုလဲ, ပတ္တမြား,စိန်, ကျောက်တွေ များ သော တောကြားတောင်ကြားသို့ ကံတော်ကံပြား ရောက်သွားသူ အများတို့တွင် လက်မရှိသူ မကောက်ယူနိုင်၊ လက်ရှိမှသာ

နှစ်သက်ဝမ်းမြောက် ကောက်ယူနိုင်သည်၊ ထို့အတူ တသံသရာ လုံး ချမ်းသာ စေနိုင်သော အဘိုးထိုက် အဘိုးတန် ကုသိုလ် ရတနာတွေ ပေါသော သာသနာတော်နှင့် တွေ့ကြုံ လူ့ဘုံ တောကြား တောင်ကြားသို့ ကံတော် ကံငြား ရောက်လာသူ အများတို့တွင် သဒ္ဓါတရား မရှိသူတို့ မကောက်ယူနိုင်၊ သဒ္ဓါ တရားရှိသူတို့သာ ဘယ်သူကမှ မတွက် နှစ်သက်ဝမ်းမြောက် အရကောက်ယူနိုင်ကြ လေသည်။ ။အယုတ်ဆုံးအား စရပ်ပေါ် သမံတလင်း ဘုရားတွင်း ဘုရားရင်ပြင် ခွေးမစင် အမှိုက်ပုံးထဲ၌ အဆင်းခဲ အလှခဲ ဉာဏ်ပညာခဲ သေဒွေး သူကြွယ်တို့ စည်းစိမ်ခဲ ပဒေသရာဇ် စကြာမင်္ဂတ်မင်း တို့၏စည်းစိမ်ခဲ နတ်ပြည်ခြောက် ထပ် လိုအပ်သော နတ်သမီး နတ်သားတို့၏ စည်းစိမ်ခဲတွေရှိနေ သည်ကို သဒ္ဓါတရား မရှိသူတို့ မကောက်ယူနိုင်။ သဒ္ဓါတရား ရှိသူတို့သာ နှစ်သက်ဝမ်းမြောက် အရကောက်နိုင်ကြလေသည်။ ဉာဏ်ရှိလျှင် ခွေးမစင်ပုံထဲ၌ နိဗ္ဗာန်ခဲတောင် ပါသေး၏။

သိဟိုဠ်ကျွန်း၌ လှချင်း လှကြသော် လူနှင့် ဘုန်းကြီးဘယ် သူက လှသနည်းဟု ဒွိဟဖြစ်ကြရာ အချို့က ဘုန်းကြီး ဘယ် လောက်ပင် လှသော်လည်း လူကိုမမှီနိုင် လူကလှသည်။အချို့က လည်း ဘုန်းကြီးက လှသည် ဘုန်းကြီးလှကို လူလှမမှီနိုင်၊ဤလို ဘုန်းကြီးလှ, လူလှ အငြင်းအခုံသည် အောက်ရာမည တိုင်း၌ ကံ, နွါရ ငြင်းခုံကြသကဲ့သို့ မငြိမ်းမစဲနိုင်ဘဲရှိရာ ပြိုင်ဆိုင်စေဟု မင်းအမိန့်ချမှလူလှဘက်ကအလွန်အဆင်းလှသောအမတ်သားကို ကောင်းစွာ ပြုပြင် တန်းဆာ ဆင်၍ ဘုန်းကြီးလှ ဘက်က အလွန်ကြည်ညိုဘွယ် အဆင်းလှသော အနာဂါမ် ကျမ်းဂန်တတ် အဘယ မထေရ်ကို ဆံတော် ပယ်ချ ကောင်းလှသော သင်္ကန်း ကို ရုံစေ၍ မဟာစေတီတော် အပြင်၌ ပြိုင်ဆိုင်ကြရာမထေရ်၏ အလှသည် ရွှေကောင်းနှင့် ကွင်းသော ကျောက်ကောင်းကဲ့သို့ သီလ, သမာဓိ, ပညာဂုဏ်တို့နှင့် မှမ်းထုံးအပ် သောကြောင့် ဖူး၍မငြီး ဖူး၍မပြီးနိုင် ရှိကြသဖြင့် မထေရ်၏ အလှကသာ၍

အမတ်သား မျက်နှာမလှရှိရာ အနိုးသို့ကြွသွား၍ ရပ်ယှဉ်ပြီးလျှင် "ငါလှည်းသော အမှိုက်ပုံ ကလေးကိုကျုံးသူကငါ့များပြိုင်လှို" ဟု ပရိသတ် အလယ်၌ ဆိုတော်မူကြောင်းကို ဝိနည်းအဋ္ဌကထာ တို့၌ လာသည်။ ။အမတ်သား မထေရ်တို့ အလှကို ရှေးဘဝ အမှိုက်ပုံထဲက ကောက်ယူခဲ့ကြသည်။ ။အမတ်သား၏ အလှမှာ အမှိုက်ကျုံးသောအကျိုး၊ မထေရ်၏အလှမှာ အမှိုက်လှည်းသော အကျိုး ဆိုလိုသည်။ ။မထေရ်ကား ကုသိုလ်၏ အကျိုးကို ဒိဋ္ဌသိမြင်ကြ၍ သဒ္ဓါတရား ဖြစ်ပွါးကြပါစေ နှလုံးပိုက်၍ အလှပြိုင်ပွဲသို့ လိုက်တော်မူသည်။

ပညာဉာဏ် ထက်သန် ကြီးမြတ်ကြသော အရှင်နာဂသိန် မထေရ် မိလိန္ဒမင်းကြီးတို့လည်းပညာဉာဏ်ကို ရှေးဘဝအမှိုက်ပုံ ထဲက ကောက်ယူခဲ့ကြသည်။ ။မိလိန္ဒမင်းမှာ အမှိုက်ကျုံးသော အကျိုး။ အရှင်နာဂသိန်မှာ အမှိုက် လှည်းသော အကျိုး ဆိုလိုသည်။ ။ဤသို့စသည် သဒ္ဓါတရား၏ လက်နှင့် တူပုံကို သိလေ။

ဥစ္စာကုံလုံသူသည် ဈေးရုံတွင် လိုအပ်သမျှကို ရနိုင်သကဲ့သို့ လောကီချမ်းသာကုန် အမျိုးမျိုး၊ လောကုတ္တရာ ချမ်းသာကုန် အမျိုးမျိုး ပြည့်စုံသော သာသနာတော် ဈေးရုံကြီး၌ သဒ္ဓါဥစ္စာ ကုံလုံသူတို့မှသာ လိုအပ်သမျှချမ်းသာကို ရနိုင်သည်။ ။ဤသို့ သဒ္ဓါတရား၏ ဥစ္စာနှင့်တူပုံကိုသိလေ။ ။သဒ္ဓါတရားရှိမှ ကုသိုလ် ဖြစ်လွယ်သည် ကုသိုလ်များသည်။ ကုသိုလ်များမှ ချမ်းသာ အမျိုးမျိုးစည်ကား ပွါးစီးသည်။ ။ဤသို့သဒ္ဓါတရား၏ မျိုးစေ့နှင့် တူပုံကိုသိလေ။

"သာ ဟတ္ထဝိတ္တဗီဇာနိ ဝိယ ဒဋ္ဌဗ္ဗာ"။ ။သာ၊ ထိုသဒ္ဓါကို။ ဟတ္ထဝိတ္တဗီဇာနိ ဝိယ၊ လက်, ဥစ္စာ, မျိုးစေ့တို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။ ။ဣဓ၊ ဤလောက၌။ ပုရိသဿ၊ ယောကျာ်း၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာကား။ သဒ္ဓါ၊ သဒ္ဓါတရားလျှင်တည်း။ ။

သံယုတ် အဋ္ဌကထာ။ ။သဒ္ဓါတရား ရှိသောသူ သံသရာမှာ မဆင်းရဲ မနွမ်းပါး ဥစ္စာမရှားနိုင် ဆိုလိုသည်။

## ၇၁–သတိ စသော သဒ္ဓါရကျွန္တာကို ပြဆိုခြင်း

သတိ-ဆိုသည်မှာ ကောင်းသော အာရုံကို မလွတ်ရအောင် ဆွဲယားသကဲ့သို့ ကောင်းသောအာရုံ၌ ငုံမြဲခြင်းသဘော။ ။မိခင်, ဘခင်တို့သည် ချစ်လှစွာသော သားကို မလျော်သော အရပ်သို့ မသွားရအောင် မလျော်သော သူနှင့် မပေါင်းဘက် ရအောင် စောင့်ရှောက်သကဲ့သို့ စိတ်ကို မကောင်းသော အာရုံသို့ မသွား ရအောင် စောင့်ရှောက် တတ်သော သဘော။ ကုသိုလ်ရေး ကောင်းမှုရေး၌ မမေ့မလျော့သော သဘော။

ဟိရီ-ဆိုသည်မှာ မကောင်းမှုမှ ရှက်တတ်, စက်ဆုပ်တတ်သော သဘော။ ဩတ္တပ္ပ-ဆိုသည်မှာ မကောင်းမှုမှ ကြောက်ရွံ့ ထိတ်လန့်တတ်သောသဘော။ဟိရီကားမစင်လူးသောသံတွေခဲကို မကိုင်ပံ့သူနှင့်တူ၏။ ။ဩတ္တပ္ပကား ရဲရဲညီသော သံတွေခဲကို မကိုင်ပံ့သော သူနှင့် တူ၏။ ။တတြမဇ္ဈတ္တတာ ဆိုသည်မှာ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ၌ စိတ်ကို အညီ အမျှ ဖြစ်စေ တတ်သော သဘော။ ။ကရုဏာ- ဆိုသည်မှာ ဆင်းရဲသော ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားတတ်သော သဘော။ ။မုဒိတာ- ဆိုသည်မှာ ချမ်းသာသော သုခိတ သတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

မေတ္တာ, ကရုဏာ, မုဒိတာ, သစ္စာ, ယင်းတရားလေးပါး တို့ကို လောကမေဒနီ-လောက၏အဆီဟူ၍ ဆိုအပ်ကုန်၏။ ။အဘယ် ကြောင့်နည်း ဆိုသော် လောကကို စိုရွှမ်းပွါးများ တိုးတက် စည်ကား စေတတ် သောကြောင့်တည်း။ ။ထိုစကား မှန်၏။ သတ္တဝါတို့ သန္တာန်၌ အဆီ အသား တရားလေးပါး ပြည့်ဝ စိုရွှမ်းလေလေ လောကကြီး စိုရွှမ်းစည်ကား ပွါးများတိုးတက်

လေလေ, အဆီ, အသား တရားလေးပါး ခြောက်ခန်း လေလေ, လောကကြီးလည်း ခြောက်ခန်းသေးနုပ် ဆုတ်ယုတ် လေလေ ဖြစ်သည်။

ယင်း အဆီ,အသား တရားလေးပါးကြောင့် ဝို ရှမ်းစည်ကား သော လောကကြီးကို ဟိရီတရား ဩတ္တပ္ပတရား နှစ်ပါးတို့ စောင့်ရှောက်သည်။ ယင်း တရားနှစ်ပါး မစောင့်ရှောက်ခဲ့သည် ရှိသော် လောကကြီး ပျက်လေ၏။ ။လောကကြီးဆိုသည်ကား သတ္တဝါတွေကို ဆိုသည်။ပျက်ဆိုသည်ကား တရားပျက်သည်ကို ဆိုသည်။ တရားပျက်ဆိုသည်ကား ခရှက်မရှိ, အကြောက်မရှိ, ဟိရီ, ဩတ္တပ္ပတရား နှစ်ပါးလုံးလုံး ကင်းကြ၍ အဆီ ခန်းခြောက် ဝမ်းမြောက်ဝမ်းသာ မြိန်မြိန်ရှက်ရှက် အာရုပါးရ အကုသိုလ် ဒုစ္စရိုက်တွေကို ပြုနိုင် ,ကျင့်နိုင်သည်ကိုဆိုသည်။ တရားပျက်က ဥတုလည်းပျက်လေ၏။ဥတုပျက်က အာဟာရလည်းပျက်လေ၏။ ဥတု, အာဟာရ ပျက်က ဥတုဇရုပ် အာဟာရဇရုပ် အထည် ခံရှိသော အဇ္ဈတ္တ ဗဟိဒ္ဓ လောကကြီး ကျုံ့လှီ ခြောက်ခန်း ညှိုးနွမ်း သေးနုပ် ဆုတ်ယုတ် ပျက်ပြားလေ၏။ ထိုကြောင့် ဟိရီ ဩတ္တပ္ပ–တရားနှစ်ပါးတို့ကို လောကပါလ တရားဟူ၍ ဆိုအပ် ကုန်၏။ လောကံ ပါလေန္တီတိ လောကပါလာ။ ။(ဝိဂ္ဂြိုဟ်)။ ။ လောကံ၊ လောကကို။ ပါလေန္တိ၊ စောင့်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ လောကပါလာ၊ လောကပါလမည်ကုန်၏။ အနက်။

ဖဿ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ ဝိရိယ၊ ပီတိ၊ ဆန္ဒ၊ ဤတရားတို့ကား ကုသိုလ်, အကုသိုလ်,အဗျာကတ–သုံးပါး တို့၌ ထိုက်သည် အားလျော်စွာ သင်္ခါရက္ခန္ဓာ အဖြစ်ဖြင့် ပါကြကုန်၏။

**ဖဿ**–ဆိုသည်မှာ အာရုံနှင့် ဖေပါင်းဆုံ တွေ့ထိ တတ်သော သဘော။

**ဧကဂ္ဂတာ**- ဆိုသည်မှာ အာရုံ၌မတုန်မလှုပ် တည်ကြည်ခြင်း သဘော။

**ဇီဝိတိန္ဒြေ**- ဆိုသည်မှာ နာမ်တရား တို့ကို စောင့်ရှောက် တတ်သော သဘော။

**မနသိကာရ**-ဆိုသည်မှာ အာရုံ၌ စိတ်ကို သွင်းထားခြင်း သဘော။

**ဝိတက်**- ဆိုသည်မှာစိတ်ကိုအာရုံသို့ ရှေ့ရှုတင်တတ်သော သဘော။

**ဝိစာရ**- ဆိုသည်မှာ စိတ်ကိုအာရုံ၌ ဖွဲ့ချည် တတ်သော သဘော။

**ဝီရိယ**- ဆိုသည်မှာစိတ် ကိုထောက်ပံ့ ခိုင်ခံ့စေတတ်သော သဘော၊အိမ်အိုကိုထောက်သောကျားနှင့်တူ၏။

**ပီတိ**- ဆိုသည်မှာ အရုံကို နှစ်သက် စေတတ်သော သဘော။

ယင်း ပီတိသည် ခုဒ္ဒကာပီတိ, ခဏိကာ ပီတိ, ဩက္ကန္တိကာ ပီတိ, ဥဗ္ဗေဂါ ပီတိ, ဖရဏာပီတိဟူ၍ ငါးမျိုးရှိ၏။

ယင်း ငါးမျိုး တို့တွင် ခုဒ္ဒကာ ပီတိ– ဆိုသည်မှာ ကြက်သီး မွေးညှင်း ထ၍ အနည်းငယ် ဖြစ်သော ပီတိကိုဆို သည်။ ။ခဏိကာပီတိ- ဆိုသည်မှာ လျှပ်စစ်ပြက် သကဲ့သို့ တချက်တချက် ဖြိုင်းကနဲဖြိုင်းကနဲ ဖြစ်သော ပီတိကိုဆိုသည်။ ဩက္ကန္တိကာ ပီတိ- ဆိုသည်မှာ သမုဒ္ဒရာ လှိုင်းကဲ့သို့ တချက် တချက် တကိုယ်လုံးကို လွှမ်း၍ လွှမ်း၍ ဖြစ်သော ပီတိကို ဆိုသည်။ ။ဥဗ္ဗေဂ ပီတိ–ဆိုသည်မှာ သီဟိုဠ်ကျွန်း၌ သတို့သမီး တယောက်သည် တောင်ထိပ် စေတီကို အိမ်ကနေ၍ ကြည်ညို သောအခါ နှစ်သက်ခြင်းအားကြီး၍ စေတီသို့ အလိုလို ရောက် သွားသကဲ့သို့ ကောင်းကင်သို့ ပျံတက်နိုင်သော ပီတိကိုဆိုသည်။ ဖရဏာပီတိ-ဆိုသည်မှာ ဝါဂွမ်း၌ ဆီထိသကဲ့သို့ တကိုယ်လုံး ပြန့်အိ၍ တည်သော ပီတိကိုဆိုသည်၊ ယင်းဖရဏာပီတိဖြစ်ခိုက်

မီးနှင့်ရှိသော်လည်း မလောင်မပူ မှတ်လေ။ ။ဆန္ဒ – ဆိုသည်မှာ ပြုလိုကာမတ္တသာ အလိုရှိခြင်း သဘော။ ထင်းကို ဖြတ်လိုခွဲလို၍ ဓားမ ပေါက်ဆိန်ကိုလှမ်းယူသောအခါ ဘုရား ရဟန္တာတို့ ဆွမ်းအလိုရှိ၍ ဆွမ်းခံသောအခါ စသည်တို့၌ သိသာ၏။

**ဆန္ဒ, ဝီရိယ, ပညာ** ဤတရားသုံးပါး အားသန်သော မိန်းမယောကျ်ားတို့သည် မဆင်းရဲနိုင်၊ အချမ်းသာ များဘတ်၏။ ။ရဟန်းသာမဏေတို့လည်း စာပေကျမ်းဂန် ထတ်လွယ်တတ်၏။ သတ္တဝါတို့သည် များသောအားဖြင့် မိမိတို့ ဆန္ဒ အားလျော်စွာ ဖြစ်ကြသည်။ ။ထိုစကားမှန်၏။ သုမေဓာ ရှင်ရသေ့သည် ဘုရားဖြစ်ချင်သောဆန္ဒ၊ သာဝကတို့လည်း သာဝက ဖြစ်ချင်သော ဆန္ဒ၊ အနာထပိဏ်, ဝိသာခါ- တို့လည်း ကျောင်းတကာ ကျောင်းအမ ဖြစ်ချင်သော ဆန္ဒကို အရင်းခံ၍ ဝီရိယ စိုက်စွက်ကြသည့်အတွက် မိမိတို့ ဆန္ဒ ရှိသည့်အတိုင်း ဖြစ်ကြ ကုန်သည်။ ။ဗာရာဏသီမင်းက ကောင်းကင်နက္ခတ်ဘက်၌ အလွန်လိမ်မာလှသော ပုဏ္ဏားကို ဆုပေးလို၍ မောင်မင်း ဘာကိုအလိုရှိသလဲ မေးရာ အိမ်မှာ တိုင်ပင် ပါရစေဦးဆို၍ အိမ်သို့ရောက်က မယားက နို့ညှစ်နွားမတရာ တောင်းပါ။ သားက မြင်းလေးဘောင် ကသော ရထားကို တောင်းပါ။ ချွေးမက ပတ္တမြားနားဒောင်းကို တောင်းပါ၊ ကျွန်မက ဆန်ခေါဆန်ခါ ကောင်းကောင်း တောင်းပါ၊ အသီးသီး ပြောဆိုကြရာ ပုဏ္ဏားလည်း စိတ်ကို မဆုံးဖြတ်နိုင်ဘဲ မင်းထံသို့ရောက်၍ အကြောင်းကို လျှောက်၏။ မောင်မင်းက ဘာကို လိုသလဲ မေးရာ ရွာစားကို အလိုရှိပါသည် ဘုရားဟုလျှောက်၏။ ငါးဦးသားတို့အား အသီးသီး လိုအပ်သော ဝတ္ထုကို ပေးစေ၍ မိမိတို့ အလိုဆန္ဒအားလျော်စွာ ရကြလေကုန်၏။

လွန်လေပြီးသောအခါ ဝတ်မွတ်ခေါင်းပါးကြ၍ တဦးသော သူဌေး အိမ်သူ ငါးဦးသားတို့နှင့်တကွ အနည်းငယ် ထမင်းကို ငါးပုံစုပုံ ဝေခွဲ၍ စားကြရာ အရှင်ပစ္စေကဗုဒ္ဓါ ရပ်လာသဖြင့်

ဆာလောင်ခြင်းကို သည်းခံ၍ မစားဘဲ တွက်စုရ ထမင်းကို အသီးသီး လှူကြပြီးလျှင် သူဌေးကြီးက ကောင်းကင်သို့ မော့ ကြည့်လျှင် သလေးစပါး မိုးယ်ရွာသောသာဆု, မယားက ခွက်ဝင် အင်းဖြင့် တခါချက်၍ ကျွေးသော ဇမ္ဗူဒီပါ တကျွန်း စားသော် လည်း ခူး၍ မကုန်နိုင်သောဆု, သားကတရသောအိတ်၌ ရတနာ ဖွေ့နှိုက်၍ မကုန်နိုင်သောဆု, ချွေးမက ထရသော တောင်း၌ စပါးယူ၍ မကုန်နိုင်သောဆု, ကျွန်မောင်ပုဏ္ဏက ထွန်တရှည်း ထွန်လျှင် ခုနစ်ရှည်းရာ ထင်သောဆု, ဤလို အသီးသီး မင်္ဂဆု မိုလ်ဆုနှင့် တကွ ဆန္ဒရှိရာ တောင်းကြ၍ ပစ္စက္ခ ဘဝ၌ရင်း, ယခု ဘုရားလက်ထက်၌ရင်း မိမိတို့ ဆန္ဒ အလျောက် ပြည့်စုံကြ၍ မင်္ဂိုလ် ရကြကုန်သည်။ ။ကျွန်မောင်ပုဏ္ဏမှာမူ အဆုံးဘဝ၌ လည်း ကျွန်ပင်ဖြစ်၍ ဆန္ဒ ရှိသည့် အတိုင်း ပြည့်စုံသဖြင့် လယ်ထွန်သမားတွင် ငါလိုလူမရှိဟု စိတ်ဘွမ်းတက် နှစ်သက် အားရ အလွန် စိတ်တိုင်းကျလေ၏။

ဤသို့ စသည် ဖြစ်ချင် ရောက်ချင် ရချင် လိုချင် တတ်ချင် သိချင် မြင်ချင် သာချင် လွန်ချင် တိုးတက် မြင့်မြတ် ချင်သော အလိုဆန္ဒ ရှိသည့်အတိုင်း အခါအခွင့်ကို ညှက်နှင့် ချင့်ချိန်၍ ဗိရိယဝိုက်စွက်လျှင် ပစ္စက္ခ၌ လိုအပ်သော အကျိုး, တမလွန် ဘဝ၌ လိုအပ်သောအကျိုး ပြီးစီးတတ်သည်။ ။ဆန္ဒနိပ်ယုတ်လျှင် ညံ့ယုတ်နိပ်ဖွဲ့သော အကျိုး ညံ့ယုတ်နိပ်ဖွဲ့သော လူ့ဘဝ နတ် ဘဝကို ရတတ်သည်။ ။ဆန္ဒနိပ် ဆန္ဒယုတ်ဆိုသည်မှာစားရလျှင် ဝတ်ရလျှင် အိပ်ရလျှင် လယ်ရပတ်ရလျှင် အားရတင်းတိမ်သည်။ ခုဘဝနောင်ဘဝနှစ်ပါး၌ ဘယ်လိုဖြစ်ချင်ပါဘိ၊ ဘယ်လိုတတ်ချင် သိချင် မြင်ချင်ပါဘိ၊ ဘယ်လို တိုးတက် မြင့်မြတ်ချင်ပါဘိ ဤလို စသည် စိတ်မျှ မဖြစ်သည်ကို ဆိုသည်။

ကုသိုလ်ကံကြီး၍ သောတာပန် မိဋ္ဌိသာရမင်းကြီး ယုတ် ညံ့သော စတုမဟာရာဇ်ဘုံတွင် ဇနဝသဘနတ်မျိုး၌ မိမိဆန္ဒ ရှိသည့် အတိုင်း ဖြစ်သည်ဟု အဋ္ဌကထာတို့၌ ဆိုသည်။ ။ယုတ်ညံ့

ရာဌ္ဌကား ဝိရိယမစွက်ရ။ ။ရတိုင်း လိုချင်တိုင်း လောဘဟု မမှတ်လင့်။ ။စေတနာ၏အပင်းအသင်း သမ္ပိရက္ခန္ဓာကို ပြသည် တရပ် ငြိး၏။

## ၇၂-ဇောဒ္ဒ ရထိုက်သောကံအပြားကို ပြခြင်း

ဇောဒ္ဒ ရထိုက်သော ကံအပြားကို ပြဦးအံ့။ ။ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဟူ၍ ဒွါရသုံးပါး။ ။ကာယကံ, ဝစီကံ, မနောကံ-ဟူ၍ ကံသုံးပါး။ ။ရှေးဦးစွာမှတ်သားရမည်။ ။ကာယဝိညတ် ရုပ်ကို-ကာယဒွါရ၊ ဝစီဝိညတ်ရုပ်ကို-ဝစီဒွါရခေါ်သည်။ ဇောဒ္ဒ ဝိညာဏက္ခန္ဓာကို-မနောဒွါရ ခေါ်သည်။ ။ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ ဣမေဓမ္မာ ကုသလာ၊ဣမေဓမ္မာ အကုသလာ။ ဓမ္မသင်္ဂဏီ ပါဠိတော်။ ။ကာယကမ္မံ၊ ကာယကံရင်း။ ဝစီကမ္မံ၊ ဝစီကံရင်း။ မနောကမ္မံ၊ မနောကံရင်း။ ဣမေဓမ္မာ၊ ဤကံသုံးပါး တရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။ ဣမေဓမ္မာ၊ဤကံသုံးပါးတို့သည်။ အကုသလာ၊ အကုသိုလ်မည်ကုန်၏။ ။အနက်။ တိဏ္ဏံကမ္မဒွါရာနံ ဝသေန ပရိယာဒိယိတွာ ဒဿေတိ ဓမ္မရာဇာ။ အဋ္ဌသာလိနီ အဋ္ဌကထာ။တိဏ္ဏံ ကမ္မဒွါရာနံ၊သုံးပါးသောကမ္မဒွါရ တို့၏။ဝသေန၊အစွမ်းဖြင့်။ ပရိယာဒိယိတွာ၊ ကုသိုလ်,အကုသိုလ် ဟူသမျှကုန်စေ၍။ ဓမ္မရာဇာ၊ တရားမင်းဘုရားသည်။ ဒဿေတိ၊ ပြတော်မူ၏။ ။အနက်။ ။ဤသို့ စသည်လာသော ပါဠိတော်အဋ္ဌကထာတို့နှင့် အညီ ကုသိုလ်, အကုသိုလ် ဇောကိုပင် ကံဆိုသည်ဟုမှတ်။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ စေတနံ၊စေတနာကို။အဟံ၊ငါဘုရားသည်။ ကမ္မံ၊ ကံဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ ။ဤအဂုံတ္တိုရ်ပါဠိတော်နှင့် အညီ မုချအစစ်မှာ ဇောဒ္ဒပါသောသမ္ပိရက္ခန္ဓာခေါ်သောစေတနာကိုကံဆိုသည်ဟုမှတ်။ ယင်းကံသည် ကာယဒွါရဒ္ဒ ဖြစ်အံ့-ကာယကံ။ ဝစီဒွါရဒ္ဒ ဖြစ်အံ့

ဝစီကံ၊မနောဒွါရ၌ ဖြစ်အံ့-မနောကံဆိုရသည်။ ။ထင်ရှားအောင် ပြဦးအံ့။ ။ကုသိုလ်,အကုသိုလ်ကို ပြုသောအခါ ကိုယ်ဖြင့်ပြုသည် ဖြစ်အံ့ လှုပ်ရှားခြင်း ကိုယ်အမူအရာ ကာယဝိညတ်ရုပ်ကို ကာယဒွါရဆိုသည်။ ဒါနစသော ထိုထိုကုသိုလ်ကိစ္စ, ပါဏာတိပါတစသော ထိုထိုအကုသိုလ် ကိစ္စတို့ကို ပြီးစေတတ်သော ကုသိုလ်, အကုသိုလ်ဇောကိုပင် ကံဆိုသည်။ အစစ်မှာ ဇော၌ ပါသော စေတနာကိုကံဆိုသည်။ယင်းကံကို ကာယဒွါရ၌ဖြစ်သောကြောင့် ကာယကံ ဆိုသည်မှတ်။

နှုတ်ဖြင့် ပြောဆိုသည်ဖြစ်အံ့ အသံနှင့်တကွ နှုတ်အမူ အရာ ဝစီဝိညတ်ရုပ်ကို ဝစီဒွါရဆိုသည်။ ဒါနစသော ထိုထိုကုသိုလ်ကိစ္စ, မုသာဝါဒ-စသော ထိုထို အကုသိုလ် ကိစ္စ-ကို ပြီးစေတတ်သော ကုသိုလ်,အကုသိုလ်ဇောကိုပင်ကံဆိုသည်။အစစ်မှာ ဇော၌ပါသော စေတနာကို ကံဆိုသည်။ ယင်းကံကို ဝစီဒွါရ၌ ဖြစ်သောကြောင့် ဝစီကံ ဆိုသည်မှတ်။

လှုပ်ရှားခြင်း- ကိုယ်အမူအရာ, နှုတ်မြွက်ခြင်း-နှုတ်အမူအရာ မဘက် သက်သက် မနောနှင့်သာ ကြံအံ့၊ ကြံသော ဇော မနောတွေကို မနောဒွါရဆိုသည်။ ဇော၌ပါသော စေတနာကိုကံဆိုသည်။ ယင်း ကံ,ကို မနောဒွါရ၌ ဖြစ်သောကြောင့် မနောကံ ဆိုသည်မှတ်။ ။ဇော၏ ဖြစ်ရာ မနော ဒွါရမှာ ဘဝင်စိတ်ကို ဆိုသည်မှတ်။ကံ,၏ဖြစ်ရာမနောဒွါရမှာ ဇောစိတ်ကိုဆိုသည်မှတ်။ ဤဆိုခဲ့ပြီးသည်ကား သာမည ကထာတည်း။ ။ဤသာမည ကထာ၌ ကုသိုလ်ဖြစ်စေ,အကုသိုလ်ဖြစ်စေ, ပဋိသန္ဓေအကျိုးကို ကောင်းစွာ ပေးနိုင်သည် ဖြစ်စေ, အနေကစွာ ပေးနိုင်သည် ဖြစ်စေ,လုံးလုံးမပေးနိုင်သည်ဖြစ်စေ, ကိုယ်ဖြင့်ပြုလျှင် ကာယကံ, နှုတ်ဖြင့်ပြုလျှင် ဝစီကံ, စိတ်ဖြင့်ကြံလျှင် မနောကံ မှတ်လေ။ ။

သာမညကထာ ပြီး၏။

---

## ၇၃–ဝိသေသကထာကို ပြဆိုခြင်း

ဝိသေသကထာကို ပြဦးအံ့။ ။ဝိသေသကထာ ဆိုသည်မှာ ပဋိသန္ဓေ အကျိုးကို ကောင်းကြ ပေးစွမ်းနိုင်သော အကုသိုလ်ဘက်မှ ဆယ်ပါး၊ကုသိုလ်ဘက်မှ ဆယ်ပါးကိုသာ အမည်ထူးဖြင့် ကန့်ကွက် သတ်မှတ်၍ ကံ, ဟု အထူး ဆိုအပ်သော အရာကို ဆိုသည့်မှတ်။ ။ယင်းဝိသေသကထာကို အကုသလ ကမ္မပထ တရား ဆယ်ပါး, ကုသလ ကမ္မပထ တရား ဆယ်ပါး တို့ဖြင့် ပြအပ်၏။ ။အကုသလကမ္မပထတရား ဆယ်ပါးဆိုသည်ကား–

၁။ **ပါဏာတိပါတာ**–သူ၏အသက်ကိုသတ်ခြင်း။
၂။ **အဒိန္နာဒါနံ**– အရှင်မပေးသောသူ့ဥစ္စာကိုခိုးယူခြင်း။
၃။ **ကာမေသုမိစ္ဆာစာရော**–မသွားလာ အပ်သောမိန်းမတို့၌ သွားလာလွန်ကျူး ခြင်း ဟူသောကာမဂုဏ်တို့၌ မှားသောအကျင့်။

ဤသုံးပါးသော တရားတို့ကို ကိုယ်ဖြင့် ပြုအပ် သောကြောင့် ကာယကံ သုံးပါးဟူ၍ အမြဲမှတ်။

၁။ **မုသာဝါဒေါ**– မဟုတ်မမှန် မုသားပြောဆိုခြင်း။
၂။ **ပိသုဏာဝါစာ**– သူ နှစ်ဦး ကွဲပြားအောင် ချောပစ် ဂုံးတိုက်သော စကား။
၃။ **ဖရုသဝါစာ**– ကြမ်းကြုတ် ယုတ်မာ ကျိန်ဆဲ သော စကား။
၄။ **သမ္ဖပ္ပလာပေါ**– စပါးဖျင်းကဲ့သို့ အနက်ဆန်ကင်းသော ပြိန်ဖျင်းသောစကား။

ဤလေးပါးသော တရားတို့ကို နှုတ်ဖြင့် ပြုအပ်သောကြောင့် ဝစီကံလေးပါး ဟူ၍ အမြဲမှတ်။

၁။ **အဘိဇ္ဈာ**– သူ့ဥစ္စာကို ငါ့ဥစ္စာဖြစ်မူကားကောင်း စွဟုကြံခြင်း။

၂။ ဗျာပါဒေါ- သူတပါးကို သေကြေပျက်စီးပါမှကား ကောင်းစွဟု ကြံခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ- အယူမှားခြင်း။

ဤ သုံးပါးသော တရားတို့ကို မနောနှင့်သာ ကြံအပ်သော ကြောင့် မနောကံ သုံးပါးဟူ၍ အမြဲမှတ်။ ။ကာယကံ သုံးပါး, ဝစီကံ လေးပါး,မနောကံ သုံးပါးပေါင်း-ဤဆယ်ပါး,ကိုဆိုသည်။ ရှေ့ ခုနစ်ပါး တို့၌ စေတနာကို ကံ, ဆိုသည် မှတ်လေ။ ။ အမြဲမှတ် ဆိုသော စကား၏ အဓိပ္ပါယ်မှာ ကာယကံ, ဝစီကံ, မနောကံ ဟူသော အမည်သည် တောမှဆိုး ခေါ်ဆို သကဲ့သို့ ယေဘုယျနည်း ဖြင့် အမြဲမှတ်၍ ခေါ်ဆိုသော အမည် ဖြစ်သော ကြောင့် ဒွါရ ပြောင်းသော်လည်း ကာယကံ, ဝစီကံ, မနောကံ ဟူသော အမည်မပြောင်းစေနှင့် ဆိုလိုသည်။

ထင်ရှားအောင် ပြဦးအံ့။ ။ဤဝိသေသကထာ၌ အကုသိုလ် ကာယကံသည် ကာယဒွါရ, ဝစီဒွါရနှစ်ပါး၌ ဖြစ်၏။ ။ဝစီကံ သည် ဝစီဒွါရ, ကာယဒွါရ နှစ်ပါး၌ ဖြစ်၏။ ။မနောကံကား ကာယဒွါရ,ဝစီဒွါရ မနောဒွါရ ကံသုံးပါးလုံး၌ ဖြစ်၏။ဖြစ်ပုံကား ပါဏာတိပါတ, အဒိန္နာဒါနကို ကိုယ်တိုင် ပြုလျှင် ကာယကံ, ကာယဒွါရ၌ ဖြစ်၏။ သူတပါးကို စေခိုင်း၍ ပြုလျှင် ကာယကံ, ဝစီဒွါရ၌ဖြစ်၏။ ဖြစ်သော်လည်း ဝစီကံမဆိုရ။ ကာယကံသာ ဆိုရသည်။ ။ကာမေသုမိစ္ဆာစာရကား ဝစီဒွါရ၌ မဖြစ်မှတ်။ ဝစီကံလေးပါးကို နှုတ်ဖြင့်ပြောဆိုလျှင် ဝစီကံ၊ ဝစီဒွါရ၌ဖြစ်၏။ လက်ပြ၍, ခေါင်းညိတ်၍, စာရေး၍ပြလျှင် ဝစီကံ၊ ကာယဒွါရ၌ ဖြစ်၏။ ဖြစ်သော်လည်း ကာယကံမဆိုရ။ ဝစီကံသာဆိုရသည်။ သူတပါးဥစ္စာကို ကိုင်၍ သုံးသင်၍ ငါ့ဥစ္စာ ဖြစ်ပါမှကား ကောင်းစွဟုကြံလျှင် အဘိဇ္ဈာ မနောကံ၊ ကာယဒွါရ၌ဖြစ်၏။ နှုတ်မြွက်၍ ဆိုလျှင် ဝစီဒွါရ၌ ဖြစ်၏။ မနောနှင့်သာ ကြံလျှင် မနောဒွါရ၌ ဖြစ်၏။ ။တစုံတခုသော လက်နက်ကို ကိုင်၍

သုံးသပ်၍ သူ့ကို သေစေကြ ပျက်စီးမှုကား ကောင်းစွဟု ကြံလျှင် ဗျာပါဒ မနောကံ၊ ကာယဒွါရ၌ ဖြစ်၏။ နှုတ်မြွက်၍ဆိုလျှင် ဝစီဒွါရ၌ ဖြစ်၏၊ မနောနှင့်သာကြံလျှင် မနောဒွါရ၌ ဖြစ်၏။

သံသရာအကျိုးကို ရည်မှတ်၍ နတ်ကြီး အရှင်ကြီးကို လက်အုပ်ချီခြင်း ရှိခိုးခြင်း နတ်စင်၌ အမှိုက်တလင်းလှဲခြင်း စသည်ကို ပြုလျှင် မိစ္ဆာဒိဋ္ဌိမနောကံ၊ ကာယဒွါရ၌ ဖြစ်၏။ သူ့ကိုစေခိုင်း၍ ပြုစေလျှင် ဝစီဒွါရ၌ဖြစ်၏။ မနောနှင့်သာ ကြံလျှင် မနောဒွါရ၌ ဖြစ်၏။ ။မကိုက် မခဲပါစေခြင်း အကျိုးငှါ ပြုရာ၌ မိစ္ဆာဒိဋ္ဌိ မဖြစ်။ ။ဤသို့ ဒွါရ ပြောင်းသော်လည်း အမည်မပြောင်းရ။

## ၁၄—ပါထာတိပါတ-စသည်တို့၏ အင်္ဂါကို ပြဆိုခြင်း

ပါထာတိပါတ စသည်တို့၏ အင်္ဂါကိုပြဦးအံ့။ ။သတ္တဝါလည်းမှန်, သတ္တဝါဟူသောအမှတ်, သေစေလိုသောစိတ်, လုံ့လလည်းပြု, သေလည်းသေ၊ ပါထာတိပါတ၌ အင်္ဂါငါးပါး။ သူတပါးသိမ်းဆည်းသောဥစ္စာ, သူတပါးသိမ်းဆည်းသောဥစ္စာ-ဟူသောအမှတ်, ခိုးလိုသောစိတ်, လုံ့လလည်းပြု, ယူလည်းယူမိ, အဒိန္နာဒါန်၌ အင်္ဂါငါးပါး။ ။မသွားလာအပ်သော ဝတ္ထု,ယင်းဝတ္ထု၌ မှီဝဲလိုသောစိတ်, လုံ့လလည်းပြု, မဂ်ဖြင့် မဂ်သို့ သွင်းသည်ကို သည်းခံခြင်း,ကာမေသုမိစ္ဆာစာရ၌အင်္ဂါလေးပါး။

> မသွားလာ အပ်သော ဝတ္ထု ဆိုသည်မှာ ခေတ္တဖြစ်စေ အမြဲဖြစ်စေ ကာမပိုင်လင်ရှိသော မိန်းမတမျိုး၊ ကာမပိုင်လင်မရှိသော်လည်း မိဘဆွေမျိုး အိမ်နီးချင်း မိတ်ဆွေ စသည် တစုံ တယောက် စောင့်ရှောက်သောသူ ရှိသော မိန်းမတမျိုး၊ ယင်း နှစ်မျိုးလုံး ယောကျ်ားတို့မှာ မသွားလာအပ်သော ဝတ္ထု မည်၏။

မိမိပိုင်သော မယား, ပိုင်သူ စောင့်ရှောက်သူတို့က ခွင့်ပေးသောမိန်းမ, ပိုင်သူ စောင့်ရှောက်သူမရှိ လွှတ်ထားသော အရူးမ,

ဤမိန်းမ သုံးယောက်တို့ကား မသွားလာ အပ်သော ဝတ္ထု
မဟုတ်ကုန်။ ။မိန်းမတို့မှာကား ကာမပိုင်လင်ရှိသော မိန်းမတို့
မှာသာ မိဘတို့ကာမကို မိဘတို့မပိုင်သောကြောင့် မိမိလင်မှတပါး
ဘိရုဗ္ဘာနယောက်ျားပင်ဖြစ်စေယောက်ျား တပါးနှင့်သွားလာက
ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။ ။ကာမပိုင် လင်မရှိသော
မိန်းမတို့မှာ မိမိတို့ကာမကို စောင့်ရှောက်သော သူတို့ မပိုင်
မိမိတို့သာ ပိုင်သောကြောင့် ယောက်ျား တပါးနှင့် သွားလာ
သော်လည်း ကာမေသုမိစ္ဆာစာရကံ မထိုက်။

လည်ဆယ်သည့်အတွက် ညဉ့်မိုက်သည့်အတွက် သူ့မယား
ကို မိမိမယား ထင်မှတ်၍ ခိုးသောယောက်ျား၊ မိမိလင်ထင်မှတ်၍
သည်းခံ သာယာသော မိန်းမတို့မှာ ကာမေသုမိစ္ဆာ စာရကံ
ထိုက်သည်ဟူ၍ ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြကုန်၏။

ငါတို့ကား သွားလာရိုး မဟုတ်သည်ကို လွန်ကျူး၍
ကျင့်လိုသော စိတ်ယုတ် စိတ်ညစ် မရှိသောကြောင့်ရင်း
ဤသို့သော အရာ၌ သောကာပန် ပုဂ္ဂိုလ်တို့သော်လည်း
လွတ်နိုင်ဘွယ် မရှိသော ကြောင့်ရင်း, ကမ္မပထအရာ၌
ကောင်းနှင့် ပဋိသန္ဓေ အကျိုးကို ပေးနိုင်လောက်သော အား
သန်သော ကံအထူးကိုသာ ရွေးချယ်၍ ဟောတော်မူ
သောကြောင့်ရင်း,အဋ္ဌကထာ၌ သောဝနစိတ္တံ ဟု သာမည
မဆိုဘဲ တသ္မိံ သေဝနစိတ္တံ– ဟု အထူး ဆိုသော
ကြောင့်ရင်း ကမ္မပထ မမြောက်ဟု အယူရှိသည်။

မဟုတ်မမှန်သော အရာ, မဟုတ်မမှန် ပြောလိုသော စိတ်,
ပြောလည်း ပြောမိ, သူတပါးလည်း သိ မုသာဝါဒ၌ အင်္ဂါ
လေးပါး။ ။သူတပါး ချမ်းသာစေခြင်း အကျိုး၌ မုသားပြော
ဆိုရာ၌ ကမ္မပထ မမြောက်၊ ဒုက္ခိတအခါ၌ရင်း ရောဂါရောက်၍
ရောဂါပျောက်စေခြင်း၌ရင်း ရဟန်းတော်တို့အား မအပ်သော
ခွေးသား မြင်းသား ဆင်သား တို့ကို နွားသား ကျွဲသားပါ
ဘုရား ဆိတ်သား သမင်သားပါ ဘုရား–ဟု, ချမ်းသာစေလို၍

ဈောက်ထားသည်ကို ယုံကြည်၍ ဘဉ်းပေးသော ရဟန်းအား အပြစ်မရှိ။ ဈောက်ထားသူ ဒါယကာအား မုသားမဖြစ် ကုသိုလ်သာ ဖြစ်သည်ဟူ၍ မဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ၌ ဆို၏။ မပေးလို၍ ၎င်း, ခိုးသူ လုယက်မည်မှ ကြောက်သောကြောင့်၎င်း, မိမိ၌ ရှိသောဥစ္စာကို မရှိပါဟူ၍ ပြောဆိုရခြင်းနှင့် လူတို့မှာ မကင်းနိုင်သောကြောင့် ဤသို့ဆိုခြင်းကို ဝေါဟာရ မုသာဝါဒခေါ်သည်။ ယင်း ဝေါဟာရ မုသာဝါဒသည် ကမ္မပထ မမြောက်-ဟူ၍ ယင်း အဋ္ဌကထာ ဋီကာတို့၌ပင် ဆိုသည်။ ။သိက္ခာပုဒ်ကို ခံယူဆောက်တည်သော သူတို့မှာ မမှန် ချွတ်လွဲသော စကားကို ပြောဆိုလိုသောစိတ်, ပြောဆိုခြင်း, ဤအင်္ဂါ နှစ်ပါးစုံညီလျှင် မုသာဝါဒဖြစ်၍ သီလပျက်၏။

သူနှစ်ဦးလည်းရှိ, ကွဲပြားစေလိုသောစိတ်, လုံ့လပြုခြင်း, သူနှစ်ဦးတို့ နားလည်ခြင်း, ကွဲပြားခြင်း, ပိသုဏာဝါစာ၌ အင်္ဂါ ငါးပါး။ ။သာမည၌ လေးပါး။

ဖရုသဝါစာ၌ နှုတ်ထွက်ကြမ်းသည် ဖြစ်စေ, ချိုသာသည် ဖြစ်စေ, စေတနာကြမ်းသည်ကိုသာ အကြမ်း ဆိုရသည်။ ထို့ကြောင့် မိဘတို့ သားသမီးတို့ကို ကျိန်ဆဲရာ၌ ဖရုသဝါစာမဖြစ်၊ မင်းတို့သည် သတ်လိုသောသူကို ချမ်းသာစွာ အိပ်ပါစေဆိုရာ၌ ဖရုသဝါစာဖြစ်သည်။ ။ဆဲရေးအပ်သောသူ, အမျက်ထွက်ခြင်း, ဆဲရေးခြင်း, ဖရုသဝါစာ၌ အင်္ဂါသုံးပါး။

အနက်ဆံ့ ကင်းသော စကားကို ဆိုလိုသောစိတ်, ဆိုခြင်း, သူတပါးယုံခြင်း, သမ္ဖပ္ပလာပ၌ အင်္ဂါသုံးပါး။ ။သာမည၌ ရှေ့နှစ်ပါး။ ။အနက်ဆံ့ ကင်း ဆိုသည်မှာ ရာမမင်း၏ သီတာမိဖုယားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်း ခိုးယူသည်။ ငကြီးနှင့် ငငယ် လယ်ထွန်သွားကြသည်။ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ် သွားကြသည်။ ဤသို့ စသည် ဖေးက မဖြစ်ဘူး မရှိဘူးသည်ကို ဖြစ်ဘူး ရှိဘူးသကဲ့သို့ သူတပါး ရာဂပွါးရန် ဒေါသပွါးရန် မောဟပွါးရန် ကြံဘန်၍ ပြောကြ ဟောကြသော

စကားဟူသမျှ စပါးဖုင်း ကဲ့သို့ အနက်ဆံ အနက်ဖြစ် မပါသည့်ကို ဆိုသည်။ ။သူ့ကို ဆုံးမရာ တရားဓမ္မ ဟောရာပြောရာ ထင်လွယ်မြင်လွယ်အောင် ဥပမာပုံပြု၍ ထည့်သွင်း ပြောဆိုရာတို့၌ သမ္ဖပ္ပလာပ မဖြစ် မှတ်လေ။

သူ့ဥစ္စာလည်းမှန်, ငါ့ဥစ္စာဖြစ်မှုကောင်းစွဟု မိမိသို့ညွတ်၍ လည်းကြံ, အဘိဇ္ဈာ၌ အင်္ဂါနှစ်ပါး။ ။မိမိသို့ မညွတ်ဘဲ လိုချင်ရုံ နှစ်သက်ရုံမျှကား ကမ္မပထ မမြောက်။ ။သတ္တဝါ လည်းမှန်, သေမှု ကောင်းစွဟု လည်းကြံ, ဗျာပါဒ၌ အင်္ဂါ နှစ်ပါး။ဗတ်ဆိုးရုံ အမျက်ထွက်ရုံမျှကား ကမ္မပထ မမြောက်။ ။ယူအပ်သော ဝတ္ထု၏ မှောက်မှားခြင်း, မှောက်မှား သည်ကို အဟုတ်အမှန်ဟု ထင်ခြင်း, မိစ္ဆာဒိဋ္ဌိ၌ အင်္ဂါနှစ်ပါး။

နတ္ထိကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, ဤဒိဋ္ဌိကြီးသုံးပါး တို့သာ ကမ္မပထ မြောက်သည်၊ ကြွင်းဒိဋ္ဌိတို့ကား ကမ္မပထ မမြောက်။ ။နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကိရိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယံ ပဋိဗာဟတိ။ ။မဇ္ဈိမ ပဏ္ဏာသ အပဏ္ဏကသုတ် အဋ္ဌကထာ။ ။နတ္ထိကဒိဋ္ဌိမှာ အကျိုး တရားဟူ၍ မရှိဟု ယူသည်။ ။အကိရိယ ဒိဋ္ဌိမှာ ကုသိုလ် အကုသိုလ်ကံ-ဟူ၍ မရှိဟု ယူသည်။ ။အဟေတုက ဒိဋ္ဌိမှာ အကြောင်းမရှိ-ဟု ယူသဖြင့် အကျိုးတရားလည်း မရှိ၊ ကံတရား လည်း-မရှိ၊ နှစ်ပါးစုံ မရှိဟု ယူသည်။ ။ကမ္မမေဝ ပထော ကမ္မပထော။ ။ပါထေယျ အဋ္ဌကထာလာ။ ။(ဝိဂြိုဟ်)။ ။ကမ္မမေဝ၊ ကံသည်သာလျှင်။ ပထော၊ ပဋိသန္ဓေအကျိုးကို ကောင်း ပေးသော အားဖြင့် ဒုဂ္ဂတိဘုံ၌ ဖြစ်ကြောင်းတည်း။ ကမ္မပထော၊ ကံသည်ပင် ဒုဂ္ဂတိဘုံ၌ဖြစ်ကြောင်း။ ။အနက်။ ။အင်္ဂါစုံညီ၍ ကောင်းကာ ပဋိ သန္ဓေအကျိုးကို ပေးနိုင်သော ဆယ်ပါးကိုသာ အထူးသတ်မှတ် ကန့်သတ်၍ ကမ္မပထဟု ဟောတော်မူသောကြောင့် အင်္ဂါမစုံ ညီသော အကုသိုလ်ဟူသမျှကို ကမ္မပထသို့ မသွင်းရ၊ ကမ္မပထ မဆိုရ၊ကမ္မပထသို့မဝင်။သာမညကထာသို့သွင်းရသည်။သာမည

ကထာသို့ သွင်းရဆိုသည်မှာလည်း သူ့ဒွါရအတိုင်းသာ သာမည အမည်ကို ပေးရသည် ဆိုလိုသည်။ ။အင်္ဂါပြီး၏။

## ၇၅–ဒုစရိုက်ကို ပြဆိုခြင်း

ဒုစရိုက်ကို ပြဦးအံ့။ ။ဒုစရိုက် အမည်နှင့် လာရာတို့၌လည်း ကထာနှစ်ပါးဖြင့် မှတ်ရသည်။ ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက် လေးပါး, မနောဒုစရိုက်သုံးပါး, ပေါင်းဒုစရိုက်ဆယ်ပါး၊ ဤသို့ သတ်မှတ်၍ လာသော အရာကို ဝိသေသကထာဟူ၍မှတ်။ ။ဤသို့ မသတ်မှတ်ဘဲ ကိုယ်ဖြင့်ပြုလျှင် ကာယဒုစရိုက် နှုတ်ဖြင့် ပြုလျှင် ဝစီဒုစရိုက်, စိတ်ဖြင့်ကြံလျှင် မနောဒုစရိုက် ဟူ၍ မှတ်ရသော အရာကို သာမညကထာဟူ၍မှတ်။ ။ဝိသေသကထာမှာ ကမ္မပထနှင့် အတူတူ။ ။ပဏ္ဏတ္တိယာဝါ ကမ္မပထေဟိ ဝါ၊ ကထေ တဗ္ဗာ။တော၊ ထိုဒုစရိုက်တို့ကို။ပဏ္ဏတ္တိယာဝါ၊ဝေါဟာရပညတ်, ဝိနည်းပညတ် ဖြင့်ရင်း။ ကမ္မပထေဟိ ဝါ၊ ကမ္မပထတို့ဖြင့်ရင်း။ ကထေတဗ္ဗာ၊ ဆိုအပ်, ပြောအပ် ဘွင့်ပြအပ်ကုန်၏။ ။ပါဠေယျ အဋ္ဌကထာ။- ။ဤအဋ္ဌကထာ၌ ပဏ္ဏတ္တိယာ-ဖြင့်သာမညကထာကို ပြသည်။ ကမ္မပထေဟိ-ဖြင့် ဝိသေသကထာကို ပြသည်။ ။ဆသု ဒွါရေသု အဋ္ဌာရသ ဒုစ္စရိတာနိ ဟောန္တိ။ ။သံယုတ် အဋ္ဌကထာ။ ဆသု ဒွါရေသု၊ ခြောက်ပါးသော ဒွါရတို့၌။ အဋ္ဌာရသဒုစ္စရိတာနိ၊ တဆဲ့ရှစ်ပါးကုန်သော ဒုစရိုက် တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနက်။ ။ဤအဋ္ဌကထာ စကားလည်း သာမညကထာပင်။ ဝိညတ် ပါလျှင် ကာယဒုစရိုက်, ဝစီဒုစရိုက်,မပါလျှင် မနောဒုစရိုက်မှတ် လေ။ ။သဘာဝတော ဝါ သဝဇ္ဇာဗွတောဝါ ဒုဋ္ဌုစရိတာနိ ဒုစ္စရိ တာနိ။ ။အဋ္ဌကထာအရ ဝိဂ္ဂြိုဟ်။ ။သဘာဝတော ဝါ၊ သဘော အားဖြင့်ရင်း။ သာဝဇ္ဇာဗ္ဗတောဝါ၊ သူတော်ကောင်းတို့ ဆိုဘွယ် အပြစ် ရှိသောကြောင့်ရင်း။ ဒုဋ္ဌု၊ မကောင်းသော။ စရိတာနိ၊ အကျင့်တို့တည်း။ ဒုစ္စရိတာနိ၊ မကောင်းသော အကျင့်တို့။ ။

အနက်။ ။တပည့်များ စကား များကြသည့် အတွက် အရှင် သာရိပုတ္တရာကို ဘုရားနှင့်တော်မူသောအခါ သူတပါးအတွက်နှင့် အနှင်ခံရသည်။ သူတပါးကို မဆုံးမဘဲ ချမ်းသာစွာ နေတော့ မည်ဟု ကြံသည်ကို ဘုရားသိမြင်၍ဝယ် အပြစ်ရှိသောကြောင့် ဒုစရိုက်ဖြစ်သည်ဟု အဋ္ဌကထာတို့ဆိုသည်။ ။ဒုစရိုက် ပြီး၏။

## ၇၆ - ကထာနှစ်ပါး၌ အထူးမှတ်ရန်ကို ပြခြင်း

အထူး မှတ်ရန်မှာ သာသနာပ အခါ၌ ဝိသေသကထာ ဟူသော ကမ္မပထ တရား ဆယ်ပါးတို့သာ ပေါ်ထွန်း ထင်ရှား အကျင့် အသုံးလည်း များကြသည်။ ။ထိုစကား မှန်၏ သာ သနာပ အခါ၌ ပရမတ်ယုက်ဗ အလင်း မရှိကြသည့် အတွက် ကုသိုလ်ကို ဆယ်ပါး, အကုသိုလ်ကိုလည်း ဆယ်ပါး ဟူ၍ ပညတ်အားဖြင့်သာ ဟောပြောဘော်ပြနိုင်ကြကုန်သည်။ ကုသိုလ် အကုသိုလ်ကို အကုန်အစင် မဟောပြော မဘော်ပြနိုင် ကြကုန်၊ သာသနာတွင်း အခါ၌ကား ပရမတ်စက္ခုဖြင့် ကြည့်ရှု ဆင်ခြင် တော်မူ၍ သာမည ကထာကို ဟောသင့်သော အခါ သာမည ကထာကို၊ ဝိသေသ ကထာကို ဟောသင့်သော အခါ ဝိသေသ ကထာကို ဤလို ဟောတော်မူနိုင် သောကြောင့် ကထာနှစ်ပါးလုံး ပေါ်ထွန်း ထင်ရှားသည်။

အကုသလံ ပဇဟထ ကုသလံ ဘာဝေထ။ ။အင်္ဂုတ္တိုရ် စသော ထိုထိုပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အကုသလံ၊ အပုင်းအရှိ ထိန မိဒ္ဓကိုစ အကုသိုလ် ဟူသမျှကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်။ ကုသလံ၊ သဒ္ဓါတရားကိုစ ကုသိုလ်ဟူသမျှကို။ ဘာဝေထ၊ ပွါးများစေကြကုန်။ ။အနက်။ ကမ္မပထမြောက် မမြောက် မရွေးချယ်ရ၊ အကုသိုလ်မှန်က ပယ်စွန့်ရမည် ဆိုလိုသည်။

ကုလ္လူပမံ ဘိက္ခဝေ ဒေသိတံ ဓမ္မံ အာဇာနေယျာထ။ ။ ပဏ္ဏာသ ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ ဝေါဟာရတိုင်အောင်သော ဒါန, သီလ, ဘာဝနာ–ဟူသော လောကီကုသိုလ်တရားကို။ ကုလ္လူပမံ၊ လှေဖေါင်လျှင် ဥပမာရှိသည်ကို။ အာဇာနေယျာထ၊ သိကြလေကုန်။ ။အနက်။ ဆိုရင်း အဓိပ္ပါယ်မှာ ဘာဝနာ၌ ငြိသောနိကန္တိကို သော်လည်း ပယ်စွန့်ကြဆိုလိုသည်။ တနည်းလည်း ဒါန,သီလ, ဘာဝနာ–ဟူသော လောကီ ကုသိုလ်တရားကို မဂ်, မဖြစ်ပေါ်ခင်သာ ပွါးများအားထုတ်ကြ ရသည်။ မဂ်, ဖြစ်ပေါ်ပြီးနောက် အသုံးမကျပြီ ဆိုလိုသည်။ ။ပြလိုရင်းမှာ ဝိပဿနာ၌ ငြိသော နိကန္တိကို အစပြု၍ ကြမ်းသည်ဖြစ်စေ နုသည်ဖြစ်စေ အကုသိုလ် ဟူသမျှကို ပယ်စွန့်ကြဟု ဟောတော်မူလိုရင်း ဖြစ်သော်လည်း ရံခါရံခါ အရာရာသို့လိုက်၍ ကမ္မပထကိုလည်း ဟောတော်မူရပြန်သောကြောင့် သာသနာတွင်းအခါကထာ နှစ်ပါးလုံးပေါ်တွန်း ထင်ရှားသည်ကို ပြလိုရင်းတည်း။

အထူးမှတ်ရန်ကို ပြသည်ပြီး၏။

---

## ၇၇-ကမ္မပထ မမြောက်ရာ၌ အပြစ်ကို ပြဆိုခြင်း

ကမ္မပထ မမြောက်ရာ၌ အပြစ်ကို ပြဦးအံ့။ ။ကမ္မပထသို့ မဝင်၊ ကမ္မပထ မမြောက်သော အကုသိုလ်ကို ပဋိသန္ဓေအကျိုးကို မပေးနိုင် ဟူ၍ မမှတ်အပ်၊ အပြစ်မကြီးဟူ၍ မမှတ်အပ်။ ။ အရာရာသို့ လိုက်၍ ပဋိသန္ဓေ အကျိုးကို ပေးနိုင် သည်လည်း ရှိသည်၊ မပေးနိုင်သည်လည်း ရှိသည်၊ အပြစ် ကြီးသည်လည်း ရှိသည်၊ မကြီးသည်လည်း ရှိသည်။ ။ထိုစကား မှန်၏၊ ရှင်ဒေဝဒတ်သည် ကျောက်ကို လှိမ့်၍ ဘုရားကို အသေသတ်၏။ ဘုရားကား မသေ ကမ္မပထ မမြောက်။ နန္ဒဘီလူးသည် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို သန်တျူဖြင့် အသေ ထု၏။

အချင်းသာရိပုတ္တရာကား မသေ ကမ္ဘပထ မမြောက်၊ မမြောက်သော်လည်း နန္ဒကီလူးသည် ပထမစော စေတနာ ကြောင့် ကိုယ်အလုံး ပူလောင်မြေသို့ကျ မြေမျို ငရဲမီးလျှံ အတွင်းပူလောင်သေဆုံ၍ သတ္တမစော စေတနာကြောင့် အဝီစိငရဲထဲ၌ ခန္ဓာအသစ် ဖြစ်၍ ငရဲခံရကြောင်းကို ဥဒါန်းအဋ္ဌကထာ၌ ဆိုသည်။

ဤသို့ စသည် ကမ္ဘပထ မမြောက်သော်လည်း အပါယ် ပဋိသန္ဓေ အကျိုးကို ပေး၍ အပါယ်သို့ ရောက်ကြသော ဝတ္ထုသက်သေတို့လည်း ကျမ်းဂန်တို့၌ များစွာပင် လာသည်။ ။ သတ္တဝါသာမညကို မိဘကိုသီလဝန္တ ပုထုဇန်ရဟန်းကို ရဟန္တာကိုထောင်းထု ပုတ်ခတ် လက်ခြေကိုဖြတ်အံ့၊ မျက်လုံးကို ထုတ်ပေါက်အံ့။ ကမ္ဘပထ မမြောက်၊ မမြောက်သော်လည်း ပဋိသန္ဓေ အကျိုးကို မပေးဟူ၍ ဆိုနိုင်စရာမရှိ။ အပြစ်မကြီးဟူ၍ ဆိုနိုင်စရာမရှိ။ ။သူရာပါနကို ပဋိသန္ဓေအကျိုးကို ပေးရာ၌ အနေကန္တိက ဖြစ်၍ ကမ္ဘပထ ဒေသနာ၌ ဟောတော်မမူ။ ကမ္ဘပထ ဒေသနာ၌ မပါမဝင်၊ ကမ္ဘပထမမြောက်၊ မမြောက်သော်လည်း ပဋိသန္ဓေ အကျိုးကို မပေးနိုင်ဟူ၍ မမှတ်အပ်။ အပြစ် မကြီးဟူ၍ မမှတ်အပ်။ အရာရာသို့ လိုက်၍ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်လည်းရှိ၏။ မပေးနိုင် သည်လည်း ရှိ၏။ အပြစ်ကြီးသည်လည်းရှိ၏။ မကြီးသည်လည်း ရှိ၏။ ။ယင်း သူရာပါနသည် ပဝတ္တိအကျိုးကိုကား ဧကန္တိက ပေးနိုင်သည်။ ။ပဝတ္တိအကျိုး ဆိုသည်ကား ငရဲမှ လွတ်သောအခါ ဖြစ်ရာဘဝ၌ ပညာ ဉာဏ်ကင်း သိမ်ဖျင်း ညံ့ယုတ် သေးနုပ် ထိုင်းမှိုင်း ရခြင်း အ-အ,အဆွံ့ဖြစ်ရခြင်း, ခွေးရူး, ဝက်ရူး, ကြက်ရူး, လူရူးများစွာ ဖြစ်ရခြင်း စသည်တို့ကိုဆိုသည်။ ။ပစ္စက္ခ၌လည်း သူရာပါန လောက် အပြစ်များသော မကောင်းမှု မည်သည် မရှိ၊ ထိုစကား မှန်၏။သူရာပါနကို အလွန်ကြူးသော သူသည် ဒုစရိုက်ဆယ်ပါးလုံးကို ပြုရမည်ဝန်မလေး၊ ပြုလွယ်တော့ သည်သာ။ မိမိ အန္တရာယ် သူတပါးအန္တရာယ်ကိုလည်း ပြုနိုင်တော့သည်သာ။

စီးပွါးချမ်းသာ ပျက်စီးဆုတ်ယုတ် ခြင်း၏ အကြောင်းလည်း ဖြစ်တော့ သည်သာ။ သူဌေးဖြစ်က သူဌေးမိုက်, သူဌေးမဲ့, မင်းဖြစ်ကလည်း ဉာဏ်အမြင်နဲ့, မင်းမိုက် မင်းမဲ့ဖြစ်၍ ပျက်စီး လွယ်တော့သည်သာ၊ဘုန်းရှိကလည်း ဘုန်းယုတ်တော့သည်သာ။ ဤသို့စသည့် အပြစ်တွေများလှလေ၏။ ။ဋီကာကြီး, ဋီကာငယ်, စသော ကျမ်းတို့၌ကား သုရာပါနကို ကမ္မပထ အတွင်းသို့ အလျော်သွင်း၍ ဘွင့်ပြတော်မူကြကုန်၏။

## ၇၈—ကိုယ်ဖြင့်ပြုသော်လည်း ဖရုသဝါစာ ဗျာပါဒ ဖြစ်သည်ကို ပြဆိုခြင်း

ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပါယဿ ဖရုသကာယဝစီပယောဂ သမုဋ္ဌာပိကာ ဖရုသစေတနာ ဖရုသဝါစာ။ မရဏာဓိပ္ပါယေ ပန သတိ အတ္တသိဒ္ဓိ တဒဘာဝေန ပါဏာတိပါတ ဗျာပါဒါစ ဟောန္တိ။ ။ဒီပနီကာယ်ဋီကာ, အနုဋီကာတို့၌ လာသောပါဠိ။ ။ ဒုဋ္ဌစိတ္တဿ၊ ဒေါသသည် ဖျက်ဆီးအပ်သော စိတ်ရှိသော။အမရ ဏာ ဓိပ္ပါယဿ၊ သေစေလိုသောစိတ် မရှိသောသူ၏။ ဖရုသ ကာယဝစီ ပယောဂ သမုဋ္ဌာပိကာ၊ ကြမ်းကြုတ်သော ကာယ ပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော၊ ဖရုသစေတနာ၊ ကြမ်းသော စေတနာသည်။ ဖရုသဝါစာ၊ ဖရုသဝါစာ မည်၏။ မရဏာဓိပ္ပါယေ၊ သေစေလိုသောစိတ်သည်။ သတိ ပန၊ရှိမူကား။ အတ္တ သိဒ္ဓိ တဒဘာဝေန၊ သေခြင်း ဟူသော အကျိုးပြီးခြင်း ထိုသေခြင်းဟူသော အကျိုးမရှိသည်၏ အဖြစ်ကြောင့်။ပါဏာတိ ပါတ ဗျာပါဒါစ၊ ပါဏာတိ ပါတ ဗျာပါဒ တို့သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ ။အနက်။ ။ဤဋီကာတို့၏ အလိုမှာ သေစေ လိုသော စိတ်မရှိဘဲ အမျက်ထွက်၍ ရိုက်ပုတ် ညှဥ်းဆဲရာ သတ်လဟဲ့ ဖြတ်လဟဲ့ ဆိုရာတို့၌ ဖရုသဝါစာ ဖြစ်သည်။ ။ သေစေ လိုသော စိတ်ရှိ မူကား သေလျှင် ပါဏာတိ ပါတ၊

မသေချာ ဗျာပါဒဖြစ်သည့် ဆိုလိုသည်။ ။ကမ္မပထ မြောက်သည် ဖြစ်စေ၊ မမြောက်သည် ဖြစ်စေ၊ အကုသိုလ်ကံ ဆိုသမျှ ရင်လယ်၌ ဟဒယ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သော အကုသိုလ်စေတ ဟူသော နာမ်ခန္ဓာ လေးပါးပင်တည်း၊ အစစ်ကား ယင်း ခန္ဓာ လေးပါး၌ ပါသော စေတနာပင်တည်း။ အကုသိုလ် နာမ် ခန္ဓာ လေးပါး တို့၏ ဖြစ်ရာကား ရုပ်ကန္ဓာဘည်း။ သတ္တဝါသည် မကောင်းမှုကိုပြုသည်ဟူ၍ပြောရုံဆိုရုံသာ၊သတ္တဝါအကောင်မရှိ။ ခန္ဓာငါးပါးတို့၏အစုအဝေးမျှသာ။အကုသိုလ်-ကမ္မပထပြီး၏။

## ၇၃-ကုသလကမ္မပထ ဆယ်ပါးကိုပြခြင်း

ကုသလကမ္မပထ တရား ဆယ်ပါးကို ပြဦးအံ့။ ။ဆယ်ပါး ဆိုသည်ကား-

၁။ **ပါဏာတိပါတာ ဝိရတိ**- ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း။

၂။ **အဒိန္နာဒါန ဝိရတိ**- အဒိန္နာဒါန် မှ ရှောင်ကြဉ်ခြင်း။

၃။ **ကာမေသုမိစ္ဆာစာရ ဝိရတိ**-ကာမေသု မိစ္ဆာ စာရမှ ရှောင်ကြဉ်ခြင်း။

ဤ ဝိရတိသုံးပါးကို ကာယကံသုံးပါးဟူ၍ အမြဲမှတ်။

၁။ **မုသာဝါဒ ဝိရတိ**- မုသာဝါဒမှ ရှောင်ကြဉ်ခြင်း။

၂။ **ပိသုဏာဝါစာ ဝိရတိ**-ပိသုဏာဝါစာမှ ရှောင်ကြဉ်ခြင်း။

၃။ **ဖရုသဝါစာဝိရတိ**- ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း။

၄။ **သမ္ဖပ္ပလာပ ဝိရတိ**- သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း။

ဤဝိရတိ လေးပါးကို ဝစီကံ လေးပါးဟူ၍ အမြဲမှတ်။

၁။ **အနဘိဇ္ဈာ**- သူတပါးဥစ္စာ၌ မငြိတွယ် ကျွင်လွတ်သော အလောဘရင်း။

၂။ **အဗျာပါဒေါ**-သတ္တဝါ တပါး၌ မပြစ်မှား ချစ်ကြည် ဖေးမြခြင်း အဒေါသရင်း။

၃။ **သမ္မာဒိဋ္ဌိ**-ကောင်းသော ဉာဏ်အမြင် ဟူသော သမ္မာ ဒိဋ္ဌိရင်း။ ။ဤသုံးပါးကို မနောကံ သုံးပါးဟူ၍ အမြဲမှတ်။

ကာယကံသုံးပါး ဝစီကံ လေးပါး မနောကံသုံးပါး ပေါင်း ကုသလ ကမ္မပထ တရားဆယ်ပါး။ ။မြဲမြဲမှတ်ဆိုသော စကား၏ အဓိပ္ပါယ်မှာ ယေဘုယျ အားဖြင့် အမြဲမှတ်၍ ဆိုသော အမည် ဖြစ်သောကြောင့် ဒွါရ ပြောင်းသော်လည်းအမည် မပြောင်းစေနှင့် ဆိုလိုသည်။ ။ထင်ရှား စေဦးအံ့။ ။ကုသလကမ္မပထ အရာ၌ တပါး တပါးသော ကံသည် သုံးပါး သုံးပါးသော ဒွါရ၌ ဖြစ်နိုင်သည်။ ဖြစ်ပုံမှာ ကာယကံ ဝိရတိ သုံးပါး၊ ဝစီကံ ဝိရတိ လေးပါး၊ ပေါင်းခုနစ်ပါးသော သီလတို့ကို ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့် ဆောက်တည်သော အခါတို့၌ သိလေ။ ။စေတိ ယင်္ဂဏ သမ္မဇ္ဇနံ ဂန္ဓမာလာဒိ ပူဇနစေတိယ ဝန္ဒနာဒီနိ ကရောန္တဿ ကမ္မံ မနောကမ္မံ ဟောတိ။ ။စသည် လာသော အဋ္ဌကထာနှင့် အညီ တံမြက် လှည်းခြင်း၊ ပန်း-နံ့သာ-ဆီမီး-စသည်တို့ဖြင့် ပူဇော်ခြင်း ဘုရားရှိခိုးခြင်း မေတ္တာပို့ခြင်း-စသည် တို့ကိုကိုယ်, နှုတ်တို့ဖြင့် ပြုသော အခါတို့၌ မနောကံ၏ ဒွါရ သုံးပါးတို့၌ ဖြစ်ပုံကို သိလေ။

ဝိရတိသည် သမ္မာကမ္မန္တ သမ္မာဝါစာ သမ္မာအာဇီဝ–ဟူ၍ သုံးပါးရှိသည်။ ။အသက်မွေးခြင်း အကြောင်း မရှိသော ကာယ ဒုစရိုက် သုံးပါးမှရှောင်ကြဉ်ခြင်းဝိရတိသုံးပါးကို သမ္မာကမ္မန္တဆို သည်။အသက်မွေးခြင်းအကြောင်းမရှိသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း ဝိရတိ လေးပါးကို သမ္မာဝါစာ ဆိုသည်။ အသက်မွေးခြင်း အကြောင်းရှိသော ကာယ ဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်သည်ကို သမ္မာအာဇီဝ ဆိုသည်။

ဇုဋ္ဌာသယ (က) ၁၄၀–၂၀

သစ္စတ္ထဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒ ဝိရတိ-ဟူ၍လည်း သုံးမျိုးမှတ်။ ။တွေ့ကြုံမှ ရှောင်ကြဉ်သည်ကို သမ္ပတ္တဝိရတိမှတ်။ ဆောက်တည်၍ ရှောင်ကြဉ်သည်ကို သမာဒါန ဝိရတိမှတ်။ မဂ်ဖြင့် အကြွင်းမဲ့ ပယ်သည်ကို သမုစ္ဆေဒ ဝိရတိမှတ်။ သီလ အစွမ်းအားဖြင့် ဖြစ်သော မဟာကုသိုလ် စေတ္ဓ ဝိရတိကို ရအပ်၏။ သီလမှ တပါးသော မဟာကုသိုလ်စေတ္ဓ မနောကံ သုံးပါးကို ရအပ်၏။ ။ပဋိသန္ဓေအကျိုးကို ကောင်းက ပေးနိုင်သော ကုသိုလ်ကိုသာ ကမ္မပထဟု ဟောတော်မူသော ကြောင့် ပဋ္ဌာနပါဠိရစော, ဖိဿမက်, အတွင်း၌ ဖြစ်သော စေတို သည် ကမ္မပထမှ လွတ်ကုန်၏။ သာမညကထာသို့ သွင်း၍ မနောကံ ဟူ၍ မှတ်လေ။ ။ကုသလကမ္မပထ ဆယ်ပါး ဆိုသော် လည်း မဟာကုသိုလ်စော နာမ်ခန္ဓာ လေးပါးပင်။ ။ကုသလ ကမ္မပထ ပြီး၏။

## ၁၀-ပုညကိရိယဝတ္ထု အပြား ဒါနအပြား မိစ္ဆာဒါနကြီး ငါးပါးကို ပြဆိုခြင်း

မဟာကုသိုလ် စောကို ပုညကိရိယာ ဝတ္ထု ဆယ်ပါးဖြင့် ပြဦးအံ့။ ။ဆယ်ပါးဆိုသည်ကား။ ။ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒနာ, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ။ ။၍ဆယ်ပါးတည်း။ ။ဒါန, ဆိုသည် မှာ ထင်ရှားရှိသော ဝတ္ထုကို လှူအံ့-ဟု ကြံသော အခါမှစ၍ ကြံတိုင်း အောက်မေ့တိုင်း စောရှစ်ကြိမ် စော၏။ ယင်း စော ခန္ဓာလေးပါးထဲက သဒ္ဓါရကျန္ဓာ စေတနာကို ပုဗ္ဗစေတနာဆို သည်။ လှူဆဲသော အခါ၌လည်း စောရှစ်ကြိမ်စော၏။ ယင်း စောခန္ဓာ လေးပါးထဲက သင်္ခါရက္ခန္ဓာစေတနာကို မုဥ္စစေတနာ ဆိုသည်။ လှူပြီးနောက် လှူရပေပြီဟု အောက်မေ့တိုင်း ကြံတိုင်း စောရှစ်ကြိမ်စော၏။ ယင်း စောခန္ဓာ လေးပါးထဲက သင်္ခါ-

ရက္ခန္တာစေတနာကို ပရ စေတနာဆိုသည်။ ယင်းစေတနာသုံးတန်ကိုပင် ဒါနဆိုသည်မှတ်။ ။ယင်းဒါနကို နှလုံးသွင်း အားလျော်စွာ အာရုံခြောက်ပါးဖြင့်မှတ်။ ခြောက်ပါးဝေဘန်၍ အဋ္ဌကထာတို့၌ ပြကုန်၏။ ။ခြောက်ပါးဆိုသည်ကား ရူပဒါန,သဒ္ဒဒါန, ဂန္ဓဒါန,ရသဒါန,ဖောဋ္ဌဗ္ဗဒါန,ဓမ္မဒါန,ဤခြောက်ပါးတည်း။

ဓမ္မဒါန၌ ဓမ္မ၏ အရ များသော်လည်း များတိုင်း မယူဘဲ ဩဇာရုပ် ဇီဝိတရုပ်- စသည်ကိုသာ ယူရမည်။ ။မွတ်သိပ်ဆာလောင်ခြင်း ပယ်ဖျောက်တတ်, ခိုင်ခံ့ခြင်း ခွန်အားဗလကို ဖြစ်စေတတ်သော ဩဇာအာဟာရကိုလှူခြင်းသည် ဩဇာဒါန။ ။ အသက်ရှည်ပါစေဟုနှလုံးထား၍ ယာဂုထမင်းလှူခြင်း, လူနာနှင့် သင့်တင့်သော အစာအာဟာရကိုလှူခြင်း ဆေးဝါး ဓာတ်စာ အာဟာရကိုလှူခြင်း, ဆေးသမား အနှိပ်သည်တို့ကို ဥစ္စာပေး၍ ကုသစေခြင်း၊ နှိပ်နင်းစေခြင်း၊ ပိုက်ကွန်- မြှုံး,ညွှတ်, လေး, မြှား- စသောလက်နက်တို့ကို ဖျက်ဆီးခြင်း, ဘေးမဲ့ပေးခြင်း, အသက်ကိုကယ်ဆယ်ခြင်း, ဤသို့စသည့် အလုံးစုံသည် ဇီဝိတဒါန။ ယင်းဩဇာဒါန ဇီဝိတဒါန- နှစ်ပါးကို ဓမ္မဒါနဆိုရမည်။ ဘုတ်အုပ် စာ, ပေစာ, ပုဇော်ခြင်း တို့ကိုလည်း ဓမ္မဒါန ဆိုရသည်။

"ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ, သမဇ္ဇဒါနံ, ဣတ္ထိဒါနံ, ဥသဘဒါနံ,စိတ္တကမ္မဒါနန္တိ"။ ။ပရိဝါပါဠိတော်။ ။လောကသ္မိံ၊ လောက၌။ အပုညာနိ၊ ကောင်းမှုမဟုတ်ကုန်ဘဲလျက်။ ပုညသမ္မတာနိ၊ ကောင်းမှုဟု လူမိုက်တို့ သမုတ်အပ်ကုန်သော။ ဒါနာနိ၊ ဒါနတို့သည်။ ပဉ္စ၊ ငါးပါးတို့ တည်း။ ကတမာနိ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ မဇ္ဇဒါနံ၊ သေအရက်အလှူရင်း။ သမဇ္ဇဒါနံ၊ ပွဲလမ်းသဘင် အလှူရင်း။ ဣတ္ထိဒါနံ၊ ကာမဂုဏ်ခံစားတို့ မိန်းမအလှူရင်း။ ဥသဘဒါနံ၊ နွားမတို့အား နွားလားဥသဘအလှူရင်း။ စိတ္တကမ္မဒါနံ၊ ကိလေသာပွါးရန် ဆေးရေးရုပ်အလှူရင်း။ ဣတိ ဣမာနိ၊ ဤငါးပါးတို့

တည်း။ ။အနက်။ ။ဤသည်ကား ကုသိုလ်ထင်မှတ်၍ ပြုပါသော်လည်း ကုသိုလ်မဖြစ်၊ အကုသိုလ်သာဖြစ်သော မိစ္ဆာဒိဋ္ဌိကြီး ပေါ်ပေါက်ခြင်းတည်း။ ။အဆင်းလှပသော မိန်းမ, ယောကျ်ားတို့ ရူပဒါနဖြစ်စေရန် အကြည့်အရှုခံ၍ အဆင်းကိုလှူအံ့။ သဒ္ဒဒါန ဖြစ်စေရန် သီချင်းသီ၍ တေးဆို၍ အသံကိုလှူအံ့။ ဂန္ဓဒါန ဖြစ်စေရန် အနမ်းအရှုံ့ခံ၍ အနံ့ကိုလှူအံ့။ ဖောဋ္ဌဗ္ဗဒါန ဖြစ်စေရန် အပွေ့အပိုက်ခံ၍ အတွေ့ကိုလှူအံ့။ ဤအလုံးစုံသည် ကုသိုလ် မဖြစ်၊ အကုသိုလ်သာ ဖြစ်သည်။ ကုသိုလ်ဇော မဇော၊ အမိုက်ဇော အမှားဇော တွေသာ ဇောသည်။ ။အမိုက်ဇော ဆိုသည်မှာ မောဟဇော၊ အမှားဇော ဆိုသည်မှာ ဒိဋ္ဌိဇောကို ဆိုသည်။

## ၈၁–ပုဂ္ဂလိကဒါန, သံဃိကဒါန အပြားကို ပြဆိုခြင်း

တနည်း ဒါနသည် ပုဂ္ဂလိကဒါန,သံဃိကဒါန- ဟူ၍ နှစ်မျိုး ရှိသည်။ ။ယင်းနှစ်မျိုးတွင် ပုဂ္ဂလိကဒါနကို ဆဲ့လေးမျိုးမှတ်။ ဆဲ့လေးမျိုးဆိုသည်မှာ—

၁။ တိရစ္ဆာန်,လူဒုဿီလ,လူသီလဝန္တ,ဗာဟိရ ရသေ့ဟူ၍ မဂ်နှင့်,ဖိုလ်နှင့်,မနံရသောအလှူခံ ပုဂ္ဂိုလ်လေးယောက်။
၂။ သောတာပန်ဖြစ်ရအောင် ကျင့်ဆဲ, ကျင့်ပြီးနှစ်ယောက်။
၃။ သကဒါဂါမ် ဖြစ်ရန်ကျင့်ဆဲ,ကျင့်ပြီးနှစ်ယောက်။
၄။ အနာဂါမ်ဖြစ်ရန် ကျင့်ဆဲ,ကျင့်ပြီး နှစ်ယောက်။
၅။ ရဟန္တာဖြစ်ရန် ကျင့်ဆဲ, ကျင့်ပြီး နှစ်ယောက်။
၆။ ပစ္စေကဗုဒ္ဓါ, သမ္မာ သမ္ဗုဒ္ဓ ဘုရား နှစ်ပါးဟူ၍ မဂ်နှင့်, ဖိုလ်နှင့် နံရ မဂ်ဖိုလ်၏အရသာကို ခံစားရသောအလှူခံ ပုဂ္ဂိုလ်တကျိပ်။

ဤလိုအလှူခံ ပုဂ္ဂိုလ်တကျိပ်လေးယောက်ဖြစ်၍ ပုဂ္ဂလိကဒါန ဆဲ့လေးမျိုးဖြစ်သည်။ ။လူဒုဿီလ ဆိုသည်မှာ တံငါ ဆိုးမှု

သတ်ခိုး လုယက်၍ အသက်မွေးသောသူ, နှိပ်စက် လှန့်ချောက် ညစ်ကောက်စဉ်းလဲ၍ အသက်မွေးသောရှေ့နေမင်းပိုး စသည်ကို ဆိုသည်။ ။လူ သီလဝန္တ ဆိုသည်မှာ တရားသဖြင့် အသက်မွေးသော ကုန်သည်, လယ်လုပ်,မင်းမိုးစသည်ကို ဆိုသည်။ ။ သောတာပန်ဖြစ်ရန် ကျင့်ဆဲ ပုဂ္ဂိုလ် ဆိုသည်မှာ မဂ်,ဖိုလ်ကို လိုလား တောင့်တ၍ သရဏဂုံ ဆောက်တည်သူ။ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါး သီလ ဆောက်တည်သူ။ သာမဏေ, ရဟန်း,ဘာဝနာအားထုတ်သူ စသည်ကို ဆိုသည်။

ပုဂ္ဂလိကဒါနမှာ လဇ္ဇီ အလဇ္ဇီ၊ သုသီလ,ဒုဿီလ၊သမာဓိဂုဏ် ပညာဂုဏ်ရှိ မရှိစသည် အယုတ်, အမြတ်ရွေးချယ် ဝိစစ်၍ လှူရသည်။ သံဃိက ဒါနမှာ မရွေးချယ် မဝိစစ်ရ။ ။အရေးရာမှာ အယုတ် အလတ် အမြတ် မရွေးဟုရွတ်ဆို တတ်ကြ၏။ ပုဂ္ဂလိက အရာမှာ မရွတ်ဆိုရ။ သံဃိက အရာမှာသာရွတ်ဆိုရသည်။ ။ ဖလေ ပါဋိကင်္ခိတဗ္ဗာ ဟု ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ ဆိုသောကြောင့် ကုသိုလ်လို၍ ပေးမှ ဒါန-ဆိုရသည်။ ချစ်ပေး, ကြိုက်ပေး,ကြောက်ပေး-စသည်တို့ကိုကားဒါနမဆိုရ။ ။သံဃိက ဒါန ခုနစ်မျိုးရှိသည်၊ ခုနစ်မျိုးဆိုသည်မှာ-

၁။ ဘုရား အမှူးရှိသော သံဃာကုန်လှူသော သံဃိကဒါန တမျိုး။

၂။ ဘုရား မရှိသည့် နောက် သာသနာ တွင်းရှိ ဘိက္ခု ဘိက္ခုနီ သံဃာကုန် လှူသော သံဃိကဒါနတမျိုး။

၃။ သာသနာတွင်းရှိ ဘိက္ခု သံဃာကုန် လှူသော သံဃိက ဒါနတမျိုး။

၄။ သာသနာတွင်းရှိ ဘိက္ခုနီ သံဃာကုန်လှူသော သံဃိက ဒါနတမျိုးဟူ၍ အကုန်လေးမျိုး။

အကုန်မဘက်နိုင်သည့် အတွက် သာသနာတွင်းရှိ နှစ်ဘက် သံဃာကုန်၊ ဘိက္ခုဘက် သံဃာကုန်၊ ဘိက္ခုနီဘက် သံဃာကုန်

လှူဒါန်းသော စေတနာဖြင့် ယင်းဆိုပြီး သံဃာ အတွက် သံဃာ ကိုယ်စားအပါး, နှစ်ပါးသည် ဆွမ်းချ စေလွှတ်ကောင်းမှုပါ၊ ဤသို့ စသည့် သံဃာကုန် ပိုင်ဆိုင်အောင် လျှောက်ထားသူက လျှောက်ထားကတ်သောကြောင့်-

၁။ နှစ်ပါးအတွက် သံဃာ့ ကိုယ်စား ဆွမ်းချ စေလွှတ် အပ်သောပုဂ္ဂိုလ်၌ လှူအပ်သော သံဃိကဒါနတမျိုး။ ။ ဥဘတော ဥဒ္ဒိဿက ခေါ်သည်။

၂။ ဘိက္ခုအတွက် သံဃာ့ ကိုယ်စား ဆွမ်းချ စေလွှတ် အပ်သောပုဂ္ဂိုလ်၌လှူအပ်သော သံဃိကဒါနတမျိုး ဘိက္ခု ဥဒ္ဒိဿက ခေါ်သည်။

၃။ ဘိက္ခုနီအတွက်ဆွမ်းချ စေလွှတ်အပ်သော ပုဂ္ဂိုလ်၌ လှူအပ်သော သံဃိကဒါန တမျိုး။ ဘိက္ခုနီ ဥဒ္ဒိဿက ခေါ်သည်။ ။ဤသို့ဆွမ်းသုံးမျိုး။ ။ပေါင်း ခုနစ်မျိုးကို ဆိုသည်။

ဝိနည်း ကျမ်းဂန် တို့နှင့်အညီ ဆွမ်းချ စေလွှတ်အပ်သော ပုဂ္ဂိုလ်က သာမဏေငယ်ဖြစ်ခဲ့သော်လည်း စိတ်မပျက်ဘဲ သီလ, သမာဓိ,ပညာဂုဏ် ပြည့်စုံသော မထေရ်ကြီး ဖြစ်သော်လည်း ထူး၍ဝမ်းမမြောက်ဘဲ သံဃာကို ကြည်ညိုမြဲအတိုင်း စိတ်ကို နှိုင်းစေ၍ လှူနိုင်မှ သံဃိကဒါနမြောက်သည်။ ။သံဃဂတာယ ဒက္ခိဏာသံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ပေယာတိ။ ။ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ။ ။ပ၊အကယ်မလွဲသဖြင့်။ သံဃ ဂတာ ဒက္ခိဏာ၊ သံဃိကဒါနသည်။ သံဃေ၊ သံဃာ၌။ စိတ္တီကာရံ၊ အကြည်အညို အလေးအမြတ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ တတ်နိုင်သောသူအား။ ဟောတိ၊ ဖြစ်၏။ ။ အနက်။ ။

ဒါယကာတဦး ကုသိုလ် အသူး ဖြစ်လို၍ သာသနာတွင်းရှိ သံဃာကုန် ပိုင်ဆိုင်အောင် ပင့်လျှောက်၍ သံဃာတွက်နှင့်

သတ်ခိုး လုယက်၍ အသက်မွေးသောသူ, နှိပ်စက် လှန့်ချောက်ညစ်ကောက်စဉ်းလဲ၍ အသက်မွေးသော ရှေနေမင်းပိုး စသည်ကိုဆိုသည်။ ။လူ သီလဝန္တ ဆိုသည်မှာ တရားသဖြင့် အသက်မွေးသော ကုန်သည်, လယ်လုပ်,မင်းစိုးစသည်ကို ဆိုသည်။ ။သောတာပန်ဖြစ်ရန် ကျင့်ဆဲ ပုဂ္ဂိုလ် ဆိုသည်မှာ ငါး,ဗိုလ်ကိုလိုလား တောင့်တ၍ သရဏဂုံ ဆောက်တည်သူ။ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါး သီလ ဆောက်တည်သူ။ သာမဏေ, ရဟန်း,ဘာဝနာအားထုတ်သူ စသည်ကို ဆိုသည်။

ပုဂ္ဂလိကဒါနမှာ လဇ္ဇီ အလဇ္ဇီ၊ သုသီလ,ဒုဿီလ၊သမာဓိဂုဏ် ပညာဂုဏ်ရှိ မရှိစသည် အယုတ်, အမြတ်ရွေးချယ် စိစစ်၍ လှူရသည်။ သံဃိက ဒါနမှာ မရွေးချယ် မစိစစ်ရ။ ။အရာရာမှာ အယုတ် အလတ် အမြတ် မရွေးဟုရွတ်ဆို တတ်ကြ၏။ ပုဂ္ဂလိက အရာမှာ မရွတ်ဆိုရ။ သံဃိက အရာမှာသာရွတ်ဆိုရသည်။ ။ဖလေ ပါဋိကင်္ခိတွာ ပန ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာဆိုသောကြောင့် ကုသိုလ်လို၍ ပေးမှ ဒါန-ဆိုရသည်။ ချစ်ပေး, ကြိုက်ပေး,ကြောက်ပေး-စသည်တို့ကိုကားဒါနမဆိုရ။ ။သံဃိကဒါန ခုနစ်မျိုးရှိသည်၊ ခုနစ်မျိုးဆိုသည်မှာ-

၁။ ဘုရား အမှူးရှိသော သံဃာကုန်လှူသော သံဃိကဒါန တမျိုး။
၂။ ဘုရား မရှိသည့် နောက် သာသနာ တွင်းရှိ ဘိက္ခု ဘိက္ခုနီ သံဃာကုန် လှူသော သံဃိကဒါနတမျိုး။
၃။ သာသနာတွင်းရှိ ဘိက္ခု သံဃာကုန် လှူသော သံဃိက ဒါနတမျိုး။
၄။ သာသနာတွင်းရှိ ဘိက္ခုနီ သံဃာကုန်လှူသော သံဃိက ဒါနတမျိုးဟူ၍ အကုန်လေးမျိုး။

အကုန်မဘတ်နိုင်သည့် အတွက် သာသနာတွင်းရှိ နှစ်ဘက် သံဃာကုန်၊ ဘိက္ခုဘက် သံဃာကုန်၊ ဘိက္ခုနီဘက် သံဃာကုန်

နာမ်ခန္ဓာလေးပါးပင်၊ ယင်း နာမ်ခန္ဓာ လေးပါး၏ တည်ရာကား ရုပ်က္ခန္ဓာတည်း။ ။ဒါနပြီး၏။

## ၈၂-သီလကို ပြဆိုခြင်း

သီလ- ဆိုသည်မှာ မကောင်းသော ကိုယ်အမူအရာ, နှုတ်အမူအရာ မကောင်းသော ကာယကံ, ဝစီကံ တို့ကို မဖြစ်စေရအောင် ကိုယ်နှုတ်ကို ကောင်းစွာ ထားခြင်းကိုဆိုသည်။ ။ထားသောအခါ၌ ဖြစ်သော မဟာကုသိုလ် စေ ပင်တည်း။ ။အစစ်မှာ စေ၌ ပါသော ဝိရတီစေတနာပင်တည်း။ ။သီလနံ သမာဓာနံ သီလံ။ ။(ဝိဂြိုဟ်)။ ။သီလနံ သမာဓာနံ၊ ကိုယ်နှုတ်တို့ကို ကောင်းစွာထားခြင်း။ သီလံ၊ ကိုယ်နှုတ်တို့ကို ကောင်းစွာထားခြင်း။ ။အနက်။ ။တနည်း။ ။သီလတိ သမာဒဟာတိတိ သီလံ။ ။(ဝိဂြိုဟ်)။ သီလတိ သမာဒဟာတိ၊ ကိုယ်နှုတ်ကို ကောင်းစွာထားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သီလံ၊ သီလ မည်၏။ ။အနက်။ ။ယင်း သီလကို ပကတိ ပင်ကိုယ် သီလ, ဝိသေသသီလ, ဟူ၍ နှစ်မျိုးမှတ်ရမည်။ ။ပကတိ ပင်ကိုယ် သီလ ဆိုသည်မှာ လူဖြစ်သူတို့ ဘယ်သူမဆို အခါခပ်သိမ်း စွဲမြဲကျင့်သုံး ထိုက်သော သီလကို ဆိုသည်။ ။ဝိသေသ သီလ ဆိုသည်မှာ လူဝိသေသတို့၏ သီလကို ဆိုသည်။ ။ယင်းနှစ်ပါးတို့တွင် ပကတိ ပင်ကိုယ် သီလကို ထင်ရှားစေဦးအံ့။

ကန္တာဦးသားတို့ သည်ရင်း, အသက်ရှည်သော တမ်းသားတို့သည်ရင်း, တက်ကပ်ဦးသားတို့သည်ရင်း, သမ္မာကမ္မန္တ ဝိရတီသုံးပါး, သမ္မာဝါစာ ဝိရတီ လေးပါး, သမ္မာအာဇီဝ ဝိရတီ တပါး, ဤ၈ပါးသော အာဇီဝဋ္ဌမက သီလကို, ဆုံးမသူ မရှိဘဲ မခံယူဘဲ မိမိတို့အလျောက် ကျင့်သုံးစွဲမြဲ ကြကုန်၏။ မေတ္တာ-ကရုဏာ-မုဒိတာ-စသော ဘာဝနာတို့ဖြင့် အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိ- ဤမနောကံ သုံးပါးကိုလည်း ပယ်စွန့်ကြကုန်၏။ ။

ထိုအခါ လူ့ဘောင် လောကကြီး၌ သုစရိုက်ဆယ်ပါး စည်ကား ပြည့်ဝကုန်၏။

ထိုနောက်မှ ပရိယုဋ္ဌာန ကိလေသာ များကြ၍ ဆုတ်ကပ် ကာလသို့ ရောက်သောအခါ ဝီတိက္ကမ ကိလေသာ ပေါ်သည့် အတွက် သုစရိုက် ဆယ်ပါးထဲက လိုရင်း အချုပ် ဖြစ်သော ပစ္စုပ္ပန် တမလွန် ဘဝ နှစ်ပါးလုံး၌ အပြစ်များသော လေးပါး တို့ကိုသာယူ၍ သုရာပါနနှင့် တကွ ငါးပါးကိုသာ သိက္ခာပုဒ် ပြုလုပ် ခံယူဆောက်တည်၍ စောင့်ရှောက် ထိန်းသိမ်းကြ ကျင့် သုံးစွဲမြဲကြကုန်၏။ ။ကြွင်းသော အားသေးသော ဝစီဒုစရိုက် နှင့် တကွ မနောဒုစရိုက် သုံးပါးတို့ကိုလည်း မေတ္တာ, ကရုဏာ, မုဒိတာ–စသော ဘာဝနာဖြင့် ပယ်ရှားနိုင်ကြ ကုန်၏။ ထိုအခါ၌ လည်း လူ့ဘောင် လောကကြီး၌ သုစရိုက်ဆယ်ပါး စည်ကား ပြည့်ဝလေကုန်၏။ ။ပရိယုဋ္ဌာန ကိလေသာ ဆိုသည်မှာ ပြင်သို့ မထွက်ဘဲ စိတ်ထဲတွင် ဖြစ်၍နေသော ကိလေသာကို ဆိုသည်။ ဝီတိက္ကမ ကိလေသာ ဆိုသည်မှာ စိတ်ထဲတွင် မအောင့်နိုင်၍ ကိုယ်ဖြင့် နှုတ်ဖြင့် လွန်ကျူးမိအောင် ကြမ်းတမ်းစွာ ဖြစ်သော ကိလေသာကို ဆိုသည်။ ကိလေသာ ဆိုသော်လည်း လောဘ–ဒေါသ–စသော အကုသိုလ် တရားတွေပင်တည်း။

ထိုမှနောက်ကာလ ဝီတိက္ကမ ကိလေသာ အားကြီး ကြ၍ ငါးပါးသီလကိုလည်း မထိန်းသိမ်း မစောင့်ရှောက် နိုင်ကြကုန်။ မေတ္တာ, ကရုဏာ, မုဒိတာ, ဘာဝနာ–ကိုလည်း မပွါးများနိုင် ကြကုန်။ ။ထိုအခါ ဒုစရိုက် စည်ကား သုစရိုက်တရားခေါက် ခန်းလေ၏။ သုစရိုက်တရား ခေါက်ခန်းကလည်း အဇ္ဈတ္တ ဗဟိဒ္ဓ လူ့ဘောင် လောကကြီးလည်း ခေါက်ခန်းလေ၏။ ။ထိုစကား မှန်၏၊ လူတို့တရားမစောင့် တရားပျက်က ဥတုလည်းပျက်လေ ၏။ ဥတုပျက်လျှင် အာဟာရလည်း ပျက်လေ၏။ ယင်းဥတုပျက် အာဟာရ ပျက်ကို အစွဲပြု၍ လူတို့အား ရောဂါ အန္တရာယ် များခြင်း အသက် တိုခြင်းတို့သည် ဖြစ်လေကုန်၏။ ။အဇ္ဈတ္တ

ဣတ္ထာသယ (က) ၁၄၀-၂၉

ဗဟိဒ္ဓ၌ ဥတုဇရုပ် အာဟာရဇရုပ်တို့လည်း ယုတ်လျော့ခေါင်းပါး၍ ကြိုလှိ်ခြောက်ခန်း ညှိုးနွမ်းသေးနုပ် ကြလေကုန်၏။

လူတို့တရားမစောင့် ဆိုသော စကား၌ တရား မစောင့်ဆိုသည်မှာ လူတို့၏ လူ့တရားကို မစောင့်သည်ကို ဆိုသည်။ ။ လူတို့၏ လူ့တရားဆိုသည်မှာလည်း အတွင်းဝင် အာဇီဝဋ္ဌမက သီလ ပဉ္စသီလနှင့် တကွ သုစရိုက်တရား ဆယ်ပါးပင်တည်း။ ယင်း တရားစုကို လူဖြစ်သူ အခါခပ်သိမ်း စောင့်ထိန်းငှုံမြဲအပ်လေသောကြောင့် မနုဿဓမ္မ ခေါ်သည် ဟူ၍ ကျမ်းဂန် တို့၌ ဆိုသည်။ ။မနုဿာနံဓမ္မော မနုဿဓမ္မော။ ။(ဝိဂ္ဂြဟ်)။ ။ မနုဿာနံ၊ လူတို့၏။ ဓမ္မော၊ တရားတည်း။ မနုဿဓမ္မော၊ လူတို့၏ တရား။ ။အနက်။ ။လူတို့၌ လူ့တရား ပြည့်ဝ ဝိုရှမ်းသော အခါ အဇ္ဈတ္တ ဗဟိဒ္ဓ လူ့ဘောင် လောက ကြီးသည် အခါ ပွါးတိုး ပြည့်ဖြိုး ချေမ်း ဝိုရှမ်း စည်ကားလေ၏။ ။ဤသို့ဆိုခဲ့သည့်အတိုင်း အာဇီဝဋ္ဌမက, ပဉ္စသီလနှစ်ပါးတို့ကို လူဖြစ်သူတို့ ခါးပတ်ပုဆိုးကဲ့သို့ အခါခပ်သိမ်း စောင့်ထိန်းငှုံမြဲရမည့် သီလ ဖြစ်သောကြောင့် ပကတိပင်ကိုယ် သီလ ဟူ၍ ဆိုရသည်။ ။ ယင်းပကတိ ပင်ကိုယ်သီလမှာ မကျင့်ချင် မနေသာ မကျင့်က မှုဖြစ်ရှိ၏။ ။ဝိသေသသီလမှာ မကျင့်နိုင် နေသာ၏။အပြစ်မသင့်။ ဤကား ပကတိ ပင်ကိုယ် သီလတည်း။

## ၈၃—ဝိသေသ သီလကို ပြဆိုခြင်း

ဝိသေသသီလ ဆိုသည်မှာ လူဝိသေသတို့၏ သီလတည်း။ ယင်း ဝိသေသသီလကို ဒသ သီလ, ဥပေါသထ သီလ-ဟူ၍ နှစ်မျိုးမှတ်။ ။ထင်ရှား စေဦးအံ့။ ။ပကတိပင်ကိုယ် သီလ၌ အမြဲတည်ပြီးသော လူဝိသေသ တို့သည် ထို့ထက် တိုးတက်၍ ကျင့်လိုသောကြောင့် လူ့ အသွင်ကို ဖျက် လူ့ ဘောင်မှ ထွက်ပြီးလျှင် ဆယ်ပါးသီလကို ငှုံမြဲထိန်းသိမ်း၍ ဘာဝနာဖြင့် မွေ့လျော်ကြကုန်၏။ သာသနာပ အခါ ထိုသူတို့ကိုပင် ရသေ့,

ရဟန်း ဟူ၍ ခေါ်ဆိုကြရလေသည်။ ထို့ကြောင့် ဒသသီလကို ဝိသေသသီလ ဆိုရသည်။ ။ဥပေါသထသီလ၌ ဥပေါသထ ဆိုသည်မှာ လောဘ စသော အကုသိုလ် ကိလေသာ မဖြစ်စေရအောင် စိတ်ကို ဆုံးမ၍ တရက်ပတ်လုံး နှစ်ရက်ပတ်လုံးစသည့် အဓိဋ္ဌာန်ဆောက်တည်၍ စင်ကြယ်သော ကိုယ်, နှုတ်, စိတ်, တို့ဖြင့် စင်ကြယ်စွာ နေသည်ကိုရင်း, နေသောအခါ၌ ဖြစ်သော စေတနာကိုရင်း ဥပေါသထ ဆိုသည်မှတ်။ ။သုဒ္ဓံ ကာယံ ဥပသမ္ဗန္ဓဝသနံ, ဝသတိ ဝါ စေတာယာတိ ဥပေါသထော။ ။ (ဝိဂြိုဟ်)။ ။သုဒ္ဓံ၊ စင်ကြယ်သော။ ကာယံ၊ ရူပကာယ, နာမကာယကို။ဥပ သမ္ဗန္ဓ၊ဖြစ်စေ၍။ ဝါ၊ ပြည့်စုံစေ၍။ဝသနံ၊နေခြင်း။ ဥပေါသထော၊ စင်ကြယ်သောကိုယ်, နှုတ်, စိတ်, တို့ဖြင့် နေခြင်း။ ဝါ၊ တနည်းကား။ စေတာယ၊၏စေတနာဖြင့်။ ဝသတိ၊နေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥပေါသထော၊ ဥပေါသထမည်၏။ ။ အနက်။ ။ယင်းသို့ စင်ကြယ်သော ကိုယ်, နှုတ်, စိတ် တို့ဖြင့် အဓိဋ္ဌာန်ဆောက်တည်၍ နေသည်ကိုပင် မဂဓလူမျိုးတို့မှာ ဥပေါသထခေါ်သည်။ မြန်မာလူမျိုး တို့မှာ သိတင်းသုံးသည် ဥပုသ်သုံးသည်ဟူ၍ ခေါ်ဆို ကြသည်။ယခု ကာလ၌လည်း စင်ကြယ်စွာ နေသည်ဖြစ်စေ, မနေသည်ဖြစ်စေ, ရဟန်း, သာမဏေတို့နေကြသည့်ကို အထက်မှာ သိတင်းသုံးသည်၊ အောက်မှာ သိတင်းသုံးသည်၊ မြို့မှာ, ကျေးလက်မှာ, ရွာမှာ, တောမှာ, သိတင်းသုံးသည်ဟူ၍ ချီးမြှောက်၍ ခေါ်ရိုးအစဉ် ပြုကြသည်။ ။ကိုယ်, နှုတ်,စိတ်တို့ကို ဆုံးမ၍စင်ကြယ်စွာ နေသည်ကိုသိတင်းသုံးသည်, ဥပုသ် သုံးသည်ဟူ၍ ဥပေါသထ ဟူ၍ ဆိုသည်မှတ်လေ။

## ၁၄—သာမညဥပေါသထ အဇ္ဈတ်ဥပေါသထတို့ကိုပြ ခြင်း

ယင်းဥပေါသထသည် သာမည ဥပေါသထ အဇ္ဈတ် ဥပေါသထ ဟူ၍ နှစ်မျိုးရှိသည်။ ။ယင်း နှစ်မျိုးတို့တွင် ပကတိဋ္ဌက

နိပါတ်၌ လာသော ဘုရား အလောင်းတော် ရှင်ရသေ့ ခိုးပံ, မြေခွေး, မြွေ, စသည်တို့ ကဲ့သို့ ဒသသီလ အာဇီဝဋ္ဌမက, ပဉ္စ သီလ၌ တည်ပြီးသော သူတို့ သည်ရှင်း, သစ်ကျူတ် စသော သတ္တဝါတို့ကဲ့သို့ လုံးလုံး သီလမရှိသော သူတို့သည်ရှင်း, တရက် နှစ်ရက် စသည်အပိုင်းအခြားနှင့်၍ ဆိုပြီးသည် အတိုင်း နေကြ သုံးကြ သော ဥပုသ်ကို သာမည ဥပေါသထ သီလဟူ၍ မှတ်လေ။ ။ အဋ္ဌင် ဥပေါသထဆိုသည်မှာ ပကတိ သီလ၌ တည်ပြီးသော သူတို့သည်ရှင်း, သီလလုံးလုံးမရှိသော သူတို့သည်ရှင်း, အထူး တိုးတက်၍ ကျင့်လိုသောကြောင့် ရှစ်ပါးသော သိက္ခာပုဒ် တို့ကို အပိုင်းအခြား ခံယူဆောက်တည်၍ တရက်ပတ်လုံး နှစ်ရက် ပတ်လုံး စသည် အကုသိုလ် ကိလေသာ မဖြစ်ရအောင် စိတ်ကို ဆုံးမ၍ စင်ကြယ်သောကိုယ်, နှုတ်, စိတ်တို့ဖြင့် စင်ကြယ်စွာ နေသည်ကို သိက္ခာပုဒ် ဟူသော အင်္ဂါရှစ်ပါး ရှိသောကြောင့် အဋ္ဌင် ဥပေါသထဟူ၍ ဆိုလေသည်။ ။ယခုကာလ တကျော လောဘ အဘိဇ္ဈာဗျာပါဒတွေနှင့်အဋ္ဌင် ဥပုသ်ကိုစောင့်ရောက်ကြသည်မှာ ဥပေါသထသဘောကို ထောက်စာလျှင် ဥပုသ်စောင့်ရာမရောက်။ ဥပုသ်သုံးရာ မရောက်။ သို့သော်လည်း ဂေါပါလဥပုသ် ဆိုရပါ သေး၏။မစောင့်ဘဲနေသောထက်အပုံကြီးကောင်းပါသေး၏။အာ ဇီဝဋ္ဌမက သီလ,ငါးပါးသီလတို့ထက် အပုံကြီးမြတ်ပါသေး၏။ ဤဥပေါသထသီလနှစ်ပါးတို့ကိုလည်းအထူးတိုးတက်၍အားထုတ် လိုသော လူဝိသေသတို့၏ သီလ ဖြစ်သောကြောင့်ဝိသေသ သီလ ဆိုရသည်။ ။ဤဆိုအပ်ပြီးသည်ကား ဝိသေသသီလနှစ်ပါးတည်း။

များသောအားဖြင့် အရိုးအလာ ကျင့်ကြသော ဓမ္မတာကို သာ မှတ်သားလွယ်အောင် ကျမ်းဂန်ကို ထောက်စာ၍ သီလကို လေးမျိုးဆို လိုက်သည်။ အသွင်, ဌာန, ကာလ စသည်တို့ဖြင့် သတ်မှတ်၍ ကျမ်းဂန် တို့၌ မဆိုသောကြောင့် ဘယ်အသွင်နှင့် ဖြစ်စေဘယ်လို နေရာမှာ ဖြစ်စေ ဘယ်လိုနေ့ဖြစ်စေ ဘယ်မျှ လောက် ကာလပတ်လုံး ဖြစ်စေ လေးမျိုး တို့တွင် အလိုရှိရာ

သီလကို အထိုး, အမ မဆို စောင့်ရှောက် ကောင်းပါ၏။ မစောင့်ရှောက်ကောင်းဟူ၍ဆိုခွင့်မရ။ လုံခြုံစွာ စောင့်ရှောက်နိုင်ခြင်းသာ လိုရင်းဖြစ်သည်။ သီလစောင့်ရှောက်ရာမှာ မိမိဘာသာအဓိဋ္ဌာန်ဆောက်တည်၍ စောင့်သော်လည်း လုံခြုံစွာ စောင့်ရှောက်နိုင်လျှင် သီလ,ရကောင်း၏။ သို့သော်လည်း သစ်ကျုတ်၏ သီလကဲ့သို့ မခိုင်မခံ့ ပျက်လွယ်တတ်သည်။

မြစ်ကမ်းခြေ ကျွန်းငယ် တခု၌ နေသော သစ်ကျုတ်သည် ညအခါ မြစ်ရေတိုးသဖြင့် ကျွန်းကို ရေဝိုင်း၍ အစာရှာ မသွားနိုင် လတ်သော် ယနေ့ ငါသည် အစာငတ်တော့မည်၊ အချည်းနှီး မရှိစေနှင့်တော့ဟု အဓိဋ္ဌာန်၍ ဥပုသ် စောင့်ပြီးလျှင် ဝပ်ကျင်းမှာ တည်ကြည်စွာ ဝပ်လေ၏။ နတ်က သိ၍ စမ်းလိုသောကြောင့် ဆိတ်ယောင် ဆောင်၍ အသံ ပေးသော် မော်ကြည့်၍ ဆိတ်ကိုမြင်လေလျှင် ယနေ့ဥပုသ်ရှိစေဦးတော့ နောက်မှ စောင့်တော့မည်ဟု ဆိတ်ကို လိုက်ဘမ်း အတန်ပန်း၍ ဆိတ်ကွယ်ပျောက်သော် ပြန်လာ၍ ငါ၏ ဥပုသ်သည် မကျိုးသေးဟု ဥပုသ် စောင့်မြဲတိုင်း စောင့်ပြန်လေ၏။ ထိုကြောင့် အလေးပြုလောက်သော ရဟန်းထံ, ရှင်ထံ, လူထံ, နှုတ်မြွက်၍ ခံယူဆောက်တည်ရသည်။ဘုရားပွင့်တော်မူသော အခါ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝပါရိသုဒ္ဓိ သီလ,ပစ္စယသန္နိဿိတ သီလ-ဟူ၍ သီလကြီးလေးပါး ပေါ်ထွန်း၍လာပြန်၏။

သီလ ပြီး၏။

## ၇၅—ဘာဝနာ စသည်ကို ပြဆိုခြင်း

ဘာဝနာ ဆိုသည်မှာ သမထဘာဝနာ, ဝိပဿနာဘာဝနာဟူ၍နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးတို့တွင် **သမထ ဘာဝနာ**, ဆိုသည်ကား ကမ္မဋ္ဌာန်း လေးပါးတို့တွင် တပါးပါးကို မှတ်၍ ရှုဆင်ခြင်သော အခါ တပါးပါး စွဲမြဲ၍ တည်သော အဋ္ဌက

ကမ္မဋ္ဌာန်းဖြစ်အံ့ အရိုးစု, အရိုးပုပ်ဟု ရှုသင်ခြင်းသောအခါ အရိုးစု အာရုံ၌ ငြိမြဲတည်သော သမာဓိ အမှုရှိသော မဟာကုသိုလ် စေတကို သမထ ဆိုသည်။ ယင်း သမထကို အဖန်ဖန်ဖြစ်ပွါး စေသည်ကို သမထဘာဝနာ ဆိုသည်မှတ်။

ဝိပဿနာ ဘာဝနာ ဆိုသည်ကား အထူး မြင်တတ်သော ပညာ အမှုရှိသော မဟာ ကုသိုလ်စေတကို ဆိုသည်။ ဝိသေသေန ပဿတီတိ ဝိပဿနာ။ ။ဝိ=သေသေန၊ အထူးသဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိပဿနာ၊ ဝိပဿနာ မည်၏။ ။အထူး မြင်ဆိုသည်မှာ ပညတ် အမြေးကို ဥပါလွှန်၍ ရုပ်, နာမ်ကိုမြင်၊ ရုပ်,နာမ်တို့၏ အနိစ္စလက္ခဏာ,ဒုက္ခ လက္ခဏာ, အနတ္တလက္ခဏာကို မြင်သည်ကို ဆိုသည်။ ။ယင်း ဝိပဿနာကို အဖန်ဖန် ဖြစ်ပွါးစေသည်ကို ဝိပဿနာ ဘာဝနာ ဆိုသည်။ ။ရွတ်ဖို, အံဖိုမျှကို ဘာဝနာ,မဆို၊ သွင်းသော်ကား ဘာဝနာသို့ ဝင်သင့်၏။ ။သီလကား ကာယကံမြောက်,ဝစီကံ မြောက်အောင် လွန်ကျူး တတ်သော ဝီတိက္ကမ ကိလေသာ ကြမ်းကို ပယ်တတ်သော သဘော။ ။သမထကား ကာယကံ, ဝစီကံကို မဖြစ်စေဘဲ ဝမ်းထဲတွင်သာ ပေါ်သော ပရိယုဋ္ဌာန ကိလေသာကို ပယ်တတ်သော သဘော၊ ။ဝိပဿနာကား ကိလေသာတို့၏ အမြစ် အနုသယ ကိလေသာကို ပယ်တတ်သော သဘော။

**အပစာယန**- ဆိုသည်မှာ ရိုသေထိုက်သော အရာတို့၌ အရို အသေ ပြုခြင်းအမှု။ ။**ဝေယျာဝစ္စ**-ဆိုသည်မှာ ကောင်းသော အရာ၌ သူတပါးတို့၏ အမှုကြီး, ငယ်ကို ရွက်ဆောင်ခြင်း အမှု။ **ပတ္တိဒါန**-ဆိုသည်မှာ မိမိပြုသော ကုသိုလ်အတိုက်ကို သူတပါးအား အမှုပေးဝေခြင်းအမှု။ ။**ပတ္တာနုမောဒနာ**-ဆိုသည်မှာ သူတပါး ပြုသော ကုသိုလ်ကို သာဓုခေါ်၍ ဝမ်းမြောက်ခြင်း အမှု။ ။ **ဓမ္မဿဝန**-ဆိုသည်မှာ တရားနာခြင်း အမှု။ ။**ဓမ္မဒေသနာ**-

ဆိုသည်မှာ တရားဟောခြင်း အမှု။ ။**ဒိဋ္ဌုဇု ကမ္မ**—ဆိုသည်မှာ အယူ၏ ဖြောင့်စင်းခြင်း အမှု။ ။ဤကား ပုညကြိယဝတ္ထု ဆယ်ပါးတည်း။

အပ, ဝေယျာဝစ္စနှစ်ပါးကိုသီလ၌သွင်း ပတ္တိ, ပတ္တာ နှစ်ပါးကို ဒါန၌သွင်း နောက်သုံးပါးကို ဘာဝနာ၌သွင်း၊ အကျဉ်းအားဖြင့် ဒါန, သီလ,ဘာဝနာဟူ၍ ပုညကြိယဝတ္ထု သုံးပါးသာမှတ်လေ။ ပုညကြိယ ဝတ္ထု ဆယ်ပါး သုံးပါး ဆိုသော်လည်း မဟာကုသိုလ်ဇော နာမ်,ခန္ဓာ လေးပါးပင်မှတ်။နာမ်ခန္ဓာ လေးပါး၏ တည်ရာ အဇ္ဈိမ်ခြောက်ခုနှင့် တကွ ရုပ်စု ရုပ်စိုင် ရုပ်ခဲ ကြီးကား ရူပက္ခန္ဓာ သတ္တဝါ အကောင်သည် ကုသိုလ်ကို ပြုသည်ဟု ပြောရုံ ဆိုရုံသာ သတ္တဝါအကောင် မရှိ၊ ခန္ဓာငါးပါးတို့၏ အစု အဝေး မျှသာ မှတ်လေ။ ။သတ္တဝါ အကောင် မဟုတ်သော်လည်း သတ္တဝါ အကောင်ဟူ၍ ပညတ်အားဖြင့် ခေါ် ဝေါ်ရုံသာ ခေါ် ဝေါ် ရသော ခန္ဓာငါးပါး အစု အဝေးထဲ၌ ဇော၌ သင်္ခါရက္ခန္ဓာ ကိုနောင် သုဂတိ, ဒုဂ္ဂတိတို့၌ ခန္ဓာပင်ကို ပေါက်ရောက်စေ တတ်သောကြောင့် မျိုးစေ့နှင့် တူသည်ဟူ၍ မှတ်လေ။

"ခန္ဓာလေးချက်၊ ပင်ကိုင်းခက်၊ သင်္ခါရက်မှာ၊ မျိုးပမာ"။

ပုညကြိယ ဝတ္ထု ပြီး၏။

---

## ၈၆-အကျိုးပေး ကာလကို ပြဆိုခြင်း

အကျိုးပေးပုံ အခြင်း အရာကို အစွဲပြု၍ ကံတို့ ကွဲပြားပုံကို ပြဆိုဦးအံ့။ ။စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ။ စေတယိတွာ ကမ္မံကရောတိ၊ ကာယေန ဝါစာယ မနသာ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ယာယ၊ အကြင်စေတနာဖြင့်။ စေတယိတွာ၊ စေ့ဆော်၍။ ကာယေန၊ ကိုယ်ဖြင့်။ ဝါစာယ၊ နှုတ်ဖြင့်။ မနသာ၊ စိတ်ဖြင့်။ ကမ္မံ၊ ကောင်းသော အမှု, မကောင်း သောအမှု ဟူသော ထိုထိုကိစ္စကို။ ကရောတိ၊ ပြု၏။ ဝါ၊ ပြီးစေ၏။

တံစော၊ ထိုထိုကိစ္စကို ပြီးစေတတ်သော စေတနာကို။ ကမ္မ၊ ကံ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ။အနက်။ ။ဤပါဠိတော်နှင့်အညီ ထိုထိုကိစ္စကို ပြီးစေတတ်သော ဇော ခုနစ်ကြိမ်၌ပါသော စေတနာ ခုနစ်တန်ကို ကံ ဆိုသည်မှတ်။

ယင်း ကံသည်—

၁။ ဒိဋ္ဌဓမ္မ ဝေဒနီယကံ,
၂။ ဥပပဇ္ဇ ဝေဒနီယကံ,
၃။ အပရာပရိယဝေဒနီယကံ,
၄။ အဟောသိကံ, ဟူ၍ လေးပါးရှိသည်။

ယင်း လေးမျိုးတို့တွင် ဇောစေတနာ ခုနစ်တန်အနက် ပထမ ဇောစေတနာကို ပစ္စက္ခမျက်မှောက်ဘဝ၌ အကျိုးကိုဖြစ်စေတတ်သောကြောင့် **ဒိဋ္ဌဓမ္မဝေဒနီယကံ** ဆိုသည်မှတ်။ ။ဒိဋ္ဌဓမ္မဝေဒနီယံ ယဿာတိ ဒိဋ္ဌဓမ္မဝေဒနီယံ။ ။(ဝိဂြိုဟ်)။ ယဿ၊ အကြင်ကံအား။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်ပစ္စက္ခ ဘဝ၌။ ဝေဒနီယံ၊ ခံစားအပ်သောအကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ ။အနက်။ ။ ပုဏ္ဏ မည်သော လယ်ထွန် သမား မုက်သစ်ရေဒန်ပူကို မယားက လင့်ဘို့ ဆောင်ယူ ခဲ့သော ထမင်းကို အရှင်သာရိ ပုတ္တရာအား လှူကြသည့်အတွက် လယ်တကျင်းလုံး၌ ထွန်ချေးတုံး,ထွန်ချေးခဲ, ထွန်ချေးစာ မြေတို့သည် အရောင်ရဲရဲ ရွှေတုံး, ရွှေခဲတွေ ဖြစ်၍ သူဌေးစည်းစိမ်ကို ခံစားရခြင်း။ ဤသို့စသည် ကောင်းမှုကို ပြု၍ ပစ္စက္ခ၌ ချမ်းသာ ကြွရ ဆိုသမျှ ရတနာ သုံးပါး ဂုဏ်ကို အောက်မေ့၍ ပရိတ်တရားကို နာ၍ မိဘကို ကြီးသော သူကို ရိုသေ၍ လူနာကို ပြုစု၍ ဘုရားအို, ဘုရားပျက်, ကျောင်းအို, ကျောင်းဟောင်း, စရပ်, တန်ဆောင်းကို ပြုပြင်၍ ပစ္စက္ခတွင် ရောဂါ အန္တရာယ် ကင်းသည် အသက် ရှည်သည် ဆိုသမျှ ပထမဇော စေတနာ၏ သတ္တိမှတ်လေ။

ကုသိုလ် အရာ၌ သာဝတ္ထိပြည်သား အမဲသား မပါဘဲ ထမင်း မစားသော ဗြာဟ္မဏ ယောက်ျား မယားက အမဲသား မပါဘဲ ထမင်းပွဲတည်လာသည်ကို အမဲသား မပါလျှင် ငါထမင်း မစား သည်ကို နင်မသိလား ဆို၍ ခေါ်ကို ယူပြီးလျှင် အရှင် လတ်လတ် ဗြာဟ္မဏလျှာကို ဖြတ်၍ ချက်စား လေလျှင် အမဲတုံးထိ သည်နှင့် တပြိုင်နက် ထမင်းခွက်သို့ လျှာပြတ်၍ ကျသဖြင့် ခုနစ်ရက် ပတ်လုံး ဗြာဟ္မဏကဲ့သို့ အော်၍ သေဆုံးပြီးနောက် အဝီစိသို့ ရောက် လေသည်။ ။ဓမ္မပဒ လာ ဤ ဝတ္ထု၌ ဗြာဟ္မဏ ယောက်ျား ခုနစ်ရက်ပတ်လုံး ဒုက္ခကြီးစွာ လျှာပြတ် သေဆုံး ခြင်းသည် ပထမဇောစေတနာ၏ သတ္တိမှတ်လေ။ ။အဝီစိသို့ ရောက်သည်မှာ အဆုံးဇော စေတနာ၏ သတ္တိမှတ်လေ။ ။ဤနည်း အတူခန္တီဝါဒီရှင်ရသေ့ကိုပြစ်မှား၍ မြေမျိုခံရသော ကလာဗုမင်း ဘုရားကို စွပ်စွဲပြစ်မှားသည့်အတွက် ဒဏ်သင့်၍ လတ်တလော သေဆုံးရသော သုန္ဒရီမိန်းမ၊မြေမျိုခံရသောစိဉ္စမာန၊သောတာပန် အရိယာ သာမာဝတီ မိဖုရားကို ပြစ်မှားသည့်အတွက်ဒဏ်သင့်၍ သေဆုံးရသော မာဂဏ္ဍီ မိဖုရားတို့ ဝတ္ထုကိုလည်း သိလေ။ ။ မကောင်းမှုကို ပြု၍ ငရဲကျွတ်ဝင် ဘေးသင့်သည်, ဒဏ်သင့်သည်, ဆင်းရဲ ဒုက္ခရောက်သည်, အသက်စည်းစိမ် ဆုတ်ယုတ် ပျက်စီး ရသည် ဆိုသမျှ ပထမဇောစေတနာ၏ သတ္တိမှတ်လေ။

မာတာ ပိတူသုပိ စေတိယဗောဓိသုပိ ပဗ္ဗဇိတေသုပိ အပ ရဇ္ဈိတွာ မယှံ ခမထာတိ အစ္စယံ ဒေသေတိ၊ တဿ သဟ ခမ နေန တံကမ္မံ ပါကတိကမေဝ ဟောတိ။ ။အငုတ္တိုရ် အဋ္ဌ ကထာ။ ။မာတာပိတူသုပိ၊ မိခင်-ဘခင်တို့၌ရင်း။ စေတိယ ဗောဓိသုပိ၊စေတီ-ဗောဓိတို့၌ရင်း။ပဗ္ဗဇိတေသုပိ၊ရဟန်းတို့၌ရင်း။ အပရဇ္ဈိတွာ၊ ပြစ်မှား မိ၍။ မယှံ၊ အကျွန်ုပ်အား။ ခမထ၊ သည်းခံတော်မူပါ။ ဣတိ၊ ဤသို့ဆို၍။ အစ္စယံ၊ မှားမိသော အံပြစ်ကို။ ဒေသေတိ၊ ပြောကြားအံ့။ ခမနေန, ခမာပနေန၊ ပြောကြား၍ သည်းခံစေခြင်းနှင့်။ဝါ၊တောင်းပန်သည်, ကန်တော့

သည့်နှင့်။ သဟ၊ တပြိုင်နက်။ တသ၊ ထိုပုဂ္ဂိုလ်၏။ တံ ကမ္မံ၊ ထိုဖြစ်မှားမိသော ကံသည်။ပါကတိကမေဝ၊ ပ,ပျောက်၍ ပကတိ ဖြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။အနက်။ ။မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ, ရင်းဋီကာ, ပါရာဇိကဏ်အဋ္ဌကထာ, သာရတ္ထ ဋီကာတို့၌လည်း ပယောဂ သမ္ပတ္တိသည် ဖြစ်အပ် သောကြောင့် သည်းမခံ သော်လည်း ပ,ပျောက် သည်ဟု ဆို၏။ ။ဤအဋ္ဌ ကထာ ဋီကာတို့၌ မဖြစ်မှား ထိုက်သော သူတို့ကို ဖြစ်မှား မိ၍ ကန့်တော့လျှင် မကောင်းမှု ပပျောက်သည် ဆိုသော စကားကို ပဌမဇော စေတနာ ကိုသာရည်၍ ဆိုသည်မှတ်လေ။ အဆုံးဇော, အလယ်ဇော စေတနာ တို့ကား မပ,ပျောက်။

ဥပပဇ္ဇဝေဒနီယကံ ဆိုသည်မှာ ဒုတိယ ဘဝ၌ အကျိုးကို ဖြစ်စေတတ်သောအဆုံးဇော စေတနာကိုဆိုသည်။ ။ဥပပဇ္ဇေ ဝေဒနီယံ ယဿာတိ ဥပပဇ္ဇဝေဒနီယံ။ ။(ဝိဂ္ဂြိုဟ်)။ ။ယဿ၊ အကြင် ကံအား။ ဥပပဇ္ဇေ၊ ဒုတိယဘဝ၌။ ဝေဒနီယံ၊ ခံစား အပ်သော အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယကံမည်၏။ ။အနက်။ ။ကုသိုလ် အရာ၌ လာဓာနတ်သမီး, ဖါးနတ်သား, မဋ္ဌကုဏ္ဍလီ သတို့သား စသည်တို့ကဲ့သို့ အကုသိုလ်အရာ၌ အဇာတသတ်မင်း, ဝိဋူဋဘ မင်းသား, ရွှဲသမားလင်မယားတို့ကဲ့သို့ ဒုတိယဘဝ၌ကောင်းကျိုး မကောင်းကျိုးကို ခံစားရသည်ဆိုသမျှ အဆုံး ဇောစေတနာ၏ သတ္တိမှတ်လေ။ ။ဥပပဇ္ဇပုဒ်ကို တွာပစ္စယန္တပုဒ်ဟူ၍ရင်း,နိပါတ် ပုဒ်ဟူ၍ရင်း ဆိုသော်လည်း သင့်ရာ၏။

အပရာပရိယကံ-ဆိုသည်မှာ ပစ္စက္ခ ဘဝ ဒုတိယ ဘဝမှ တပါးနိဗ္ဗာန်ရသည်ဘဝတိုင်အောင် အဆက်ဆက်သော ဘဝ တို့၌ အခွင့်သာတိုင်း အကျိုးကို ဖြစ်စေတတ်သော အလယ် ဇော စေတနာငါးတန့်ကို ဆိုသည်မှတ်။ ။အပရေ အပရေ ဝေ ဒနီယံ ယဿာတိ အပရာပရိယဝေဒနီယံ။ ။(ဝိဂ္ဂြိုဟ်)။ ။ယဿ၊ အကြင်ကံအား။ အပရေ အပရေ၊ အဆက်ဆက်သော ဘဝ၌။

ဝေဒနီယံ၊ ခံစားအပ်သော အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အပရာပရိယဝေဒနီယံ၊ အပရာပရိယဝေဒ နီယကံ မည်၏။ ။အနက်။ ။တုသိတာသို့ ရောက်သော မလ္လိကာမိဖုယား, နာရဒဇာတ်၌ ကဿပဘုရား၏ စေတီတော် ဝယ် ပန်းတင် လှူဘူးသော အလာတအမတ်, ရဟန်းတို့ကို ဝစီကံဖြင့် ပြစ်မှားဘူးသော ဗိဇက ကျွန်တို့ကဲ့သို့ တတိယဘဝ မှစ၍ အခွင့်သာရာ၌ အကျိုးခံစားရ ဆိုသမျှ အလယ်ဇော စေတနာငါးတန်၏ သတ္တိမှတ်လေ။

**အဟောသိကံ**- ဆိုသည်မှာ ပထမဇော စေတနာ, အဆုံး ဇောစေတနာတို့သည် မိမိတို့၏ ကာလ၌ အခွင့်မရ၍ အကျိုး မပေးရသည်ရှိသော် တပါး ကာလ၌လည်း အကျိုး မပေး တော့ပြီ၊ အဟောသိကံ ဖြစ်လေ၏။ ။အလယ်ဇော စေတနာ ငါးတန်တို့မှာ နိဗ္ဗာန်သို့ မရောက်သမျှ အဟောသိကံ မဖြစ် နိုင်။ ထို့ကြောင့် သံသရာ၌ အပရာပရိယကံနှင့် ကင်းသော သတ္တဝါမည်သည် မရှိ။ ။"တေန မုတ္တော သတ္တောနာမ နတ္ထိ" ထိုထိုအဋ္ဌကထာ။ ။တေန၊ ထိုအပရာပရိယကံမှ။ မုတ္တော၊ လွတ်သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ။ အနက်။ ။တဦးတဦးသော သတ္တဝါ၌ အပရာပရိယကံ အဘယ် မျှလောက် များပါမည်နည်း ဆိုသော် လှည်း အစီး ကုဋေ အသိန်းတိုက် သဲ၌ သဲလုံးပမာဏမက များသည်မှတ်လေ။ ။ ဤ ဆိုအပ် ပြီးသည်ကား အကျိုးပေးရာ ကာလကို အစွဲပြု၍ လေးပါးကွဲပြားပုံတည်း။

## ၇၅—သတ္တိကိစ္စအားဖြင့် လေးပါးပြားပုံကို ပြဆိုခြင်း

တနည်းလည်း—

၁။ ဇနက ကံ,

၂။ ဥပတ္ထမ္ဘက ကံ,

၃။ ဥပပီဠကကံ၊

၄။ ဥပဃာတကကံဟူ၍ လေးမျိုး။

ယင်း လေးမျိုးတို့တွင် ဇနကကံ ဆိုသည်မှာ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေတတ်သော ပထမစော အဆုံးစော အလယ်စော စေတနာသုံးရပ်ကိုပင် ဆိုသည်။ ။ထိုစကားမှန်၏။ မိမိတို့ကာလ၌ ပဝတ္တိအကျိုးကိုရင်း၊ ပဋိသန္ဓေ၊ ပဝတ္တိ-အကျိုး နှစ်ပါးလုံးကိုရင်း၊ ဖြစ်စေတတ်သောစေတနာသုံးရပ်ကိုပင်ဖြစ်စေခြင်း ကိစ္စကို အစွဲပြု၍ ဇနကကံ ဆိုရသည်။ ။ဇနေတီတိဇနကံ (ဝိဂြိုဟ်)။ ။ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇနကံ၊ ဇနကမည်၏။ ။အနက်။ ။အကျိုးကို ဖြစ်စေ တတ်၏ ဆိုသည်မှာလည်း ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကိုဖြစ်ပေါ်စေသည်ကိုဆိုသည်။ မျိုးစေ့သည်အပင်ကို ဖြစ်ပေါ်စေသကဲ့သို့ မှတ်လေ။

ဥပတ္ထမ္ဘကကံ-ဆိုသည်မှာ ထောက်ပံ့ တတ်သော စေတနာ သုံးရပ်ကိုပင် ဆိုသည်။ ။ထိုစကားမှန်၏။ မိမိတို့ ကာလ၌ ကံ တပါးကို အားသန်လေအောင် တပါးကံ၏ အကျိုးကို ခိုင်ခံ့ တိုးပွါး စည်ကား တာရှည်လေအောင် ထောက်ပံ့ တတ်သော စေတနာသုံးရပ်ကိုပင် ထောက်ပံ့ခြင်း ကိစ္စကို အစွဲပြု၍ ဥပတ္ထမ္ဘကကံ ဆိုရလေသည်။ ။ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ။ ။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့ တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပတ္ထမ္ဘကံ၊ ဥပတ္ထမ္ဘကကံမည်၏။ ။အနက်။ ။ရေလောင်းခြင်း ပေါင်းသင်ခြင်း စသည်ကို ပြုသော ယောကျာ်း၊ အိမ်အိုကို ထောက်သော ကျားနှင့် အလားတူ၏။ ။ကုသိုလ်ကို ကုသိုလ် ချင်း အကုသိုလ်ကို အကုသိုလ်ချင်း ထောက်ပံ့ရာ၌ သိသာ ထင်ရှား၏။ ။ခွေး၊ ဝက်၊ ကြွက်၊ ငှက်၊ နွား၊ ကျွဲ၊ ဆင်၊ မြင်းစသော တိရစ္ဆာန်တို့မှာအကုသိုလ်ဇနကကံကြောင့်တိရစ္ဆာန်ဖြစ်ရသည် ယင်းဇနကကံ၏ အကျိုးကို ကုသိုလ် ဥပတ္ထမ္ဘကကံ ထောက်ပံ့ သောကြောင့် အသက်ရှည်သည် မှတ်လေ။

**ဥပပီဠကကံ**-ဆိုသည်မှာ ကပ်၍နှိပ်စက်တတ်သောစေတနာ သုံးရပ်ကိုပင် ဆိုသည်။ ။ထိုစကားမှန်၏။ မိမိတို့ ကာလ၌ ကံ တပါးကို အားမသန်လေအောင် တပါးကံ၏ အကျိုးကို မပွါး မတိုးညှိုးမှိန် အားသေး လေအောင် မခိုင် မခံ့ မစည်ကား နှိပ်စက်လေအောင် ကပ်၍နှိပ်စက်တတ်သော စေတနာ သုံးရပ် ကိုပင် နှိပ်စက်ခြင်း ကိစ္စကိုအစွဲပြု၍ ဥပပီဠကကံ ဆိုရသည်။ ။ ဥပပီဠေတီတိ ဥပပီဠကံ။ ။(ဝိဂြိုဟ်)။ ။ဥပပီဠေတိ၊ ကပ်၍ နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ဥပပီဠကံ၊ဥပပီဠကကံ မည်၏။ ။အနက်။ ။ကုသိုလ်ကံကြောင့် လူ၏ အဖြစ်ကို ရပါ သော်လည်း ပဋိသန္ဓေအခါကအမျိုးယုတ်ခြင်း,အင်္ဂါကြီး, ငယ်မစုံ ချို့တဲ့ခြင်း, ရောဂါ များခြင်း စသော မကောင်းကျိုး ပါလာ သောသူ, ကံကုန်၍ အသက် တိုသော သူတို့မှာ မူလဇနက ကုသိုလ်ကံကို အကုသိုလ် ဥပပီဠကကံ နှိပ်စက်သည့် အတွက် မှတ်လေ။ ။ပဝတ္တိအခါသို့ ရောက်မှ အင်္ဂါကြီးငယ် စည်းစိမ် ဥစ္စာ ပျက်စီး ဆုတ်ယုတ်ရခြင်း, ငြိုငြင် ဆင်းရဲ မသေနိုင်ဘဲ ရောဂါအနှိုးရယ်များခြင်းစသည်တို့မှာမူလဇနကကံ၏အကျိုးကို အကုသိုလ် ဥပပီဠကကံ နှိပ်စက်သည့်အတွက် မှတ်လေ။

**ဥပစ္ဆေဒကကံ**-ဆိုသည်မှာ တပါးကံ၏ အကျိုးကို တွန်းလှဲ သတ်ဖြတ်သော စေတနာ သုံးရပ်ကိုပင် ဆိုသည်။ ထိုစကား မှန်၏။ မိမိတို့ ကာလ၌ တပါး၏ အကျိုးကို တွန်းလှဲ သတ်ဖြတ် တတ်သော စေတနာသုံးရပ်ကိုပင် တွန်းလှဲ သတ်ဖြတ်ခြင်းကိစ္စကို အစွဲပြု၍ ဥပစ္ဆေဒကကံ ဆိုရလေသည်။ ။ဥပဂန္တွာ ဆိန္ဒ တီတိ ဥပစ္ဆေဒကံ။ ။(ဝိဂြိုဟ်)။ ။ဥပဂန္တွာ၊ ကပ်၍။ ဆိန္ဒတိ၊ ဖြတ်တတ်၏။ဣတိတသ္မာ၊ ထိုကြောင့်။ ဥပစ္ဆေဒကံ၊ ဥပစ္ဆေဒက ကံမည်၏။ ။အနက်။ ။ကံမကုန် အသက်မကုန်ဘဲ သေချိန် မရောက်ဘဲ မသေသင့်ဘဲ သေရသမျှဥပစ္ဆေဒက သတ္တိမှတ်။ ။ ဤဆိုအပ်ပြီးသည်ကား သတ္တိ ကိစ္စကို အစွဲပြု၍ လေးပါးကွဲပြား ပုံတည်း။

## ၈၈–ကံ၌ အထူးမှတ်ရန်ကို ပြဆိုခြင်း

ကံ၌ အထူးမှတ်ရန်ကို ပြဆိုဦးအံ့။ ။သုတ္တန် နည်းအားဖြင့် တဆဲ့တပါး, အဘိဓမ္မာ နည်းအားဖြင့် တဆဲ့ခြောက်ပါး,ပဋိသန္ဓိ ဒါမက် ပါဠိတော်နည်းအားဖြင့် တဆဲ့နှစ်ပါး၊ကံတွေဘယ်လောက် ပင် များသော်လည်း ပထမဇော, အဆုံးဇော, အလယ်ဇော, ဤစေတနာသုံးရပ်ပင်ဟူ၍ အဂုတ္တိုရ်အဋ္ဌကထာ၌ ဆိုသည်။ ။ယင်း စေတနာ သုံးရပ်တို့တွင် ပထမဇော စေတနာမှာ ပဝတ္တိ အကျိုးကိုသာ ဖြစ်စေနိုင်သည်။အဆုံးဇော,အလယ်ဇောစေတနာ တို့မှာ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး နှစ်ပါးလုံးကို ဖြစ်စေ နိုင်သည်။ ပဋိသန္ဓေအကျိုးကို ဖြစ်စေရာမှာ စေတနာတခုသည် တကြိမ်သာ ဖြစ်စေနိုင်သည်၊ ပဝတ္တိ အကျိုးကိုကား များစွာ ဖြစ်စေနိုင်သည် ဟူ၍ မှတ်လေ။

ဇနကသတ္တိရှိသော စေတနာသည် ထိုက်သည်အားလျော်စွာ ဇနကကိစ္စ, ဥပတ္ထမ္ဘကကိစ္စ, ဥပပီဠကကိစ္စ, ဥပဃာတက ကိစ္စ ဟူသော လေးပါးသောကိစ္စကို ပြီးစေနိုင်သည်။ ။ဇနကသတ္တိ မရှိသော စေတနာကား ဥပတ္ထမ္ဘက,ဥပပီဠကကိစ္စ-နှစ်ပါးကိုသာ ပြီးစေနိုင်သည်။ သတ္တိကိစ္စ ပြောင်းလွဲလျှင် အမည်လည်း ပြောင်းလွဲရသည်။ အဘယ့်ကြောင့်နည်း ဆိုသော် စေတနာသုံး ရပ်တို့အား မိမိတို့သတ္တိကိစ္စကို အစွဲပြု၍ အခိုက်အတန့်သာအမည် ကို ပေးအပ်သော ကြောင့်တည်း။ ။စေတနာ သုံးရပ်တို့၏ လေးပါးသော အမည်သည် နိစ္စ အမည်မဟုတ်၊ အခိုက်အတန့် အမည်သာ ဟူ၍ မြဲမြဲမှတ်။ ။မျိုးစေ့ကြောင့် အပင်, အရွက်၊ အပွင့်,အသီး ဖြစ်သည်တရပ်၊ ကာရံရေလောင်းပေါင်းသင်သည် တရပ်၊ နွား,ကျွဲ, ပိုး-စသည် နှိပ်စက်သည် တရပ်၊ အမြစ်ပါ နှုတ်ပစ်ဖြတ်လှဲသည်တရပ်၊ ဤလေးရပ်ဖြင့်ကံလေးပါးတို့၏ ကိစ္စ လေးရပ်ကို ဥပမာဟပ်၍ သိလေ။ ။ပိုးကိုက်၍ သစ်သီးပုပ်ရာ ပိုးသည် ရုပ်သစ်ကို မဖြစ်စေတတ်။ ပိုးကိုက်သည့်အတွက် ရှိရင်း

ရုပ်တို့၏ ဘောက်ပြန်သည့်ကိုပင် ပုပ်သည့်,သိုးသည့် ဆိုရသည်။ ဤနည်းအတူ နောက်ကံ သုံးပါးတို့မှာ ဇနကသတ္တိ မရှိ ဟူ၍ မှတ်လေ။ ။မိမိသည့်ပင်ဖြတ်၍ မိမိသည့်ပင် ပဋိသန္ဓေ အကျိုး ပေးသည်ဆိုရာ၌ ဖြတ်ခိုက်ကို ဥပစ္ဆေဒက၊ ပဋိသန္ဓေအကျိုးကို ဖြစ်စေသော အခိုက်ကို ဇနက ဆိုရမည်။

အထူးမှတ်ရန် သာဓကကို ပြဦးအံ့။ ။လူ့ပြည်က အမျှဝေသည်ကို သိ၍ ပြိတ္တာတို့ သာဓုခေါ်၍ ဝမ်းမြောက်လျှင် နတ်တို့ကဲ့သို့ စည်းစိမ်ချမ်းသာကို ရရာ၌ရှင်း ပုဏ္ဏသူဌေး၏ ဝဏ္ဏ၌ရှင်း ပထမဇော၏ ဇနကသတ္တိမှတ်။ ။ရောဟိနီမည်သော သာကီဝင်မင်းသမီး နူနာစွဲ၍ ဆွမ်းစားကျောင်း ဆောက်ခြင်း ဆွမ်းစားကျောင်း၌ ရေလောင်းခြင်း အမှိုက်လှည်းခြင်း တို့ကိုပြု၍ နူနာပျောက်သည်မှာ ပထမဇော၏ ဥပတ္ထမ္ဘက သတ္တိမှတ်။ ။ကဿပဘုရား၏ ခါတ်တော် ဌာပနာရန် စေတီ တည်ဘို့ရာဇမ္ဗူဒီပါကျွန်း၌ အသပြာလှည့်လည် တောင်းခံသော အနာဂါမ်သိတင်းသည် ဥပါသကာကို လုယက် သတ်ဖြတ် ကြသော ခိုးသားငါးရာတို့ ပျက်စီးကွယ်ကြသည်မှာ ပထမဇော စေတနာ၏ ဥပပီဠကသတ္တိမှတ်။ ။ဘဝင် အစဉ်နှင့်တကွ ဥပါဒိန္နကခန္ဓာကို အကြွင်းမဲ့ဖြတ်မှ ဥပစ္ဆေဒက ကံဆိုရမည်။ ။ဝန်လေးသော မကောင်းမှုကို ပြု၍ ပြုသောဘဝ၌ မြေမျို၍ လောင်မီး ကျ၍ ဘေးသင့် ဒဏ်သင့်၍ လတ်တလော သေဆုံးကြရ သည်မှာ ပထမဇော စေတနာ၏ ဥပစ္ဆေဒက သတ္တိမှတ်လေ။ ။ဤကား ပထမဇော စေတနာ၏ ကိစ္စလေးချက်။

ကဿပဘုရား လက်ထက် များစွာသော ကြက်ငှက်တို့ကို ပုပ်မည်စိုး၍ ခြေကို အတောင်ကို ချိုးထား ဝယ်သူရှိမှ သတ်၍ ရောင်းချသဖြင့် အသက်မွေးသော ငှက်မုဆိုးသည် သတ်ပြီးသော ကြက်သား, ငှက်သား တို့ကို ချက်ပြုတ်၍ မထေရ် တပါးကို ဆွမ်းကျွေး၏။ ။ယင်း မုဆိုးသည် သေပြီးနောက် ကြက်, ငှက် ဖြစ်သည် ဖြစ်အံ့။ အကုသိုလ် အဆုံးဇော၏ ဇနကသတ္တိမှတ်။

ယင်း ကြက်ဥက် ချမ်းသာစွာ အသက်ရှည်သည်ဖြစ်အံ့၊ ကုသိုလ် အဆုံးစော၏ ဥပဏ္ဍမနက သတ္တိမှတ်။ အတောင်, ခြေ, လက် ကျိုး၍ ဆင်းရဲ ဒုက္ခ ခံနေရလျှင် အကုသိုလ် အဆုံးစော၏ ဥပပီဠက သတ္တိမှတ်။ အသတ် အဖြတ် ခံရ၍ သေဆုံးရလျှင် အကုသိုလ် အဆုံးစော၏ ဥပဃာတက သတ္တိမှတ်။ ။ဤကား အဆုံးစော၏ ကိစ္စ လေးချက်။

ယင်း ဥက် သေပြီးနောက် ငှဲသို့ရောက်အံ့ အလယ်စော၏ ဇနက သတ္တိမှတ်။ ။ငှဲ၌ တာရှည်လေးမြင့် ခံရသည် ဖြစ်အံ့၊ တခြားသော အလယ်စော၏ ဥပဏ္ဍမနက သတ္တိမှတ်။ ။ငှဲမှ လွတ်၍ ဘဝများစွာ ခြေကျိုး, လက်ကျိုး ရောဂါဝေဒနာ များ၍ ဆင်းရဲ ဒုက္ခ ခံရလျှင် အကုသိုလ် အလယ်စော၏ ဥပပီဠက သတ္တိမှတ်။ ။အသတ်အဖြတ်ခံရ၍ သေဆုံးမရောက်ဘဲ သေရလျှင် အလယ်စော စေတနာ၏ ဥပဃာတက သတ္တိမှတ်။ ။ဤကား အလယ်စော၏ ကိစ္စလေးချက်။

ဤမှုဆိုးကား ငါတို့ဘုရားလက်ထက်တော်၌ ရှေးကဆွမ်းလှူ ခဲ့သော ကုသိုလ်ထဲတွင် အလယ်စော စေတနာ၏ ဇနက သတ္တိကြောင့် လူ့အဖြစ်ကို ရ၍ ရဟန်းပြုပြီးနောက် နိဗ္ဗာန်သို့ ရောက်ရသည်။ ။နိဗ္ဗာန်သို့ မရောက်ခင် တကိုယ်လုံးအနာတွေ ပေါက်၍ အသားအရေ ရိနံ့ပုပ်သိုး အရိုးတို့ ကျိုးကြေ ဒုက္ခ ခံရလေသည်မှာ ဥက်သတ် အကုသိုလ်ထဲတွင် အလယ်စော၏ ဥပပီဠကသတ္တိ မှတ်လေ။

## ၈၃–ဘမျိုးအထူး မှတ်ရန်ကို ထွေ့နှင့်ဘက္ခ ပြဆိုခြင်း

တမျိုးအထူးမှတ်ရန်မှာ။ ။ဇနကကံ၏ အကျိုးမှာ အကျိုးရင်း။ ဥပဏ္ဍမ္ဘက ဥပပီဠက ဥပဃာတကကံတို့၏ အကျိုးမှာ အကျိုး ဖျား။ ။အကျိုးရင်းမှာ ပြုသူ့သန္တာန်၌သာ ဖြစ်သည်။ အကျိုး ဖျားမှာ သူတပါး သန္တာန်၌လည်း ဖြစ်နိုင်သည် မှတ်လေ။ ။

ထိုစကားကို ထင်ရှားစေဦးအံ့။ ။ကုဏ္ဍပူရပြည်၌ ဒုဋ္ဌဂါမဏိမင်းသည်ပြည့်တန်းဆာမနှင့် အမတ်မိုက်တို့ စကားကိုယုံ၍ ပြည်သူပြည်သား အများမိုလ်ပါနှင့်တကွ ဥယျာဉ်တွင် သီတင်းသုံးသောကိသဝစ္ဆ-ရှင်ရသေ့ကို စားဖတ် ဒန်ပူနှင့် ပစ်ခြင်း,တံထွေးချွဲခမ်းတို့ကိုရှင်ရသေ့အပေါ်၌ ထွေးဟပ်ခြင်းတို့ကိုပြု၍ပြစ်မှားကြသည့်အတွက် တဘက်သွား နှစ်ဘက်သွားရှိသော လက်နက်မိုးယိုရွာ၍ နွား, ကျွဲမလပ် တတိုင်းလုံး တပြည်လုံး အတစ် အတစ် အတုံး အတုံး သေဆုံး ပျက်စီးကြကြောင်း။

ကလိင်္ဂတိုင်း၌ နာဠိကေရမင်းသည် ပြည်သူ ပြည်သားတို့နှင့်တကွ ဟိမဝန္တာမှကြွလာသော ရသေ့ငါးရာတို့ယံ တရားနာရာရှင်ရသေ့ကြီးက သူ့အသက်ကို မသတ်ကောင်း။သတ်မိလျှင် ငရဲခံရသည်။ လူဖြစ်သော်လည်း အသက်တိုရသည် ဤသို့စသည်ဖြင့်ငါးပါးသီလ မလုံခြင်း၌ အပြစ်ကိုပြ၍ တရားဟောပါသည်ကိုမိမိငါးပါးသီလမျှ မလုံသူဖြစ်၍ ရှင်ရသေ့တို့ ငါ့ကို စောင်းချိတ်၍စောင်းချိတ်၍ တရားကိုဟောသည်၊ ရှိနှင့်စေ သိရလိမ့်မည်ဟာရန်ငြိုး ဖွဲ့ထား နန်းတော်သို့ ဆွမ်းစားပင့် ဘိတ်၍ ပြန်သွားပြီးနောက် မိုးသောက်သောအခါ များစွာသော မင်းချင်းယောကျ်ားတို့ကို ရှားနှစ်တုတ်တို့ကို ကိုင်စေလျက် များစွာသောခွေးတို့နှင့်တကွ ပုန်းကွယ်ရာ၌ ထားပြီးလျှင် ရှင်ရသေ့တို့ကြွလာသောအခါမစင်တို့ကို ရွှတွင်ထား၏။ စားတော်မူကြ ဘည်းပေးတော် မူကြဆိုရာတွင် ရှင်ရသေ့တို့ စက်ဆုပ်ဘွယ် ဆို၍ ပြန်သွားကြသော်ခွေးတို့ကိုလိုက်စေကိုက်စေ၍ ရှားနှစ်တုတ်တို့ဖြင့် အသေရိုက်နှက်ပြစ်မှားသည့်အတွက် လက်နက်မိုးရွာ၍ တတိုင်းလုံး တပြည်သုံးအတစ်တစ် အတုံးတုံး သေဆုံးပျက်စီးကြကြောင်း ကျမ်းဂန်တို့၌လာသည်။ ။မပြစ်မှားသူတို့လည်း ခွေး, ဝက်,ကြက်, ငှက်,ခြ,ပလွှက်, မလပ် သေးဆုံးကြရသည်။

ကဿပ ဘုရား၏ လက်ထက် သူကြွယ် ကျောင်းတကာသည် ကျောင်းထိုင်ဘုန်းကြီးကို အာဂန္တု ဘုန်းကြီးနှင့် တကွ

ဇဋ္ဌာသယ (က) ၁၄၀-၃၁

ဘုမ်းစား ပင့်ဘိတ်လေလျှင် ကျောင်းထိုင်ဘုန်းကြီးက အာဂန္တုဘုန်းကြီးကို မခေါ်ဘဲသွား၊ အာဂန္တုဘုန်းကြီးမပါ ပါတကား ဘုရားဟု ဟကာက ချောက်ထားက တကာ့ဘုန်းကြီး အအိပ်ကြီး၍ ငါမခေါ်ခဲ့သည်ဟု ပြောလျှင် ခရီးပန်း၍ ဖြစ်ပါလိမ့်မည်ဆို၍ ကျွေးမွေး ပြီးလျှင် မွန်မြတ်သော ဘောဇဉ်ကို သပိတ်ထဲသို့ ထည့်၍ အာဂန္တုဘုန်းကြီးအား လှူပါလေဟု ကပ်လိုက်၏။ ကျောင်းထိုင် ဘုန်းကြီးလည်း ငါက တရားမဟောတတ် သူက တရားဟောတတ်သည်။ ဤကျောင်းမှာသူနေလျှင် သူဘုန်းကြီးလိမ့်မည်။ ငါဘုန်းနည်း လိမ့်မည်။ မွန်မြတ်သော ဘောဇဉ်ကို စားရမှန်းသိလျှင် လည်ကို ကိုင်၍ပင် ထုတ်သော်လည်း သူသွားမည် မဟုတ်ဟု ကြံ၍ လမ်းတွင် မွှေးသော မီးပုံ၌ ဆွမ်းကို သွန်၍ မီးကျီးခဲတို့ဖြင့် ဖုံး၍ကျောင်းသို့လာခဲ့သော် အာဂန္တုဘုန်းကြီးက သူ့စိတ်ကိုသိ၍ ငါ့ကြောင့်သူမဆင်းရဲပါစေနှင့်ဟုကောင်းကင်သို့ ပျံတက်၍ ကြွသွားနှင့်သဖြင့် မမွှေလေလျှင် ငါသည် ဝန်လေးသော အမှုကို ပြုမိ သည်ဟု ပူဆွေးသော စိတ်ဖြင့် မကြာခင်ပိန်ခြောက်၍ အသက်ကံမကုန်သေးဘဲ သေဆုံး၍ ငရဲ၌ ဖြစ်ပြီးမှ မစားမသောက်ရ ငတ်မွတ် ဆင်းရဲစွာ သေဆုံးရသော ဘီလူးပြိတ္တာ၏ အဖြစ် ဘ၁ ငါးရာ,ခွေးအဖြစ် ဘ၁ ငါးရာ ဖြစ်ပြီးမှရဟန်းအဖြစ်မှစောင့်ထိန်းခဲ့သော သီလကုသိုလ်ထဲတွင် အလယ်ဇော၏ ဇနကသတ္တိသည် သူပြုခဲ့သော အကုသိုလ်အလယ်ဇော ဥပပီဠကကံ၏ အနှိပ်အစက်ကို ခံရ၍ အားမသန်သည့် အတွက် အလွန်ဆင်းရဲ နွမ်းပါးသော မိန်းမဝမ်း၌ ပဋိသန္ဓေကို ဖြစ်စေ၏။ မွေးဘွားလျှင် မိတ္တဝိန္ဒကဟု အမည်မှည့်သည်။ ထိုသူ၏ မကောင်းမှုကြောင့် တမျိုးလုံးစည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြား ငတ်မွတ်ခေါင်းပါးလှ၍ သူ့ကို နှင်ထုတ်ကြ၊ ထိုမှ ထွက်ပြေး၍ ဗာရာဏသီ ဒိသာ ပါမောက္ခ ဆရာကြီးထံ ဆည်းကပ်၍ နေရာ ကြမ်းကြုတ်ယုတ်မာ မလိမ္မာ၍သူတကာတို့အရိုက် အနှက်အပုတ်အခတ် အခံရများလှ၊ ထိုမှထွက်ပြေး ကျေးလက် ရွာငယ် တချို့

အလွန်ဆင်းရဲသော မိန်းမနှင့် အကြောင်းပါသဖြင့် ရွာသားတို့က အစာရိက္ခာပေး၍ တံခါးစောင့်ထား၊ သူ့မကောင်းမှုကံကြောင့် တရွာလုံး ခုနစ်ကြိမ် မီးလောင်, ခုနစ်ကြိမ် ဒဏ်တပ်ခံရ, ဆုတ်ယုတ် ပျက်ပြား ငတ်မွတ်ခြင်းများကြ၍ သူ့ကိုနှင်ထုတ်ပြန် တဘန် ပင်လယ်ကျော သင်္ဘောနှင့် လိုက်သွား, သူ့မကောင်း မှုကြောင့် သင်္ဘောမသွား, သူ့ကို ဝါးစည်းနှင့် ပင်လယ်သို့ပစ်ချ, သူ့သီလကုသိုလ် အလယ်ဇော ဥပတ္ထမ္ဘကကြောင့် ကျွန်းသောင် ပေါ်ဖလ်ဗိမာန်၌ နတ်သမီး လေးယောက်နှင့် ခံစားရ, ထိုနောက် ငွေဗိမာန်၌ နတ်သမီး ၈စ်ယောက်နှင့်ခံစားရ,ထိုနောက် ရွှေဗိမာန်၌ နတ်သမီး သုံးဆဲ့နှစ်ယောက်နှင့် ခံစားရလေ၏။

နတ်သမီးဆိုသော်လည်း မိဿကကံကြောင့် ခုနစ်ရက်ဒုက္ခခံ, ခုနစ်ရက်စံ စသော ဝေမာနိက နတ်ပြိတ္တာမတို့တည်း။

ကောင်းနိုးနိုး ရှေ့သို့ တိုးက ဘီလူးမ ဆိတ်ယောင်ဆောင် သည်ကိုတွေ့, သတ်စား လို၍ ဘမ်း လေလျှင် ဘီလူးမက ခြေနှစ်ချောင်း ကိုင်၍ပစ်လိုက်သော်ဘီလူးမ၏အာနုဘော်ကြောင့် ဗာရာဏသီပြည်၏အနီး ချုံပေါ်သို့ မသေဘဲကျ, မင်း၏ ဆိတ်, တော်ကို မြင်၍ နတ်သမီးတို့ထံ ပြန်ရောက်အောင် ပစ်စေလို၍ ဆိတ်ကို ဘမ်းသောအခါ မင်းချင်းယောကျ်ား ဆိတ်ကျောင်း သားတို့ ဆိတ်ခိုးဟု ရိုက်နှက် ချည်နှောင် ယူဆောင်ရာ ဗိဿ ပါမောက္ခ ဆရာကြီးကြောင့်လွတ်, အသက် အတိုင်းနေ၍ သေ, ကံအားလျော်စွာလား,ငါတို့ဘုရားလက်ထက် ရဟန်းဖြစ်တုန်းက သီလကုသိုလ် အလယ်ဇော၏ ဇနကသတ္တိကြောင့် ကောသလ တိုင်း အိမ်ခြေတထောင်ရှိသော တံငါတို့ရွာ တယောက်သော မိန်းမဝမ်း၌ ပဋိသန္ဓေနေ သူ့ မကောင်း မှုကြောင့် တရွာလုံး ခုနစ်ကြိမ် ဒဏ်တပ်ခံရ, ခုနစ်ကြိမ်မီးလောင်, စည်းပိမ် ဥစ္စာ ဆုတ်ယုတ် ပျက်ပြား ရှားပါး ငတ်မွတ် ကြ၍ နှစ်စုနှစ်စု အကြိမ် ကြိမ်ခွဲ၍မှဲချ၊ သူ့ အမိသို့ရောက်လျှင် နှင်ထုတ်ကြ၊ အငတ်ငတ်

အမွတ်မွတ် ဆင်းရဲဒုက္ခ၊ မွေးသွားပြီးမှ တောင်းစားတတ်သော ကာလ ဥက်ကိုပေး၍ သူ့ကိုညှတ်မှ အဝ ချမ်းသာရလေ၏။

ထိုသူပင်သည် ကျီးကန်းကဲ့သို့ အိုးခွက်ဆေးရေ စွန့်ရာတို့၌ ထမင်းလုံးကို ကောက်စားလျက် ဆင်းရဲ ငြိုငြင်စွာ နှစ်နှစ် အရွယ်မှ သနားတတ်သော ရှင်သာရိပုတ္တရာ မထေရ်မြတ်က ရှင်ပြုပေးပေး၊ ရဟန်းခံစေပေး။ ရဟန်းဖြစ်သော်လည်း ဝတ်မွတ် ဆင်းရဲ၊ နောက် ရဟန္တာဖြစ်သော အခါလည်းဝတ်မွတ်ဆင်းရဲ သူ့ကိုမြင်လျှင် ပေးချင် ကမ်းချင်သူမရှိ။ ပေးမိပြန်လျှင် လက်သို့ မရောက်က ပျောက်ကွယ်ရ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်က သနားလှ၍ သူ့ကို ဆွမ်းခံခေါ်၊ သူပါသော် ဆွမ်းမရ၊ ဆွမ်းကို မဆိုထားဘိ လက်အုပ်ချီသူမျှ မရှိ၊ သူ့ကိုယ်ထားခဲ့မှ ဆွမ်းရ၊ အငတ်ငတ် အမွတ်မွတ် ငြိုငြင် ဆင်းရဲစွာနှင့်ပင် ပရိနိဗ္ဗာန် စံရ လေ၏။ ။လောသက တိဿဟု တွင်သည်၊ ဧကနိပါတ်ဇာတ် အဋ္ဌကထာ၌လာ၏။ ။သူပြုသော ကောင်းမှု အကျိုးကို တပါး သူတို့လည်း ခံရသည်ကို ပြလိုရင်းတည်း။

ကက်ကပ်၏ အဦး အစ၌ မိဘတို့ သီလရှိသည့် အတွက်သား သမီးတို့ အသက်ရှည်သည် ဟူ၍ ရင်းစကြာမင်းတို့၏ ကုသိုလ် ကံကြောင့် မိဖုရားသန္တာန်၌ အနံ့ အညှိ အမှေးအပျံ့ ဧးငွေ့ နွေး ငွေ့ ဟူသော အကျိုး သားကြီးရတနာ၌ သူတပါးစိတ်ကို သိနိုင် သော အကျိုး သူဌေးကြီး ရတနာ၌ မြေ၏အတွင်း တယူဇနာ မြင်နိုင်သော အကျိုးဖြစ်ပေါ်သည် ဟူ၍ရင်း ဒီဃနိကာယ် အဋ္ဌ ကထာတို့၌ ဆိုသည်။ ။ဤသို့စသည် ကျမ်းဂန်တို့၌ လာသော ကြောင့်အကျိုးများမှာ သူတပါးတို့ သန္တာန်၌လည်း ဖြစ်သေး၏ ဟု မှတ်ရသည်။ ။သူတပါး ပြုသောကံကို အမှီရ၍ မိမိတို့ အပရာပရိယကံအကျိုးပေးသည် ဟူ၍ ဆိုသော်လည်း သင့်ရာ၏။ ကမ္မဝိပါကော ဟိ အစိန္တေယျော။ ။ဟိ၊ ထိုစကားမှန်၏။ ကမ္မဝိပါကော၊ ကံ၏အကျိုးကို။ အစိန္တေယျော၊ မကြံအပ်။ ။ ဤကား နာနာတ္တကထာနည်းတည်း။

"စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေ တဗ္ဗာနိ ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ"။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ အစိန္တေယျာနိ၊ ဤမကြံအပ်သည်တို့ကို။ န စိန္တေတဗ္ဗာနိ၊ မကြံအပ်ကုန်။ ယာနိ၊ အကြင် မကြံအပ်သည် တို့ကို။ စိန္တေန္တော၊ ကြံသောသူသည်။ ဥမ္မာဒဿ၊ ရူးသွပ်ခြင်း၏။ ဝိဃာတဿ၊ ပင်ပန်းခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ အဿ၊ ဖြစ်ရာ၏။ ။ အဂိုတ္တိုရ်ပါဠိတော်။

၁။ ဗုဒ္ဓဝိသယ-ဘုရားတို့အရာ,

၂။ ဈာနဝိသယ-ဈာန်အရာ,

၃။ လောကဝိသယ-လောကအရာ,

၄။ ကမ္မဝိပါက-ကံ၏အကျိုး။ ။အစိန္တေယျလေးပါး။

**ဗို,ဈာ,လော-ကံ၊ ဤလေးတန်၊ မကြံအပ်စွ၊ ရူးတတ်လှ။**

ဥပစ္ဆေဒကကံသည် မိမိသည်ပင် ဖြတ်သည်၊ မိမိသည်ပင် ဆက်၍ ပဋိသန္ဓေ အကျိုးကို ပေးသည်။ ဤသို့စသည် ဆိုသော စကား-ကား ကေတ္တကထာနည်းတည်း။ ။ကေတ္တကထာနည်း ဆိုသည်မှာ စေတနာ သုံးမျိုး မခွဲမခြမ်းဘဲ ကိစ္စအာရုံ တူသည့် အတွက် ဇောခုနစ်ကြိမ်လုံးကို ပါဏာတိပါတကံ ဟု-တခုထဲ အဖြစ်ဖြင့် ယူ၍ ပါဏာတိပါတကံသည်ပင် သေအောင်ဖြတ်သည်။ သေပြီးနောက် ယင်း ပါဏာတိပါတကံ သည်ပင် ဇနကသတ္တိဖြင့် ငရဲသို့ ချသည်။ ငရဲမှလွတ်ပြန်လျှင် ယင်း ပါဏာတိပါတကံ ကြောင့် ဘဝငါးရာ ခေါင်းပြတ်၍ မီးလောင်၍, ရေနစ်၍ သေရသည် ဤသို့စသည် ကျမ်းဂန်တို့၌ ဆိုသော စကားတည်း။ နာနာနယပိပိဝြတ္တဂန္ဓီရံ ဟိ ပိဋကတ္တယံ။ ။ဟိ၊ ထိုစကားမှန်၏။ ပိဋကတ္တယံ၊ ပိဋကတ်သုံးပုံသည်။ နာနာနယ ပိပိဝြ ဂန္ဓီရံ၊ အထူးထူးသော နည်းတို့ဖြင့် ဆန်းကြယ် နက်နဲ၏။ ။အထူး မှတ်ရန်ကို ပြသည်ပြီး၏။

## ၃၁-အကျိုးပေးသောအစဉ်ကိုစွဲ၍ ကံအပြားကို ပြဆိုခြင်း

တနည်းလည်း။ ၁-ဂရုကံ။ ၂-အာသန္နကံ။ ၃-အာစိဏ္ဏကံ။ ၄-ကဋတ္တာကံ- ဟူ၍ လေးမျိုးမှတ်။ ။ဂရုကံ- ဆိုသည်မှာ မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက၊ ဤကံကြီးငါးပါးကို ဆိုသည်။

ပြုသောဘဝမှ သေသည်၏အခြားမဲ့၌ တစုံတခုသောကံသည် မတားမြစ်နိုင်။ တစုံတယောက်သောသူ မကယ်နိုင်၊ အဝီစိသို့ အကျမြဲသေသည်သာ၊ ဤသို့ အပြစ် ဝန်လေးလှသောကြောင့် ကံကြီးငါးပါးကို ဂရုကံဆိုသည်။ ။နိယတမိစ္ဆာဒိဋ္ဌိကံ တို့မှာ အယူကိုစွန့်လျှင် လွတ်သေးသည်။ မဟဂ္ဂုတ်ကံတို့မှာ ပဏိဓိ စသောတရားတို့ တားမြစ် နိုင်သေးသည်။ တားမြစ်နိုင်သူမရှိဘဲ ဒုတိယဘဝ၌ အကျိုးပေးမြဲသော ကံကိုသာ ဤအရာ၌ ဂရုကံ ဆိုသည်။

အာသန္နကံ- ဆိုသည်မှာ သေခါနီးကာလ၌ ပြုအပ်သောကံ, အောက်မေ့အပ်သော ကံ။ ။အာစိဏ္ဏကံ-ဆိုသည်မှာ မပြတ် လေ့ကျက် အပ်သော ကံ၊ တကြိမ် တခါပင် ပြုသော်လည်း မပြတ် ငဲ့မြဲ အောက်မေ့မိ အမှတ်ရမိသောကံ။ ။ယင်း ရှေ့ကံ သုံးပါး တို့မှာ ဤဘဝပြုအပ်သော အဆုံးဖော စေတနာပင် တည်း။ ကဋတ္တာကံ-ဆိုသည်မှာ ရှေးရှေးဘဝက ပြုခဲ့ဘူးသော အပရာပရိယကံ ဆိုသည်။ ။ဤဘဝ အမှတ်မဲ့ပြုခဲ့မိသော ကံတို့ ကိုလည်း ကဋတ္တာကံ-ဟူ၍ပင်ဆိုရမည်။ ။ဂရုကံမရှိလျှင် အာသန္နကံ၊ အာသန္နကံမရှိလျှင် အာစိဏ္ဏကံ၊ အာစိဏ္ဏကံ မရှိလျှင် ကဋတ္တာကံအကျိုးပေးသည်။ ။အဝင် နောက်ကျ၍ ခြံပေါက်ဝ၌ အိပ်ရသော နွားကျိုး နွားအိုသည် ရှေ့ဦးစွာ ထွက်နိုင်သကဲ့သို့ ထို့အတူ အားသန်သော အာစိဏ္ဏကံရှိလျက် အားသေးသော အာသန္နကံက အကျိုးပေးသည် မှတ်လေ။ ။ဤကား အကျိုး ပေးသော အစဉ်ကိုအစွဲပြု၍ လေးပါးခွဲပုံတည်း။

ကာယကံ, ဝစီကံ, မနောကံ သာမညကံ သုံးပါး။ ။ အကုသိုလ် ကမ္မပထ တရားဆယ်ပါး, ကုသိုလ် ကမ္မပထတရား ဆယ်ပါး, ဒုစရိုက် ဆယ်ပါး, သုစရိုက် ဆယ်ပါး, ပုည ကြိယ ဝတ္ထု ဆယ်ပါး, အကျိုးပေးရာ ကာလ၏ အစွမ်း အားဖြင့် ကံလေးပါး, အကျိုးပေးသော ကိစ္စ၏ အစွမ်းအားဖြင့် ကံလေးပါး။ ။အကျိုးပေးသော အစဉ်၏ အစွမ်းအားဖြင့် ကံလေးပါး, ဤအလုံးစုံတို့ကိုဇော၌သာရအပ်ကုန်သည်။ ဇော၌ သာ ရွေးချယ်ရသည်။ ။ထိုစကားမှန်၏။ ဤအလုံးစုံသည် ဇော ခုနစ်ကြိမ်ပင်။ ဇောခုနစ်ကြိမ်မှ အလွတ်မဟုတ်။ ။ဇောခုနစ် ကြိမ်ဆိုသည်မှာလည်း အဖျော်ရည်စက်နှင့် တူသော နာမ်ခန္ဓာ လေးပါးပင်။ နာမ်ခန္ဓာလေးပါးမှ အလွတ်မဟုတ်။ ။ဇောနာမ် ခန္ဓာလေးပါးကိုပင် ကုသိုလ်,အကုသိုလ် ဆိုရသည်။ ကံဆိုသည် မှာဇောနာမ်ခန္ဓာလေးပါးထဲက သင်္ခါရက္ခန္ဓာခေါ်သော စေတနာ ခုနစ်ဟန်ကိုပင် ဆိုသည်မှတ်လေ။ ။ကုသိုလ်, အကုသိုလ် ဇော၌ ရထိုက်သော ကံစသည်ကို ပြသည်ပြီး၏။

---

## ၉၂–ကြိယာဇောနှင့်တကွ ပြီးခြင်းကို ဖြစ်စေတတ်သော ဇောကို ပြဆိုခြင်း

ကြိယာဇောနှင့် တကွ ပြီးရယ်ခြင်းကို ဖြစ်စေတတ်သော ဇောကို ပြဦးအံ့။ ။ဘုရား, ရဟန္တာတို့မှာ အကုသိုလ်ဇော မစောပြီ၊ ကုသိုလ်ဇောသာ စောသည်။ မျိုးမရောက်သော လေ သီးကဲ့သို့ အကျိုးမပေးသောကြောင့် ယင်း ကုသိုလ်ဇောကို ကိရိ ယာဆိုရသည်။ ထိုကြောင့် မဟာကုသိုလ်ဇော ကဲ့သို့ ဥပိတ် ဇောလေးပါး, တိပိတ်ဇော လေးပါးဟူ၍ မဟာကိရိယာဇော ကိုလည်း ရှစ်ပါးဟူ၍ မှတ်ရသည်။ ။ဘုရား, ရဟန္တာတို့ ပြုံး တော်မူသော အခါ၌ အဟိတ် ကိရိယာဇော စောသည်။ ယင်း

ဇောကို ဟသိတုပ္ပါဒ် ခေါ်သည်။ ။မဟာကိရိယာဇော ရှစ်ခု, ဟသိတုပ္ပါဒ်ဇော တခု ပေါင်း ကိရိယာဇော ကိုးခု,။ ။အကုသိုလ်ဇော ဆဲ့နှစ်ခု, ကာမကုသိုလ်ဇော ရှစ်ခု, ကာမကိရိယာဇော ကိုးခု၊ ပေါင်း ကာမဇော တခုယုတ် သုံးဆယ်မှတ်။ ။ ယင်းကာမဇော နှစ်ဆဲ့ကိုးခုထဲမှာ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော ဇော တဆဲ့သုံးပါးမှတ်။ လောဘမူ သောမနဿဇော လေးခု၊ မဟာကုသိုလ် သောမနဿ ဇော လေးခု၊ ဤရှစ်ခုသော ဇောတို့ဖြင့် ပုထုဇဉ်တို့ ရယ်ရွှင်ကြကုန်၏။ ။လောဘမူ သောမနဿ လေးခုထဲက ဒိဋ္ဌိဂတ ဝိပ္ပယုတ်ဇော နှစ်ခု၊ မဟာကုသိုလ် သောမနဿဇော လေးခု၊ ဤခြောက်ခုသော ဇောတို့ဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ် သုံးယောက်တို့ ရယ်ရွှင်ကြ ကုန်၏။ မဟာကိရိယာ သောမနဿဇော လေးခု ဟသိတုပ္ပါဒ်ဇော၊ ဤငါးခုသော ဇောတို့ဖြင့် ဘုရား ရဟန္တာတို့ ပြုံး ရွှင်တော်မူကြကုန်၏။

ပု-ရှစ်,ဟံ-ငါး၊ သေက်-ခြောက်ပါး၊ မှတ်သားပြုံးရွှင်မှု။
လော-လေး, ဟသိ၊ ရှစ်, ကုဂ်၊ ပေါင်းဘိတဆဲ့သုံး။

ရယ်ခြင်းကား သိတ, ဟသိတ, ဝိဟသိတ, အပဟသိတ, ဥပဟသိတ ဟူ၍ ငါးမျိုးရှိသည်။ ။သွားဖုံးသား မပေါ်ဘဲ ပြုံးသည်ကို သိတ-ဆိုသည်။ သွားဖုံးသား ပေါ်ရုံ ပြုံးသည်ကို ဟသိတ- ဆိုသည်။ အသံညှင်းညှင်း ထွက်ရုံ ရယ်သည်ကို ဝိဟသိတ-ဆိုသည်။ ရှေ့ထိုးနောက်ငင် လက်ခုပ် လက်ဝါးတီး၍ ရယ်သည်ကို အပဟသိတ- ဆိုသည်။ မျက်ရည် ယိုထွက်အောင် အလွန်ပြင်းစွာ ရယ်သည်ကို ဥပဟသိတ ဆိုသည်။ ။ ယင်း ရယ်ခြင်း ငါးမျိုးတို့တွင် ရှေ့သုံးမျိုးကို သူမြတ်တို့၌ ရအပ်သည် ဟူ၍ နောက်နှစ်မျိုးကို သူယုတ်တို့၌ရအပ်သည် ဟူ၍ ကျမ်းဂန်တို့၌ ဆို၏။ ။ဘုရား ရဟန္တာတို့မှာ မူကား သိတ ဟသိတ-နှစ်ပါးသာမှတ်လေ။ ။ဇောကိုပြသောအခန်း ပြီး၏။

## ၆၂–ပဋိသန္ဓေ ဘဝင်စသည်တို့၏ အရကို ပြဆိုခြင်း

ပဋိသန္ဓေဘဝင်-စသည့်တို့၏ အရကို ပြဦးအံ့။ ။အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ စိတ်သည် အပါယ်ဘုံ၌ ပဋိသန္ဓေဖြစ်၏။ ယင်း ပဋိသန္ဓေကို ဒုဂ္ဂတိ အဟိတ် ပဋိသန္ဓေ ဆိုသည်။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်သည် လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ အချို့သူတို့၏ ပဋိသန္ဓေဖြစ်၏။ ယင်း ပဋိသန္ဓေကို သုဂတိ အဟိတ် ပဋိသန္ဓေ ဆိုသည်။ ။ဤကား အဟိတ် ပဋိသန္ဓေ နှစ်ပါး။

မဟာကုသိုလ် ဟူသော မျိုးကြောင့် ကာမသုဂတိ ခုနစ်ဘုံ၌ အဦး အစ မဟာကုသိုလ်နှင့် တူစွာ အကျိုးစိတ် ဒွိဟိတ်လေး တိဟိတ်လေး၊ ပေါင်းရှစ်ပါး ဖြစ်ပေ၏။ မဟာဝိပါက်စိတ် ဟူ၍ ခေါ်၏။ ဒွိဟိတ်ဝိပါက် ဖြစ်ပေါ်လျှင် ဒွိဟိတ်ပဋိသန္ဓေ တိဟိတ် ဝိပါက်ဖြစ်ပေါ်လျှင် တိဟိတ် ပဋိသန္ဓေ ဆိုသည်။ ။အဟိတ် ပဋိသန္ဓေ နှစ်ခု၊ သဟိတ် ပဋိသန္ဓေရှစ်ခု၊ ပေါင်းကာမပဋိသန္ဓေ တဆယ်။ ကာမဘုံ၌ ဘဝင်စိတ် စုတိစိတ်ဆိုသည်လည်း ယင်း တဆယ်ပင်။ ။သန္တီရဏစိတ် သုံးခု၊ မဟာဝိပါက် ရှစ်ခု၊ ပေါင်း တဆဲ့တပါးသော စိတ်တို့သည် ထိုက်သည့် အားလျော်စွာ နောက်လိုက် တဒါရုံလည်း ဖြစ်ကုန်၏။ ။စိတ်ဆိုသော်လည်း နာမ်ခန္ဓာ လေးပါးပင် မှတ်လေ။

ဒွိလေး, တိလေး၊ အဟိတ်ခွေး၊ မှတ်ရေးသန္ဓေဆယ်။
တစ်-အကုကျိုး၊ ကု ကျိုး ကိုး၊ မှတ်ရိုး သန္ဓေတွင်။
ဒု-သု-ဒွိ-တိ၊ ရှစ်အရိ၊ ပုဂ္ဂိ-တကျိပ်နှစ်။
အပါယ်ဘုံ ဒု၊ လူစတု၊ ကြည်ဒု တကျိပ်တစ်။
ဒု-သု-ဖယ်ထား၊ ထက်နတ်ငါး၊ မှတ်သား တကျိပ်ပင်။
ဝေဟပ္ဖိုလ်ထိ၊ ဆယ်ဘုံရှိ၊ အရိ တိဟိတ် ကိုး။
သုံးယောက်သုဒ္ဓတ်၊ နာဖိုလ်ဟတ်၊ သညတ် သု-တယောက်။
ရှစ် အရူပိ၊ ပုဇုန်တိ၊ အရိ သောမဂ်ဖျောက်။
ဒု-သု-ဒွိသော၊ စွဲသန္ဓေ၊ မှတ်လေကာမထဲ။

ဇ္ဈာသယ (က) ၁၄၀-၃၂

ကာတိသေလစ်၊ သုံးဆဲ့တစ်၊ အဖြစ် သန္ဓေမြဲ။
ပုထုရူပ၊ သေပြန်က၊ လေးဝ အပါယ်လွှဲ သန္ဓေခွဲ။
သညသတ်သေ၊ ငွှဲသန္ဓေ၊ ကာမေ သုဂတိ။
သုဒ္ဓါသေလဲ၊ သုဒ္ဓါထဲ၊ စွဲမြဲအထက်ထက်။
သုတွင်လည်းအောက်၊ ပါယ်မရောက်၊ သေးနောက် အရူပါ။
မြဟ္မာဘုံစံ၊ အငိုယံ၊ မပြန်အောက်သို့မြဲ။

ဤသို့ဆိုအပ်ပြီးသည်တို့ကား ကာမစိတ်တို့ ချည်းသာတည်း။ ယင်း ကာမစိတ်ကို ပေါင်းစု ရေတွက်သော် မဟာကုသိုလ်စိတ်ရှစ်, မဟာဝိပါက်စိတ် ရှစ်, မဟာကြိယာစိတ် ရှစ်, ပေါင်း ကာမာဝစရစိတ် နှစ်ဆဲ့လေး။ ။အကုသိုလ်စိတ် ဒွါဒသ-ဆဲ့နှစ်, အဟိတ်စိတ် အဋ္ဌာရသ-ဆဲ့ရှစ်, ပေါင်းသော် ကာမစိတ် ငါးဆဲ့လေး။ ။နည်း,အကုသိုလ်စိတ် ဆဲ့နှစ်, ကာမကုသိုလ်စိတ် ရှစ်, ကာမဝိပါက် နှစ်ဆဲ့သုံး, ကာမကြိယာ ဆဲ့တစ်, ပေါင်းကာမစိတ် ငါးဆဲ့လေး။ ပဋိသန္ဓေ ဘာဝင် စသည်ပြီး၏။

## ၃၃–ဈာန်၏အစ ဈာန်၏သဘောကို ပြဆိုခြင်း

ဈာန် အရာကို ပြဦးအံ့။ ။ဘာသိုဏ်း ဆယ်ပါး, အသုဘ ဆယ်ပါး, အနုဿတိ ဆယ်ပါး, အာဟာရေ ပဋိကူလသညာ တပါး,စတုဓာတု ဝဝတ္ထာန်တပါး, ဗြဟ္မဝိဟာရတရားလေးပါး, အရူပ ကမ္မဋ္ဌာန်း လေးပါး, ပေါင်းလေးဆယ်သော ကမ္မဋ္ဌာန်း တို့တွင် တခုခုသော ကမ္မဋ္ဌာန်း၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂ နိမိတ်, သုံးပါး အစဉ် အတိုင်း ထင်သင့် ရာ၌ ထိုက်သည် အားလျော်စွာ ထင်အောင်စီးဖြန်း ဆင်ခြင်နိုင်သော အခါ ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ အာဘဇ္ဇန်း တကြိမ်,ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ-ဟု ကာမဇော လေးကြိမ်,ဈာန်ဇော တကြိမ်ဇော၍ ဘာဝင်ကျလေ၏။ ။ဤအစဉ်ကားအဦးအစတည်း။

ပရိကမ္မနိမိတ် ဆိုသည်မှာ မှုက်ဝိ စသည်ဖြင့် အဦး အစ ကြည့်ရှု ဆင်ခြင်သော အာရုံကို ဆိုသည်။ ။ဥဂ္ဂဟ နိမိတ်

ဆိုသည်မှာ မျက်စိဖြင့် မြင်သကဲ့သို့ မနောထဲမှာ ထင်မြင်သော အာရုံကို ဆိုသည်။ ။ပဋိဘာဂ နိမိတ် ဆိုသည်မှာ အလွန် သိမ်မွေ့စွာ ထင်သော ပညတ်အာရုံကို ဆိုသည်။ ။ထိုမှနောက် ဈာန်စည်းစိမ် ဈာန်ချမ်းသာကို ခံစားလို၍ ဝင်စားသော အခါ ၌ကား ဈာန်ဇောတွေ များစွာတရှိန်ထဲ တနေ့ပတ်လုံး စသည် အလိုရှိတိုင်း ဇောလေ၏။

ဤစကား၌ ဈာန်ဆိုသည်မှာ ဆေးဆေး ငန်းဆေး တို့ကဲ့သို့ အချင်းချင်း ညီညွတ်ကြ၍ သတ္တိထူး ပေါ်ထွက်သော ဝိတက် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဤ နာမ်တရား ငါးပါးတို့၏ အပေါင်းကိုဆိုသည်။ တခုတခုစီကိုကား ဈာန်မဆိုရ၊ ဈာန်အင်္ဂါ သာဆိုရသည်။ ။ထင်ရှားအောင် ပြဦးအံ့။

**ဝိတက်**- ဆိုသည်မှာ အတူဖြစ်ဘက် စိတ်ခေါ်သော နာမ် တရားတို့ကိုအာရုံသို့ပို့ဆောင်တတ်သောသဘော။

**ဝိစာရ**- ဆိုသည်မှာ အာရုံ၌ စိတ်ကို ဖွဲ့ချည် တတ်သော သဘော။

**ပီတိ**- ဆိုသည်မှာ အာရုံ၌ နှစ်ခြိုက် စေတတ်သော သဘော။

**သုခ**- ဆိုသည်မှာ အာရုံ၌ ချမ်းမြေ့ စေတတ်သော သဘော။

**ဧကဂ္ဂတာ**-ဆိုသည်မှာ အာရုံ၌ ခိုင်ခံ့စွာ တည်ငြိမ် စေ တတ်သော သဘော။

ယင်း ဈာန်အင်္ဂါ ငါးပါးတို့ အချင်းချင်း ကျေးဇူး ပြုကြ၍ ညီညွတ်ကြသောအခါ သတ္တိထူး ပေါ်ထွက်သည်။ ။သတ္တိထူး ဆိုသည်မှာ လေးဆယ်သော ကမ္မဋ္ဌာန်း တို့တွင် အလိုရှိရာ တပါးပါးသော အာရုံ၌ တနေ့ တည တရက် တလ တနှစ် အနှစ် များစွာ အာဟာရ မျှသွင်းသော အခါကို ချန်၍ မတုန်မလှုပ် ခိုင်ခိုင်ခံ့ခံ့ တည်တံ့စွာ စိတ်ကိုထား၍ ကြည်ကြည် လင်လင်

ရွှင်ရွှင်ဖြေးမြ စိတ်ချလက်ချ ဆိမ့်ဆိမ့် အီအီ ချမ်းချမ်း မြေ့မြေ့ တင့်တယ်ငြိမ်ငြိမ် ရှုဆင်ခြင်၍ နေနိုင်သော သတ္တိကို ဆိုသည်။ ။ ယင်း သတ္တိထူး ပေါ်ထွက်သော ဈာန်အင်္ဂါ အပေါင်း ကိုပင် ဈာန်ဆိုရသည်။ ။ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ ။(ဝိဂြိုဟ်)။ ဈာယတိ ဥပနိဇ္ဈာယတိ၊ တရှေ့သော အာရုံ၌ တစ္ဆ ပတ်လုံး တညပတ်လုံး တရက်,တလ,တနှစ်,အနှစ်များစွာ ပတ်လုံး အလို ရှိသောအတိုင်း မတုန်မလှုပ် ငြိမ်ငြိမ် ခဲ့ တည်တံ့စွာ စိတ်ကို ထားနိုင် ကြည်ကြည် လင်လင် ရွှင်ရွှင် ဖြေးမြ စိတ်ချ လက်ချ ဆိမ့်ဆိမ့်အီအီ ချမ်းချမ်း မြေ့မြေ့ တင့်တယ် ငြိမ်ငြိမ် ရှုဆင်ခြင်နိုင် ၏။ ဣတိ၊ တသ္မာ၊ ထိုကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ။အနက်။ ။

တနည်း။ ။သတ္တိထူး ဆိုသည်မှာ စိတ်ကို ဆာပူပင်ပန်း ညစ်နွမ်းနောက်ကျု စေတတ်သော နီဝရဏ ကိလေသာ တို့ကို အမြစ်မပေါ်အောင် လောင်မြိုက် ဘင်းရှင်း စေတတ်သော သတ္တိကို ဆိုသည်။ ။ထင်ရှားအောင် ပြဦးအံ့။ ။နီဝရဏ ဆိုသည်မှာ ကိလေသာဆယ်ပါး, တဆဲ့လေးပါးထဲက ဈာန်၏ အထူး ဆန့် ကျင်ဘက် ဖြစ်သော ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိန မိဒ္ဓ နီဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာ နီဝရဏ။ ဤငါးပါးတို့ကိုဆိုသည်။ ။"နီဝါရေန္တီတိ နီဝရဏာနိ"။ ။ (ဝိဂြိုဟ်)။ ။နီဝါရေန္တိ၊ ဈာန်ကို မြစ်တားတတ် ကုန်၏။ ဝါ၊ တတ်သိလိမ္မာ ချမ်းသာကြီးပွါးကြောင်း ကောင်းမြတ်ပြုစင်သော အကျိုးကို မြစ်တားပိတ်ဆို့တတ်ကုန်၏။ ဣတိ၊ တသ္မာ၊ ထိုကြောင့်။ နီဝရဏာနိ၊ နီဝရဏမည်ကုန်၏။ ။အနက်။

ကာမစ္ဆန္ဒနီဝရဏ-ဆိုသည်မှာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော ဟူသော ခြောက်ပါးသော ဒွါရတို့ဖြင့် ဝေဒနာခံစားချင်, ခံစား၍လည်းအားမရနိုင်, မဝနိုင်, တင်းမတိမ်နိုင်,ဝေဒနာခံစား ဘို့ရန်ရချင်,လိုချင်။ရ၍လည်းအားမရနိုင်,မဝနိုင်,တင်းမတိမ်နိုင်, ဤသို့ စသည် များစွာသော လောဘဘဏ္ဍာ အပူအဆာအာသာ အငတ်တွေကို ဆိုသည်။

**ဗျာပါဒနီဝရဏ**-ဆိုသည်မှာ ရချင်, လိုချင် ပါသော်လည်း မရသည့်အတွက်,ရပြီးကို စိုးရိမ်ကြောင့်ကြသည့်အတွက်,ရပြီးက ပျက်စီးသည့်အတွက် အလိုမပြည့်ဝ အရာရာမှာ စိတ်တိုင်းမကျသည့် အတွက် စိတ်ပျက်, စိတ်ဒိုက်, စိတ်ပူ, စိတ်ပန်း, စိတ်မချမ်းသာခြင်းတွေကို ဆိုသည်။ ။အစစ်မှာ ဒေါသပင်။

**ထိနမိဒ္ဓနီဝရဏ**-ဆိုသည်မှာကိုယ်,စိတ်၏ လေးလံ ထိုင်းမှိုင်းခြင်း,တွန့်တို ပျင်းရိခြင်းကိုဆိုသည်။

**ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ**—ဆိုသည်မှာ စိတ်၏ မငြိမ်ခြင်း, ပြုမိလေခြင်း, မပြုမိလေခြင်း ဟူသောစိတ်ပူတွေကို ဆိုသည်။

**ဝိစိကိစ္ဆာ နီဝရဏ**—ဆိုသည်မှာ ဇဝေဇဝက် စိတ် နှစ်ခွဖြစ်သည်ကိုဆိုသည်။ ။ဤကား နီဝရဏငါးပါး။ ။ကိလေသာ ဆယ်ပါး, ဆဲ့လေးပါးထဲက ခုနစ်ပါးကို နီဝရဏ ဆိုရသည်။ ။ခုနစ်ပါးကျန်သည်၊ ခုနစ်ပါး ဆိုသည်မှာ-မောဟ, အဟိရိက, အနောတ္တပ္ပ, ဒိဋ္ဌိ, မာန,ဣဿာ, မစ္ဆရိယ, ဤခုနစ်ပါးတည်း။ ။မောဟ-ဆိုသည်မှာ မသိတတ်ခြင်းသဘော၊သိပင်သိသော်လည်း အမှန်ကျမသိ၊ မဟုတ်သိသဘော။ ။အဟိရိက— ဆိုသည်မှာ အရှက် မရှိခြင်း သဘော။ ။အနောတ္တပ္ပ-ဆိုသည်မှာ ငရဲ မကြောက်တတ်ခြင်း သဘော။ ။ဒိဋ္ဌိ-ဆိုသည်မှာ မှားသော အယူ။ ။မာန—ဆိုသည်မှာ ငါအကောင် ဟုတ် တုတ်တုတ်၊ ဟန်တန်တန်ဟု ထင်မှတ်တက်ကြွခြင်း။ ။ဣဿာ-ဆိုသည်မှာ သူတပါးကို မုန်းခြင်း, မြင်ကြပ် ကြားပြင်းခြင်း။ ။မစ္ဆရိယ-ဆိုသည်မှာ ဝန်တိုခြင်း, မချမ်းသာခြင်း။

ယင်းနီဝရဏ ကိလေသာတို့သည် သတ္တဝါတို့ စိတ်အစဉ်ကို ပူဆာပင်ပန်း ညစ်နွမ်းနောက်ကျု စေတတ်သည်။ယင်း နီဝရဏ ကိလေသာတွေကြောင့် ရဟန်းတို့လည်း လူးလဲရှုပ်ထွေး ရဟန်းအရေးကို အလေးမပြုနိုင် ရှိကြသည်။ လူတို့လည်း မိုက်မဲညစ်ထေး တမလွန်အရေးကို အလေးမပြုနိုင် ရှိကြသည်။ ။ယင်း နီဝရဏ ကိလေသာ အပူအဆာ အယုတ် အမာ အညစ်

အထေးတွေကို လောင်မြိုက် ကင်းရှင်း နှစနိုင်သောသတ္တိကိုပင် သတ္တိထူး မှတ်လေ။ ။အချင်းချင်း ညီညွတ်ကြ၍ ယင်းသတ္တိ ထူးပေါ်ထွက်သော ဈာန်အင်္ဂါ အပေါင်းကိုပင် ဈာန်ဆိုရသည်။ ဈာယတိ ဒဟတီတိ ဈာနံ။ ။(ဝိဂြိုဟ်)။ ။ဈာယတိ ဒဟတိ၊ နီဝရဏ ကိလေသာ အပူအဆာ အယုတ် အမာ အညစ်အထေး တွေကို လောင်မြိုက် ကင်းရှင်း စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ။အနက်။

## ၃၄—ရူပဈာန် တဆဲ့နှစ်ပါး၊ တဆဲ့ငါးပါးကို ပြဆိုခြင်း

ယင်း ဈာန်သည် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အာကာသာနဉ္စာယတနဈာန် ဝိညာဏဉ္စာယတန ဈာန် အာကိဉ္စညာယတနဈာန် နေဝသညာ နာသညာယတန ဈာန်,ဟူ၍ ၈စ်ပါးရှိ၏။ သမာပတ် ၈စ်ပါးဟူ၍လည်းဆို၏။ ။ အင်္ဂါငါးပါး အပေါင်းကို အဦးအစ ဖြစ်သည့် အတွက် ပထမ ဈာန်ဆိုသည်။ ၎င်းပထမဈာန်ကို ပိုင်နိုင်ရမိပြီး ပုဂ္ဂိုလ်သည် ဝိတက်ဝိစာရကို ပယ်ခွါ၍ အလိုရှိတိုင်း တည်တံ့ ခိုင်ခံ့စွာနေနိုင် သောအခါ ပီတိ, သုခ, ဧကဂ္ဂတာ အင်္ဂါသုံးပါး အပေါင်းကို ဒုတိယဈာန်ဆိုရသည်။ ထို့နောက် ပီတိကို ပယ်ခွါ၍ အလိုရှိ တိုင်း တည်တံ့ခိုင်ခံ့စွာ နေနိုင်သောအခါ သုခ,ဧကဂ္ဂတာ— အင်္ဂါနှစ်ပါး အပေါင်းကို တတိယဈာန် ဆိုရသည်။ ။ထို နောက် သုခကို ပယ်ခွါ၍ အလိုရှိတိုင်း တည်တံ့ ခိုင်ခံ့စွာ နေနိုင်သောအခါ ဥပေက္ခာ, ဧကဂ္ဂတာ အင်္ဂါနှစ်ပါးကို စတုတ္ထ ဈာန်ဆိုရသည်။ ။ပဉ္စကနည်းမှာ ဝိတက်, ဝိစာရကို တခါစီ ပယ်၊ အစဉ်အတိုင်းအမည်ပေး။ ။ယင်း ကုသိုလ်ဈာန်လေးပါးကို ရူပ တဆဲ့ခြောက်ဘုံ၌ အကျိုးကို ဖြစ်စေ တတ်သောကြောင့် ရူပကုသိုလ်ဟူ၍ဆိုအပ်၏။ ထိုစကားမှန်၏၊ပထမဈာန်ကုသိုလ်က ပထမဈာန် သုံးဘုံ၌, ဒုတိယဈာန် ကုသိုလ်က ဒုတိယဈာန်

သုံးဘုံ၌, တတိယဈာန် ကုသိုလ်က တတိယဈာန် သုံးဘုံ၌, စတုတ္ထဈာန် ကုသိုလ်က စတုတ္ထဈာန်ခုနစ်ဘုံ၌ အကျိုးကို ဖြစ်စေ တတ်သည်။ ။နာမ်၌ တပ်ခြင်း ကင်းမှုကား အသညသတ်ဘုံ၌, အနာဂါမ် ဖြစ်မှုကား သုဒ္ဓါဝါသဘုံ၌ ဖြစ်စေ၏။ ။ကုသိုလ်ဈာန် လေးပါး, ဝိပါက်ဈာန်လေးပါး, ကိရိယာဈာန်လေးပါး, ပေါင်း ရူပဈာန် တဆဲ့နှစ်ပါးဖြစ်၍ ဈာန်နှင့်ယှဉ်သော ရူပ စိတ်လည်း တဆဲ့နှစ်ပါးဖြစ်၏။ ။ပဥ္စကနည်း၌ ပဥ္စမဈာန်ကိုထည့်၍ကုသိုလ်, ဝိပါက်, ကိရိယာ, ငါးပါးစီ ရေတွက်သော် ရူပစိတ် တဆဲ့ ငါးပါး ဖြစ်၏။

## ၉၅—အရူပဈာန် တဆဲ့နှစ်ပါးကို ပြဆိုခြင်း

စတုတ္ထဈာန်ကို ပိုင်နိုင်ပြီးသော ပုဂ္ဂိုလ်သည် ရုပ်ကို မနှစ် သက်သည့် အတွက် အဆုံးမရှိသော ကောင်းကင် ပညတ်ကို အာရုံပြု၍ မြဲမြံ ခိုင်ခံ့ တည်တံ့ သိမ်မွေ့စွာ အလိုရှိတိုင်း နေနိုင်သောအခါ ယင်း စတုတ္ထ ဈာန်ကိုပင် အာရုံ အစွဲပြု၍ အာကာသာနဥ္စာယတနဈာန်ခေါ်ပြန်သည်။ ။အာကာသာနန္တကား အဆုံးမရှိသော ကောင်းကင်၊ အာယတနကားစွဲ၍ တည်ရာ။ ။ န,ကိုည တ,ကို စ-ပြု၍ နှစ်ခုစပ် အာကာသာနဥ္စာယတနဆို သည်။ အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံစွဲ၍ တည် နိုင်သော ဈာန်ဆိုလိုသည်။

ထိုနောက် မိမိရပြီး အာကာဈာန် ဝိညာဏ်ကို အာရုံပြု၍ အလိုရှိတိုင်း မြဲမြံခိုင်ခံ့ တည်တံ့ သိမ်မွေ့စွာ နေနိုင်သောအခါ အာရုံကို အစွဲ ပြု၍ ဝိညာဏဥ္စာယတန ခေါ်ပြန်သည်။ ။ ဝိညာဏာနန္တ-အဆုံးမရှိသော ဝိညာဏ်၊ အာယတန-စွဲ၍ တည် ရာ။ ။န-ကိုည, တ,-ကို စပြု၍ နှစ်ခု စပ်ဝိညာဏဥ္စာယတန။ အဆုံး မရှိသော ဝိညာဏ်ကို အာရုံစွဲ၍ တည်နိုင်သောဈာန် ဆိုလိုသည်။ ထိုနောက် အာကာ-ဈာန်၏ ဖိုးစည်းမျှ မရှိခြင်း

နဉ္စတ္တိဘော ပညတ်ကို အာရုံပြု၍ ဆိုပြီးသည့် အတိုင်း နေနိုင်သော အခါ၊ အာရုံကို အစွဲပြု၍ အာကိဉ္စညာယတနဈာန် ခေါ်ပြန်သည်။ ။ အကိဉ္စန-အနည်းငယ်မျှမရှိ။အာယတန-စွဲ၍တည်ရာ၊န-ကို ညပြု၍ နှင်ချစဉ် အာကိဉ္စညာယတန၊ အနည်းငယ်မျှ မရှိ ပညတ်ကို အာရုံပြု၍ တည်နိုင်သော ဈာန် ဆိုလိုသည်။

ထိုနောက် ပြီးခဲ့ပြီးသော အာကိဉ္စညာယတနဈာန်ကို အာရုံပြု၍ ဆိုပြီးသည့် အတိုင်း နေနိုင်သောအခါ ယင်း ပုဂ္ဂိုလ် သန္တာန်မှာ စိတ်ဝိညာဏ် ခေါ်သော နာမ်တရား တို့သည် မရှိသလောက် အလွန် သိမ်မွေ့ကုန်၏။ ရှိသည်ဆိုရမည်လည်း ခက်။မရှိ ဆိုရမည်လည်း ခက်၊ ထို့ကြောင့် ယင်းဈာန်ကိုနေဝသညာ နာသညာ ယတနဈာန် ခေါ်ပြန်သည်။ ။နေဝသညာ-သညာအမှုးရှိသော စိတ်ဝိညာဏ်မရှိ, နာသညာ- လုံးလုံး မရှိသည်လည်း မဟုတ် ဆိုလိုသည်။ ။အိမ်ရှင်မ ငါးပိကုန်၍ငါးပိထည့်သော စဉ့်အိုးကို မှောက်ထား၊ အိမ်နီးချင်း တယောက်လာ၍ ငါးပိတခတ် ပေးပါ ဆိုရာ၊ မှောက်ထားသော အိုးကိုကြည့်တော့၊ ငါးပိမရှိဟုဆို၏။ အိမ်ရှင်ယောကျ်ားက ဆီထည့်ရန် စဉ့်အိုးယူခဲ့ဆိုရာ စဉ့်အိုးမှာ ငါးပိတွေ့နှင့်ဟု ဆိုပြန်၏။ ဤအိမ်ရှင်မ စကားကဲ့သို့ မှတ်လေ။ ။ အာကာသ၊ဝိညာဏ်၊ အာကိဉ္စ၊နေဝသညာ၊ဤကုသိုလ်ဈာန်လေးပါး တို့ကို အရူပ လေးဘုံ၌ အစဉ် အတိုင်း ဖြစ်စေတတ်သောကြောင့် အရူပကုသိုလ်ဈာန် လေးပါး ဟူ၍ ဆိုအပ်ကုန်၏။ ။ဝိပါက်ဈာန် လေးပါး၊ ကိရိယာဈာန် လေးပါးပေါင်း ဖြစ်၍ အရူပစိတ်သည် တဆဲ့နှစ်ပါး ဖြစ်၏။ ။ရူပဝိပါက် လေးခုသည် ရူပဘုံ၌ အရူပ ဝိပါက် လေးခုသည် အရူပဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဖြစ်၏။ ဈာန်, ဈာန်စိတ် ဆိုသော်လည်း နာမ်ခန္ဓာ လေးပါးပင် မှတ်။ ဈာန်ရှစ်ပါး, ကိုးပါး, နှစ်ဆဲ့လေးပါး, နှစ်ဆဲ့ခုနစ်ပါး တို့ကို ပြသည် ပြီး၏။

## ၉၆—အထူးမှတ်ရန်ကို ပြဆိုခြင်း

အထူး မှတ်ရန်ကို ပြဦးအံ့။ ။မဟန္တံ ဂတာနီတိ မဟဂ္ဂတာနိ။ ။(ဝိဂြိုဟ်)။ ။မဟန္တံ၊မြတ်သည့်၏အဖြစ်သို့။ ဂတာနိ၊ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ မဟဂ္ဂတာနိ၊ မဟဂ္ဂုတ်မည်ကုန်၏။ ။တနည်းကား။ ။မဟန္တဘာဝေန ဂတာနီတိ မဟဂ္ဂတာနိ။ ။(ဝိဂြိုဟ်)။ ။မဟန္တဘာဝေန၊ စင်ကြယ်မြင့်မြတ်သည်၏ အဖြစ်ဖြင့်။ ဂတာနိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟဂ္ဂတာနိ၊ မဟဂ္ဂုတ် မည်ကုန်၏။ ။အနက်။ ကာမတရား ကာမ စည်းစိမ် တို့ထက် စင်ကြယ် မြင့်မြတ်သောကြောင့် ရူပ-အရူပ ဈာန်စိတ် နှစ်ဆဲ့လေးပါး တို့ကို မဟဂ္ဂတစိတ် ခေါ်ဆိုရမည်ကို မြန်မာခေါ် မဟဂ္ဂုတ်စိတ် ခေါ်ဆိုလေသည်—ဆိုလိုသည်။

ထင်ရှားစေဦးအံ့။ ။ကာမ ချမ်းသာကား လူးလဲညစ်ယုတ် သိုးပုပ်ညှီနံ့သော ပဏ္ဍုနှင့် အလားတူ၏။ ကာမဘုံသားတို့ကား လောက်ကောင် ယင်မဲယိုင်းကောင်တို့နှင့် အလားတူကုန်၏။ ။ဈာန်ချမ်းသာကား ချိုမြိန်ရသော ပျားသကာတို့နှင့် အလားတူ၏။ ဈာနလာဘီ ပုဂ္ဂိုလ်တို့ကား ပျားပိတုန်းတို့နှင့် အလားတူကုန်၏။ တနည်းလည်း။ ။ကာမချမ်းသာကား တယောက်ထဲနှင့်မချမ်းသာ၊ စိုးရိမ်ဘွယ် ကြောင့်ကြဘွယ် ပူဘွယ် ပင်ဘွယ် သိမ်းဆည်း စောင့်ရှောက်ဘွယ် အဘော် အဘက်နှင့် မကင်းရ၊ များစွာသော အာရုံတွေနှင့် မကင်းရ အဘော် အဘက်နှင့် ဘက်စပ်ရမှ သူတပါးကို ခ, ယ- မှ များစွာသော အာရုံတွေဖြင့် ဘက်စပ်ရမှ ချမ်းသာရလေသောကြောင့် လူပြိတ္တာ၏ချမ်းသာနှင့် တူ၏။ ။လူပြိတ္တာ-ဆိုသည်ကား နူနာစွဲ၍ အသား အရေထဲက ပိုးလောက် ကိုက်ခဲ ဆင်းရဲယားယံလှသော အခါ ကုတ်ဖွဲ့၍မီးအိုးကင်းနှင့် ကင်ရမှ ချမ်းသာ,မီးအိုးကင်းနှင့်အခါခပ်သိမ်းမကင်းရ စား၍လည်း မဝနိုင်, တဆာလောင်ထဲ ဆာလောင်, လူလာတိုင်း

ရှိခိုး၍ ရှိခိုး၍ ခ,ယ ဝပ်တွား သနားတော် မူပါ သနားတော် မူပါဟု အခါခပ်သိမ်း ဘောင်း, ရ၍ စားသော်လည်း မဝနိုင်, အခါခပ်သိမ်း မွတ်သိပ်ဆာလောင်ခြင်း ဒုက္ခ ဝေဒနာကို ခံစား ရသော လူဘည်း။ ။ရှာန် ချမ်းသာ ပြဟ္မာတို့ ချမ်းသာကား အဘော်မပေါ် တယောက်တည်း၊ သူ့ဘာပါးနှင့် မဘက်စပ်ရ, မရိုး ရိမ်ရ, မကြောင့်ကြရ,မပူပင်ရ, သူ့ဘာပါး မခ,ယဘဲ ကြည်ကြည် လင်လင် ရွှင်ရွှင် ပြုံးပြုံး ဆိမ့်ဆိမ့် လေးလေး ဖေးဖေး မြမြ စိတ်ချ လက်ချ ချမ်းသာရ၏။

တနည်း။ ။ကာမချမ်းသာသည် ယားနာသမားတို့ ယားလှ၍ ကုတ်သောအခါ ခံ၍ကောင်းသော အချမ်းသာနှင့် အလားတူ၏။ အညောင်း အကိုက် အခဲ ရောဂါ ရှိသော သူတို့ အနှိပ်သည်, အနင်းသည်တို့နှိပ်နင်းသောအခါခံ၍ကောင်းသော အချမ်းသာနှင့် လည်းတူ၏။ ။ဈာန်ချမ်းသာ ပြဟ္မာတို့ ချမ်းသာကား ဓာတ် လေးပါး ညီညွတ် သွေးလေ ဖြောင့်၍ ရောဂါ ကင်းသော သူ၏ အချမ်းသာနှင့် အလားတူ၏။ ။အထူးမှတ်ရန် ပြီး၏။

## ၃၇–လောကုတ္တရာဈာန်ကို ပြဆိုခြင်း

လောကုတ္တရာ ဈာန်ကို ပြဦးအံ့။ ။ဒိသေသ လက္ခဏာ သာမည လက္ခဏာနှင့် တကွ နာမ်ရုပ်၌ အဟုတ်သိ တကယ်သိ ဉာဏ်အမြင်တွေ အစဉ်အတိုင်းတက်၍ အသိအဆုံး ရောက်ခါနီး အာဝဇ္ဇန်းနှင့်တကွ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူဟု ကာမ ကုသိုလ်ဇော လေးကြိမ်။ အချို့ ဥပစာ, အနုလုံ ဂေါတြဘူ ဟု သုံးကြိမ် စော၍ အသိအဆုံးရောက် မဂ်ဇော တကြိမ် စောပြီး နောက် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်စော၍ ဘဝင်ကျလေ၏။ အပါယ်မင်းတို့ ပိုင်နက် လောကီဘက်မှ ထွက်၍ လောကုတ္တရာ ဘက်သို့ ရောက်လေ၏။ လောကုတ္တရာ ဘုံသား ဖြစ်လေ၏။ ။ မဂ်ဇောမှာ တယောက်သော ပုဂ္ဂိုလ် သန္တာန်၌ တခါသာ

စောမြဲမှတ် နှစ်ခါထပ်၍စောဘွယ်မရှိ။ ခဲရည်ပြည့်သောဒယ်အိုး၌ ပဒါးပြာကို ကွမ်းရိုးတတို့သာ ခပ်ရသည်။ နှစ်တို့ခပ်ဘွယ် မရှိ သကဲ့သို့မှတ်လေ။ ။ဖိုလ်ဇောကား အဦးအစ အတန်း အစဉ်၌ နှစ်ကြိမ် သုံးကြိမ်သာ စောမြဲ။ ဖိုလ်ချမ်းသာ ခံစားလို၍ ဝင်စား သောအခါ၌ကား အကြိမ်များစွာ အလိုရှိတိုင်းစော၏။

သောတာပတ္တိမဂ်ဇော, ဖိုလ်ဇောတစုံ, သကဒါဂါမိမဂ်ဇော ဖိုလ်ဇောတစုံ, အနာဂါမိမဂ်ဇော ဖိုလ်ဇော တစုံ, အရဟတ္တ မဂ်ဇောဖိုလ်ဇောတစုံ, အစုံလေးစုံ, မဂ်ဇောလေးပါး ဖိုလ်ဇော လေးပါးဖြစ်၍ လောကုတ္တရာဇော ရှစ်ပါးဖြစ် သတည်း။ ယင်း လေးဆင့်သော အစုံကို အချို့ပုဂ္ဂိုလ် အစဉ်အတိုင်း တရှိန်ထဲ တက်၍ အဆုံးရောက်၏။ ။အချို့ပုဂ္ဂိုလ် နာရီခြား, ရက်ခြား, လခြား, နှစ်ခြား, ဘဝခြား၍ တက်၏။ ။ဤကား ဈာန်မရဘဲ ဈာန်အခြေမရှိဘဲ ဝိပဿနာ စီးဖြန်း၍ ရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့၏ လောကုတ္တရာစိတ်တည်း။ ။ဈာန်ကိုရပြီးမှ ဈာန်ကို အခြေ ပြု၍ ဝိပဿနာ စီးဖြန်း၍ ရသော သမထယာနိက ပုဂ္ဂိုလ်တို့၏ လောကုတ္တရာစိတ်ကား မဂ်လေးပါး, ဖိုလ်လေးပါး တို့တွင်တပါးပါး၌ပဉ္စကနည်း ဈာန်ငါးပါးနှင့်ယှဉ်တွဲဘက်စပ်၍ မဂ်စိတ်နှစ်ဆယ်, ဖိုလ်စိတ်နှစ်ဆယ် ဖြစ်၍ အမျှ လေးဆယ်ဖြစ် သတည်း။ ။သုက္ခံ ဝိပဿတိတိ သုက္ခဝိပဿကော။ ။ (ဝိဂြိုဟ်)။ ။သုက္ခံ၊ သမထခေါ်သော ဈာန်မပါအခြောက်တိုက်။ ဝိပဿတိ၊ ဝိပဿနာ ရှုတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သုက္ခ ဝိပဿကော၊ သုက္ခဝိပဿက မည်၏။ ။အနက်။ ။သမထ ယာနေန ဂစ္ဆတိတိ သမထယာနိကော။ ။(ဝိဂြိုဟ်)။ ။သမထ ယာနေန၊ သမထခေါ်သောဈာန်ယာဉ်ဖြင့်။ ဂစ္ဆတိ၊ လောကုတ္တ ရာဘက်သို့ သွားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမထ ယာနိကော၊ သမထယာနိက မည်၏။ ။လောကုတ္တရာ ဇောကို ပြသည် ပြီး၏။

## ၃၇—စိတ်ကိုပေါင်းစုရေတွက်၍ ပြဆိုခြင်း

စိတ်ကို ပေါင်း၍ ရေတွက်၍ ပြဦးအံ့။ ။အကုသိုလ်စိတ် ဒွါဒသ-ဆဲ့နှစ်။ ။အဟိတ်စိတ် အဋ္ဌာရသ-ဆဲ့ရှစ်။ ။ကာမာဝစရစိတ် စတုဗ္ဗီသတိ-နှစ်ဆဲ့လေး။ ။ရူပါဝစရစိတ် ပန္နရသ-ဆဲ့ငါး။ ။အရူပါဝစရစိတ် ဒွါဒသ-ဆဲ့နှစ်။ ။လောကုတ္တရာစိတ်အဋ္ဌ-ရှစ်။ ။ပေါင်း စိတ်တခု ယုတ် ကိုးဆယ်။

တနည်း။ ။ကာမ စိတ်-ငါးဆဲ့လေး။ ။မဟဂ္ဂုတ် စိတ် နှစ်ဆယ့်ခုနှစ်။ ။လောကုတ္တရာစိတ်-ရှစ်။ ။ပေါင်း စိတ်တခု ယုတ် ကိုးဆယ်။ ။လောကုတ္တရာ စိတ်က လေးဆယ် ဖြစ်လျှင် အကျယ် ကမူ နှစ်ဆယ်တစ်။ ။တနည်း။ ။အကုသိုလ်စိတ် ဆဲ့နှစ်။ ။ကုသိုလ်စိတ်-နှစ်ဆဲ့တင်း။ ။ဝိပါက် သုံးဆဲ့ခြောက်။ ကိရိယာစိတ်-နှစ်ဆယ်။ ။ပေါင်း စိတ်-ရှစ်ဆဲ့ကိုး။ ။တနည်း။ ။ကုသိုလ်စိတ်-နှစ်ဆဲ့တစ်။ ။အကုသိုလ်စိတ်-ဆဲ့နှစ်။ ။အဗျာကတစိတ်- ငါးဆဲ့ခြောက်။ ။ပေါင်းစိတ်-ရှစ်ဆဲ့ကိုး။ ။ပေါင်း ရေတွက်နည်း ပြီး၏။

## ၃၈—ဘုံ ပုဂ္ဂိုလ်၌ စိတ်ရကို ပြဆိုခြင်း

ဘုံပုဂ္ဂိုလ်၌ စိတ်ရကို ပြဦးအံ့။ ။ဒေါသမူနှစ်ပါး၊ ဃာနဝိညာဏ် နှစ်ပါး၊ ဇိဝှါဝိညာဏ်နှစ်ပါး၊ ကာယဝိညာဏ်နှစ်ပါး၊ ဗြဟ္မာ့ဘုံ၌ နှစ်ပါးလေး နှစ်ပါးကို မရ။ ထိုကြောင့် ဗြဟ္မာ့ဘုံအား ကိုယ်၏ ဆင်းရဲခြင်း ကာယိက ဒုက္ခ, စိတ်၏ ဆင်းရဲခြင်း စေတသိက ဒုက္ခ မရှိ။ အခါ ခပ်သိမ်း ဧးမြချမ်းသာသည်။

ကာမဘုမ္မိ၊ ရှစ်ဆယ်တိ၊ ဂုတ်ပိ ကိုးခုနှုတ်။
ခြောက်ဆဲ့ကိုးသ၊ ဘုံရူပ၊ ဝိသနှစ်ဆယ်ကြည့်။
ဒေါမဟာဝိ၊ အရူဝိ၊ ဃာ-ဇိ-ကာ-ကို ကြဉ်။
အရူဘုံမှောက်၊ လေးဆဲ့ခြောက်၊ ချင့်ထောက်တွက်လေပါ။
ဒေါပျောက်-အကု၊ နော-တခု၊ ဟာ-ကု-ကိရိယာ။
အရူ မယုတ်၊ သော မဂ်ဖြုတ်၊ လောကုတ် ခုနစ်ဖြာ။

ဝိ-ကား ဝိပါက်၊ နော-ကား မနောဒွါရာဝဇ္ဇန်း မှတ်။ ။ဘုံ၌ စိတ်ရ ပြီး၏။

ဒုဂ္ဂတိအဟိတ်၊ အကုစိတ်၊ အဟိတ် ဟာသိ ကြည်။
မဟာကုသ္လုန်၊ သုံးဆဲ့ခွန်၊ မလွန် ရစမြဲ။
သု-ဒွိ-နှစ်ဆစ်၊ လေးဆဲ့တစ်၊ မဟာဝိပါက်သာ၊ ဝိပွဲယုတ် စွက်လေပါ။
တိဟိတ်မှာကား၊ လေးဆဲ့ငါး၊ ရှစ်ပါးအကုန်စွက်။
မဟာဂ်ကုသလ၊ စွက်ပြန်က၊ ဈာန်ရငါးဆဲ့လေး။
လေးဂ် ပုဂ္ဂိုလ်၊ ကိုယ့်ဟာကိုယ်၊ တွက်လိုတခုသာ။
လေးဆဲ့တစ်ပ၊ သောသက၊ အရ တိဟိတ်တွင်။
ဥဒ္ဒိသမ္ပယုတ်၊ ဝိစိန္တုတ်၊ မဟုတ် ကိုယ့်ဟာယှဉ်။
သုံးဆဲ့ကိုးတန်၊ အနာဂါမ်၊ တဘန် ဒေါသကြည်။
ရဟန္တာမှာ၊ စိတ်သချ်ာ၊ မှတ်ပါလေးဆဲ့လေး။
ဟာ-ဝိ-ကိရိ၊ အဟိတ်ရှိ၊ ကိရိဂုတ် ကိုယ့်ဟာ။
ကိုယ့်ဟာ ကိုယ်သာ၊ အရိယာ၊ မှတ်ပါရစမြဲ။

ပုဂ္ဂိုလ်၌ စိတ်ရ ပြီး၏။

---

## ၁၀၀—သတိထားရန်ကို ပြဆိုခြင်း

သတိထားရန်ကို ပြဦးအံ့။ ။ဘဝင်စိတ် တလှည့်၊ ဝိထိစိတ် တလှည့် တန်းစည်၍ တခုပျက်ပြီးမှ တခု ဆက်လက် ဖြစ်ပေါ် သောကြောင့် တယောက်သော ပုဂ္ဂိုလ်သန္တာန်မှာ စိတ်နှစ်ခု သုံးခု စသည် တပူးထဲ တပြွတ်ထဲ အတူ တပြိုင်ထဲ မရကောင်း မရှိကောင်း။ သို့သော်လည်း ဖြစ်သင့်ဖြစ်ထိုက်သမျှကို ပေါင်း စု၍ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာ စိတ် သုံးဆဲ့ခုနစ်ပါး ရသည်။ ဤသို့စသည် ဆိုရလေသည်။

ကျမ်းဂန်တို့မှာ သတ္တဝါ စရိုက်အားလျော်စွာ ဉာဏ်နှင့် တန်ရုံတန်ရုံ သိကြရန် သိစရာရှိသမျှ ဆိုခွင့်ရှိသမျှ အကြွင်း အကျန်မရှိဆိုရ ဘွင့်ပြရလေသည်။ ။ကျမ်းဂန်ဆိုသမျှ သရုပ် အရေအတွက်ကို အကုန်သိမှ ကိစ္စပြီးသည်မဟုတ်။ ဉာဏ်နိုင်

လောက်ရုံ ၆မိသန္တာန် သုကပါးသန္တာန်မှာ ရုပ်တခြား နာမ် တခြားစီ နေအောင်သော်ရင်း, ခန္ဓာငါးပါး တခြားစီ နေအောင် သော်ရင်း, ဤသို့စသည့် ဘာကို အဟုတ်သိ အကယ်သိ သိနိုင် မြင်နိုင် လျှင်လည်း ကိစ္စပြီးတော့သည်။ ။ကိစ္စပြီးရုံ အလို ရှိသော ပုဂ္ဂိုလ်တို့မှာ သရုပ် အရေ အတွက်တွေ များလျှင် ညက်မနိုင် ဖြစ်တတ်သည်။ ။ညက်နိုင်ပြန်လျှင်လည်း ပညတ် ကတ် ပညတ်သိ ပညတ်တွေ သွမ်းဖိ၍ လိုရင်းမထိ၊ တဏှာ မာန, ဒိဋ္ဌိ- ဖြစ်ပွါးတတ်သည်။ နှလုံးသွင်းတတ်လျှင်လည်း မြတ် ပါ၏။ ။ဤ ဘုတ်အုပ်စာအုပ်ဘား ကျမ်းဂန်လာတိုင်း သရုပ် အရေအတွက် တွေကို များများကြီး မဆိုဘဲ သိခွင့် မြင်ခွင့် ရခဲ, ရပြန်ပါသော်လည်းသိနိုင်ခဲ,မြင်နိုင်ခဲ,အလွန်နက်နဲသော ပရမတ် အစစ် အသားအနှစ်ကို ကိုယ်ထဲတွင် သိလွယ်မြင်လွယ် ရှိ၍မိ လွယ်အောင်နှလုံးထား၍ သင့်လျော် လျောက်ပတ်ရုံသော သရုပ် အရေအတွက်ကို ပြလိုက်သည်။ ။သတိထားရန် ပြသည်ပြီး၏။

## ၁၀၁—ပရမတ္ထတရားကို အပျိုးမျိုးခွဲ၍ပြဆိုခြင်း

ပရမတ္ထတရားကို သုံးမျိုး ငါးမျိုး နှစ်မျိုး ခွဲ၍ ပြဦးအံ့။ ။ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ။ ။ဓမ္မ သင်္ဂဏီ ပါဠိတော်။ ။ကုသလာ၊ ကောင်းသော မျိုးသဘော ရှိကုန်သော။ ဓမ္မာ၊ သတ္တဝါအကောင်မဟုတ်ကုန်သော သဘာဝ တရားတို့သည်။ သန္တိ၊ တမျိုးတခြား ထင်ရှားရှိကုန်၏။ ။အကု သလာ၊ မကောင်းသော မျိုးသဘော ရှိကုန်သော။ဓမ္မာ၊သတ္တဝါ အကောင် မဟုတ်ကုန်သော သဘာဝ တရားတို့သည်။ သန္တိ၊ တမျိုး တခြား ထင်ရှား ရှိကုန်၏။ ။အဗျာကတာ၊ ကုသိုလ် အကုသိုလ် ဟူ၍ မဆိုရ မျိုးမရောက် အဗျာကတ ဖြစ်ကုန် သော။ ဓမ္မာ၊ သတ္တဝါအကောင် မဟုတ် ကုန်သော သဘာဝ တရားတို့သည်။ သန္တိ၊ တမျိုး တခြား ထင်ရှား ရှိကုန်၏။ ။

အနက်။ ။ပါဠိတော်၏ အဓိပ္ပါယ်မှာ ကောင်းသော မျိုးရောက်သော အသီးနှင့်တူသော ကုသိုလ်တရားတမျိုး, မကောင်းသော မျိုးရောက်သော အသီးနှင့်တူသော အကုသိုလ် တရားတမျိုး, မျိုးမရောက်သော အပင်နှင့်တူသော အဗျာကတ တရားတမျိုးဟူ၍ အဟုတ်ရှိ တကယ်ရှိသော ပရမတ္ထ တရားသည် သုံးမျိုးသာရှိသည်။ သု,ငါ အကောင်မရှိ ဆိုလိုသည်။

ထင်ရှားစေဦးအံ့။ ။သတ္တဝါတို့ ခန္ဓာကိုယ်၌ ရုပ်စု ရုပ်စိုင် ရုပ်ခဲတွေနှင့်တကွယင်းရုပ်စုရုပ်စိုင်ရုပ်ခဲကြီးကိုစွဲမှီ၍ ဖြစ်ကြသော ဘဝင်ခေါ်သော နာမ်ခန္ဓာလေးပါး၊ အာဝဇ္ဇန်းခေါ်သော နာမ်ခန္ဓာလေးပါး ဒွါရအာရှင် ခေါ်သော နာမ်ခန္ဓာ လေးပါး သမ္ပဋိစ္ဆိုင်းခေါ်သော နာမ်ခန္ဓာလေးပါး၊ သန္တီရဏ ဝုဋ္ဌောနောက်လိုက် ခေါ်သော နာမ်ခန္ဓာလေးပါး၊ ဤတရားစုကို မျိုးမရောက်သော အပင် နှင့်တူသော အဗျာကတ ဟူ၍မှတ်။ ။ရေ မြေ တောတောင် စသော ဗဟိဒ္ဓဝတ္ထု ကိရိယာဇော ဖိုလ်ဇော နိဗ္ဗာန်တို့ကိုလည်း အဗျာကတဓမ္မ ဟူ၍မှတ်။ ။ကုသိုလ်ဇော နာမ်ခန္ဓာလေးပါးစုကို ကောင်းသော မျိုးသဘောရှိသော အသီးနှင့်တူသော ကုသလဓမ္မ-ဟူ၍ မှတ်။ ။အကုသိုလ်ဇော နာမ်ခန္ဓာလေးပါးစုကို မကောင်းသော မျိုးသဘော ရှိသော အသီးနှင့်တူသော အကုသလဓမ္မ-ဟူ၍ မှတ်။ ။ဤလို သုံးမျိုးမှတ်။

ယင်းသုံးမျိုးတို့တွင် အဗျာကတ ဖြစ်သော ရုပ်စု ရုပ်စိုင် ရုပ်ခဲကြီးကို ရူပက္ခန္ဓာ-ဟု မှတ်သား။ ။ကုသိုလ် အကုသိုလ် အဗျာကတ- ဖြစ်သော ဝေဒနာတွေကို တစုတပုံ တမျိုးတခြား ဝေဒနာက္ခန္ဓာဟု မှတ်သား။ ။ထိုအတူ သညာတွေကို တစုတပုံ တမျိုးတခြား သညာက္ခန္ဓာ-ဟု မှတ်သား။ ။သင်္ခါရတွေကို တစုတပုံ တမျိုးတခြား သင်္ခါရက္ခန္ဓာ ဟု မှတ်သား။ ။အသိဝိညာဏ် တွေကို တစုတပုံ တမျိုးတခြား ဝိညာဏက္ခန္ဓာ-ဟု မှတ်သား။ ။ခန္ဓာငါးပါး။ ။ဤအလိုသော် ပရမတ္ထ တရား ငါးပါးမှတ်။ နိဗ္ဗာန်ကျန်။

ယင်း ငါးပါးတို့တွင် ရူပက္ခန္ဓာကား အာရုံကို မသိတတ်၊ ဖောက်ပြန်တတ်သော ရုပ်တရား။ ။နာမ်ခန္ဓာ လေးပါးကား အာရုံနှင့်မကင်း အာရုံပြုတတ်၊ အာရုံသို့ညွှတ်တတ်သော နာမ်တရား။ ဤလိုရေတွက်သော် ရုပ်တရား,နာမ်တရား–ဟူ၍ပရမတ္ထတရား နှစ်မျိုးရှိသည် မှတ်။ ။သုံးပါးခွဲ၊ ငါးပါးခွဲ၊ နှစ်ပါးခွဲ ပြီး၏။

## ၁၀၂–နာမ်,ရုပ်တို့ကို ပြဆိုခြင်း

နာမ်,ရုပ် တို့၏ အကြောင်းကို ပြဦးအံ့။ ။ပဋိသန္ဓေ အခါ အဘယ်အကြောင်းကြောင့် နာမ် ရုပ်တို့ အသစ်ဖြစ်ပေါ်လာရ ပါသနည်း။ ပဋိသန္ဓေအခါမှ နောက် ပဝတ္တိအခါ၌–

"ဆံ,လယ်,စ,စွန်း၊ ထပ်လျက်ပွံခး၊ ကြီးလွန်းပမာ ရုပ်ခန္ဓာ"။
"အစ,အဆုံး,ထိဆက်ကုံး၊ ရွှဲလုံးပမာ၊ နာမ်ခန္ဓာ"။

ဟူ၍ ဆိုသည့်အတိုင်း ရေပွက်ပြင်ထပ်စပ်ဟပ်ပူးတွဲ သတ္တဝါ အကောင် အခဲ ကဲ့သို့ ထင်မှတ်ရ လောက်အောင် အဘယ် အကြောင်းကြောင့် ရုပ်ခန္ဓာနာမ်ခန္ဓာတွေ ဆက်လက်ဖြစ်ပေါ်၍ နေရလေသနည်း၊ တစုံတယောက်သူ ဖန်ဆင်း၍ပင် ဖြစ်လေ သလော၊ သို့မဟုတ် အကြောင်းမရှိဘဲပင် ဖြစ်လေ သလော ဆိုသော် တစုံတယောက်သောသူ ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ် အကြောင်းမရှိဘဲ ဖြစ်သည်လည်း မဟုတ်။ ။အမှန် စင်စစ်အားဖြင့် ပဋိသန္ဓေအခါ၌ အဝိဇ္ဇာတဏှာ သဟဲရှိသော ကံဟူသော မျိုးကြောင့် နာမ်ခန္ဓာ ရုပ်ခန္ဓာ အသစ် ဖြစ်ပေါ် လာရလေသည်။ ။ပဝတ္တိအခါ၌ ကံကို အကြောင်းရင်းခံ၍ စိတ်ဟူသော ဥတု ဟူသော အာဟာရ ဟူသော အကြောင်း ကြောင့်ရင်း၊ အချင်းချင်း ကျေးဇူးပြုကြသည့် အတွက်ကြောင့် ရင်း ဤသို့စသည် များစွာသော အကြောင်းတရားတွေ ဝိုင်းအုံ ပြုပြင်ကြသည့်အတွက် သတ္တဝါ အကောင် အခဲကြီး ထင်မှတ်

ရလောက်အောင် နာမ်ခန္ဓာ ရုပ်ခန္ဓာတွေ ထပ်ကာ ထပ်ကာ ဆက်ပေါ်၍နေရလေသည်။

ဥပမာဖြင့် ထင်ရှားအောင် ပြဦးအံ့။ ။သေပျောက်ပြီး ရှေးသရက်ပင်ဟောင်းမှ ဖြစ်သော သရက်မျိုးစေ့ကြောင့် ယခုမျက်မြင် သရက်ပင် ပေါက်ရောက်ပြီးနောက် ရေ-မြေ-စသော အကြောင်းကြောင့် စည်ပင် ပွါးစီး အပင်ကြီးဖြစ်၍ နေလေ၏။ ယင်း ယခုမျက်မြင် သရက်ပင်ကြီးမှ သီးသော မျိုးကြောင့် နောက်သရက်ပင် ဖြစ်ပေါ် ပေါက်ရောက်လတ္တံ့။ ဤနည်းအတူ ရှေးဘဝ သေပျောက်ပြီး အဗျာကတ ခန္ဓာပင်ကြီးမှ ဖြစ်သော ကုသိုလ် အကုသိုလ်ကံ ဟူသော မျိုးကြောင့် ယခုဘဝ ပဋိသန္ဓေအခါ အဗျာကတခန္ဓာပင် ပေါက်၍ ပဝတ္တိအခါကံ,စိတ်, ဥတု, ထမင်း, အစာအာဟာရအစရှိသော အကြောင်းတို့ကြောင့် ယခုထက်တိုင် မသေသရွေ့ သတ္တဝါ အကောင်အခဲကြီး ထင်မှတ်ရလောက်အောင် ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ တစပ်ထဲထပ်ကာ ထပ်ကာ ဆက်လက်ဖြစ်ပေါ်၍ နေရလေသည်။ ။ယခုဘဝ အဗျာကတ ခန္ဓာပင်မှ ဖြစ်ပေါ်သော ကုသိုလ် အကုသိုလ်ကံ ဟူသော မျိုးကြောင့် နောင်အဗျာကတခန္ဓာပင် ပေါက်ရောက်လတ္တံ့။ ။ဗီဇရုက္ခာဒီနံ ဝါ ပုဗ္ဗကောဋိ န နာယတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။ဗီဇရုက္ခာဒီနံ၊ မျိုးစေ့ အပင်တို့၏။ ပုဗ္ဗကောဋိ၊ ရှေ့ဖြစ်သော အစွန်းကို။ န နာယတိ ဣဝ၊ ဘယ်အပင် ဘယ်မျိုးကစ၍ ဖြစ်သည် ဟူ၍ မသိနိုင်သကဲ့သို့။ ကမ္မ ဝိပါကာနံ၊ ကံဟူသောမျိုး အဗျာကတ အကျိုးပင် တို့၏။ ပုဗ္ဗကောဋိ၊ ရှေ့ဖြစ်သော အစွန်းကို။ န နာယတိ၊ ဘယ်ဟာက စ၍ ဖြစ်သည် ဟူ၍ မသိနိုင်။

## ၁၀၃—နာမ်,ရုပ်တို့ အကြောင်းကို တနည်း ပြဆိုခြင်း

နာမ်ရုပ်တို့ အကြောင်းကို တနည်း ပြဦးအံ့။ ။တဦးသော ပရိဗိုဇ်ရဟန်း ဆွမ်းခံ လမ်းတွင် ဘုရားကို တွေ့မြင်၍ မလင်း

သော အရာ တခုသော ပုစ္ဆာကို မေးလျှောက်ပါရစေ ဘုရားဟု လျှောက်ထားလေလျှင်၊ အလေးပြုစေလို၍ ခွင့်မပေး၊ များများကြီး မမေးပါ၊ အနည်းငယ်မျှ မေးပါရစေ ဘုရားဟု သုံးကြိမ် လျှောက်သားမှ မေးတော့ဟု ခွင့်ပြုတော်မူ၍ လျှောက်ထား၊ ဟောကြားသော အရာမှာ။ ။အရှင်ဘုရား၊ သုခ, ဒုက္ခ, ကို ကိုယ့်ဟာကိုယ် ပြုပါသလားဘုရား၊ ကိုယ့်ဟာကိုယ် ပြုသည်ဟု ငါမဟော။ ။သူတပါး ပြုပါသလား ဘုရား၊ သူတပါး ပြုသည် ဟူ၍ ငါမဟော။ ။ဤကဲ့သို့ မဟောလျှင် သုခ, ဒုက္ခ, သည် အကြောင်းမရှိဘဲ ဖြစ်ပါသလား ဘုရား၊ အကြောင်း မရှိဘဲ ဖြစ်သည် ဟူ၍လည်း ငါမဟော။ ။အရှင်ဘုရားသည် သုခ, ဒုက္ခ, ကို သိမှမရ၊ နားလည်ကျွမ်းကျင်ပုံ မရပါ ဘကား ဘုရား။ ။ ပုဏ္ဏား၊ သုခ,ဒုက္ခကို လောကအလုံးမှာ၊ ငါအသိဆုံး၊ ငါနား အလည်ဆုံး၊ ငါအကျွမ်းကျင်ဆုံး၊ ငါ့ထက် သိနိုင်သူ မရှိ၊ နားလည် ကျွမ်းကျင်သောသူ မရှိဟု မိန့်တော်မူလျှင် သို့ဖြစ်ဘိက အရှင်ဘုရား၏ သုခ, ဒုက္ခ, ကို ဟောကြားတော်မူပါဘုရား ဟု လျှောက်ထားသော အခါမှ—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဤလို ဟောတော်မူလိုက်သော အခါ ဟုတ်လှပါပေ၏။ မှန်လှပါပေ၏ အရှင်ဘုရား၊ အဟုတ်ကို သိတတ်ပါပေ၏။ အရှင်ဘုရား၊ အမှန်ကို သိတတ်ပါပေ၏ အရှင်ဘုရား၊ အလွန် ကောင်းပါပေ၏ အရှင်ဘုရား၊ အလွန် နှစ်သက်ဘွယ် ရှိပါပေ၏ အရှင်ဘုရား၊

မှောင်မိုက်ကြီးထဲ၌ မီးတောက်ကြီး ညှိထွန်းလိုက်သကဲ့သို့ ရှိပါပေ၏ အရှင်ဘုရား၊ ရဟန်းအဖြစ်ကိုလည်းခွင့်ပြုတော် မူပါဘုရား၊ ဤသို လျှောက်ထားလေလျှင် ထုံးစံရှိသည့် အတိုင်း ပြုတော့ဟု ခွင့်ပေး၍ ရဟန်း အဖြစ်ကို ရပြီးနောက် ကိစ္စ ပြီးမြောက် အသိဉာဏ်အဆုံး ရောက်လေ၏။ ပရိဗိုဇ်က အတ္တအခေါ် သတ္တဝါအကောင် အထင် အစွဲနှင့် လျှောက်သည်။ ။ဘုရားကား သတ္တဝါ အကောင် အတ္တဟူ၍ ငါဟောလေ့ မရှိ။ ကြောင်းကျိုး ဆက်လက် ဖြစ်ပျက်ခြင်းမျှ အနတ္တ ဖြစ်သော ဆင်းရဲအစုကြီးသာဟု ငါဟောလေ့ရှိသည်။ ဤသို တိုတို ဘုရား အလိုတော်ကို မှတ်လေ။

ပါဠိဘာသာမှန်ကို မြန်မာပြန် အနက်ပေးရမည်။ ။**အဝိဇ္ဇာပစ္စယာ၊** မြေမှုန့် မကာ၊ ဘဝများ:စွာ၊ ခန္ဓာ အစဉ်၌ တစွဲထဲ စွဲမြဲသော ကံ၏သဟဲ၊ အမိုက်အမဲ၊ မောဟနှ- မောဟကြမ်း နှစ်ပါးကြောင့်။ သင်္ခါရာ၊ ကာယ သင်္ခါရ, ဝစီ သင်္ခါရ, စိတ္တ သင်္ခါရ-ခေါ်ဆို ရသော ကုသိုလ်, အကုသိုလ်ကံ- ဟူသော မျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ။**သင်္ခါရပစ္စယာ၊** သင်္ခါရ-ဟူသော မျိုးကြောင့်။ ဝိညာဏံ၊ အကျိုး အဗျာကတ ဝိညာဏ် ကြွင်းသော ဝိညာဏ်သည်။ သမ္ဘဝတိ၊ ထိုထိုဘုံဘဝ၌ အသစ် ဖြစ်ပေါ် လေ၏။ ။**ဝိညာဏပစ္စယာ၊** ဝိညာဏ် ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ ဝေဒနာ-သညာ-သင်္ခါရ ဟူသော နာမ်တရားနှင့်တကွ ရုပ်စုရုပ်ပိုင်ရုပ်ခဲသည်။ သမ္ဘဝတိ၊ဖြစ်ပေါ် လေ၏။ ။**နာမရူပပစ္စယာ၊**နာမ်-ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ စက္ခာယတန- သောတာယတန- ဃာနာယတန- ဇိဝှါယတန-ကာယာယတန-မနာယတနဟူသောခြောက်ပါးသော အာယတနသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ။**သဠာယတနပစ္စယာ၊** သဠာယတန ဟူသော အကြောင်းကြောင့်။ ဖဿော၊ အာရုံကို တွေ့ထိတတ်သော ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ် လေ၏။ ။**ဖဿပစ္စယာ၊** ဖဿ-ဟူသော အကြောင်းကြောင့်။

ဝေဒနာ၊ ခံသာ-မခံသာ-ဝေဒနာမျိုးသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ။ဝေဒနာပစ္စယာ၊ ဝေဒနာဟူသောအကြောင်းကြောင့်။ တဏှာ၊ နှင်သက် တောင့်တခြင်း တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ။တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ အာရုံဘန် ထပ်လဲ ခံစားလို၍ လမ်းခြင်း ချုပ်ချော် ၍လမ်းခြင်း ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်-ဟူသောအကြောင်းကြောင့်။ဘဝေါ၊ ဝေဒနာ ခံစားဘို့ရန် ကိုယ်ဖြင့် အားထုတ်ခြင်း ကာယသင်္ခါရ, နှုတ်ဖြင့် အားထုတ်ခြင်း ဝစီသင်္ခါရ, စိတ်ဖြင့်ကြံခြင်း မနောသင်္ခါရ, ဆိုသော ကုသိုလ် အကုသိုလ် ကမ္မဘဝ ဟူသော မျိုးသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ။ဘဝပစ္စယာ၊ ကမ္မဘဝ-ဟူသော မျိုးကြောင့်။ ဇာတိ၊ ထိုထိုဘုံဘဝ၌ ခန္ဓာပင်အသစ်ဖြစ်ပေါ်ခြင်း ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ် လေ၏။ ။ဇာတိပစ္စယာ၊ ခန္ဓာပင် အသစ် ဖြစ်ပေါ်ခြင်းကြောင့်။ ဇရာ-အိုခြင်း၊ မရဏ-သေခြင်း၊သောက-စိုးရိမ်ပူဆွေးရခြင်း၊ပရိဒေဝ-ငိုကြွေးမြည်တမ်းရခြင်း၊ ဒုက္ခ-ကိုယ်၌ ဆင်းရဲခြင်း အမျိုးမျိုး၊ ဒေါမနဿ-စိတ်၌ ဆင်းရဲခြင်း အမျိုးမျိုး၊ဥပါယာသ-မရှုနိုင် မရှုက်နိုင် အပင်ကြီး အပန်းကြီး အပူမီး တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်ကြလေကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သုခ၊ အကောင်မပါက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲတုံး ဆင်းရဲခဲ၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။ ။အနက်။

ပွင့်တော်မူသမျှ ဘုရားတို့ မစွန့်သော ပါဠိ မသိသော်လည်း အကျိုးရှိသည်။ ပါဠိ, အနက်-ရအောင် ကျက်၍ မှတ်အံ့ သရဇ္ဈာယ်။ နောင် လွယ်ခြင်း၏ အကြောင်း ကုသိုလ် ကောင်းကောင်းကြီး ဖြစ်သည်။ အလွန် ခက်ခဲ နက်နဲသည်။ ငါ နှင့်မတန်ဟု မမှတ်လင့်။ ယခုဘဝ ငါနှင့် မတန်လျှင် နောက်ဘုရားလက်ထက်၌လည်း ငါနှင့်မတန် ဖြစ်တတ်သည်။ ။အနဝတတ် အိုင်ကြီးအလွန် နက်နဲ

လှသည်ဆိုသော်လည်း ဆင်တို့လည်း ချိုးနိုင်သောက်နိုင် ကြကုန်၏။ နွား- ကျွဲ- ဂျို- သမင် တို့လည်း ချိုးနိုင် သောက်နိုင်ကြကုန်၏။ ယုန်-သားငယ်တို့လည်း ချိုးနိုင် သောက်နိုင် ကြကုန်၏။ ဉာဏ် ကြီးသော သူတို့မှာ အသိကြီးသိနိုင်သည်၊ ဉာဏ်သေးသော သူတို့မှာ အသိ သေး သိနိုင်သည်။ အသိကြီးပင် သိသိ အသိသေးပင် သိသိ အဟုတ်သိ သိကြ၍ အသိအဆုံး ရောက်ကြသော အခါ အတူတူပင်မှတ်လေ။

## ၁၀၄–ပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းသိလွယ် အဓိပ္ပါယ်ကို ပြဆိုခြင်း

ယုန်သားငယ်တို့ သုံးစွဲသည်နှင့် အတူ သိလွယ် မှတ်လွယ် အနည်းငယ် အဓိပ္ပါယ်ကို ပြဦးအံ့။ ။အဝိဇ္ဇာ – ဆိုသည်မှာ အဟုတ်၊ အမှန်ကို မသိတတ်သော မောဟကို ဆိုသည်။ ။ န ဝိဒတိတိ အဝိဇ္ဇာ။ ။နဝိဒတိ၊ အဟုတ် အမှန်ကို မသိတတ်။ ဣတိဘသ္မာ၊ ထိုကြောင့်။ ဇာဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ ။အဟုတ် အမှန်ကို မသိဆိုသည်မှာ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဖြစ်သော ရုပ်ကို ရုပ်ဟူ၍မသိ၊ နာမ်ကို နာမ်ဟူ၍ မသိ။ ။မမြဲဘန်ဘန် ရုပ်နာမ်တို့၏ဖြစ်ပုံ, ပျက်ပုံ အနိစ္စသဘောကို မသိ။ ။ရုပ် နာမ် တို့၏ထိတ်ဘွယ်, လန့်ဘွယ်, ကြောက်မက်ဘွယ် ဒုက္ခသဘောကို မသိ။ ။ရုပ်နာမ်တို့၏ ငါမဟုတ်, ငါ့ဟာမဟုတ် အကောင် မဟုတ်, အရှင်မဟုတ်သော အနတ္တသဘောကို မသိ။ ။ရုပ်နှင့် နာမ်ကို ကြောက်ဘွယ် ဒုက္ခကြီး, ကြောက်ဘွယ် ဘေးဘယ အလုံးအထွေးကြီးဟူ၍ မသိ။ ။ယင်း ဘေးဘယ အလုံးအထွေး ရုပ် နာမ်တို့ အဘယ်ကြောင့် ဖြစ်သည်ဟု ရုပ် နာမ် တို့၏ အကြောင်းကို မသိ။ ။ယင်း ရုပ်နာမ်တို့ကို ငြိမ်းစဲစေတတ်သော နည်းလမ်းကိုမသိ။ ။ဤသို့သော မသိတွေကို ဆိုသည်။ ။

ယင်းမသိ-အဝိဇ္ဇာကို မိမိမသိရုံသာ မဟုတ်သေး၊ အတွေ့ဖြစ်ဘက် ဂုဏ်ရားတို့ကို သိခွင့် မရအောင် ဖုံးသွမ်း ပိတ်ပင်တတ် တွေဝေ မိုက်မဲစေတတ်သောကြောင့် မောဟဟူ၍လည်း ဆိုရသည်။ ။ ယင်းမောဟ အဝိဇ္ဇာသည် အကုသိုလ်တို့၏ မူလ အမြစ်ကြီး ဖြစ်၏။ အကုသိုလ်တို့၏ အခြေခံဖြစ်၏။ ။ထို့ကြောင့်—

> ကမ္မာကိုစ၊ တေဇောက၊ သဗ္ဗာဝါကိုစ၊ မောဟက။
> မသိက တပတ်ပတ်၊ သိမှ အငြိးသတ်သည်။
> မသိ အစ၊ သိက အဆုံး၊ ကိစ္စတုံးသည်။

ဟူသော စကားကို ဆိုရသည်။

အခက်ကြုံက၊ သတ္တာလေးကန်၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာ-ပရန္တ၊ ဣဒပ္ပစ္စယတာ၊ ဤရှစ်ဌာနနှင့် မှတ်ရမည်။

သင်္ခါရ ဆိုသည်မှာ ထိုထိုဘုံဘဝ၌ အဇ္ဈာကတ ခန္ဓာပင်ကို ပေါက်ရောက် စေတတ် ကုန်သော ကုသိုလ်ကံ, အကုသိုလ်ကံ-ဟူသော မျိုးတို့ကို ဆိုသည်။ ။သင်္ခရောန္တီတိ သင်္ခါရာ။ ။ သင်္ခရောန္တိ၊ ထိုထိုဘုံဘဝ၌ အဇ္ဈာကတ ခန္ဓာပင်ပေါက်ရန် ပြုပြင် စီစဉ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ သင်္ခါရ မည်ကုန်၏။ ။ယင်း သင်္ခါရသည် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ ဟူ၍ သုံးမျိုး ရှိသည်။ ကိုယ်ဖြင့် ပြုလျှင် ကာယသင်္ခါရ, နှုတ်ဖြင့် ပြုလျှင် ဝစီသင်္ခါရ, စိတ်ဖြင့် ကြံလျှင် စိတ္တသင်္ခါရမှတ်။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံမှာ။ ။အကြင် ပုဂ္ဂိုလ်သည် အကြင်အခါ၌ အကြောင်း, အကျိုး, နာမ်, ရုပ် လေးမျိုးတို့ကို လက္ခဏာ သုံးပါးနှင့် တကွ အစွမ်းကုန် အသိ အဆုံးရောက် ကိစ္စပြီး တသိထဲ သိသည် ဖြစ်အံ့။ ထိုအခါ ထိုပုဂ္ဂိုလ်သန္တာန်မှာ မသိ မောဟ အကြွင်းမဲ့ ကုန်ငြိမ်း ခန်းခြောက် လေ၏။ မသိ မောဟ ကုန်ငြိမ်း ခန်းခြောက်က ထိုပုဂ္ဂိုလ်သန္တာန်မှာ ကုသိုလ် အကုသိုလ်ကံ ဟူသော မျိုးဟူသမျှတို့ မရှိရာမရ၊ ကုန်ငြိမ်း

ခန်းခြောက်ရလေကုန်၏။ ဖြစ်သောကုသိုလ်တို့လည်းမျိုးမရောက်၊ ကြံယာအဗျာကတမျှ ဖြစ်လေကုန်၏။

ဆိုပြီးသောစကား၌ အသိအဆုံးရောက် ဆိုသည်မှာ လောကီ နာမ်ရုပ်၌ သိစရာကုန်၏။ လောကီကို ကျော်ဘောက် ပြီးလျှင် နိဗ္ဗာန်ကို မြင်လိုက်သည်ကို ဆိုသည်။ နိဗ္ဗာန်ကို မြင်ပြီးနောက် သိစရာ မရှိ။ အသိဆုံးလေ၏။ အရဟတ္တမဂ်သိကို ရည်သည်။ ကိစ္စပြီး ဆိုသည်မှာ နိဗ္ဗာန်ကို မြင်၍အသိဆုံးသည်နှင့် တပြိုင်နက် ဒုက္ခမှန်သော ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၌ သိစရာကိစ္စ၊ ငါ့အား အကုသိုလ် မဖြစ်ပါစေနှင့်ဟု ပယောဂစိုက်၍ ရှောင်ကြဉ် ပယ်စွန့်ရန် ကိစ္စ၊ နောင်ချမ်းသာဘို့ရန် လောကီ ကုသိုလ် လောကုတ္တရာ ကုသိုလ်ကို အားထုတ်ပွါးများဘွယ် ကိစ္စ၊ သုခကိုရဘွယ် ကိစ္စ၊ ဤလေးပါးသော ကိစ္စတို့ ပြီးစီးသည်ကို ဆိုသည်။ ။အဝိဇ္ဇာ၊ မောဟနှ, မောဟကြမ်း ကိန်းသော ပုဂ္ဂိုလ်တို့ သန္တာန်မှာသာ အဝိဇ္ဇာကို မှီ၍ အဝိဇ္ဇာက ကျေးဇူးပြုမှ ကုသိုလ် အကုသိုလ်ကံဟူသော သင်္ခါရတို့ ဖြစ်ပေါ်နိုင်ကုန်သည်။ အဝိဇ္ဇာကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ အဝိဇ္ဇာအမှီ မရှိသောကြောင့် မဖြစ်ပေါ်နိုင်ကုန်၊ ထို့ကြောင့်ဝှင်း။

တနည်းလည်း။ ။အဝိန္ဒိယံ ဝိန္ဒတိ၊ ဝိန္ဒိယံ န ဝိန္ဒတီတိ အဝိဇ္ဇာ။ ။အဝိန္ဒိယံ၊ မရသင့်မရထိုက်သော အကုသိုလ် ဝစ္စနိဿိတ ကုသိုလ်ကို။ ဝိန္ဒတိ၊ ရတတ်၏။ ဝိန္ဒိယံ၊ ရသင့်ရထိုက်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို။ နဝိန္ဒတိ၊ မရတတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ ။ယင်း ဝိဂြိုဟ်နှင့်အညီ တလောကီလုံးဒုက္ခအမှန်ကို ဒုက္ခဟု မသိသည့် အတွက်လောကီ ဘက်ကို ခင်တွယ် တောင့်တ၍ ပြုကြသော ကုသိုလ်မျိုးသည်ဝှင်း, ဆင်းရဲခြင်း၏ အကြောင်း မှန်ကို ဆင်းရဲခြင်း၏ အကြောင်းဟု မသိသည့် အတွက် ဆင်းရဲကင်းလိုခြင်းသာလို၍ ပြုကြသော ပါဏာတိပါတ အဒိန္နာဒါန- စသော အကုသိုလ် ဒုစရိုက်မျိုးတို့သည်ဝှင်း, မသိမောဟ ကြမ်းကြောင့် ဖြစ်ရသည်

ထို့ကြောင့်ရှင်း "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"ဟု ဟောတော်မူသည်။

ခန္ဓာပင်ဟောင်း လဲခဲ့သည်ရှိသော် ကုသိုလ် အကုသိုလ် သင်္ခါရ ဟူသော မျိုးကြောင့် ထိုထို ဘုံဘဝ၌ အဇ္ဈာကတ ဝိပါက် ဝိညာဏက္ခန္ဓာ အသစ်ဆက်လက် ဖြစ်ပေါ်ရသည်။ ဝိညာဏက္ခန္ဓာ ဖြစ်ပေါ်လိုက်သည် ရှိသော် ဝေဒနာက္ခန္ဓာ— သညာက္ခန္ဓာ—သင်္ခါရက္ခန္ဓာ-ဟူသော နာမ်၊ ရုပ်စု ရုပ်ပိုင် ရုပ်ခဲရူပက္ခန္ဓာ ဟူသော ရုပ်၊ ဤနာမ်ရုပ် နှစ်ပါးလည်း တပြိုင်ထဲ ဖြစ်ပေါ်ရလေ၏။ ကလလရေကြည်ခေါ်ရပြန်၏။ ပဋိသန္ဓေ နေသည် ဆိုရပြန်၏။ ။နာမ် ရုပ် ဖြစ်ပေါ် လိုက်လျှင် စက္ခု ပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ ကာယပသာဒ, ဘဝင်-ဟူသော မနာယတန ဤခြောက်ပါးသော အာယတန ဖြစ်ပေါ် ရပြန်၏။ ။ထို့ကြောင့် "သင်္ခါရ ပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ"ဟု ဟောတော်မူသည်။

ဘဝသစ်၌ ဤဝိညာဏ်, နာမ်-ရုပ်, သဠာယတန သုံးပါးတို့ ပေါင်းစု လုံးထွေး မိကြလျှင် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော ခန္ဓာငါးပါး ပြည့်စုံ၍ အဇ္ဈာကတ ခန္ဓာပင် ဖြစ်လေ၏၊ ။မျက်စ-နား-နှာ ခြေ-လက် အင်္ဂါပြည့်စုံ၍ သတ္တဝါကောင် ခေါ်ရ ပြန်လေ၏။ ။ ဝိညာဏ်- နာမ်ရုပ်- သဠာယတန- အဇ္ဈာကတ ခန္ဓာပင် ဖြစ်၍ နေပုံသည် အိပ်ပျော်၍ နေသောအခါ သိသာလှ၏။ ဣတ္တာဝတာ အဝိဇ္ဇာနုပဿနာ၊ ဣတ္တာဝတာ နိရုဇ္ဈပထော၊ ပညတ္တိပထော။ ။ မဟာနိဒါနသုတ် ပါဠိတော်။ ။ဣတ္တာဝတာ၊ ဤဝိညာဏ်, နာမ် ရုပ်, သဠာယတန-တို့ အချင်းချင်း ကျေးဇူးပြု၍ ပေါင်းစုလုံး ထွေးမိကြရုံမျှဖြင့်။ အဓိဝစနပထော၊ ငဘော၊ ငဘ၊ ငဒွေး၊ ငကြွယ် ငချမ်းသာ၊ ဤသို့စသည် ရုဋ္ဌီအားဖြင့် ခေါ်ဝေါ်စရာ ခန္ဓာအလုံး အခဲသည်။ နိရုဇ္ဈပထော၊ ငဝ-ငတုတ် စသည် အနုဇ္ဈသညာ

ဖြင့်ခေါ်ဝေါ်စရာ ခန္ဓာ အစုအခဲသည်။ ပညတ္တိပထော၊ အထူး ထူး အပြားပြား ပညတ်အားဖြင့် ခေါ်ဝေါ်စရာ ခန္ဓာ အဗိုင် အခဲသည်။ ပညာယတိ၊ ပေါ်ထင်သိသာလေ၏။ ။တိဟိ ခန္ဓေဟိ ကထိတာ။ ။တိဟိ၊ သုံးပုဒ်တို့ဖြင့်။ ခန္ဓေဟိ၊ ခန္ဓာတို့ကိုသာလျှင်။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။ ။အဋ္ဌကထာ။

ဖဿ–ဆိုသည်မှာ ခြောက်ပါးသော အာယတန၊ ခြောက်ပါးသော ဒွါရတို့နှင့် အာရုံခြောက်ပါးတို့ ဈေးရှူဆိုင်မိ ခိုက်တိုက်မိသော အခါ အာရုံကို တွေ့တတ်သော တရား။ ။ဖုသတီတိဖဿော။ ။ဖုသတိ၊ အာရုံကို တွေ့တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဖဿော၊ ဖဿ မည်၏။ ။ဝေဒနာ– ဆိုသည်မှာ အာရုံနှင့် တွေ့ထိ၍ ဖဿ ဖြစ်သော အခါ ခံသာ မခံသာသော သဘောကို ဆိုသည်မှတ်။ ။စက္ခု ရှိသည့်အတွက် ရူပါရုံကို တွေ့တတ်သော စက္ခု သမ္ဖဿ၊ သောတ ရှိသည့်အတွက် သဒ္ဒါရုံကို တွေ့တတ်သော သောတသမ္ဖဿ၊ ဃာန ရှိသည့် အတွက် ဂန္ဓာရုံကို တွေ့တတ်သော ဃာနသမ္ဖဿ၊ ဇိဝှါရှိသည့် အတွက် ရသာရုံကိုတွေ့တတ်သော ဇိဝှါသမ္ဖဿ၊ ကာယရှိသည့် အတွက် ဖောဋ္ဌဗ္ဗာရုံကို တွေ့တတ်သော ကာယသမ္ဖဿ၊ မနာယတန ရှိသည့် အတွက် အာရုံ ခြောက်ပါးကို တွေ့တတ်သော မနော သမ္ဖဿ ဖြစ်ရသည်။ ဖဿခြောက်ပါးဖြင့် အာရုံကို တွေ့သည့် အတွက် ခံသာ မခံသာ သုခဝေဒနာ ဒုက္ခဝေဒနာ ဖြစ်ပေါ် ရသည်။ ။ထိုကြောင့်။ ။"သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"ဟု ဟောတော်မူသည်။ ။ဤမျှလောက်ဖြင့် အသီး မသီးသေးသော အကိုင်း အခက်နှင့် ပြည့်စုံသော အဗျာကတ ခန္ဓာပင်ကြီး ဖြစ်လေသည်။

တဏှာ–ဆိုသည်မှာ နှစ်သက်တတ် တပ်မက်တတ် တောင့်တ တတ် ခြောက်ဒွါရမှ ဆာလောင်တတ်သောသဘော။ ။ဥပါဒါန်– ဆိုသည်မှာ မခွါနိုင် မစွန့်နိုင် မဖြတ်နိုင် စွဲလမ်း တတ်သော သဘော။ ။ဥပါဒိယတီတိ ဥပါဒါနံ။ ။ဥပါဒိယတိ၊ စွဲလမ်း

တတ်ပြီ။ ဇာတိတည်း၊ ထိုကြောင့်။ ဥပါဒါန်၊ ဥပါဒါန်မည်၏။ ။ ယင်းဥပါဒါန်သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်, ဟူ၍ လေးမျိုး ရှိသည်။ ။ကာမုပါဒါန် ဆိုသည်မှာ အားကြီးစွာ စွဲလမ်းတတ်သော တဏှာကိုပင် ဆိုသည်။ ။မှားသော အယူရှိသော သူတို့၏ အမှားကို စွဲလမ်းခြင်းကို ဒိဋ္ဌုပါဒါန် ဆိုသည်။ စုပ်စုပ် ခွဲ့ခွဲ့ ခွေးကဲ့သို့ နွားကဲ့သို့ ကျင့်ခြင်းသည် ချမ်းသာကြောင်း အကျင့်ဟု စွဲလမ်းခြင်းကို သီလဗ္ဗတုပါဒါန်-ဆိုသည်။ ။အတ္တ-ဟူ၍ အကောင်-ဟူ၍ စွဲလမ်းခြင်းကို အတ္တဝါဒုပါဒါန်- ဆိုသည်။ ။နောက် သုံးပါးလုံး ဒိဋ္ဌိချည်းပင်။ ။ထိုကြောင့် တဏှာ အစွဲအလမ်း ဒိဋ္ဌိ အစွဲ အလမ်း-ဟူ၍ အကျဉ်းအားဖြင့် အစွဲအလမ်း နှစ်မျိုးမှတ်။

ခံသာသော သုခဝေဒနာ ဖြစ်ပေါ်သည့်အတွက် ယင်း သုခ ဝေဒနာကို သာယာ နှစ်သက်ခြင်း တဏှာ၊ မခံသာသော ဒုက္ခ ဝေဒနာဖြစ်ပေါ်သည့် အတွက် ဒုက္ခကင်းခြင်း သုခကို တောင့်တ နှစ်သက်ခြင်း တဏှာဖြစ်ပေါ်လေ၏။ သုခ ဝေဒနာ အတွက်နှင့် ရူပါရုံကို နှစ်သက်ခြင်း ရူပတဏှာ၊ သဒ္ဒါရုံကို နှစ်သက်ခြင်း သဒ္ဒတဏှာ၊ ဂန္ဓာရုံကို နှစ်သက်ခြင်း ဂန္ဓတဏှာ၊ ရသာရုံကို နှစ်သက်ခြင်း ရသတဏှာ၊ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်ခြင်း ဖောဋ္ဌဗ္ဗ တဏှာ၊ လင်ကို, မယားကို, သားသမီးကို, ရွှေကို,ငွေကို, လယ်-ယာ-နွား-ကျွဲ-စသည်ကို နှစ်သက်ခြင်း ဓမ္မတဏှာ၊ ဤတဏှာတို့ ဖြစ်ပေါ်လေ၏။

တဏှာ ဖြစ်ပေါ်လိုက်သည့် အတွက် တဏှာ အရင်းခံ ရှိနေသည့် အတွက်ကြောင့် တင်းမတိမ်နိုင် မဝနိုင် အားမရနိုင်ဘဲ အဘန်တလဲလဲ ထပ်ကာ ထပ်ကာ ဝေဒနာ ခံစားချင် မြင်ချင် ကြားချင် နံချင် စားချင် တွေ့ထိချင် မစွန့်နိုင် မလွှတ်နိုင် မခွါနိုင် မဖြတ်နိုင်။ မရသေးသည် ကိုလည်း ရချင် လိုချင် တန်းတန်းစွဲ အားကြီးသော တဏှာ အစွဲ အလမ်း ဥပါဒါန် ဖြစ်ပေါ်လေ၏။ ဒိဋ္ဌိ အစွဲ အလမ်း ဥပါဒါန် ဖြစ်ပေါ်လေ၏။

ယင်း ဥပါဒါန် အစွဲ အလမ်းရှိနေသည့် အတွက် ဥပါဒါန် အစွဲ အလမ်းကို အရင်းခံ၍ ဝေဒနာ ခံစားဘို့ ကြံကြ စည်ကြ၊ အကြံ အစည်တွေနှင့် တရိုးရိုး တရွရွ ပြုကြ ပြင်ကြ၊ သွားကြ လာကြ၊ လုပ်ကြ ကိုင်ကြ၊ ပြောကြ ဆိုကြ၊ရောင်းကြ ဝယ်ကြ၊ ကူးကြ သန်းကြ၊ လုကြ ယက်ကြ၊ ငါ့ဟာ ငါ့ဟာ ဝန်တို စောင့်ရှောက်ကြ၊ နင်နင်ငါငါ ယုတ်မာကြမ်းတမ်း ငေါက်ငန်း ကျိန်ဆဲကြ၊ ရန်အမျက်ထား ခိုက်ရန်ပွါးကြ၊ တုတ်ကိုင်ကြ၊ ဓားကိုင်ကြ သတ်ကြ ဖြတ်ကြလည်ဆယ် ကောက်ကျစ် ဆိုးညစ် စဉ်းလဲကြ၊ ဤသို့စသည်ပြုကြ အားထုတ်ကြသောအခါ ကောင်း ဇော မကောင်း ဇောတွေစော၏။ ။ထိုစကားမှန်၏။ အပြုအမူ အပြောအဆို အကြံအစည် အလုံးစုံကိစ္စ အမျိုးမျိုးတို့ကို ဇောမှ သာ ပြီးစေနိုင်သည်။ ဇော၌ပါသော ကောင်းစေတနာ တွေကို ကုသိုလ်ကံ။ မကောင်းစေတနာတွေကို အကုသိုလ်ကံဆိုရသည်။ အသီးတွေနှင့် တူ၏။

ဥပါဒါန် အရင်းခံဝေဒနာ ခံစားလိုသည့်အတွက်နှင့် ပါဏာ တိပါတ စသော ဒုစရိုက် အကုသိုလ်တွေကို ပြုကြ, ပြုစေကြ, သူတပါးပြုသည်ကို ဝမ်းမြောက်ကြ။ ထိုအခါ မကောင်းဇော တွေ စော၏။ ဥပါဒါန်အရင်းခံ ဝေဒနာခံစားလိုသည့် အတွက် နှင့် ပါဏာတိပါတ စသည်တို့မှ ရှောင်ကြဉ်ခြင်း သုစရိုက် တွေကို ပြုကြ၊ ဒါန–သီလ–စသော ကုသိုလ်ဆယ်ပါးကို ပြုကြ အားထုတ်ကြ၊ထိုအခါ ကောင်းဇောတွေ စော၏။ ။ထိုစကား မှန်၏။ ဇောမှသာ ပါဏာတိပါတ-ဒါန–သီလစသော ကောင်း ကိစ္စ မကောင်းကိစ္စ အမျိုးမျိုးတို့ကို ပြီးစေနိုင်သည်။ ဇော၌ ပါသော ကောင်းသော စေတနာတွေကို ကုသိုလ်ကံ မကောင်း သော စေတနာကို အကုသိုလ်ကံ ဆိုရသည်။ အသီးတွေနှင့် တူ၏။

ယခုဘဝ ၌ပြုပြုသမျှ ကုသိုလ် အကုသိုလ်ကံ တို့ကို နောင် အသစ် ခန္ဓာပင်ကို ပေါက်ပွါး စေတတ်သောကြောင့် ဘဝ

ငွဲမှီ၍ ကိလေသာနှင့် ကံဖြစ်ပေါ်ပြန်၏။ ။ကိလေသာဘာဝေ ကမ္မံ အပ္ပဋိသန္ဓိကံဟောတိ။ ။သိုထိုအဋ္ဌကထာ။ ။ကိလေသာ ဘာဝေ၊ကိလေသာ မရှိလတ်သော်။ ကမ္မံ၊ ကံသည်။အပ္ပဋိသန္ဓိကံ၊ ပဋိသန္ဓေ အကျိုးကို မဖြစ်စေနိုင်သည်။ ဟောတိ၊ဖြစ်၏။ ။ ကိလေသာ ငြိမ်း၍ကံငြိမ်းမည်။ ကံငြိမ်းမှ ဝိပါကဝဋ်ငြိမ်းမည် ဆိုလိုသည်။ ။သောက-စသည်တို့ကို အင်္ဂါတွင်းသို့ မသွင်းရ။ ဇာတိ၏အကျိုးဆက်ကိုပြခြင်း အကျိုး၄ါရင်း, သောကစသည် တို့ကို ဆိုသဖြင့် အဝိဇ္ဇာဖြစ်ပြန်၍ ခန္ဓာစက်ရဟတ် တပတ်ပတ် လည်သည်ကို သိစေခြင်း၄ါရင်း, သောက, စသည်တို့ကို ဟောတော်မူသည်မှတ်။

> အင်္ဂါဆဲ့နှစ်ဝ၊ ကာလသုံးထွေ၊ အသေသုံးဖြာ၊ အလွှာ လေးရပ်၊ အစပ် သုံးသွယ်၊ နှစ်ဆယ် ခြင်းရာ၊ ဝဋ်မှာသုံးပါး၊ အမြစ်နှစ်ပါး၊ ပေါင်းအများကို၊ ခြားနားသိအောင်ကြံ။

အတိတ် အကြောင်း, ပစ္စုပ္ပန် အကျိုး, ငါးပါးစီ၊ ပစ္စုပ္ပန် အကြောင်း,အနာဂတ်အကျိုး,ငါးပါးစီ အခြင်းအရာနှစ်ဆယ်မှတ်။ ပဋိစ္စ သမုပ္ပါဒ်၏ အဓိပ္ပါယ်မှာ အကြောင်း, နာမ် ရုပ်ကို စွဲ၍ အကျိုး နာမ်ရုပ် ဖြစ်သည်။ အကျိုး နာမ်ရုပ်ကို စွဲ၍ အကြောင်း နာမ်ရုပ် ဖြစ်ပြန်သည်။အကြောင်း,အကျိုး,ဆက်လက်၍ ဖြစ်သော နာမ်ရုပ်ကိုပင် သတ္တဝါ အကောင်ဟု ထင်ရ, မြင်ရ, ခေါ်ဝေါ် ကြရ၏။ သတ္တဝါ အကောင်မရှိ၊ ဘန်ဆင်းဘတ်သော ထာဝရ ဘုရား- စသည် ဖြပ္ပွာ စသည် မရှိ ဆိုလိုသည်။ ။ငါတခြား, ပဋိသစ္စသမုပ္ပါဒ် တခြား မနေစေနှင့်။ ။တနည်းလည်း။ ကိလေသ ဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်,ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်, ဝိပါက ဝဋ်ကိုစွဲမှီ၍ ကိလေသဝဋ် ဖြစ်ပြန်. အဘန် တလဲလဲ ဝဋ်ဆင်းရဲ သတ္တဝါအကောင် အခဲမရှိ ဆိုလိုသည်။ နာမ်ရုပ်၏အကြောင်းကို တနည်းပြသည် ပြီး၏။

## ၁၀၅–ပညတ္တိဉာဏ်ပရမတ္ထဉာဏ်နှစ်မျိုးကို ပြဆိုခြင်း

အသိဉာဏ်ကို ပြဦးအံ့–

မသိ အစ၊ သိက အဆုံး၊ ကိစ္စတုံး၏။
မသိက တပတ်ပတ်၊ သိမှ အပြီးသတ်သည်။
မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်။
တွယ်လျှင်လည်းဘေး၊ ပယ်လျှင်ဧးသည်။

ဆိုခဲ့သောစကား၌ မသိ ဆိုသည်ကား အဝိဇ္ဇာ-မောဟ ကိုပင် ဆိုသည်။ ။တွယ် ဆိုသည်မှာ တဏှာကို ဆိုသည်။ ။သိ–ဆိုသည်မှာနာမ်ရုပ်ကို အဟုတ်သိ အမှန်သိ သိသော အသိဉာဏ်ကို ဆိုသည်။ ။ပြယ်–ဆိုသည်မှာ အဟုတ် အမှန်ကို သိသည့်အတွက် အဝိဇ္ဇာတဏှာ ကင်းသည်ကို ဆိုသည်။ ။အသိဉာဏ် ဆိုသော စကား၌ အသိဉာဏ်သည် နှစ်မျိုးရှိသည်။ နှစ်မျိုး ဆိုသည်ကား ပညတ္တိဉာဏ်,ပရမတ္ထဉာဏ် ဤနှစ်မျိုးတည်း။ယင်းနှစ်မျိုးတို့တွင် ပညတ္တိဉာဏ်- ဆိုသည်မှာ ကမ္မဿကာ မာတာဝ သတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇတိ။ ။မာတာဝ၊ လုလင်၊ သတ္တာ၊သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် တမလွန်ဘဝသို့ ယူသွားစရာ ကိုယ်ပိုင်ဉစ္စာရှိကြကုန်၏။ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ဝိဘဇတိ၊ခွဲခြမ်းဝေဘန်၏။ ။ဤသုဘာဒ်သုတ် ပါဠိတော်နှင့်အညီ သတ္တဝါတို့မှာ ကံမှတပါး တမလွန် ဘဝသို့ ယူသွားစရာ ကိုယ်ပိုင်ဉစ္စာမရှိ၊ သတ္တဝါတို့ကို ကံသာ ပြုပြင်စီရင်သည်။ ။ မကောင်းသော အမှုကို ပြုသောသူ မကောင်းကျိုး ခံရသည်။ ကောင်းသောအမှုကို ပြုသောသူ ကောင်းကျိုး ခံရသည်။ ဤသို့ စသည်သိသော ဉာဏ်ကိုရင်း,ယခုပစ္စုပ္ပန်ဘဝနောင်တမလွန်ဘဝ အဆက်ဆက်လောကီဘက်မှာ ချမ်းသာခြင်း၏အကြောင်း ပွါးစီးခြင်း၏အကြောင်းကို သိတတ်သော ဉာဏ်ကိုရင်း ပညတ္တိဉာဏ် ဆိုသည်။

ဒုဂ္ဂတိဆုံ သုဂတိဘုံ ရှိသည်။ ယင်း ဒုဂ္ဂတိဘုံ သုဂတိဘုံတို့၌ မြင်ကောင်းသော သတ္တဝါတွေ မမြင်ကောင်းသော သတ္တဝါ

တွေ့ ရှိကြကုန်သည်။ ယင်းသတ္တဝါတို့မှာ မကောင်းမှုကံ ဟူသမျှ ကိုယ်သန္တာန်မှာ ဖြစ်သော်လည်း အကျိုးမဲ့ ကိုသာ ပြုတတ် နှိပ်စက်တတ်သောကြောင့် ကိုယ်ဟူ၍ မဆိုရ။ ကိုယ့်ဟာဟူ၍ မဆိုရ။ သူစိမ်းပြင်ပ ရန်သူသာဆိုရသည်။ ။ကောင်းမှုကုသိုလ်ကံ ဟူသမျှ ကောင်းကျိုးကိုသာ ဆောင်တတ် ချမ်းသာစေတတ်သောကြောင့် ကိုယ်လည်း မည်၏။ ကိုယ့်ဟာလည်းမည်၏။ ။ဤလို စသည် သိတတ်သော ဉာဏ်သည်လည်းပညတ္တိ ဉာဏ်ပင်။ ။ဉာဏ်ဟူသမျှ အကုသိုလ်နှင့် မယှဉ်၊အကုသိုလ် ဉာဏ် - ဟူ၍ မရှိ။ ပညတ္တိဉာဏ်ကို အရင်းခံ၍ပါရမီကို ဖြည့်ကြရ လောကုတ္တရာဘက်သို့ ကူးရန် အားထုတ်ကြရသည်။ ပညတ်လည်း သူ့နေရာနှင့်သူ အသုံးကျသည်။ပညတ်မကင်းသောကြောင့် ပညတ္တိဉာဏ်-ဟူ၍ ဆိုလိုက်သည်။ကမ္မဿကတာဉာဏ် ဆိုသည်နှင့် အတူတူပင် မှတ်လေ။

ပရမတ္ထဉာဏ် ဆိုသည်မှာ သတ္တဝါ အကောင် မဟုတ်၊သက်သက် အဟုတ်ရှိ တကယ်ရှိ နာမ်နှင့်ရုပ်ကို သိသောဉာဏ်ကို ဆိုသည်။ ။ပညတ်ကား လောကီဘက်၌ အသုံးကျသည်။လောကုတ္တရာဘက်သို့ တက်လိုလျှင် ပညတ် ဖျက်ရသည်။ ။ဤအရာ၌ ပရမတ္ထဉာဏ်ကိုသာ ပြလိုရင်းတည်း။ ။ယင်း ပရမတ္ထဉာဏ်ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်-ဟူ၍ နှစ်မျိုးမှတ်။ ။ယင်း နှစ်မျိုးတို့တွင် ဝိပဿနာဉာဏ် ဆိုသည်မှာ အထူးသိတတ်သော ဉာဏ်ကိုဆိုသည်။ ။အထူးသိ- ဆိုသည်မှာလည်းသိနေကျ ပညတ္တိဉာဏ်ထက်ထူး၍ တခုထဲ တရှိထဲ မိန်းမကောင်,ယောကျ်ားကောင်, သူကောင်, ငါကောင် ဟူသော အမြှေးအကာ ပညတ်လွှာကို ဖယ်ထား ခွါလှစ်၍ အကြောင်း အကျိုးဖြစ်သော ရုပ်အစစ် နာမ်အစစ်ကို သိသည်ကို ဆိုသည်။ ။

ပညတ္တိံ ထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။ ။

ပညတ္တိံ၊ အပေါ်ရံ အမြှေးအကာ ပညတ်လွှာကို၊ ထပေတွာ၊ခွါလှန်ဖယ်ထား၍။ ဝိသေသေန၊ သိနေကျ ပညတ်ဉာဏ်ထက်

ထူးသောအားဖြင့်။ ပဿတိ၊ အကြောင်း အကျိုး ဖြစ်သော ရုပ်အစစ် နာမ် အစစ်ကို မြင်တတ်၏။ ဇာတိ တသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ။ယင်း ဝိပဿနာသည် နှစ်ပါး, တနည်း ခြောက်ပါး, တနည်း ဆယ်ပါး အပြား ရှိသည်။ အဘယ်ကြောင့် သုံးနည်းပြားရ သနည်း ဆိုသော် ဉာဏ်ထက်သော ပုဂ္ဂိုလ် တို့မှာ ဝိပဿနာ နှစ်ချက်ဖြင့် အသိအဆုံးရောက်နိုင်သည်။ ဉာဏ်အလတ် ရှိသော သူတို့မှာ ဝိပဿနာ ခြောက်ချက်ဖြင့် အသိအဆုံး ရောက်နိုင်သည်။ ဉာဏ်တုံးသော သူတို့မှာ ဝိပဿနာ-ဆယ်ချက်ဖြင့် အဆင့် အဆင့် တက်မှ အသိအဆုံး ရောက်နိုင်သည်။ ဤသို့ ပုဂ္ဂိုလ် သုံးမျိုး ပြားသောကြောင့် ဝိပဿနာ သုံးမျိုးပြားလေသည်။ ။ရှေ့ကလည်းပြခဲ့ပြီ။

မဂ်ဉာဏ် ဆိုသည်မှာ အလုံးစုံသော ကိစ္စတို့ကို ပြီးစေ၍ နောက်တဖန် သိစရာ မရှိ အဆုံးရောက် သိသော အသိကို ဆိုသည်။ ။ကိစ္စာနံ အန္တံ မဂ္ဂတိ ဂစ္ဆတီတိမဂ္ဂေါ။ ။ကိစ္စာနံ၊ သိစရာ ကိစ္စ အစရှိကုန်သော အလုံးစုံသော ကိစ္စတို့၏။ အန္တံ၊ အပြီးသတ်အဆုံးသို့။မဂ္ဂတိ ဂစ္ဆတိ၊ရောက်တတ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ တံ၊ထိုအဆုံးဉာဏ်သည်။ မဂ္ဂေါ၊ မဂ်ဉာဏ်မည်၏။ အဆုံးရောက်သည် ဆိုသည်မှာ နိဗ္ဗာန် ရောက်သည်ကို ဆိုသည်။

ဆင်းရဲ ကင်းလို ချမ်းသာ ကြလိုသော သံသရာ ခရီးသွား ငြိမ့်သည်မှန်သမျှ သတ္တဝါတို့မှာ မိမိတို့က မသိကြသော်လည်း ကိစ္စကြီးလေးပါးအမြဲစွပ်လျက်ပင်ရှိ၍ နေကြကုန်၏။ ။ကိစ္စကြီးလေးပါး ဆိုသည်ကား။ ။ချမ်းသာစေရန် သွားတတ် လာတတ် နေတတ် ထိုင်တတ် ကျင့်တတ်ကြံတတ်အောင် အမှန်ကျသိစရာ တတ်စရာ ကိစ္စလည်း ကိစ္စကြီး တပါး။ ။သိသည့် အတိုင်း မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံဟူသောအကုသိုလ် မျိုးကိုမဖြစ်စေရအောင် အောင့်အည်းဆင်ခြင်ဘွယ် ရှောင်ကြဉ် ပယ်စွန့်ဘွယ် ကိစ္စလည်း ကိစ္စကြီးတပါး။ ။သိသည့်အတိုင်း ကောင်းသောအမှုအရာ ဒါန-သီလ-ဘာဝနာ-ဟူသော ကုသိုလ်

ဇုဏ္ဍသယ (က) ၁၄၀-၃၆

အမျိုးမျိုးကို ဖြစ်ပွါး စေရန် ကိစ္စလည်း ကိစ္စကြီးတပါး။ ။ အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ဖြစ်ပွါးစေ၍ ချမ်းသာသုခကို ရအောင်ရရန် ကိစ္စလည်း ကိစ္စကြီးတပါး။ ။ဤလေးပါးတည်း။ သိစရာ တတ်စရာ ကိစ္စ၊ ပယ်စွန့် ရှောင်ကြဉ်စရာ ကိစ္စ၊ ပွါးများအားထုတ်ရန် ကိစ္စ၊ ရရန်ရစရာကိစ္စ။ ။အကျဉ်းချုပ် ကိစ္စကြီး လေးပါး။ ။ဝိပဿနာဉာဏ်ဖြင့် နာမ်ရုပ်တို့၌ သိစရာ မြင်စရာကုန်၍ နောက်ဝိတ်ဆုံးနိဗ္ဗာန်ကို သိလိုက် မြင်လိုက်သော ဉာဏ်ကိုပင် မဂ်ဉာဏ်ဆိုရသည်။ ။မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လိုက်သည်နှင့် တပြိုင်နက် ကိစ္စကြီး လေးပါးပြီးစီး၍ငြိမ်းကြီး ငြိမ်းလေ၏။ ထို့ကြောင့်။ ။ကိစ္စာနံ အနံ့ မဂ္ဂတိ ဂစ္ဆတီတိ မဂ္ဂေ –ဟု ဝိဂြိုဟ် ဆိုလိုက်သည်။

ယင်း မဂ်ဉာဏ်သည် သောတာပတ္တိ မဂ်ဉာဏ်, သကဒါဂါမိ မဂ်ဉာဏ်,အနာဂါမိမဂ်ဉာဏ်,အရဟတ္တမဂ်ဉာဏ်–ဟူ၍ လေးပါး ရှိသည်။ ။တခုတခု ကိစ္စကို ပြုသော သူသည် ပြုစရာ ကိစ္စ အနည်းငယ် ကျန်ကြွင်းသော်လည်း မချွတ်ပြီးလတ္တံ့ဖြစ်၍ ကိစ္စ ပြီးပါပြီလား မေးခဲ့သော် ပြီးပါပြီဆိုရသကဲ့သို့ ရှေ့ဉာဏ်သုံးပါး တို့မှာအနည်းငယ် ကိစ္စ ကျန်ကြွင်းသော်လည်း မချွတ် ပြီးဆုံး လတ္တံ့ဖြစ်၍ အပြီးအဆုံး ဟူ၍ပင် ရုဠ္ဌီတင်၍ ဆိုရသည်။ အရ ဟတ္တမဂ်ဉာဏ်ကိုသာ မုချ ယူရသည်မှတ်လေ။

လောကီ နာမ်ရုပ်သည် လက္ခဏာရေးသုံးပါး ငုံကပ်ပါရှိ၍ နေသောကြောင့် ဒုက္ခသစ္စာ။ ။နာမ်ရုပ်ဟူသော ဒုက္ခသစ္စာကို ဖြစ်ပွါး စေတတ်သော အကြောင်း အများတွင် မူလ အရင်း ဖြစ်၍လောဘသည် သမုဒယသစ္စာ။ ။နာမ်ရုပ်တို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ ။နိရောဓသို့ ရောက်စေ တတ်သော အခြံအရံနှင့်တကွသော ဉာဏ်သည် မဂ္ဂသစ္စာ။ ။ ယင်းသစ္စာလေးပါးထဲတွင် ဒုက္ခသစ္စာမှာ ပရိညေယျကိစ္စ၊သမု ဒယသစ္စာမှာ ပဟာတဗ္ဗကိစ္စ၊ နိရောဓသစ္စာမှာ သစ္ဆိကာတဗ္ဗ

ကိစ္စ၊ မဂ္ဂသစ္စာမှ ဘာဝေတဗ္ဗကိစ္စ။ ။ဤသို့ ဆိုရမည်ကို သိလွယ် မြင်လွယ် ထင်လွယ်အောင် ဆိုလိုက်သည်။ အတူတူ မှတ်လေ။

ယခုဘဝ မင်္ဂ ဖိုလ်နိဗ္ဗာန်ကို အကယ် အဟုတ် ရလိုရောက် လိုသော သူမှန်သမျှဒါနကိုပြု၍ နေဘွယ်မရှိ။ လယ်-ယာ-ကျွဲ-နွား၊ သား-မယား-ဥစ္စာ၊ ဘယ်ဟာကိုမှ မသိမ်းပိုက် မရှာဘွေဘဲ တောကိုကြည့် လွင်ကိုထွက်၍ ငဲ့ကွက်ခြင်းမရှိ ဝိပဿနာအလုပ် ကိုသာ အားထုတ်ရသည်။ ။နောင် လွယ်လွယ်နှင့် နိဗ္ဗာန်ကို ရလိုရောက်လိုသော သူတို့မှာ ဒါနကိုလည်းပွါး သီလကိုလည်းပွါး ဝိပဿနာကိုလည်း ကြားညှပ်၍ အားထုတ်ရသည်။

ဒါနမရှိလျှင် ရိက္ခာမပါသော ခရီးသွားနှင့်, ဒါန နည်းလျှင် ရိက္ခာနည်းသော ခရီးသွားနှင့် အလားတူသည်။ ။သီလမရှိလျှင် ခြေကျိုးသော ခရီးသွားနှင့်၊ သီလ နည်းလျှင် ခြေမသန်သော ခရီးသွားနှင့် အလားတူသည်။ ။ဝိပဿနာမရှိလျှင် မျက်စိမမြင် သောခရီးသွားနှင့် ဝိပဿနာနည်းလျှင်မျက်စိမွဲသောခရီးသွားနှင့် အလားတူသည်။ ဒါနဖြစ်စေ, သီလဖြစ်စေ, ဘာဝနာဖြစ်စေ, ကုသိုလ်မှန်လျှင် မိမိတို့ဆန္ဒပတ္ထနာ အားလျော်စွာ လိုအပ်သော အကျိုးကို ပေးနိုင်, ရစေနိုင်, ရောက်စေနိုင်သည်။ နိဗ္ဗာန်ကို ရလို ရောက်လိုသောသူ မှန်လျှင် ဒါနကိုခင်သည့်, သီလကိုခင်သည့်, ဝိပဿနာကိုခင်သည့်, နှစ်လုပ်စာရလျှင် စားသူရှိက တလုပ်ကို ဝေနိုင်သည်။

သဒ္ဓါကို ပညာစောင့်မှ, ပညာကို သဒ္ဓါစောင့်မှ, လမ်းဖြောင့် သည်။ ။သဒ္ဓါ,ဆိုသည်ကား အလှူခံကို မသဒ္ဓါ မကြည်ဖြူခြင်း ဗျာပါဒ, မိမိပစ္စည်းကို နှမြောခြင်းလောဘ, ပျင်းရိခြင်း, ထိန မိဒ္ဓ စသောကိလေသာ အမြူ အနယ်တို့ကို ကင်းရှင်းစေ၍ စိတ်ကို ကြည်စေခြင်း သဘော။ ဒါန- ကုသိုလ် သည် လိုအပ်သော ကောင်းကျိုးကို ပေးနိုင်သည်ဟု ယုံကြည် ပြေးဝင်ခြင်း သဘော။ ပညာ-ဆိုသည်ကား အမှန်အသင့်ကို ချင့်ချိန်၍ သိတတ်သော

သဘော။ ။သဒ္ဓါကို ပညာ မစောင့်လျှင် သဒ္ဓါ ကြည်ဖြူသည် လိုလိုနှင့် အချစ်အခင် တဏှာ ဝင်တတ်သည်။ အရာမဟုတ်ရာ မကြည်ညိုသင့်ရာ၌ ကြည်ညိုသဖြင့် ကုသိုလ်လိုလိုဖြင့် မောဟ ဇောအကုသိုလ် ဖြစ်တတ်သည်။ ။ပညာကို သဒ္ဓါမစောင့်လျှင် ဒါနကို ကြမ်းသည်ထင်၍ ဒါနကို မပြုလိုချင် စသည်ဖြစ်တတ် သည်။ ထိုသို့ဖြစ်ခြင်းသည် အကုသိုလ် သစ်ပင်။ ။ထိုစကား မှန်၏။ ။ဒါနက ကြမ်းသည် ထင်ခြင်းသည် အမှန် အသင့်ကို ချင့်ချိန်တတ်သော ပညာလိုလိုနှင့် မမှန်မသင့်ကို ချင့်ချိန်တတ် သော မဟုတ်သိ မောဟပင်မှတ်။ ဒါနကို မပြုလိုသော စိတ်သည် သံဝေဂ စိတ်လိုလိုနှင့် မိမိဥစ္စာကို မစွန့်ရက် နှမြောတတ်သော လောဘ,လှူခြင်း၌ ပျင်းရိခြင်းထိနမိဒ္ဓ, အလှူခံကို မသဒ္ဓါမကြည်ဖြူ ခြင်း, ဗျာပါဒတို့ပင် မှတ်လေ။

လူဖြစ်စေ, ရဟန်းဖြစ်စေ, သံဝေဂ စိတ်နှင့် ဝိပဿနာကို အားကြီး အားထုတ်သောပုဂ္ဂိုလ်တို့မှာမူကားဝိပဿနာအလုပ်ကို ပင့်စေပြီးလျှင် ဒါနပြုရန် ပစ္စည်းဥစ္စာကို ရှာဖွေရုံးစု၍ ဒါနကို မပြုခြင်းသည် ကောင်း၏။ ပစ္စည်းဥစ္စာ ရှိလျက်ရှာဖွေသိမ်းဆည်း လျက်နှင့် မပေးရက်, မလှူရက် ဒါနကိုမပြုသော် ဘယ်လိုပုဂ္ဂိုလ်မှ မကောင်း သည်သာ အမှန်။ ။သဒ္ဓါနည်းပါး၍ ပညာများလျှင် ပညာနှင့်အချင့်အချိန် အစဉ်းအစား တူကြသောကြောင့် တဏှာ မောဟသည်ပညာနောက်ယောင်ပညာနှင့်တူစွာ ပညာတု ပြု၍ အဟုတ်လိုလိုနှင့် မဟုတ်မတရား စဉ်းလဲစဉ်းစား ဖြစ်တတ်သည်။ ဉာဏ်ရှိသူ မိုက်က, စဉ်းလဲက သူတကာ မတတ်နိုင်အောင် မိုက်တတ်, စဉ်းလဲ တတ်သည်။ ။ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ ။ထိုထိုအဋ္ဌကထာ။ ။ဗလဝပညော၊ ပညာကသဒ္ဓါထက် အားရှိသော။ မန္ဒသဒ္ဓေါ၊ သဒ္ဓါကနည်းသော ပုဂ္ဂိုလ်သည်။ကေရာဋိကပက္ခံ၊ စဉ်းလဲစဉ်းစားဘက်သို့။ ဘဇတိ၊ ကပ်ရောက် ပြေးဝင်တတ်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ မှားသော

ဆေးကြောင့် ဖြစ်သော။ရောဂေါဝိယ၊ အနာရောဂါကဲ့သို့။အတေကိစ္ဆော၊အကုစားခက်သည်။ပဟာတိ၊ဖြစ်၏။ ။အနက်။

လောဘဘက်လျှင်၊ဒါနခက်သည်။
မကြောက်မရှက်လျှင်၊သီလခက်သည်။
သုဘမဘက်၊မလေ့ကျက်လျှင်၊ဝိပဿနာခက်သည်။

ကျင်လည်လေသမျှ သံသရာဘဝမှာ ဝိပဿနာဟူ၍ အသံကိုသော်မျှ အလွန်ကြားရခဲသည်၊ အနံ့ကိုမျှနံ့ရခဲသည်၊ ဝိပဿနာနံ့စော်တွေ့မွှေးကြိုင် လှိုင်လှသောသာသနာတော်၏ အတွင်းကြုံကြိုက်ရသော ယခုဘဝ၌ အနံ့ကို နံ့ဘူးသည်ရှိရုံမျှ အားထုတ်ဘူးသည်ရှိရုံမျှသော်လည်း အားထုတ်ကြရမည်။ ။စာတတ်မှ အားထုတ်တတ်သည့် စာတတ်မှ နည်းလမ်းကျသည်။ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်း မကျဟု မှတ်ထင် တတ်သည်၊ မမှတ်ထင်နှင့်။ ။ဘုရား လက်ထက်တော်က စာ မသင်, ပေမသင် စာမတတ်ဘဲ ကကြီးလုံး, ခခွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန် ရောက်သူတွေသာ များသည်။ စာတတ်၍နိဗ္ဗာန်ရောက်သူ အနည်းငယ်သာ ရှိသည်။ ဝိပဿနာနှင့်ကင်း၍ လည်းနိဗ္ဗာန်ကို မရောက်နိုင်။ စာတတ်,ကျမ်းတတ်,ပိဋကတ် သုံးပုံဆောင်ဂိုဏ်း ဆရာအကြီး ပေါဋ္ဌိလ မထေရ်ကြီးသည် သာမဏေငယ်ထံ နည်းယူ၍ သာမဏေငယ် နည်းပေးမှနိဗ္ဗာန်သို့ ရောက်သည်ဟု ဓမ္မပဒ အဋ္ဌကထာမှာ ပင်ဆိုသည်။ နည်းကောင်း ရသည်သာ လိုရင်းဖြစ်သည်။

အမှန်ကျန၊ နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာ အားထုတ်။
သည့်ထက်ကောင်းသောအလုပ် တလောကလုံးမှာမရှိ။

အားထုတ်လိုသော အမျိုးကောင်းသား; အမျိုးကောင်းသမီးတို့သည်ဆိတ်ငြိမ်ရာသို့ ကပ်၍ သီလတည်ရှိပြီး ပုဂ္ဂိုလ်ဖြစ်လျှင် မိမိသီလ စင်ကြယ်သည်၏ အဖြစ်ကို အာရုံပြု၍။ ။ပရိသုဒ္ဓံ မေ သီလံ၊သီလံ မေ ပရိသုဒ္ဓံ။ ။မေ၊ငါ၏။သီလံ၊သီလသည်။ ပရိသုဒ္ဓံ၊ စင်ကြယ်၏။ မေ၊ ငါ၏။ သီလံ၊သီလသည်။ ပရိ

သုဒ္ဓါ၊စင်ကြယ်၏။ ။ဤလိုအဘန်ဘန် ဆင်ခြင်ပြီးလျှင် သီလ မဘည့်မရှိသူဖြစ်က သီလကို ခံယူဆောက်တည်၍ မိမိကိုယ်ကို သီလ၌တည်စေပြီးလျှင် ရတနာသုံးပါးကို ရှိခိုးရမည်။

အဟောဗုဒ္ဓေါအဟောဓမ္မော၊အဟောသံဃောတိဒုလ္လဘံ၊။

တံ ဝန္ဒေညာဏဗုဒ္ဓိ၊သဏ္ဍံ လက္ခဏပါဒကံ။

ဗုဒ္ဓေါ၊ သိစရာ ရှိသမျှကို အကျန်မရှိ ဟုတ်တိုင်း မှန်တိုင်း ကမ်းကုန် လမ်းကုန် အသိဆုံး ကမ်းရောက် ဟာလာဟင်း ထိုးထွင်းကြိတ်ချေနှောက်မွှေကုန်စင်ကိစ္စပြီး အသိကြီးတသိထဲသိ တမြင်ထဲ မြင်တော်မူနိုင်သောကြောင့် တလင်းထဲလင်း၊ တရှင်းထဲရှင်း၊ တစင်ထဲစင်၊ တကြည်ထဲကြည်၊ တဧးထဲ ကိစ္စပြီး၊ ဧးကြီးဧးတော်မူသော ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ အဟော၊ ဩော် အံ့၍ မဆုံး လောကအလုံးတွင် အမြတ်ဆုံး အလွန်ဆုံးပုဂ္ဂိုလ်ထူးကြီး ပါပေတကား။ ။ဓမ္မော၊ တမိုက်ထဲ မိုက်၊ တရှုပ်ထဲရှုပ်၊တညစ်ထဲညစ်၊ တနောက်ထဲနောက်၊တပူထဲပူ ကြရသော သတ္တဝါတွေကို တလင်းထဲ လင်း၊ တရှင်းထဲ ရှင်း၊ ထစင်ထဲစင်၊ တကြည်ထဲကြည်၊ တဧးထဲကိစ္စပြီး၊ ဧးကြီး ဧးစေ တော်မူတတ်သော ကိုးပါးသော လောကုတ္တရာ တရားတော် မြတ်သည်။ အဟော၊ ဩော် အံ့၍ မဆုံး လောက အလုံးတွင် အမြတ်ဆုံး အလွန်ဆုံး တရားတော်ပါပေတကား။ ။သံဃော၊ ဘုရားကိုယ်တော်မြတ်ကြီး နည်းလမ်းပြသည်အတိုင်း လွတ်လွတ် ညွှန်ညွှန်ကျင့်ကြံအားထုတ်တော်မူကြ၍ ကိုးပါးသောလောကုတ္တရာ တရားကို လက်၌ ရတော် မူကြသောကြောင့် တလင်းထဲ လင်း၊ တရှင်းထဲ ရှင်း၊ တစင်ထဲ စင်၊ တကြည်ထဲ ကြည်၊ တဧးထဲ ကိစ္စပြီး ဧးကြီး ဧးတော်မူကြသော အရိယာ သံဃာတော် အပေါင်းသည်။ အဟော၊ဩော်—အံ့၍မဆုံး လောကအလုံးတွင် အမြတ်ဆုံး အလွန်ဆုံး ပုဂ္ဂိုလ်တွေ ပါပေတကား။ ။ဣတိ အယံ၊ ဤအမြတ် ရတနာသုံးပါး အပေါင်းသည်။ လောကေ၊ နှစ်သိန်း လေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီး၌

မြေမှုန့်မက ဘဝဘန်များ လွန်ရှည်လျားသော သံသရာဟူသော လောကကြီးထဲ၌။ အဟော ဒုလ္လဘံ၊ ခြော် တွေ့ခဲ, ကြုံခဲ, ရခဲ လှစွာသောရတနာတော်မြတ်ပါပေတကား။ ။ဉာဏဒိဋ္ဌံ၊ ပကတိ မျက်စိဖြင့်မမြင် ဉာဏ်မျက်စိဖြင့်သာ မြင်အပ်ထသော။ အဂ္ဂံ၊ အထက်မရှိ အလွန်မရှိ အသာမရှိ ထွတ်မြတ်လှစွာသော။ သဏ္ဍံ၊ အလွန် သိမ်မွေ့လှစွာထသော။ လက္ခဏာပါဒကံ၊ လက္ခဏာရေး သုံးပါးလျှင် အခြေပိုက်ထသော။ထံ၊ ထိုကံကောင်းထောက်မ ယခု ဘဝ တွေ့ကြုံရပေသော ရတနာတော်မြတ် သုံးပါးအပေါင်းကို။ အဟံ၊ နောက်ပူညစ်ရှုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်သည်။ ဝန္ဒေ၊လင်းလိုရှင်းလို ကိစ္စပြီး နေကြီးနေလိုသောအား ဝပ်တွား ရိုကျိုး လက်စုံမိုး၍ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။ဤလိုရတနာ သုံးပါးတို့ကို ရှိခိုးရမည်။ ရှိခိုးပြီးလျှင်—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>
ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊အဟုတ်တွေ အမှန်တွေကို ကိစ္စပြီးအသိကြီး သိတော်မူ၍ စိတ်ချ လက်ချ နေကြီး နေတော်မူရသောလောက၏ အညွန့် အဖူး ပုဂ္ဂိုလ်လွန် ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော် မူပေသောဘုရား သခင်ကိုယ်တော်မြတ်ကြီးကို။ သရဏံ၊ အားကိုးရာ အားထားရာ ဟူ၍။ဂစ္ဆာမိ၊ ယုံကြည်သိမှတ်ပါ၏, ဆည်းကပ်ပါ၏, အားကိုး ပါ၏,အားထားပါ၏ အရှင်ဘုရား။ဓမ္မံ၊ စိတ်အစဉ်နှင့် တခါမြင်သိ တွေ့ထိလိုက် ရသည် ရှိသော် သတ္တဝါတို့၏ ပူပန် ခပ်သိမ်းကို ငြိမ်းအေး စေတတ်သော သတ္တိ အာနုဘော် ရှိသော ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်ကို။သရဏံ၊ အားကိုးရာအားထား ရာ ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် သိမှတ်ပါ၏, ဆည်းကပ် ပါ၏, အားကိုးပါ၏,အားထားပါ၏ အရှင်ဘုရား။ ။သံဃံ၊ ကိုးပါးသော လောကုတ္တရာ တရားကို စိတ်အစဉ်နှင့် သိမြင်ရမိ တွေ့ထိရလေ

သောကြောင့် စိတ်ချလက်ချ ဧကြီးအေးတော်မူကြရသော အရိယာ သံဃာတော်အပေါင်းကို၊ သရဏ၊ အားကိုးရာ အားထားရာဟူ၍၊ ဂရုဓာပ်၊ ယုံကြည်သိမှတ်ပါ၏ ဆည်းကပ်ပါ၏ အားကိုးပါ၏ အားထားပါ၏အရှင်ဘုရား။

ဤလိုသရဏဂုံ ဆောက်တည်ရမည်။သရဏဂုံ ဆောက်တည် ပြီးလျှင် ဘုရားဂုဏ်ဟူသော အာရုံ၌ စိတ်ကို အောက်မေ့ စွဲမြဲ စေရမည်။ ။ငွဲမြဲပုံမှာ-

ဗုဒ္ဓေါ၊အဟုတ်တွေအမှန်တွေကိုတသိထဲ သိမြင်တော်မူတတ် ပါပေသော မြတ်စွာဘုရား။

အဟုတ်တွေ အမှန်တွေကို တသိထဲ သိမြင်တော်မူသော ကြောင့် မိုက်မှောင် ပယ်ရှင်း အလင်းကြီး လင်းတော်မူ၍ တလင်းထဲလင်းသော အလင်း တုံးကြီး ဖြစ်တော် မူပေသော မြတ်စွာဘုရား။

အဟုတ်တွေ အမှန်တွေကို တသိထဲ သိမြင်တော် မူသော ကြောင့် ယှုချင်စရာ ရချင်စရာ အနှစ်သာရကို မမြင်, အစွဲ အလမ်း အတွယ် အခင် အမျှင် အချုပ် ပြတ်ပြုတ် လွတ်ကင်း အရှင်းကြီး ရှင်းတော်မူ၍ တရှင်းထဲ ရှင်းသော အရှင်းတုံးကြီး ဖြစ်တော်မူပေသောမြတ်စွာဘုရား။

အဟုတ်တွေ အမှန်တွေကို တသိထဲ သိမြင် ဉာဏ်တော် ရေစင့်ဖြင့် တွင်းမြင် မလပ် စွဲကပ် လိမ်းကျံညှိနံ ညစ်ထေး ကိလေသာ အညစ်အကြေးကို ဆေးကျော်တော် မူပြီးဖြစ်သော ကြောင့် ရုပ်တော် နာမ်တော် နှစ်ပါးလုံး၌ ဆိုဘွယ်ကင်းဝေး ညစ်ကြေး မတင် စင်ကြီး စင်တော်မူ၍ တစင်ထဲ စင်သော အစင်တုံးကြီးဖြစ်တော်မူပေသော မြတ်စွာဘုရား။

အဟုတ်တွေ အမှန်တွေကိုတသိထဲသိမြင်တော်မူသောကြောင့် စိတ်တော်အစဉ်၌ အနည်းငယ်မျှ တွေးဆနှံ့နှေး ညစ်မှေးနောက်

ကျုံခြင်း မရှိ၊ ညစ်ညူးပုပ်နံခြင်းမရှိ၊ ကြည်ကြီး ကြည်တော်မူ ဇေးကြီး ဇေးတော်မူ၍ တကြည်ထဲ ကြည်သော အကြည် တုံးကြီး တဇေးထဲ ဇေးသော အဇေးတုံးကြီး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

အလင်းတုံးကြီး, အရှင်း တုံးကြီး, အစင်တုံးကြီး, အကြည် တုံးကြီး အဇေးတုံးကြီးဖြစ်တော်မူ၍ လူရော, နတ်ရော, ဗြဟ္မာရော တလောကလုံး၏ အားကိုးရာကြီးအားထားရာကြီး ဖြစ်တော်မူပါ ပေသော မြတ်စွာဘုရား။

အလင်းတုံးကြီး, အရှင်းတုံးကြီး, အစင်တုံးကြီး, အကြည် တုံးကြီး, အဇေးတုံးကြီး ဖြစ်တော်မူ၍ အထက် မရှိ အလွန် မရှိ အသာမရှိ လောကအလုံးတွင် အထွတ်ဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံးကြီးဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

သတ္တဝါတို့ ချမ်းသာဖို့ရန် ခေတ်ကောင်းကြီး ဖြစ်တော်မူ ပေသောမြတ်စွာဘုရား။

သတ္တဝါတို့ ချမ်းသာဖို့ရန် လောကကြီး၌ ဖြစ်ပေါ်တော် မူလာပါပေသော မြတ်စွာဘုရား။

ဤလို စသည် နှစ်သက်ရာ တခုခုကိုဖြင်း,အကုန်လုံးကို ဖြင်း, ရှေးဦးစွာ နှုတ်ဖြင့် အကြိမ်များစွာ ရွတ်ပြီးနောက် စိတ်ဖြင့်စွဲမြဲ အောက်မေ့ရသည်။ ။စွဲမြဲအောက်မေ့သောအခါ နှစ်သက်ခြင်း ပီတိ ဖြစ်တတ်သည်။ ပီတိ ဖြစ်လာလျှင် အပျင်းအရိအညောင်း အညာအဝိုက် အမျည်းကင်း၍ ချမ်းသာခြင်း စိတ်၏ကြည်လင် ရှင်ပြခြင်း ရဲရင့်တည်ကြည်ခြင်း ဉာဏ်၏ ထက်သန်ခြင်းတွေ ဖြစ်လာတတ်သည်။

တေမိမင်းသားကိုရှားမီးခဲအပုတို့ဖြင့် ကင်၍ အလိုစမ်းကြလျှင် အဖူးအလုံးထ အလွန် ပူလှသောအခါ အမောင်တေမိ ငရဲမီးပူကို ဇကြောက်လျှင် ရှားမီးပူကို အောင့်၍ခံ၊ စကားမပြောနှင့်ဟု စိတ်ကို ဆုံးမ၍ တေမိမင်းသား ရှားမီးပူကို အောင့်အည်းသည်းခံသကဲ့သို့

ထို့အတူ ငရဲဘေး ပြိတ္တာဘေး သံသရာ ဘေးကြီးတွေကို ကြောက်လျှင် အနည်းငယ် မပြောပလောက်သော အညောင်း အညာ အပူအအိုက် အဖေးအကျင် အမော အပန်း အဆာ အမွတ် အသော ဆင်းရဲကို အောင့်အည်း သည်းခံရသည်။

မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေမတ္တာသုခံ ဓီရော၊သမ္ပဿံ ဝိပုလံ သုခံ။

မတ္တာသုခပရိစ္စာဂါ၊ အနည်းငယ်သောသုခကိုစွန့်ခြင်းကြောင့်။ ဝိပုလံ၊ ပြန့်ပြောကြီးကျယ်သော။ သုခံ၊ချမ်းသာကို။ ပဿေစေ၊ အကယ်၍ မြော်မြင်သည်ဖြစ်အံ့။ဝိပုလံ၊ ပြန့်ပြောကြီးကျယ်သော။ သုခံ၊ချမ်းသာကို။ သမ္ပဿံ-သမ္ပဿန္တော၊ မြော်မြင်သော။ဓီရော၊ ပညာရှိမ်နီးမ, ယောကျ်ားသည်။ မတ္တာသုခံ၊ အနည်းငယ်သော ချမ်းသာကို။ စဇေ၊စွန့်ရာ၏။ ။ဤဂါထာနှင့် အညီအကြီးအကျယ် ချမ်းသာကို လိုလား တောင့်တက အနည်းငယ်သော ချမ်းသာ သုခကို စွန့်ရသည်။ အဆင်းရဲခံရမည် ဆိုလိုသည်။ ။အဆင်းရဲ ခံရမည်ဆိုသော်လည်း မထင်မြင်မစွဲမြဲ ခင်သာ ထင်မြင်စွဲမြဲခဲ့လျှင် နှစ်သက်မွေ့လျော်ခြင်း ချမ်းသာတွေ ဖြစ်ပေါ်၍လာတတ်သည်။

အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။ ။ထေရ ပါဠိတော်။ ။သမ္မာ၊ အမှန်အားဖြင့်၊ ဓမ္မံ၊ မှန်မြတ်သောတရားကို။ ဝိပဿတော၊ ငုံမြဲ၍ ထင်မြင်သော ပုဂ္ဂိုလ်အား။ အမာနုသီ၊ လူချမ်းသာမှီ နတ်ချမ်းသာမှီ ပူညှိဝေးကွာ အလွန် ခံသာ သော။ရတိ၊ မွေ့လျော်ချမ်းသာခြင်းသည်။ ဟောတိ၊ ဖြစ်ပေါ် တတ်၏။ ။အနက်။ ။ဗုဒ္ဓါနုဿတိ ဘုရား ဂုဏ်တော်ကိုစွဲမြဲ အောက်မေ့ခြင်း သမထဘာဝနာကို အားထုတ်ပြီးနောက် အဟုတ် အမှန်တွေကို သိရန်ဝိပဿနာကို အားထုတ်ရသည်။

## ၁၀၆–နာမ်, ရုပ်သိမ်းဆည်းပုံကိုပြဆိုခြင်း

ဝိပဿနာကို အားထုတ်သောအခါ နာမ်ရုပ်ကို ရှေဦးစွာ သိမ်းဆည်းရသည်။

သိမ်းဆည်းပုံမှာ–

ဘုရားကိုယ်တော် မြွက်ကြီး သိအပ်သော အဟုတ်တွေ အမှန်တွေ ဆိုသည်မှာ ရုပ်တရားတွေ, နာမ်တရားတွေ ပင်တည်း။ ။ရုပ်တရားတွေ ဆိုသည်မှာလည်း တခြား မဟုတ်၊ မဟာဘုတ် ဥပါဒါယရုပ်တို့၏ ပေါင်းစုလုံးထွေး အစု အဝေး ဖြစ်သော ယခု ငါဟု ဆိုအပ်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, ဟဒယဝိညာဏ် ဟူသော အဇ္ဈိမ် ခြောက်ခုရှိသော တစုံတရာ ဘယ်ဟာတခုကိုမှ မသိတတ်သော ဤရုပ်စု ရုပ်ပိုင် ရုပ်ခဲကြီးပင် တည်း။

ယခု ငါဟု ထင်မှတ် အပ်သော တဆဲ့တမျိုး ရေနှော လုံးနယ်၍ ပြုအပ်သော မုံ့ညက်ရုပ်ကြီးနှင့် တူသော တစုံတရာ ဘယ်ဟာတခုကိုမှ မသိတတ်သော ဤရုပ်စု ရုပ်ပိုင် ရုပ်ခဲကြီးပင်တည်း။

လူသားပုပ်, ခွေးသားပုပ်, မြွေသားပုပ်, တံတွေးပုပ်, ချွဲခန်းပုပ်, နှပ်ပုပ်, သွေးပုပ်, ပြည်ပုပ်, ကျင်ကြီးပုပ်, ကျင်ငယ်ပုပ်တို့ကို ရေနှောနယ်ကြိတ်၍အပြည့်သိပ်အပ် သော ဘယောင်းပုဆိုး အိတ်ကြီးနှင့် တူသော တစုံတရာ ဘယ်ဟာတခုကိုမှ မသိတတ်သော ဤယခု ငါဟု ထင် မှတ်၍နေသော ဤရုပ်စုရုပ်ပိုင် ရုပ်ခဲကြီးပင်တည်း။

လူသေကောင်ကြီးနှင့် တူသော တစုံတရာ ဘယ်ဟာ တခုကိုမှ မသိတတ်သော ဤရုပ်စု ရုပ်ပိုင် ရုပ်ခဲကြီး ပင်တည်း။

ဤလို ဆင်ခြင်စဉ်းစားပြီးနောက် ရူပက္ခန္ဓော– ရုပ်စု ရုပ်ပိုင် ရုပ်ခဲကြီး။ ။ရူပက္ခန္ဓော–ရုပ်စု ရုပ်ပိုင် ရုပ်ခဲကြီး။ ။ဤလို ရွတ် ဦးစွာ နှုတ်ဖြင့် ဆယ်ခေါက် အခေါက်တရာ စသည့် အဘန်ဘန် ရွတ်ပြီးမှ ရူပက္ခန္ဓာကြီးသည် ဘယ်လိုနေသည် ဘယ်လိုဟာကြီး

ပါတကား ဟု ထင်အောင် မြင်အောင် စဉ်စားဆင်ခြင်ရသည်။ တလပတ်လုံး တနှစ်ပတ်လုံး ဆယ်နှစ်ပတ်လုံး စသည် စဉ်းစား ဆင်ခြင်သည်ကိုပင် ဝိပဿနာ အလုပ်ကို အားထုတ်သည် ဟု ဆိုရသည်။

နာမ်တရားတွေဆိုသည်မှာလည်း တခြားမဟုတ် ယခုငါသိ၍ နေသော အသိတွေပင်တည်း။ ယခု ငါသိသော အသိသည် ဘယ်လိုသိသည် ဘယ်လိုနေရာက ဘယ်လိုဟာပါတကား ဟု စဉ်းစား ဆင်ခြင်ရသည်။ အာရုံ ထင်လာသော အခါ အဖိမ် ခြောက်ခုတို့၌ အသိတွေ ဖြစ်ပေါ်ကုန်၏။ ယင်း အသိတွေသည် အဖုံမ်လည်း မဟုတ်၊ အဖိမ်မှ အလွတ် အသီးအခြားတည်း။ ယင်း အသိဝိညာဏ်တွေနှင့် အတူ ခံသာ မခံသာ ဝေဒနာတွေ လည်း ပါလေ၏။ အမှတ်သညာတွေလည်း ပါလေ၏။ အပြုအပြင် စေဟနာ သင်္ခါရတွေလည်း ပါလေ၏။ ။အပေါ်ရည် စက်၌ ကဲ့သို့ တမျိုးစီ တခြားစီ ဟု နှလုံးသွင်း၍ ဝိညာဏက္ခန္ဓာ- ဝိညာဏ်တွေကလည်း တစု တပုံ တမျိုး တခြား။ ဝေဒနာက္ခန္ဓာ- ဝေဒနာတွေကလည်း တစု တပုံ တမျိုး တခြား။ သင်္ခါရက္ခန္ဓာ- သင်္ခါရ တွေကလည်း တစုတပုံ တမျိုးတခြား။ ဤလို နှုတ်နှင့် ဆယ်ခေါက် အခေါက်တရာ စသည် ရွတ်ပြီးမှ ဝေဒနာ,သညာ, စေတနာနှင့်တကွ ယင်းအသိတွေသည် ဘယ်လိုနေသည် ဘယ်လို နေရာက ဘယ်လိုဟာပါတကားဟု ထင်အောင်မြင်အောင် တလ တနှစ် ဆယ်နှစ် စသည် ပတ်လုံး စဉ်းစားဆင်ခြင်ရသည်။ယခု ရှေ့နောက် ဘဝတွေကို တန်းစဉ်စပ်ဆက်၍ ဆင်ခြင်။ ဤလို ဆင်ခြင်စဉ်းစားသည်ကို ကမ္မဋ္ဌာန်း စီးဖြန်းသည်ဟု ဆိုရသည်။ ရွတ်ရုံ,အံရုံမျှကို ဝိပဿနာအလုပ်ကိုအားထုတ်သည်ဟူ၍ မဆိုရ၊ ကမ္မဋ္ဌာန်းစီး ဖြန်းသည်ဟု မဆိုရ၊ မေတ္တာပို့သည်ဟူ၍ မဆိုရ မှတ်လေ။ ။ရှေ့က ပြဆိုပြီးသည့်အတိုင်း ခန္ဓာငါးပါးတို့ကို ကြေကြေမွမွ မှတ်သား လေ့လာရသည်။ ထမင်းစားချင်က ထမင်းချက် ပူင်း၍မလျော်။

## ၁၀၇–တမျိုးနှလုံးသွင်းပုံကို ပြဆိုခြင်း

မိမိကိုယ်ကို ငါးစုငါးပုံ ပုံထား၊ စဉ်းစားဆင်ခြင်၍ ငါးမျိုး ငါးပါး တခြားစီ ထင်မြင်ပြီးနောက် တမျိုးနှလုံးသွင်းပြန်ရသည်။ သွင်းပုံကား ရူပက္ခန္ဓာကြီးကို ပုလျှင် တပုံ၊ အေးလျှင် တပုံ၊ ဖုံဖုံ များစွာ ရောဂါဝေဒနာရောက်၍ ဘောက်ပြန်တတ် ပူနွေးခြင်းမှ အေးခြင်းသို့ ညှိနုံခြင်းမှ ပုပ်နံခြင်းသို့ လတ်ဆတ်သည့်မှ ပုပ်ရိခြင်းသို့, မာထပ်သည့်မှ အရည်ပျော်ခြင်းသို့ ရောက်၍ ဘောက်ပြန်တတ်၊ ဤသို့စသည့် ဘောက်ပြန်တတ်သောကြောင့် ရုပ်တရားဟူ၍ နှလုံးသွင်း။ လူသေကောင်ကြီးကဲ့သို့ တစုံတရာ ဘယ်ဟာ တခုကိုမျှ မသိတတ်သော ရုပ်တရားဟု နှလုံးသွင်း။ အပျော်ရည် စက်နှင့် တူစွာ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ဤခန္ဓာလေးပါးအပေါင်းကို အာရုံသို့ညွတ်တတ်, အာရုံကို သိတတ်သောကြောင့် နာမ်တရား ဟူ၍ နှလုံးသွင်း။ ရုပ်ခန္ဓာကြီးကို လှုပ်ရှား ထကြွအောင် ဆောင်ရွက် တတ်သောကြောင့် ဖုတ်ကောင်နှင့် တူလှ၏ဟု နှလုံးသွင်း။

နာမ်ခန္ဓာ လေးပါးထဲက ဝိညာဏက္ခန္ဓာကို စိတ်ခေါ်သည်။ ယင်း စိတ်ဟူသော နာမ်သည် ဝါယောဓာတ်ကို ဖြစ်စေ၏။ ယင်း ဝါယောဓာတ် သတ္တိကြောင့် စိတ်နာမ်၏ အလိုအား လျော်စွာ မျက်စိမှိတ်ခြင်း, ခေါင်းညိတ်ခြင်း, လှုပ်လှုပ်သွားလာ ခြင်း စသည် ဖြစ်ရလေသည်။ သတ္တဝါအကောင်ရှိ၍ ဖြစ်ရသည် မဟုတ်။ ဝါယောဓာတ်နှင့် တကွ လှုပ်ရှားသော ရုပ်စု ရုပ်စိုင် ရုပ်ခဲကြီးကား မလှုပ်မလှုက်တတ်၊ မသိတတ်သော ရုပ်တရား တည်း။ ။ဝိညာဏ်နှင့် တကွ နာမ်ခန္ဓာ လေးပါးတို့ကား ဖုတ် ကောင်နှင့် တူသော နာမ်တရားတည်း။

ပြောလို ဆိုလိုသော စိတ်နာမ်သည် ပထဝီဓာတ်ကို ဖြစ်စေ၏။ ယင်း စိတ္တဇ ပထဝီဓာတ်သည် ရှိရင်း ကမ္မဇ ပထဝီဓာတ်ကို

ဒိုက်တိုက်သည့် အတွက် အသံရုပ် ဖြစ်၏။ ယင်း အသံရုပ်ကို လည်ချောင်း, အာစောက်, လျှာထိပ်, သွားခြေ, နှုတ်ခမ်း၊ ငါး႒ာနရှိ ဓာတ်တို့ ဘိဿုပ် ပြုပြင်ကြသည့် အတွက် စကားလုံး ပီသ ပြောဆိုခြင်း ဖြစ်ရလေသည်။ သတ္တဝါ အကောင် ရှိ၍ ဖြစ်ရသည် မဟုတ်။ ငါး႒ာန အရုပ်တို့သည်လည်း မပြောတတ် မသိတတ်၊ ရုပ်စု ရုပ်ဗိုင် ရုပ်ခဲ ရုပ်တရားတည်း။ ဝိညာဏ်နှင့် တကွ နာမ်ခန္ဓာ လေးပါးတို့ကား အာရုံကို သိတတ်သော နာမ်တရားတည်း။ နာမ်ရုပ်ကိုသုတ်၍ သတ္တဝါ အကောင် မရှိ၊ နာမ်တရား ရုပ်တရားနှစ်ပါးသာ ရှိသည်။ ဤလိုနာမ်နှင့် ရုပ်ကို ကွဲပြားအောင် သိနိုင် မြင်နိုင် ပိုင်းခြားနိုင်သော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်-ဆိုသည်။ ။ယင်း ဉာဏ်ကို ရသည်ရှိသော် သတ္တဝါဆိုသည် ဘယ်လိုဟာကို ဆိုသည်ဟု ဒိဋ္ဌိသိမြင် အယူ ပင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ-ဟူ၍လည်း ဆိုသည်။

နာမ်ရုပ်ကို သိမ်းဆည်းမှတ်သား ပိုင်းခြားပြီးနောက် ဘယ် အကြောင်း ဘယ်အတွက်ကြောင့် သတ္တဝါအကောင် ထင်မှတ်ရ လောက်အောင် အတုံးကြီး အခဲကြီးကဲ့သို့ နာင်ရုပ် နှစ်ပါး ရောနှောပေါင်းစပ်၍ ဖြစ်ပျက်မစဲ ဖြစ်နေရပါသနည်းဟု ဆိုခဲ့ ပြီးသည့် အတိုင်း နာမ်ရုပ်၏ အကြောင်းကိုလည်း သိမ်းဆည်း ဆင်ခြင်ရ မှတ်သား သိမြင်ရသည်။ ။ဤကဲ့သို့ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း သိမြင်နိုင်သော ဉာဏ်ကို ပစ္စယပရိဂ္ဂ ဟဉာဏ်-ဆိုသည်။ ယင်း ဉာဏ်ကိုရသည် ရှိသော် ဘယ်ဟာ ကြောင့် သတ္တဝါ ဖြစ်သည်ဟု ယုံမှားမရှိ အမှန်ကျ သိနိုင်၍ ယုံမှားခြင်းမှ လွန်မြောက် စင်ကြယ်သောကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဟူ၍လည်း ဆိုသည်။ ။ယင်း နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ်-နှစ်ပါးကို ဉာတပရိညာဏ်- ဟူ၍လည်း ဆိုသည်။

## ၁၀၈—လက္ခဏာရေး ထင်လွယ်ရန် ဘုရားဟောပုံနှင့် တကွ ဘုရားဂုဏ်တို့ကိုပြဆိုခြင်း

အကြောင်းနှင့်တကွ နာမ်ရုပ်ကို ဉာဏ်ဖြင့် ပိုင်းဖြတ်ဆင်ခြင်ပြီးနောက် သာမညလက္ခဏာကို ဆင်ခြင်ပွါးများ ရသည်။ ။ သာမညလက္ခဏာ–ဆိုသည်မှာ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ, ဤလက္ခဏာသုံးပါးကို ဆိုသည်။ ။လက္ခဏာသုံးပါးထင်မြင် လွယ်အောင် ပုထုဇန်တို့အလွဲထင်မြင် စွဲလမ်းပုံ ဘုရားဟောပြတော်မူပုံကို အနည်းငယ်ပြဦးအံ့။

သတ္တဝါတို့ ကိုယ်ထဲမှာ လိုရင်း အထယ်ကိုယ် အကောင် ရှိသည်။ သူရှိသည့်အတွက် အရှင်ဆိုရသည်။ သူချုပ်ပျောက် ထွက်သွားခဲ့သည် ရှိသော် အသေဖြစ်ရသည်။ ဤလိုပုထုဇန်တို့ ထင်မြင်စွဲလမ်းကြကုန်သည်။ပုထုဇန်တို့ ထင်မြင်စွဲလမ်းကြသော ယင်းအထယ်ကိုယ် အကောင်ကိုပင် မာဂဓ ဘာသာဖြင့် အတ္တ ဟူ၍ ခေါ်ဆို လေသည်။ မြန်မာဘာသာဖြင့် အထယ် ဟူသော ရှေ့အသံကိုပျောက်၍ ကိုယ်ဟူ၍, အကောင်ဟူ၍ ဆိုလေသည်။ ယင်းအထယ်ကိုယ် အကောင်အတ္တကို တရှိထဲ မြဲသည် ဟု မှတ်ထင်၍ နိစ္စဟုဆိုပြန်သည်။ ကောင်းမြတ် ချမ်းသာ သည်ဟု မှတ်ထင်၍ သုခဟု ဆိုပြန်သည်။ ။နိစ္စ, သုခ, အတ္တ, အသံကွဲ အဆံတူ။ ။ဤကားပုထုဇန်တို့ ထင်မြင်စွဲလမ်းပုံ။

ဘုရားဟောတော်မူသည်မှာ ချစ်သားတို့ ပုထုဇန် တို့သည် ပရမတ္ထစက္ခု အလင်းမရှိသည့်အတွက် အန်ချင်ဘွယ် အော့ချင်ဘွယ်ကြောက်ဘွယ် ထိတ်လန့်ဘွယ် ခန္ဓာငါးပါးတို့၏ ပေါင်းစုလုံးထွေးအစုအဝေးကြီးကိုချစ်ခင်ဘွယ်ကြီး, နှစ်သက် ဘွယ်ကြီး, စားနိုင်ဘွယ်, မျိုနိုင်ဘွယ်, အကောင်တုံးကြီး,နိစ္စ, သုခ, အတ္တ ဖြစ်သော သတ္တဝါ အကောင် အခဲ ကြီးဟု ထင်မှား မြင်မှား စွဲလမ်းကြကုန်၏။ ချစ်သားတို့ ပရမတ္ထပညာ စက္ခုဖြင့် အသေအချာကြည့်ရှုဆင်ခြင်လျှင် ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,

သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဤခန္ဓာ ငါးပါးတို့၏ ပေါင်းစု လုံးထွေး အစုအဝေးမျှသာ ခန္ဓာငါးပါးမှတပါး နိစ္စ,သုခ,အတ္တ ဖြစ်သော ကိုယ်ဟူသည်, အကောင် ဟူသည် လုံးလုံးပင်မရှိ။ ခန္ဓာငါးပါးတို့တွင် တပါးပါးကိုရင်း,ငါးပါးလုံးကိုရင်း,နိစ္စ,သုခ, အတ္တ ဆိုရမှာကလည်း သူတို့ကိုကပင် အပျက်သေးပျက် အပျက် ကြီးပျက် တပျက်ထဲပျက် ဖြစ်ပျက်မစဲ အမြဲမရှိအနိစ္စတွေ။

အပျက်ပျက် တွေကို အငုံပြု၍ ယခုလည်း အပူကြီးတွေ ပူကြရ,အပန်းကြီးတွေပန်းကြရ, အဆင်းရဲကြီးတွေ ဆင်းရဲကြရ, အပျက်ဆိုသော်လည်း တခြားမဟုတ် ခန္ဓာငါးပါးတို့၏ အလုံး အထွေးပင် ဘေးဆိုသူတို့, ရန်ဆိုသူတို့,အနာဆိုသူတို့, နာဆိုသူတို့, သေဆိုသူတို့, အန်ချင်ဘွယ် အော့ချင်ဘွယ်ဆို သူတို့,ထိတ်ဘွယ်, လန့်ဘွယ်, ကြောက်ဘွယ်ဆိုသူတို့, ထို့ကြောင့် ခန္ဓာ ငါးပါး တို့သည်ကြောက်ဘွယ်ဒုက္ခတွေသာအမှန်။

ယင်းသို့ ဖြစ်ပျက်မစဲ ကြောက်ဘွယ်ကြီး ဒုက္ခမှန်သော ခန္ဓာ ငါးပါးတို့ကို အဘယ်မှာငါဟု,သူဟု,အကောင်ဟု,အရှင်ဟု,ဆို၍ တော်နိုင်ပါကုန်အံ့နည်း။ အကောင်မဟုတ်, အရှင်မဟုတ် ပိုင်သူ မရှိ,နိုင်သူမရှိ, အိုးရသူမရှိသူဖြစ်ချင်သလိုဖြစ် သူပျက်ချင်သလို ပျက်၍နေသောကြောင့် အနတ္တသာအမှန် ဟုဟောပြတော်မူသည်။ နာဟံ ဘိက္ခဝေ လောကေနဝိဝဒါမိ၊ လောကောဝမယာဝိဝဒတိ။ ခန္ဓသံယုတ်ပါဠိတော်။ ဘိက္ခဝေ၊ရဟန်းတို့။အဟံ၊ ငါဘုရားသည်။ လောကေန၊ ပုထုဇန်သတ္တဝါနှင့်။ နဝိဝဒါမိ၊ မငြင်းမခုံ။ လောကော၊ ပုထုဇန်သတ္တဝါတွေကသာလျှင်။ မယာ၊ ငါဘုရားနှင့်။ ဝိဝဒတိ၊ငြင်းခုံ၏။ ။ငါဘုရားသည် အနိုင်အထက် ငြင်းခုံလို၍ ဟောသည်မဟုတ်။ အဟုတ်အမှန်ကို သိစေလို၍သာ ဟောသည် ဆိုလိုသည်။ ။ဘုရား ဟောပါသော်လည်းမယုံနိုင်ကြဘဲ နိစ္စ, သုခ,အတ္တ,သုဘဟုထင်မှတ်စွဲလမ်း၍ နေကြသောပုထုဇန်တွေက ငြင်းခုံရာ ရောက်သောကြောင့် ဆိုတော်မူသော စကားဖြစ်သည်။

တထညူ တထဘူတော စ၊ တထံဒေသေတိ သော မုနိ။
အဂ္ဂညူအဂ္ဂဘူတောစ၊ အဂ္ဂံ ဒေသေတိ သော ဇိနော။

သော မုနိ၊ ထို ဘုရား သခင် ကိုယ်တော်မြတ် ကြီးသည်။ တထညူ၊အဟုတ်တွေအမှန်တွေကို သိတော်မူသည်ဖြစ်၍။ တထဘူတောစ၊ကိုယ်တော်မြတ်က အဟုတ်ဘုရား အမှန်ဘုရားလည်း ဖြစ်တော်မူ၍။ တထံ၊ အဟုတ်တွေ အမှန်တွေကို။ ဒေသေတိ၊ သတ္တဝါတို့အား ကရုဏာတော် ရှေ့ထား၍ဟောကြားတော်မူပါပေ၏။ သောဇိနော၊ ထိုဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ အဂ္ဂညူ၊အမြတ်ကိုသိတော်မူ၍။ အဂ္ဂဘူတော၊ ကိုယ်တော်မြတ်က အမြတ်တုံးကြီးဖြစ်တော်မူ၍။အဂ္ဂံ၊မြတ်သောတရားကို။ဒေသေတိ၊ သတ္တဝါတို့အား ကရုဏာတော် ရှေ့ထား၍ ဟောကြားတော်မူပါပေ၏။ ။နှလုံးသွင်း။

ဗုဒ္ဓေါ၊ အဟုတ်တွေအမှန်တွေကို သိတော်မူတတ်ပါပေသော မြတ်စွာဘုရား။ ။ဗုဒ္ဓေါ၊ အဟုတ်တွေ အမှန်တွေကို သိတော်မူတတ်ပါပေသောမြတ်စွာဘုရား။ ။နှလုံးသွင်း။

## ၁၀၅–လက္ခဏာရေးတင်၍ ဝိပဿနာ စီးဖြန်းပုံကို ပြဆိုခြင်း

လက္ခဏာရေးကို ပွါးများ ဆင်ခြင်သောအခါ အဒ္ဓါ–အခွန့်ကာလ ဘဝအားဖြင့်၎င်း, သန္တတိ–အတန်းအစဉ်အားဖြင့် ၎င်း, ခဏ–မျက်စိတမှိတ်ခန့်ကာလအားဖြင့်၎င်းပွါးများဆင်ခြင်ရမည်။ အဒ္ဓါ–အားဖြင့် ဆင်ခြင်ပုံမှာ အနမတဂ္ဂ သံသရာ၌ မြေမှုန့်မကသေပျောက် ပျက်စီးခဲ့ဘူးသော ဘဝခန္ဓာအစဉ်တွေကိုစီခင်း၍ ကြည့်ပြီးလျှင် တခုသော ဘဝခန္ဓာ ပျက်စီးပြီးမှ တခုသော ဘဝခန္ဓာ ဖြစ်ပေါ်သည်။ ယခု ငါခေါ်ရသော ခန္ဓာ သည်လည်း ရှေးဘဝ ခန္ဓာသေပျောက်ပျက်စီးပြီးမှ ဤဘဝမှာအသစ်ဖြစ်၍ လာသည်။ တော်တော် ကြာလျှင် မချွတ်ပျက်စီးလတ္တံ့ ပြီးစေ ပျက်စီးလတ္တံ့,နှလုံးသွင်း၍– မှာ စွကို

ခန္ဓာ အနိစ္စာ။ ။ခန္ဓာ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည်။ အနိစ္စာ၊ အပျက်ကြီးပျက် အပျက်သေးပျက် တပျက်ထဲပျက် ဖြစ်ပျက်မစဲ အမြဲ မရှိပါကုန်တကား။ ။အထပ်ထပ်ရွတ်။

ခန္ဓာ ဒုက္ခာ။ ။ခန္ဓာ၊ ရုပ်ခန္ဓာနာမ်ခန္ဓာတို့သည်။ဒုက္ခာ၊ ဖြစ်ပျက်ဘန်ဘန် မခံမသာ ရောဂါ ဝေဒနာ အမျိုးမျိုး ပုမျိုး ပင်မျိုး ဘေးရန်အမျိုးမျိုးတို့၏ မှီခိုစွဲကပ်ရာဖြစ်၍ ထိတ်ဘွယ် လန့်ဘွယ် ကြောက်ဘွယ်မျိုး ဒုက္ခတွေပါတကား။ ။အထပ်ထပ်ရွတ်။

ခန္ဓာ အနတ္တာ။ ။ခန္ဓာ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည်။ အနတ္တာ၊ ငါမဟုတ်, ငါ့ဘာမဟုတ်, အကောင်မဟုတ်, အရှင်မဟုတ်, ပိုင်သူမရှိ, နိုင်သူမရှိ, အုံးရသူမရှိ, သူဖြစ်ချင်သလိုဖြစ်, သူပျက်ချင်သလိုပျက်၍ နေသော တရားတွေပါတကား။ ။အထပ်ထပ်ရွတ်။

ရွတ်ပြီးလျှင် ဉာဏ်နှင့် ထင်အောင် မြင်အောင်ကြည့်ဆင်ခြင်စဉ်းစား။

သန္နိဋ္ဌာန် - အားဖြင့် ပွါးများ ဆင်ခြင် ပုံမှာ အဆင်းကိုမြင်သောအခါ ရုပ်ခန္ဓာ နာမ်ခန္ဓာတမျိုး, အသံကို ကြားသောအခါ,အနံ့ကို နံသောအခါ,စားသောက်သောအခါ, တွေ့ထိသောအခါ,ကြံစည်အောက်မေ့သောအခါတို့၌လည်း တမျိုးစီဖြစ်ကြ၏။ ယှဉ်၍မဖြစ် တမျိုးချုပ်ပျက် သေပျောက်ပြီးမှ တမျိုးအသစ်အသစ်ဖြစ်ပေါ်၍ တပျက်ထဲပျက်ကြသည်ကို နှလုံးသွင်း၍-

ခန္ဓာ အနိစ္စာ။ ။ခန္ဓာ၊ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည်။ အနိစ္စာ၊ အပျက်ကြီးပျက်, အပျက်သေးပျက် တပျက်ထဲပျက် ဖြစ်ပျက်မစဲ အမြဲမရှိပါကုန်တကား။ ။ခန္ဓာ ဒုက္ခာ။ ။ခန္ဓာ၊ ရုပ်ခန္ဓာ နာမ် ခန္ဓာတို့သည်။ ဒုက္ခာ၊ ဖြစ်ပျက်ဘန်ဘန် မခံသာ ရောဂါ ဝေဒနာ အမျိုးမျိုး ပုမျိုးပင်မျိုး ဘေးရန် အမျိုးမျိုး တို့၏ မှီခိုစွဲကပ်ရာဖြစ်၍ ထိတ်ဘွယ် လန့်ဘွယ် ကြောက်ဘွယ်မျိုး ဒုက္ခ

တွေပါတကား။ ။ခန္ဓာ အနတ္တာ။ ။ခန္ဓာ၊ တို့သည်။ အနတ္တာ၊ ငါမဟုတ်, ငါ့ဟာမဟုတ်, အကောင် မဟုတ်, အရှင် မဟုတ်, ပိုင်သူမရှိ, နိုင်သူမရှိ, အစိုးရသူမရှိ, သူဖြစ်ချင်သလိုဖြစ် သူပျက် ချင်သလိုပျက်၍ နေသော တရားတွေပါတကား။ ။အထပ်ထပ် ရွတ်ပြီးလျှင် ဉာဏ်နှင့် စဉ်းစား။

ခဏ–အားဖြင့် ဆင်ခြင်ပုံမှာ ရုပ်ခန္ဓာ နာမ်ခန္ဓာ တို့သည် မျက်စိတမှိတ်ခန့် အတွင်း၌ပင် နှမ်းထွေ ဆားတွေကို လှော်သော အခါကဲ့သို့ တဖျစ်ဖျစ် တဖျောက်ဖျောက် မီးပန်းရှို့သကဲ့သို့ တဖြုတ်ဖြုတ် တဖွားဖွား များစွာဖြစ်ပျက်ကြသည်ကို ဆင်ခြင်၍–

ခန္ဓာ အနိစ္စာ၊ ခန္ဓာ အနိစ္စာ။
ခန္ဓာ ဒုက္ခာ၊ ခန္ဓာ ဒုက္ခာ။
ခန္ဓာ အနတ္တာ၊ ခန္ဓာ အနတ္တာ။

အထပ်ထပ်ရွတ်။ ။ရွတ်ပြီးလျှင် မနေသာနှင့် မမြင်- မြင်အောင် မထင်-ထင်အောင် ဆင်ခြင်ရသည်။ ။တလ တနှစ် ဆယ်နှစ် အနှစ်, နှစ်ဆယ်-စသည် အားထုတ်ရမည်။ ။မဂ္ဂင် ရှစ်ပါးတို့ မညီမညွတ်၍ အသိအဆုံး မရောက်သော်လည်း သံသရာမှာ ဖြစ်နိုင်ခဲသော ပါရမီ ကုသိုလ်ထူးတွေဖြစ်သည်။ ။မဂ္ဂင်ရှစ်ပါး ဆိုသည်မှာ ဆင်ခြင် ပွါးများသော အခါ၌ ဖြစ်သော မဟာ ကုသိုလ်ဇော နာမ်ခန္ဓာ လေးပါးထဲမှ လူကမသိ သော်လည်း ပါလျက်ရှိသော။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ–၄။
သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ–၄။

၌ရှစ်ပါးတည်း။ ယင်းရှစ်ပါးတို့တွင် သမ္မာဝါစာ- ကအလုံးစုံ ကမ္မပထ မြောက် မမြောက် အကုသိုလ်တို့မှ ကြဉ်၍, သမ္မာ ကမ္မန္တ-ကထို့အတူ ကာယကံ အကုသိုလ်တို့မှ ကြဉ်၍, သမ္မာ အာဇီဝ-က အလုံးစုံသော မိစ္ဆာဇီဝမှ ကြဉ်၍, ဖြူစင်ခြင်းကိစ္စကို ပြီးစေသဖြင့်, သမ္မာဝါယာမ-က ထောက်ပံ့ခြင်း ကိစ္စကို ပြီးစေ သဖြင့်, သမ္မာသတိ-က အာရုံကိုမလွတ်ရအောင် စွဲမြဲခြင်းကိစ္စကို

ပြီးစေ၍, သမ္မာသမာဓိ-က မတုန်မလှုပ် တည်တံ့ခြင်း ကိစ္စကို ပြီးစေ၍, သမ္မာသင်္ကပ္ပ-က အာရုံကိုလှန်လှော၍ ပေးခြင်းကိစ္စကို ပြီးစေ၍, သမ္မာဒိဋ္ဌိ-က သိမြင်ခြင်းကိစ္စကို ပြီးစေ၍,ဤလို မိမိတို့ ကိစ္စဖြင့် အချင်းချင်း ကျေးဇူးပြုကြ၍ တခုထက် တခု မယုတ် မလွန် ညီညွတ်ကြသော အခါ သတ္တိထူး ပေါ်ထွက် လောကီ ဘက်၌ သိစရာမကျန် နိဗ္ဗာန်ကိုထိ အမှန်တွေကို ကိစ္စပြီး တသိ ထဲသိ မသိတွေကွယ် နောက် ညစ် တွေပြယ် အတွယ်တွေ ပြတ်ကင်း၍တလင်းထဲလင်းတရှင်းထဲရှင်း တစင်ထဲစင် တကြည် ထဲကြည် တဖြဲထဲဖြဲ စိတ်ချ-လက်ချ ကိစ္စပြီး၍ ဇေကြီး ဇေရလေ၏။ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, အလုံးစုံသုံးဆဲ့ခုနစ် ပါးသောဗောဓိပက္ခိယတရားတို့သည်လည်းလူကမသိသော်လည်း ပြီးစီးပြည့်စုံလေကုန်၏။ ။အသိ အဆုံးရောက်-ဆိုသည်မှာ တပါး တည်းနှင့်လည်း မရောက်နိုင်။ မဂ္ဂင် ရှစ်ပါးလုံး ညီညွတ်ကြမှ ကိစ္စပြီး အသိဆုံး ရောက်နိုင် သောကြောင့် မဂ်- ဟူသော အမည်သည် အပေါင်း၏ အမည်ဟူ၍မှတ်။ သွေးဆေး ငန်းဆေး နှင့်အလားတူ၏။

အသိအဆုံး ရောက်ကြရာမှာ အချို့ပုဂ္ဂိုလ်တို့သည် သောတာ ပတ္တိမဂ်တွင် တန့်ရပ်ကုန်၏။ အချို့သကဒါဂါမိ မဂ်သို့ ရောက်မှ တန့်ရပ်ကုန်၏။ အချို့အနာဂါမိမဂ်သို့ ရောက်မှ တန့်ရပ်ကုန်၏။ အချို့တရှိန်ထဲ အရဟတ္တမဂ်သို့ ရောက်လေကုန်၏။ ။မဂ်ဖြစ်ခါနီး ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ကာမကုသိုလ်ဇော လေးကြိမ်စော၏။ ဂေါတြဘူ-တွင် ပုထုဇန် ဇာတ်အဆုံးသတ်၏။

## ၁၁၀–ပိဋကတ်သုံးပုံ၏ အနှစ်သာရ ဖြစ်သော ခြောက်ခွန်းသော စကားကို ပြဆိုခြင်း

ဗုဒ္ဓေါ ဓမ္မော စ သံဃော စ၊ အနိစ္စံ ဒုက္ခလက္ခဏံ။
အနတ္တာ မေ ဆဝါစာဝ၊ သာရာ ဟိ ပိဋကတ္တယေ။

ဗုဒ္ဓေါ စ၊ ဘုရားရှင်း။ ဓမ္မော စ၊ တရားရှင်း။ သံဃော စ၊ သံဃာရှင်း။ အနိစ္စံ၊ အနိစ္စလက္ခဏာရှင်း။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာရှင်း။ အနတ္တာ၊ အနတ္တလက္ခဏာရှင်း။ ဣမေ ဆ ဝါစာဝ၊ ဤစကား ခြောက်ခွန်းတို့သည်သာလျှင်။ ဟိ၊ အကယ်မလွဲသဖြင့်။ပိဋကတ္တယေ၊ ပိဋကတ်သုံးပုံလုံး၌။ သာရာ၊ လိုရင်းအနှစ်ပင်။

## ၁၁၁–လက္ခဏာတပါးကိုသိလျှင် ငါးပါးလုံးသိသည်ကို ပြဆိုခြင်း

လက္ခဏေကမ္ပိ ဝိညာတေ၊ သမ္ဗေ ဇာနာတိ ညာဏိမာ။
အထသော နိဋ္ဌိတံ ကိစ္စံ၊ သိတိဘူတော ဝ သော နရော။

ညာဏိမာ၊ ညာဏ်ရှိသော ပုဂ္ဂိုလ်သည်။ ဧကမ္ပိ၊ တခုသော။ လက္ခဏေ၊ လက္ခဏာကို။ ဝိညာတေ၊ အဟုတ်သိ, တကယ်သိ, သိလိုက်သည်ရှိသော်။ သမ္ဗေ၊ ခပ်သိမ်းကုန်သော ရတနာသုံးပါး လက္ခဏာရေးသုံးပါးတို့ကို။ဇာနာတိ၊သိနိုင်တော့သည်သာတည်း။ အထ၊ ထိုသို့ သိသောအခါ၌။ အသော၊ ထိုပုဂ္ဂိုလ်အား။ ကိစ္စံ၊ တသံသရာလုံး လက်စတင်းလင်းတွေ့နှင့် လာခဲ့သောချမ်းသာဘို့ရန် အားထုတ်ရသော ကိစ္စတွေသည်။ နိဋ္ဌိတံ၊ ပြီးဆုံးလေ၏။ သောနရော၊ ထိုကိစ္စပြီးဆုံးသော သတ္တဝါသည်။သိတိဘူတော ဝ၊ စိတ်ချလက်ချ ကိစ္စပြီး၍ ဧးကြီး ဧးရတော့သည်သာ တည်း။ ။ အနက်။ ။

လက္ခဏာရေး သုံးပါးတို့တွင် တပါးပါးကို အဆုံးရောက် အဟုတ်သိ–သိလိုက်က ကြွင်းလက္ခဏာနှင့်တကွ ရတနာသုံးပါး ကိုလည်း အမှန်ကျသိလေ၏။ လက္ခဏာရေးသုံးပါး, ရတနာ သုံးပါး, ဤခြောက်ပါး အမှန်ကျ အဟုတ်သိ–သိက ကိစ္စတွေပြီး၍ ဧးကြီးဧးရသည် ဆိုလိုသည်။

## ၁၁၂–နိဗ္ဗာန်သည် မိမိအနီးမှာပင် ရှိပါလျက် ပုထုဇန်တို့ မမြင်နိုင်သည်ကို ပြဆိုခြင်း

သန္တိကေ နပဝိဇာနန္တိ၊ မဂ္ဂါ ပမ္ဗသ အဘေကာဝိဒါ။
သုတ္တနိပါတ်-သင္ဂါယတနသံယုတ်-ပါဠိတော်။

ပမ္ဗသ၊ အဟုတ်ရှိ တကယ်ရှိ- ပရမတ္ထ တရား၌။ ဝါ၊ သစ္စာ တရား၌။ အဘေကာဝိဒါ၊ မလိမ္မာကုန်သော။ မဂ္ဂါ၊ ပုထုဇန်လူမိုက်တို့သည်။ နံ့ဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ်အနားတွင် နီးလျက်နှင့်။ န ပဝိဇာနန္တိ၊ မသိနိုင်ကြကုန်။ ။နိဗ္ဗာန်တရားသည် အဝေးမှာ မဟုတ်၊ ကိုယ့်အနားတွင် ရှိသည် ဆိုလိုသည်။

ကာမစ္ဆန္ဒော န ပဿန္တိ၊ နိဗ္ဗာနံ ကာမမန္ဒီရေ။
ပဿနန္ဒိ ဂတော အန္တံ၊ တဿာ ဆန္ဒံ ဝိကောပယေ။

ကာမစ္ဆန္ဒာ၊ ဝတ္ထုကာမဂုဏ်, ကိလေသာကာမဂုဏ်- တို့သည် ကွယ်ကာဖုံးထားအပ်သည်ဖြစ်၍။ ဝါ၊ ကွယ်ကာဖုံးထားသောကြောင့်။ ကာမမန္ဒီရေ၊ ကာမဂုဏ်တို့၏ အကြား၌။ ဝါ၊ ကာမဂုဏ်တို့၏အလယ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ န ပဿန္တိ၊ မမြင်နိုင်ကြကုန်။ ဟိ၊အကယ်မလွဲသဖြင့်။ တံ၊ ထိုကာမဂုဏ်တို့၏ အကြား ကိုယ့်အနားတွင် ရှိသော နိဗ္ဗာန်ကို။ ပဿံ ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်။ အန္တံ၊ ဆင်းရဲကင်းဘို့ ချမ်းသာဘို့ရန် အားထုတ်ရသော အလုံးစုံသော ကိစ္စတို့၏ အဆုံးသို့။ ဂတော၊ ရောက်ရလေ၏။ တဿာ၊ထိုကြောင့်။ ဆန္ဒံ၊ ကိလေသာကာမဂုဏ် အဖုံးကို။ ဝိကောပယေ၊ ဖုက်ဆီးရာ၏။ ။နိဗ္ဗာန်- ဟူသည်တခြားမှာ ရှိသည်မဟုတ်၊ ကာမဂုဏ်တို့၏ အကြား ကာမဂုဏ်တို့၏ အလယ် ကိုယ့်အနားတွင်ပင် ရှိသည်။ရှိသော်လည်း ကာမဂုဏ်တွေ ဖုံး၍နေသောကြောင့် မမြင်နိုင်သည် ဆိုလိုသည်။

## ၁၁၃–ပညတ်ဘုံစဉ်ကို ပြဆိုခြင်း

ပရမတ်ကို မှတ်လွယ်ရန် သုတ ပွါးရန် ပညတ် ဘုံစဉ်ကို ပြဦးအံ့။ ။အဿံ အာနန္ဒ မဟာ ပထဝိ ဥဒကေ ပတိဋ္ဌိတာ။ဥဒကံ

ဝါတေ ပတိဋ္ဌိတံ။ဝါတော အာကာသဋ္ဌောဟောတိ။ ။သုတ် မဟာဝါပါဠိတော်။အဂုတ္တိုရ်ပါဠိတော်။

ကောင်းကင်, လေ, ရေ, မြေ၏အထက်, စကြဝဠာ, ဆားငန်သမုဒ္ဒါ။

ပုဗ္ဗဝိဒေဟ,ဇမ္ဗူဒီပါ,အပရဂေါယာ,ဥတ္တရကုရု။ ကျွန်းကြီး လေးကျွန်း၊ကျွန်းငယ်နှစ်ထောင်။

အငွေ့ခုနစ်ရာ၊ အနောက်ငါးရာ၊ မြောက်မှာ တထောင်။ တောင်မှာမြေ၊ လေးကျွန်းသူလူတို့အသက်ကို မှတ်ယူစွဲ။

အဿကဏ် တောင်၊ ဝိနတက တောင်၊ နေမိန္ဓရ တောင်၊ သုဒဿန တောင်၊ ကရဝိကတောင်၊ ဣသိန္ဓရတောင်၊ ယုဂန္ဓိုရ် တောင်။ ။တောင်စဉ်ခုနစ်ထပ်၊ ခုနစ်ပတ်သမုဒ္ဒရာ၊ အလယ်မှာ ရှစ်သောင်းလေးထောင်မြင်းမိုရ်တောင်။

၁။ သိလာမြေ,ပံသုမြေ၊ တထွေသိန်းနှစ်သောင်း၊ နှစ်ထပ်ပေါင်း၊နှစ်သိန်းလေးသောင်းမြေ။

၂။ လေးသိန်း ရှစ်သောင်း၊ ရေထုပေါင်း၊ ကိုးသိန်း ခြောက်သောင်းလေ။

သိမ္ဗိုဝ်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊မဟာ ရောရုဝ၊တာပန၊မဟာတာပန၊အဝိစိ—ငရဲကြီးရှစ်ထပ်။

၃။ ပံသုမြေထဲ၊ ရှစ်ငရဲ၊ တည်မြဲသိလာပေါ်။

၄။ လူကတချက်၊ ကိုးသန်းတွက်၊ တရက်သိမ္ဗိုဝ်းမှာ၊ အသက်နှစ်ငါးရာ။

၅။ ကာလသုတ်တရက်၊ သုံးကုဋေ ခြောက်သန်းတွက်၊ တထောင် သူတို့သက်။

၆။ သင်္ဃာတတရက်၊ တဆဲ့လေးကုဋေ လေးသန်းတွက်၊ နှစ်ထောင် သူတို့သက်။

၇။ ရောရုဝတရက်၊ ငါးဆဲ့ခုနစ်ကုဋေ ခြောက်သန်းတွက်၊ လေးထောင်သူတို့သက်။

၈။ မဟာရောရုဝတရက်၊ ကုရေ နှစ်ရှသုံးဆဲ့လေးသန်းတွက်၊ ရှစ်ထောင်သုတို့သက်။

၉။ တာပနတရက်၊ ကိုးရှနှစ်ဆဲ့တကုဋေ ခြောက်သန်းတွက်၊ တသောင်းခြောက်ထောင်သုတို့သက်။

၁၀။ အနန္တရကပ္ပ၊ ထက်ဘက်ကျ၊ ပနမဟာတာ။

၁၁။ ကပ်လုံးမချွ၊ အဝီစိ၊ ခံဘိ အောက်ဆုံးမှာ။

၁၂။ မှုပြစ်များမှ၊ တသက်ကျ၊ နည်းက ကံလျော်စွာ။
ငရဲပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်, အပါယ်လေးဘုံ။

စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ဝသဝတ္တီ၊ နတ်ပြည်ခြောက်ထပ်၊ လူ့ဘုံပါ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ပေါင်းသော် ကာမတဆဲ့တဘုံ။

ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ၊ ပထမဈာန် သုံးဘုံ။

ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ၊ ဒုတိယဈာန်သုံးဘုံ။

ပရိတ္တသုဘာ ဘုံ၊ အပ္ပမာဏသုဘာ ဘုံ၊ သုဘကိဏှာ ဘုံ၊ တတိယဈာန် သုံးဘုံ။

ဝေဟပ္ဖိုလ်၊ အသညသတ်၊ နှစ်ဘုံ။

အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ၊ သုဒ္ဓါဝါသငါး၊ စတုတ္ထဈာန် ခုနစ်ဘုံ၊ ပေါင်းသော် ရူပတဆဲ့ခြောက်ဘုံ။

အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာ နာသညာယတန ဘုံ-အရူပလေးဘုံ ပေါင်းသော် ဗြဟ္မာ့ဘုံ နှစ်ဆယ်၊ ကာမ တဆဲ့တဘုံနှင့် တကွ ဘုံပေါင်း သုံးဆဲ့တဘုံ။

၁၃။ သောင်းငါးထောင်စီ၊ သချ်ာညီ၊ ရှစ်လီ ငရဲကြား။

၁၄။ လေးသောင်း နှစ်ထောင်၊ သချ်ာဆောင်၊ လူ့ဘောင် ခြောက်ထပ်ကြား။

၁၅။ ဝတ္တိဘုံမှ၊ နေဝထိပြား၊ ဆဲ့သုံးကြား၊ အကြားယူဇနာ၊ ငါးသန်း ငါးသိန်း ရှစ်ထောင် ခြားသည်သာ။

၁၆။ တင်းတောင်း ရှိုးလောက်၊ သံတွေကျောက်၊ နေဝ အောက်သို့ပစ်၊ လေးနှစ်, လေးလ၊ မြေသို့ကျ၊ လူမှ နေဝါ၊ ပေးအက္ခာ။

၁၇။ စတုမဟာနန်း၊ နှစ်ကိုးသန်း၊ မြော်လှမ်း လူကတွက်။

၁၈။ သုံးကုဋေ ခြောက်သန်း၊ ဝတိန်နန်း၊ ပျော်မြန်း သူတို့သက်။

၁၉။ တဆဲ့လေးကုဋေမှာ၊ လေးသန်းသာ၊ ယာမာနတ် တို့သက်။

၂၀။ ငါးဆဲ့ ခုနစ်ကုဋေ ခြောက်သန်း၊ တုသိန်နန်း၊ စံမြန်း လောင်းတော်နတ်။

၂၁။ ကုဋေ နှစ်ရာ့ သုံးဆဲ့လေးသန်း၊ နိမ္မာနန်း၊ အဆန်း သူတို့ပျော်။

၂၂။ ကိုးရာ့ နှစ်ဆဲ့ တကုဋေ ခြောက်သန်း၊ ဝတ္တိနန်း၊ နတ်ကြွမ်း မာရ်မင်းပျော်။

၂၃။ သက်လည်း ကံကုန်၊ နှစ်ပါးကြုံ၊ ခြောက်ဘုံ နတ် တို့သေ။

၂၄။ အပျော်လွန်ခြင်း၊ ဒေါသပြင်း၊ ချက်ခြင်း သေသည့် စတု ဝတ်ိသာ။

၂၅။ ပျော်လွန်း သေဆုံး၊ ခြောက်ထပ် လုံး၊ သိမ်းရုံး တနည်းလာ။

၂၆။ ကာမ ဆဲ့ဘာဘုံ၊ ရပ်ပေါင်းစုံ၊ ညီပုပ် အာရုံ ကြိုက် သည့်ဘုံသား။

ဣန္ဒာသယ် (က) ၁၄၀–၃၉

၂၇။ မာင်နိုင်ဘဲ၊ တဏှာငဲ့၊ ဆင်းရဲဖြိုတ္တာလို ကာမဘုံတခို

၂၈။ အပါယ်နှခမ်း၊ အပျော်ဆန်း၊ အကန်းသုတ္တိပုံ။

၂၉။ သုဖြ ့ာနုတ်သား၊ ထောင်မယား၊ မပွားသက်သေ တုဘ်ပါလေ။

ဖြ ့ ပါရိသဇ္ဇာဘုံ အသက်အသင်္ချေယျကပ် သုံးဘို့ တဘို့ ဖြပ္ပ ပုရော့ဟိတာဘုံ အသက် အသင်္ချေယျကပ် ထက်ဝက်၊ မဟာဖြ ့ာဘုံ အသင်္ချေယျကပ် ထကင်၊ ပရိတ္တာဘာဘုံ အသက် နှစ်ကမ္ဘာ၊ အ ့မာဏာဘာဘုံ အသက်လေးကမ္ဘာ၊ အာဘဿရဘုံ အသက်ရှစ်ကမ္ဘာ၊ ပရိတ္တသုဘာဘုံ အသက်တဆဲ့ ခြောက်ကမ္ဘာ အ ့မာ ့သုဘာဘုံ အသက်သုံးဆဲ့ နှစ်ကမ္ဘာ၊ သုဘကိဏှာဘုံ အသက် ခြောက်ဆဲ့လေးကမ္ဘာ၊ ဝေဟပ္ဖိုလ်၊ အသညသတ်ကမ္ဘာ ငါးရာ။ အဝိဟာ ကမ္ဘာတထောင်။ အတပ္ပါ ကမ္ဘာနှစ်ထောင်။ သုဒဿာ ကမ္ဘာလေးထောင်။ သုဒဿီ ကမ္ဘာရှစ်ထောင်။ အကနိဋ္ဌကမ္ဘာတသောင်း ခြောက်ထောင်။ အာကာသာနဉ္စာယတနဘုံ ကမ္ဘာနှစ်သောင်း။ ဝိညာဏဉ္စာယတနဘုံကမ္ဘာ လေးသောင်း။ အာကိဉ္စညာယတနဘုံ ကမ္ဘာခြောက်သောင်း။ နေဝသညာ နာသညာယတနဘုံ ကမ္ဘာရှစ်သောင်းလေးထောင်။

၃၀။ မြင့်, ရှည်, ထိုလောက်၊ ထက်ဘုံ ရောက်၊ ၆၆ အောက်သို့ပြန်။

၃၁။ ပုထုဇန်ဂတိ၊ မြဲမရှိ၊ ကြိသိ ကြောက်ဘို့ရန်။

၃၂။ ဖြ ့ဌာဘုံစံ၊ အရိယံ၊ မပြန်အောက်သို့မြဲ။

၃၃။ မဖြစ်ဘူးပါ၊ များသူငါ၊ ငါးဘုံသုဒ္ဓါ ထူးမြတ်လွန်ကဲ။

၃၄။ နှစ်ဆဲ့ခြောက်စုံ၊ ကြွင်းသည့်ဘုံ၊ သူငါအကုန် ဖြစ်ဘူး ကြမြဲ။

၃၅။ အသညသတ် တွင်၊ နာမ်မယှဉ်၊ ရွှေစဉ် သွန်းလို ရှန်းရှန်းဗိုသည့် သူတို့ကိုယ်။

၃၆။ အရူပ လေးခွင်၊ ရုပ်မယှဉ်၊ နာမ်ပင် သူတို့ကိုယ်၊ မမြင်ပန်းနှံ့လို။

၃၇။ တဆဲ့ငါးစုံ၊ ရူပဘုံ၊ နာမ်,ရုပ်အစုံ၊ နတ်တို့အလား။

၃၈။ ဘောလည်း မစုံ၊ ယောကျ်ားပုံ၊ အညီအာရုံ ကင်းသည့် ဗြဟ္မာအများ။

၃၉။ အစားမငလှ၊ ပီတိဇွှ၊ အနံ့အတွေ့၊ ကင်းသည့်ဗြဟ္မာအများ။

၄၀။ ဒေါသလည်းစင်၊ ဈာန်ကိုဝင်၊ သဘော်ခသေခင်ဖေးသည့် ဗြဟ္မာအများ။

၄၁။ အောက်ကမမြင်၊ အထက်မြင်၊ ဗြဟ္မာတခွင် နတ်တို့အများ။

၄၂။ နှစ်ဆယ်နှင့် ခြောက်၊ ဘုံတလျှောက်၊ အောက်က ပါယ်မင်းပိုင်။

၄၃။ အတ္တဒိဋ္ဌိ၊ စွဲကပ်ငြိ၊ မှတ်သိပုထုဇန်။

၄၄။ ပုထုဇန်ကား၊ လောကီသား၊ ပါယ်လေးပါး နှင့် အမြွှေဆိုင်။

သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၊ ဝိဝဋ္ဋ အသင်္ချေယျကပ်၊ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ဟူ၍ အသင်္ချေယျ လေးကပ်မှတ်။ ၎င်းအသင်္ချေယျလေးကပ်ကို မဟာကပ်တကပ်။ တကပ္ပာမှတ်လေပါ။ မီး,ရေ,လေ,ကပ္ပာသုံးမျိုးထွက်။

၄၅။ ခုနစ်ကပ္ပာဆက်၊ မီးလောင်ဖျက်၊ တချက်ရေအကြိမ်။

၄၆။ ရှစ်ကြိမ်ရှစ်ခါ၊ ဤနည်းသာ၊ ကပ္ပာခြောက်ဆဲ့လေး။

၄၇။ ထိုနောက်ကပ္ပာ၊ လေတခါ၊ မချာမီး, ရေ-ဆက်။

၄၈။ ဤနည်းဆက်ခါ၊ သံသရာ၊ ကပ္ပာအမြဲပျက်။

၄၉။ မီးပျက် ပထမဈာန်ဘုံ၊ ရေပျက် ဒုတိယ ဈာန်ဘုံ၊ လေပျက်တတိယဈာန်ဘုံ၊ မကျန်အကုန်အောက်သို့ ပျက်ပြီ။

၅၀။ ပျက်မိုးသည်း အစ၊ မီးငြိမ်းကြ၊ ပျက်စ သံဝဋ္ဋာ၊ အသင်္ချေယျကပ် မှတ်လေပါ။

၅၁။ မီးသို့ ငြိမ်းကင်း၊ ပြုမိုးသည်းခြင်း၊ ဘာဟင်းသံဝဋ္ဋဌာယီ၊ အသင်္ချေယျကပ် တလီ။

၅၂။ ပြုမိုးသည်း အစ၊ ထွက်နေ့, လ၊ တည်စ ဝိဝဋ္ဋာ၊ အသင်္ချေယျကပ် မှတ်လေပါ။

၅၃။ ထွက်ပြီးလ,နေ၊ ပျက်မိုးသည်းဝေ၊ လူနေ ဝိဝဋ္ဋဌာယီ၊ အသင်္ချေယျကပ် တသီ။

၅၄။ ဆယ်နှစ်တမ်းမှ တက်၍အသင်္ချေ၊ အသင်္ချေမှဆုတ်၍ ဆယ်နှစ်တမ်း၊ တခန်းမှတ်အပ်၊ အန္တရကပ်တကပ်။

၅၅။ ၎င်းအန္တရကပ်၊ ခြောက်ဆဲ့ လေးကပ် ပမာဏသည်၊ အသင်္ချေယျကပ်၊ ပမာဏအမြဲမှတ်ကုန်ကြ။

၅၆။ ယူဇနာလောက်၊ လျားနံ့စောက်၊ ကြီးလှ ကျောက်တောင်မှာ။

၅၇။ နူးညံ့ပုဝါ၊ နှစ်တရာ၊ တခါတို့ငြား၊ ထိဘန်များ၊ ကျောက်သားကုန်၍၊ တကမ္ဘာမကုန်ရာ။

၅၈။ စလည်းမထင်၊ ဆုံးမမြင်၊ ဘုရားရှင်မှ၊ မဟောပြ၊ များလှကမ္ဘာတွေ။

၅၉။ မြေမှုန့်ချကာ၊ ရေတွက်ပါ၊ မြေသာကုန်၏၊ ကမ္ဘာ မကုန်ရာ။

၆၀။ အမိ နို့ရည်၊ ဝိုမျက်ရည်၊ နှီ ကြည် ခေါင်းပြတ်သွေး။

၆၁။ သမုဒ္ဒရာရေမက၊ များပြားလှ၊ဟောပြယုံဘွယ်ရာ။

၆၂။ နည်းမျိုးစုံလှ၊ တွေ့ကြုံရ၊ ဒုက္ခမနိုင်းဘွယ်။

၆၃။ ဒိဋ္ဌိ,နှာ, သေလတ်၊ ဆုံးမသတ်၊ မရပ် ပတ်ပတ်လယ်။

၆၄။ မလျော့မမေ့၊ ကြံစေ့စေ့၊ငြိုးငွေ့ကြောက်ကောင်းဘွယ်။

# ၁၁၄-နိဂုံးကို ပြဆိုခြင်း

၁။ ပဉ္စသတ္တ နဝယေကမှိ၊ ဖဂ္ဂုဏဇုဏှ အဋ္ဌမေ။
ပရမတ္ထ စက္ခုနာမ၊ ရစိတံ သုန္ဒရံ မယာ။

၂။ သဉ္စိတံ မေ မဟာပုညံ၊ ဓမ္မာနုဂ္ဂဟ သဉှိတံ။
တေန သဗ္ဗေ သုခါယန္တု၊ ဇနာ ဓမ္မသမင်္ဂိနော။

၃။ ပရေသံ ဟိတမိစ္ဆေယျ၊ ဟိတံ မေ ဓမ္မတံ ပရော။
နာညဿ ဒုက္ခမိစ္ဆေယျ၊ မာမေ ဒုက္ခံ ဓမ္မတံ ပရော။

၄။ န ဟိံသေယျ ပရံ ပါဏံ၊ မာ မံ ဝိဟေသတံ ပရော။
နစ ဘဝေ အဟံ ဝေရီ၊ မာဝေရီဟောတု မေ ပရော

၅။ ကုမဂ္ဂဉ္စ ဝိဝဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တု ပါဏိနော။
ဝင်္ကဉ္စာဟံ ဝိဝဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂဂေါ ဘဝေ။

၁။ ။မယာ၊ ငါသည်။ ပဉ္စသတ္တ နဝယေကမှိ၊ မြန်မာ သက္ကရာဇ်၊ ၁၂၇၅-ခုနှစ်၌။ ဖဂ္ဂုဏ ဇုဏှ အဋ္ဌမေ၊ တပေါင်း လဆန်း ၈-ရက်နေ့၌။ သုန္ဒရံ၊ အဘိဓမ္မာအရာတွင် ဉာဏ်ပညာ ပွင့်လင်းခြင်းကို ပေးတတ်သည်ဖြစ်၍ အလွန် ကောင်းမြတ်သော။ ပရမတ္ထ စက္ခုနာမ၊ ပရမတ္ထစက္ခု အမည်ရှိသော ကျမ်းကို။ ရစိတံ၊ ရေးစီရင်အပ်လေပြီ။

၂။ ။ဓမ္မာနုဂ္ဂဟ သဉှိတံ၊ အဘိဓမ္မာ တရားတော်မြတ်ကို ချီးမြှောက် ထောက်ပံ့ခြင်းနှင့် စပ်ယှဉ်သော။ မဟာပုညံ၊ ဤပရမတ္ထစက္ခုကျမ်းကို ကြိုးပမ်း လေပြီး ကုသိုလ် ကြီးကို။ သဉ္စိတံ၊ တရားလိုလား အမျိုးသားတို့အတွက် ကြိုးစားဆည်းပူး ရလေပြီ။ တေန၊ ထိုကုသိုလ် အထူးကြောင့်။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ ဇနာ၊ သတ္တဝါဟူ နတ် လူ,ဗြဟ္မာ ပေါင်းများစွာ တို့သည်။ ဓမ္မသမင်္ဂိနော၊ လိုအပ်သမျှ ဓမ္မထွေထွေကြက်သရေ

အမျိုးမျိုးနှင့်ပြည့်စုံကြကုန်သည်ဖြစ်၍။သုခါယနှုံ၊ ချမ်းသုခလန်း၍ ချမ်းချမ်းသာသာ ရှိကြပါစေကုန်သတည်း။

၃။ ။အဟံ၊ ငါသည်။ပရေသံ၊ သူတပါးတို့၏။ဟိတံ၊အကျိုးစီးပွါးကို။ ဣန္ဒေယျံ၊လိုလားနှစ်သက်ရလို၏။ ပရောစ၊ သူတပါးကလည်း။ မေ၊ ငါ၏။ ဟိတံ၊ အကျိုးစီးပွါးကို။ ဣန္ဒတံ၊ လိုလားနှစ်သက်ပါစေသတည်း။ အဟံ၊ ငါသည်။အညဿ၊ သူတပါး၏။ ဒုက္ခံ၊ ဆင်းရဲကို။ န ဣန္ဒေယျံ၊ မလိုလား မနှစ်သက် ရလို။ ပရောစ၊ သူတပါးကလည်း။ မေ၊ ငါ၏။ ဒုက္ခံ၊ ဆင်းရဲကို။ မာ ဣန္ဒတံ၊ မလိုလား မနှစ်သက်ပါစေသတည်း။

၄။ ။အဟံ၊ ငါသည်။ ပရံပါဏံ၊ တပါးသော သတ္တဝါကို။ န ဟိံသေယျံ၊ မညှဉ်းဆဲရလို။ ပရောစ၊ သူတပါး ကလည်း။ မံ၊ ငါ့ ကို။ မာဝိဟေဌတံ၊ မညှဉ်းဆဲဘဲရှိပါစေသတည်း။ အဟံ၊ ငါသည်။ ပရေသံ၊ သူတပါးတို့၏။ ဝေရီ၊ ရန်သူသည်။ နဘဝေ၊ မဖြစ်ရလို။ ပရောစ၊ သူတပါးကလည်း။ မေ၊ ငါ၏။ ဝေရီ၊ ရန်သူသည်။ မာဟောတု၊ မဖြစ်ဘဲ ရှိပါစေသတည်း။

၅။ ။ပါဏိနော၊ သတ္တဝါအပေါင်းတို့သည်။ကုမဂ္ဂဥ္စ၊လမ်းဆိုးလမ်းယုတ်ကိုရင်း။ ဝက်ဥ္စ၊ လမ်းကောက် လမ်းညစ်ကိုရင်း၊ ဝိဝဇ္ဇေတွာ၊ ရှောင်ကွင်း ပဲကြဉ်၍။ သုမဂ္ဂံ၊ကောင်းသောလမ်းခရီးသို့။ဥဇုံ၊ ဖြောင့်ဖြောင့်မတ်မတ်။ ယန္တု၊ လိုက်သွားနိုင်ကြပါစေကုန်သတည်း။ အဟဥ္စ၊ ငါသည်တမူလည်း။ကုမဂ္ဂဥ္စ၊လမ်းဆိုးလမ်းယုတ်ကိုရင်း။ဝက်ဥ္စ၊လမ်းကောက်လမ်းညစ်ကိုရင်း။ ဝိဝဇ္ဇေတွာ၊ ပဲ့ကြဉ် ရှောင်ကွင်း၍၊ ဥဇုံ၊ ဖြောင့်ဖြောင့်။ သုမဂ္ဂဂေါ လမ်းမှန်လမ်းကောင်းသို့ လိုက်သွားနိုင်သည်။ ဘဝေ၊ ဖြစ်ရပါလို၏။ ဝါ၊ဖြစ်ရပါလိုသော်။

ပရမတ္ထ စကျဉ်းကျမ်းပြီး၏။